ပထမငါးခုန်ဆရာတော်ဘုရားကြီး

ရေးသားစီရင်အပ်သော

# မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး

( ဒုတိယတွဲ )


ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

၂၀၇၆၉

မြတ်စွာဘုရား ဂုဏ်ကျေးဇူးတော်

အပေါင်းတို့၏ အခြေအမြစ်တို့ကို ဖွင့်လှစ်ဟောကြား

တော်မူရာ ဗုဒ္ဓဝင် ပါဠိတော်ကြီးနှင့် အဖွင့်

အဋ္ဌကထာတို့အရ

"အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု"

**ပထမငါးစုန်ဆရာတော်ဘုရားကြီး**

ရေးသားစီရင်တော်မူအပ်သော

# မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး

**ဒုတိယတွဲ**

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၅ ကောဇာ ၁၃၅၃ ခရစ် ၁၉၉၁

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌
ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

## မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး

# နိဒါန်း

**ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော အတိဒုလ္လဘတရော—**

ဟူ၍ သဘောထင်မြင် အသျှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာကြီးသည် မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ထုတ်ဖော် ချီးကျူး အထူးရှိခိုးခြင်း နမက္ကာရ ပြုခဲ့သည်နှင့်အညီ ဤလောကကြီး အတွင်းမှာ "မြတ်စွာဘုရား – မြတ်စွာဘုရား" ဟူသော အသံကို ကြားရရုံမျှပင် အလွန် တရာ ကြားရခဲလေသည်။ မိမိနှုတ်ဖြင့် ဖော်ထုတ် မြွက်ဆိုရုံမျှကိုလည်း အလွန်တရာ မြွက်ဆိုရခဲလေသည်။

ဤအရာ၌ ဗုဒ္ဓဘာသာဝင်တို့ကို မဆိုထားဘိ ဘာသာခြား သူတို့သည်ပင် ဗုဒ္ဓဘာသာဝင်တို့ ပြောဆိုကြသည့် စကား "မြတ်စွာဘုရား—မြတ်စွာဘုရား" ဟူသော အသံကို မပြတ်လိုပင် ကြားနေရသည် ဖြစ်၍ ထိုသို့ကြားရဖို့ရန် ခဲယဉ်းမည် မဟုတ်ပါဟူ၍ပင် အချို့ထင်မြင်ကောင်း ထင်မြင်ကြပေလိမ့်မည်။ စင်စစ်ကား ထိုသို့ မထင်မှားကောင်းပေ။

**အတိဒုလ္လဘတရဖြစ်ပုံ။** ။စကြာမင်းကြီးများသာ သုံးဆောင်ထိုက်သော မနောမယ ပတ္တမြားရတနာကြီးကို၊ သို့မဟုတ် မြကျောက်ရတနာကြီး ကို ထိုသို့ ထူးထူးချွန်ချွန် မှန်မြတ်လှသော ရတနာကြီးမှန်း မသိဘဲ သာမည ကျောက်အနေမျိုး အထင်ဖြင့်သာ မြင်ရသူသည် စင်စစ် မနောမယ ကျောက် ရတနာ ကြီးကို မြင်ရာမရောက်နိုင်။

အဘယ်ကြောင့်နည်းဟူမူ— သာမည ကျောက်-ဟု ထင်မှတ် သူသည် သာမန်အားဖြင့်သာ ကြည့်ရှုမည်ဖြစ်၍ "ဤကျောက်ကြီးကား မည်ကဲ့သို့ ထူးခြားသည်၊ မည်ကဲ့သို့ မှန်မြတ်သည်" စသည် ဖြင့် အာရုံစူးစိုက် နှိုက်နှိုက် နှံနှံ စွဲမြဲ ကြည့်ရှုမည် မဟုတ်သောကြောင့်တည်း။

မနောမယ ကျောက်ရတနာအစစ်ဖြစ်ကြောင်း သိရှိတွေ့မြင်ရသူသည် ကား "ဤရတနာ ကျောက်သည် မည်မျှလောက် အံ့ဩဖွယ် ကောင်းပေ သည်၊ မည်ကဲ့သို့ ကဲကဲလွန်လွန် မှန်မြတ်လှပါပေသည်၊ မည်ကဲ့သို့ နှစ်သက် ဖွယ် ကောင်းပါပေသည်" စသည်ဖြင့် သေသေချာချာ နှစ်နှစ်ခြိုက်ခြိုက် စူးစိုက်ရှိုးရှ အားမရနိုင်အောင် ကြည့်ရှုမည် ဖြစ်၍ ထိုသူသည်သာလျှင် မနောမယ ကျောက်ရတနာအစစ်ကို တွေ့မြင်ရသူ ဖြစ်ထိုက်ပေသည်။

**မြတ်စွာဘုရား ဂုဏ်ကျေးဇူးတော်တွေကို သိသူမှသာ။** ။ထိုအတူ လောကကြီးအတွင်းမှာ မြတ်စွာဘုရား တစ်ဆူတစ်ဆူဖြစ်ပွင့် ပေါ်ထွန်းရန် လွန်စွာမှ ခဲယဉ်းလေသည်။ တရံ တခါ သင်္ချာနည်းလမ်း ဂဏန်းချမှတ်လျက် ရေတွက်ခြင်းငှာ မဘတ်စကောင်းအောင် ကမ္ဘာပေါင်း အသင်္ချေကုန်လွန်သွားသော်လည်း ဘုရား တစ်ဆူမျှ ပွင့်တော်မမူကြချေ။

ဘုရားလောင်းစစ် ဖြစ်ဖို့ရန် ကိစ္စ နိယတဗျာဒိတ် ရရန်ပင် မည်မျှလောက် ခဲယဉ်းစွာ အားထုတ်ရလေသည်၊ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရပြီးနောက်လည်း မည်မျှလောက်သော မြတ်စွာဘုရားတို့ ထံမှာ ထပ်ကာထပ်ကာ ဗျာဒိတ်တော်များ ခံရလေသည်၊ မည်မျှလောက်ကြာမြင့်စွာ ပါရမီဆယ်ပါး အပြားသုံးဆယ် ငါးသွယ် ပရိစ္စာဂ စရိယ သုံးမျိုးတို့ကို ကြိုးကြိုးပမ်းပမ်း ဖြည့်စွမ်းတော်မူခဲ့ရလေသည်-စသည်ဖြင့် လောကကြီးမှာ မြတ်စွာဘုရား လူသုံးပါးတို့၏ ဓမ္မရာဇ် ဖြစ်ခေါင့်ဖြစ်ခဲ လွန်ကဲမွန်မြတ်လှသော ဂုဏ်ကျေးဇူးတော်တွေကို ခွဲဝေပိုင်းခြား နားလည် သိမြင်ခြင်း မရှိဘဲ "မြတ်စွာဘုရား-မြတ်စွာဘုရား"ဟူသော အသံကို မိမိက မြွက်ဆိုရသော်လည်း ရခဲသော မြွက်ဆိုခြင်း အဖိုးတန်လှသော မြွက်ဆိုခြင်းမဟုတ်၊ သူတပါးတို့ မြွက်ဆိုသံကို ကြားရသော်လည်း ရခဲသော ကြားရခြင်း အဖိုးတန်သော ကြားရခြင်းမျိုး မဟုတ်နိုင်။

ပြခဲ့ပြီးသောအတိုင်း မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တွေကို အခြေအမြစ်မှစ၍ ကျကျနန နားလည် သိမြင်သော သူတို့သည်သာ မိမိတို့ သိမြင်သည့်အတိုင်း ညွတ်ကိုင်း ကြည်လင် သက်ဝင် လေးမြတ်လှစွာသော သဒ္ဓါယုံကြည်မှုဖြင့် "မြတ်စွာဘုရား-မြတ်စွာဘုရား"ဟူ၍ ကိုယ်တိုင် မြွက်ဆိုရသောအသံမှသာ အဖိုးတန်လှသောအသံ ရခဲလှစွာသောအသံ ဖြစ်သည်။ သူတပါးထံမှ ကြားရသော အသံသည်လည်း အဖိုးတန်လှသော အသံ ရခဲလှစွာသောအသံ ဖြစ်လေသည်။

**မြတ်စွာဘုရား ဂုဏ်ကျေးဇူးတွေကို သိဖို့ရန် လိုအပ်လှ၏။** ။ယခု အခါ ဘာသာခြား ပုဂ္ဂိုလ်များကို မဆိုထားဘိ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များထဲမှာပင် ကိုးကွယ် ဆည်းကပ်ရာ ဂေါတမ မြတ်စွာဘုရားသည် မည်သည့် မြတ်စွာဘုရားထံမှာ ဦးစွာပထမ မည်ကဲ့သို့ အားထုတ်၍ ဗျာဒိတ် ရတော်မူခဲ့ကြောင်း, နောက်ထပ်လည်း မည်သည့် မြတ်စွာဘုရားထံမှာ

မည်ကဲ့သို့ ဆက်ကာ ဆက်ကာ ဗျာဒိတ် ခံတော်မူခဲ့ရကြောင်းစသော ဂုဏ်ကျေးဇူးတော်များကို နားလည် သိမြင်သူ နည်းပါး ပေလိမ့်မည်။ သို့ဖြစ်၍ အသျှင် မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာကြီးက တကယ် အရေးပါ၍ အရာရောက်ပြီးလျှင် အံ့လောက်အောင် အဖိုးထားထိုက်သည့် " မြတ်စွာဘုရား—မြတ်စွာဘုရား " ဟူသော အသံကို ကြားရရုံမျှပင် အလွန်တရာ ကြားရခဲကြောင်း, မိမိနှုတ်ဖြင့် ဖော်ထုတ် ဆိုရုံမျှလည်း အလွန်တရာ မြွက်ဆိုရခဲကြောင်းကို မိန့်ဆိုခဲ့သော စကားသည် အလွန်တရာမှ မှန်လှပေသည်။

**စေတီရုပ်ပွားတော်များကို ဖူးမြင်ကြရာမှာလည်း အရေးကြီးလှ၏။** ။ မြတ်စွာဘုရား ဟူသော အသံသာ မဟုတ်၊ မြတ်စွာဘုရား၏ ကိုယ်စား စေတီ ရုပ်ပွားတော်များကိုလည်း တကယ်အရေးပါ အရာရောက်ပြီးလျှင် အံ့ဩလောက်အောင် အဖိုး ထိုက်တန်သည့် ဖူးမြင်ခြင်းမျိုးဖြင့် ဖူးမြင် ရဖို့ရာ အလွန်တရာမှပင် ခဲယဉ်းလေသည်။

မြတ်စွာဘုရား လက်ထက်တော်အခါကပင် မိစ္ဆာအယူ ရှိသူတို့သည် သက်တော်ထင်ရှား မြတ်စွာဘုရားကို တွေ့မြင်နေခဲ့ရပါလျက်နှင့် ဘုရား ဟူ၍ ယုံကြည်မှုသဒ္ဓါတရား ကင်းမဲ့သည့်အတွက် ဘုရားကို ဖူးမြင်ရသူများ မဖြစ်ထိုက်ကြပါ။ အချို့ မိစ္ဆာအယူရှိသူ ပုဂ္ဂိုလ်တို့မှာ ယုံကြည်မှု သဒ္ဓါ တရား ကင်းမဲ့ရုံမျှမက ဘုရား မဟုတ်ဟူ၍ပင် စွပ်စွဲ ပုတ်ခတ် ပြစ်မှားကြ သောကြောင့် အပါယ်လေးပါးအစာ ဖြစ်ရကြလေသည်။

ယခုအခါ မြတ်စွာဘုရား၏ သရီရဓာတ် ဆံတော်မြတ်တို့ ကိန်းဝပ် တည်ရှိရာ ရွှေတိဂုံ စေတီတော်မြတ်ကြီးကို သဒ္ဓါယုံကြည်မှု မရှိကြသူတို့ သွားရောက်ကြည့်ရှုကြသဖြင့် ၎င်းတို့မျက်စိမှာ ထင်ထင်ရှားရှား တွေ့မြင် ကြရငြားလည်း စေတီတော်ကြီးအတွင်းမှာ ကိန်းဝပ်တည်ရှိသော ဆံတော် ဓာတ်တို့အရှင် မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်တို့ကို ကြည်ညို ယုံမှတ် လေးမြတ်ခြင်း မရှိကြသဖြင့် မြတ်စွာဘုရားကို၊ သို့မဟုတ် ဓာတု စေတီတော်မြတ်ကြီးကို ဖူးမြော်ရသူများဟု မှတ်ယူရန် ခဲယဉ်းလှပေမည်။

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များပင် ဖြစ်စေကာမူ ပြခဲ့ပြီးသော အတိုင်း မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ခြေခြေမြစ်မြစ် နားလည်သိမြင်မှု မရှိဘဲ ဓာတုစေတီတော်မြတ် ဖြစ်သည်ဟူသော သာမန်အသိမျိုးဖြင့်သာ ဖူးမြင်နေရသူတို့မှာ လေးလေးနက်နက် အံ့သြလောက်အောင် လွန်လွန် ကဲကဲ ရခဲလှသော ဖူးမြင်ရခြင်းမျိုး မဖြစ်နိုင်သေးဟု ယူဆရန် ရှိပေသည်။

**အရှင်သာရိပုတ္တရာ တောင်းပန် လျှောက်ထား၍။** ။ဤသို့လျှင် မြတ်စွာဘုရားနှင့် စပ်လျဉ်းသော အသံတို့ကို ရွတ်ဆိုရာမှာဖြစ်စေ, ကြားနာရာမှာဖြစ်စေ, မြတ်စွာဘုရားနှင့် စပ်လျဉ်းသော ရုပ်တု ဆင်းတုတော်တို့ကို ဖူးမြင်ရာမှာဖြစ်စေ, မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးတော်တို့ကို ခြေခြေမြစ်မြစ် သိမြင်နားလည်မှကာ ယုံကြည်လေးမြတ်ခြင်း အရင်းခံရှိပါမှ အရေးပါမည့် အကြောင်းကို ကောင်းစွာ သိမြင်တော်မူသော အရှင်သာရိပုတ္တရာမထေရ် မြတ်သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို တိတိကျကျသိရှိကြရ လေအောင် မြတ်စွာဘုရားအား မေးမြန်းလျှောက်ထား တောင်းပန် လေသည်။

မြတ်စွာဘုရားသခင်သည် ဘုရား ဖြစ်တော်မူပြီးနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ပင့်လျှောက်ချက်အရ ကပိလဝတ် ရွှေပြည်တော်ဌာနသို့ ပဌမဦးစွာ ကြွရောက်၍ နိဂြောဓမင်းသားဥယျာဉ်အတွင်း သီတင်းသုံးတော် မူစဉ် သာကီဝင် မင်းအပေါင်းတို့ ဇာတိမာန်တက်ကြွ၍ ရှိမခိုးဘဲ နေကြ သည်ကို မြင်တော်မူသဖြင့် ဆွေတော်မျိုးတော်တို့၏ မာန်ထောင်လွှားမှုကို ပယ်ဖျောက်ရန် အံ့ဖွယ်ထူးဆန်း ပြောမခန်း ချီးမကုန် ရေမီးအစုံစုံ တည်းဟူသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာ-က မြတ်စွာဘုရားအဖြစ်ကို ဆုတောင်း သည်မှ စ၍ မူလရင်းစစ် ဂုဏ်ကျေးဇူး တန်ခိုးတော်တို့၏ အခြေအမြစ်ကို စနစ် ကျနစွာ သိရှိရပါမူကား ဆွေတော် မျိုးတော်တို့နှင့်တကွ နတ်လူ ပြဟ္မာ သတ္တဝါ ဟူသမျှတို့မှာ ရခဲလှစွာသော ကောင်းမှုကုသိုလ် အထူး ဖြစ်ပွားကြမည့်အကြောင်း မြင်တော်မူ၍ အဇဋ္ဌာကာသ ကောင်းကင် ပြင်၌ တန်ခိုးပြာဋိဟာ ပြတော်မူစဉ် မြတ်စွာဘုရားသခင်အား အရှင် သာရိပုတ္တရာ မထေရ်မြတ်က လျှောက်ထား တောင်းပန်သဖြင့် ဗုဒ္ဓဝင် ဒေသနာတော်မြတ် ပရိယတ် ဓမ္မဝရံကို ဟောပြတော်မူခဲ့ပါသည်။

**မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။** ။ပါဠိဘာသာကို ကောင်းစွာမကျွမ်းကျင်သူတို့ပင် ဗုဒ္ဓဝင် ပါဠိတော်ကြီး၏ အနက်အဓိပ္ပာယ်တို့ကို အလွယ်တကူ သိမြင်နိုင်ကြရန် ရှေးဆရာတော်ဘုရားကြီးတို့သည် ဗုဒ္ဓဝင်ပါဠိတော်နိဿယ စောင်ရေအများ ရေးသားတော်မူခဲ့ကြပါသည်။

ရာဇနာဂပူရ စတုတ္ထမြို့ နန်းတည် ဘကြီးတော် မင်းတရားလက်ထက် "အာဒိစ္စဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ငါးခုန်ရွာလျှင် ဖွားဇာတိရှိ ပဌမငါးခုန်ဆရာတော် ဘုရားကြီးသည်ကား နိဿယရိုးရိုးအဖြစ် မရေးသားဘဲ စကားပြေသွား ထည့်သွင်းကာ စိန္တနာကာရ အပိုမစွက်ဘဲ ပါဠိ,အဋ္ဌကထာ အတိုင်းသာ တိတိကျကျ ခမ်းခမ်းနားနားကြီး ရေးသားသော မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး ဖြစ်ပါသည်။

**ရေးသားတော်မူပုံမှာ။** ။ဗုဒ္ဓဝင် ပါဠိတော်ကြီးကိုလည်း ဖော်ပြထားပါသည်။ ပါဠိတော်နိဿယကိုလည်း ခွဲခြား၍ တသီးတခြား ရေးသားထားပြန်ပါသည်။ နောက်ထပ်လည်း ပါဠိတော်နှင့် အဖွင့်အဋ္ဌကထာကြီးအရ ဝတ္ထုစကားပြေများကို သိမြင် လွယ်ကူအောင် ရေးထားပါသည်။

**မဟာဗုဒ္ဓဝင်** ဝတ္ထုတော်ကြီးကို မြတ်စွာဘုရား ဂုဏ်ကျေးဇူးတော်တို့ကို ခြေခြေမြစ်မြစ် နားလည်ကြကာ သဒ္ဓါယုံကြည်မှု ပွားများပြီး ကုသိုလ်ကောင်းမှုတရား အထူး ပြည့်စုံကြစေရန်လည်းကောင်း, မြတ်စွာဘုရား ဂုဏ်ကျေးဇူးတော်တို့ကို ပေါ်ပေါ်လွင်လွင် ကောင်းကင်နေလတို့ကဲ့သို့ သိမြင်သက်ဝင် ယုံကြည်ကြကာ သာသနာတော်မြတ်ကြီး စည်ပင်ထွန်းကားပြန့်ပွားကြီးကျယ်တော်မူရန်အတွက်လည်းကောင်း ရှေးနှစ်ပေါင်း သုံးဆယ်ခန့်လောကက ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်မှ ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်ပိုင်ရှင် ဦးဘကျော်နှင့် ဒေါ်ဖွားတင်တို့က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ပုံနှိပ် ထုတ်ဝေခဲ့ရာတွင်လည်း ဟသ်ာတမြို့ **စတုတ္ထမြစ်ကွေ့ဆရာတော်**သည် မြန်မာ-သီဟိုဠ်-ယိုးဒယားမူစသည်တို့ဖြင့် ပိဋကတ်တော် သုံးပုံမှ အလုံးစုံ မွှေနှောက် ရှာဖွေပြီးလျှင် သတိပြုရန် အချက်များစွာကို သီးခြားမှတ်ချက်အဖြစ် ထည့်သွင်း၍ ကျန်ရှိနေသော ဗုဒ္ဓဝင် အဆက်ကိုလည်း ပါဠိတော်နှင့် အဋ္ဌကထာဖွင့်ချက်အတိုင်း ရေးသားတော်မူပြီး အကောင်းဆုံး

အသန့်ရှင်းဆုံး စာမူကောင်းကြီးတစ်ခု ဖြစ်စေခြင်းငှါ ရန်ကုန်မြို့ တက္ကသိုလ်ကျောင်းတိုက်ဂုဏ်ထူးဆောင် နည်းပြဆရာကြီး အဂ္ဂမဟာပဏ္ဍိတ A-M-P. ဘွဲ့ခံပါဠိဆရာကြီးဆရာလင်းနှင့် ဇမ္ဗူ့မိတ်ဆွေ ပိဋကတ် ပုံနှိပ်တိုက်မှ ဆရာခိုင်၊ ဆရာဆိုင် စသော ပါဠိဆရာကြီးများက မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီးကို(ပ-ဒု-တ)သုံးတွဲ ခွဲဝေစီရင်၍ တည်းဖြတ်ခဲ့ကြပါသည်။

ဆေးရောင်စုံ ပုံတော်ပေါင်း များစွာတို့ကိုလည်း ပါဠိ-အဋ္ဌကထာလာ အတိုင်း ညီညွတ်စွာ ရေးသားစေလျက် သုံးတွဲစလုံး၌ ဆိုင်ရာဆိုင်ရာထည့်သွင်း ဖော်ပြ ပါရှိစေခဲ့ပါသည်။

ယခုအခါတွင် ရဟန်း ရှင် လူ သူတော်စင် ပုဂ္ဂိုလ်များနှင့် တကွ ဆရာတော်သံဃာတော်အသျှင်မြတ်တို့၏ တောင့်တလိုလား တိုက်တွန်းတော်မူချက်များအရ ထပ်မံပုံနှိပ်ခြင်း ဖြစ်ပါသည်။ နှိပ်ရာတွင်လည်း ယခင်နှစ်ပေါင်း သုံးဆယ်ခန့်လောက်က ထုတ်ဝေခဲ့သော ဝတ္ထုတော်ကြီး စာမူအတိုင်း တပြေးတည်း ညီညွတ်စွာ ဖြစ်ရှိအောင် ပါဠိဆရာ-ဓမ္မာစရိယ ဆရာတင် (ပိဋကတ်တော် မြန်မာပြန် အယ်ဒီတာ-ပင်စင်)နှင့်တကွ အထူးကျွမ်းကျင်သော ပါဠိဆရာကြီးများကို ကြည့်ရှု ပြင်ဆင် ကြစေလျက် "မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး"(ပ-ဒု-တ)သုံးတွဲကို ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်ရှင် ဒေါ်ဖွားတင်က ဆက်လက်၍ စက်တင်ပုံနှိပ် ထုတ်ဝေပါသည်။

ဇမ္ဗူ့မိတ်ဆွေ

## မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး ဒုတိယတွဲ၌ ပါရှိသော ပုံတော်များ


| ဦးရေ | ပုံတော် | မျက်နှာနံပါတ် |
|---|---|---|
| ၁။ | ဘုရားလောင်း အတုလ နဂါးမင်းအား သုမန မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... | ၁၀–၁၁ |
| ၂။ | ဘုရားလောင်း အတိဒေဝ ပုဏ္ဏားအား ရေဝတ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၂၄–၂၅ |
| ၃။ | ဘုရားလောင်း သုဇာတ ပုဏ္ဏားအား သောဘိတ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၃၈–၃၉ |
| ၄။ | ဘုရားလောင်း ဘီလူးစစ်သူကြီးအား အနောမဒဿီ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၄၈–၄၉ |
| ၅။ | ဘုရားလောင်း ခြင်္သေ့မင်းအား ပဒုမ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... .... | ၆၀–၆၁ |
| ၆။ | ဘုရားလောင်း ရသေ့အား နာရဒ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... .... | ၇၄–၇၅ |
| ၇။ | ဘုရားလောင်း ဇဋိလ သူဌေးကြီးအား ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၈၈–၈၉ |
| ၈။ | ဘုရားလောင်း ဥတ္တရလုလင် ရဟန်းဖြစ်စဉ် သုမေဓာ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၉၈–၉၉ |
| ၉။ | ဘုရားလောင်း စကြာမင်းကြီးအား သုဇာတ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၁၁၀–၁၁၁ |
| ၁၀။ | ဘုရားလောင်း ကဿပ ပုဏ္ဏားအား ပိယဒဿီ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၁၂၈–၁၂၉ |
| ၁၁။ | ဘုရားလောင်း သုသိမ ရသေ့အား အတ္ထဒဿီ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၁၃၈–၁၃၉ |
| ၁၂။ | ဘုရားလောင်း သိကြားမင်းအား ဓမ္မဒဿီ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၁၅၀–၁၅၁ |
| ၁၃။ | ဘုရားလောင်း မင်္ဂလ ရသေ့အား သိဒ္ဓတ္ထ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... | ၁၆၀–၁၆၁ |

 မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး ဒုတိယတွဲ၌ပါသော ပုံတော်များ

ဦးရေ ပုံတော် မျက်နှာနံပါတ်

၁၄။ ဘုရားလောင်း သုဇာတ ရသေ့အား တိဿ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... ၁၇၀–၁၇၁

၁၅။ ဘုရားလောင်း ဝိဇိတာဝီမင်း ရဟန်းဖြစ်စဉ်
ဖုဿ မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူပုံ .... ၁၇၈–၁၇၉

၁၆။ ဘုရားလောင်း အတုလ နဂါးမင်းအား ဝိပဿီ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... ၁၈၈–၁၈၉

၁၇။ ဘုရားလောင်း အရိန္ဒမ မင်းကြီးအား သိခီ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... ၁၉၆–၁၉၇

၁၈။ ဘုရားလောင်း သုဒဿနမင်း ရဟန်းဖြစ်စဉ် ဝေဿဘူ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... .... ၂၀၆–၂၀၇

၁၉။ ဘုရားလောင်း ခေမမင်းဖြစ်စဉ် ကကုသန်
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ.... .... ၂၁၆–၂၁၇

၂၀။ ဘုရားလောင်း ပဗ္ဗတမင်းကြီးအား ကောဏာဂုံ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ .... – .... ၂၂၆–၂၂၇

၂၁။ ဘုရားလောင်း ဇောတိပါလ လုလင်ဖြစ်စဉ် ကဿပ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူပုံ.... .... ၂၃၆–၂၃၇

၂၂။ ဂေါတမ မြတ်စွာဘုရား၏ ပုံတော် .... .... ၂၅၆–၂၅၇

၂၃။ အလောင်းတော်မြတ် နတ်သက်ချွေတော်မူပုံ .... ၂၆၄–၂၆၅

၂၄။ အလောင်းတော်မြတ် မီးရှူးသန့်စင်
ဖွားမြင်တော်မူပုံ — ၂၇၀–၂၇၁

၂၅။ ကာဠဒေဝိလ ရသေ့ကြီး၏ ဦးခေါင်းထက်၌
ရပ်တည်နေသော အလောင်းတော်မြတ်ပုံ .... ၂၇၆–၂၇၇

၂၆။ အလောင်းတော်မြတ်အား ခေါင်းဆေးမင်္ဂလာ
ပြုတော်မူပုံ .... .... .... .... ၂၇၈–၂၇၉

၂၇။ လယ်ထွန်မင်္ဂလာပြုစဉ် သပြေပင်ရိပ်၌ အာနာပါနဿတိ
ဘာဝနာကို စီးဖြန်းသော အလောင်းတော်မြတ်ပုံ .... ၂၈၂–၂၈၃

# မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး ဒုတိယတွဲ

## မာတိကာ


| မာတိကာ | | မျက်နှာနံပါတ် |
|---|---|---|
| **၆-သုမနဗုဒ္ဓဝံသ** | .... | ၁ |
| သုမန မြတ်စွာဘုရားအကြောင်းကို ပြခြင်း | .... | ၁ |
| သုမနမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း | .... | ၃ |
| သုမနမြတ်စွာဘုရား၏ သာဝက အစည်းအဝေးကို ပြခြင်း | | ၈ |
| ငါတို့ဘုရားလောင်း အတုလနဂါးမင်းအား သုမန မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း | .... | ၁၀ |
| သုမနမြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း | | ၁၃ |
| **၇-ရေဝတဗုဒ္ဓဝံသ** | | ၁၈ |
| ရေဝတ မြတ်စွာဘုရားအကြောင်းကို ပြခြင်း | .... | ၁၈ |
| ရေဝတမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း | .... | ၂၀ |
| ရေဝတမြတ်စွာဘုရား၏ သာဝက အစည်းအဝေးကိုပြခြင်း | | ၂၃ |
| ငါတို့ဘုရားလောင်းအတိဒေဝ ပုဏ္ဏားအား ရေဝတ မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း | .... | ၂၅ |
| ရေဝတမြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း | | ၂၇ |
| **၈-သောဘိတဗုဒ္ဓဝံသ** | .... | ၃၁ |
| သောဘိတ မြတ်စွာဘုရား အကြောင်းကို ပြခြင်း | .... | ၃၁ |
| သောဘိတ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း | | ၃၃ |
| သောဘိတ မြတ်စွာဘုရား၏ သာဝက အစည်းအဝေးကို ပြခြင်း | .... | ၃၆ |
| ငါတို့ဘုရားလောင်း သုဇာတ ပုဏ္ဏားအား သောဘိတ မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူခြင်း | .... | ၃၈ |
| သောဘိတ မြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း | .... .... | ၃၉ |
| **၉-အနောမဒဿီဗုဒ္ဓဝံသ** | .... | ၄၂ |
| အနောမဒဿီ မြတ်စွာဘုရား အကြောင်းကို ပြခြင်း | .... | ၄၂ |
| အနောမဒဿီ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း | | ၄၆ |
| အနောမဒဿီ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း | .... .... | ၄၇ |

မာတိကာ မျက်နှာစဉ်ပါတ်


ငါတို့ဘုရားလောင်း ဘီလူးစစ်သူကြီးအား အနောမဒဿီ မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၄၉

အနောမဒဿီမြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း ၅၁

၁၀-ပဒုမဗုဒ္ဓဝံသ .... .... ၅၄

ပဒုမ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၅၄

ပဒုမ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၅၅

ပဒုမမြတ်စွာဘုရား သာဝက အစည်းအဝေးကို ပြခြင်း ၅၇

ငါတို့ဘုရားလောင်း ခြင်္သေ့မင်းအား ပဒုမ မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၆၀

ပဒုမ မြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း ၆၂

၁၁-နာရဒဗုဒ္ဓဝံသ .... .... ၆၆

နာရဒ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၆၆

နာရဒမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၆၈

နာရဒမြတ်စွာဘုရား ဒေါဏ-နဂါးမင်းကို ဆုံးမခြင်း ၇၀

နာရဒ မြတ်စွာဘုရား၏ သာဝက အစည်းအဝေးကို ပြခြင်း ၇၃

ငါတို့ ဘုရားလောင်း ရသေ့အား နာရဒ မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... — ၇၅

နာရဒ မြတ်စွာဘုရား၏ နေပြည်တော်စသည်ကို ပြခြင်း ၇၇

၁၂-ပဒုမုတ္တရဗုဒ္ဓဝံသ .... .... ၈၁

ပဒုမုတ္တရ မြတ်စွာဘုရား အကြောင်းကို ပြခြင်း .... ၈၁

ပဒုမုတ္တရ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း ၈၄

ပဒုမုတ္တရ မြတ်စွာဘုရား သာဝက အစည်းအဝေးကို ပြဆိုခြင်း .... .... ၈၇

ငါတို့ဘုရားလောင်း ဇဋိလသူဌေးကြီးအား ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၈၈

ပဒုမုတ္တရ မြတ်စွာဘုရား၏ နေပြည်တော်စသည်ကို ပြခြင်း ၈၉

၁၃-သုမေဓဗုဒ္ဓဝံသ .... ၉၃

သုမေဓ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၉၃

သုမေဓ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၉၄

မာတိကာ မျက်နှာနံပါတ်

သုမေဓာ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း ၉၈
ငါတို့ ဘုရားလောင်း ဥတ္တရလုလင်အား သုမေဓာ
မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၉၉
သုမေဓာမြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း ၁၀၂

၁၄-သုဇာတဗုဒ္ဓဝံသ .... .... ၁၀၆
သုဇာတ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၁၀၆
သုဇာတ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၁၀၇
သုဇာတ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကိုပြခြင်း ၁၁၀
ငါတို့ဘုရားလောင်း စကြာမင်းအား သုဇာတ မြတ်စွာဘုရား
ဗျာဒိတ် ကြားတော်မူခြင်း .... .... ၁၁၁
သုဇာတ မြတ်စွာဘုရား၏ နေပြည်တော်စသည်ကို ပြခြင်း ၁၁၄

၁၅-ပိယဒဿီဗုဒ္ဓဝံသ .... .... .... ၁၁၉
ပိယဒဿီ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၁၁၉
ပိယဒဿီ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း ၁၂၀
ပိယဒဿီမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကိုပြခြင်း ၁၂၇
ငါတို့ဘုရားလောင်း ကဿပပုဏ္ဏားအား ပိယဒဿီ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူခြင်း .... ၁၂၈
ပိယဒဿီ မြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း ၁၃၀

၁၆-အတ္ထဒဿီဗုဒ္ဓဝံသ .... .... .... ၁၃၄
အတ္ထဒဿီ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၁၃၄
အတ္ထဒဿီ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း.... ၁၃၅
အတ္ထဒဿီမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကိုပြခြင်း ၁၃၇
ငါတို့ ဘုရားလောင်း သုသိမ ရသေ့အား အတ္ထဒဿီ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူခြင်း .... ၁၃၉
အတ္ထဒဿီ မြတ်စွာဘုရား၏ နေပြည်တော်စသည်ကိုပြခြင်း ၁၄၁

၁၇-ဓမ္မဒဿီဗုဒ္ဓဝံသ .... .... .... ၁၄၅
ဓမ္မဒဿီ မြတ်စွာဘုရား အကြောင်းကို ပြခြင်း .... ၁၄၅
ဓမ္မဒဿီ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း.... ၁၄၇
ဓမ္မဒဿီမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကိုပြခြင်း ၁၄၉

**မာတိကာ** မျက်နှာနံပါတ်

ငါတို့ ဘုရားလောင်း သိကြားမင်းအား ဓမ္မဒဿီ
မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၁၅၀
ဓမ္မဒဿီ မြတ်စွာဘုရား၏ နေပြည်တော် စသည်ကိုပြခြင်း ၁၅၂

**၁၈-သိဒ္ဓတ္ထဗုဒ္ဓဝံသ** .... .... .... ၁၅၅

သိဒ္ဓတ္ထ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၁၅၅
သိဒ္ဓတ္ထ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၁၅၆
သိဒ္ဓတ္ထ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း ၁၅၈
ငါတို့ဘုရားလောင်း မင်္ဂလ ရသေ့အား သိဒ္ဓတ္ထမြတ်စွာဘုရား
ဗျာဒိတ် ကြားတော်မူခြင်း .... .... ၁၆၀
သိဒ္ဓတ္ထ မြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း ၁၆၂

**၁၉-တိဿဗုဒ္ဓဝံသ** .... .... .... ၁၆၅

တိဿ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၁၆၅
တိဿ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၁၆၆
တိဿ မြတ်စွာဘုရား၏ သာဝက အစည်းအဝေးကို ပြခြင်း ၁၆၈
ငါတို့ ဘုရားလောင်း သုဇာတ ရသေ့အား တိဿ
မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူခြင်း .... ၁၇၀
တိဿ မြတ်စွာဘုရား၏ နေပြည်တော် စသည်ကိုပြခြင်း ၁၇၂

**၂၀-ဖုဿဗုဒ္ဓဝံသ** .... .... .... ၁၇၅

ဖုဿ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၁၇၅
ဖုဿ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၁၇၆
ဖုဿ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း ၁၇၈
ရဟန်းပြုသော ဘုရားလောင်း ဝိဇိတာဝီမင်းအား
ဖုဿမြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူခြင်း .... ၁၇၉
ဖုဿ မြတ်စွာဘုရား၏ နေပြည်တော် စသည်ကိုပြခြင်း.... ၁၈၁

**၂၁-ဝိပဿီဗုဒ္ဓဝံသ** .... .... .... ၁၈၄

ဝိပဿီ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၁၈၄
ဝိပဿီ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၁၈၅
ဝိပဿီ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း ၁၈၈

မာတိကာ မျက်နှာနံပါတ်


ငါတို့ ဘုရားလောင်း အတုလ နဂါးမင်းအား ဝိပဿီ
မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၁၈၉
ဝိပဿီ မြတ်စွာဘုရား၏ နေပြည်တော် စသည်ကို ပြခြင်း ၁၉၀

၂၂-သိခီဗုဒ္ဓဝံသ .... .... .... ၁၉၃
သိခီ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၁၉၃
သိခီမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း .... ၁၉၄
သိခီ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း.... ၁၉၆
ငါတို့ဘုရားလောင်း အရိန္ဒမမင်းအား သိခီ မြတ်စွာဘုရား
ဗျာဒိတ်ကြားတော်မူခြင်း .... .... ၁၉၇
သိခီ မြတ်စွာဘုရား၏ နေပြည်တော်ကို ပြခြင်း .... ၁၉၉

၂၃-ဝေဿဘူဗုဒ္ဓဝံသ .... .... .... ၂၀၂
ဝေဿဘူ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၂၀၂
ဝေဿဘူ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း ၂၀၃
ဝေဿဘူ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကိုပြခြင်း ၂၀၅
ငါတို့ ဘုရားလောင်း သုဒဿနမင်း ရဟန်းဖြစ်စဉ် ဝေဿဘူ
မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၂၀၇
ဝေဿဘူ မြတ်စွာဘုရား၏ နေပြည်တော်စသည်ကို ပြခြင်း ၂၁၀

၂၄-ကကုသန္ဓဗုဒ္ဓဝံသ .... .... .... ၂၁၃
ကကုသန် မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၂၁၃
ကကုသန် မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း ၂၁၄
ကကုသန်မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကိုပြခြင်း ၂၁၆
ငါတို့ဘုရားလောင်း ခေမမည်သောမင်း ရဟန်းဖြစ်စဉ်
ကကုသန်မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း.... ၂၁၇
ကကုသန်မြတ်စွာဘုရား၏ နေပြည်တော်စသည်ကို ပြခြင်း ၂၁၈

၂၅-ကောဏာဂမနဗုဒ္ဓဝံသ .... .... .... ၂၂၂
ကောဏာဂုံ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၂၂၂
ကောဏာဂုံ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း ၂၂၃
ကောဏာဂုံမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ....
ပြခြင်း .... .... .... ၂၂၅

မာတိကာ　　မျက်နှာနံပါတ်

ငါတို့ဘုရားလောင်း ပဗ္ဗတမည်သောမင်းအား ကောဏာဂုံ
　မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၂၂၆
ကောဏာဂုံ မြတ်စွာဘုရား၏ နေပြည်တော်စသည်ကို ပြခြင်း ၂၂၀

၂၆-ကဿပဗုဒ္ဓဝံသ .... .... .... ၂၃၂
ကဿပ မြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၂၃၂
ကဿပ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း ၂၃၃
ကဿပ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း ၂၃၅
ငါတို့ဘုရားလောင်း ဇောတိပါလပုဏ္ဏားလုလင် ရဟန်းဖြစ်စဉ်
　ကဿပမြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း .... ၂၃၆
ကဿပ မြတ်စွာဘုရား၏ နေပြည်တော်စသည်ကိုပြခြင်း.... ၂၃၉
နောက်ဆက်တွဲ နမက္ကာရ .... .... ၂၄၅

၂၇-ဂေါတမဗုဒ္ဓဝံသ .... .... .... ၂၅၇
ဂေါတမမြတ်စွာဘုရားအကြောင်းကို ပြခြင်း .... ၂၅၇
ဗျာဒိတ်ရရာ အင်္ဂါရှစ်ပါး .... .... ၂၅၇
အလောင်းတော်ဟူသမျှတို့ ခံစားရသော
　အကျိုးတစ်ဆယ့်ရှစ်ပါး .... .... ၂၅၀
တစ်ဆယ့်ရှစ်ပါးယှူပုံ သရုပ် .... .... ၂၆၂
ဘုရားပွင့်လတ္တံ့ဟု အုတ်အုတ်ကျက်ကျက် ကောလာဟလ
　ဖြစ်ခြင်း .... .... ၂၆၃
ဘုရားဖြစ်ရန် တောင်းပန်ခြင်းနှင့် ကြည့်ခြင်းကြီး
　ငါးပါးကို ပြခြင်း .... .... .... ၂၆၄
အလောင်းတော်မြတ် ပဋိသန္ဓေနေခြင်းနှင့် ဖွားတော်မူခြင်း ၂၆၉
အလောင်းတော်မြတ် ဖွားကာစ သုံးဘာဝစကားဆိုခြင်းနှင့်
　ဖွားဖက်တော် ခုနစ်ယောက်ကို ပြခြင်း .... ၂၇၅
ကာဠဒေဝိလ ရသေ့ကြီး အကြောင်းကို ပြခြင်း .... ၂၇၇
အလောင်းတော်မြတ်၏ ခေါင်းဆေးမင်္ဂလာ အမည်မှည့်
　မင်္ဂလာကို ပြခြင်း .... .... .... ၂၇၉




ပဉ္စဝဂ္ဂီငါးပါးအား တရားဦး ဟောတော်မူပုံ

# မဟာဗုဒ္ဓဝင်

# ဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## ၁-သုမန ဗုဒ္ဓဝံသ

### သုမနမြတ်စွာဘုရား အကြောင်းကိုပြခြင်း

ဤသို့လျှင် တပြိုင်နက် တစ်ချက်တည်း တစ်သောင်းသော လောကဓာတ်၌တခဲနက် အမိုက်တိုက်ကိုပြု၍ ထိုမင်္ဂလဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သည်ရှိသော် နောက်အဖို့၌ အနှစ်ကိုးသောင်း အသက်ရှည်ကုန်သော လူတို့သည် အစဉ်သဖြင့် ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းမှတဖန် အသက် ပွားပြန်လျှင် အစဉ်သဖြင့် အသက် အသင်္ချေနေသည်ဖြစ်၍ တဖန် အသင်္ချေယျတမ်းမှ ဆုတ်ယုတ်သော် အနှစ်ကိုးသောင်း အသက်တမ်းသို့ ကျရောက်သောကာလ သုမနမည်သော ဘုရားလောင်းသည် ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်၍ ထိုတုသိတာနတ်ပြည်မှ စုတေလျှင် မေခလမြို့ သုဒတ္တမည်သော မင်းမျိုးဝယ် သိရိမာမည်သော မိဖုရားဝမ်း၌ စွဲလမ်းသန္ဓေတည်နေတော်မူ၏။ ။[တန်ခိုးပြာဋိဟာ ပြခြင်းတို့ကို ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိအပ်၏။]

ထိုသုမနဘုရားလောင်းသည် အစဉ်သဖြင့် ကြီးပွားခြင်းသို့ ရောက်သည်ရှိသော် သိရိဝဍ္ဎန သောမဝဍ္ဎန ဝဍ္ဎိဝဍ္ဎန မည်သော သုံးဆောင်သော

ပြာသာဒ်ဘို့၌ ခြောက်သောင်း သုံးထောင်ကုန်သော ကချေသည် မောင်းမတို့ဖြင့် စိုးမိုးစံပယ်လျက် နတ်သမီးပျိုတို့နှင့် စံပယ်သော နတ်လုလင်ပျိုကဲ့သို့ အနှစ်တစ်ထောင်တို့ပတ်လုံး နတ်၏ ချမ်းသာနှင့် တူသော ချမ်းသာကို ခံစားသည်ရှိသော် ဝဋ်သိကာ အမည်ရှိသော မိဖုရား၌ နှိုင်းရှည့်စရာ ဥပမာ မရသော အနုပမ မည်သော သားကို ရ၍ နိမိတ်ကြီး လေးပါးတို့ကို ထင်မြင်တော်မူလျှင် ဆင်ယာဉ်ဖြင့် တောထွက်၍ ရဟန်း ပြုတော်မူသော် ဘုရားလောင်းနောက်သို့ ကုဋေသုံးဆယ်သော ယောကျ်ားတို့သည် အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ဘုရားလောင်းသည်လည်း ထိုကုဋေသုံးဆယ်သော ရဟန်းတို့ဖြင့် ခြံရံ အပ်သည်ဖြစ်၍ ဆယ်လတို့ ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ အနောမ နိဂုံး၌ အနောမ သေဋ္ဌေးသမီးအနုပမ မည်သော မိန်းမသည် လှူအပ်သော နတ်သြဇာနို့ဃနာဆွမ်းကို ဘုဉ်းပေး တော်မူ၍ အင်ကြင်းတော၌ နေ့သန့်ခြင်းကို လွန်စေလျက် အနုပမမည်သော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ကံ့ကော် ဗောဓိသို့ ကပ်ပြီးမှ လက်ယာရစ် လည်သည်ကိုပြု၍ မြက်ရှစ်ဆုပ်တို့ကို အတောင်သုံးဆယ် အပြန့်ကျယ်သော အရပ်၌ ခင်းလျက် ထိုမြက်အခင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

ထို့နောက်မှ မာရ်စစ်သည် ဗိုလ်ပါကို ဖျက်ဆီး၍ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိလျှင် "အနေကဇာတိသံသာရံ" အစရှိသော ဥဒါန်းစကားကို မြွက်ကြား ကျူးရင့်တော်မူ၏။ ထို့ကြောင့်—

မင်္ဂလဿ အပရေန၊ သုမနော နာမ နာယကော။
သဗ္ဗဓမ္မေဟိ အသမော၊ သဗ္ဗသတ္တာန မုတ္တမော—

ဟူ၍ ဟောတော်မူ၏။

မင်္ဂလဿ၊ မင်္ဂလအမည်တော် ရှိသော မြတ်စွာဘုရား၏။ အပရေန၊ နောက်အဖို့၌။ သဗ္ဗဓမ္မေဟိ၊ ခပ်သိမ်းသော သီလ သမာဓိ ပညာ တရားတို့ဖြင့်။ အသမော၊ အတုမရှိသော။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော နတ် လူ ပြဟ္မာ တို့ထက်။ ဥတ္တမော၊ မြတ်တော်မူသော။ သုမနော နာမ၊ သုမန

အမည်တော် ရှိသော။ နာယကော၊ မြတ်စွာဘုရားသည်။ လောကော၊ လောကသုံးပါး၌။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူပြီ။

---

## သုမနမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထို သုမနမြတ်စွာဘုရားသည်လည်း ဘုရားဖြစ်တော်မူပြီး၍ ဗောဓိပင် အနီး၌သာလျှင် သတ္တသတ္တာဟတို့ကို လွန်စေတော်မူ၍ တရားဟောခြင်းငှာ ဖြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံလျက် အဘယ်သူအား ရှေးဦးစွာ တရားဟောရအံ့နည်းဟု ဆင်ခြင်လေသော် ကိုယ်တော်နှင့် အတူတကွ ရဟန်းပြုကြကုန်သော ကုဋေသုံးဆယ်သော ရဟန်းတို့ကိုလည်းကောင်း, မိထွေး သားတော် ညီငယ် သရဏသတို့သားကို လည်းကောင်း, ပုရောဟိတ် ပုဏ္ဏား၏ သား ဘာဝိတတ္တ မည်သော လုလင်ပျိုကို လည်းကောင်း ဥပနိဿယနှင့်ပြည့်စုံသည်ကို မြင်တော်မူ၍ ထိုသူတို့အား ရှေးဦးစွာ တရား ဟောအံ့ဟုကြံ၍ ရွှေဟင်္သာမင်းကဲ့သို့ ကောင်းကင်ဖြင့် ကြွလျက် မေခလ ဥယျာဉ်သို့ သက်တော်မူ၍ ဥယျာဉ်စောင့်ကိုစေလိုက်လျှင် ကိုယ်တော်၏ ညီငယ်ဖြစ်သော သရဏသတို့သားကို လည်းကောင်း,ပုရောဟိတ်ပုဏ္ဏားသား ဘာဝိတတ္တလုလင်ကို လည်းကောင်း, ခေါ်တော်မူ၍ ထိုသူနှစ်ယောက်တို့၏ အခြံအရံဖြစ်ကုန်သော သုံးဆယ့်ခုနစ်ကုဋေတို့ကို လည်းကောင်း, ကိုယ်တော် နှင့်အတူလိုက်၍ ရဟန်းပြုကြကုန်သော ကုဋေသုံးဆယ်တို့ကို လည်းကောင်း, တပါးသော နတ်လူ ကုဋေများစွာတို့ကို လည်းကောင်း ဤကုဋေတစ်သိန်း တို့အား ဓမ္မစကြာတရား ဟောကြားတော်မူလျှင် တရားတည်းဟူသော အမြိုက်အရသာကို မကြာခဏ သောက်ကြရကုန်၏။ ထို့ကြောင့်—

တဒါ အမတဘေရိံ သော၊ အဟနိ မေခလေ ပုရေ။
ဓမ္မသင်္ခသမာယုတ္တံ၊ နဝင်္ဂံ ဇိနသာသနံ—

ဟူ၍ ဟောတော်မူ၏။

တဒါ၊ ထိုသုမနဘုရား ထင်ရှား ပွင့်တော်မူသော ကာလ၌။ မေခလေ ပုရေ၊ မေခလပြည်တော်၌။ ဓမ္မသင်္ခသမာယုတ္တံ၊ မြတ်သော သစ္စာလေးပါး တရားတည်းဟူသော ခရုသင်းနှင့် စပ်သော။ နဝင်္ဂံ၊ ကိုးပါးသော အင်္ဂါ

လည်းရှိသော။ ဇိနသာသနံ၊ မြတ်စွာဘုရား သာသနာတော်တည်းဟူသော။ အမတဘေရိံ၊ အမြိုက်နိဗ္ဗာန်ကို ရစိမ့်သော တရားစည်ကြီးကို။ သော၊ ထိုသုမနမြတ်စွာဘုရားသည်။ အဟနိ၊ တီးတော်မူ၏။ (ဟောတော်မူ၏လည်းဟူ)။

ထိုသုမန မြတ်စွာဘုရားသည် သစ္စာလေးပါး တရားတို့ကို သိ၍ ဘုရားဖြစ်တော်မူပြီးလျှင် ဝန်ခံသည်နှင့် လျော်စွာ ကျင့်ကြံတော်မူသည်ရှိသော် လူအပေါင်းကို ဒါနတည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေခြင်းငှာ ကုသိုလ်တည်းဟူသော ရတနာကို ခိုးဝှက်တတ်သော ကိလေသာသူခိုးတို့ မခိုးမဝှက်ရအောင် စောင့်ရှောက်ခြင်းငှာ သီလ တည်းဟူသော ပြန့်ပြောသော မြို့တံတိုင်း, သမာဓိတည်းဟူသော ကျုံးမြောင်းတို့ဖြင့် ခြံရံအပ်သော ဝိပဿနာဉာဏ် တည်းဟူသော တံခါး, သတိသမ္ဗောဇ္ဈင် တည်းဟူသော မြဲမြံသော တံခါးရွက်, သမာပတ်တည်း ဟူသော မဏ္ဍပ် စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ဗောဓိပက္ခိယ တရားတည်းဟူသော လူတို့ဖြင့် ပြွမ်းသော အမြိုက်နိဗ္ဗာန်တည်းဟူသော မြို့နန်းကြီးကို ဖန်ဆင်းတည်ထောင်တော်မူ၏။ ထို့ကြောင့်—

နိဇ္ဈိနိတွာ ကိလေသေ သော၊ ပတွာ သမ္ဗောဓိ မုတ္တမံ။
မာပေသိ နဂရံ သတ္ထာ၊ သဒ္ဓမ္မပုရဝရုတ္တမံ—

ဟူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သော၊ ထိုသုမနဘုရားသခင်သည်။ ကိလေသေ ကိလေသာဘိသင်္ခါရ ဒေဝပုတ္တမာရ၊ ကိလေသမာရ် အဘိသင်္ခါရမာရ် ဒေဝပုတ္တမာရ်တို့ကို။ နိဇ္ဈိနိတွာ၊ နှိမ်နင်းတော်မူ၍။ ဥတ္တမံ၊ မြတ်စွာသော။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပတွာ၊ ရောက်၍။ သတ္ထာ၊ သုမနဘုရားသခင်သည်။ သဒ္ဓမ္မ ပုရ ဝရုတ္တမံ၊ အလွန်မြတ်သော တရားပြည်ကြီးဟု ဆိုအပ်သော။ တစ်နည်းကား။ သူတော်ကောင်း တရားတည်းဟူသော ပြည်မြတ်တို့၌ချီးမွမ်းအပ်သော။တစ်နည်းကား။သူတော်ကောင်း တရားဖြင့် ပြီးသော မြတ်သော ပြည်တို့၌ ပြဋ္ဌာန်းရာ ဖြစ်သော။ နဂရံ၊ နိဗ္ဗာန်မြို့ကို။ မာပေသိ၊ ဖန်ဆင်းတော်မူပြီ။ ဝါ။ တည်တော်မူပြီ။

ထိုးထွင်း၍ သိအပ်သော တရားသဘောရှိကုန်သော သေက္ခ,အသေက္ခ အရိယာပုဂ္ဂိုလ်တို့၏ နေရာ ဟူသော အနက်,တည်ရာ အာရုံပြုရာ ဖြစ်ခြင်း ဟူသော အနက်တို့ကြောင့် နိဗ္ဗာန်ကို မြို့ဟု ဆိုအပ်၏။ ထိုသူတော်ကောင်း တို့၏ မြတ်သောမြို့၌ ထိုမြတ်စွာဘုရားသည် မကောက်မထောင့် ဖြောင့်မတ် ကျယ်ကျယ် စင်ကြယ်ပြန့်ပြော သတိပဋ္ဌာန်သဘောဖြင့် ပြီးသော ခရီးမ ကြီးကိုလည်း ဖန်ဆင်းတော်မူ၏။ ထို့ကြောင့်—

နိရန္တရံ အကုဋိလံ၊ ဥဇုံ ဝိပုလံ ဝိတ္ထတံ။
မာပေသိ သော မဟာဝီထိံ၊ သတိပဋ္ဌာနဝရုတ္တမံ—

ဟူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သော ဘဂဝါ၊ ထိုသုမန မြတ်စွာဘုရားသည်။ နိရန္တရံ၊ ကုသိုလ်ဇော၏ ကောင်းစွာဖြစ်ခြင်း အခြားမရှိသော။ အကုဋိလံ၊ မကောက်သော။ ဥဇုံ၊ဖြောင့်သော။ ဝိပုလံ၊ကျယ်သော။ ဝိတ္ထတံ၊ပြန့်သော။ သတိပဋ္ဌာနဝရံ၊ မြတ်သော သတိပဋ္ဌာန်ဖြင့် ပြီးသော။ ဥတ္တမံ၊ မြတ်သော။ မဟာဝီထိံ၊ ခရီးမကို။ မာပေသိ၊ ဖန်ဆင်းတော်မူပြီ။

ယခုအခါ နိဗ္ဗာန်တည်းဟူသော မြို့ကြီး၏ သတိပဋ္ဌာန် တည်းဟူသော ခရီးမ၌ ဖိုလ်လေးပါး, ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ် ခြောက်ပါး, သမာပတ်ရှစ်ပါး တည်းဟူသော အဖိုးများစွာ ထိုက်သော ရတနာတို့ကို အလိုရှိသူတို့ ဝယ်ယူကြစေရန် လမ်းနံပါး နှစ်ဘက်ဝယ် တရားတည်း ဟူသော အိမ်ဈေး ခင်းကျင်းတော်မူ၏။ ထို့ကြောင့်—

ဖလေ စတ္တာရိ သာမညေ၊ စတသော ပဋိသမ္ဘိဒါ။
အဘိညာ အဋ္ဌသမာပတ္တိယော၊ ပသာရေသိ တတ္ထ ဝီထိယံ—

ဟူ၍ ဟောတော်မူ၏။

တတ္ထ ဝီထိယံ၊ ထိုခရီးမ၌။ စတ္တာရိ၊လေးပါးကုန်သော။ဖလေ သာမညေ၊ သာမညဖိုလ်တို့ လည်းကောင်း။ စတသော ပဋိသမ္ဘိဒါ၊ လေးပါးသော ပဋိသမ္ဘိဒါတို့လည်းကောင်း။ အဘိညာ၊ ခြောက်ပါးသော အဘိညာဉ်တို့ လည်းကောင်း။ အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးသော သမာပတ်တို့လည်း

ကောင်း။ ဣတိ၊ ဤသို့။ မဟာဂ္ဃာနိ၊ အဖိုးများစွာ ထိုက်ကုန်သော။ ဣမာနိ ရတနာနိ၊ ဤရတနာတို့ကို။ ဓမ္မာပဏော၊ တရားတည်းဟူသော အိမ်ဈေး၌။ ပသာရေသိ၊ ခင်းကျင်းတော်မူပြီ။

ယခုအခါ သုမန မြတ်စွာဘုရားသည် မမေ့မလျော့ နေလေ့ ရှိကုန်သော, သတိရှိကုန်သော ပညာရှိတို့သည် ဟိရီ, ဩတ္တပ္ပ, ဝိရိယနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ ထိုဘဏ္ဍာ ရတနာတို့ကို ယူနိုင်ကြကြောင်း, ဆောင်နိုင်ကြကြောင်းကို ပြတော်မူလိုသောကြောင့်—

ယေ အပ္ပမတ္တာ အခိလာ၊ ဟိရိဝီရိယေဟုပါဂတာ။
တေ တေ ဣမေ ဂုဏဝရေ၊ အာဒိယန္တိ ယထာသုခံ—

ဟူ၍ ဟောတော်မူပြီ။

အပ္ပမတ္တာ၊ ကုသိုလ်ဓမ္မ၌ မမေ့မလျော့ သတိနှင့် ပြည့်စုံကုန်သော။ အခိလာ၊ အလုံးစုံကုန်သော။ ဝါ၊ နှလုံးတံသင်း ငြောင့်ငါးစင်းမှလည်း လွတ်ကင်းကုန်သော။ ဟိရိဝီရိယေဟိ၊ မကောင်းမှု၌ ရှက်ခြင်း, ကုသိုလ်တို့၌ အားထုတ်ခြင်းတို့နှင့်။ ဥပါဂတာ–သမန္နာဂတာ၊ ပြည့်စုံကုန်သော။ ယေဘဗ္ဗ ပုဂ္ဂလာ၊ အကြင် ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ဘဗ္ဗ ပုဂ္ဂလာ၊ ထိုကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့သည်။ ဣမေ ဂုဏဝရေ၊ ဤဆိုအပ်ခဲ့ပြီးသော မြတ်သော ဂုဏ်အပြားရှိသော။ တေ၊ ထိုရတနာအထူးတို့ကို။ ယထာသုခံ၊ အလိုရှိတိုင်း။ အာဒိယန္တိ၊ ဆောင်ယူနိုင်ကုန်၏။

ဤအလုံးစုံကို သုမန မြတ်စွာဘုရားသည် ပြုအပ်ပြီး သိအပ်ပြီးသော နှလုံးရှိတော်မူသည် ဖြစ်၍ တရား တည်းဟူသော ဈည်ကြီးကို တီးတော်မူလျက် တရားတည်းဟူသော မြို့ကြီးကို ဖန်ဆင်းတော်မူ၍ ဤသို့သော နည်းဖြင့် ရှေးဦးစွာသော အစည်းအဝေးကပင်လျှင် ကုဋေ တစ်သိန်းသော လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး တရားကို သိစေတော်မူပြီ။ ထို့ကြောင့်—

ဝေမေတေန ယောဂေန၊ ဥဒ္ဓရန္တော မဟာဇနံ။
ဗောဓေသိ ပဌမံ သတ္တာ၊ ကောဋိသတသဟဿိယော—

ဟူ၍ ဟောတော်မူပြီ။

ဝေါ၊ ဤသို့။ သတ္ထာ၊ သုမန မြတ်စွာဘုရားသည်။ တေန ယောဂေန၊ ထိုလုံ့လဖြင့်။ မဟာဇနံ၊ လူအပေါင်းကို။ ဥဒ္ဓရန္တော၊ ကယ်တင်တော်မူသည်ဖြစ်၍။ ပဌမံ၊ ရှေးဦးစွာ။ ကောဋိ သတ သဟဿိယော၊ ကုဋေတစ်သိန်းကုန်သော သတ္တဝါတို့ကို။ ဗောဓေသိ၊ သစ္စာလေးပါး တရားကို သိစေတော်မူပြီ။

အကြင်အခါ သုမန မြတ်စွာဘုရားသည် သုနန္ဒဝတီမြို့၌ သရက်ပင်၏အနီး တိတ္ထိဘို့၏မာန်ကို နှိမ်နင်းတတ်သော အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ ကုဋေတစ်သိန်းသော သတ္တဝါတို့အား တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက် သစ္စာလေးပါး တရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

ယမှိ ကာလေ မဟာဝီရော၊ ဩဝဒိ တိတ္ထိယေ ဂဏေ။
ကောဋိသတသဟဿာ[၁] ဘိသမိံသု၊ ဒုတိယေ ဓမ္မဒေသနေ—

ဟူ၍ ဟောတော်မူပြီ။

ယမှိ ကာလေ၊ အကြင်ကာလ၌။ မဟာဝီရော၊ သုမန ဘုရားမြတ်သည်။ တိတ္ထိယေ၊ တိတ္ထိဖြစ်ကုန်သော။ ဂဏေ၊ အပေါင်းတို့ကို။ ဩဝဒိ၊ ဆုံးမတော်မူပြီ။ ဒုတိယေ၊ နှစ်ခုမြောက်သော။ ဓမ္မဒေသနေ၊ ထိုသို့ တရားဟောတော်မူရာ၌။ ကောဋိ သတ သဟဿာ၊ ကုဋေတစ်သိန်းကုန်သော သူတို့သည်။ အဘိသမိံသု၊ သစ္စာလေးပါး တရားကို သိကုန်ပြီ။

အကြင်အခါ တစ်သောင်းသော စကြဝဠာမှ လာကုန်သော နတ်ပြဟ္မာတို့နှင့်တကွ ဤစကြဝဠာ၌ စည်းဝေးကုန်သော လူတို့သည် နိရောဓသမာပတ်ဝင်စားခြင်းနှင့် စပ်သော စကားကို ဖြစ်စေကုန်၏။ နိရောဓသမာပတ်ကို အဘယ်သို့ ဝင်စားကုန်သနည်း။ နိရောဓသမာပတ်သည် အဘယ်သို့ဖြစ်သနည်း။ နိရောဓသမာပတ်မှ အဘယ်သို့ ထ သနည်း။ ဤသို့အစရှိသည်တို့ဖြင့် သမာပတ် ဝင်စားခြင်း, အဓိဋ္ဌာန်ခြင်း, သမာပတ်မှ ထခြင်းစသည်တို့၌ ဆုံးဖြတ်ခြင်းကို ပြုအံ့သော်ငြါ မတတ်နိုင်ရကား လူတို့နှင့်တကွ နတ်ပြည် ခြောက်ထပ်ရှိ ကာမာဝစရနတ် ကိုးထပ်သော ပြဟ္မာ့ပြည်ရှိ ပြဟ္မာတို့ပါ ဒွိဟာသံသယ ဖြစ်ကြကုန်၍ နှစ်ပက္ခ ကွဲပြားကြလေကုန်၏။ ထိုသို့ ဖြစ်ကြသောကြောင့် လူတို့ သမ္မုတိနတ်ဖြစ်သော အရိန္ဒမမင်းနှင့်

---

၁- ကောဋိသတသဟဿာ-သီ ၁၂၈။

တကွ ညချမ်းသောအခါ အလုံးစုံသော လူတို့၏ ကိုးကွယ်ရာ ဖြစ်သော သုမန မြတ်စွာဘုရားသို့ ကပ်၍ အရိန္ဒမ မင်းသည် မြတ်စွာဘုရားအား နိရောဓပြဿနာကို မေးလျှောက်သော် သုမနမြတ်စွာဘုရား ဖြေကြားတော်မူသောအခါ ကုဋေကိုးသောင်းသောသူတို့ သစ္စာလေးပါး တရားအထူးကို ရကြကုန်၏။ ဤသည်ကား သုံးကြိမ်မြောက် သစ္စာလေးပါး တရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

ယဒါ ဒေဝါ မနုဿာ စ၊ သမဂ္ဂါ ဧကမာနသာ။
နိရောဓပဉှံ ပုစ္ဆိံသု၊ သံသယဉ္စာပိ မာနသံ။

တဒါပိ ဓမ္မဒေသနေ၊ နိရောဓပရိဒီပနေ။
နဝုတိကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ မနုဿာ စ၊ လူတို့သည်လည်းကောင်း။ ဧကမာနသာ၊ တူသော စိတ်ရှိကုန်သည် ဖြစ်၍။ သမဂ္ဂါ၊ အညီအညွတ် စည်းဝေးကုန်၍။ ဘဂဝန္တံ၊ သုမနမြတ်စွာဘုရားကို။ နိရောဓပဉှံ၊ နိရောဓပြဿနာကို။ ပုစ္ဆိံသု၊ မေးလျှောက်ကြကုန်၏။ တဒါ၊ ထိုအခါ၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ သံသယံ၊ သံသယရှိသော။ မာနသဉ္စာပိ၊ စိတ်နှလုံးကိုလည်း။ ဝိဿဇ္ဇိတွာ၊ ဖြေဖျောက်၍။ နိရောဓပရိဒီပနေ၊ နိရောဓသမာပတ်ကို ပြခြင်းဟု ဆိုအပ်သော။ ဓမ္မဒေသနေ၊ တရားဟောရာ၌။ နဝုတိ ကောဋိ သဟဿာနံ၊ ကုဋေ ကိုးသောင်းသော သူတို့အား။ တတိယော၊ သုံးကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါး တရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## သုမနမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ထိုသုမန မြတ်စွာဘုရားအား သုံးပါးသော သာဝက အစည်းအဝေး တို့သည် ဖြစ်ကုန်၏။ ထိုသုံးပါးတို့တွင် ပထမအစည်းအဝေး၌ မေခလပြည်ကို အမှီပြု၍ ဝါကပ်ဆိုတော်မူသော အခါ ပထမ ပဝါရဏာနေ့၌ ကုဋေတစ်သိန်းသော ရဟန္တာ အရှင်မြတ်တို့သည် ဟေဘိဘိက္ခုရဟန်း ဖြစ်ကြကုန်၏။

ထိုရဟန်းတို့နှင့် အတူတကွ မြတ်စွာဘုရားသည် ပဝါရဏာ ပြုတော်မူ၏။ ဤသည်ကား ရှေးဦးစွာသော သာဝက အစည်းအဝေးတည်း။

ထိုပထမအစည်းအဝေး နောက်အဖို့၌ အခါတပါး သင်္ကဿနဂိုရ်မြို့၏ မနီးမဝေးသော အရပ်၌ အရိန္ဒမမင်း ကုသိုလ်အစွမ်းကြောင့် ဖြစ်သော တစ်ယူဇနာ အတိုင်းအရှည်ရှိသော ရွှေတောင်ဝယ် တန်ဆောင်မုန်းလအခါ ထွန်းလင်းသော အရောင်ကို ပြုတတ်သော ယုဂန္ဓိုရ် တောင်ထိပ်ထက် ထွက်သော နေမင်းကဲ့သို့ ဘုရားတည်းဟူသော နေမင်းသည် သီတင်းသုံး နေတော်မူသောအခါ အရိန္ဒမမင်းကို ခြံရံကာ လာကုန်သော ယောကျ်ား ကုဋေကိုးသောင်းတို့ကို ဆုံးမ၍ ဧဟိဘိက္ခု ခေါ်တော်မူလျှင် ထိုနေ့ အရဟတ္တဖိုလ်သို့ ရောက်ကုန်သော ရဟန်းတို့သည် ခြံရံအပ်သည်ဖြစ်၍ အင်္ဂါလေးပါးနှင့်ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက်သော သာဝကအစည်းအဝေးတည်း။

အကြင်အခါ သိကြားနတ်မင်းသည် မြတ်စွာဘုရားအား ဖူးမြင်ခြင်းငှာ ကပ်၏။ ထိုအခါ သုမန မြတ်စွာဘုရားသည် ကုဋေ ရှစ်သောင်းသော ရဟန္တာတို့ ခြံရံအပ်သည် ဖြစ်၍ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား သုံးကြိမ်မြောက်သော သာဝက အစည်းအဝေးတည်း။ ထို့ကြောင့်—

> သန္နိပါတာ တယော အာသုံ၊ သုမနဿ မဟေသိနော။
> ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။
>
> ဝဿံဝုတ္ထဿ ဘဂဝတော၊ အဘိဃုဋ္ဌေ ပဝါရဏေ။
> ကောဋိသတသဟဿေဟိ၊ ပဝါရေသိ တထာဂတော။
>
> တတော ပရံ သန္နိပါတေ၊ ဝိမလေ ကဉ္စနပဗ္ဗတေ။
> နဝုတိကောဋိသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။
>
> ယဒါ သက္ကော ဒေဝရာဇာ၊ ဗုဒ္ဓဒဿနုပါဂမိ။
> အသီတိကောဋိသဟဿာနံ၊ တတိယော အာသိ သမာဂမော—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သုမနဿ၊ သုမန အမည်တော်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရားအား။ တာဒီနံ၊ သည်းခံခြင်း တည်းဟူသော ကျေးဇူးနှင့် ပြည့်စုံတော်မူကုန်ထသော။ သန္တစိတ္တာနံ၊ ငြိမ်သက်သောစိတ် ရှိတော်မူကုန်ထသော။ ဝီမလာနံ၊ ကိလေသာ တည်းဟူသော အညစ်အကြေးမှလည်း ကင်းကုန်ပြီးထသော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တယော၊ သုံးပါးကုန်သော။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

ဝဿံဝုတ္ထဿ၊ ဝါမှ ထမြောက်တော်မူပြီးသော။ ဝါ၊ ဝါကျွတ်တော်မူပြီးသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပဝါရဏေ - ပဝါရဏာယ၊ ပဝါရဏာသည်။ အဘိဃုဋ္ဌေ - အဘိဃုဋ္ဌာယ၊ ကြွေးကြော် အပ်ပြီးသည်ရှိသော်။ တထာဂတော၊ သုမနဘုရားသခင်သည်။ ကောဋိသတသဟဿေဟိ၊ ကုဋေတစ်သိန်းသော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တက္ခ။ ပဝါရေသိ၊ ပဝါရဏာ ပြုတော်မူပြီ။

တတော၊ ထိုပဝါရဏာပြုသည်မှ။ ပရံ၊ တပါးသော နောက်ကာလ၌။ ကဉ္စနပဗ္ဗတေ၊ ရွှေတောင်၌။ ဝိမလေ၊ စင်ကြယ်စွာသော။ သန္နိပါတေ၊ အစည်းအဝေး၌။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ နဝုတိကောဋိသဟဿာနံ၊ ကုဋေကိုးသောင်းသော ရဟန္တာတို့၏။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ယဒါ၊ အကြင်အခါ၌။ ဒေဝရာဇာ၊ နတ်တို့၏ မင်းဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ ဗုဒ္ဓဒဿနံ၊ ဘုရားအားဖူးမြင်ခြင်းသို့။ ဥပါဂမိ၊ ရောက်ပြီ။ တဒါ။ ထိုအခါ၌။ အသီတိ ကောဋိ သဟဿာနံ၊ ကုဋေ ရှစ်သောင်းသော ရဟန္တာတို့၏။ တတိယော၊ သုံးကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

---

## ငါတို့ ဘုရားလောင်း အတုလနဂါးမင်းအား သုမနမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းကား အတုလမည်သော နဂါးမင်းဖြစ်တော်မူ၏။ ကြီးသောတန်ခိုး ကြီးသောအာနုဘော်နှင့် ပြည့်စုံသော ထိုအတုလ

နဂါးမင်းသည် လောကသုံးပါး၌ ဘုရားပွင့်ပြီဟု ကြား၍ ဆွေမျိုးအပေါင်း ခြံရံလျက် မိမိနေရာ နဂါးဗိမာန်မှ ထွက်ခဲ့၍ ကုဋေတစ်သိန်း အခြံအရံရှိသော သုမန မြတ်စွာဘုရားအား နတ်၌ ဖြစ်သော တီးမှုတ်မျိုးတို့ဖြင့် အနီးသို့ ဆောင်လျက် တီးမှုတ်ခြင်းကို ပြုလုပ်စေ၍ အလှူကြီးကို ပေးပြီးမှ အသီး အသီး အစုံအစုံသော ပုဆိုးတို့ကို လှူပြန်၍ သရဏဂုံ၌ တည်ပြီးသော် ထိုသုမနမြတ်စွာဘုရားသည် ငါတို့ဘုရားလောင်း အတုလ နဂါးမင်းအား "နောင်သောအခါ ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ နာဂရာဇာ မဟိဒ္ဓိကော။
အတုလောနာမ နာမေန၊ ဥဿန္နကုသလသဉ္စယော။

တဒါဟံ နာဂဘဝနာ၊ နိက္ခမိတွာ သဉာတိဘိ။
နာဂါနံ ဒိဗ္ဗတူရိယေဟိ၊ သသံဃံ ဇိန မုပဋ္ဌဟိံ။

ကောဋိသတသဟဿာနံ၊ အန္နပါနေန တပ္ပယိံ။
ပစ္စေကဒုဿယုဂံ ဒတွာ၊ သရဏံ့ မုပါဂမိံ။

သောပိ မံ ဗုဒ္ဓေါ ဗျာကာသိ၊ သုမနော လောကနာယကော။
အပရိမေယျေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန။ ပ။ ဟေဿာမ သမ္မုခါ ဣမံ။
ယဒာ ကောဏ္ဍညဗုဒ္ဓဝံသေ၊ ဝံ အဌဂါထာ ဝိတ္ထာရေတဗ္ဗာ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတ မဓိဋ္ဌာသိံ၊ ဒသပါရမိ ပူရယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ တေန သမယေန၊ ထိုသုမန ဘုရားလက်ထက်တော်၌။ နာမေန၊ အမည်အားဖြင့်။ အတုလော နာမ၊ အတုလအမည်ရှိထသော။ မဟိဒ္ဓိကော၊ ကြီးသော တန်ခိုးအာနုဘော် ရှိထသော။ ဥဿန္န ကုသလ သဉ္စယော၊ ကောင်းစွာ ဆည်းပူးအပ်သော ကုသိုလ်တရား များပြားပြန့်ပြောခြင်းလည်း ရှိထသော။ နာဂရာဇာ၊ နဂါး မင်းသည်။ အဟောသိံ၊ ဖြစ်ဖူးပြီ။

တဒါ၊ ထိုအခါ၌။ အဟံ၊ ငါဘုရားလောင်းသည်။ လောကေ၊ လူ့ပြည်၌။ မဟိဒ္ဓိကော၊ ကြီးသော တန်ခိုးရှိသော။ မဟာနုဘာဝေါ၊ မြတ်သော အာနုဘော်ရှိသော။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဉပ္ပန္နောတိ၊ ပွင့်၏ဟု။ သုတွာ၊ ကြား၍။ သဉာတိဘိ၊ အဆွေအမျိုးတို့နှင့်တကွ။ နာဂဘာဝနာ၊ နဂါးပြည်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ နာဂါနံ၊ နဂါးတို့၏။ ဒိဗ္ဗတူရိယေဟိ၊ နတ်၌ဖြစ်သော ပဉ္စင်တူရိယာတို့ဖြင့်။ သသံဃံ၊ သံဃာတော်နှင့် တကွသော။ ဇိနံ၊ သုမန ဘုရားသခင်ကို။ ဉပဋ္ဌဟိံ၊ ခစားပြီ။

ကောဋိသတ သဟဿာနံ၊ ကုဋေတစ်သိန်းကုန်သော ရဟန္တာတို့အား။ အန္နပါနေန၊ ဆွမ်းအဖျော်ဖြင့်။ တပ္ပယိံ၊ ရောင့်ရဲစေပြီ။ ပစ္စေက ဒုဿ ယုဂံ၊ အသီးအသီးသော ပုဆိုးအစုံကို။ ဒတွာ၊ လှူ၍။ တံ သရဏဥ္စ၊ ထိုသရဏဂုံ ဆောက်တည်ခြင်းသို့လည်း။ ဉပါဂမိံ၊ ရောက်ပြီ။

သုမနော၊ သုမနအမည်တော်ရှိသော။ လောကနာယကော၊ လူသုံးပါး တို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော။ သောပိ ဗုဒ္ဓေါ၊ ထိုဘုရားရှင် သည်လည်း။ မံပိ၊ငါ့ကို။ အယံ၊ ဤအတုလနဂါးမင်းသည်။ ဣတော၊ ဤကမ္ဘာမှ။ အပရိမေယျေ၊ မနှိုင်းရှည့်နိုင်သော။ ကပ္ပေ၊ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူ၏။

ပဓာနံ၊ လုံ့လကို။ ပဒဟိတွာန၊ အားထုတ်၍ ။လ။ ဣမံ-ဣမသ္သ၊ ဤနဂါး မင်း၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရကုန်အံ့။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကုန်ပြီ။

[ကောဏ္ဍညဗုဒ္ဓဝင်ကဲ့သို့ ရှစ်ဂါထာတို့ကို ချဲ့ပ်ကုန်၏။]

သာရိပုတ္တ၊ သာရိပုတ္တရာ။ သော၊ ထိုအတုလ နဂါးမင်းသည်။ တဿ၊ ထိုသုမနမြတ်စွာဘုရား၏။ ဝစနံ၊ဗျာဒိတ်စကားကို။သုတွာပိ၊ ကြား၍လည်း။ ဘိယျော၊ လွန်စွာ။ စိတ္တံ၊ စိတ်ကို။ ပသာဒယိ၊ ကြည်လင်စေပြီ။ ဉတ္တရိံ၊ လွန်စွာလျှင်။ ဝတံ၊ အကျင့်ကို။ အဓိဋ္ဌာသိ၊ ဆောက်တည်ပြီ။ ဒသပါရမိ၊ ဆယ်ပါးသော ပါရမီတို့ကို။ ပူရယာ၊ ဖြည့်ပြီ။

## သုမနမြတ်စွာဘုရား၏ နေပြည်တော် ခမည်းတော် မယ်တော် စသည်တို့ကို ပြဆိုခြင်း

ထိုသုမန မြတ်စွာဘုရား၏ နေပြည်တော်ကား မေခလမည်၏။ သုဒတ္တမည်သော မင်းကား ခမည်းတော်ဖြစ်၏။ သိရိမာမည်သော မိဖုရားကား မယ်တော်ဖြစ်၏။ သရဏနှင့် ဘာဝိတတ္တ နှစ်ယောက်တို့ကား လက်ယာရံ လက်ဝဲရံ တပည့်မြတ် အစုံတို့တည်း။ အလုပ်အကျွေးကား ဥတေန အမည်ရှိ၏။ သောဏာနှင့် ဥပသောဏာ နှစ်ယောက်တို့ကား တပည့် မိန်းမမြတ်အစုံ ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား ကံ့ကော်ပင်တည်း။ ကိုယ်တော်အရပ်တော်ကား အတောင် ကိုးဆယ်မြင့်၏။ သက်တော် အပိုင်းအခြားကား အနှစ် ကိုးသောင်း။ ထိုဘုရားလောင်း၏ မိဖုရားကြီးကား ဝဋံသိကာမည်၏။ သားတော်ကား အနုပမမည်၏။ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

နဂရံ မေခလံ နာမ၊ သုဒတ္တော နာမ ခတ္တိယော။
သိရိမာ နာမ ဇနိကာ၊ သုမနဿ မဟေသိနော။

နဝ ဝဿသဟဿာနိ၊ အဂါရံ အဇ္ဈ သော ဝသိ။
စန္ဒော သုစန္ဒော ဝဋံသော၊ တယော ပါသာဒ မုတ္တမာ။

တေသဋ္ဌိသတသဟဿာနိ၊ နာရိယော သမလင်္ကတာ။
ဝဋံသိကာ နာမ နာရီ၊ အနုပမော နာမ အတြဇော။

နိမိတ္တေ စတုရော ဒိသွာ၊ ဟတ္ထိယာနေန နိက္ခမိ။
အနူနဒသမာသာနိ၊ ပဓာနံ ပဒဟီ ဇိနော။

ဗြဟ္မုနာ ယာစိတော သန္တော၊ သုမနော လောကနာယကော။
ဝတ္တိ စက္ကံ မဟာဝီရော၊ မေခလေ ပုရမုတ္တမေ။

သရဏော ဘာဝိတတ္တော စ၊ အဟေသုံ အဂ္ဂသာဝကာ။
ဥတေနော နာမုပဋ္ဌာကော၊ သုမနဿ မဟေသိနော။

သောဏာ စ ဥပသောဏာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
သောပိ ဗုဒ္ဓေါ အမိတယသော၊ နာဂမူလေ အဗုဇ္ဈထ။

ဝရျှဏောစေဝ သရဏော၊ အဟောသုံ အဂ္ဂုပဋ္ဌကာ။
စာလာ စ ဥပလာစာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

ဥစ္စတ္တရေန သော ဗုဒ္ဓေါ၊ နဝုတိဟတ္ထ မုဂ္ဂတော။
ကဥ္စနဂ္ဃိယသံကာသော၊ ဒသသဟဿိ ဝိရောစတိ။

နဝုတိ ဝဿသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

တာရဏီယေ တာရယိတွာ၊ ဗောဓနီယေ စ ဗောဓယိ။
ပရိနိဗ္ဗာယိ သမ္ဗုဒ္ဓေါ၊ ဥဋ္ဌုရာဇာဝ အတ္ထမိ။

တော စ ခီဏာသဝါ ဘိက္ခူ၊ သော စ ဗုဒ္ဓေါ အသဒိသော။
အတုလံ ပဘံ ဒဿယိတွာ၊ နိဗ္ဗုတာ တေ မဟာယသာ။

တဥ္စ ဉာဏံ အတုလိယံ၊ တာနိ စ အတုလာနိ ရတနာနိ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊သာရိပုတ္တရာ။မဟေသိနော၊ သီလ စသောကျေးဇူးအပေါင်းကို ရှာတော်မူပြီးသော။သုမနဿ၊သုမနဘုရားသခင်၏။ နဂရံ၊ ပြည်တော်သည်။ မေခလံနာမ၊ မေခလအမည်ရှိ၏။ ခတ္တိယော၊ ခမည်းတော် မင်းသည်။ သုဒတ္တောနာမ၊ သုဒတ္တအမည်ရှိ၏။ ဇနိကာ၊ မယ်တော်သည်။ သိရိမာနာမ၊ သိရိမာ အမည်ရှိ၏။

သော၊ ထိုသုမန ဘုရားအလောင်းတော်သည်။ နဝ ဝဿ သဟဿာနိ၊ အနှစ်ကိုးထောင်ဘိုပ ာ်လုံး။ အဂါရံ၊ ရွှေအိမ်ရွှေနန်းကို။ အဇ္ဈာဝသိ၊ အုပ်စိုးစံမြန်း၍ နေတော်မူ၏။ စန္ဒော စ၊ စန္ဒမည်သော ပြာသာဒ်လည်းကောင်း။ သုစန္ဒော စ၊ သုစန္ဒမည်သော ပြာသာဒ်လည်းကောင်း။ ဝဋံသော စ၊ ဝဋံသမည်သော ပြာသာဒ်လည်းကောင်း။ ဥတ္တမာ၊ မြတ်ကုန်သော။ ပါသာဒံ-ပါသာဒါ၊ စံရာနန်းပြာသာဒ်တို့သည်။ တယော၊ သုံးဆောင်တို့တည်း။

သမလင်္ကတာ၊ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော။ နာရိယော၊ မောင်းမတို့သည်။ တေ သဋ္ဌိ သတ သဟဿာနိ၊ ခြောက်သန်းသုံးသိန်း

တို့တည်း။ နာရီ၊ မိဖုရားကြီးသည်။ ဝဋ္ဋံသိကာနာမ၊ ဝဋ္ဋံသိကာအမည်ရှိ၏။ အတြဇော၊ သားတော်သည်။ အနုပမောနာမ၊ အနုပမမည်၏။

ဇိနော၊ သုမနမြတ်စွာဘုရားသည်။ စတုရော၊ လေးပါးကုန်သော။ နိမိတ္တေ၊ နိမိတ်တို့ကို။ ဒိသွာ၊ မြင်၍။ ဟတ္ထိယာနေန၊ ဆင်ယာဉ်စီးတော်မူသဖြင့်။ နိက္ခမိ၊ တောထွက်တော်မူ၏။ အနူန ဒသ မာသာနိ၊ မလျော့သော ဆယ်လတို့ ပတ်လုံး။ ပဓာနံ၊ ဒုက္ကရစရိယာကျင့်ခြင်းကို။ ပဒဟိ၊ ကျင့်တော်မူပြီ။

လောကနာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်ထသော။ သန္တော၊ ငြိမ်သက်တော်မူထသော။ မဟာဝီရော၊ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ သုမနော၊ သုမန မြတ်စွာဘုရားသခင်သည်။ ဗြဟ္မုနာ၊ ဗြဟ္မာမင်းသည်။ ယာစိတော၊ တောင်းပန်အပ်သည် ဖြစ်၍။ မေခလေ၊ မေခလအမည်ရှိသော။ ပုရမုတ္တမေ၊ ပြည်မြတ်၌။ စက္ကံ၊ ဓမ္မစကြာတရားတော်ကို။ ဝတ္တိ၊ ဟောတော်မူပြီ။

သရဏော၊ သရဏလည်းကောင်း။ ဘာဝိတတ္တော၊ ဘာဝိတတ္တလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ မဟေသိနော၊ သီလစသော ကျေးဇူးအပေါင်းကို ရှာတော်မူပြီးသော။ သုမနဿ၊ သုမနမြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ ဥတေနောနာမ၊ ဥတေနမည်၏။

သောဏာ စ၊ သောဏာ လည်းကောင်း။ ဥပသောဏာ စ၊ ဥပသောဏာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ အမိတယသော၊ မနှိုင်းရှည့်အပ်သော ကျော်စောခြင်း ရှိတော်မူထသော။ သောပိ ဗုဒ္ဓေါ၊ ထိုသုမနဘုရားသခင်သည်လည်း။ နာဂမူလေ၊ ကံ့ကော်ပင်ရင်း၌။ အဗုဇ္ဈထ၊ သစ္စာလေးပါးတရားတို့ကို မိမိအလိုလို သိတော်မူပြီ။

ဝရုဏော စေဝ၊ ဝရုဏ ဥပါသကာလည်းကောင်း။ သရဏော စ၊ သရဏ ဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေးဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ စာလာ စ၊ စာလာသည်လည်းကောင်း။ ဥပစာလာစ၊ ဥပစာလာသည်လည်းကောင်း။

အင်္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမဟုတ်သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

သော ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ ဥစ္စတရေန၊ အလွန်မြင့်သဖြင့်။ နဝုတိဟတ္ထံ၊ အတောင်ကိုးဆယ်။ ဥဂ္ဂတော၊ မြင့်တော်မူ၏။ ဒသသဟဿိ၊ တစ်သောင်းသော လောကဓာတ်၌။ ကဉ္စနဂ္ဃိယ သံကာသော၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေဖြင့်ပြီးသော ပူဇော်ဖွယ်ရာတန်ဆိုတိုင်နှင့်တူသော အဆင်းရှိသည်ဖြစ်၍။ ဝိရောစတိ၊ ထွန်းပတော်မူ၏။

တာဝဒေ၊ ထိုသုမနဘုရားပွင့်တော်မူသောအခါ၌။ အာယု၊ အသက်တမ်းသည်။ နဝုတိ ဝဿ သဟဿာနိ၊ ၉ သောင်းနှစ်ကိုးသောင်းတို့ပတ်လုံး။ ဝိဇ္ဇတိ၊ ထင်ရှားရှိ၏။ တာဝတာ၊ ထိုပမာဏဖြင့်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော၊ ထိုသုမန မြတ်စွာဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ သံသာရ သောတတော၊ သံသရာတည်းဟူသော ရေအယဉ်မှ။ ဥဒ္ဓရိတွာ၊ ထုတ်နုတ်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်သို့။ တာရေသိ၊ ကယ်တင်တော်မူပြီ။

သမ္ဗုဒ္ဓေါ၊ သုမန မြတ်စွာဘုရားသည်။ တာရဏီယေ၊ ကယ်တင်အပ်သော သူတို့ကို။ တာရယိတွာ၊ ကယ်တင်တော်မူ၍။ ဗောဓနီယေ၊ ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို။ ဗောဓယိ-ဗောဓယိတွာ၊ သစ္စာလေးပါးတရားကို သိစေတော်မူဦး၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် စံတော်မူပြီ။ ကိံ ဝိယ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဥဠုရာဇာ၊ ကြယ်တကာတို့၏မင်းဖြစ်သော လမင်းသည်။ အတ္ထင်္ဂတော ဣဝ၊ ချုပ်သကဲ့သို့။ (ဝင်သကဲ့သို့လည်းဟူ)။ အတ္ထမိ-အတ္ထင်္ဂတော၊ ချုပ်တော်မူပြီ။ (နိဗ္ဗာန်ရွှေပြည်သို့ဝင်တော်မူပြီလည်းဟူ။)

ခီဏာသဝါ၊ အာသဝေါ ကင်းကုန်ပြီးသော။ တေ စ ဘိက္ခူ၊ ထိုရဟန်းတို့သည်လည်းကောင်း။ အသဒိသော၊ အတုမရှိသော။ သော ဗုဒ္ဓေါ၊ ထိုသုမနဘုရားသည့်လည်းကောင်း။ အတုလံ၊ မနှိုင်းရှည့်အပ်သော။ ပဘံ၊ အရောင်တော်ကို။ ဒဿယိတွာ၊ ပြတော်မူ၍။ မဟာယသာ၊ များသော ကျော်စော

ခြင်းရှိတော်မူကုန်သော။ တနည်းကား၊ များသော အခြံအရံ ရှိတော်မူ ကုန်သော။ တေ၊ ထိုဘုရားရဟန္တာတို့သည်။ နိဗ္ဗုတာ၊ ပရိနိဗ္ဗာန် စံတော် မူကုန်ပြီ။

အတုလိယံ၊ မနှိုင်းရှည့်နိုင်သော။ တဥ္စ ဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော် သည်လည်းကောင်း။ အတုလာနိ၊ အတုမရှိကုန်သော။ တာနိ ရတနာနိ စ၊ ထိုစက်လက္ခဏာ ရတနာတို့သည်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ပျောက်ပြီ။ သဗ္ဗသင်္ခါရာ၊ ခပ်သိမ်းသော သင်္ခါရတရား တို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဧဝ၊ အချည်းနှီးတို့သာလျှင်တည်း။

ဤတွင်ရွှေကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ လေးခုမြောက်သော သုမနမြတ်စွာဘုရားအကြောင်းကား ပြီး၏။

# ၇-ရေဝတ ဗုဒ္ဓဝံသ

## ရေဝတမြတ်စွာဘုရားအကြောင်းကို ပြခြင်း

ထိုသုမန မြတ်စွာဘုရားသာသနာတော် ထင်ပေါ်ပွင့်လင်းရာမှ ကွယ်ခဲ့သည်ရှိသော် နောက်အဖို့ဖြစ်သောအခါ အနှစ်ကိုးသောင်းရှိသော လူတို့အစဉ်သဖြင့် ဆုတ်ယုတ်၍ အသက်ဆယ်နှစ်တမ်းသို့ ရောက်ပြီးမှ တဖန်အစဉ်သဖြင့် အသင်္ချေယျမှ ဆုတ်ယုတ်ခါ အနှစ်ခြောက်သောင်းတမ်းသို့ ရောက်လျှင်ပင် ရေဝတအမည်တော်ရှိသော မြတ်စွာဘုရားသည် လောကသုံးပါး၌ ဘုရားဖြစ်တော်မူ၏။

ထို ရေဝတမြတ်စွာဘုရားသည် ပါရမီတို့ကို ဖြည့်တော်မူ၍ တစ်ပါးမကများစွာသော ရတနာတို့ဖြင့် ပြောင်ပြောင်ရွှန်းရွှန်း ထွန်းတောက်ပသော ဗိမာန်နှင့် တုသိတာနတ်ပြည်၌ ဖြစ်၍ ထိုတုသိတာနတ်ပြည်မှ စုတေခဲ့လျှင် အလုံးစုံသော ဥစ္စာစပါးနှင့် ပြည့်စုံသော သုဓညဝတီမြို့၌ အလုံးစုံသော တန်ဆာတို့ဖြင့် ကောင်းစွာ တန်ဆာ ဆင်အပ်သော မန္ဒိုင်းရှည့်အပ်မြတ်သော တင့်တယ်ခြင်းအခြံအရံတို့ဖြင့် ခြံရံအပ်သော အသရေစည်းစိမ်တို့၏ ကောင်းစွာ ဖြစ်ခြင်းရှိခြင်းကြောင့် သိရီ ဝိဘဝ သမုဒယ မည်သော အမျိုး, တန်ခိုးပြန့်ပြောသောကြောင့် သဗ္ဗသမိဒ္ဓိဝိပုလ မည်သော မင်း၏အမျိုးဝယ် တင့်တယ်စွင့်စွင့် ကားကားပွင့်သော မျက်စိ တည်းဟူသော ကြာအသရေ စေ့စပ် ပြေပြစ်သော နှုတ်ခမ်း တည်းဟူသော ကြာတို့၏ အရောင် ပြောင်ပြောင်တောက်ပသည် ဖြစ်၍ စိတ်နှလုံးကို ယူကျုံးဘိသကဲ့သို့ ကျေးဇူးအပေါင်းတို့ဖြင့် ပြန့်ပြောသော ဝိပုလာ မည်သော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၍ ဆယ်လကို လွန်သဖြင့် စိတ္တကူဋရှတောင်မှ ရွှေဟင်္သာမင်းကဲ့သို့ အမိဝမ်းမှ ဖွားမြင်တော်မူ၏။

ထိုရေဝတဘုရားလောင်း ပဋိသန္ဓေ ယူသောကာလ, ဖွားတော်မူသောကာလတို့၌ တန်ခိုးပြာဋိဟာတို့သည် ရှေ့၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာ ဖြစ်ကုန်၏။

ထိုရေဝတ ဘုရားလောင်း၌ သုဒဿနပြာသာဒ်, ရတနဂ္ဃိ ပြာသာဒ်, အာဝေဠပြာသာဒ် သုံးဆောင်တို့သည် ဖြစ်ကုန်၏။ သုဒဿနာမိဖုရားကြီး

အမှူးရှိသော သုံးသောင်း သုံးထောင်သော မိန်းမတို့သည် ခြံရံအပ်သည် ဖြစ်၍ နတ်သမီးပျိုတို့ခြံရံအပ်သော နတ်လုလင်ကဲ့သို့ အနှစ်ခြောက်ထောင်တို့ပတ်လုံး ရွှေနန်းစည်းစိမ်ကို ခံစားတော်မူ၍ လူတို့ဘောင်၌ နေတော်မူ၏။

ထိုအခါ သုဒဿနာမည်သော မိဖုရားဝမ်းမှ ဝရုဏမည်သော သားကိုဖွားသည် ရှိသော် လေးပါးသော နိမိတ်တို့ကို မြင်တော်မူ၍ အထူးထူး အပြားပြား တပ်မက်ဖွယ် သိမ်မွေ့ နူးညံ့သော အဝတ်တို့ဖြင့် ဝတ်အပ်သည်ဖြစ်၍ စွပ်အပ်သော ပုလဲသွယ် ပတ္တမြား နားတောင်း ရွှေခြေကျင်း ရွှေမကိုဋ်တို့ဖြင့် ဆောင်းအပ်သော ကောင်းသော အနံ့ရှိသော ပန်းတို့ဖြင့် တန်ဆာ ဆင်အပ်သော တန်ဆောင်မုန်းလ သရဒအခါ ကြယ်တာရာ အပေါင်းနှင့်တကွ ထွက်သော လမင်း နေမင်းတို့ကဲ့သို့ လည်းကောင်း, မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်းကဲ့သို့ လည်းကောင်း ပြဟ္မာအပေါင်း ခြံရံအပ်သော ဟာရိတမဟာပြဟ္မာကဲ့သို့ လည်းကောင်း, အင်္ဂါလေးပါးရှိသော များစွာသော စစ်သည်တို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ အာဇာနည်မြင်းကသော ရထားဖြင့် တောထွက်တော်မူ၍ အလုံးစုံသော တန်ဆာကို ချွတ်၍ ဘဏ္ဍာစိုးလက်၌ ပေးအပ်၍ ရေ၌ ဖြစ်၍ အညစ်အကြေး ကင်းသဖြင့် ချို့တဲ့ခြင်းမရှိသော ကြာညိုလက်နှင့် တူသည်ဖြစ်၍ အလွန်သွေးအပ်သော သန်လျက်ဖြင့် မြတ်သော မိမိဆံတော်ကို ဖြတ်တော်မူ၍ ကောင်းကင်သို့ ပစ်တော်မူ၏။

ထိုဆံကို သိကြားနတ်မင်းသည် ရွှေပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာ နတ်ပြည်သို့ ဆောင်ပြီးမှ မြင်းမိုရ်တောင်ထိပ်၌ ရတနာဖြင့် ပြီးသော စေတီကို ပြုတော်မူ၏။ ယောကျ်ားမြတ်လည်း နတ်ပြဟ္မာတို့ဆက်လာသော သင်္ကန်းဖြင့် ရဟန်းပြုတော်မူလျှင် ယောကျ်ား တစ်ကုဋေတို့သည်လည်း အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ရေဝတ ဘုရားလောင်းသည်လည်း ထိုတစ်ကုဋေသော ရဟန်းတို့ ခြံရံအပ်သည်ဖြစ်၍ ခုနစ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူလျက် ကဆုန်လပြည့်နေ့ တစ်ဦးသော သာဓုဒေဝီ သေဌေးသမီးသည် လှူအပ်သော နို့ဃနာကို ကောင်းစွာဘုဉ်းပေးတော်မူ၍ အင်ကြင်းတော၌ နေ့သန့်ခြင်းကို လွန်စေလျက် ညချမ်းသောအခါ တစ်ဦးသော ဝရုဏိန္ဒရအာဇီဝကသည်

လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ အမုန်ယစ်သော မြတ်သော ဆင်ပြောင်ကြီးကဲ့သို့ ကြွတော်မူကာ ကံ့ကော်ပင်ဗောဓိကို လက်ယာရစ် ပြုလျက် ငါးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်း၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်၍ ထက်ဝယ်ဖွဲ့ခွေနေတော် မူလျှင် မာရ်ငါးအင်ကို ဖျက်ဆီးလျက် သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူ၍ "အနေကဇာတိသံသာ" အစရှိသော ဂါထာတို့ဖြင့် ဥဒါန်းကျူးရင့်တော် မူ၏။ ထို့ကြောင့်—

သုမနဿ အပရေန၊ ရေဝတော လောကနာယကော၊
အနူပမော အသဒိသော၊ အတုလော ဥတ္တမော ဇိနော—

ဟူ၍ ဟောတော်မူပြီ။

သုမနဿ ဘဂဝတော၊ သုမနအမည်ရှိသော ဘုရား၏။ အပရေန၊ နောက်ကာလ၌။ ရေဝတော၊ ရေဝတအမည်ရှိသော။ လောကနာယကော၊ လူတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်ထသော။ အနူပမော၊ နှိုင်းရှည့်ဖွယ် မရှိထသော။ အသဒိသော၊ သူတပါးနှင့် မတူထသော။ အတုလော၊ အတုမရှိထသော။ ဥတ္တမော၊ မြတ်တော်မူထသော။ ဇိနော၊ ဘုရားမြတ် သည်။ ဥပ္ပဇ္ဇိ၊ ဖြစ်တော်မူပြီ။

---

## ရေဝတမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုရေဝတ မြတ်စွာဘုရားကား ဘုရားဖြစ်တော်မူပြီးသော် ဗောဓိပင် အနီး၌သာလျှင် သတ္တသတ္တာဟတို့ကို လွန်တော်မူ၍ တရားဟောခြင်းငှာ ပြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ "ငါကား ရှေးဦးစွာ အဘယ် သူအား တရားဟောရပါအံ့နည်း"ဟု စူးစမ်း ဆင်ခြင်သည် ရှိသော် ကိုယ်တော်နှင့် အတူတကွ ရဟန်းပြုကြသော လူခြေ တစ်ကုဋေတို့ကို လည်းကောင်း, ထိုမှတပါး များစွာသော နတ်လူတို့ကို လည်းကောင်း, ဥပနိဿယနှင့် ပြည့်စုံသည်တို့ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွပြီး သော် ဝရုဏာရာမ၌ သက်တော်မူ၍ ထိုနောက်ပါ ရဟန်းတို့ ခြံရံလျက် များစွာသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးလျှင် နက်နဲသိမ်မွေ့သော

သုံးပါးသော အပြန်ရှိသော ဘုရားမှ တပါးသော သူသည် ဟောကြား ခြင်းငှာ မစွမ်းနိုင်သော ဓမ္မစကြာတရားကို ဟောကြားတော်မူလျက် တစ်ကုဋေသော ရဟန်းတို့ကို အရဟတ္တဖိုလ်၌ တည်စေတော်မူ၏။ သုံးပါး သော မဂ်ဖိုလ်တို့၌ တည်သော ပုဂ္ဂိုလ်တို့ အရေအတွက်ကား ရေတွက်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့်—

**သောပိ ဓမ္မံ ပကာသေသိ၊ ပြဟ္မုနာ အဘိယာစိတော။**

**ခန္ဓမာတုဝတ္ထာနံ၊ အပ္ပဝတ္တံ ဘဝါဘဝေ—**

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ပြဟ္မုနာ၊ ပြဟ္မာသည်။ အဘိယာစိတော၊ ရှိသေညွှတ်ပျောင်း တောင်းပန်အပ်သော။ သောပိ ဗုဒ္ဓေါ၊ ထိုရေဝတ ဘုရားသခင်သည်လည်း။ ဘဝါဘဝေ၊ ပွားခြင်းယုတ်ခြင်း၌။ အပ္ပဝတ္တံ၊ သူတပါးသည် မဖြစ်စေနိုင်ခြင်း အကြောင်း ဖြစ်ထသော။ တနည်းကား၊ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ အပ္ပဝတ္တံ၊ တဖန်အသစ် မဖြစ်စေတတ်သော။ ခန္ဓမာတုဝတ္ထာနံ။ ခန္ဓာအာယတနဓာတ်တို့၏ ပိုင်းခြားမှတ်သားရာ ဖြစ်ထ သော။ ဓမ္မံ၊ ဓမ္မစကြာဒေသနာတော်ကို။ ပကာသေသိ၊ ပြတော်မူပြီ။

ထိုရေဝတမြတ်စွာဘုရားသည် တရားဟောရာ၌ လူ နတ် ပြဟ္မာ သတ္တဝါ အပေါင်းတို့အား သစ္စာလေးပါးကို အကြီးအကျယ် သိစေတော်မူခြင်းကား သုံးပါးတို့တည်း။ ရှေးဦးစွာ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိစေခြင်း၌ ရေတွက်ခြင်းငှါ မစွမ်းနိုင်။ ထို့ကြောင့်—

တဿာဘိသမယာ တီဏိ၊ အဟေသုံ ဓမ္မဒေသနေ။

ဂဏနာယ န ဝတ္တဗ္ဗော၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

**တ**ဿ၊ ထို ရေဝတဘုရားသခင်အား။ တီဏိ၊ သုံးပါးကုန်သော။ အဘိသမယာ၊ သစ္စာလေးပါးကို သိစေခြင်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဓမ္မဒေသနေ၊ ရှေးဦးစွာ ဓမ္မစကြာတရားကို ဟောတော်မူရာ၌။ မဂ္ဂဖလေသု၊ မဂ်ဖိုလ်တို့၌။ ပတိဋ္ဌာနံ၊ တည်ကုန်သော ပုဂ္ဂိုလ်တို့၏။ ပရိစ္ဆေဒေါ၊ အပိုင်း အခြားကို။ ဂဏနာယ၊ ဂဏန်းသင်္ချာဖြင့်။ န ဝတ္တဗ္ဗော၊ မဆိုအပ်။ အဿ၊

ထိုရေဝတ မြတ်စွာဘုရားအား။ ပဌမော၊ ရှေးဦးစွာသော။ အဘိသမယော၊ သစ္စာလေးပါးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ထိုရေဝတ မြတ်စွာဘုရားသည် ပထမ အစည်းအဝေးနောက် ဥတ္တရ မည်သော မြို့မြတ်၌ အလုံးစုံသော ရန်သူကို ဆုံးမတော်မူသော အရိန္ဒမ မင်းသည် ရေဝတမြတ်စွာဘုရား မိမိပြည်သို့ ရောက်လာကြောင်းကို ကြား၍ သုံးကုဋေသောလူတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားအား ခရီးဦး ကြိုဆိုခြင်းကို ပြု၍ နက်ဖြန်အကျိုးငှါ ဘုရားအမှူးရှိသော သံဃာနှင့်တကွ ဆွမ်းဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ဖြစ်စေလျက် သုံးဂါဝုတ် အပြန့်ကျယ်သော ဆီမီးပူဇော်ခြင်းကို ပြု၍ မြတ်စွာဘုရားသို့ ကပ်လျက်နေ၏။ ထိုအခါ မြတ်စွာ ဘုရားသည် အရိန္ဒမမင်းကြီးကို စိတ်အားလျော်သော ဆန်းကြယ်သော နည်းရှိသော တရားစကားကို ဟောကြားတော်မူလျှင် ထိုအစည်းအဝေး၌ ကုဋေတစ်ထောင်သော နတ်လူတို့ နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိခြင်းဖြစ်၏။ ထို့ကြောင့်—

ယဒါ အရိန္ဒမံ ရာဇံ၊ ဝိနေသိ ရေဝတော မုနိ။
တဒါ ကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ ရေဝတော၊ ရေဝတ အမည်တော် ရှိသော။ မုနိ၊ မြတ်စွာဘုရားသည်။ အရိန္ဒမံ၊ အရိန္ဒမမည်သော။ ရာဇံ၊ တရားမင်းကို။ ဝိနေသိ၊ ဆုံးမတော်မူ၏။ တဒါ၊ ထိုအခါ၌။ ကောဋိသဟဿာနံ၊ ကုဋေတစ်ထောင် တို့၏။ ဒုတိယော။ နှစ်ကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါးကို သိခြင်းသည်။ အဟု၊ ဖြစ်ပြီ။ ဤသည်ကား နှစ်ကြိမ်မြောက် သစ္စာလေးပါး တရားကို သိစေခြင်းတည်း။

ထိုဒုတိယအစည်းအဝေးနောက်၌ ရေဝတမြတ်စွာဘုရားသည် ဥတ္တရနိဂုံးကို အမှီပြု၍ နေတော်မူသည် ရှိသော် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူ၏။ ထိုအခါ ဥတ္တရနိဂုံးနေသူ လူအပေါင်းတို့သည် ယာဂု ဆွမ်းခဲဖွယ် ဆေး အခဖျော် စသည်တို့ကို ဆောင်၍ ရဟန်းသံဃာ တို့အား အလှူကြီးကို ပေးလျက် မေးလျှောက်ကုန်၏ "အရှင်ဘုရားတို့.... ဘုန်းတော်ကြီးသော မြတ်စွာဘုရားကား အဘယ်မှာနည်း" ဟု မေးလျှောက်

ကုန်သော် ထိုဒါယကာတို့အား ရဟန်းတို့သည် ဤသို့ ဆိုကုန်၏ "ဒါယကာတို့...မြတ်စွာဘုရားကား နိရောဓသမာပတ်ကို ဝင်စားတော်မူ၏" ဟု ဆိုကြကုန်၏။ ထိုအခါ ခုနစ်ရက်လွန်သည် ရှိသော် နိရောဓသမာပတ်မှ ထတော်မူ၍ တန်ဆောင်မုန်းလ သရဒအခါ တက်ထွန်းသော နေဝန်းကဲ့သို့ မြတ်စွာဘုရား၏ မနှိုင်းရှည့်အပ်သော အသရေတော်ဖြင့် တင့်တယ်တောက်ပသော ဘုရားကို မြင်၍ နိရောဓသမာပတ်၏ ကျေးဇူးကို မေးလျှောက်သည် ရှိသော် မြတ်စွာဘုရားသည် ထိုလူတို့အား နိရောဓသမာပတ်၏ ကျေးဇူးစကားကို ဟောကြားတော်မူလျှင် နတ်လူ ကုဋေတစ်ရာ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ဤသည်ကား သုံးကြိမ်မြောက် သစ္စာလေးပါး တရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

သတ္တာဟံ ပဋိသလ္လာနာ၊ ဝုဋ္ဌဟိတွာ နရာသဘော။
ကောဋိသတံ နရမရူနံ၊ ဝိနေသိ ဥတ္တမေ ဖလေ—

ဟူ၍ ဟောတော်မူပြီ။

နရာသဘော၊ လူတို့ထက် မြတ်တော်မူသော ရေဝတဘုရားရှင်သည်။ သတ္တာဟံ၊ ခုနစ်ရက်။ ပဋိသလ္လာနာ၊ ကိုယ်တော်တည်း ကျိန်းစက်ရာမှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ နရမရူနံ၊ လူနတ်တို့၏။ ကောဋိသတံ၊ ကုဋေတစ်ရာကို။ ဝိနေသိ၊ ဆုံးမတော်မူ၏။ ဥတ္တမေ၊ မြတ်သော။ ဖလေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်စေပြီ။

---

## ရေဝတမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

သုဓညဝတီမြို့ဝယ် ရှေးဦးစွာ ပါတိမောက်ပြရာ၌ မရေတွက်နိုင်သော ဟေဘိက္ခုရဟန္တာတို့ အစည်းအဝေးသည် ဖြစ်၏။ မေခလမြို့၌ ကုဋေတစ်သိန်းသော ရဟန္တာတို့ နှစ်ကြိမ်မြောက် အစည်းအဝေးသည် ဖြစ်၏။ ရေဝတမြတ်စွာဘုရား၏ ဓမ္မစကြာဒေသနာတော်သို့ အစဉ်လိုက်၍ကျင့်သော ဝရုဏအမည်ရှိသော အဂ္ဂသာဝက ပညာရှိသည် ပြင်းပြစွာ နာသောအခါ လူနာမေးအံ့သောငှါ ရောက်လာသော လူအပေါင်းအား အနိစ္စ အစရှိသော လက္ခဏာယာဉ် သုံးပါးတို့၏ အပေါင်းကို ပြသော တရားကို ဟောတော်မူသည် ရှိသော် ကုဋေတစ်သိန်းသောယောကျ်ားတို့ကို ဟေဘိက္ခု ခေါ်တော်

မူ၍ အရဟတ္တဖိုလ်၌ တည်စေပြီးမှ အင်္ဂါလေးပါးရှိသော အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား သုံးကြိမ်မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ ရေဝတဿ မဟေသိနော။
ခီဏာသဝါနံ ဝိမလာနံ၊ သုဝိမုတ္တာန တာဒိနံ။

အတိက္ကန္တာ ဂဏာနပထံ၊ ပဌမံ ယေ သမာဂတာ။
ကောဋိသတသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။

ယောပိ ပညာယ အသမော၊ တဿ စက္ကာနုဝတ္တကော။
သော တဒါ ဗျာဓိတော အာသိ၊ ပတ္တော ဇီဝိတသံသယံ။

တဿ ဂိလာနပုစ္ဆာယ၊ ယေ တဒါ ဥပဂတာ မုနိ။
ကောဋိသတသဟဿာ အရဟန္တော၊
တတိယော အာသိ သမာဂမော—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ မဟေသိနော၊ သီလ စသော ကျေးဇူးကို ရှာမှီးတော်မူပြီးသော။ ရေဝတဿ၊ ရေဝတမြတ်စွာဘုရားအား။ တာဒိနံ၊ သည်းခံခြင်းလည်း ရှိတော်မူကုန်ထသော။ သုဝိမုတ္တာနံ၊ ကောင်းစွာ ကိလေသာမှ လွတ်တော်မူကုန်ပြီးထသော။ ဝိမလာနံ၊ ကိလေသာ တည်းဟူသော အညစ်အကြေးမှလည်း ကင်းဝေး စင်ကြယ်တော်မူကုန် ထသော။ ခီဏာသဝါနံ၊ ရဟန္တာတို့၏။ တယော၊ သုံးပါးကုန်သော။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

ပဌမံ၊ ရှေးဦးစွာ။ ယေ သမာဂတာ၊ အကြင် အစည်းအဝေးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ သမာဂတာ၊ ထိုအစည်းအဝေးတို့သည်။ ဂဏာနပထံ၊ ရေတွက်ခြင်း အကြောင်းကို။ အတိက္ကန္တာ၊ လွန်ကုန်ပြီ။ ကောဋိသတ-သဟဿာနံ၊ ကုဋေတစ်သိန်းသောရဟန်းတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက် သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ယောပိ၊ အကြင်ဝရဇ္ဇ မထေရ်သည်လည်း။ ပညာယ၊ ပညာဖြင့်။ အသမော၊ သာဝကချင်းတွင် အတုမရှိ။ တဿ၊ ထိုရေဝတဘုရားသခင်၏။ စက္ကာနုဝတ္တကော၊ တရားတော်စက်ကို အစဉ်လိုက်၍ ကျင့်တော်မူ၏။ သော

အဂ္ဂသာဝကော၊ ထိုတပည့်မြတ် ဝရုဏမထေရ်သည်။ တဒါ၊ ထိုအခါ၌။ ဗျာဓိတော၊ သည်းထန်စွာ နာသည်။ အသိ၊ ဖြစ်ပြီ။ ဇီဝိတသံသယံ၊ အသက် ကုန်ခြင်းသို့ ရောက်အံ့လော မရောက်အံ့လော တွေးတောသံသယ နှစ်ခွ ဖြစ်ခြင်းသို့။ ပတ္တော၊ ရောက်ပြီ။

· တဒါ၊ ထိုအခါ၌။ တဿ၊ ထိုလက်ယာရံ ဝရုဏ မထေရ်အား။ ဂိလာန- ပုစ္ဆာယ၊ နာသည်ကို မေးအံ့သောငှာ။ ကောဋိသတသဟဿာ၊ ကုဋေ တစ်သိန်းအရေအတွက် ရှိကုန်သော။ အရဟန္တော၊ ရဟန္တာဖြစ်တော်မူကြ ကုန်သော။ ယေ မုနီ၊ အကြင်ရဟန်းတို့သည်။ ဥပဂတာ၊ ကပ်ရောက် စည်းဝေးကြကုန်၏။ တတိယော၊ သုံးခုမြောက်သော။ သမာဂမော၊ အစည်း အဝေးသည်။ အာသိ၊ ဖြစ်၏။

---

## ငါတို့ဘုရားလောင်း ရမ္မဝတီမြို့၌ အတိဒေဝ ပုဏ္ဏားဖြစ်စဉ် ရေဝတမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ ဘုရားလောင်းသည် ရမ္မဝတီမြို့၌ အတိဒေဝပုဏ္ဏားဖြစ်၍ ပုဏ္ဏားတို့အတတ်၌ တစ်ဖက်ကမ်းခပ် တတ်မြောက်သည် ဖြစ်ရကား ရေဝတ မြတ်စွာဘုရားကို ဖူးမြင်လျက် ကြည်ရွှင်သော တရားစကားကို နာရ၍ သရဏဂုံ၌ တည်ပြီးသော် မိမိထင်ပေါ်ကျော်စောသော သတင်းစကားကို မြတ်စွာဘုရားအား ဂါထာတစ်ထောင်ဖြင့် ကြား၍ အဖိုးတစ်ထောင် ထိုက်သော ကိုယ်ဝတ်သင်္ကန်းဖြင့် မြတ်စွာဘုရားအား လှူဒါန်းပူဇော်သော် ထိုရေဝတမြတ်စွာဘုရားသည် ဗျာဒိတ်စကား ကြားတော်မူ၏ "ဤပုဏ္ဏား ကား ကမ္ဘာတစ်သိန်း အလွန်ရှိသော နှစ်သင်္ချေတို့၏ အထက် ဘဒ္ဒကမ္ဘာ၌ ဂေါတမအမည်ရှိသော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား ကြားတော် မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ အတိဒေဝေါ နာမ ဗြာဟ္မဏော။
ဥပဂန္တွာ ရေဝတံ ဗုဒ္ဓံ၊ သရဏံ တဿ ဂစ္ဆဟံ။

တဿ သီလံ သမာဓိံ စ၊ ပညာဂုဏမနုတ္တမံ။
ထောမယိတွာ ယထာ ထာမံ၊ ဥတ္တရိယမဒါသဟံ။

သောပိ မံ ဗုဒ္ဓေါ ဗျာကာသိ၊ ရေဝတော လောကနာယကော။
အပရိမေယျိတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ မောစေဿာမ သမ္ဗုဒ္ဓါ ဣမန္တိ။

[အဋ္ဌ ဂါထာ ဝိတ္ထာရေတဗ္ဗာ။]

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ။

တဒါပိ တံ ဗုဒ္ဓဓမ္မံ၊ သရိတွာ အနုဗြူဟယိံ။
အာဟရိဿာမိ တံ ဓမ္မံ၊ ယံ မယှံ အဘိပတ္ထိတံ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ တေန သမယေန၊ ထိုရေဝတဘုရားသခင် လက်ထက်တော်၌။ အတိဒေဝေါ နာမ၊ အတိဒေဝ အမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဟုတွာ၊ ဖြစ်၍။ ရေဝတံ၊ ရေဝတအမည်တော်ရှိသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားသို့။ ဥပဂန္တွာ၊ ကပ်၍။ အဟံ၊ ငါသည်။ တဿ၊ ထိုရေဝတဘုရားကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ အဂဉ္ဆိံ၊ ရောက်ပြီ။

တဿ၊ ထိုရေဝတဘုရားသခင်၏။ အနုတ္တမံ၊ အထူးသဖြင့် ချီးမွမ်းအပ်သော။ ဝါ၊ အမြတ်ဆုံးဖြစ်သော။ သီလဉ္စ၊ သီလကိုလည်းကောင်း။ သမာဓိဉ္စ၊ သမာဓိကိုလည်းကောင်း။ ပညာဂုဏဉ္စ၊ ပညာဂုဏ်ကို လည်းကောင်း။ ထောမယိတွာ၊ ချီးမွမ်း၍။ အဟံ၊ ငါသည်။ ယထာထာမံ၊ အစွမ်းနှင့် လျော်စွာ။ ဥတ္တရိယံ၊ စုလျားပုဆိုးကို (ကိုယ်ဝတ်သင်္ကန်းကိုလည်းဟူ)။ အဒါသိံ၊ လှူပြီ။

လောကနာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်ထသော။ ရေဝတော၊ ရေဝတအမည်တော်ရှိထသော။ သောပိ ဗုဒ္ဓေါ၊ ထိုဘုရားသည်လည်း။ မံ၊ ငါ့ကို။ အယံ၊ ဤပုဏ္ဏားသည်။ ဣတော၊ ဤကမ္ဘာမှ။ အပရိမေယျေ၊ အတိုင်းမသိသော။ ကပ္ပေ၊ ကပ်၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ် ကြားတော်မူ၏ ။လ။

တဿာပိ၊ ထိုဘုရား၏လည်း။ ဝစနံ၊ စကားတော်ကို။ သုတွာ၊ ကြား၍။ ဘိယျော၊ အလွန်။ စိတ္တံ၊ စိတ်ကို။ ပသာဒယိ°၊ ကြည်လင်စေပြီ။ ဥတ္တရိ°၊ အလွန်လျှင်။ ဝတံ၊ အကျင့်ကို။ အမိဋ္ဌာသိ°၊ ဆောက်တည်ပြီ။ ဒသပါရမီ၊ ဆယ်ပါးသော ပါရမီတို့ကို။ ပူရယာ၊ ဖြည့်ပြီ။

တဒါပိ၊ ထိုအခါ၌လည်း။ တံ ဗုဒ္ဓမမ္ပံ၊ ထိုဘုရားအဖြစ်ကို ပြုတတ်သော ပါရမီဆယ်ပါးတရား အပေါင်းကို။ သရိတ္တာ၊ အောက်မေ့၍။ အနုမြူဟယိ°၊ ပွားစေပြီ။ မယှံ-မယာ၊ ငါသည်။ ယံ ဓမ္မံ၊ အကြင်သဗ္ဗညုတဉာဏ်ကို။ အဘိပတ္ထိတံ၊ တောင့်တအပ်၏။ တံ ဓမ္မံ၊ ထိုသဗ္ဗညုတဉာဏ်ကို။ အာဟရိဿာမိ၊ ဆောင်တော့အံ့။ ဣတိ၊ ဤသို့။ ပဒဟိ°၊ အားထုတ်ပြီ။

---

## ရေဝတမြတ်စွာဘုရား၏ နေပြည်တော်, မယ်တော်, ခမည်းတော် စသည်တို့ကို ပြခြင်း

ထိုရေဝတ မြတ်စွာဘုရား၏ နေပြည်တော်ကား သုဓညဝတီ မည်၏။ ဝိပုလမည်သော မင်းကား ခမည်းတော်တည်း။ ဝိပုလာမည်သော မိဖုရားကား မယ်တော်တည်း။ ဝရုဏနှင့် ဗြဟ္မဒေဝ နှစ်ယောက်တို့ကား လက်ယာရံ လက်ဝဲရံ တပည့်မြတ် အစုံတို့တည်း။ အလုပ်အကျွေးကား သမ္ဘဝမည်၏။ ဘဒ္ဒါနှင့် သုဘဒ္ဒါတို့ကား တပည့်မိန်းမမြတ်အစုံတို့တည်း။ ပွင့်ရာ ဗောဓိကား ကံ့ကော်ပင်တည်း။ ကိုယ်တော်အရပ်ကား အတောင်ရှစ်ဆယ်မြင့်၏၊ အသက်တော်ကား အနှစ်ခြောက်သောင်းတည်း။ မိဖုရားကြီးကား သုဒဿနာ မည်၏။ သားတော်ကား ဝရုဏမည်၏။ အာဇာနည်မြင်းကသော ရထားဖြင့် တောထွက်တော်မူ၏။ ထိုရေဝတ မြတ်စွာဘုရား၏ ရောင်ခြည်တော်ကား နေ့၌လည်းကောင်း, ညဉ့်၌လည်းကောင်း အမြဲ တစ်ယူဇနာ နှံ့၍ တည်၏။ အလုံးစုံသော သတ္တဝါကို လွန်စွာ သနားတော်မူတတ်သော ထိုရေဝတ မြတ်စွာဘုရားသည် "ငါ၏ ခံတတ်တော်တို့ကား တလုံးတခဲတည်း မတည်မူ၍ ဖရိုဖရဲ ကွဲစေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၏။ လူနတ်တို့ အပူဇော်ကို ခံတော်မူထိုက်သော ရေဝတမြတ်စွာဘုရားသည် မဟာပတိမည်သော မြို့ မဟာနာဂဥယျာဉ်၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ထို့ကြောင့် —

တဿ ဒေဟာဘိနိက္ခန္တံ၊ ပဘာဇာလမနုတ္တရံ။
ဒိဝါ စေဝ တဒါ ရတ္တိံ၊ နိစ္စံ ဖရတိ ယောဇနံ။
ဓာတုယော မမ သဗ္ဗာပိ၊ ဝိကိရန္တူတိ သော ဇိနော။
အဓိဋ္ဌာသိ မဟာဝီရော၊ သဗ္ဗသတ္တာနုကမ္ပကော။
မဟာနာဂဝနုယျာနေ[၁]၊ မဟာတော နဂရဿ သော။
ပူဇိတော နရမရူဟိ၊ ပရိနိဗ္ဗာယိ ရေဝတော။
နဂရံ သုဓညဝတီ နာမ၊ ဝိပုလော နာမ ခတ္တိယော။
ဝိပုလာ နာမ ဇနိကာ၊ ရေဝတဿ မဟေသိနော။
ဝရုဏော ဗြဟ္မဒေဝေါ စ၊ အဟေသုံ အဂ္ဂသာဝကာ။
သမ္ဘဝေါ နာမုပဋ္ဌာကော၊ ရေဝတဿ မဟေသိနော။
ဘဒ္ဒါ စေဝ သုဘဒ္ဒါ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
သောပိ ဗုဒ္ဓေါ အသမသမော၊ နာဂမူလေ အဗုဇ္ဈထ။
ဥစ္စတ္တနေန သော ဗုဒ္ဓေါ၊ အသီတိဟတ္ထမုဂ္ဂတော။
ဩဘာသေတိ ဒိသာ သဗ္ဗာ၊ ဣန္ဒကေတုဝ ဥဂ္ဂတော။
တဿ သရီရေ နိဗ္ဗတ္တာ၊ ပဘာမာလာ အနုတ္တရာ။
ဒိဝါ ဝါ ယဒိ ဝါ ရတ္တိံ၊ သမန္တာ ဖရတိ ယောဇနံ။
သဋ္ဌိဝဿသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။
ဒဿယိတွာ ဗုဒ္ဓဗလံ၊ အမတံ လောကေ ပကာသယံ။
နိဗ္ဗာယိ အနုပါဒါနော၊ ယထဂ္ဂုပါဒါနသင်္ခယာ။
သော စ ကာယော ရတနနိဘော၊ သော စ ဓမ္မော အသာဒိသော။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

တဿ၊ ထိုရေဝတ ဘုရား၏။ တဒါ၊ ထိုအခါ၌။ ဒေဟာ၊ ကိုယ်တော်မှ။ အဘိနိက္ခန္တံ၊ ထွက်သော။ အနုတ္တရံ၊ အတုမရှိသော။ ပဘာဇာလံ၊ အရောင်တည်းဟူသော ကွန်ရက်သည်။ ဒိဝါ စေဝ၊ နေ့၌လည်းကောင်း။ ရတ္တိံ စ၊ ညဉ့်၌လည်းကောင်း။ နိစ္စံ၊ အမြဲ။ ယောဇနံ၊ တစ်ယူဇနာတိုင်တိုင်။ ဖရတိ၊ နှံ့၏။

၁။ မဟာသာရေပနုယျာနေ။ သီဟိုဠ်မူ။ မဟာသရဥယျာဉ်ဟု အနက်ပေး။

သဗ္ဗသတ္တာနုကမ္ပကော၊ အလုံးစုံသော သတ္တဝါကို လွန်စွာ သနားတော်မူတတ်ထသော။ မဟာဝီရော၊ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ သော ဇိနော၊ ထို ရေဝတဘုရားသည်။ မမ၊ ငါ၏။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဓာတုယော စ၊ ဓာတ်တော်တို့သည်လည်း။ ဝိကိရန္တု၊ ဖရိုဖရဲ ကြဲစေကုန်သတည်း။

နရမရူဟိ၊ နတ်လူတို့သည်။ ပူဇိတော၊ ပူဇော်အပ်သော။ ရေဝတော၊ ရေဝတ အမည်တော်ရှိသော။ သော ဇိနော၊ ထိုဘုရားမြတ်သည်။ မဟာတော နဂရဿ၊ ကြီးစွာသောမြို့၏။ မဟာနာဂဝနုယျာနေ၊ မဟာနာဂဝန်ဥယျာဉ်၌။ ဝါ၊ ကံ့ကော်ဥယျာဉ်ကြီး၌။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်စံတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရ။ မဟေသိနော၊ သီလ စသော ကျေးဇူးကိုရှာမှီးတော်မူသော။ ရေဝတဿ၊ ရေဝတဘုရားမြတ်စွာ၏။ နဂရံ၊ ပြည်တော်သည်။ သုဓညဝတီ နာမ၊ သုဓညဝတီ အမည်ရှိ၏။ ခတ္တိယော၊ ခမည်းတော်မင်းသည်။ ဝိပုလော နာမ၊ ဝိပုလမည်၏။ ဇနိကာ၊ အမိဖြစ်သော မယ်တော်သည်။ ဝိပုလာ နာမ၊ ဝိပုလာအမည်ရှိ၏။

ဝရုဏော စ၊ ဝရုဏလည်းကောင်း။ ဗြဟ္မဒေဝေါ စ၊ ဗြဟ္မဒေဝ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ မဟေသိနော၊ သီလစသော ကျေးဇူးကို ရှာမှီးတော်မူပြီးသော။ ရေဝတဿ၊ ရေဝတမြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးတော်သည်။ သမ္ဘဝေါ နာမ၊ သမ္ဘဝ အမည်ရှိ၏။

ဘဒ္ဒါ စေဝ၊ ဘဒ္ဒါလည်းကောင်း။ သုဘဒ္ဒါ စ၊ သုဘဒ္ဒါလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ အသမသမော၊ အတုမရှိသော ဘုရားချင်းသာ တူတော်မူသော။ သောပိ ဗုဒ္ဓေါ၊ ထိုရေဝတ ဘုရားမြတ်သည်လည်း။ နာဂမူလေ၊ ကံ့ကော်ပင်ရင်း၌။ အဗုဇ္ဈထ၊ သစ္စာလေးပါးတရားအပေါင်းကို မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူပြီ။

သော ဗုဒ္ဓေါ၊ ထိုရေဝတ မြတ်စွာဘုရားသည်။ ဥစ္စတရေန၊ အလွန်မြင့်တော်မူသဖြင့်။ အသီတိဟတ္ထမုဂ္ဂတော၊ အတောင်ရှစ်ဆယ် မြင့်တော်မူ၏။ သဗ္ဗာ ဒိသာ၊ ခပ်သိမ်းသော အရပ်မျက်နှာတို့ကို။ ဩဘာသေတိ၊

ထွန်းတောက်ပတော်မူ၏။ ဣန္ဒကေတုဝ၊ သိကြားမင်း၏ မှန်ကင်းကဲ့သို့။ ဥဂ္ဂတော၊ ကျော်စော ထင်ရှားတော်မူ၏။

တဿ၊ ထိုရေဝတ ဘုရား၏။ သရီရေ၊ ကိုယ်၌။ နိဗ္ဗတ္တာ၊ ဖြစ်သော။ အနုတ္တရာ၊ အတုမရှိ မြတ်သော။ ပဘာမာလာ၊ အရောင် တည်းဟူသော ပန်းသည်။ တနည်းကား။ ရောင်ခြည်တော်ဖြစ်သော အစဉ်သည်။ ဒိဝါ ဝါ၊ နေ့၌လည်းကောင်း။ ယဒိ၊ ထိုမြို့။ ရတ္တိံ ဝါ၊ ညဉ့်၌လည်းကောင်း။ သမန္တာ၊ ထက်ဝန်းကျင်သော အရပ်မှ။ ယောဇနံ၊ တစ်ယူဇနာတိုင်တိုင်။ ဖရတိ၊ နှံ၏။

တာဝဒေ၊ ထိုရေဝတဘုရား ပွင့်တော်မူသော အခါ၌။ သဗ္ဗိဝဿ-သဟဿာနိ၊ အနှစ်ခြောက်သောင်းတို့ပတ်လုံး။ အာယု၊ အသက်တမ်းသည်။ ဝိဇ္ဇတိ၊ ထင်ရှားရှိ၏။ တာဝတာ၊ ထိုထိုပမာဏဖြင့်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော၊ ထိုမြတ်စွာဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ သံသာရသောတတော၊ သံသရာတည်းဟူသောရေအလျဉ်မှ။ ဥဒ္ဓရိတွာ၊ ထုတ်နုတ်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်သို့။ တာရေသိ၊ ကယ်တင်တော်မူပြီ။

ဗုဒ္ဓဗလံ၊ ဘုရားသခင်တို့၏ အားအစွမ်းတော်ကို။ ဒဿယိတွာ၊ ပြတော်မူ၍။ လောကေ၊ လောကသုံးပါး၌။ ဝါ၊ သံသရာတည်းဟူသော ရေအလျဉ်၌။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ ပကာသယံ-ပကာသယန္တော၊ ပြတော်မူလျက်။ ဥပါဒါနသင်္ခယာ၊ မီးစာကုန်ခြင်းသို့ ရောက်သော။ အဂ္ဂိ ယထာ၊ မီးကဲ့သို့။ အနုပါဒါနော၊ ကမ္မဇရုပ် အကြွင်းမရှိသောအားဖြင့်။ နိဗ္ဗာယိ၊ ငြိမ်းပြီ။

ရတနနိဘော၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိတော်မူသော။ သော စ ကာယော၊ ထိုဘုရားသခင်၏ ကိုယ်တော်သည်လည်းကောင်း။ အသဒိသော၊ အတုမရှိသော။ သော ဓမ္မော၊ ထိုသဗ္ဗညုတဉာဏ်တရားသည်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ တမန္တရဟိတံ၊ ကွယ်ခဲ့ပြီ။ သဗ္ဗသင်္ခါရာ၊ ခပ်သိမ်းသော သင်္ခါရတို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဧဝ၊ အချည်းနှီးတို့သာ လျှင်တည်း။

ဤတွင်ရွှေကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ငါးခုမြောက်သော
ရေဝတမြတ်စွာဘုရားအကြောင်းကား ပြီးပြီ။

# ၈-သောဘိတ ဗုဒ္ဓဝံသ

## သောဘိတမြတ်စွာဘုရားအကြောင်းကို ပြခြင်း

ထိုရေဝတ မြတ်စွာဘုရား နောက်အဖို့၌ သာသနာ ကွယ်ခဲ့သည်ရှိသော် သောဘိတ ဘုရားလောင်းသည် ကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော လေးအသင်္ချေတို့ပတ်လုံး ပါရမီကို ဖြည့်တော်မူ၍ တုသိတာ နတ်ပြည်၌ ဖြစ်၍ ထိုတုသိတာနတ်ပြည်၌ နတ်တို့အသက်အတိုင်း တည်နေပြီးမှ နတ်တို့ တောင်းပန်အပ်သည် ရှိသော် ဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ စုတေခဲ့၍ သုဓမ္မမြို့ သုဓမ္မမင်း၏ သုဓမ္မာမည်သော မိဖုရားဝမ်း၌ စွဲလမ်း သန္ဓေနေတော်မူ၏။ ဆယ်လလွန်သဖြင့် သုဓမ္မဥယျာဉ်တော်၌ အမိဝမ်းမှ လပြည့်ဝန်းသည် စင်ကြယ်သော တိမ်တိုက်မှ ထွက်သကဲ့သို့ ဖွားမြင်တော်မူ၏။ [ထိုဘုရားလောင်း ပဋိသန္ဓေနေသောအခါ၌လည်းကောင်း, ဖွားသော အခါ၌လည်းကောင်း တန်ခိုးပြာဋိဟာတို့ကို ရှေ့ဘုရားတို့၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာ သိအပ်၏]။

ထိုဘုရားလောင်းသည် အနှစ်တစ်သောင်းတို့ပတ်လုံး ရွှေနန်း ရွှေအိမ်၌ စံနေတော်မူ၍ ခုနစ်သောင်းကုန်သော မောင်းမတို့တွင် မခိလ မည်သော မိဖုရားကြီးဝမ်း၌ သီဟကုမာရမည်သော သားတော်ကို ဖွားမြင်လတ်သော် လေးပါးကုန်သော နိမိတ်တို့ကို မြင်တော်မူ၍ ကောင်းစွာဖြစ်သောထိတ်လန့် ခြင်း သံဝေဂရှိရကား စံစားတော်မူသော ပြာသာဒ်၌ပင် ရဟန်းပြုတော်မူ၍ ထိုပြာသာဒ်၌ပင်လျှင် အာနပါနဿတိသမာဓိကို ပွားစေ၍ လေးပါးသော ဈာန်တို့ကို ရလျှင် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ မခိလ မိဖုရားသည် လှူအပ်သော ကောင်းမြတ်ချိုမြိန်သော နို့ဃနာကို ဘုဉ်းပေး တော်မူ၍ တောထွက်အံ့သောငှါ စိတ်ကို ဖြစ်စေ၏။

ထိုအခါ ဘုရားလောင်းသည် "ဤပြာသာဒ်ကား တန်ဆာဆင်ခြင်းနှင့် စပ်သည် ဖြစ်၍ လူအပေါင်းမြင်စဉ် ကောင်းကင်ဖြင့် သွား၍ ဗောဓိပင်ကို အလယ်ပြုလျက် မြေ၌ တည်စေသတည်း"ဟူ၍ လည်းကောင်း, "ဤမိဖုရား စသော မောင်းမတို့သည်လည်း ငါသည် ဗောဓိပင်အနီး၌ နေသည်ရှိသော် ငါ့မဆိုဘဲ မိမိတို့ အလိုလိုပင်လျှင် ပြာသာဒ်မှ ထွက်စေကုန်သတည်း" ဟူ၍ လည်းကောင်း အဓိဋ္ဌာန်တော်မူ၏။

ထိုသို့အဓိဋ္ဌာန်စိတ်ကြံသည်နှင့်တပြိုင်နက် သုဓမ္မမင်း၏ရွှေနန်းတော်သည် မိမိတည်ရာမှ မည်းနက်သော မျက်စဉ်းညိုနှင့် တူသော ကောင်းကင်သို့ ပျံတက်လေ၏။ ကောင်းသော အနံ့ရှိသောပန်းတို့ဖြင့် တန်ဆာဆင်အပ်သော ထိုပြာသာဒ်အပြင်သည် အလုံးစုံသော ကောင်းကင်ပြင်ကို တန်ဆာဆင် သကဲ့သို့ လည်းကောင်း, ရွှေနီဖလံဖြင့် သွန်းလောင်းအပ်သော အရေနှင့် တူသော ပြိုးပြိုးပြက် အရောင်ရှိသော နေမင်းကဲ့သို့ လည်းကောင်း, တန်ဆောင်မုန်းလအခါ တပ်မက်ဖွယ်သော အရောင်ရှိသော လမင်းကဲ့သို့ လည်းကောင်း, တွန်းလင်းတန်ဆောင် ပြောင်ပြောင် တောက်ပလျက် တွဲရရွဲ ဆွဲအပ်သော ဆန်းကြယ်သော ရွှေခြူကွန်ရက်လည်း ရှိ၏။ လေညှင်း တိုက်ခတ်သဖြင့် သာယာစွာသော အသံရှိသည် ဖြစ်၍ အလွန်လိမ္မာသော သူတို့ တီးမှုတ်အပ်သော ငါးပါးသော အင်္ဂါရှိသော တူရိယာကဲ့သို့သော အသံသည် သာယာဖွယ် နှလုံး ရွှင်ဖွယ်လည်း ရှိ၏။ အဝေးမှ စ၍ ကြားရသော သာယာစွာသော အသံဖြင့် သတ္တဝါတို့ နားထောင်ကုန်လျက် အိမ်ခရီး သမ်းဆုံ စသည်တို့၌ လူအပေါင်းတို့ ရပ်တန့်ကာ ပြောဆိုကြကုန်စဉ် နိမ့်လည်း မနိမ့်လွန်း မြင့်လည်း မမြင့်လွန်းဘဲ သစ်ပင်ထိပ်ဖျားနှင့် မနီး မဝေးသော ကောင်းကင်ဖြင့် ဖြားယောင်းဘိသကဲ့သို့ လည်းကောင်း, အထူးထူးသော ရတနာတို့ အရောင်ထွက်သဖြင့် တောက်ပသောအဆင်းဖြင့် လူတို့ မျက်စိကို ဆွဲငင်ဘိသကဲ့သို့ လည်းကောင်း, ကောင်းမှုအာနုဘော် ကြွေးကြော်ဘိသကဲ့သို့ လည်းကောင်း ကောင်းကင်ခရီးသို့ သွားလေ၏။

ထိုပြာသာဒ်၌ ကချေသည် မိန်းမတို့သည်လည်း အင်္ဂါငါးပါးရှိသော မြတ်သောတူရိယာ၏ သာယာစွာသော အသံဖြင့် သီချင်းလည်း သီကြကုန်၏။ သာယာစွာလည်း မြွက်ဆိုကြကုန်၏။ အထူးထူးသော တန်ဆာတို့ဖြင့် ကိုယ်၌ ဆင်အပ်သောတန်ဆာရောင် တောက်ပသော ကောင်းသော အနံ့ရှိသော ပန်းအဝတ်တန်ဆာ လှပတင့်တယ်သော နတ်စစ်သည်တို့ကဲ့သို့ လွန်မြတ်သော အရောင်ဖြင့် ရှုဖွယ်ဘနန်းရှိသော စစ်သည်တို့သည်လည်း မြေပြင်၌ကဲ့သို့ ကောင်းကင်ဖြင့် ပြာသာဒ်ကို ခြံရံ၍ သွားလေ၏။

ထို့နောက်မှ ပြာသာဒ်သည် သွား၍ အတောင်ရှစ်ဆယ် အစောက်ရှိသော ဖြောင့်ဖြောင့်တင့်ဆုံး လုံးသော ပင်စည် ပန်းရွက်နှင့်အဖူးတို့ဖြင့် အထူး တန်ဆာဆင်အပ်သော ကံ့ကော်ဗောဓိကို အလယ်ပြုလျက် မြေသို့ သက်၍



ယသ



သား ဘုရားနှင့်တွေ့ပုံ

တည်လေ၏။ များသောကျေးဇူးတို့ဖြင့် တင့်တယ်သော ယောကျ်ားမြတ်သည် များစွာသော လူအပေါင်း ခြံရံလျက်ပင်လျှင် ညဉ့်သုံးယာမ်တို့၌ သုံးပါးသော ဝိဇ္ဇာကို ဖြစ်စေ၏။ ထိုသောဘိတဘုရားလောင်းအား မာရ်စစ်သည်ဗိုလ်ပါတို့ ဓမ္မတာ၏ အစွမ်းအားဖြင့် လာမြဲတိုင်း လာ၍ ပြန်သွားကြလေ၏။ ပြာသာဒ်သည်ကား ထိုရွှေ တည်မြဲတိုင်း အရပ်၌ပင်လျှင် တည်လေ၏။

---

## သောဘိတမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

သောဘိတဘုရားလောင်းသည်လည်း သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူ၍ "အနေကဇာတိသံသာရံ။ လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဥဒါန်းစကားကို ကျူးရင့်တော်မူလျက် ဗောဓိပင်အနီး၌ သတ္တသတ္တာဟ စံနေတော်မူရာမှ လွန်စေလျှင် ပြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ "ငါကား အဘယ်သူအား တရားရှေးဦးစွာ ဟောရပါအံ့နည်း" ဟု ဗုဒ္ဓစက္ခုဖြင့် ကြည့်တော်မူသည် ရှိသော် ကိုယ်တော်၏ မိထွေးသား ညီငယ်ဖြစ်သော အသမမင်းသားနှင့် သုနေတ္တမင်းသားတို့ကား ဥပနိဿယနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ "နက်နဲ သိမ်မွေ့သော တရားကို ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်ကုန်အံ့။ ယခု ငါသည် ဤသူတို့အား တရားဟောအံ့" ဟု ကောင်းကင်ဖြင့် လာလတ်၍ သုဓမ္မ ဥယျာဉ်၌ သက်တော်မူ၍ နှစ်ယောက်သော သတို့သားတို့ကို ဥယျာဉ်စောင့်ကို ခေါ်စေ၍ အခြံအရံနှင့်တကွ လူများအလယ် တင့်တယ်လျောက်ပတ် ဓမ္မစကြာ တရားမြတ်ကို လက်ထပ် ဟောကြားတော်မူ၏။ ထို့ကြောင့်—

ရေဝတဿ အပရေန၊ သောဘိတော လောကနာယကော။
သမာဟိတော သန္တစိတ္တော၊ အသမော အပ္ပဋိပုဂ္ဂလော။

သော ဇိနော သကဂေဟမှိ၊ မာနသံ ဝိနိဝတ္တယိ။
ပတွာန ကေဝလံ ဗောဓိံ၊ ဓမ္မစက္ကံ ပဝတ္တယိ။

ယာဝ ဟေဋ္ဌာ အဝီစိတော၊ ဘဝဂ္ဂါ စာပိ ဥဒ္ဓတော။
ဧတ္ထန္တရေ ဧကပရိသာ၊ အဟောသိ ဓမ္မဒေသနေ။

တာယ ပရိသာယ သမ္မုဒ္ဒေါ ဓမ္မစက္ကံ ပဝတ္တယိ။
ဂဏနာယ န ဝတ္တဗ္ဗော၊ ပဌမာဘိသမယော အဟု–

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ရေဝတဿ၊ ရေဝတဘုရား၏။ အပရေန၊ နောက်အဖို့၌။ လောကနာယကော၊ လူနတ်တို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်ထသော။ သမာဟိတော၊ တည်ကြည်သော သမာဓိရှိတော်မူထသော။ သန္တစိတ္တော၊ ကိလေသာ ငြိမ်းသော စိတ်လည်း ရှိတော်မူထသော။ အသမော၊ အတုပည်း မရှိထသော။ အပ္ပဋိပုဂ္ဂလော၊ တုဖက်ကင်းသော ပုဂ္ဂိုလ်မြတ်လည်း ဖြစ်ထသော။ သောဘိတော၊ သောဘိတဘုရားရှင်သည်။ လောကေ၊ လောက၌။ ဥဒပါဒိ၊ ထင်ရှား ပွင့်တော်မူပြီ။

သော ဇိနော၊ ထိုမြတ်စွာဘုရားသည်။ သကဂေဟမှိ၊ မိမိစံနေရာ နန်းပြာသာဒ်၌။ မာနသံ၊ စိတ်ကို။ ဝိနိဝတ္တယိ၊ လည်စေပြီး။ ကေဝလံ၊ စင်စစ်။ ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပတ္တာန၊ ရောက်၍။ ဓမ္မစက္ကံ၊ ဓမ္မစကြာဒေသနာတော်ကို။ ပဝတ္တယိ၊ ဟောတော်မူပြီ။

ဥဒ္ဓတော၊ အထက်၌။ ယာဝ ဘဝဂ္ဂါ စာပိ၊ အကနိဋ္ဌဘုံ တိုင်အောင်လည်းကောင်း။ ဟေဋ္ဌာ၊ အောက်မှ။ ယာဝ အဝီစိတော၊ အဝီစိ တိုင်အောင်လည်းကောင်း။ ဧတ္ထန္တရေ၊ ဤအတွင်း၌။ ဓမ္မဒေသနေ၊ ဓမ္မစကြာ တရားကို ဟောတော်မူရာ၌။ ဧကပရိသာ၊ တခဲနက်သော ပရိသတ်သည်။ အဟောသိ၊ ဖြစ်ပြီ။

တာယ ပရိသာယ၊ ထိုပရိသတ်၏။ မဇ္ဈေ၊ အလယ်၌။ သမ္မုဒ္ဒေါ၊ သောဘိတဘုရားသခင်သည်။ ဓမ္မစက္ကံ၊ ဓမ္မစကြာ ဒေသနာတော်ကို။ ပဝတ္တယိ၊ ဟောတော်မူပြီ။ ပရိသာယ၊ ပရိသတ်၏။ ဂဏနာယ၊ အရေအတွက်ဖြင့်။ န ဝတ္တဗ္ဗော၊ မဆိုအပ်သော။ ပဌမာဘိသမယော၊ ရှေးဦးစွာ သစ္စာလေးပါးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ထိုပဌမ အစည်းအဝေးမှ နောက်အဖို့ အခါတပါး၌ သုဒဿန မြို့ကြီး၏ တံခါး ဆန်းကြယ်သော သခွတ်ပင်ကြီး အနီး၌ အစုံစုံသော တန်ခိုး ပြာဋိဟာတို့ကို ပြတော်မူ၍ အသစ်ဖြစ်သော ရွှေငွေပတ္တမြားတို့ဖြင့် ပြီးသော ဗိမာန်ရှိသော တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏ အနီး ပဏ္ဍု

ကမ္ဗလာ ကျောက်နေရာအပြင်၌ နေတော်မူ၍ အဘိဓမ္မာတရားကိုဟောကြား တော်မူ၏။ ဒေသနာတော်၏ အဆုံး၌ ကုဋေ ကိုးသောင်းကုန်သော နတ်ပြဟ္မာတို့ တရားအရသာကို သောက်ကြရကုန်၏။ ဤသည်ကား နှစ်ကြိမ် မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

တတော ပရမ္ပိ ဒေသေန္တေ၊ မရူနဥ္စ သမာဂမေ။
နဝုတိကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

တတော၊ ထိုပဌမအစည်းအဝေးမှ။ ပရမ္ပိ၊ နောက်ကာလ၌လည်း။ မရူနဥ္စ၊ နတ်တို့၏လည်း။ သမာဂမေ၊ အစည်းအဝေး၌။ ဓမ္မေ၊ အဘိဓမ္မာ တရားကို။ ဒေသေန္တေ၊ ဟောတော်မူသည်ရှိသော်။ နဝုတိကောဋိသဟဿာနံ၊ ကုဋေ ကိုးသောင်းကုန်သော သူတို့အား။ ဒုတိယာဘိသမယော၊ နှစ်ကြိမ် မြောက် သစ္စာလေးပါးတရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ထိုဒုတိယ အစည်းအဝေးမှ နောက်အဖို့၌လည်း သုဒဿနမြို့၌ ဇယ သေနမည်သော မင်းသားသည် တစ်ယူဇနာ ပမာဏရှိသော ကျောင်းကို ဆောက်လုပ်စေ၍ ပန်းသုံးပင် မဟာလှေကားပင် စကားပင် ကံ့ကော်ပင် ပုန်းညက်ပင် ခရေပင် ကောင်းသော အနံ့ရှိသော ပိန္နဲပင် ပိတောက်ပင် အင်ကြင်းပင် ဖောက်ကြံ့ပင် သင်းခွေပင် ကုလားဇလပ်စသော သစ်ပင် မြတ်တို့ဖြင့် တစပ်တည်း အခြားမရှိသော အရံကို စိုက်စေ၍ ဘုရားအမှူး ရှိသော ရဟန်းသံဃာအား ဆောင်နှင်း၏။ ဒါနအနုမောဒနာပြုသော အခါ၌ ယာဂုပူဇော်ခြင်းကို ချီးမွမ်း၍ မြတ်စွာဘုရားတရားဟောတော်မူ၏။ ထိုအခါ ကုဋေ တစ်သိန်းသော သတ္တဝါတို့ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိကုန်၏။ ထို့ကြောင့်—

ပုနာပရံ ရာဇပုတ္တော၊ ဇယသေနော နာမ ခတ္တိယော။
အာရာမံ ရောပယိတွာန၊ ဗုဒ္ဓေ နိယျာတယီ တဒါ—

ဟူ၍ ဟောတော်မူပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးတုံ။ ခတ္တိယော၊ ရေမြေကို အစိုးရသော။ ဇယသေနော နာမ၊ ဇယသေန အမည်တော် ရှိသော။ ရာဇပုတ္တော၊

**မင်းသားသည်**။ အာရာမံ၊ အရံကို။ ရောပယိတွာန၊ စိုက်ပျိုး၍။ တဒါ၊ ထိုအခါ၌။ ဗုဒ္ဓေါ၊ ဘုရား၌။ နိယျာတယိ၊ ဆောင်နှင်းပြီ။

စကျွငါးပါးနှင့် ပြည့်စုံတော်မူသော သောဘိတ မြတ်စွာဘုရားသည် ထိုမင်းသား၏ ပူဇော်ခြင်းကို ချီးမွမ်း၍ တရားဟောတော်မူ၏။ ထိုအခါ ကုဋေ တစ်သိန်းသော သတ္တဝါတို့ သစ္စာလေးပါးတရားကို သိကုန်၏။ ဤသည်ကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။

---

## သောဘိတမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ဥဂ္ဂတ မည်သော မင်းသည် သုနန္ဒ မည်သော မြို့၌ သုနန္ဒ မည်သော ကျောင်းကို ဆောက်လုပ်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား လှူ၏။ ထိုအလှူပေးရာ၌ ဟေဘိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုကုန်သော ကုဋေတစ်ရာသော ရဟန္တာတို့ စည်းဝေးသည်ရှိသော် ထိုရဟန်းတို့၏အလယ် သောဘိတ အမည်တော် ရှိသော မြတ်စွာဘုရားသည် ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား ရှေးဦးစွာသော အစည်းအဝေးတည်း။

တဖန်လည်း မေခလမြို့၌ ဓမ္မဂဏမည်သောသူသည် ဂဏာရာမမည်သော ကျောင်းကြီးကို ဆောက်လုပ်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား လှူ၍ အလုံးစုံသောပရိက္ခရာတို့နှင့်တကွ အလှူကိုပေး၏။ ထိုအစည်းအဝေး၌ ဟေဘိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုကြကုန်သော သူတို့ကား ကုဋေကိုးဆယ် ရှိကုန်၏။ ထိုအစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက်သော အစည်းအဝေးတည်း။

အကြင်အခါ မြတ်စွာဘုရားသည် မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်း၏ နေရာ တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူ၍ ပဝါရဏာ ပြုခြင်းငှါ တာဝတိံသာ မြတ်လှစွာသော နတ်ပြည်မှ သက်ခဲ့၏။ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန်းတို့နှင့်တကွ အင်္ဂါလေးပါးရှိသော အစည်း အဝေး၌ ပဝါရဏာ ပြုတော်မူ၏။ ဤသည်ကား သုံးကြိမ်မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

**သန္နိပါတာ တယော အာသုံ၊ သောဘိတဿ မဟေသိနော။**
**ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။**

ဥဂ္ဂတော နာမ သော ရာဇာ၊ ဒါနံ ဒေတိ နရုတ္တမေ။
တမှိ ဒါနေ သမာဂစ္ဆုံ၊ အရဟန္တာ သတကောဋိယော။
ပုနာပရံ ပုရဂဏော၊ ဒေတိ ဒါနံ နရုတ္တမေ။
တဒါ နဝုတိကောဋီနံ၊ ဒုတိယော အာသိ သမာဂမော။
ဒေဝလောကေ ဝသိတွာန၊ ယဒါ ဩရောဟတီ ဇိနော။
တဒါ အသီတိကောဋီနံ၊ တတိယော အာသိ သမာဂမော—

ဟူ၍ ဟောတော်မူပြီ။

မဟေသိနော၊ သီလစသောကျေးဇူးကို ရှာမှီးပြီးသော။ သောဘိတဿ၊ သောဘိတဘုရားသခင်အား။ တာဒိနံ၊ သည်းခံခြင်းစသည်နှင့် ပြည့်စုံကုန်ထသော။ သန္တစိတ္တာနံ၊ ကိလေသာမှ ငြိမ်းပြီးသော စိတ်ရှိတော်မူကုန်ထသော။ ဝိမလာနံ၊ ကိလေသာတည်းဟူသော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်တော်မူပြီးထသော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တယော၊ သုံးပါးကုန်သော။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

ဥဂ္ဂတော နာမ၊ ဥဂ္ဂတ အမည်ရှိသော။ သော ရာဇာ၊ ထိုမင်းသည်။ နရုတ္တမေ-နရုတ္တမဿ၊ မြတ်စွာဘုရားအား။ ဒါနံ၊ ကျောင်းအလှူကို။ ဒေတိ၊ လှူ၏။ တမှိ ဒါနေ၊ ထိုအလှူ၌။ သတကောဋိယော၊ကုဋေတစ်ရာကုန်သော။ အရဟန္တာ၊ ရဟန္တာတို့သည်။ သမာဂစ္ဆုံ၊ အညီအညွတ်စည်းဝေးကုန်ပြီ။

ပုန၊ တဖန်။ အပရံ၊ အခါတပါး၌။ ပုရဂဏော၊ ပုရဂဏအမည်ရှိသောသူသည်။ နရုတ္တမေ-နရုတ္တမဿ၊ မြတ်စွာဘုရားအား။ ဒါနံ၊ ကျောင်းအလှူကို။ ဒေတိ၊ လှူ၏။ တဒါ၊ ထိုအခါ၌။ နဝုတိကောဋီနံ၊ ကုဋေကိုးဆယ်ကုန်သော။ အရဟန္တာနံ၊ ရဟန္တာတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ယဒါ၊ အကြင်အခါ၌။ ဇိနော၊ သောဘိတ ဘုရားသခင်သည်။ ဒေဝလောကေ၊ တာဝတိံသာနတ်ပြည်၌။ ဝသိတွာန၊ ဝါကပ်တော်မူ၍။ ဩရောဟတိ၊ သက်တော်မူ၏။ တဒါ၊ ထိုအခါ၌။ အသီတိကောဋီနံ၊ ကုဋေရှစ်ဆယ်ကုန်သော ရဟန္တာတို့၏။ တတိယော၊ သုံးကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

## ငါတို့ဘုရားလောင်း ရမ္မဝတီမြို့၌ သုဇာတပုဏ္ဏားဖြစ်စဉ် သောဘိတမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းသည် ရမ္မဝတီမြို့၌ မိဘနှစ်ပါးစုံမှ ကောင်းစွာဖွားမြင်ခြင်းကြောင့် သုဇာတမည်သော ပုဏ္ဏားဖြစ်၍ သောဘိတ မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာရလျှင် သရဏဂုံတို့၌ တည်စေ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား ဝါတွင်းသုံးလ ပတ်လုံး အလှူကြီးကို ပေး၏။ သောဘိတမြတ်စွာဘုရားသည်လည်း ငါတို့ ဘုရားလောင်းအား "နောင်သောအခါ ဂေါတမမည်သောဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကားကြားတော်မူ၏။ ထို့ကြောင့်—

> အဟံ တေန သမယေန၊ သုဇာတော နာမ ဗြာဟ္မဏော။
> တဒါ သသာဝကံ ဗုဒ္ဓံ၊ အန္နပါနေန တပ္ပယိံ။
> သောပိ မံ ဗုဒ္ဓေါ ဗျာကာသိ၊ သောဘိတော လောကနာယကော။
> အပရိမေယျိတောကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
> ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။
> တဿာပိ ဝစနံ သုတွာ၊ ဟဋ္ဌော သံဝိဂ္ဂမာနသော။
> တမေဝတ္ထ မနုပ္ပတ္တိယာ၊ ဥဂ္ဂံ ဓိတိမကာသဟံ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ တေန သမယေန၊ ထိုသောဘိတမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ၌။ အဟံ၊ ငါဘုရားသည်။ သုဇာတော နာမ၊ သုဇာတမည်သော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အဟောသိံ၊ ဖြစ်ပြီ။ တဒါ၊ ထိုအခါ၌။ သသာဝကံ၊ တပည့်တော်နှင့် တကွသော။ ဗုဒ္ဓံ၊ သောဘိတ ဘုရားကို။ အန္နပါနေန၊ ဆွမ်းအဖျော်ဖြင့်။ တပ္ပယိံ၊ ရောင့်ရဲစေပြီ။

လောကနာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ် သော။ သောဘိတော၊ သောဘိတအမည်တော်ရှိသော။ သောပိ ဗုဒ္ဓေါ၊ ထိုဘုရားသခင်သည်လည်း။ မံ၊ ငါ့ကို။ ဣတော၊ ဤကမ္ဘာမှ။ အပရိမေယျေ

ကပွေ၊ အတိုင်းအရှည် မရှိသော ကင်း၊ အယံ၊ ကျ်သုဇာတ ပုဏ္ဏားသည်။ ဗုဒ္ဓေါ၊ ဘုရားသည်၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ကျ်သို့။ ဗျာကာသိ၊ ဗျာဒိတ် စကား ကြားတော်မူ၏။ [ဤဥစ္စာလည်း ပေယျာလရှေ့နည်းအတူ။]

တဿ၊ ထိုသောဘိတဘုရား၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဟဋ္ဌော၊ ဘုရားအဖြစ်၌ နှစ်သိမ့်သောနှလုံးရှိသည်ဖြစ်၍။ သံဝိဂ္ဂမာနသော၊ သံသရာ ဝဋ္ဋဆင်းရဲ၌ ထိတ်လန့်သော နှလုံးရှိသည် ဖြစ်၍။ တမေဝတ္ထံ၊ ထိုသောဘိတဘုရား၏ နောင်သောအခါ ဂေါတမဘုရားဖြစ်လတ္တံ့ဟူသော မချွတ်မယွင်းသော ဗျာဒိတ်စကားတော်အတိုင်း။ အနုပ္ပတ္တိယာ၊ ဘုရား အဖြစ်သို့ ရောက်ခြင်းငှါ။ တနည်းကား၊ တမေဝတ္ထံ၊ ထိုဘုရားဖြစ်ရခြင်း အကျိုးသို့။ အနုပ္ပတ္တိယာ၊ အစဉ်ရောက်စိမ့်သောငှါ။ ဥဂ္ဂံ၊ ထက်သော။ ဓိတိံ၊ လုံ့လကို။ အဟံ၊ ငါသည်။ အကာသိံ၊ ပြုပြီ။

---

## သောဘိတမြတ်စွာဘုရား၏ နေပြည်တော်၊ ခမည်းတော်၊ မယ်တော် စသည်တို့ကို ပြခြင်း

ထိုသောဘိတမြတ်စွာဘုရား၏ မြို့တော်ကား သုဓမ္မမည်၏။ ခမည်းတော်ကား သုဓမ္မမည်သော မင်းကြီးတည်း။ မယ်တော်ကား သုဓမ္မာမည်သော မိဖုရားတည်း။ အသမနှင့် သုနေတ္တ နှစ်ယောက်တို့အား အဂ္ဂသာဝက လက်ယာရံ လက်ဝဲရံ တပည့်မြတ်အစုံ ဖြစ်ကုန်၏။ အလုပ်အကျွေးကား အနောမ မည်၏။ နကုလာနှင့် သုဇာတာ နှစ်ယောက်တို့ကား တပည့် မိန်းမမြတ်အစုံ ဖြစ်ကုန်၏။ ပွင့်ရာသစ်ပင်ကား ကံ့ကော်ပင်တည်း။ ကိုယ်တော်အရပ်ကား ငါးဆယ့်ရှစ်တောင်မြင့်၏။ အသက်အပိုင်းအခြားကား အနှစ်ကိုးသောင်းတည်း။ ထိုဘုရားလောင်း၏ မိဖုရားကြီးကား မခိလာ မည်၏။ ရင်၌ ဖြစ်သော သားတော်ကား သီဟကုမာရမည်၏။ မိဖုရား မောင်းမတို့ သုံးသောင်းခုနစ်ထောင်ရှိကုန်၏ အနှစ်တစ်သောင်းတို့ပတ်လုံး ရွှေနန်းရွှေအိမ်၌ စည်းစိမ်ခံစားတော်မူ၏။ ပြာသာဒ်ဖြင့် တောထွက်တော် မူ၏။ ဇယသေနမည်သော မင်းကား အလုပ်အကျွေးဖြစ်၏။ သောတာရာမ၌ နေသတတ်။ ထို့ကြောင့်—

သုခမ္မိ နာမ နဂရံ၊ သုခမ္မော နာမ ခတ္တိယော။
သုဓမ္မာ နာမ ဇနိကာ၊ သောဘိတဿ မဟေသိနော။

အသမော စ သုနေတ္တော စ၊ အဟေသုံ အဂ္ဂသာဝကာ။
အနောမော နာမုပဋ္ဌာကော၊ သောဘိတဿ မဟေသိနော။

နကုလာ စ သုဇာတာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗုဇ္ဈမာနော စ သော ဗုဒ္ဓေါ၊ နာဂမူလေ အဗုဇ္ဈထ။

ရမ္မော စေဝ သုရမ္မော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
နကုလာ စေဝ စိတ္တာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အဋ္ဌပဏ္ဏာသရတနံ၊ အစ္စုဂ္ဂတော မဟာမုနိ။
ဩဘာသေတိ ဒိသာ သဗ္ဗာ၊ သတရံသီဝ ဥဂ္ဂတော။

ယထာ သုဖုလ္လံ ပဝနံ၊ နာနာဂန္ဓေဟိ ဓူပိတံ။
တထေဝ တဿ ပါဝစနံ၊ သီလဂန္ဓေဟိ ဓူပိတံ။

ယထာပိ သာဂရော နာမ၊ ဒဿနေန အတပ္ပိယော။
တထေဝ တဿ ပါဝစနံ၊ သဝနေန အတပ္ပိယံ။

နဝုတိဝဿသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဩဝါဒံ အနုသိဋ္ဌိဉ္စ၊ ဒတွာန သေသကေ ဇနေ။
ဟုတာသနောဝ တာပေတွာ၊ နိဗ္ဗုတော သော သသာဝကော။

သော စ ဗုဒ္ဓေါ အသမသမော၊ တေပိ စ သာဝကာ ဗလပ္ပတ္တာ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

မဟေသိနော၊ သီလစသော ကျေးဇူးကို ရှာမှီးတော်မူပြီးသော။ သောဘိတဿ၊ သောဘိတမြတ်စွာဘုရား၏။ နဂရံ၊ ပြည်တော်သည်။ သုခမ္မံ နာမ၊ သုခမ္မမည်၏။ ခတ္တိယော၊ ခမည်းတော်မင်းသည်။ သုခမ္မော နာမ၊ သုခမ္မမည်၏။ ဇနိကာ၊ မယ်တော်သည်။ သုဓမ္မာ နာမ၊ သုဓမ္မာ မည်၏။

မဟေသိနော၊ သီလစသော ကျေးဇူးကို ရှာမှီးပြီးသော။ သောဘိတဿ။ သောဘိတမြတ်စွာဘုရားသခင်အား။ အသမော စ၊ အသမ လည်းကောင်း။ သုနေတ္တော စ၊ သုနေတ္တလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ အနောမော နာမ၊ အနောမ မည်၏။

နကုလာ စ၊ နကုလာ လည်းကောင်း။ သုဇာတာ စ၊ သုဇာတာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဗုဇ္ဈမာနော၊ သစ္စာလေးပါးတရားကို အလိုလိုသိတော်မူသော။ သော ဗုဒ္ဓေါ၊ ထိုသောဘိတဘုရားသည်။ နာဂမူလေ၊ ကံ့ကော်ပင်ရင်း၌။ အဗုဇ္ဈထ၊ သိတော်မူပြီ။

ရမ္မော စေဝ၊ ရမ္မဉပါသကာလည်းကောင်း။ သုရမ္မော စ၊ သုရမ္မဥပါသကာ လည်းကောင်း၊ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ နကုလာ စေဝ၊ နကုလာ လည်းကောင်း။ စိတ္တာ စ၊ စိတ္တာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

မဟာမုနိ၊ သောဘိတဘုရားသခင်သည်။ အဋ္ဌပဏ္ဏာသရတနံ၊ ငါးဆယ့်ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ ဥဂ္ဂတော၊ တက်လတ်သော်။ သတရံသိဝ၊ နေမင်းကဲ့သို့။ သဗ္ဗာ ဒိသာ၊ ခပ်သိမ်းသော အရပ်မျက်နှာတို့ကို။ ဩဘာသေတိ၊ ထွန်းပတော်မူ၏။

နာနာဂန္ဓေဟိ၊ အထူးထူးသော အနံ့တို့ဖြင့်။ ဓူပိတံ၊ ထုံအပ်သော။ သုဖုလ္လံ၊ ကောင်းစွာ ပွင့်သော။ ပဝနံ ယထာ၊ တောကြီးကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ တဿ၊ ထိုသောဘိတဘုရားသခင်၏။ ပါဝစနံ၊ မြတ်သော စကားတော်သည်။ သီလဂန္ဓေဟိ၊ သီလတည်းဟူသော နံ့သာတို့ဖြင့်။ ဓူပိတံ၊ ထုံအပ်၏ (ကုံးအပ်၏လည်းဟူ)။

သာဂရော နာမ၊ သမုဒ္ဒရာ မည်သည်ကား။ ဒဿနေန၊ ရှုခြင်းဖြင့်။ အတပ္ပိယော ယထာ၊ မရောင့်ရဲသကဲ့သို့။ တထေဝ၊ ထို့အတူရင်းလျှင်။ တဿ၊ ထိုသောဘိတမြတ်စွာဘုရား၏။ ပါဝစနံ၊ မြတ်သော. စကားတော်ကို။ သဝနေန၊ ကြားနာခြင်းဖြင့်။ အတပ္ပိယံ၊ မရောင့်ရဲနိုင်။

တာဝဒေ၊ ထိုသောဘိတမြွတ်စွာဘုရား ပွင့်တော်မူသောအခါ၌။ နဝုတိဝဿသဟဿာနိ၊ အနှစ်ကိုးသောင်းတို့ပတ်လုံး။ အာယု၊ အသက်တမ်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တာဝတာ၊ ထိုရွေ့ကောက်လာလပတ်လုံး။ တိဋ္ဌမာနော၊ တည်တော်မူသော၊ သော ဘဂဝါ၊ ထိုသောဘိတ မြွတ်စွာဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ သံသာရသောတတော၊ သံသရာတည်းဟူသော ရေအလျဉ်မှ။ ဥတ္တာရိတွာ၊ ထုတ်နုတ်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့။ တာရေသိ၊ ကယ်တင်တော်မူပြီ။ တနည်းကား၊ ဓမ္မံ၊ တရားကို။ တာရေသိ-ပကာသေသိ၊ ပြတော်မူပြီ။

သော ဘဂဝါ၊ ထို သောဘိတ မြွတ်စွာဘုရားသည်။ သေသကေ ဇနေ၊ သစ္စာတရားကို သိခြင်းသို့ မရောက်သော သူတို့ကို။ ဒြဝ်ဒဗ္ဗ၊ ဆုံးမခြင်းကိုလည်းကောင်း။ အနုသိဋ္ဌိဥ္ဇ၊ ကံမြစ်ခြင်းကိုလည်းကောင်း။ တနည်းကား၊ ဒြဝ်ဒဗ္ဗ၊ တစ်ကြိမ်ဆုံးမခြင်းကိုလည်းကောင်း။ အနုသိဋ္ဌိဥ္ဇ၊ အဖန်တလဲလဲဆုံးမခြင်းကိုလည်းကောင်း။ ဒတွာန၊ ပေးတော်မူ၍။ ဟုတာသနော၊ မီးသည်။ တာပေတွာ၊ ထွန်းတောက်၍။ နိဗ္ဗာတိ ဣဝ၊ ငြိမ်းသကဲ့သို့။ သသာဝကော၊ တပည့်တော်တို့နှင့်တကွ။ သော၊ ထို သောဘိတဘုရားသည်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံဝင်တော်မူပြီ။

အသမသမော၊ အတုမရှိသော ဘုရားချင်းသာ တူတော်မူသော။ သော စ ဗုဒ္ဓေါ၊ ထို သောဘိတဘုရားသည်လည်းကောင်း။ ဗလပ္ပတ္တာ၊ အဘိညာဉ်စသော အားအစွမ်းသို့ ရောက်တော်မူကုန်ပြီးသော။ တေ စ သာဝကာ၊ ထိုတပည့်တော်တို့သည်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ခြင်းသို့ ရောက်ပြီ။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသောသင်္ခါရတို့သည်။ နနုရိတ္တာ-နနု ရိတ္တာ ဧဝ၊ အချည်းနှီးတို့သာလျှင်တည်း။

ဤတွင်ရွေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ခြောက်ခုတို့၏
ပြည့်ကြောင်းဖြစ်သော သောဘိတမြွတ်စွာဘုရား
အကြောင်းကား ပြီး၏။

# ၉ - အနောမဒဿီ ဗုဒ္ဓဝံသ

## အနောမဒဿီမြတ်စွာဘုရားအကြောင်းကို ပြခြင်း

ထို သောဘိတ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူလတ်သော် နောက် အဖို့၌ တစ်ခုသော အသင်္ချေကား ဘုရားမပွင့်။ ထိုအသင်္ချေကို လွန်လတ်သော် တစ်ခုသော ကပ်၌ အနောမဒဿီ, ပဒုမ, နာရဒ ဤသုံးဆူသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ ထို သုံးဆူသော ဘုရားရှင်တို့တွင် အနောမဒဿီ မြတ်စွာဘုရားသည် တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းပါရမီကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်ပြီးမှ နတ်တို့ တောင်းပန်အပ်သည် ဖြစ်ရကား တုသိတာနတ်ပြည်မှ စုတေ့ခဲ့၍ စန္ဒဝတီ အမည်ရှိသော မင်းနေပြည်ကြီး၌ ယသဝါ အမည်ရှိသော မင်းမျိုးဝယ် အမျှ ဖြစ်သော တင့်တယ်သော အရှယ်ကို ဆောင်တတ်သော ယသောဓရာအမည် ရှိသော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေနေတော်မူ၏။

ထို အနောမဒဿီ သတို့သားကား ယသောဓရာမည်သော မိဖုရားကြီး ဝမ်းသို့ သက်လေသည်ရှိသော် ဘုရားလောင်း၏ ကောင်းမှုအစွမ်းအား တော်ကြောင့် အရောင်တို့သည် အတောင်ရှစ်ဆယ် ပမာဏရှိသောအရပ်ကို နှံ့၍ တည်၏။ လရောင် နေရောင်တို့ မဖိစီး မလွှမ်းမိုးအပ်သည်သာ ဖြစ်၏။ မိဖုရားကြီးလည်း ဆယ်လကို လွန်သဖြင့် ဘုရားလောင်းကို သုနန္ဒမည်သော ဥယျာဉ်၌ ဖွားမြင်တော်မူ၏။ [တန်ခိုးပြာဋိဟာတို့ကိုကား ဆိုခဲ့ပြီးသော နည်းဖြင့်သာ သိအပ်ကုန်၏။]

ထို ဘုရားလောင်းကို အမည်မှည့်အံ့သော နေ့၌ အမည်ကို ယူကုန်သည် ရှိသော် ဖွားတော်မူသောခဏ၌ ကောင်းကင်မှ ရတနာခုနစ်ပါးတို့ ကျကုန်သောကြောင့်လည်းကောင်း, မယုတ်သောရတနာတို့၏ ဖြစ်ရာဖြစ်သော ကြောင့်လည်းကောင်း, အနောမဒဿီဟူသော အမည်ကို မှည့်ကြကုန်၏။ ထိုဘုရားလောင်းသည် အစဉ်သဖြင့် ကြီးပွားခြင်းသို့ ရောက်သည် ရှိသော် နတ်၌ ဖြစ်သော ကာမဂုဏ်တို့ဖြင့် စံပယ်လျက် အနှစ်တစ်သောင်းတို့ပတ်လုံး ရွှေနန်းရွှေအိမ်၌ ရိပ်ငြိမ် ခံစားတော်မူသတတ်။

ထိုဘုရားလောင်းအား သိရိ ဥပသိရိ သိရိဝစ္ဆ ဟူသော ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။ သိရိမာဒေဝီ အမှူးရှိကုန်သော နှစ်သောင်း သုံးထောင်ကုန်သော မင်း မောင်းမတို့ သည်လည်း ရှိသည် ဖြစ်ကုန်၏။ ထိုဘုရားလောင်းအား သိရိမာ မိဖုရားကြီး၌ ဥပဝါဏ မည်သော သားတော်ကို ဖွားမြင်သော် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ ထမ်းစင် ယာဉ်ဖြင့် တောထွက်၍ ရဟန်းပြုတော်မူသော သုံးကုဋေသော လူတို့ သည်လည်း ဘုရားလောင်း နောက်သို့ အတုလိုက်၍ ရဟန်း ပြုကြကုန်၏။ ထိုရဟန်းတို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ ယောကျ်ား မြတ်သည် ဆယ်လ ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ ကဆုန်လပြည့်နေ့ အနုပမပုဏ္ဏား ရွာ၌ ဆွမ်းအလို့ငှာ လှည့်လည်၍ အနောပမာမည်သော သေဋ္ဌေးသမီးသည် လှူအပ်သော မြိန်မြတ်သော နို့ဃနာကို ဘုဉ်းပေးတော်မူ၍ အင်ကြင်း တော၌ နေ့သန့်ခြင်းကို လွန်စေလျက် အနောမမည်သော အာဇီဝက လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူ၍ ဖောက်ကြံ့ပင်ဗောဓိကို လက်ယာရစ် လည်သည်ကို ပြု၍ သုံးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်းလျက် အင်္ဂါ လေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူ၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျှင် မာရ်မင်း၏စစ်သည်ဗိုလ်ပါတို့ကို ဖျက်ဆီး၍ ညဉ့်သုံးယာမ်ပတ်လုံး ဝိဇ္ဇာသုံးပါးတို့ကို ဖြစ်စေလျက် ဘုရားဖြစ်တော်မူ၍ "အနေကဇာတိသံသာရံ" အစရှိသော ဥဒါန်းစကားကို ကျူးရင့်တော်မူ၏။ ထို ကြောင့်—

သောဘိတဿ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
အနောမဒဿီ အမိတယသော၊ တေဇဿီ ဒုရတိက္ကမော။

သော ဆေတွာ ဗန္ဓနံ သဗ္ဗံ၊ ဝိဒ္ဓံသေတွာ တယော ဘဝေ။
အနိဝတ္တိဂမနံ မဂ္ဂံ၊ ဒေသေသိ ဒေဝမာနုသေ။

သာဂရောဝ အသင်္ခေါဘော၊ ပဗ္ဗတောဝ ဒုရာသဒေါ။
အာကာသောဝ အနန္တော သော၊ သာလရာဇာဝ ဖုလ္လိတော။

ဒဿနေနပိ တံ ဗုဒ္ဓံ၊ တောသိတာ ဟောန္တိ ပါဏိနော။
ဗျာဟရန္တံ ဂိရံ သုတွာ၊ အမတံ ပါပုဏန္တိ တေ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သောဘိတဿ၊ သောဘိတ အမည်တော်ရှိသော ဘုရားသခင်၏။ အပရေန၊ နောက်ကာလ၌။ ဒွိပဒုတ္တမော၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်တော်မူထသော။ အမိတယသော၊ မနှိုင်းရှည့်နိုင်သော အခြံအရံအကျော်အစောလည်း ရှိထသော၊ တေဇဿီ၊ သီလ သမာဓိ ပညာ တည်းဟူသော ထွန်းပခြင်းနှင့်လည်း ပြည့်စုံထသော။ ဒုရတိက္ကမော၊ တစုံတယောက်သော သူသည် မလွန်မြောက်နိုင်ထသော။ အနောမဒဿီ၊ အနောမဒဿီ အမည်ရှိသော။ သမ္ဗုဒ္ဓေါ၊ ဘုရားမြတ်သည်။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူပြီ။

သော၊ ထိုအနောမဒဿီမြတ်စွာဘုရားသည်။ သဗ္ဗံ၊ အလုံးစုံသော။ ဗန္ဓနံ၊ ဆယ်ပါးအပြားရှိသော သံယောဇဉ်ကို။ ဆေတွာ၊ ဖြတ်၍။ တယော ဘဝေ၊ သုံးပါးသော ဘဝတို့ ကို။ ကမ္မကြွယညာဏေန၊ ကံ၏ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်ဉာဏ် သန်လျက်ဖြင့်။ ဝိဒ္ဓံသေတွာ၊ ဖျက်ဆီးတော်မူ၍။ အနိဝတ္တိဂမနံ၊ တဖန်ပြန်လည် ဆုတ်နစ်ခြင်း မရှိဘဲ သွားတတ်သော။ မဂ္ဂံ၊ မဂ္ဂင်ရှစ်ပါးတရားကို။ ဒေဝမာနုသေ-ဒေဝမနုဿာနံ၊ နတ်လူတို့အား။ ဒေသေသိ၊ ဟောတော်မူပြီ။

အသခေါ်ဘော၊ ပြင်းစွာသော လေဖြင့် တုန်လှုပ် ချောက်ချားခြင်းငှါ မတတ်နိုင်သော။ သာဂရောဝ၊ သမုဒ္ဒရာကဲ့သို့။ ဒုရာသဒေါ၊ ပြေးတက်ခြင်းငှါ ခဲယဉ်းစွာသော။ ပဗ္ဗတော၊ မြင်းမိုရ်တောင်ကဲ့သို့။ အနန္တော၊ အဆုံး မရှိသော၊ အာကာသောဝ၊ ကောင်းကင်ကဲ့သို့။ ဖုလ္လိတော၊ ပင်လုံးကျွတ် ပွင့်သော။ သာလရာဇာဝ၊ အင်ကြင်းပင်ကဲ့သို့။ သော၊ ထိုအနောမဒဿီ ဘုရားသည်။ သောဘတိ၊ တင့်တယ်တော်မူ၏။

တံ ဗုဒ္ဓံ-တဿ ဗုဒ္ဓဿ၊ ထိုဘုရားအား။ ဒဿနေနပိ၊ ဖူးမြင်ရသဖြင့်လည်း။ ပါဏိနော၊ သတ္တဝါတို့သည်။ တောသိတွာ၊ နှစ်သက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယေ၊ အကြင်သူတို့သည်။ ဗျာဟရန္တံ၊ ဟောကြား မိန့်မြွက်တော်မူသော။ဂိရံ၊ သာယာသောဘုရားစကားတော်ကို။ သုတွာ၊ကြားနာရကုန်၍။ တေ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်သို့။ ပါပုဏန္တိ။ ရောက်ကုန်၏။

## အနောမဒဿီမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုအနောမဒဿီမြတ်စွာဘုရားသည် ဗောဓိပင်၏အနီး၌ သတ္တသတ္တာဟတို့ကို လွန်စေ၍ ဗြဟ္မာမင်းသည် တောင်းပန်အပ်သည် ဖြစ်ရကား တရားဟောခြင်းငှါ ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုသည် ရှိသော် ကိုယ်တော်နှင့် အတူတကွရဟန်းပြုကြကုန်သော သုံးကုဋေ အရေအတွက်ရှိသော သူတို့ကို မြင်တော်မူ၍ "ထိုသူတို့ကား ယခု အဘယ်အရပ်၌ နေလေကုန်သနည်း" ဟု စူးစမ်းဆင်ခြင်သည်ရှိသော် သုဘဝတီမြို့ သုဒဿနဥယျာဉ်၌ နေသည်ကို မြင်တော်မူလျှင် ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ၍ သုဒဿန ဥယျာဉ်၌ သက်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ရဟန်းတို့ဖြင့် ခြံရံလျက် နတ်နှင့်တကွသော ပရိသတ်တို့အလယ်၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည် ရှိသော် ဤအစည်းအဝေး၌ ကုဋေတစ်ရာသော သူတို့သည် သစ္စာလေးပါးတရားကို သိကုန်၏။ ထို့ကြောင့်—

> ဓမ္မာဘိသမယော တဿ၊ ဣဒ္ဓေ ဖိတော တဒါ အဟု။
> ကောဋိသတာနိ အဘိသမိံသု၊ ပဌမေ ဓမ္မဒေသနေ—

ဟူ၍ ဟောတော်မူပြီ။

တဒါ၊ ထိုအနောမဒဿီ ဘုရားလက်ထက်တော်၌။ တဿ၊ ထိုဘုရားမြတ်၏။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကို သိစေခြင်းသည်။ ဣဒ္ဓေါ၊ ပြည့်စုံ၏။ ဖိတော၊ ပြန့်ပြောသည်။ အဟု၊ ဖြစ်၏။ ပဌမေ၊ ရှေးဦးစွာသော။ ဓမ္မဒေသနေ၊ တရားဟောတော်မူရာ၌။ ကောဋိသတာနိ၊ ကုဋေတစ်ရာတို့သည်။ အဘိသမိံသု၊ သစ္စာလေးပါးတရားကို သိကုန်ပြီ။

တပါးသောအခါ သြသမီမြို့တံခါး သရက်ပင်ရင်း၌ အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ အသုရာတို့ အောင်နိုင်ခဲသော ဗိမာန်ရှိသော တာဝတိံသာနတ်ပြည်ဝယ် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ နေတော်မူလျက် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတည်းဟူသော မိုးကို သွန်းဖြိုးရွာစေပြီ။ ထိုအခါ ကုဋေ ရှစ်သောင်းသော နတ်တို့သည် သစ္စာလေးပါးတရားကို သိကုန်၏။ ထို့ကြောင့်—

> တတော ပရံ အဘိသမယေ၊ ဝဿန္တေ ဓမ္မဝုဋ္ဌိယော။
> အသီတိကောဋိယောဘိသမိံသု၊ ဒုတိယေ ဓမ္မဒေသနေ—

ဟူ၍ ဟောတော်မူပြီ။

တတော၊ ထိုရှေးဦးစွာမှ။ ပရံ၊ နောက်ဖြစ်သော။ အဘိသမယေ၊ တရားကို သိစေရာ၌။ ဓမ္မဝုဋ္ဌိယော၊ အဘိဓမ္မာတရားတည်းဟူသော မိုးကြီးကို။ ဝဿန္တေ၊ ရွာစေသည် ရှိသော်။ ဒုတိယေ ဓမ္မဒေသနေ၊ နှစ်ကြိမ်မြောက် တရားဟောရာ၌။ အသီတိကောဋိယော၊ ကုဋေရှစ်ဆယ်တို့သည်။ အဘိသမိံသု၊ သိကုန်ပြီ။

ထို့နောက်မှ တပါးသောကာလ မင်္ဂလပြဿနာကို ပြရာ၌ ခုနစ်ဆယ့်ရှစ်ကုဋေသော သူတို့သည် တရားကို သိကုန်၏။ ထိုအခါ သမယသည်လည်း သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

တတော ပရမ္ပိ ဝဿန္တေ၊ တပ္ပယန္တေ စ ပါဏိနံ။
အဋ္ဌသတ္တတိကောဋီနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

တတော၊ ထိုနှစ်ကြိမ်မြောက်မှ။ ပရံ၊ တပါးသော အခါ၌။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ဝဿန္တေ၊ တရားတည်းဟူသော မိုးကြီးကို ရွာတော်မူသည် ရှိသော်။ ပါဏိနံ၊ သတ္တဝါတို့အား။ ဓမ္မာမတရသေန။ တရားတည်းဟူသော အမြိုက်ရည်ဖြင့်။ တပ္ပယန္တေ၊ ရောင့်ရဲစေပြီးသော်။ အဋ္ဌသတ္တတိကောဋီနံ၊ ခုနစ်ဆယ့်ရှစ်ကုဋေသော သတ္တဝါတို့အား။ တတိယော၊ သုံးကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## အနောမဒဿီ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ထိုအနောမဒဿီ မြတ်စွာဘုရားအား သုံးပါးသော အစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ထိုသုံးပါးတို့တွင် သောရေယျမြို့၌ ဣသိဒတ္တမည်သော မင်းအား တရားဟောသည်ရှိသော် ကြည်ညို၍ ဟေဝိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းဖြစ်ကုန်သော ရှစ်သိန်းသော ရဟန္တာတို့အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား ရှေးဦးစွာသော အစည်းအဝေးတည်း။

ရာဓဝတီမြို့၌လည်း မဓုရိန္ဒရ မည်သော မင်းအား တရားဟောသည် ရှိသော် ဟေဝိဘိက္ခု ရဟန်း အဖြစ်ဖြင့် ရဟန်းပြုကုန်သော ခုနစ်သိန်းသော

ရဟန္တာတို့၏ အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက်သော အစည်းအဝေးတည်း။

တဖန်လည်း သောရေယျမြို့၌ပင်လျှင် သောရေယျမည်သော မင်းနှင့် တကွ ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုကုန်သော ခြောက်သိန်းသော ရဟန္တာတို့ အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား သုံးကြိမ် မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ တဿာပိ စ မဟေသိနော။
အဘိညာဗလပ္ပတ္တာနံ၊ ပုပ္ဖိတာနံ ဝိမုတ္တိယာ။

အဋ္ဌသတသဟဿာနံ၊ သန္နိပါတော တဒါ အဟု။
ပဟီနမဒမောဟာနံ၊ သန္တစိတ္တာန တာဒိနံ။

သတ္တသတသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။
အနင်္ဂဏာနံ ဝိရဇာနံ၊ ဥပသန္တာန တာဒိနံ။

ဆန္နံ သတသဟဿာနံ၊ တတိယော အာသိ သမာဂမော။
အဘိညာဗလပ္ပတ္တာနံ၊ နိဗ္ဗုတာနံ တပဿိနံ—

ဟူ၍ ဟောတော်မူပြီ။

မဟေသိနော၊ သီလစသော ကျေးဇူးကို ရှာမှီးပြီးသော။ တဿာပိ စ၊ ထိုအနောမဒဿီမြတ်စွာဘုရား၏လည်း။ သန္နိပါတာ၊ အစည်းအဝေးတို့ကား။ တယော၊ သုံးပါးတို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။ ဝိမုတ္တိယာ၊ ကိလေသာမှ လွတ်တော်မူသဖြင့်။ တနည်းကား၊ အရဟတ္တဖိုလ် ဝိမုတ္တိဖြင့်။ ပုပ္ဖိတာနံ၊ ကောင်းစွာ ပွင့်ကုန်သော။ အတိဝိယ သောဘဂ္ဂပ္ပတ္တာနံ၊ အလွန်တင့်တယ် ခြင်းသို့ ရောက်ကုန်ပြီးထသော။ အဘိညာဗလပ္ပတ္တာနံ၊ အဘိညာဥ်အား အစွမ်းသို့ ရောက်ကုန်ပြီးထသော။ ပဟီနမဒမောဟာနံ၊ ပယ်ဖျက်အပ် ပြီးသော လောဘ မောဟ ရှိကုန်ထသော။ တာဒိနံ၊ သည်းခံခြင်း ကျေးဇူး ဂုဏ်အထူးနှင့် ပြည့်စုံကုန်ထသော။ သန္တစိတ္တာနံ၊ ငြိမ်သက်သောစိတ်ရှိ ကုန်ပြီးထသော။ အဋ္ဌသတသဟဿာနံ၊ ရှစ်သိန်းသော ရဟန္တာတို့၏။ တဒါ၊ ထိုအခါ၌။ သန္နိပါတော၊ အစည်းအဝေးသည်။ အဟု၊ ဖြစ်ပြီ။

အနင်္ဂဏာနံ၊ ကိလေသာလည်း မရှိကုန်ထသော။ ဝိရဇာနံ၊ ကိလေသာ တည်းဟူသော မြူလည်း မရှိကုန်ထသော။ တာဒီနံ၊ သည်းခံခြင်းလည်း ရှိတော်မူကုန်သသော။ ဥပသန္တာနံ၊ ငြိမ်သက်သော စိတ်ရှိကုန်ထသော။ သတ္တသတသဟဿာနံ၊ ခုနစ်သိန်းသော ရဟန္တာတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။ အဘိညာဗလပ္ပတ္တာနံ၊ အဘိညာဉ် အားအစွမ်းသို့ ရောက်ကုန်ပြီးထသော။ နိဗ္ဗုတာနံ၊ တဏှာမှ ထွက်မြောက်ကုန်ပြီးထသော။ တပဿီနံ၊ ကိလေသာ၏ ကုန်ခြင်းကို ပြုတတ်သော အရိယာမဂ် တည်းဟူသော အကျင့်လည်း ရှိကုန်ထသော။ ဆန္နံ သတသဟဿာနံ၊ ခြောက်သိန်းကုန်သော ရဟန္တာတို့၏။ တတိယော၊ သုံးကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

## ငါတို့ဘုရားလောင်း ဘီလူးစစ်သူကြီးဖြစ်စဉ် အနောမဒဿီ မြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းကား ကြီးသော အရှိန်အစော် အကျော် အစောရှိသော ဘီလူးစစ်သူကြီးဖြစ်၏။ ကြီးသော တန်ခိုးအာနုဘော်လည်း ရှိ၏။ ကုဋေတစ်သိန်းသော ဘီလူးတို့ကို အစိုးရ၏။ ထိုဘီလူးသည် လောက သုံးပါး၌ ဘုရားပွင့်ကြောင်းကို ကြား၍ လွန်မြတ်တင့်တယ် ရှုဖွယ်ဘနန်း တင့်ဆန်းသော ရတနာဖြင့် ပြီးသော အလွန်ပြုံးပြုံးပြက် တပ်မက်ဖွယ်သော အရောင်ရှိသော နေဝန်း လဝန်းနှင့် တူသော မဏ္ဍပ်ကို ဖန်ဆင်း၍ ထိုမဏ္ဍပ်၌ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာအား အလှူကြီးကို ပေး၏။ ထိုအခါ မြတ်စွာဘုရားသည် ဘီလူးကို ဆွမ်းအနုမောဒနာပြုသောအခါ၌ "နောင်သောအခါ ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်ခုသော အသင်္ချေယျကို လွန်သည် ရှိသော် ဂေါတမအမည်ရှိသော ဘုရား ဖြစ်လတ္တံ့"ဟု ဗျာဒိတ် စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ ယက္ခော အာသိံ မဟိဒ္ဓိကော။
နေကာနံ ယက္ခကောဋီနံ၊ ဝသဝတ္တိမှိ ဣဿရော။

တဒါပိ တံ ဗုဒ္ဓဝရံ၊ ဥပဂန္တွာ မဟေသိနံ။
အန္နပါနေန တပ္ပေသိံ၊ သသံဃံ လောကနာယကံ။

သောပိ မံ တဒါ ဗျာကာသိ၊ ဝိသုဒ္ဓနယနော မုနိ။
အပရိမေယျိတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။
တဿာပိ ဝစနံ သုတွာ၊ ဟဋ္ဌော သံဝိဂ္ဂမာနသော။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ—

ဘူ၍ ဟောတော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါသည်။ တေန သမယေန၊ ထိုအနောမဒဿီ မြတ်စွာဘုရားသခင်လက်ထက်တော်၌။ နေကာနံ၊ များစွာကုန်သော။ ယက္ခကောဋိနံ၊ ဘီလူး ကုဋေအပေါင်းတို့အား။ ဝသဝတ္တိမှိ၊ မိမိအလိုသို့ လိုက်စေခြင်း၌။ ဣဿရော၊ အစိုးရသော။ မဟိဒ္ဓိကော၊ တန်ခိုးကြီးသော။ ယက္ခော၊ ဘီလူးသည်။ အာသိံ၊ ဖြစ်ပြီ။

တဒါပိ၊ထိုအခါ၌လည်း။ မဟေသီနံ၊ သီလစသောကျေးဇူးကို ရှာမှီးတော်မူပြီးသော။ တံ ဗုဒ္ဓဝရံ၊ ထိုမြတ်စွာဘုရားသို့။ ဥပဂန္တွာ၊ ကပ်၍။ သသံဃံ၊ ရဟန်းသံဃာနှင့်တကွသော။ လောကနာယကံ၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားကို။ အန္နပါနေန၊ ဆွမ်းအဖျော်ဖြင့်။ တပ္ပေသိံ၊ ရောင့်ရဲစေပြီ။

တဒါ၊ ထိုအခါ၌။ ဝိသုဒ္ဓနယနော၊ စင်ကြယ်သော မျက်စိရှိတော်မူသော။ သောပိ မုနိ၊ ထိုအနောမဒဿီ ဘုရားသခင်သည်။ မံ၊ ငါ့ကို။ အယံ၊ ဤဘီလူးမင်းသည်။ ဣတော၊ ဤကမ္ဘာမှ။ အပရိမေယျေ၊ မနှိုင်းရှည့်နိုင်သော။ ကပ္ပေ၊ ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်သင်္ချေအထက်၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ဟု။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူ၏။

ပဓာနံ၊ အားထုတ်ခြင်းကို။ ပဒဟိတွာန။ လုံ့လပြု၍ ။လ။ ဣမံ ဣမဿ၊ ဤဘီလူး၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကြကုန်၏။

တဿာပိ၊ ထိုအနောမဒဿီ မြတ်စွာဘုရား၏လည်း။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဟဋ္ဌော၊ ရွှင်သော နှလုံးရှိသည်ဖြစ်၍။ သံဝိဂ္ဂမာနသော။

ထိတ်လန့်သော နှလုံးရှိသည်ဖြစ်၍။ ပါရမိပူရိယာ၊ ပါရမီပြည့်စိမ့်သောငှာ။ ဥတ္တရိံ၊ လွန်စွာလျှင်။ ဒဌ္ဌတရံ၊ မြဲမြံစွာသော။ ဝတံ၊ ကျင့်ဝတ်ကို။ အဓိဋ္ဌာသိံ-အကာသိံ၊ ပြုပြီ။

---

## အနောမဒဿီ မြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, ယဉ်တော် စသည်တို့ကို ပြခြင်း

ထိုအနောမဒဿီ မြတ်စွာဘုရား၏ နေပြည်တော်ကား စန္ဒဝတီမည်၏။ ယသဝါမည်သော မင်းကား ခမည်းတော် ဖြစ်၏။ ယသောဓရာမည်သော မိဖုရားကြီးကား မယ်တော်ဖြစ်၏။ နိသဘနှင့် အနောမ နှစ်ယောက်တို့ကား လက်ယာရံလက်ဝဲရံ အဂ္ဂသာဝက တပည့်မြတ်အစုံ ဖြစ်ကုန်၏။ အလုပ်အကျွေးကား ဝရုဏမည်၏။ သုန္ဒရီနှင့် သုမနာ နှစ်ယောက်တို့ကား တပည့်မိန်းမမြတ်အစုံ ဖြစ်ကုန်၏။ ပွင့်ရာသစ်ပင်ကား ဖောက်ကြံပင်တည်း။ ကိုယ်တော် အရပ်ဘော်ကား ငါးဆယ့်ရှစ်တောင်မြင့်၏။ အသက်တော်ကား အနှစ်တစ်သိန်း ရှည်၏။ ထိုအနောမဒဿီ ဘုရားလောင်း မိဖုရားကြီးကား သိရိမာ မည်၏။ သားတော်ကား ဥပဝါဏ မည်၏။ အနှစ်တစ်သောင်း ပတ်လုံး ရွှေနန်းစည်းစိမ်ကို ခံစားတော်မူ၏။ ထိုဘုရားလောင်းကား ထမ်းစင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ဓမ္မကမည်သော မင်းသည် အလုပ်အကျွေးဖြစ်၏။ ဓမ္မာရာမ၌ အနောမဒဿီ မြတ်စွာဘုရား နေတော်မူသတတ်။ ထို့ကြောင့်—

နဂရံ စန္ဒဝတီ နာမ၊ ယသဝါ နာမ ခတ္တိယော။
မာတာ ယသောဓရာ နာမ၊ အနောမဒဿိဿ သတ္ထုနော။
နိသဘော စ အနောမော စ၊ အဟေသုံ အဂ္ဂသာဝကာ။
ဝရုဏော နာမုပဋ္ဌာကော၊ အနောမဒဿိဿ သတ္ထုနော။
သုန္ဒရီ စ သုမနာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ အဇ္ဇုနောတိ ပဝုစ္စတိ။
နန္ဒိဝဍ္ဎော သိရိဝဍ္ဎော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ဥပ္ပလာ စေဝ ပဒုမာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အဌပဏ္ဏာသရတနံ၊ အစ္ဆုဂ္ဂတော မဟာမုနိ။
ပဘာ နိဒ္ဓါဝတိ တဿ၊ သတရံသီဝ ဥဂ္ဂတော။
ဝဿသတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။
သုပုပ္ဖိတံ ပါဝစနံ၊ အရဟန္တေဟိ တာဒိဟိ။
ဝီတရာဂေဟိ ဝိမလေဟိ၊ သောဘိတ္ထ ဇိနသာသနံ။
သော စ သတ္ထာ အမိတယသော၊ ယုဂါနိ တာနိ အတုလိယာနိ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ —

ဟူ၍ ဟောတော်မူပြီ။

အနောမဒဿိဿ၊ အနောမဒဿီ အမည်တော်ရှိသော။ သတ္ထုနော၊ မြတ်စွာဘုရား၏၊ နဂရံ၊ ပြည်တော်သည်။ စန္ဒဝတီ နာမ၊ စန္ဒဝတီမည်၏။ ခတ္တိယော၊ ခမည်းတော်မင်းသည်။ ယသဝါ နာမ၊ ယသဝါမည်၏။ မာတာ၊ မယ်တော်သည်။ ယသောဓရာ နာမ၊ ယသောဓရာမည်၏။

နိသဘော စ၊ နိသဘလည်းကောင်း။ အနောမော စ၊ အနောမလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ အနောမဒဿိဿ၊ အနောမဒဿီ မည်သော။ သတ္ထုနော၊ မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ ဝရုဏော နာမ၊ ဝရုဏမည်၏။

သုန္ဒရီ စ၊ သုန္ဒရီလည်းကောင်း။ သုမနာ စ၊ သုမနာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမ မြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တဿ ဘဂဝတော၊ ထိုအနောမဒဿီ မြတ်စွာဘုရား၏။ ဗောဓိ၊ ပွင့်ရာသစ်ပင်ကို။ အဇ္ဇုနေဝတိ၊ ဖောက်ကြံ့ပင်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

နန္ဒိဝဍ္ဎော စ၊ နန္ဒိဝဍ္ဎဥပါသကာလည်းကောင်း။ သိရိဝဍ္ဎော စ၊ သိရိဝဍ္ဎဥပါသကာ လည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ဥပ္ပလာ စေဝ၊ ဥပ္ပလာ

လည်းကောင်း။ ပဒုမာ စ၊ ပဒုမာလည်းကောင်း။ အဂ္ဂ၊ပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

မဟာမုနိ၊ မြတ်စွာဘုရားသည်။ အဋ္ဌပဏ္ဏာသရတနံ၊ ငါးဆယ့်ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ တဿ၊ ထိုအနောမဒဿီ မြတ်စွာဘုရား၏။ ပဘာ၊ အရောင်တော်သည်။ ဥဂ္ဂတော၊ တက်လတ်သော။ သတရံသီ၊ နေမင်းကဲ့သို့။ နိဒ္ဓါဝတိ-နိက္ခမတိ၊ ထွက်၏။

တာဝဒေ၊ ထိုကာလ၌။ ဝဿသတသဟဿာနိ၊အနှစ်တစ်သိန်းတို့ပတ်လုံး။ အာယု၊ အသက်တမ်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တာဝတာ၊ ထိုရွေ့လောက်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော၊ ထိုအနောမဒဿီ ဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ တာရေသိ၊ ကယ်တင်တော်မူပြီ။ [ရှေးနည်းတူ။]

သုပုပ္ဖိတံ၊ အလွန်တင့်တယ်စွာ ပွင့်ခြင်းသို့ ရောက်သော။ ပါဝစနံ၊ ပိဋကသုံးပုံဟု ဆိုအပ်သော။ ဇိနသာသနံ၊ ဘုရားသာသနာတော်သည်။ တာဒီဟိ၊ သည်းခံခြင်းနှင့် ပြည့်စုံကုန်ထသော။ ဝီတရာဂေဟိ၊ ကင်းသော ရာဂရှိကုန်ထသော။ ဝိမလေဟိ၊ ကိလေသာတည်းဟူသော အညစ်အကြေး တို့မှ ကင်းဝေးတော် မူကုန်ထသော။ အရဟန္တေဟိ၊ ရဟန္တာတို့ဖြင့်။ သောဘိတ္ထ၊ တင့်တယ်တော်မူပြီ။

အမိတယသော၊ မနှိုင်းရှည့်အပ်သော အခြံအရံအကျော်အစောရှိသော။ သော စ သတ္ထာ၊ ထိုအနောမဒဿီ မြတ်စွာဘုရားသည်လည်းကောင်း။ အတုလိယာနိ၊ အတုမရှိသော ဂုဏ်နှင့် ပြည့်စုံကုန်သော။ တာနိ ယုဂါနိ စ၊ ထိုရဟန္တာ အစုံတို့သည်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ပျောက်ပြီ။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသော သင်္ခါရတရား တို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဧဝ၊ အချည်းနှီးတို့သာလျှင်တည်း။

ဤတွင်ရွှေကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ခုနစ်ခုတို့၏
ပြည့်ကြောင်းဖြစ်သော အနောမဒဿီ
မြတ်စွာဘုရား အကြောင်းကား
ပြီး၏။

# ၁၀။ ပဒုမ ဗုဒ္ဓဝံသ

## ပဒုမမြတ်စွာဘုရားအကြောင်းကို ပြခြင်း

ထိုအနောမဒဿီ မြတ်စွာဘုရား နောက်အဖို့၌ အနှစ်တစ်သိန်းအသက် ရှည်ကုန်သော လူတို့သည် အစဉ်သဖြင့် ဆုတ်ယုတ်၍ အသက် ဆယ်နှစ်သို့ ရောက်ကုန်သော် တဖန် အစဉ်သဖြင့် ပွား၍ အသင်္ချေယျ အသက်တမ်းသို့ ရောက်ပြီးမှ တဖန်ဆုတ်ယုတ်ပြန်သည် ရှိသော် အနှစ်တစ်သိန်းသို့ ကျရောက် ပြန်၏။ ထိုအခါ ပဒုမမည်သော မြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။

ထိုဘုရားလောင်းသည်လည်း ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာ နတ်ပြည်၌ ဖြစ်သည် ရှိသော် ထိုတုသိတာ နတ်ပြည်မှ စုတေခဲ့၍ စမ္ပကမြို့၌ အသမ မည်သော မင်း၏ အမျိုးငယ် အဆင်းအစရှိသည်ဖြင့် မတူနိုင်သော အသမာ မည်သော မိဖုရားကြီး ဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၏။ ထိုဘုရား လောင်းလည်း ဆယ်လကို လွန်သဖြင့် စမ္ပကဥယျာဉ်၌ ဖွားမြင်တော်မူ၏။ ထိုဘုရားလောင်းကို ဖွားသည်ရှိသော် ကောင်းကင်မှ သမုဒ္ဒရာအဆုံးရှိသော ဇမ္ဗူဒိပ်ကျွန်း၌ ကြာပဒုမ္မာမိုးကြီး သည်းစွာ ရွာ၏။ ထို့ကြောင့် ဘုရား လောင်းကို အမည်မှည့်သော နေ့၌ နိမိတ်ဖတ်တတ်သော သူသည် လည်းကောင်း, ဆွေမျိုးတို့သည်လည်းကောင်း မဟာပဒုမမင်းသားဟူသော အမည်ကို မှည့်ကြကုန်၏။

ထိုဘုရားလောင်းသည် အနှစ်တစ်သောင်းတို့ ပတ်လုံး ရွှေနန်း ရွှေအိမ်၌ စည်းစိမ် ခံစားတော်မူ၍ နန္ဒုတ္တရမည်သော ပြာသာဒ်, ဝသုတ္တရမည်သော ပြာသာဒ်, ယသုတ္တရမည်သော ပြာသာဒ် သုံးဆောင်တို့၌ ဥတ္တရာဒေဝီ အမှူးရှိသော သုံးသောင်းသုံးထောင်သော မင်းမိန်းမတို့ ခြံရံအပ်သည်ဖြစ်၍ ဥတ္တရာ မိဖုရားကြီး၌ ရမ္မမည်သော သတို့သားကို ဖွားမြင်လတ်သော် လေးပါးသော နိမိတ်တို့ကို မြင်တော်မူ၍ အာဇာနည်မြင်း ကသော ရထားဖြင့် တောထွက်တော်မူ၏။ တစ်ကုဋေသော ယောကျ်ားတို့သည်လည်း ဘုရားလောင်းနောက်သို့ လိုက်၍ ရဟန်းပြုကြကုန်သော် ထိုရဟန်းတို့နှင့် အတူတကွ ရှစ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်

လပြည့်နေ့ ဓညဝတီပြည်၌ သုဓညဝတီ အမည်ရှိသော သေဋ္ဌေးသမီးသည် လှူအပ်သော နို့ဃနာကို ဘုဥ်းပေးတော်မူ၍ အင်ကြင်းတော၌ နေ့သန့်ခြင်းကို လွန်စေပြီးမှ ညချမ်းသောကာလ တိတ္ထကမည်သော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ကြောင်လျှာဗောဓိသို့ ကပ်တော်မူလျက် သုံးဆယ့်ရှစ်တောင် အလျားရှိသော မြက်အခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးမှ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်တော်မူ၍ မာရ်စစ်သည်ဗိုလ်ပါကို ဖျက်ဆီးလျက် ညဉ့်သုံးယာမ်၌ သုံးပါးသော ဝိဇ္ဇာတို့ကို မျက်မှောက်ပြု၍ "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာတို့ဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## ပဒုမမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုသို့ ဘုရားဖြစ်တော်မူပြီးလျှင် ခုနစ်ရက်ခုနစ်လီ ဗောဓိပင်အနီး၌သာ ကာလကို လွန်စေ၍ ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို ဝန်ခံတော်မူလျက် တရားဟောခြင်း၏ အကြောင်းဖြစ်သော ပုဂ္ဂိုလ်ကို စူးစမ်း ဆင်ခြင်သည်ရှိသော် ကိုယ်တော်နှင့်အတူတကွ ရဟန်းပြုကြကုန်သော တစ်ကုဋေ အရေအတွက်ရှိသော ရဟန်းတို့ကို မြင်တော်မူ၍ လေတို့သွားရာ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူသည် ရှိသော် ဓနဝတီမည်သော မြို့၏အနီး ဓနဥယျာဉ်၌ သက်တော်မူ၍ ထိုရဟန်းတို့အလယ်၌ တင့်တယ်လျောက်ပတ်စွာ ဓမ္မစကြာတရားကို ဟောတော်မူ၏။ ထိုအခါ ကုဋေတစ်ရာသောသူတို့သည် သစ္စာလေးပါးတရားကို သိကုန်၏။ ထို့ကြောင့်—

အနောမဒဿိဿ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
ပဒုမော နာမ နာမေန၊ အသမော အပ္ပဋိပုဂ္ဂလော။

တဿာပိ အသမံ သီလံ၊ သမာဓိပိ အနန္တကော။
အသင်္ချေယျံ ဉာဏဝရံ၊ ဝိမုတ္တိပိ အနူပမာ။

တဿာပိ အတုလတေဇဿ၊ ဓမ္မစက္ကပဝတ္တနေ။
အဘိသမယာ တယော အာသုံ၊ မဟာတမပဝါဟနာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တာ၊ သာရိပုတ္တရာ။ အနောမဒဿိဿ၊ အနောမဒဿီ ဘုရား၏။ အပရေန၊ နောက်အဖို့၌။ အပ္ပမေယျော၊ တုဖက်ကင်းသော ပုဂ္ဂိုလ် မြတ်လည်း ဖြစ်ထသော။ အသမော၊ အတူလည်း မရှိထသော။ ဒွိပဒုတ္တမော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ထက် မြတ်တော်မူထသော။ နာမေန၊ အမည် အားဖြင့်။ ပဒုမော နာမ၊ ပဒုမအမည်ရှိသော်မူထသော။ သမ္ဗုဒ္ဓေါ၊ ဘုရား သခင်သည်။ လောကေ၊ လောကသုံးပါး၌။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူပြီ။

တဿာပိ၊ ထိုပဒုမ မြတ်စွာဘုရား၏လည်း။ သီလံ၊ သီလတော်သည်။ အသမံ၊ အတူမရှိ။ သမာဓိပိ၊ သမာဓိသည်လည်း။ အနန္တကော အပ္ပမေယျော၊ မရေတွက်နိုင် အဆုံးလည်း မရှိ။ ဉာဏဝရံ၊ သဗ္ဗညုတဉာဏ်တော်သည်။ တနည်းကား၊ အသာခရဏ ဉာဏ်တော်သည်။ အသင်္ချေယျံ၊ မရေတွက်နိုင်။ ဝိမုတ္တိပိ၊ အရဟတ္တဖိုလ် ဝိမုတ္တိသည်လည်း။ အနုပမာ၊ ဥပမာကင်း၏။

အတုလတေဇဿ၊ အတုမရှိသော ဉာဏ်တော် တည်းဟူသော တန်ခိုးလည်း ရှိသော၊ တဿာပိ၊ ထိုပဒုမ ဘုရားသခင်၏လည်း။ ဓမ္မစက္က-ပဝတ္တနေ၊ ဓမ္မစကြာ ဒေသနာကို ဟောတော်မူရာ၌။ မဟာ တမ ပဝါဟနာ၊ ကြီးစွာသော အမိုက်တိုက်ကို ဖျက်ဆီးတတ်ကုန်သော။ တယော၊ သုံးပါး ကုန်သော။ အဘိသမယာ၊ သစ္စာလေးပါးတရားတို့ကို သိစေခြင်းတို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

ထို့နောက် တရံရောအခါ၌ ပဒုမမြတ်စွာဘုရားသည် မိမိ၏ ညီငယ် ဖြစ်သော သာလကုမာရကို လည်းကောင်း, ဥပသာလ ကုမာရကို လည်းကောင်း, ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ အခြံအရံနှင့်တကွ ဖြစ်ကုန်သော သူတို့ကိုလည်းကောင်း ရဟန်းပြု၍ တရားဟောတော်မူသည် ရှိသော် ကုဋေကိုးဆယ်သော သူတို့သည် တရားတည်းဟူသော အမြိုက် အရသာကို သုံးဆောင်ကြရကုန်၏။

အကြင်အခါ၌ ရမ္မထေရ်အား တရားဟောတော်မူ၏။ ထိုအခါ၌လည်း ကုဋေရှစ်ဆယ်သော သူတို့သည် သစ္စာလေးပါးတရားအထူးကို သိကုန်၏။ ထို့ကြောင့်—

ပဌမာဘိသမယေ ဗုဒ္ဓေါ၊ ကောဋိသတမဗောဓယိ။
ဒုတိယာဘိသမယေ ဓီရော၊ နဝုတိကောဋိမဗောဓယိ။

ယဒါ စ ပဒုမော ဗုဒ္ဓေါ၊ ဩဝဒိ သက မတြဇံ။
တဒါ အသီတိကောဋီနံ၊ တတိယာ ဘိသမယော အဟု–

ဟူ၍ ဟောတော်မူပြီ။

ဗုဒ္ဓေါ၊ ပဒုမ ဘုရားသည်။ ပဌမာဘိသမယေ၊ ရှေးဦးစွာ သစ္စာလေးပါး တရားကို သိစေရာ၌။ ကောဋိသတံ၊ ကုဋေတစ်ရာကို။ အဗောဓယိ၊ သိစေတော်မူပြီ။ မိရော၊ မြဲမြံ တည်ကြည်သော သမာဓိရှိသော ပဒုမဘုရားသည်။ ဒုတိယာဘိသမယေ၊ နှစ်ကြိမ်မြောက် သစ္စာလေးပါး တရားကို သိစေရာ၌။ နဝုတိကောဋိံ၊ ကုဋေ ကိုးဆယ်ကို။ အဗောဓယိ၊ သိစေတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ ပဒုမော၊ ပဒုမမည်သော။ ဗုဒ္ဓေါ၊ ဘုရားသည်။ သကံ အတြဇံ၊ ကိုယ်တော့်သားတော်ကို။ ဩဝဒိ၊ ဆုံးမတော်မူပြီ။ တဒါ၊ ထိုအခါ၌။ အသီတိကောဋီနံ၊ ကုဋေရှစ်ဆယ်တို့ကို။ တတိယော၊ သုံးကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါးတရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## ပဒုမ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

အကြင်အခါ သုဘာဝိတတ္တ မည်သော မင်းသည် ပဒုမ ဘုရားအထံတော်၌ ကုဋေတစ်သိန်း ခြံရံလျက် ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြု၏။ ထိုအစည်းအဝေး၌ မြတ်စွာဘုရားသည် ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော အစည်းအဝေးမည်၏။

ထိုအစည်းအဝေး၏ နောက်အဖို့၌ မုနိတကာတို့ထက် မြတ်တော်မူသော မဟာပဒုမ ဘုရားသည် ဥသဘဝတီမြို့ကို အမှီပြု၍ ဝါကပ်လေသည် ရှိသော် ပြည်သူပြည်သား လူအများတို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုကုန်သည်ဖြစ်၍ ဆည်းကပ်ကြကုန်သော် ထိုသူတို့အား တရားဟောတော်မူလျှင် ထိုအစည်းအဝေး၌ များစွာသော လူတို့သည် ကြည်ညိုသောစိတ်ရှိသည် ဖြစ်၍ ရဟန်းပြုကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့်တကွ တပါးသော ရဟန်း သုံးသိန်းတို့ကို သစ္စာလေးပါး တရားကို သိစေတော်မူ၍ ဝိသုဒ္ဓိ ပဝါရဏာကို ပြုတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက်သော အစည်းအဝေးတည်း။

ထိုအစည်းအဝေး၌ အကြင်သူတို့သည် ရဟန်းမပြုကြကုန်။ ထိုသူတို့သည် ကထိန်အကျိုးကို နာရ၍ အထွက် တစ်ရက်နေ့၌ ငါးလတို့ပတ်လုံး ငါးပါးသော အာနိသင် ရစေနိုင်သော ကထိန်သင်္ကန်းတို့ကို လှူကုန်၏။ ထို့နောက် ရဟန်းတို့သည် အဂ္ဂသာဝက တရားစစ်သူကြီး ဖြစ်သော ကျယ်သော ဉာဏ်ပညာရှိသော သာလ မထေရ်ကို ကထိန်ခင်းခြင်းငှါ တောင်းပန်၍ ကထိန်သင်္ကန်းကို မထေရ်အား လှူကုန်၏။ ထိုကထိန်သင်္ကန်းကို ချုပ်သော ရဟန်းတို့နှင့်တကွ မြတ်စွာဘုရားသည်ပင် အပ်နဖားထိုးတော်မူသော အားဖြင့် ကူညီအားထုတ် ပြုလုပ်တော်မူ၏။ ထိုကထိန်သင်္ကန်းချုပ်၍ ပြီးပြီးသော် မြတ်စွာဘုရားသည် သုံးသိန်းသော ရဟန်းတို့ဖြင့် ခြံရံလျက် ဒေသစာရီ ကြွချီတော်မူ၏။

ထိုဒုတိယအစည်းအဝေး နောက်ကာလ၌ ခြင်္သေ့၏ ရဲရင့်ခြင်းအလားရှိသောယောကျ်ား ခြင်္သေ့နှင့်တူသော, ဘုရားတည်းဟူသော ခြင်္သေ့မင်းသည် ဂေါသိင်္ဂဟု ဆိုအပ်သော အင်ကြင်းတောနှင့် တူသော, လွန်မြတ်သော ကောင်းသော အနံ့ ပန်းသစ်သီးတည်းရာ ညွတ်သော အခက်ရှိသည်ဖြစ်၍ ကြာနီ ကြာဖြူ တို့ဖြင့်ကောင်းစွာ တန်ဆာ ဆင်အပ်သော တောင်ခေါင်းရေအိုင်တို့၌ မြိန်မြတ်သော ရေကို ဆောင်ခြင်းဖြင့် ခြံရံအပ်သော, ဆတ် စာမရီ ခြင်္သေ့ ကျား ဆိတ် န္တားကျဲ ချေ စသော အထူးထူး အပြားပြားသော သားအပေါင်းတို့၏ သွားလာရာဖြစ်၍ကောင်းသောအနံ့ ရှိသော ပန်းနံ့တို့ဖြင့် ဖွဲ့အပ်သောနှလုံးရှိသည်ဖြစ်၍ ထက်ဝန်းကျင် ထိုမှဤမှ ပျံ့ဝဲ လူးလာသော ပိတုန်းတို့ တရှီးရှီးသာယာသော အသံကို ပြုလျက် ပိတုန်းမတို့ အစုစုပြုကာ သစ်သီး၏အရသာ၌ ဝမ်းမြောက်သော နှလုံးရှိကုန်သော ကျီးနှင့်တူသော သာယာသောအသံ ဥဩအပေါင်းတို့ဖြင့် တင့်တယ်ခြင်းရှိသည် ဖြစ်၍ အလွန်မွေ့လျော်ဖွယ် ဆိတ်ငြိမ်ခြင်း လူကင်းသောကြောင့် ကမ္ဘဋ္ဌာနံစီးဖြန်းခြင်းငှါ ထိုက်သော တောအုပ်ကြီး၌ ဝါကပ်တော်မူ၏။

ထိုအရပ်၌ နေသော လူတို့သည် အားဆယ်ပါးနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လာခြင်း ကောင်းသောကြောင့် ဘုရားအသရေတော်ဖြင့် တင့်တယ်စံပယ်တော်မူသော မြတ်စွာဘုရားကို မြင်လျှင် ကြည်လင်ဝမ်းမြောက်သော သူအများတို့ တရားတော်ကို နာရ၍ ဟေဘိက္ခု ခေါ်တော်မူ၍ ရဟန်း

ဖြစ်ကုန်၏။ထိုအခါ နှစ်သိန်းသော ရဟန်းတို့ ခြံရံအပ်သည်ဖြစ်၍ ပဝါရဏာ ပြုတော်မူ၏။ ထိုအစည်းအဝေးသည် သုံးကြိမ်မြောက်သော အစည်းအဝေး တည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ ပဒုမဿ မဟေသိနော။
ကောဋိသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။

ကထိနတ္ထာရသမယေ၊ ဥပ္ပန္နေ ကထိနစီဝရေ။
ဓမ္မသေနာပတိတ္ထာယ၊ ဘိက္ခူ သိဗ္ဗိံသု စီဝရံ။

တဒါ တေ ဝိမလာ ဘိက္ခူ၊ ဆဠဘိညာ မဟိဒ္ဓိကာ။
တီဏိ သတသဟဿာနိ၊ သမိံသု အပရာဇိတာ။

ပုနာပရံ သော နရာသဘော၊ ပဝနေ ဝါသံ ဥပါဂမိ။
တဒါ သမာဂမော အာသိ၊ ဒွိန္နံ သတသဟဿိနံ—

ဟူ၍ ဟောတော်မူပြီ။

ပဒုမဿ၊ ပဒုမအမည်တော်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ တယော သန္နိပါတာ၊ သုံးပါးသော အစည်းအဝေးတို့သည်။ အာသုံ၊ ရှိသည် ဖြစ်ကုန်၏။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ကထိနတ္ထာရသမယေ၊ ကထိန်ခင်းသော ကာလ၌။ ကထိနစီဝရေ၊ ကထိန်သင်္ကန်းသည်။ ဥပန္နေ၊ ဖြစ်လတ်သော်။ ဓမ္မသေနာပတိတ္ထာယ၊ တရားစစ်သူကြီးဖြစ်သော လက်ယာရံ မထေရ်၏ အကျိုးငှါ။ ဘိက္ခူ၊ ရဟန်းတို့သည်။ စီဝရံ၊ သင်္ကန်းကို။ သိဗ္ဗိံသု၊ ချုပ်ကြကုန်၏။

တဒါ၊ ထိုအခါ၌။ ဝိမလာ၊ အညစ်အကြေးကင်းကုန်သော။ ဆဠဘိညာ၊ ခြောက်ပါးသော အဘိညာဉ်ရှိကုန်သော။ မဟိဒ္ဓိကာ၊ တန်ခိုးကြီးကုန်သော။ အပရာဇိတာ၊ ရန်သူတို့ မအောင်နိုင်ကုန်သော။ တီဏိ သတသဟဿာနိ၊ သုံးသိန်းကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ သမိံသု၊သစ္စာလေးပါးတရားကို သိကုန်ပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးတုံ။ နရောသဘော၊ လူတို့ထက် မြတ်တော်မူသော။ သော၊ ထိုပဒုမဘုရားသည်။ ပဝနေ၊ တောအုပ်ကြီး၌။ ဝါသံ၊ ဝါသို။ ဥပါဂမိ၊ ကပ်တော်မူ၏။ တဒါ၊ ထိုအခါ၌။ ဒွိန္နံ သတသဟဿီနံ၊ နှစ်သိန်း ကုန်သော ရဟန်းတို့၏။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

---

ဂေါတ္တမဘုရားလောင်း ခြင်္သေ့မင်းဖြစ်စဉ် ပဒုမမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ပဒုမ မြတ်စွာဘုရားသည် တောအုပ်ကြီး၌ နေတော်မူသည် ရှိသော် ဂါတ္တမ ဘုရားလောင်းသည် ခြင်္သေ့မင်း ဖြစ်တော်မူ၍ ခုနစ်ရက် နိရောဓ သမာပတ် ဝင်စားတော်မူသော ပဒုမ မြတ်စွာဘုရားကို မြင်၍ ကြည်လင်သော စိတ်ရှိသည် ဖြစ်ရကား လက်ယာရစ် လည်သည်ကို ပြု၍ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ သုံးကြိမ်တိုင်တိုင် ခြင်္သေ့မင်း၏ အသံကို ဟောက်လျက် ဘုရားလျှင် အာရုံရှိသော ပီတိကို မစွန့်မူ၍ ပီတိဖြင့်သာ အစာ ရှာအံ့သောငှါ မသွားဘဲ အသက်ကို စွန့်လျက် ဆည်းကပ်တည်နေ၏။

ထိုအခါ ဘုရားမြတ်သည် ခုနစ်ရက် လွန်သဖြင့် နိရောဓ သမာပတ်မှ ထတော်မူ၍ လူတို့ထက် မြတ်သော ပဒုမဘုရားသည် အနီးရှိ ခြင်္သေ့မင်းကို မြင်လျှင် ကြည့်တော်မူ၍ "ရဟန်း သံဃာ၌လည်း ထိုခြင်္သေ့မြင်လျှင် ကြည်လင်သောစိတ် ဖြစ်စေသတည်း။ ရဟန်း သံဃာ ကြွလာစေသတည်း" ဟု ကြံတော်မူသော် ကုဋေမက များစွာသော ရဟန်းတို့ ကြွလာတော်မူလျှင် ခြင်္သေ့မင်းလည်း သံဃာတော်၌ စိတ်ကို ကြည်လင်စေပြီ။ ထိုအခါ ဘုရားမြတ်သည် ခြင်္သေ့မင်း၏ စိတ်ကိုကြည့်၍ "နောင်သောအခါ ဂေါတမ ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ သီဟော အာသိံ မိဂါဓိဘူ။
ပဝိဝေကမနုဗြူဟန္တံ၊ ပဝနေ အဒ္ဒသံ ဇိနံ။

ဝန္ဒိတွာ သိရသာ ပါဒေ၊ ကတွာန တံ ပဒက္ခိဏံ။
တိက္ခတ္တုံ အဘိနာဒိတွာ၊ သတ္တာဟံ ဇိနမုပဋ္ဌဟံ။

သတ္တာဟံ ဝရသမာပတ္တိယာ၊ ဝုဋ္ဌဟိတွာ တထာဂတော။
မနသာ စိန္တယိတွာန၊ ကောဋ္ဌိဘိက္ခူ သမာနယိ။

တဒါပိ သော မဟာဝီရော၊ တေသံ မဇ္ဈေ ဝိယာကရိ။
အပရိမေယျိတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ တေန သမယေန၊ ထိုပဒုမဘုရားလက်ထက်တော်အခါ၌။ မိဂါဓိဘူ၊ သားတကာတို့ကို အစိုးရသော။ သီဟော၊ ခြသေ့်မင်းသည်။ အာသိံ၊ ဖြစ်ပြီ။ ပဝိဝေကာ၊ နိရောဓသမာပတ်ကို။ အနုဗြူဟန္တံ သမာပန္နံ၊ ဝင်စားတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ပဝနေ၊ တောအုပ်၌။ ဒ ဒ္ဒသံ၊ ဖူးမြင်ရပြီ။

ဒိသွာ၊ မြင်သောကြောင့်။ သိရသာ၊ ဦးဖြင့်။ ပါဒေ၊ ခြေတော်တို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ တံ၊ ထိုပဒုမမြတ်စွာဘုရားကို။ ပဒက္ခိဏံ၊ လက်ယာရစ်သုံးပတ်လည်သည်ကို။ ကတွာန၊ ပြု၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ အဘိနန္ဒိတွာ၊ ခြသေ့်သံကိုပြု၍။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဇိနံ၊ မြတ်စွာဘုရားကို။ ဥပဋ္ဌဟံ၊ ခစားပြီ။

တထာဂတော၊ ပဒုမ ဘုရားသခင်သည်။ သတ္တာဟံ၊ ခုနစ်ရက်ကို။ အစ္စယေန၊ လွန်သဖြင့်။ ဝရသမာပတ္တိယာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဣမ၊ ဤအရပ်သို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဂစ္ဆန္တု၊ လာစေကုန်သတည်း။ ဣတိ၊ ဤသို့။ မနသာဝ၊ စိတ်တော်ဖြင့်သာလျှင်။ စိန္တယိတွာန၊ ကြံတော်မူ၍။ ကောဋ္ဌိဘိက္ခူ၊ တစ်ကုဋေသော ရဟန်းတို့ကို။ သမာနယိ၊ ဆောင်တော်မူပြီ။

တဒါပိ၊ ထိုအခါ၌လည်း။ မဟာဝီရော၊ ကြီးသော လုံ့လရှိတော်မူသော။ သော၊ ထိုပဒုမဘုရားသခင်သည်။ တေသံ၊ ထိုရဟန်းတို့၏။ မဇ္ဈေ၊ အလယ်၌။ အယံ၊ ဤခြသေ့်မင်းသည်ကား။ ဣတော၊ ဤကမ္ဘာမှ။ အပရိမေယေ၊ မရေ တွက်နိုင်သော။ ကပ္ပေ၊ ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သချေ၌ထက်၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဝိယာကရိ၊ ဗျာဒိတ်စကားကြားတော်မူ၏။

ပဓာနံ၊ လုံ့လကို။ ပဒဟိတွာန၊ အားထုတ်၍။ ဒုက္ကရကာရိကံ၊ သူတပါးတို့ ပြုနိုင်ခဲသောဒုက္ကရစရိယာကို။ ကတွာ၊ ပြု၍ ။လ။ ဣမံဣမဿ၊ ဤခြသေ့် မင်း၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကြကုန်၏။

တဿာပိ၊ ထိုပဒုမဘုရား၏လည်း။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘိယျော၊ လွန်စွာ။ စိတ္တံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်လင်စေပြီ။ ဥတ္တရိံ၊ လွန်စွာလျှင်။ ဝတံ၊ ဝီရိယကို။ ဒသပါရမိပူရိယာ၊ ပါရမီဆယ်ပါး ပြည့်စေ ခြင်းငှါ။ အဓိဋ္ဌာသိံ၊ ဆောက်တည်ပြီ။

---

## ပဒုမမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုပဒုမ မြတ်စွာဘုရား၏ မြို့တော်ကား စမ္ပကမည်၏။ အသမမည်သော မင်းကား ခမည်းတော်တည်း။ ထိုဘုရား၏မယ်တော်လည်း အသမာမည်၏။ သာလနှင့်ဥပသာလနှစ်ယောက်တို့ကား လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝက တပည့်မြတ်အစုံ ဖြစ်ကုန်၏။ အလုပ်အကျွေးကား ဝရုဏမည်၏။ ရာမာနှင့် သုရာမာ နှစ်ယောက်တို့ကား အဂ္ဂသာဝိကာ တပည့် မိန်းမမြတ်အစုံ ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား ကြောင်လျှာပင်တည်း။ ကိုယ်တော် အရပ်တော်ကား ငါးဆယ့်ရှစ်တောင် မြင့်၏။ အသက်တော်ကား အနှစ် တစ်သိန်းတည်း။ ထိုပဒုမဘုရားလောင်း၏ အဆင်း အစရှိသော ဂုဏ်တို့ဖြင့် အတုမရှိသော ဥတ္တရာ မင်းသမီးကား မိဖုရားကြီးတည်း။ အလွန်နှစ်သက် ခြင်းကို ဆောင်တတ်သော ရမ္မကုမာရကား သားတော်တည်း။

စမ္ပကံ နာမ နဂရံ၊ အသမော နာမ ခတ္တိယော။
အသမာ နာမ ဇနိကာ၊ ပဒုမဿ မဟေသိနော။

သာလော စ ဥပသာလော စ၊ အဟေသုံ အဂ္ဂသာဝကာ။
ဝရုဏော နာမုပဋ္ဌာကော၊ ပဒုမဿ မဟေသိနော။

ရာမာ စေဝ သုရာမာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ မဟာသောဏောတိ ဝုစ္စတိ။

ဘိယျော စေဝ အသမော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ရုစိ စ နန္ဒရာမာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အဋ္ဌပဏ္ဏာသရတနံ၊ အစ္စုဂ္ဂတော မဟာမုနိ။
ပဘာ နိဒ္ဓါဝတီ တဿ၊ အသမာ သဗ္ဗတော ဒိသာ။

စန္ဒပ္ပဘာ သူရိယပ္ပဘာ၊ ရတနဂ္ဂိမဏိပ္ပဘာ။
သဗ္ဗာပိ တာ ဟတာ ဟောန္တိ၊ ပတွာ ဇိနပဘုတ္တမံ။

ဝဿသတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ပရိပက္ကမာနသေ သတ္တေ၊ ဗောဓယိတွာ အသေသတော။
သေသကေ အနုသာသိတွာ၊ နိဗ္ဗုတော သော သသာဝကော။

ဥရဂေါဝ တစံ ဇိဏ္ဏံ၊ ဝဒ္ဓပတ္တံဝ ပါဒပေါ။
ဇဟိတွာ သဗ္ဗသင်္ခါရေ၊ နိဗ္ဗုတော သော ယထာ သိခီ—

ဟူ၍ ဟောတော်မူပြီ။

ပဒုမဿ၊ ပဒုမအမည်တော်ရှိသော။ မဟေသိနော၊ ဘုရားသခင်၏။ နဂရံ၊ ပြည်တော်သည်။ စမ္ပကံ နာမ၊ စမ္ပကမည်၏။ ခတ္တိယော၊ ခမည်းတော်မင်းသည်။ အသမောနာမ၊ အသမ မည်၏။ ဇနိကာ၊ မယ်တော်သည်။ အသမာ နာမ၊ အသမာမည်၏။

သာလော စ၊ သာလသည်းကောင်း။ ဥပသာလော စ၊ ဥပသာလ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊

တပည့်မြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ပဒုမသ၊ ပဒုမအမည်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ ရဟန်းအလုပ်အကျွေးသည်။ ဝရုဏော နာမ၊ ဝရုဏမည်၏။

ရာဓာ စေဝ၊ ရာဓာလည်းကောင်း။ သုရာဓာ စ၊ သုရာဓာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တဿ ဘဂဝတော၊ ထိုပဒုမဘုရားသခင်၏။ဗောဓိ၊ ပွင့်ရာသစ်ပင်ကို။ မဟာသောဏောတိ၊ ကြောင်လျှာပင်ကြီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိယျော စေဝ၊ ဘိယျဉပါသကာလည်းကောင်း။ အသမော စ၊ အသမဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေးဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ရုစိ စ၊ ရုစိလည်းကောင်း။ နန္ဒရာမာ စ၊ နန္ဒရာမာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

မဟာမုနိ၊ ရှင်ပင်ဘုရားသည်။ အဋ္ဌပဏ္ဏာသ ရတနံ၊ ငါးဆယ့်ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ သဗ္ဗတော၊ ခပ်သိမ်းသော။ ဒိသာ၊ အရပ်တို့သို့။ တဿ၊ ထိုပဒုမဘုရားသခင်၏။ အသမာ၊ အတုမရှိသော။ ပဘာ၊ ကိုယ်တော်ရောင်သည်။ နိဒ္ဓါဝတိ၊ ထွက်၏။

စန္ဒပ္ပဘာ၊ လရောင်သည်လည်းကောင်း။ သူရိယပ္ပဘာ၊ နေရောင်သည်လည်းကောင်း။ ရတနဂ္ဂိမဏိပ္ပဘာ၊ ရဘနာအရောင် မီးအရောင် ပတ္တမြားအရောင် တည်းဟူသော။ သဗ္ဗာပိ၊ ခပ်သိမ်းလည်း ဖြစ်ကုန်သော။ တာ၊ ထိုအရောင်တို့သည်။ ဥတ္တမံ၊ မြတ်သော။ ဇိနပ္ပဘံ၊ ဘုရားသခင် အရောင်တော်သို့။ ပတွာ၊ ရောက်၍။ ဟတာ၊ ပျောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တာဝဒေ၊ ထိုကာလ၌။ ဝဿသတသဟဿာနိ၊ အနှစ်တစ်သိန်းပတ်လုံး။ အာယု၊ အသက်တမ်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တာဝတာ၊ ထိုမျှလောက်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ တာရေသိ၊ ကယ်တင်တော်မူ၏။



ဘဒ္ဒဝဂ္ဂီ ညီနော်



ါးကိုပ် ရဟန်းပြုပုံ

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပရိပက္ကမာနသေ၊ ရင့်ပြီးသော ဣန္ဒြေရှိကုန်သော။ သတ္တေ၊ ဝေနေယျ သတ္တဝါတို့ကို။ အသေသတော၊ အကြွင်းမရှိသောအားဖြင့်။ ဗောဓယိတွာ၊ သစ္စာလေးပါးတရားကို သိစေတော်မူပြီး၍။ သေသကေ၊ ထိုမှကြွင်းသော အခြားသော သတ္တဝါအပေါင်းတို့ကို။ အနုသာသိတွာ၊ အစဉ်မပြတ် ဆုံးမတော်မူပြီး၍။ သသာဝကော၊ တပည့်သား သံဃာနှင့်တကွ။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုတော်မူ၏။

ဥရဂေါ၊ မြွေနဂါးသည်။ တစံ ဇိဏ္ဏံ၊ ဟောင်းပြီးသောအရေကို။ ဇဟာတိ ဣဝ၊ စွန့်သကဲ့သို့။ ပါဒပေါ၊ သစ်ပင်သည်။ ဝဒ္ဓပတ္တံ-ပုရာဏပဏ္ဏံ၊ သစ်ရွက်လျော်ကို။ ဇဟာတိ ဣဝ၊ စွန့်သကဲ့သို့။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သဗ္ဗသင်္ခါရေ၊ ခပ်သိမ်းသော သင်္ခါရတို့ကို။ ဇဟိတွာ၊ စွန့်တော်မူ၍။ ယထာ သိခီ၊ မီးစာကုန်သော မီးကဲ့သို့။ နိဗ္ဗုတော၊ ငြိမ်းတော်မူ၏။

ဤတွင်ရွှေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ရှစ်ခုတို့၏ ပြည့်ကြောင်း

ဖြစ်သော ပဒုမဘုရားအကြောင်းကား ပြီး၏။

---

# ၁၁-နာရဒ ဗုဒ္ဓဝံသ

## နာရဒ မြတ်စွာဘုရားအကြောင်းကို ပြခြင်း

ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး၍ သာသနာတော်လည်း ကွယ်ပျောက်လေသော် အနှစ်တစ်သိန်း အသက်ရှိသော လူတို့သည် အစဉ်သဖြင့် ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်ပြီးမှ တဖန် အသင်္ချေယျသို့ တက်၍ ဆုတ်ယုတ်ပြန်သော် အနှစ်ကိုးသောင်းတမ်းသို့ ရောက်ကုန်၏။ ထိုအခါ အားဆယ်ပါးနှင့် ပြည့်စုံတော်မူသည် ဖြစ်၍ လေးပါးသော ဝေသာရဇ္ဇဉာဏ်ကြောင့် ရဲရင့်ခြင်းရှိသော ဝိမုတ္တိ အရသာကို ဟောတော်မူတတ်, လူနတ်တို့ထက်မြတ်သော နာရဒအမည်ရှိသော မြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။

ထိုဘုရားလောင်းကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတို့ကို ဖြည့်၍ တုသိတာနတ်ပြည်၌ ဖြစ်၍ ထိုတုသိတာနတ်ပြည်မှ စုတေခဲ့သျှင် ဓညဝတီမည်သော မြို့၌ မိမိ ဝီရိယဖြင့် ရန်သူကို အောင်တတ်သော သုဒေဝ မင်းမျိုးဝယ် နှိုင်းရှည့်စရာ ဥပမာ မရှိသော အနောမာ မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ တည်တော်မူ၏။

ထိုဘုရားလောင်းသည် ဆယ်လကို လွန်သဖြင့် ဓနဥ္စယ ဥယျာဉ်၌ ဖွားမြင်တော်မူသော် အမည်မှည့်အံ့သောနေ့၌ အလုံးစုံသောဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သောလူတို့သည် သုံးဆောင်ခြင်းငှာ ခံ့ကုန်သည်ဖြစ်၍ လျောက်ပတ်ကုန်သော တန်ဆာတို့သည် ကောင်းကင်မှ ပဒေသာပင်မှ ကျကုန်၏ ကား ထိုဘုရားလောင်းသည် လူတို့အား သုံးဆောင်ခြင်းငှာ ထိုက်သော တန်ဆာတို့ကို ပေးတော်မူတတ်သော သတ္တိကြောင့် နာရဒဟူသောအမည်ကို မှည့်ကုန်၏။

ထိုဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး အိမ်ရာထောင်သော် လူ့ဘောင်၌ နေ၍ ဝိဇိတပြာသာဒ်, ဝိဇိတာဝီပြာသာဒ်, ဝိဇိတာဘိ-ရာမပြာသာဒ် သုံးဆောင်တို့သည် ဥတုသုံးပါးအား လျောက်ပတ်စွာ ဖြစ်ပေါ်လာကုန်၍ ထိုနာရဒသတို့သားအားလည်း အမျိုး သီလ အကျင့် အဆင်းနှင့်

ပြည့်စုံသည် ဖြစ်၍ လင်၏ စိတ်နှလုံးကို ယူကျုံးဘိသကဲ့သို့ ဝိဇိတသေနာ မည်သော အလွန်ဘုန်းရှိသော မင်းသမီးကို မိဖုရားကြီးပြုလျက် ထိုမိဖုရားကြီးကို အစပြု၍ တစ်သိန်းနှစ်သောင်းသော မိဖုရားတို့သည်လည်း ခြံရံလျက် စံပယ်ကာ နေတော်မူ၏။

ထိုအခါ ဝိဇိတသေနာမည်သော မိဖုရားကြီး၌ အလုံးစုံသော လူအပေါင်းတို့၏ နှစ်သက်ခြင်းကိုပြုတတ်သော နန္ဒုတ္တရ သတို့သားကို ဖွားမြင်သောနေ့ လေးပါးသော နိမိတ်တို့ကို မြင်တော်မူလျှင် များစွာသော စစ်သည်ဖြင့် ခြံရံအပ်သည်ဖြစ်၍ အထူးထူး အပြားပြား တပ်မက်ဖွယ် သိမ်မွေ့နူးညံ့သော မြတ်သောအဝတ် လည်၌ စွပ်အပ်သော ပုလဲသွယ် ပတ္တမြားနားတောင်း ခြေကျင်း မကိုဋ်အထွတ် မကိုဋ်တန်ဆာ ကောင်းသော အနံ့ရှိသော ပန်းနံ့သာတို့ဖြင့် ကောင်းစွာ တန်ဆာဆင်လျက် ခြေဖြင့်သာ ဥယျာဉ်တော်သို့ သွားလျက် အလုံးစုံသော တန်ဆာကို ချွတ်လျက် ဘဏ္ဍာစိုးလက်သို့ ပေးပြီးမှ အညစ်အကြေးကင်းစင်လျက် ကြာညိုသက်နှင့်တူသည်ဖြစ်၍ အလွန်သွေးအပ် တလျှပ်လျှပ်အရောင်ထွက်သော သန်လျက်ဖြင့် ဆန်းကြယ်သော မိမိသျှောင်ထုံးကို ဖြတ်တော်မူ၍ ကောင်းကင်သို့ ပစ်မြောက်၏။

ထိုဆံထုံးကိုလည်း သိကြားနတ်မင်းသည် ရွှေပန်းတောင်းဖြင့် ခံယူကာ တာဝတိံသာနတ်ပြည်သို့ ဆောင်လျက် သုံးယူဇနာ အစောက်မြင့်သော မြင်းမိုရ်တောင်ထိပ်၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသော စေတီကို တည်၏။ ယောကျ်ားမြတ်သည်လည်း နတ်တို့ ကပ်လှူအပ်သော သင်္ကန်းကို ဝတ်ရုံ၍ ထိုဥယျာဉ်၌ ရဟန်းပြုလေသော် ယောကျ်ားတစ်သိန်း တို့သည်လည်း ဘုရားလောင်းသို့ အတူလိုက်၍ ရဟန်းပြုကြကုန်၏။

ဘုရားလောင်းသည်လည်း ခုနစ်ရက်ပတ်လုံး ထိုအရပ်၌ပင်လျှင် ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့၌ ဝိဇိတသေနာမည်သော မိဖုရားကြီးသည် လှူအပ်သော နို့ဃနာကို ခံယူကာ ဘုဉ်းပေး၍ ထိုဥယျာဉ်၌ နေ့သန့်ခြင်းကို လွန်စေတော်မူပြီးမှ သုဒဿန ဥယျာဉ်စောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ခံတော်မူ၍ ကြောင်လျှာဗောဓိသို့ လက်ယာရစ် လည်သည်ကို ပြုလျက် ငါးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်း၍ နေပြီးမှ မာရ်မင်းဗိုလ်ပါကို ဖျက်ဆီး၍ ညဉ့်

သုံးယာမ်ပက်လုံး သုံးပါးသော ဝိဇ္ဇာကို ဖြစ်စေလျက် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူသည် "အနေကဇာတိသံသာရံ ။ပ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာဖြင့် ဥဒါန်းစကား ကျူးရင့်တော်မူ၏။

---

## နာရဒမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုနောက်မှ ဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေ၍ ဗြဟ္မာမင်းသည် တရားဟောရန် တောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ ဓနဥယျာဉ်၌ ကိုယ်တော်နှင့် အတူတကွ ရဟန်းပြုကြသော တစ်သိန်းသော ရဟန်းတို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ ထိုဥယျာဉ်၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေတစ်သိန်းသော သူတို့ သစ္စာလေးပါး တရားကို သိကြကုန်၏။ ထို့ကြောင့်—

ပဒုမဿ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
နာရဒေါ နာမ နာမေန၊ အသမော အပ္ပဋိပုဂ္ဂလော။

သော ဗုဒ္ဓေါ စက္ကဝတ္တိဿ၊ ဇေဋ္ဌော ဒယိတဩရသော။
အာမုက္ကမာလာဘရဏော၊ ဥယျာနံ ဥပသင်္ကမိ။

တတ္ထာသိ ရုက္ခော ယသဝိပုလော၊ အဘိရူပေါ ဗြဟာ သုစိ။
တမဇ္ဈုပ္ပတ္တာ ဥပနိသီဒိ၊ မဟာဒေါဏဿ ဟေဋ္ဌတော။

တတ္ထ ဉာဏဝရုပ္ပဇ္ဇိ၊ အနန္တံ ဝဇိရူပမံ။
တေန ဝိစိနိ သင်္ခါရေ၊ ဥက္ကုဇ္ဇမဝကုဇ္ဇကံ။

တတ္ထ သဗ္ဗကိလေသာနိ၊ အသေသ မဘိဝါဟယိ။
ပါပုဏိ ကေဝလံ ဗောဓိံ၊ ဗုဒ္ဓဉာဏေ စ စုဒ္ဒသ။

ပါပုဏိတွာန သမ္ဗောဓိံ၊ ဓမ္မစက္ကံ ပဝတ္တယိ။
ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ပဒုမဿ၊ ပဒုမဘုရား၏။ အပရေန၊ နောက် ကာလ၌။ အသမော၊ အတုလည်း မရှိထသော။ အပ္ပဋိပုဂ္ဂလော၊ တုဖက်ကင်းသော ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူထသော။ ဒွိပဒုတ္တမော၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်တော်မူထသော။ နာမေန၊ အမည်အားဖြင့်။ နာရဒေါ နာမ၊ နာရဒအမည်ရှိတော်မူထသော။ သမ္ဗုဒ္ဓေါ၊ ဘုရားသခင်သည်။ လောကေ၊ လောက၌။ ဥဒပါဒိ၊ ထင်ရှားဖွင့်တော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ စက္ကဝတ္တိဿ၊ စကြာမင်း၏။ ဇေဋ္ဌော-ပုဇ္ဇော၊ ရှေးဦးစွာ ဖွားသော။ ဒယိတ ပြသော၊ လှန်စွာချစ်ခင် ရွှေရင်တော်နှစ် သားတော်ဇစ် ဖြစ်ထသော။ အာမုက္ကမာလာဘရဏော၊ ပုလဲသွယ် ပတ္တမြား နားတောင်း ဦးသျှောင် မကိုဋ် သရဖူ တန်ဆာလည်း ဆင်ထသော။ သော ဗုဒ္ဓေါ၊ ထိုနာရဒဘုရားသခင်သည်။ ဥယျာနံ ဝနဠူ ဥယျာဉ်တောသို့လည်း။ ဥပသင်္ကမိ၊ ကပ်လေ၏။

တတ္ထာပိ၊ ထိုဥယျာဉ်၌လည်း။ အဘိရူပေါ၊ လူနတ်တို့၏ မျက်စိအရသာ တည်ရာလည်းဖြစ်ထသော။ တနည်းကား၊ နတ်တို့၏ ပင်လယ်ကသစ်နှင့် တူထသော။ သုစိ၊ စင်ကြယ်စွာထသော။ ပသာဝိပုလော၊ ခပ်သိမ်းသော အရပ်၌ ထင်ရှားကျော်စောထသော။ ဝါ၊ ကျော်စောသတင်း ပြန့်ပြောခြင်း ရှိထသော။ မြဟာ၊ ကြီးကျယ်စွာထသော။ ရက္ခော၊ ကြောင်လျှာနိပင်သည်။ အာသိ၊ ရှိသည်ဖြစ်ပြီ။ တံ မဋ္ဌ၊ ထိုဥယျာဉ်အလယ်သို့။ ပတွာ၊ ရောက်၍။ မဟာသောဏဿ၊ ကြောင်လျှာပင်၏။ ဟေဋ္ဌတော၊ အောက်၌။ ဥပနိသီဒိ၊ နေတော်မူ၏။

တတ္ထ၊ ထိုကြောင်လျှာပင်အောက်၌။ အနန္တံ၊ မနိုင်းရှည့်အင်ထသော။ ဝဇိရူပမံ၊ ဝဇိရစိန်နှင့်အတူ အလွန်ထက်စွာထသော။ ဉာဏဝရံ၊ အနိစ္စာ-နုပဿနာ စသော ဝိပဿနာ ဉာဏ်တော်သည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပြီ။ တေန၊ ထိုဝိပဿနာ ဉာဏ်တော်ဖြင့်။ သင်္ခါရေ၊ ရုပ်စသော သင်္ခါရတရားတို့ကို။ ဥက္ကုဋ္ဌမဝကုဋ္ဌကာ၊ လှန်ကာ မှောက်ကာ။ ဝိစိနိ၊ ဆင်ခြင်တော်မူပြီ။

တတ္ထ၊ ထိုကြောင်လျှာပင်၌။ သဗ္ဗကိလေသာနိ-သဗ္ဗကိလေသေ၊ ခပ်သိမ်းသော ကိလေသာတို့ကို။ အသေသံ-နိရဝသေသံ၊ အကြွင်းမဲ့။ အဘိဝါဟယိ၊ ပယ်ဖြတ်ပြီ။ ကေဝလံ၊ စင်စစ်။ ဗောဓိ စ၊ အရဟတ္တမဂ်သို့လည်းကောင်း။

စုဒ္ဒသ၊ တစ်ဆယ့်လေးပါးကုန်သော။ ဗုဒ္ဓဉာဏေ စ၊ ဘုရားဉာဏ်တော်တို့သို့ လည်းကောင်း။ ပါပုဏိ၊ ရောက်တော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သော ဘာဝါ၊ ထိုနာရဒ ဘုရားသခင်သည်။ ယဒါ၊အကြင်အခါ၌။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာန၊ ရောက်၍။ ဓမ္မစက္ကံ၊ ဓမ္မစကြာ ဒေသနာတော်ကို။ ပဝတ္တယိ၊ ဟောတော်မူပြီ။ တဒါ၊ ထိုအခါ၌။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းတို့အား။ ပဌမာဘိ-သမယော၊ ရှေးဦးစွာ တရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ဤသို့လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ပြဟ္မာမင်းတောင်းပန်ခြင်းကို ဝန်ခံတော်မူလျက် မနဥ္စယဥယျာဉ်၌ ကိုယ်တော်နှင့် အတူတကွ ရဟန်းပြုကြကုန်သော တစ်သိန်းသော ရဟန်းတို့ကို အဦးပြု၍ ဓမ္မစကြာ တရားကို ဟောတော်မူ၏။ ထိုအခါ ကုဋေတစ်သိန်းသော ရဟန်းတို့သည် သစ္စာလေးပါးတရားကို သိကြကုန်၏။

## နာရဒမြတ်စွာဘုရား ဒေါဏနဂါးမင်းကို ဆုံးမခြင်း

ထို့နောက် မဟာဒေါဏမြို့၌ ဒေါဏမည်သော နဂါးမင်းသည် ဂင်္ဂါနား၌ နေသတတ်။ တန်ခိုးအာနုဘော်ကြီး၏။ လူအများတို့ အရိုအသေ အလေးအမြတ်ပြုအပ်၏။ မြတ်နိုးအပ် ပူဇော်အပ်၏။ ထိုနဂါးမင်းသည် ထိုအရပ်ဇနပုဒ်၌ နေသော လူတို့နဂါးမင်းအား ဗလိနတ်စာကို မပြုကုန်သောကြောင့် ထိုသူတို့အရပ်ကို မိုးမရွာသဖြင့် လည်းကောင်း, အလွန်မိုးရွာသဖြင့် လည်းကောင်း, ကျောက်စရစ်မိုး ရွာသဖြင့်လည်းကောင်း, မြှောရွာမိုး ရွာသဖြင့်လည်းကောင်း ဖျက်ဆီး၏။

ထိုအခါ ရှုချင်ဖွယ်ရှိသော နာရဒမြတ်စွာဘုရားသည် ဒေါဏနဂါးအား ဆုံးမခြင်းဖြင့် များစွာသော သတ္တဝါတို့၏ ဥပနိဿယကို မြင်တော်မူ၍ များစွာသော ရဟန်းသံဃာ ခြံရံအပ်သည် ဖြစ်၍ ထိုနဂါး၏ နေရာသို့ ကြွတော်မူ၏။ လူတို့လည်း ဘုရားမြတ်ကို မြင်လျှင် ဤသို့ ဆိုကုန်၏။ ဤအရပ်၌ ပြင်းသောအဆိပ် ထက်သော အာနုဘော်ရှိသော နဂါးမင်းသည် နေ၏။ ထိုနဂါးသည် ဘုရားမြတ်အား မညှဉ်းဆဲစေခြင်းငှာ မသွားပါမည့်အကြောင်းနှင့် တောင်းပန်ကြကုန်၏။

မြတ်စွာဘုရားသည်လည်း ထိုသူတို့စကားကို မကြားသကဲ့သို့ ကြွပေဟ် မူသော် ထိုအရပ်၌ နဂါးမင်းအား အရှိအသေပြုခြင်းအကျိုးငှာ လွန်စွာ မွေးကြိုင်သော ပန်းမွှေ့ရာအခင်း၌ နေတော်မူလျှင် လူအပေါင်းတို့လည်း "နာရဒမည်သော မြတ်စွာဘုရားနှင့် ဒေါဏမည်သော နဂါးမင်းတို့၏ အချင်းချင်း စစ်ထိုးခြင်းကို မြင်ရကုန်အံ့"ဟု စည်းဝေးကြကုန်၏။

ထိုအခါ မြွေနဂါးသည် ထိုသို့သော အခြင်းအရာအားဖြင့် နေသော ဘုရားတည်းဟူသော နဂါးမင်ကို မြင်၍ အမျက်ကို သည်းမခံနိုင်ရကား ထင်ရှားသောကိုယ်ရှိသည် ဖြစ်၍ အခိုးလွှတ်၏။ အားဆယ်ပါးနှင့် ပြည့်စုံ တော်မူသော နာရဒမြတ်စွာဘုရားသည်လည်း အခိုးလွှတ်တော်မူ၏။ တဖန် နဂါးမင်းသည် အလျှံလွှတ်ပြန်၏။ ရဟန်းဖြစ်တော်မူသော မြတ်စွာဘုရား သည်လည်း အလျှံကို လွှတ်တော်မူ၏။

ထိုအခါ နဂါးမင်းသည် ဘုရားမြတ်၏ ကိုယ်တော်မှ ထွက်သော အခိုး အလျှံတို့ကြောင့် အလွန်ပင်ပန်းသော ကိုယ်ရှိသည် ဖြစ်ရကား ဆင်းရဲခြင်းကို သည်းမခံနိုင်သည် ဖြစ်၍ အဆိပ်အဟုန်ဖြင့် ဘုရားမြတ်ကို သတ်တော့ အံ့ဟု အဆိပ်ကို လွှတ်သော် အဆိပ်အဟုန်ဖြင့် အလုံးစုံသော ဇမ္ဗူဒီပါ ကျွန်းသည် ပျက်ရာ၏။ ထိုသို့ပြင်းသော်လည်း ဤအဆိပ်ကား မြတ်စွာဘုရာ ကိုယ်တော်၌ မွေးတွင်းတစ်ချောင်းကိုမျှလည်း လှုပ်စေခြင်းငှာ မတတ်နိုင်။

ထိုအခါ နဂါးမင်းသည် "ရဟန်းကြီး ဖြစ်ခြင်းကား အသို့နည်း"ဟု ကြည့်သည် ရှိသော် တန်ဆောင်မုန်းလအခါ နေမင်းကဲ့သို့ လည်းကောင်း, လပြည့်ဝန်းကဲ့သို့ လည်းကောင်း ခြောက်သွယ်သော ဘုရားရောင်ခြည်တော် တို့ဖြင့် ထောက်ပသော မြတ်စွာဘုရားကို မြင်၍ "ဤရဟန်းကြီးကား အံ့ဖွယ်ရှိစွ၊ တန်ခိုးကြီးစွ၊ ငါကား ကိုယ်တော်၏အစွမ်းကို မသိခြင်းကြောင့် ပြစ်မှားမိချေပြီ"ဟု ကြံ၍ မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။

ထိုအခါ နာရဒမြတ်စွာဘုရားသည် နဂါးမင်းကို ဆုံးမတော်မူ၍ ထိုအရပ်၌ စည်းဝေးလာသော လူအပေါင်း၏ စိတ်ကြည်လင်စေခြင်းငှာ အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၏။ ထိုအခါ ကုဋေ ကိုးသောင်းသော သတ္တဝါတို့ အရဟတ္တဖိုလ်၌ တည်ကုန်၏။ ဤသည်ကား နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

**မဟာဒေါဏံ နာဂရာဇံ၊ ဝိနယန္တော မဟာမုနိ။**
**ပါဠိဟေရံ တဒါကာသိ၊ ဒဿယန္တော သဒေဝကေ။**

**တဒါ ဒေဝမနုဿာနံ၊ တမှိ ဓမ္မပ္ပကာသနေ။**
**နဝုတိကောဋိသဟဿာနိ၊ တရိံသု သမ္ဘသံသယံ—**

ဟူ၍ ဟောတော်မူပြီ။

**တဒါ၊** ထိုအခါ၌။ မဟာမုနိ၊ နာရဒ ဘုရားသခင်သည်။ **မဟာဒေါဏံ နာဂရာဇံ၊** မဟာဒေါဏမည်သော နဂါးမင်းကို။ ဝိနယန္တော၊ **ဆုံးမတော်မူ၍။** **သဒေဝကေ၊** နတ်နှင့် တကွသော။ လောကေ၊ လောက၌။ ဒဿယန္တော၊ ပြတော်မူလျက်။ ပါဠိဟေရံ၊ တန်ခိုးပြာဋိဟာကို။ အကာသိ၊ ပြုတော်မူ၏။

**တဒါ၊** ထိုအခါ၌။ ဒေဝမနုဿာနံ၊ နတ်လူတို့အား။ တမှိ ဓမ္မပ္ပကာသနေ၊ **ထိုတရားဒေသနာတော်ကို** ပြည့်ဆန်တော် မူရာ၌။ နဝုတိကောဋိသဟဿာနိ၊ **ကုဋေကိုးသောင်းသော** သူတို့သည်။ သမ္ဘသံသယံ၊ ခပ်သိမ်းသော ယုံမှားခြင်းကို။ တရိံသု-အတိက္ကမိံသု၊ လွန်ကုန်ပြီ။

**အကြင်အခါ** နာရဒ မြတ်စွာဘုရား၏ **သားဖြစ်သော နန္ဒုတ္တရမင်းသားကို ဆုံးမတော်မူ၏။** ထိုအခါ **ကုဋေရှစ်သောင်းသော** သတ္တဝါတို့သည် **သစ္စာလေးပါးတရားကို** သိကြကုန်၏။ ထို့ကြောင့်—

ယမှိ ကာလေ မဟာဝီရော၊ ဩဝဒီ သကမတြဇံ။
အသီတိကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ယမှိ ကာလေ၊ အကြင်အခါ၌။ မဟာဝီရော၊ ကြီးသော လုံ့လရှိသော နာရဒဘုရားသည်။ သကမတြဇံ၊ ကိုယ်တော်၏ရင်၌ ဖြစ်သောသားတော်ကို။ ဝါ၊ နန္ဒုတ္တရကို။ ဩဝဒိ၊ ဆုံးမတော်မူပြီ။ အသီတိကောဋိသဟဿာနံ၊ ကုဋေရှစ်သောင်းတို့အား။ တတိယာဘိသမယော၊ သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## နာရဒမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

အကြင်အခါ မြတ်စွာဘုရားသည် ဖုလ္လကောဋ္ဌိတမြို့၌ သီတင်းသုံးတော်မူစဉ် ဘဒ္ဒသာလနှင့် ဇိတမိတ္တ အဆွေခင်ပွန်း ပုဏ္ဏားနှစ်ယောက်တို့ အမြိုက်နိဗ္ဗာန်တည်းဟူသော ရွှေပြည်ကို ရှာကုန်သည် ရှိသော် ပရိသတ်အလယ်၌ အလွန်ရဲရင့်စွာနေသော မြတ်စွာဘုရားကို မြင်ကုန်၏။ ထိုအဆွေခင်ပွန်း ပုဏ္ဏားနှစ်ယောက်တို့သည် ဘုရားကိုယ်တော်မြတ်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတော်ကြီးတို့ကို မြင်၍ "ဤသူကား လောက၌ ဝဋ္ဋတည်းဟူသော အမိုးကို ဖျက်ချိုးတတ်သော ဘုရားတည်း" ဟု ဆုံးဖြတ်ခြင်းသို့ရောက်၍ မြတ်စွာဘုရား၌ဖြစ်သော သဒ္ဓါခြင်းရှိသည် ဖြစ်၍ အခြံအရံနှင့် တကွ မြတ်စွာဘုရား အထံတော်၌ ရဟန်း ပြုကြကုန်၏။ ထိုသူတို့ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်သည် ရှိသော် မြတ်စွာဘုရားသည် ကုဋေ တစ်သိန်းသော ရဟန်းတို့အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ထို အစည်းအဝေးသည် ရှေးဦးစွာသော အစည်းအဝေးတည်း။ ထို့ကြောင့်—

> သန္နိပါတာ တယော အာသုံ၊ နာရဒဿ မဟေသိနော။
> ကောဋ္ဌိသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော—

ဟူ၍ ဟောတော်မူပြီ။

မဟေသိနော၊ သီလ စသော ကျေးဇူးကို ရှာမှီးတော် မူပြီးသော။ နာရဒဿ၊ နာရဒ ဘုရားမြတ်၏။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ တယော၊ သုံးပါးတို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ ကောဋ္ဌိသတ-သဟဿာနံ၊ ကုဋေတစ်သိန်းတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်၏။

အကြင်အခါ နာရဒ မြတ်စွာဘုရားသည် ဆွေတော် မျိုးတော်တို့ အစည်းအဝေး၌ ကိုယ်တော် ဘုရားဆုကို တောင်းသည်မှ စ၍ ဗုဒ္ဓဝင်ကို ဟောတော်မူ၏။ ထိုအခါ၌ ကုဋေကိုးသောင်းသော ရဟန်းတို့ အစည်း အဝေးသည် ဖြစ်၏။ ထို့ကြောင့်—

ယဒါ ဗုဒ္ဓေါ ဗုဒ္ဓဂုဏံ၊ သနိဒါနံ ပကာသယိ။
နဝုတိကောဋိသဟဿာနိ၊ သမိံသု ဝိမလာ တဒါ–

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ ဗုဒ္ဓေါ၊ နာရဒဘုရားမြတ်သည်။ သနိဒါနံ၊ နိဒါန်းနှင့်တကွသော။ ဗုဒ္ဓဂုဏံ၊ ဘုရားကျေးဇူးကို။ ပကာသယိ၊ ပြတော်မူပြီ။ တဒါ၊ ထိုအခါ၌။ ဝိမလာ၊ ဝိမလာနံ၊ ကင်းသော အညစ်အကြေး ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏။ နဝုတိကောဋိသဟဿာနိ၊ ကုဋေ ကိုးသောင်းတို့သည်။ သမိံသု၊ သစ္စာလေးပါးတရားကို သိကုန်ပြီ။

အကြင်အခါ မဟာဒေါဏ မည်သော နဂါးမင်းကို ဆုံးမခြင်း၌ ကြည်ညိုသော ဝေရောစန နဂါးမင်းသည် ဂင်္ဂါမြစ် အနီး၌ သုံးဂါဝုတ် ပမာဏရှိသော ရတနာ ခုနစ်ပါးဖြင့် ပြီးသော မဏ္ဍပ်ကို ဖန်ဆင်း၍ အခြံအရံနှင့်တကွ မြတ်စွာဘုရားကို ထိုမဏ္ဍပ်၌ နေစေလျက် အခြံအရံနှင့် တကွ ခပ်သိမ်းသော ဇနပုဒ်ခနသူ လူအပေါင်းကို မိမိ အလှူ ဇရပ်မဏ္ဍပ်ကို ကြည့်ရှုစေခြင်းငှါ ပင့်ဖိတ်၍ အထူးထူးအပြားပြားသောတန်ဆာကို ဆောင်လျက် နဂါးကချေသည် အတီးအမှုတ်တို့ကို စည်းဝေးစေ၍ ခြိမ့်ခြိမ့် သဲသဲ ပူဇော်ပွဲတို့ဖြင့် အခြံအရံ သံဃာနှင့်တကွသော မြတ်စွာဘုရားအား အလှူကြီးကို ပေး၏။

ဆွမ်းစားပြီးသောအဆုံး၌ မြတ်စွာဘုရားသည် ကြီးစွာသောဂင်္ဂါမြစ်သို့ သက်သကဲ့သို့ အနုမောဒနာကို ပြုတော်မူ၏။ ထိုအခါ ဆွမ်းအနုမောဒနာ ပြုသည် ရှိသော် တရားကို နာရ၍ ကြည်ညိုသော စိတ်ဖြင့် ရဟန်းပြု ကုန်သော ရှစ်သန်းသော ရဟန်းတို့၏ အလယ်၌ ပါတိမောက်ကို ပြတော် မူ၏။ ထိုအစည်းအဝေးသည် သုံးကြိမ်မြောက်သော အစည်းအဝေး ဖြစ်၏။ ထို့ကြောင့်–

ယဒါ ဝေရောစနော နာဂေါ၊ ဒါနံ ဒဒါတိ သတ္ထုနော။
တဒါ သမိံသု ဇိနပုတ္တာ၊ အသီတိသတသဟဿိယော–

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ အကြောင်အခါ၌။ သဗ္ဗညုနော၊ နာရဒဘုရားမြတ်အား။ ဝေရောစနော၊ ဝေရောစနမည်သော။ နာဂေါ၊ နဂါးမင်းသည်။ ဒါနံ၊ အလှူကို။ ဒဒါတိ၊ ပေးလှူ၏။ တဒါ၊ထိုအခါ၌။ အသီတိသတသဟဿိယော၊ ရှစ်သန်းကုန်သော။ ဇိနပုတ္တာ၊ ဘုရားသားတော်တို့သည်။ သမိံသု၊ သစ္စာလေးပါး တရားကို သိကုန်၏။

---

## ငါတို့ဘုရားလောင်း ရသေ့ဖြစ်စဉ် နာရဒမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ၌ ငါတို့ဘုရားအလောင်းသည် ရသေ့ ရဟန်းပြု၍ ဟိမဝန္တာ တောင်ယံ၌ သင်္ခမ်းကျောင်းဖန်ဆင်း၍ ငါးပါးသော အဘိညဉ်တို့၌လည်း ကောင်း, ရှစ်အင်သော သမာပတ်တို့၌လည်းကောင်း လေ့လာအပ်သော ဝသီဘော်ရှိသည် ဖြစ်၍ နေတော်မူ၏။ ထိုအခါ ဘုရားလောင်း၌ အစဉ် သနားတော်မူသဖြင့် နာရဒမြတ်စွာဘုရားသည် ကုဋေရှစ်ဆယ်သော ရဟန္တာ ကုဋေတစ်ရာသော အနာဂါမိဖိုလ်၌ တည်သော ဥပါသကာတို့ ခြံရံအပ်သည် ဖြစ်၍ ထိုရသေ့ သင်္ခမ်းသို့ ကြွတော်မူ၏။

ရသေ့သည်လည်း မြတ်စွာဘုရားကို မြင်လျှင် ဝမ်းမြောက်သောစိတ် ရှိသည် ဖြစ်၍ အခြံအရံနှင့်တကွသော မြတ်စွာဘုရား၏ နေရာတော် အကျိုးငှါ ကျောင်းသင်္ခမ်းကို ဖန်ဆင်း၍ အလုံးစုံသော ညဉ့်သုံးယာမ်ပတ်လုံး ဘုရားကျေးဇူးတော်ကို လျှောက်ကြား၍ မြတ်စွာဘုရား တရားစကားကို နာရလျှင် မိုးသောက်သောနေ့ မြောက်ကျွန်းသို့ သွား၍ မြောက်ကျွန်းမှ အာဟာရတို့ကို ဆောင်ခဲ့ပြီးလျှင် အခြံအရံနှင့်တကွသော မြတ်စွာဘုရားအား အလှူကြီးကို ပေး၏။

ဤအတူ ခုနစ်ရက်တို့ ပတ်လုံး အလှူကြီးကို ပေးပြီး၍ ဟိမဝန္တာမှ အဖိုးအတိုင်းမသိ ထိုက်သော စန္ဒကူးနီကို ဆောင်ယူခဲ့၍ ထိုစန္ဒကူးနီဖြင့် မြတ်စွာဘုရားကို ပူဇော်သော အခါ၌ ဘုရားလောင်းကို နတ်လူအပေါင်း ခြံရံအပ်သော မြတ်စွာဘုရားသည် တရားစကား ဟောကြားတော်မူ၍ " နောင်သောအခါ ဂေါတမဘုရား ဖြစ်လတ္တံ့ " ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ ဇဋ္ဌိလော ဉဂ္ဂတာပနော။
အန္တလိက္ခစရော အာသိံ၊ ပဥ္စာဘိညာသု ပါရဂူ။

တဒါပါဟံ အသမသမံ၊ သသံဃံ သပရိဇ္ဇနံ။
အန္နပါနေန တပ္ပေတွာ၊ စန္ဒနေနာဘိပူဇယိံ။

သောပိ မံ တဒါ ဗျာကာသိ၊ နာရဒေါ လောကနာယကော။
အပရိမေယျိတော ကပ္ပေ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော ဟာသေတွ မာနသံ။
အဓိဋ္ဌဟိံ ဝတံ ဉဂ္ဂံ၊ ဒသပါရမိပူရိယာ—ဟု

ဟူ၍ ဟောတော်မူပြီ။

**သာရိပုတ္တ၊** သာရိပုတ္တရာ။ တေန သမယေန၊ ထိုနာရဒ ဘုရားသခင် လက်ထက်တော်၌။ အဟံ၊ ငါဘုရားသည်။ ဉဂ္ဂတာပနော၊ ထက်သန်သော အကျင့်လည်း ရှိထသော။ ဇဋ္ဌိလော၊ ဆံကျစ်ဦးသျှောင်ထုံးထသော။ အန္တလိက္ခစရော၊ ကောင်းကင်ခရီးဖြင့် သွားလေ့ရှိထသော။ ပဥ္စာဘိညာသု၊ ငါးပါးသောအဘိညာဉ်တို့၌။ ပါရဂူ၊ ကမ်းတစ်ဖက်သို့ ရောက်တော်မူထသော။ ဣသိ၊ ရသေ့သည်။ အာသိံ၊ ဖြစ်ပြီ။

**တဒါပိ၊** ထိုရသေ့ဖြစ်သောအခါ၌လည်း။ အဟံ၊ ငါဘုရားသည်။ သသံဃံ၊ သံဃာတော်နှင့်တကွသော။ သပရိဇ္ဇနံ၊ အခြံအရံ အနာဂါမ် ဉပါသကာနှင့် တကွသော။ အသမသမံ၊ အတုမရှိသော ဘုရားတို့နှင့်သာ တူတော်မူ သာ နာရဒဘုရားသခင်ကို။ အန္နပါနေန၊ ဆွမ်းအဖျော်ဖြင့်။ တပ္ပေတွာ၊ ရောင့်ရဲ စေ၍။ စန္ဒနေန၊ အဖိုးများစွာထိုက်သော စန္ဒကူးနီဖြင့်။ အဘိပူဇယိံ၊ ပူဇော်ပြီ။

**တဒါ၊** ထိုအခါ၌။ နာရဒေါ၊ နာရဒအမည်တော်ရှိသော။ သော လောကနာယကော၊ ထိုဘုရားသည်။ မံ၊ ငါ့ကို။ အယံ၊ ဤရသေ့သည်။ ဣတော၊ ဤကမ္ဘာမှ။ အပရိမေယျေ၊ မနှိုင်းရှည့်နိုင်သော။ ကပ္ပေ၊ ကမ္ဘာ၌။ လောကေ၊ လောက၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူ၏။

ပဓာနံ၊ လုံ့လကို။ ပဒဟိတွာန၊ အားထုတ်၍ ။လ။ ဤမံ-ဤမသာ၊ ဤရသော့၏။ သမ္ဗုခ်၊ မျက်မှောက်တော်၌။ ပဟသာမ၊ ဖြစ်ရပါလိုကုန်၏။ ဤတိ၊ ဤသို့။ ပတ္ထေန္တ၊ တောင့်တကြကုန်၏။

တဿာပိ၊ ထိုနာရဒ မြတ်စွာဘုရား၏လည်း။ ဝစနံ၊ စကားတော်ကို။ သုတွာ၊ ကြား၍။ ဘိယျော၊ လွန်စွာ။ မာနသံ၊ စိတ်ကို။ ဟာသေတွာ၊ ရွှင်စေ၍။ ဒသပါရမီပူရိယာ၊ ပါရမီဆယ်ပါး ပြည့်စေခြင်းငှာ။ ဥဂ္ဂံ၊ ထက်မြက်သော။ ဝတံ၊ ဘုရားဖြစ်အံ့သော ကျင့်ဝတ်၌ လုံ့လကို။ အဓိဋ္ဌဟံ၊ ဆောက်တည်ပြီ။

---

## နာရဒမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြဆိုခြင်း

နာရဒမည်သော မြတ်စွာဘုရား၏ ပြည်တော်ကား **ဓညဝတီမည်**၏။ သုဒေဝမည်သောမင်းကား ခမည်းတော်ဖြစ်၏။ မယ်တော်ကား **အနောမာ** မည်၏။ ဘဒ္ဒသာလနှင့် ဇိတမိတ္တ နှစ်ယောက်တို့ကား လက်ယာရံ **လက်ဝဲရံ** အဂ္ဂသာဝက တပည့် အစုံ ဖြစ်ကုန်၏။ အလုပ်အကျွေးကား **ဝါသေဋ္ဌ** မည်၏။ ဥတ္တရာနှင့် ဖဂ္ဂုနီ နှစ်ယောက်တို့ကား အဂ္ဂသာဝိကာ တပည့် မိန်းမမြတ်အစုံ ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား ကြောင်လျှာပင်ကြီးတည်း။ ကိုယ်တော်အရပ်တော်ကား ရှစ်ဆယ့်ရှစ်တောင်မြင့်၏။ ထိုနာရဒ ဘုရား၏ ကိုယ်တော်ရောင်ကား အမြဲတစ်ယူဇနာတိုင်တိုင် နှံ့၏။ **အသက်တော်ကား** အနှစ်ကိုးသောင်း ရှည်၏။ ထိုနာရဒ ဘုရားလောင်း၏ **မိဖုရားကြီးကား** ဝိဇိတသေနာမည်၏။ သားတော်ကား နန္ဒုတ္တရတည်း။ ဝိဇိတပြာသာဒ်, ဝိဇိတာဝီပြာသာဒ်, ဝိဇိတာဘိရာမပြာသာဒ်ဟူ၍ ပြာသာဒ် **သုံးဆောင်ရှိ၏။** အနှစ်ကိုးထောင်တို့ပတ်လုံး အိမ်ရာထောင်သော လူတို့ဘောင်၌ **နေကုန်၏။** ခြေကျင်ဖြင့်သာ တောထွက်တော်မူ၏။ ထို့ကြောင့်—

နဂရံ ဓညဝတိ နာမ၊ သုဒေဝေါ နာမ ခတ္တိယော။
အနောမာ နာမ ဇနိကာ၊ နာရဒဿ မဟေသိနော။

**ဘဒ္ဒသာလော ဇိတမိတ္တော၊ အဟေသုံ အဂ္ဂသာဝကာ။**
**ဝါသေဋ္ဌော နာမုပဋ္ဌာကော၊ နာရဒဿ မဟေသိနော။**

ဥတ္တရာ ဖဂ္ဂုနီ စေဝ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ မဟာသောဏောတိ ဝုစ္စတိ။

ဥဂ္ဂရိန္ဒော ဝသဘော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ဣန္ဒာဝရီ စ ဝဏ္ဏီ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အဋ္ဌာသီတိရတနာနိ၊ အစ္စုဂ္ဂတော မဟာမုနိ။
ကဉ္စနဂ္ဃိယသင်္ကာသော၊ ဒသသဟဿီ ဝိရောစတိ။

တဿ ဗျာမပ္ပဘာ ကာယာ၊ နိဒ္ဓါဝတိ ဒိသောဒိသံ။
နိရန္တရံ ဒိဝါ ရတ္တိံ၊ ယောဇနံ ဖရတေ သဒါ။

န ကေစိ တေန သမယေန၊ သမန္တာ ယောဇနေ ဇနာ။
ဥက္ကာပဒီပေ ဥဇ္ဇာလေန္တိ၊ ဗုဒ္ဓရံသီဟိ ဩတ္ထဋာ။

နဝုတိဝဿသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ယထာပိ ဥဒဓိုဟိ ဂဂနံ၊ ဝိစိတ္တံ ဥပသောဘတိ။
တထေဝ သာသနံ တဿ၊ အရဟန္တေဟိ သောဘတိ။

သံသာရသောတံ တရဏာယ၊ သေသကေ ပဋိပန္နကေ။
ဓမ္မသေတုံ ဒဠှံ ကတွာ၊ နိဗ္ဗုတော သော နရာသဘော။

သောပိ ဗုဒ္ဓေါ အသမသမော၊ တေပိ ခီဏာသဝါ အတုလတေဇာ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

နာရဒဿ၊ နာရဒအမည်တော်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ နဂရံ၊ ပြည်တော်သည်။ ဓညဝတီ နာမ၊ ဓညဝတီမည်၏။ ခတ္တိယော၊ အဘမင်းသည်။ သုဒေဝေါ နာမ၊ သုဒေဝမည်၏။ ဇနိကာ၊ အမိရင်းသည်။ အနောမာ နာမ၊ အနောမာမည်၏။

ဘဒ္ဒသာလော၊ ဘဒ္ဒသာလလည်းကောင်း။ ဇိတမိတ္တော၊ ဇိတမိတ္တလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ နာရဒဿ၊ နာရဒအမည်

တော်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးတော်သည်။ ဝါသေဋ္ဌော နာမ၊ ဝါသေဋ္ဌမည်၏။

ဥတ္တရာ စ၊ ဥတ္တရာလည်းကောင်း။ ဖဂ္ဂုနီ စ၊ ဖဂ္ဂုနီလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ် အစုံတို့သည်။ အဟေသုံ၊ ရှိသည်ဖြစ်ကုန်၏။ တဿ ဘဂဝတော၊ ထိုနာရဒမြတ်စွာဘုရား၏။ ဗောဓိ၊ ပွင့်တော်မူရာသစ်ပင်ကို။ မဟာသောဏာတိ၊ ကြောင်လျှာပင်ကြီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥဂ္ဂရိန္ဒော၊ ဥဂ္ဂရိန္ဒဥပါသကာလည်းကောင်း။ ဝသဘော၊ ဝသဘဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေးဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ဣန္ဒာဝရီ စ၊ ဣန္ဒာဝရီလည်းကောင်း။ ဝဏ္ဏီ စ၊ ဝဏ္ဏီလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

မဟာမုနိ၊ နာရဒ ဘုရားသခင်သည်။ အဋ္ဌာသီတိရတနာနိ၊ ရှစ်ဆယ့်ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ ကဥ္စနဂ္ဃိယသင်္ကာသော၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေဖြင့် ပြီးသော ပူဇော်ဖွယ်ရာ တန်ဆိုတိုင်နှင့်တူသော အဆင်းတော်၏ တင့်တယ်ခြင်းသည်။ ဝါ၊ ရွှေရောင် မီးရောင်နှင့်တူသော တင့်တယ်ခြင်းသည်။ ဒသသဟဿီ၊ တစ်သောင်းသော လောကဓာတ်၌။ ဝိရောစတိ၊ တင့်တယ်တော်မူပြီ။

တဿ၊ ထိုနာရဒ ဘုရား၏။ ကာယာ၊ ကိုယ်တော်မှ။ ဗျာမပ္ပဘာ-ဗျာမပ္ပဘာ ဝိယ၊ ငါတို့ဘုရားကိုယ်တော်၌ တစ်လံမျှအရောင်ကဲ့သို့။ ဒိသော-ဒိသံ၊ အရပ်ထက်ဝန်းကျင်၌။ နိရန္တရံ၊ မပြတ်။ နိဒ္ဓါဝတိ၊ ထွက်၏။ သဒါ၊ အခါခပ်သိမ်း။ ဒိဝါရတ္တိံ၊ နေ့ညဥ့်ပတ်လုံး။ ယောဇနံ၊ တစ်ယူဇနာကို။ ဖရတေ၊ နှံ့၏။

တေန သမယေန၊ ထိုအခါ၌။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ယောဇနေ၊ တစ်ယူဇနာ အတွင်း၌။ ကေစိ ဇနာ၊ အချို့သော လူတို့သည်။ ဥက္ကာပဒီပေ၊ မီးရှူးဆီမီးတိုင်တို့ကို။ န ဥဇ္ဇာလေန္တိ၊ မထွန်းကုန်။ ကသ္မာ၊ အဘယ့်ကြောင့်။ န ဥဇ္ဇာလေန္တိ-န ပဇ္ဇာလေန္တိ၊ မထွန်းမညှိကုန်သနည်းဟူမူကား။ ဗုဒ္ဓရံသီဟိ ဘုရားသခင် ရောင်ခြည်တော်တို့ဖြင့်။ ဩတ္ထဋ္ဌာ၊ ထွန်းလင်းသည်၏ အဖြစ်ကြောင့်။ န ဥဇ္ဇာလေန္တိ၊ မထွန်းမညှိကုန်။

တာဝ်ဒေ၊ ထိုအခါ၌။ နဝုဟိဝဿသဟဿာနိ၊ အနှစ်ကိုးသောင်းတို့ ပတ်လုံး။ အာယု၊ အသက်တမ်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တာဝတာ၊ ထိုရွေ့လောက်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗဟုံ မျာ:စွာသော။ ဇနတံ၊ လူအပေါင်းကို။ တာရေသိ၊ ကယ်တင်တော်မူပြီ။

ဂဂနံ၊ ကောင်းကင်သည်။ ဝိစိတ္တံ၊ ဆန်းကြယ်စွာ။ ဥဋ္ဌုဟိ၊ နက္ခတ်တာရာကြယ်တို့ဖြင့်။ ဥပသောဘတိ ယထာ၊ တင့်တယ်သကဲ့သို့။ တထေဝ၊ ထို့အတူရင်းလျှင်။ တဿ၊ ထိုနာရဒ ဘုရားသခင်၏။ သာသနံ၊ သာသနာတော်သည်။ အရဟန္တေဟိ၊ ရဟန္တာသျှ်ဖြင့်။ ဝိစိတ္တံ၊ ဆန်းကြယ်စွာ။ သောဘတိ၊ တင့်တယ်ပြီ။

သေသကေ၊ ရဟန္တာမှ ကြွင်းကုန်သော။ ပဋိပန္နကေ၊ ပုထုဇဉ်နှင့်တကွသော သေက္ခပုဂ္ဂိုလ်တို့ကို။ သံသာရသောတံ၊ သံသရာတည်းဟူသော မဟာသမုဒ္ဒရာကို။ တရဏာယ၊ ကူးစိမ့်သောငှာ။ ဓမ္မသေတုံ၊ မဂ်တည်းဟူသော တံတားကို။ ဒဠှံ၊ မြဲစွာ။ ကတွာ၊ ပြု၍။ နရာသဘော၊ လူနတ်တို့ထက် အာသဘ မြောက်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။

အသမသမော၊ အတုမရှိသော ရှေးဘုရားနှင့်သာ တူတော်မူသော။ သောပိ ဗုဒ္ဓေါ၊ ထိုဘုရားသည် လည်းကောင်း။ အတုလတေဇာ၊ အတုမရှိသော တန်ခိုးအာနုဘော်လည်း ရှိကုန်သော။ တေပိ ခီဏာသဝါ၊ ထိုရဟန္တာတို့သည်သည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ခဲ့ပြီ။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသော သင်္ခါရတို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဝေ၊ အချည်းနှီးတို့သာလျှင်တည်း။

ဤတွင်ရွှေကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ကိုးခုတို့၏
ပြည့်ကြောင်းဖြစ်သော နာရဒမြတ်စွာဘုရား
အကြောင်းကား ပြီး၏။

# ၁၂-ပဒုမုတ္တရ ဗုဒ္ဓဝံသ

## ပဒုမုတ္တရမြတ်စွာဘုရားအကြောင်းကို ပြခြင်း

နာရဒမြတ်စွာဘုရား သာသနာတော် အနှစ်ကိုးသောင်း ကာလပတ်လုံး တည်တော်မူပြီးမှ ကွယ်ပျောက်သော် ထိုကမ္ဘာသည်လည်း ကွယ်ပျောက်လေရကား နာရဒ ဘုရားသခင် ပွင့်သော ကမ္ဘာမှနောက် အသင်္ချေယျ ကပ်ပတ်လုံး လောက၌ ဘုရားမပွင့် သုညကမ္ဘာ ဖြစ်၏။ ထို့နောက် ကမ္ဘာအသင်္ချေ လွန်သည် ရှိသော် ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်၌ မာရ်ငါးပါးကို အောင်တော်မူသည် ဖြစ်၍ ချအပ်သော ခန္ဓာဝန်ရှိသော, မြင်းမိုရ်တောင်ကဲ့သို့ အနှစ်သာရရှိသော, ယုံမှားခြင်း ကင်းပျောက်တော်မူပြီးသည် ဖြစ်၍ သတ္တဝါတို့ အနှစ်သဖွယ်ဖြစ်သော,လောကကို လွန်မြောက်တော်မူပြီးသော ပဒုမုတ္တရ မြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။

ထိုပဒုမုတ္တရ ဘုရားသည်လည်း ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်လျှင် ထိုတုသိတာ နတ်ပြည်မှ စုတေခဲ့၍ ဟံသဝတီမင်းနေပြည်တော်ကြီး၌ အလုံးစုံသော လူအပေါင်းကို နှစ်သက်စေတတ်သော အာနန္ဒာမည်သော မင်း၏ မိဖုရားကြီးဖြစ်သော, သုဇာတာအမည်ရှိသော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၏။

ထိုမိဖုရားကြီးသည်လည်း နတ်တို့ ပြုအပ်သော စောင့်ရှောက်ခြင်း ရှိသည် ဖြစ်၍ ဆယ်လကို လွန်သဖြင့် ဟံသဝတီ ဥယျာဉ်၌ ပဒုမုတ္တရ သတို့သားကို ဖွားမြင်တော်မူ၏။ ထိုပဒုမုတ္တရ သတို့သား ပဋိသန္ဓေယူသော ကာလ, ဖွားသောကာလတို့မှာ အောက် ဒီပင်္ကရာ မြတ်စွာဘုရား၌ ဆိုအပ်ပြီးသော နည်းဖြင့် တန်ခိုးပြာဋိဟာတို့သည် ဖြစ်ကုန်၏။ ထိုပဒုမုတ္တရ ဘုရားလောင်း ဖွားမြင်သောကာလ ကြာပဒုမ္မာမိုးရွာ၏။ ထို့ကြောင့် သတို့သားကို အမည်မှည့်သော နေ့၌ ဆွေမျိုးတို့သည် ပဒုမုတ္တရဟူသော အမည်ကို မှည့်ကြကုန်၏။

ထိုပဒုမုတ္တရ ဘုရားလောင်းသည် အနှစ် တစ်သောင်းတို့ ပတ်လုံး ရွှေနန်းတော်၌ နေ၍ နရဝါဟနမည်သော ပြာသာဒ်, ယသဝါဟနမည်သော ပြာသာဒ်, ဝသဝတ္တိမည်သော ဥတုသုံးပါးအား လျောက်ပတ်သော ပြာသာဒ် သုံးဆောင်တို့သည် ဖြစ်ကုန်၏။ ဝသုဒတ္တာ မိဖုရား အမှူးရှိကုန်သော မောင်းမပေါင်း တစ်သိန်းနှစ်သောင်းတို့သည် ခြံရံအပ်ကုန်၏။ ထိုဘုရား လောင်းကား ဝသုဒတ္တာမိဖုရား၌ အလုံးစုံသော ဂုဏ်တို့ဖြင့် မြတ်သော ဥတ္တရ သတို့သားကို ဖွားမြင်သည်ရှိသော် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်အံ့ဟု ကြံသော ခဏ၌ ဝသဝတ္တိမည်သော ပြာသာဒ်သည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်၍ ကောင်းကင်သို့ ပျံတက်ပြီးမှ နတ်ဗိမာန် ကဲ့သို့လည်းကောင်း, လပြည့်ဝန်းကဲ့သို့ လည်းကောင်း ကောင်းကင်ဖြင့် သွား၍ ဗောဓိပင်ကို အလယ်ပြုလျက် သောဘိတဗုဒ္ဓဝင်၌ လာသကဲ့သို့ မြေသို့သက်၏။

ယောကျ်ားမြတ်သည်လည်း ပြာသာဒ်မှ ဆင်းသက်၍ အရဟတ္တဖိုလ်၏ တံခွန်သဖွယ် ဖြစ်၍ ဖြစ်သော နတ်ပြဟ္မာတို့ ပေးအပ်သော ဖန်ရည် စွန်းသော အဝတ်သင်္ကန်းကို ဝတ်ရုံတော်မူ၍ ထိုအရပ်၌လျှင် ရဟန်း ပြုတော်မူလေ၏။ ပြာသာဒ်သည်လည်း တဖန် ပျံလတ်၍ မိမိနေရာအရပ်၌ သာလျှင် တည်၏။ ဘုရားလောင်းနှင့် အတူတကွသော ပရိသတ်တို့သည် မိန်းမတို့ကို ထား၍ ရဟန်းပြုကုန်၏။

ဘုရားလောင်းသည်လည်း ထိုရဟန်းတို့နှင့် အတူတကွ ခုနစ်ရက် ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ ဥဇ္ဇေနနိဂုံး၌ ရုစာနန္ဒ သေဋ္ဌေးသမီးသည် လှူအပ်သော ကောင်းမွန်လှစွာ နို့ဃနာကို ဘုဉ်းပေးတော်မူ၍ အင်ကြင်းတော၌ နေ့နေခြင်းကို လွန်စေပြီးမှ ညချမ်း သောအခါ သုမိတ္တမည်သော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ် တို့ကို ယူတော်မူ၍ ထင်းရှူးဗောဓိသို့ ကပ်လျက် လက်ယာရစ် လည်သည်ကို မူ၍ သုံးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်းတော်မူလျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်တော်မူ၍ မာရ်စစ်သည်ဗိုလ်ပါကို ဖျက်ဆီးလျက် ပဌမ ယာမ်၌ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တော်မူ၍ ဒုတိယ ယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်၍ တတိယယာမ်၌ ပဋိစ္စ သမုပ္ပါဒ်

ဒေသနာကို ဆင်ခြင်သုံးသပ်ကာ အာနာပါနစတုတ္ထဈာန်မှ ထ၍ ခန္ဓာငါးပါးတို့ကို နှလုံးသွင်းလျက် ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းအားဖြင့် အမျိုးငါးဆယ်သော လက္ခဏာတို့ကို မြင်တော်မူ၍ ဂေါတြဘုဉာဏ်တိုင်အောင် ဝိပဿနာကို ပွါးစေ၍ အရိယာမဂ်ဖြင့် အလုံးစုံသော ဘုရားကျေးဇူးတို့ကို သိ၍ ဘုရားဖြစ်တော်မူလျှင် "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။ ထိုပဒုမုတ္တရ မြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူသောအခါ၌ အလုံးစုံ တစ်သောင်းသော စကြဝဠာ အတွင်းကို တန်ဆာဆင်လေဘိသကဲ့သို့ ကြာပဒုမ္မာမိုး ရွာ၏။ ထို့ကြောင့်—

နာရဒဿ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
ပဒုမုတ္တရော နာမ ဇိနော၊ အက္ခောဘော သာဂရူပမော။
မဏ္ဍကပ္ပေါဝ သော အာသိ၊ ယမှိ ဗုဒ္ဓေါ အဇာယထ။
ဥဿန္နကုသလာ ဇနတာ၊ တမှိ ကပ္ပေ အဇာယထ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ နာရဒဿ၊ နာရဒမြတ်စွာဘုရား၏။ အပရေန၊ တပါးသော အခါ၌။ သာဂရူပမော၊ သမုဒ္ဒရာလျှင် ဥပမာရှိထသော (သမုဒ္ဒရာနှင့်တူသော နက်နဲခြင်းအဖြစ်လည်း ရှိတော်မူထသောလည်းဟူ)။ အက္ခောဘော၊ တုန်လှုပ်စိမ့်သောငှါ မတတ်နိုင်ထသော။ ဒွိပဒုတ္တမော၊ လူနတ်ပြဟ္မာ သတ္တဝါတို့ထက် မြတ်တော်မူထသော။ ဇိနော၊ မာရ်ငါးပါးကို အောင်တော်မူပြီးထသော။ ပဒုမုတ္တရော နာမ၊ ပဒုမုတ္တရ အမည်တော်ရှိသော။ သမ္ဗုဒ္ဓေါ၊ ဘုရားမြတ်သည်။ လောကေ၊ လောကသုံးပါး၌။ ဥပ္ပဇ္ဇိ၊ ထင်ရှား ပွင့်တော်မူပြီ။

ယမှိ ကပ္ပေ၊ အကြင်သာရကပ်၌။ ဗုဒ္ဓေါ၊ ပဒုမုတ္တရဘုရားသည်။ အဇာယထ၊ ဖြစ်တော်မူပြီ။ သော ကပ္ပေါ၊ ထိုသာရကပ်သည်။ ဂုဏသမ္ပတ္တိယာ၊ ဂုဏ်နှင့် ပြည့်စုံခြင်းကြောင့်။ မဏ္ဍကပ္ပေါဝ၊ မဏ္ဍကပ်နှင့် တူသည်။ အာသိ ဖြစ်ပြီ။ တမှိ ကပ္ပေ၊ ထိုမဏ္ဍကပ်နှင့်တူသော သာရကပ်၌။ ဥဿန္နကုသလာ၊ ဆည်းပူးအပ်ပြီးသော ကုသိုလ်ကောင်းမှုရှိသော။ ဇနတာ၊ လူအပေါင်းသည်။ အဇာယထ၊ ဖြစ်ပြီ။

## ပဒုမုတ္တရ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

အလုံးစုံသော လောကကို လွန်မြောက်တော် မူပြီးသော ပဒုမုတ္တရ မြတ်စွာဘုရားသည် ပြဟ္မာမင်းတောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ တရား ဟောခြင်းငှာ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်သည် ရှိသော် မိထိလာ ပြည်၌ ဒေဝလနှင့် သုဇာတ မင်းသားနှစ်ယောက်တို့ ဥပနိဿယနှင့် ပြည့်စုံ သည်ကို မြင်တော်မူ၍ ထိုခဏ၌ လေတို့၏ သွားရာ ကောင်းကင်ခရီးဖြင့် ကြွတော်မူကာ မိထိလာဥယျာဉ်၌ သက်တော်မူလျက် ဥယျာဉ်စောင့်အား မင်းသားနှစ်ယောက်တို့ကို ခေါ်စေ၏။

ထိုမင်းသားနှစ်ယောက်တို့သည်လည်း ငါတို့အရီး သားတော်ဖြစ်သော ပဒုမုတ္တရ သတို့သားသည် ရဟန်းပြု၍ သဗ္ဗညုတဉာဏ်သို့ ရောက်သဖြင့် ငါတို့ပြည်သို့ ရောက်လာ၏။ ယခုအခါ ငါတို့သည် ဖူးမြင်ခြင်းငှာ ကပ်တော့ အံ့”ဟု အခြံအရံနှင့်တကွ ပဒုမုတ္တရ မြတ်စွာဘုရားအထံသို့ ကပ်၍ ခြံရံကာ နေကြကုန်၏။ ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် မင်းသား စသော လူတို့ဖြင့် ခြံရံလျက် ကြယ်အပေါင်း ခြံရံအပ်သော လမင်းကဲ့သို့ တင့်တယ် တော်မူသည် ဖြစ်၍ ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။ ထိုအခါ ရှေးဦးစွာ ကုဋေတစ်သိန်းသော သတ္တဝါတို့ သစ္စာလေးပါးတရားကို သိကုန်၏။ ထို့ကြောင့်—

> ပဒုမုတ္တရသော ဘဂဝတော၊ ပဌမေ ဓမ္မဒေသနေ။
> ကောဋိသတသဟဿာနံ၊ ဓမ္မာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ပဒုမုတ္တရဿ၊ ပဒုမုတ္တရ မည်သော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပဌမေ၊ ရှေးဦးစွာသော။ ဓမ္မဒေသနေ၊ တရားကို ဟောတော်မူရာ၌။ ကောဋိ-သတသဟဿာနံ၊ ကုဋေတစ်သိန်းတို့၏။ ဓမ္မာဘိသမယော၊ သစ္စာလေးပါး တရားကို သိခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ထိုပဌမ အစည်းအဝေး နောက်ကာလ၌ သရဒ ရှင်ရသေ့ အစည်း အဝေးဝယ် လူအပေါင်းကို ငရဲ၏ ပူပန်ခြင်း ငရဲဖြင့် ခြိမ်းခြောက်ခြင်းဖြင့် ထိတ်လန့်စေ၍ တရားကို ဟောတော်မူလျက် ခုနစ်သန်း အရေအတွက် ရှိသော သတ္တဝါ အပေါင်းတို့အား တရား တည်းဟူသော အမြိုက်ကို

တိုက်ကျွေးတော်မူ၏။ ထိုအစည်းအဝေးကား နှစ်ကြိမ်မြောက်သစ္စာလေးပါး တရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

တတော ပရမ္ပိ ဝဿန္တေ၊ တပ္ပယန္တေ စ ပါဏိနော။
သတ္တတိသတသဟဿာနံ၊ ဒုတိယာဘိသမယော အဟု –

ဟူ၍ ဟောတော်မူပြီ။

တတော၊ ထို့နောင်မှ။ အပရမ္ပိ၊ တပါးလည်း။ သရဒတာပသသမာဂမေ၊ သရဒရသေ့အစည်းအဝေး၌။ ပါဏိနော၊ သတ္တဝါတို့ကို။ တပ္ပယန္တေ၊ တရားဖြင့် ရောင့်ရဲစေသည် ရှိသော်။ ဝဿန္တေ၊ တရားတည်းဟူသော မိုးကို ရွာစေတော်မူသည်ရှိသော်။ သတ္တတိသတသဟဿာနံ၊ ခုနစ်သန်းသော သူတို့၏။ ဒုတိယာဘိသမယော၊ နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အကြင်အခါ အာနန္ဒာ မည်သော မင်းကြီးသည် နှစ်သောင်းသော ယောကျ်ား, နှစ်ကျိပ်သော အမတ်တို့နှင့်တကွ မိမိမြို့သို့ ကြွလာပါမည် အကြောင်းနှင့် ပဒုမုတ္တရ မြတ်စွာဘုရား အထံတော်သို့ စေလွှတ်လိုက်၏။ ပဒုမုတ္တရမြတ်စွာဘုရားသည်လည်း ထိုအလုံးစုံသော သူတို့ကို ဟေ့ဘိက္ခု ခေါ်တော်မူ၍ ရဟန်းပြုပြီးမှ ထိုရဟန်းတို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ ကြွတော်မူသော် ခမည်းတော်ကို ထောက်ပံ့ခြင်းငှာ ဟံသဝတီ မင်းနေပြည်ကြီး၌ နေတော်မူ၏။

ထိုပဒုမုတ္တရ မြတ်စွာဘုရားသည်လည်း ငါတို့ ဂေါတမ လောကသေဋ္ဌနင်း တရားမင်းဘုရားသည် ကပိလဝတ် နေပြည်တော်သို့ ကြွတော်မူ၍ ကောင်းကင်ပြင် ရတနာစင်္ကြံ၌ စင်္ကြံ ကြွတော်မူလျက် ဗုဒ္ဓဝင်ဒေသနာတော်ကြီးကို ဟောတော်မူသကဲ့သို့ ကောင်းကင်ပြင် ရတနာစင်္ကြံ၌ စင်္ကြံ ကြွတော်မူလျက် ဗုဒ္ဓဝင်ဒေသနာတော်ကြီးကို ဟောတော်မူ၏၊ ထိုအခါ ငါးသန်းသော သူတို့ သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိကြကုန်၏။ ထို့ကြောင့်—

ယမှိ ကာလေ မဟာဝီရော၊ အာနန္ဒံ ဥပသင်္ကမိ။
ပိတု သန္တိကံ ဥပဂန္တွာ၊ အာဟနိ အမတဒုန္ဒုဘိံ॥

အာဟတေ အမတဘေရိမှိ၊ ဝဿန္တော ဓမ္မဝုဋ္ဌိယော။
ပညာသသတသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ယမ္ဟိ ကာလေ၊ အကြင်အခါ၌။ မဟာဝီရော၊ မြတ်စွာဘုရားသည်။ အာနန္ဒံ၊ ခမည်းတော်အာနန္ဒာမင်းသို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ပိတု၊ ခမည်းတော်မင်း၏။ သန္တိကံ၊ အထံသို့။ ဥပဂန္တွာ၊ ကပ်တော်မူ၍။ အမတဒုန္ဒုဘိံ၊ အမြိုက်နိဗ္ဗာန်တည်းဟူသော စည်ကြီးကို။ အာဟနိ၊ တီးတော်မူပြီ။

အမတဘေရိမှိ၊ အမြိုက်တရားတည်းဟူသော စည်ကြီးကို။ အာဟတေ၊ တီးတော်မူပြီးသော်။ ဓမ္မဝုဋ္ဌိယော၊ တရားတည်းဟူသော မိုးတို့ကို။ ဝဿန္တော၊ ရွာစေတော်မူလျက်။ ပညာသသတသဟဿာနံ၊ ငါးသန်းကုန်သောသူတို့၏။ တတိယာဘိသမယော၊ သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ယခုအခါ သစ္စာလေးပါးတရားကို လွန်စွာ သိခြင်း အကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည်——

သြဝါဒကော ဝိညာပကော၊ တာရကော သဗ္ဗပါဏိနံ။
ဒေသနာကုသလော ဗုဒ္ဓေါ၊ တာရေသိ ဇနတံ ဗဟုံ—

ဟူ၍ ဟော့တော်မူပြီ။

သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့အား။ သြဝါဒကော၊ သရဏဂုံ သီလ ဓုတင် ကျေးဇူးအာနိသင်ကို ချီးမွမ်းတော်မူသဖြင့် ဆုံးမတတ်၏။ ဝိညာပကော၊ လေးပါးသော သစ္စာကို သိစေတတ်၏။ တာရကော၊ သြဃ လေးပါးမှ ထုတ်ဆောင်တတ်၏။ ဒေသနာကုသလော၊ တရားဟောခြင်း၌ လိမ္မာတော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ တာရေသိ၊ ကယ်တင်တော်မူပြီ။

## ပဒုမုတ္တရ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

အကြင်အခါ ဘုရားမြတ်သည် မိထိလာပြည် မိထိလာ ဥယျာဉ်၌ ကုဋေတစ်သိန်းသော ရဟန်းတို့အလယ်၌ တပို့တွဲလပြည့်နေ့ လပြည့်ဝန်းနှင့်တူသော ရွှေမျက်နှာတော် ရှိတော်မူသော မြတ်စွာဘုရားသည် ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးကား ရှေးဦးစွာသော အစည်းအဝေးတည်း။ ထို့ကြောင့် —

သန္နိပါတာ တယော အာသုံ၊ ပဒုမုတ္တရဿ သတ္ထုနော။
ကောဋိသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။

ဟူ၍ ဟောတော်မူပြီ။

ပဒုမုတ္တရဿ သတ္ထုနော၊ ပဒုမုတ္တရဘုရားမြတ်၏။ တယော သန္နိပါတာ၊ သုံးပါးကုန်သော အစည်းအဝေးတို့သည်။ အာသုံ၊ ဖြစ်ကုန်၏။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

အကြင်အခါ မြတ်စွာဘုရားသည် ဝေဘာရ တောင်ထွတ်သို့ ဝင်၍ ကြည့်ခြင်း, ဝင်၍ နေခြင်းငှာ ရောက်လာသော လူအပေါင်းတို့ကို တရားဟောတော်မူသည်ရှိသော် ကုဋေကိုးသောင်းသော သူတို့သည် ဇေဟိဘိက္ခုရဟန်းဖြစ်ကြ၍ ထိုရဟန်းတို့ဖြင့် ခြံရံလျက် ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးကား နှစ်ကြိမ်မြောက်သော အစည်းအဝေး ဖြစ်၏။ ထို့ကြောင့်—

ယဒါ ဗုဒ္ဓေါ အသမသမော၊ ဝသိ ဝေဘာရပဗ္ဗတေ။
နဝုတိကောဋိသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော—

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ အသမသမော၊ ရှေးဘုရားတို့နှင့်တူတော်မူသော။ ဗုဒ္ဓေါ၊ ပဒုမုတ္တရ ဘုရားမြတ်သည်။ ဝေဘာရပဗ္ဗတေ၊ ဝေဘာရတောင်၌။ ဝသိ၊ သီတင်းသုံးနေတော်မူ၏။ တဒါ၊ ထိုအခါ၌။ နဝုတိကောဋိသဟဿာနံ၊ ကုဋေ ကိုးသောင်းသော သူတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

တဖန်လည်း ပဒုမုတ္တရ မြတ်စွာဘုရားသည် လူအပေါင်းကို သံသရာ အနှောင်အဖွဲ့မှ လွတ်ခြင်းကို ပြုတော်မူလျက် ဇနပုဒ်သို့ ဒေသစာရီ ကြွတော်မူသည်ရှိသော် ကုဋေ ရှစ်သေင်းသော ရဟန်းတို့ အစည်းအဝေးသည် ဖြစ်၏။ ထို့ကြောင့်—

> ပုန စာရိကံ ပက္ကန္တေ၊ ဂါမနိဂမရဋ္ဌတော။
> အသီတိကောဋိသဟဿာနံ၊ တတိယော အာသိ သမာဂမော—

ဟူ၍ ဟောတော်မူပြီ။

ပုန၊ တဖန်။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ဂါမနိဂမရဋ္ဌတော၊ ရွာ နိဂုံး မင်းနေပြည် နိုင်ငံမှ။ စာရိကံ၊ ဒေသစာရီကို။ ပက္ကန္တေ၊ ဖဲလေသည် ရှိသော်။ အသီတိကောဋိသဟဿာနံ၊ ကုဋေရှစ်သောင်းသော ရဟန်းတို့၏။ တတိယော၊ သုံးခုမြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

---

## ငါတို့ဘုရားလောင်း ဇဋိလမည်သော သေဌေးကြီးဖြစ်စဉ် ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းသည် ကုဋေမက များသော ဥစ္စာရှိသော *ဇဋိလသေဌေးကြီး ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား သင်္ကန်းနှင့်တကွ အလှူကြီးကို ပေး၏။ ပဒုမုတ္တရ မြတ်စွာဘုရားသည် သေဌေးကြီးအား ဆွမ်းအနုမောဒနာပြုသော အဆုံး၀ယ် "နောင်သောအခါ ကမ္ဘာတစ်သိန်းထက်၌ ဂေါတမအမည်တော်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

> အဟံ တေန သမယေန၊ ဇဋိလော နာမ ရဋ္ဌိကော။
> သမ္ဗုဒ္ဓပမုခံ သံဃံ၊ သဘတ္တံ ဒုဿမဒါသဟံ။
>
> သောပိ မံ တဒါ ဗျာကာသိ၊ သံဃမဇ္ဈေ နိသီဒိယ။
> သတသဟဿေ ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

---

* ဇဋိက-ဟူ၍ သီဟိုဠ်စာမူရှိသည်။

ပဓာနံ ပဒဟိတွာန ။လ။ ပဟာယာမ သမ္ဗုခါ လ္လမ်။
တဿာပိ ဝစနံ သုတွာ၊ ဥတ္တရိံ ဝတမဓိဋ္ဌဟိံ။
အကာသိမုဂ္ဂဒဋ္ဌံ မိတိံ၊ ဒသပါရမိပူရိယာ–
ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ တေန သမယေန၊ ထိုအခါ၌။ ရဋ္ဌိကော၊ တိုင်းကြီးပြည်မ၌ နေသော။ ဇဋ္ဌိလော နာမ၊ ဇဋ္ဌိလ မည်သော သူကြွယ်သည်။ အဟောသိံ၊ ဖြစ်ပြီ။ အဟံ၊ ငါသည်။ သမ္ဗုဒ္ဓ-ပမုခံ-ဗုဒ္ဓပမုခဿ၊ ဘုရားလျှင် အမှူးရှိသော။ သံဃံ-သံဃဿ၊ သံဃာတော်အား။ သဘတ္တံ ဒုဿံ၊ ဆွမ်းနှင့်တကွသော သက်နိုးအစုံကို။ အဒါသိံ၊ လှူပြီ။

တဒါ၊ ထိုအခါ၌။ သောပိ ဗုဒ္ဓေါ၊ ထိုဘုရားသခင်သည်လည်း။ သံဃ-မဇ္ဈေ၊ သံဃာတော်အလယ်၌။ နိသီဒိယ၊ နေတော်မူ၍။ လ္လတော၊ ဤကမ္ဘာမှ။ သတသဟဿေ ကပ္ပေ၊ ကမ္ဘာတစ်သိန်း အထက်၌။ အယံ၊ ဤသူကြွယ်သည်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။ လ္လတိ၊ ဤသို့။ မံ၊ ငါ့ကို။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူ၏။

ပဓာနံ၊ ကမ္မဋ္ဌာန်းကို။ ပဒဟိတွာန၊ လုံ့လပြု၍ ။လ။ လ္လမံ-လ္လမဿ၊ ဤသူကြွယ်၏။ သမ္ဗုခါ၊ မျက်မှောက်၌။ ပဟာယာမ၊ ဖြစ်ရပါလိုကုန်၏။ လ္လတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကြကုန်၏။

တဿာပိ၊ ထိုပဒုမုတ္တရမြတ်စွာဘုရား၏လည်း။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဥတ္တရိံ၊ အလွန်။ ဝတံ၊ ဝီရိယကို။ အဓိဋ္ဌဟိံ၊ ဆောက်တည်ပြီ။ ဥဂ္ဂဒဋ္ဌံ၊ ထက်မြက်မြဲမြံစွာသော။ မိတိံ၊ ဝီရိယကို။ ဒသပါရမိ-ပူရိယာ၊ ပါရမီဆယ်ပါးပြည့်စေခြင်းငှာ။ အကာသိံ၊ ပြုပြီ။

---

## ပဒုမုတ္တရ မြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ပဒုမုတ္တရ အမည်တော်ရှိသော မြတ်စွာဘုရား၏ နေပြည်တော်ကား ဟံသဝတီ မည်၏။ ခမည်းတော်ကား အာနန္ဒာမည်သော မင်းကြီးတည်း။

မယ်တော်ကား သုဇာတာ မည်၏။ ဒေဝလနှင့် သုဇာတ နှစ်ယောက်တို့ကား လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝက တပည့်မြတ်အစုံ ဖြစ်ကုန်၏။ အလုပ်အကျွေးကား သုမနမည်၏။ အမိတာနှင့် အသမာ နှစ်ယောက်တို့ကား တပည့်မိန်းမမြတ်အစုံ ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား ထင်းရှူးပင်တည်း။ ကိုယ်တော်အရပ်ကား ငါးဆယ့်ရှစ်တောင် မြင့်၏။ ထိုပဒုမုတ္တရမြတ်စွာဘုရား၏ ကိုယ်တော်ရောင်ကား ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာတိုင်တိုင် နှံ့၏။ အသက်တော်ကား အနှစ်တစ်သိန်းတည်း။ ဘုရားလောင်းမိဖုရားကြီးကား ဝသုဒတ္တာမည်၏။ သားတော်ကား ဥတ္တရမည်၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် လွန်စွာမွေ့လျော်ရာဖြစ်သော နန္ဒာရာမဥ္ဌ ပရိနိဗ္ဗာန်စံတော်မူသတတ်။ ထိုမြတ်စွာဘုရား ဓာတ်တော်တို့သည် ဖရိုဖရဲ မကြဲကုန်။ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သူ လူအပေါင်းတို့သည် အညီအညွတ် စည်းဝေး၍ တစ်ဆယ့်နှစ်ယူဇနာအစောက် မြင့်သော ရတနာခုနစ်ပါးဖြင့် ပြီးသော စေတီကို တည်ကြကုန်၏။ ထို့ကြောင့်—

နဂရံ ဟံသဝတီ နာမ၊ အာနန္ဒော နာမ ခတ္တိယော။
သုဇာတာ နာမ ဇနိကာ၊ ပဒုမုတ္တရဿ မဟေသိနော။

ဒေဝလော စ သုဇာတော စ၊ အဟေသုံ အဂ္ဂသာဝကာ။
သုမနော နာမုပဋ္ဌာကော၊ ပဒုမုတ္တရဿ မဟေသိနော၊

အမိတာ စ အသမာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ သလလောတိ ပဝုစ္စတိ။

ဝိတိဏ္ဏော စေဝ တိဿော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ဟဋ္ဌာ စေဝ ဝိစိတ္တာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အဋ္ဌပဏ္ဏာသရတနံ၊ အစ္စုဂ္ဂတော မဟာမုနိ။
ကဉ္စနဂ္ဃိယသင်္ကာသော၊ ဒွတ္တိံသဝရလက္ခဏော။

ကုဋ္ဋာ ကဝါဋ္ဋာ ဘိတ္တီ စ၊ ရုက္ခာ နဂသိလုစ္စယာ။
န တဿာဝရဏံ အတ္ထိ၊ သမန္တာ ဒွါဒသ ယောဇနေ။

ဝဿသတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

သန္တာရေတွာ ဗဟုဇနံ၊ ဆိန္ဒိတွာ သဗ္ဗသံသယံ။
ဇလိတွာ အဂ္ဂိက္ခန္ဓောဝ၊ နိဗ္ဗုတော သော သသာဝကော—
ဟူ၍ ဟောတော်မူပြီ။

ပဒုမုတ္တရဿ၊ ပဒုမုတ္တရ အမည်တော်ရှိသော။ မဟေသိနော၊ ဘုရားသခင်၏။ နဂရံ၊ ပြည်တော်သည်။ ဟံသဝတီ နာမ၊ ဟံသဝတီအမည်ရှိ၏။ ခတ္တိယော၊ ခမည်းတော်မင်းကြီးသည်။ အာနန္ဒော နာမ၊ အာနန္ဒာအမည်ရှိ၏။ ဇနိကာ၊ မယ်တော်သည်။ သုဇာတာ နာမ၊ သုဇာတာအမည်ရှိ၏။

ဒေဝလော စ၊ ဒေဝလ လည်းကောင်း။ သုဇာတော စ၊ သုဇာတ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ပဒုမုတ္တရဿ၊ ပဒုမုတ္တရ အမည်တော်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ သုမနော နာမ၊ သုမနအမည်ရှိ၏။

အမိတာ စ၊ အမိတာ လည်းကောင်း။ အသမာ စ၊ အသမာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့် မိန်းမမြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တဿ ဘဂဝတော၊ ထိုပဒုမုတ္တရဘုရား၏။ ဗောဓိ၊ ဗောဓိကို။ သလလောတိ၊ ထင်းရှူးပင်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဝိတိဏ္ဏော စေဝ၊ ဝိတိဏ္ဏဥပါသကာ လည်းကောင်း။ တိဿော စ၊ တိဿဥပါသကာ လည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သောအလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ဟဋ္ဌာ စေဝ၊ ဟဋ္ဌာ လည်းကောင်း။ ဝိစိတ္တာ စ၊ ဝိစိတ္တာ လည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

ကဥ္စနဂ္ဃိယသဏ္ဌာနသော၊ အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော ရွှေဖြင့် ပြီးသော ပူဇော်ဖွယ်ရာ တန်သိုတိုင်နှင့် တူသော အဆင်းရှိတော်မူထသော။ ဒွတ္တိံသဝရလက္ခဏော၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာလည်း ရှိတော်မူထသော။ မဟာမုနိ၊ မြတ်စွာဘုရားသည်။ အဋ္ဌပဏ္ဏာသရတနံ၊ ငါးဆယ့်ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။

ကုဋ္ဋကဝါဋ္ဋာ ဘိတ္တိ စ၊ တံခါးမုခ် တံခါးရွက် နံရံတို့သည်လည်းကောင်း။ ရုက္ခာ စ၊ သစ်ပင်တို့သည် လည်းကောင်း။ နဂသိလုစ္စယာ စ၊ မြင့်သော ကျောက်တောင်တို့သည် လည်းကောင်း။ တဿ၊ ထိုရှောင်ခြည်တော်ကို။ အာဝရဏံ၊ ပိတ်ပင်တားဆီးခြင်းသည်။ န အတ္ထိ၊ မရှိ။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဒွါဒသယောဇနေ၊ တစ်ဆယ့်နှစ်ယူဇနာ၌။ ဖရတိ၊ ကိုယ်တော်ရောင် ပျံ့နှံ့တော်မူ၏။

တာဝဒေ၊ ထိုကာလ၌။ ဝဿသတသဟဿာနိ၊အနှစ်တစ်သိန်းတို့ပတ်လုံး။ အာယု၊ အသက်တမ်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တာဝတာ၊ ထိုရွေ့လောက်။ တိဋ္ဌမာနော၊ တည်တော်မူလျက်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊လူအပေါင်းကို။ တာရေသိ၊ ကယ်တင်တော်မူ၏။

သော ဘဂဝါ၊ ထို မြတ်စွာဘုရားသည်။ ဗဟုဇနံ၊ များစွာသော လူ အပေါင်းကို။ သံသာရသောတတော၊ သံသရာ တည်းဟူသောသမုဒ္ဒရာမှ။ သန္တာရေတွာ၊ ကယ်တင်ဘော်မူ၍။ သဗ္ဗသံသယံ၊ ခပ်သိမ်းသော ယုံမှားခြင်းကို။ ဆိန္ဒိတွာ၊ ဖြတ်တောက်တော်မူ၍။ သသာဝကော။ တပည့်သားတော်နှင့် တကွသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အဂ္ဂိက္ခန္ဓောဝ၊ မီးပုံကြီးကဲ့သို့။ ဇလိတွာ၊ တောက်ထွန်းတော်မူ၍။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ဤတွင်ရွေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ဆယ်ခုတို့၏

ပြည့်ကြောင်းဖြစ်သော ပဒုမုတ္တရ မြတ်စွာဘုရား

အကြောင်းကား ပြီး၏။

# ၁၃-သုမေဓ ဗုဒ္ဓဝံသ

## သုမေဓာမြတ်စွာဘုရား၏ အကြောင်းကို ပြခြင်း

ပဒုမုတ္တရ အမည်တော် ရှိသော မြတ်စွာဘုရား သာသနာတော် ကွယ်ပျောက်လတ်သော် *ကမ္ဘာ ခုနစ်သောင်းတို့ပတ်လုံး ဘုရားရှင်တို့ ပွင့်တော်မမူကုန်။ ဤဘဒ္ဒကမ္ဘာမှ စ၍ ကမ္ဘာ သုံးသောင်းတို့အထက်၌ တစ်ခုသော ကပ်ဝယ် သုမေဓာဘုရားနှင့် သုဇာတဘုရား နှစ်ဆူတို့သည် စဉ်ရှား ပွင့်တော်မူကုန်၏။ ထိုနှစ်ဆူသော ဘုရားရှင်တို့တွင် ရအပ်သော ပညာရှိသော သုမေဓာ ဘုရားလောင်းသည် ပါရမီဆယ်ပါးတို့ကို ဖြည့်၍ တုသိတာနတ်ပြည်၌ ဖြစ်လျှင် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ သုဒဿန မြို့၌ သုဒတ္တမည်သောမင်း၏ သုဒတ္တာမည်သော မိဖုရားဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၏။

ထိုဘုရားလောင်းသည် ဆယ်လကို လွန်သဖြင့် သုဒဿန ဥယျာဉ်၌ မြဲမြံစွာ ပွင့်ခြင်းသို့ ရောက်သော တက်သစ်စသော နေလုလင်ကဲ့သို့ မယ်တော် ဝမ်းမှ ဖွားမြင်တော်မူသော ဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ ပတ်လုံး ရွှေနန်းရွှေအိမ်၌ နေတော်မူ၍ သုစန္ဒန, ကဉ္စန, သိရိဝဍ္ဎနမည်သော ပြာသာဒ် သုံးဆောင်တို့၌ သုမနမဟာဒေဝီ အမှူးရှိကုန်သော လေးသောင်း ရှစ်ထောင်သော မောင်းမတို့သည် ခြံရံအပ်သည် ဖြစ်၍ စံနေတော်မူလျှင် ပုနဗ္ဗသုမိတ္တမည်သော သားကို ဖွားမြင်သောနေ့ နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ ဆင်ယာဉ်ဖြင့် တောထွက်၍ ရဟန်းပြုတော်မူ၏။

---

* ယခုကာလရှိ ဗုဒ္ဓဝင်အဋ္ဌကထာ မြန်မာမူ သီဟိုဠ်မူတို့၌ပင် "သတ္တတိကပ္ပသတ-သဟဿာနိ ဗုဒ္ဓါနုပ္ပဇ္ဇိံသု-ဟု ပါဌ်ရှိနေ၏။ 'ကမ္ဘာခုနစ်သန်း'ဟုမြန်မာပြန်ရလိမ့်မည်။ ဤသို့ မဖြစ်နိုင်။ ဤဝတ္ထုကြီးကို ရေးသော ဆရာတော်ကြီးသည်ကား "သတ္တတိံ ကပ္ပသဟဿာနိ" ဟူ၍ ရှိသော ပါဌ်ကို တွေ့ဟန်တူသည်။ သို့ဖြစ်၍ "ကမ္ဘာ ခုနစ်သောင်း"ဟု ရေးသားတော်မူသည်။ ဤ ခုနစ်သောင်း ဟူသော အရေ အတွက်သည်သာလျှင် ယုတ္တိ ရှိလေသည်။ အဋ္ဌသာလိနီ အဋ္ဌကထာနှင့် ဇာတ် အဋ္ဌကထာ နိဒါန်းတို့၌ကား "တိံသကပ္ပသဟဿာနိ"ဟူ၍သာ ယခုကာလ မူအများ တွေ့ရှိရ၏။ ၎င်းတို့အလို "ကမ္ဘာသုံးသောင်း"သာ ဖြစ်သင့်၏။

ကုဋေတစ်ဆူသော လူတို့သည်လည်း ရဟန်းပြုလျက် ဘုရားလောင်းကို ခြံရံကာ လိုက်ကြကုန်သော် လခွဲပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ နကုလနိဂုံးသူ နကုလသေဋ္ဌေးသမီး လှူအပ်သော ကောင်းမွန်လှစွာ နို့ဃနာကို ဘုဉ်းပေးတော်မူ၍ အင်ကြင်းတော၌ နေ့သန့်ခြင်းကို လွန်စေတော်မူပြီးမှ သိရိဝဍ္ဎနမည်သော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူ၍[၁]တမာပင် ဗောဓိရင်း၌ အတောင်နှစ်ဆယ်ရှိသော မြက်အခင်းကို ခင်း၍ မာရ်စစ်သည်ဗိုလ်ပါကို ဖျက်ဆီးလျက် သစ္စာလေးပါးတရားကို သိခြင်းသို့ ရောက်တော်မူ၍ "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဥဒါန်းစကားကို ကျူးရင့်တော်မူ၏။

## သုမေဓာ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထို့နောက်မှ ဗောဓိပင် အနီး၌ သတ္တသတ္တာဟကို လွန်စေ၍ အဋ္ဌမသတ္တာဟ၌ ဗြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံတော်မူပြီးမှ ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို ကြည့်သည် ရှိသော် ကိုယ်တော့်ညီငယ်ဖြစ်သော သရဏသတို့သားနှင့် သဗ္ဗကာမ သတို့သားတို့သည်လည်းကောင်း၊ ကိုယ်တော်နှင့်အတူတကွ ရဟန်းပြုကြကုန်သော ကုဋေတစ်ရာသော ရဟန်းတို့သည်လည်းကောင်း သစ္စာလေးပါးတရားတို့ကို သိစွမ်းအံ့သည်ကို မြင်တော်မူ၍ ကောင်းကင်ဖြင့် ကြွတော်မူ၍ သုဒဿနမြို့၏အနီး သုဒဿနဥယျာဉ်၌ သက်တော်မူ၍ ဥယျာဉ်စောင့်အား မိမိညီတော်တို့ကို ခေါ်စေ၍ အခြံအရံနှင့်တကွ ထိုသူငယ်တို့ အလယ်၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေ တစ်သိန်းသော သတ္တဝါတို့ သစ္စာလေးပါးတရားတို့ကို သိကုန်၏။ ဤသည်ကား ရှေးဦးစွာ သစ္စာလေးပါးတရားကို သိစေခြင်း တည်း။ ထို့ကြောင့်—

> ပဒုမုတ္တရဿ အပရေန၊ သုမေဓော နာမ နာယကော။
> ဒုရာသဒေါ ဥဂ္ဂတေဇော၊ သဗ္ဗလောကုတ္တမော မုနိ။
>
> ပသန္နနေတ္တော သုမုခေါ၊ ဗြဟာ ဥဇု ပတာပဝါ။
> ဟိတေသီ သဗ္ဗသတ္တာနံ၊ ဗဟူ မောစေသိ ဗန္ဓနာ၊

---

[၁] ရှစ်လဟု သီဟိုဠ်မူ ဗုဒ္ဓဝင်အဋ္ဌကထာ၌ ရှိသည်။

ယဒါ ဗုဒ္ဓေါ ပါပုဏိတွာ၊ ကေဝလံ ဗောဓိမုတ္တမံ။
သုဒဿနမှိ နဂရေ၊ ဓမ္မစက္ကံ ပဝတ္တယိ။

တဿာဘိသမယာ တီဏိ၊ အဟေသုံ ဓမ္မဒေသနေ။
ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ပဒုမုတ္တရဿ၊ ပဒုမုတ္တရ မြတ်စွာဘုရား၏။ အပရေန၊ နောက်အဖို့၌။ နာယကော၊ နိဗ္ဗာန်သို့ ဆောင်တော်မူတတ်ထသော။ ဒုရာသဒေါ၊ ရန်သူတို့ ချဉ်းကပ်ခြင်းငှါ မတတ်နိုင်ထသော။ ဥဂ္ဂတေဇော၊ ထက်သော တန်ခိုးလည်း ရှိထသော။ သဗ္ဗလောကုတ္တမော၊ ခပ်သိမ်းသော လောကထက် မြတ်တော်မူထသော။ သုမေဓော နာမ၊ သုမေဓာအမည်တော်ရှိသော။ မုနိ၊ ဘုရားသခင်သည်။ လောကေ၊ လောက၌။ ဥဒပါဒိ၊ ထင်ရှား ပွင့်တော်မူပြီ။

ပသန္နနေတ္တော၊ ပွတ်သွေးပြီးသော ပတ္တမြားစစ်ကဲ့သို့ ကောင်းစွာကြည်လင်သော မျက်စိလည်း ရှိတော်မူထသော။ သုမုခေါ၊ လပြည့်ဝန်းနှင့်တူသော မျက်နှာတော်လည်း ရှိတော်မူထသော။ ဗြဟာ၊ ဗြဟ္မာမင်းကဲ့သို့ ရှစ်ဆယ့်ရှစ်တောင် အတိုင်းအရှည် ရှိသည်၏ အဖြစ်ကြောင့် ကြီးမြတ်တော်မူထသော။ ဥဇု၊ ဗြဟ္မာမင်း၏ကိုယ်နှင့်တူသော ဖြောင့်မတ်သော ကိုယ်လည်း ရှိတော်မူထသော။ ပတာပဝါ၊ ရောင်ခြည်တော်ဖြင့် တောက်ပသော ကိုယ်တော်လည်း ရှိတော်မူထသော။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတေသီ၊ အစီးအပွားကို ရှာမှီးတော်မူပြီးထသော။ မုနိ၊ ဘုရားသခင်သည်။ ဗဟူ၊ များစွာသော သတ္တဝါတို့ကို။ ဗန္ဓနာ၊ အနှောင်အဖွဲ့မှ။ မောစေသိ၊ လွတ်စေတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ ဗုဒ္ဓေါ၊ သုမေဓာဘုရားရှင်သည်။ ကေဝလံ၊ အလုံးစုံသော။ ဥတ္တမံ၊ မြတ်သော။ ဗောဓိံ၊ သဗ္ဗညုတအဖြစ်သို့။ ပါပုဏိတွာ၊ ရောက်၍။ သုဒဿနမှိ နဂရေ၊ သုဒဿနပြည်အနီး သုဒဿန ဉယျာဉ်၌။ ဓမ္မစက္ကံ။ ဓမ္မစကြာ ဒေသနာတော်ကို။ ပဝတ္တယိ၊ ဟောတော်မူပြီ။

တဿာပိ၊ ထိုသုမေဓာ ဘုရားအားလည်း။ တိကိ-တယော၊ သုံးပါး-ကုန်သော။ အဘိသမယာ၊ သစ္စာလေးပါးကို သိစေခြင်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဓမ္မဒေသနေ၊ ဓမ္မစကြာတရားကို ဟောတော်မူသောအခါ၌။ ကောဋိသတသဟဿာနံ၊ ကုဋေ တစ်သိန်းသော သူတို့အား။ ပဌမာဘိ-သမယော၊ ရှေးဦးစွာ သစ္စာလေးပါးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အကြင်အခါ မြတ်စွာဘုရားသည် အိုးစရည်းကြီးနှင့် တူသည်၏ အဖြစ်ကြောင့် ကုမ္ဘကဏ္ဏ အမည်ရှိသော ကြီးစွာသော တောအုပ်ကြီး အဝ၌ ထင်ရှား ကြမ်းတမ်းသော ကိုယ်ရှိသည် ဖြစ်၍ ဝတ္တနိ တောအုပ်၌ လူတို့ အသွားအလာကို ပြတ်စေတတ်သော လူသားစား ဘီလူးကြီးကို မိုးသောက်ထ အခါ မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူ၍ ထိုမဟာကရုဏာ သမာပတ်မှ ထ၍ လောကကို ကြည့်သည် ရှိသော် မြင်တော်မူလေ၏။ ထိုဘီလူးကို မြင်၍ တစ်ပါးအထီးတည်း အဖော်မပါ ဘီလူးဗိမာန်နေရာသို့ ကြွ၍ အတွင်းသို့ ဝင်ကာ ခင်းအပ်သော အာသနေ ရှိသော နေရာ၌ နေတော်မူ၏။

ထိုအခါ ဘီလူးသည် အမျက်ကို သည်းမခံနိုင်ရကား လုံ့တံဖြင့် ခတ်မိ၍ ကြမ်းသောအဆိပ် လျင်သောအဆိပ်ရှိသော မြွေဟောက်ကဲ့သို့ အမျက်ဖြင့် ကြုံးပလျက် မြတ်စွာဘုရားကို ကြောက်စေလိုသည် ဖြစ်၍ မိမိအတ္တဘောကို အလွန်ကြမ်းကြုတ်စွာပြု၍ တောင်နှင့်တူသော ဦးခေါင်း, နေဝန်းနှင့်တူသော ပြောင်ပြောင်တောက်သော မျက်စိတို့ကို ဖွင့်၍ ထွန်သွားနှင့်တူသော အလွန် ထက်မြက်သော အစွယ်တို့ကို ပြလျက် တွဲရရွဲကျသော ဝမ်း, ထန်းလုံးနှင့် တူသော လက်မောင်း, ကောက်သော နှာခေါင်း, တောင်ခေါင်းနှင့် တူသော ခံတွင်း, ထန်းဆစ်ကဲ့သို့ ထူထဲသော ဆံတို့ကို အလွန်ကြောက်မက်ဖွယ် ပြလျက် သုမေဓာ ဘုရားရှေ့တော်မှ ရပ်၍ အခိုး တလျှံလျှံ လွှတ်လျက် ကျောက်မိုး တောင်မိုး မီးလျှံမိုး ရေမိုး ညွန်မိုး ပြာပူမိုး လက်နက်မိုး မီးကျီမိုး သဲပူမိုးတို့ကိုရွာစေသော်လည်း မြတ်စွာဘုရားအား မွေးဖျားတစ်ပင်ကိုမျှ လှုပ်စေခြင်းငှါ မတတ်နိုင်ရကား မြတ်စွာဘုရားကို ပြဿနာမေး၍ သတ်အံ့ဟု အာဠဝက ဘီလူးကဲ့သို့ ပြဿနာကို မေး၏။ ထိုအခါ ဘုရားမြတ်စွာသည် ပြဿနာကို ဖြေသဖြင့် ဘီလူးကို အဆုံးအမ ပေး၏။



ရဟန်းတော် ခြောက်ကျိ



ပြို့ သာသနာပြု စေလွှတ်ပုံ

ထို့နောက်မှ နှစ်ရက်မြောက်သောနေ့တွင် ကိုရမင်း၏တိုင်း၌ နေကုန်သော လူတို့သည် လှည်း၌ အပြည့်တင်သော ထမင်းနှင့်တကွ မင်းသားကို ဆောင်၍ ဘီလူးအား ပေးကုန်သော် ဘီလူးသည် မင်းသားကို မြတ်စွာဘုရားအား လှူ၏။ တောအုပ်အဝ၌ နေသော သူတို့လည်း မြတ်စွာဘုရားသို့ ကပ်ကြသော အခါ ထိုအစည်းအဝေး၌ မြတ်စွာဘုရားသည် ဘီလူးအား လျောက်ပတ်သော တရားကို ဟောတော်မူသည် ရှိသော် ကုဋေ ကိုးသောင်းကုန်သော သတ္တဝါတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြကုန်၏။ ဤကား နှစ်ကြိမ် မြောက် သစ္စာလေးပါး တရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

> ပုနာပရံ ကုမ္ဘကဏ္ဏံ၊ ယက္ခံ သော ဒမယီ ဇိနော။
> နဝုတိကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးတုံ။ ယဒါ၊ အကြင်အခါ၌။ သော ဇိနော၊ ထိုမြတ်စွာဘုရားသည်။ ကုမ္ဘကဏ္ဏံ၊ ကုမ္ဘကဏ္ဏ မည်သော။ ယက္ခံ၊ ဘီလူး ကို။ ဒမယီ၊ ဆုံးမပြီ။ တဒါ၊ ထိုအခါ၌။ နဝုတိကောဋိသဟဿာနံ၊ ကုဋေ ကိုးသောင်းသောသူတို့အား။ ဒုတိယာဘိသမယော၊ နှစ်ကြိမ်မြောက် သစ္စာ လေးပါး တရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အကြင်အခါ ဥပကာရီမြို့ သိရီနန္ဒန ဥယျာဉ်၌ သစ္စာလေးပါးတို့ကို ပြတော်မူ၏။ ထိုအခါ၌ ကုဋေရှစ်သောင်းသော သတ္တဝါတို့ သစ္စာလေးပါး တရားကို သိကုန်၏။ ဤကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

> ပုနာပရံ အမိတယသော၊ စတုသစ္စံ ပကာသယိ။
> အသီတိကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးတုံ။ အမိတယသော၊ မနှိုင်းရှည့်နိုင်သော အခြံအရံ အကျော်အစော ရှိတော်မူသော သုမေဓာ မြတ်စွာဘုရားသည်။ စတုသစ္စံ၊ သစ္စာလေးပါး တရားကို။ ပကာသယိ၊ ပြတော်မူပြီ။ တဒါ၊

ထိုအခါ၌။ အသီတိကောဋ္ဌိသဟဿာနံ၊ ကုဋေရှစ်သောင်းသော သူတို့၏။ တတိယာဘိသမယော၊သုံးကြိမ်မြောက်သစ္စာလေးပါးတရားကို သိခြင်းသည်။ အဟု၊ ဖြစ်ပြီ။

—

## သုမေဓ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

သုမေဓမြတ်စွာဘုရားလက်ထက်တော်၌ သုံးပါးသော အစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ရှေးဦးစွာသော အစည်းအဝေးကား သုဒဿနမြို့၌ ကုဋေတစ်ရာသော ရဟန္တာတို့သည် ဖြစ်ကုန်၏။ တဖန် ဒေဝကူဋ အမည်ရှိသောတောင်၌ ကထိန်ခင်းသည်ရှိသော် နှစ်ကြိမ်မြောက် အစည်းအဝေး၌ ကုဋေကိုးဆယ်တို့တည်း။ တဖန် တတိယ အစည်းအဝေးကား မြတ်စွာဘုရား ဒေသစာရီ ကြွချီသည် ရှိသော် ကုဋေ ရှစ်ဆယ်တို့တည်း။

ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ သုမေဓဿ မဟေသိနော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

သုဒဿနံ နာမ နဂရံ၊ ဥပဂစ္ဆိ ဇိနော ယဒါ။
တဒါ ခီဏာသဝါ ဘိက္ခူ၊ သမိံသု သတကောဋိယော။

ပုနာပရံ ဒေဝကူဋေ၊ ဘိက္ခူနံ ကထိနတ္ထတေ။
တဒါ နဝုတိကောဋီနံ၊ ဒုတိယော အာသိ သမာဂမော။

ပုနာပရံ ဒသဗလော၊ ယဒါ စရတိ စာရိကံ။
တဒါ အသီတိကောဋီနံ၊ တတိယော အာသိ သမာဂမော—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သုမေဓဿ၊ သုမေဓ အမည်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရားအား။ တာဒိနံ၊ သည်းခံခြင်း ကျေးဇူးဂုဏ် အထူးနှင့် ပြည့်စုံကုန်ထသော။ သန္တစိတ္တာနံ၊ ငြိမ်သက်သောစိတ် ရှိကုန်ထသော။ ဝိမလာနံ၊ အညစ်အကြေးကင်းကုန်ထသော။ ခီဏာသဝါနံ၊ ရဟန္တာအရှင်မြတ်တို့၏။ တယော၊ သုံးပါးကုန်သော။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ အာသုံ၊ ရှိသည် ဖြစ်ကုန်၏။

ယဒါ၊ အကြင်အခါ၌။ ဇိနော၊ သုမေဓာ မြတ်စွာဘုရားသည်။ သုဒဿနံ နာမ၊ သုဒဿန မည်သော။ နဂရံ၊ ပြည်တော်သို့။ ဥပဂစ္ဆိ၊ ကပ်တော်မူ၏။ တဒါ၊ ထိုအခါ၌။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော။ သတကောဋိယော၊ ကုဋေ တစ်ရာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ သမိံသု၊ စည်းဝေးကြကုန်ပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးတုံ။ ယဒါ၊ အကြင်အခါ၌။ ဒေဝကူဋေ၊ ဒေဝကူဋတောင်၌။ ကထိနတ္ထတေ၊ ကထိန်ခင်းရာ၌။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သမာဂမော၊ အစည်းအဝေးသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ နဝုတိကောဋီနံ၊ ကုဋေကိုးဆယ်ကုန်သော ရဟန်းတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးလည်း။ ယဒါ၊ အကြင်အခါ၌။ ဒသဗလော၊ ဘုရားမြတ်သည်။ စာရိကံ၊ ဒေသစာရီကို။ စရတိ၊ ကြွတော်မူ၏။ တဒါ၊ ထိုအခါ၌။ အသီတိကောဋီနံ၊ ကုဋေ ရှစ်ဆယ် ကုန်သော ရဟန်းတို့၏။ တတိယော၊ သုံးကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

---

## ငါတို့ဘုရားလောင်း ဥတ္တရလုလင်ဖြစ်စဉ် သုမေဓာမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ငါတို့ဘုရားလောင်းသည် အလုံးစုံသော လူတို့ထက် မြတ်သော ဥတ္တရလုလင်ဖြစ်၍ သိုမှီး၍ ထားအပ်သော ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို စွန့်လွှတ်၍ ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးကို ပေး၏။ ထိုအခါ သုမေဓာဘုရားမြတ်၏ တရားဒေသနာကို နာရသောကြောင့် သရဏဂုံ၌ တည်လျက် တောထွက်၍ ရဟန်းပြု၏။ ထိုဘုရားလောင်းကို သုမေဓာ မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာ ပြုပြီးသည် ရှိသော် "နောင်သော အခါ ဂေါတမဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထို့ကြောင့်—

အဟံ တေန သမယေန၊ ဥတ္တရော နာမ မာဏဝေါ။
အသီတိကောဋိယော မယှံ၊ ဃရေ သန္နိစိတံ ဓနံ။

ကေဝလံ တံ သဗ္ဗံ ဒတွာ၊ သသံဃေ လောကနာယကေ။
သရဏံ တဿ ဥပဂစ္ဆိံ၊ ပဗ္ဗဇ္ဇဉ္စာဘိရောစယိံ။

သောပိ မံ တဒါ ဗျာကာသိ၊ ကရောန္တော အနုမောဒနံ။
တိံသကပ္ပသဟဿမှိ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရယာ။

သုတ္တန္တံ ဝိနယဉ္စာပိ၊ နဝင်္ဂံ သတ္ထုသာသနံ။
သဗ္ဗံ ပရိယာပုဏိတွာန၊ သောဘယိံ ဇိနသာသနံ။

တတ္ထပ္ပမတ္တော ဝိဟရန္တော၊ နိသဇ္ဇဋ္ဌာနစင်္ကမေ။
အဘိညာသု ပါရမိံ ပတွာ၊ ဗြဟ္မလောကမဂစ္ဆဟံ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ တေန သမယေန၊ ထိုအခါ၌။ ဥတ္တရော နာမ၊ ဥတ္တရမည်သော။ မာဏဝေါ၊ လုလင်သည်။ ဟုတွာ၊ ဖြစ်၍။ မယှံ၊ ငါ၏။ ဃရေ၊ အိမ်၌။ သန္နိစိတံ၊ ဆည်းပူးအပ်သော။ ဓနံ၊ ဥစ္စာသည်။ အသီတိကောဋိယော၊ ကုဋေရှစ်ဆယ်တို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။

သဗ္ဗံ-အသေသတော၊ အကြွင်းမရှိသောအားဖြင့်။ ကေဝလံ-သကလံ၊ အလုံးစုံသော။ တံ၊ ထိုဥစ္စာကို။ သသံဃေ-သသံဃာဿ၊ သံဃာတော်နှင့်တကွသော။ လောကနာယကေ-လောကနာယကဿ၊ သုမေဓာဘုရားသခင်အား။ ဒတွာ၊ ပေးလှူပြီး၍။ တဿ၊ ထိုသုမေဓာဘုရားကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဥပဂစ္ဆိံ၊ ကပ်ရောက်ပြီ။ ပဗ္ဗဇ္ဇဉ္စ၊ ရဟန်းအဖြစ်ကိုလည်း။ အဘိရောစယိံ၊ ရဟန်းပြု၍ နှစ်သက်ပြီ။

တဒါ၊ ထိုအခါ၌။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောန္တော၊ ပြုတော်မူသော။ သောပိ ဗုဒ္ဓေါ၊ ထိုသုမေဓာဘုရားသည်လည်း။ မံ၊ ငါ့ကို။ အယံ၊ ဤဥတ္တရလုလင်သည်။ တိံသကပ္ပသဟဿမှိ၊ ကမ္ဘာသုံးသောင်းထက်၌။ ဗုဒ္ဓေါ၊ ဂေါတမဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူပြီ။

ပဓာနံ၊ ကမ္မဋ္ဌာန်းကို။ ပဒဟိတွာန၊ လုံ့လပြု၍။ ဣမံ-ဣမသ၊ ဤဥတ္တရလုလင်၏။ သမ္ပုဒါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကြကုန်၏။

တဿာပိ၊ ထိုသုမေဓာဘုရား၏လည်း။ ဝစနံ၊ စကားတော်ကို။ သုတွာ၊ ကြား၍။ ဘိယျော၊ အလွန်။ စိတ္တံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်လင်စေပြီ။ ဒသပါရမိပူရိယာ၊ ပါရမီဆယ်ပါး ပြည့်စေခြင်းငှာ။ ဥတ္တရိံ၊ အလွန်။ ဝတံ၊ ဝီရိယကို။ အဓိဋ္ဌာသိံ၊ ဆောက်တည်ပြီ။

သုတ္တန္တဥ၊ သုတ္တန်ပိဋကတ်ကို လည်းကောင်း။ ဝိနယဥ္စာပိ၊ ဝိနည်းပိဋကတ်ကို လည်းကောင်း။ ဣတိ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံသော။ နဝင်္ဂံ သတ္ထုသာသနံ၊ အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား သာသနာတော်ကို။ ပရိယာပုဏိတွာန၊ သင်၍။ ဇိနသာသနံ၊ မြတ်စွာဘုရား သာသနာတော်ကို။ သောဘယိံ၊ တန်ဆာဆင်ခဲ့ပြီ။

တတ္ထ၊ ထိုဘုရားသခင် သာသနာတော်၌။ နိသဇ္ဇဋ္ဌာနစင်္ကမေ၊ ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်း၌။ အပ္ပမတ္တော၊ သတိနှင့်ပြည့်စုံလျက်။ ဝိဟရန္တော၊ နေသော။ အဟံ၊ ငါသည်။ အဘိညာသု၊ အဘိညာဉ် တရားတို့၌။ ပါရမိံ၊ အထွတ်သို့။ ပတွာ၊ ရောက်၍။ ဗြဟ္မလောကံ၊ ဗြဟ္မပြည်သို့။ အဂစ္ဆိံ၊ ရောက်ပြီ။

## သုမေဓာမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

သုမေဓာ မြတ်စွာဘုရား၏ နေပြည်တော်ကား သုဒဿနမည်၏။ သုဒတ္တမည်သော မင်းကား ခမည်းတော်တည်း။ မယ်တော်ကား သုဒတ္တာမည်၏။ သရဏနှင့် သဗ္ဗကာမ နှစ်ယောက်တို့ကား လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝက တပည့်မြတ်အစုံ ဖြစ်ကုန်၏။ အလုပ်အကျွေးကား သာဂရမည်၏။ ရာမာနှင့် သုရာမာ နှစ်ယောက်တို့ကား တပည့် မိန်းမမြတ်အစုံ ဖြစ်ကုန်၏။ ပွင့်ရာ ဗောဓိကား တမာပင်တည်း။ ကိုယ်တော်အရပ်ကား ရှစ်ဆယ့်ရှစ်တောင် မြင့်၏။ အသက်တော်ကား အနှစ် ကိုးသောင်းတည်း။ အနှစ်ကိုးထောင် ပတ်လုံး ရွှေနန်းရွှေအိမ်၌ နေတော်မူ၏။ ထိုဘုရားလောင်း မိဖုရားကြီးကား သုမနာမည်၏။ သားတော်ကား ပုနဗ္ဗသုမိတ္တ မည်၏။ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

သုဒဿနံ နာမ နဂရံ၊ သုဒတ္တော နာမ ခတ္တိယော။
သုဒတ္တာ နာမ ဇနိကာ၊ သုမေဓဿ မဟေသိနော။

သရဏော သဗ္ဗကာမော စ၊ အဟေသုံ အဂ္ဂသာဝကာ။
သာဂရော နာမုပဋ္ဌာကော၊ သုမေဓဿ မဟေသိနော။

ရာမာ စေဝ သုရာမာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ မဟာနိမ္ဗောတိ ဝုစ္စတိ။

ဥရုဝေလာ ယသဝါ စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ယသောဓရာ သိရိမာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အဋ္ဌာသီတိရတနာနိ၊ အစ္စုဂ္ဂတော မဟာမုနိ။
ဩဘာသေတိ ဒိသာ သဗ္ဗာ၊ စန္ဒော တာရာဂဏေ ယထာ။

စက္ကဝတ္တိမဏိ နာမ၊ ယထာ တပတိ ယောဇနံ။
တထေဝ အဿ ရတနံ၊ သမန္တာ ဖရတိ ယောဇနံ။

နဝုတိဝဿသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

တေဝီဇ္ဇာဆဠဘိညေဟိ၊ ဗလပ္ပတ္တေဟိ တာဒိဟိ။
သမာကုလမိဒံ အာသိ၊ အရဟန္တေဟိ တာဒိဟိ။

တေပိ သဗ္ဗေ အမိတယသာ၊ ဝိပ္ပမုတ္တာ နိရူပဓိ[၁]။
ဉာဏာလောကံ ဒဿယိတွာ၊ နိဗ္ဗုတာ တေ မဟာယသာ–

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သုမေဓဿ၊ သုမေဓာမည်သော။ မဟေသိနော၊ မြတ်စွာဘုရား၏။ နဂရံ၊ ပြည်တော်သည်။ သုဒဿနံ နာမ၊ သုဒဿနမည်၏။ ခတ္တိယော၊ ခမည်းတော်မင်းသည်။ သုဒတ္တော နာမ၊ သုဒတ္တမည်၏။ ဇနိကာ၊ အမိရင်းသည်။ သုဒတ္တာ နာမ၊ သုဒတ္တာမည်၏။

သရဏော စ၊ သရဏ လည်းကောင်း။ သဗ္ဗကာမော စ၊ သဗ္ဗကာမ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ သုမေဓဿ၊ သုမေဓာ မည်သော။ မဟေသိနော၊ ဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ သာဂရော နာမ၊ သာဂရမည်၏။

ရာမာ စေဝ၊ ရာမာ လည်းကောင်း။ သုရာမာ စ၊ သုရာမာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ်

---

၁။ ဥပဓိလေးပါး ကင်းရာ ချုပ်ရာကား နိဗ္ဗာန်တည်း။ ။ခန္ဓူပဓိ, ကိလေသူပဓိ, အဘိသင်္ခါရူပဓိ, ပဉ္စကာမဂုဏူပဓိ ပေါင်း ဥပဓိ ၄-ပါး။ ။မူလပဏ္ဏာသ အဋ္ဌကထာ၊ ၂၂-အလဂဒ္ဒူပမသုတ်၊ ၁၇။ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ၄၀-ဓာတုဝိဘင်္ဂသုတ်၊ ၁၉၀။ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ နန္ဒနဝဂ်၊ ဒုတိယသုတ်၊ ၂၇။ ဒုကင်္ဂုတ္တရ အဋ္ဌကထာ၊ ၁-ကမ္မကာရဏဝဂ် ဒုတိယသုတ်၊ ၄။ ဥဒါန်းအဋ္ဌကထာ၊ ၇-စူဠဝဂ်၊ ဒသမသုတ်၊ သီ ၂၇၁။ ဣတိဝုတ္တက အဋ္ဌကထာ၊ တိကနိပါတ်၊ ၃-ဝဂ်၊ အဋ္ဌမသုတ်၊ သီ ၁၉၀။ သုတ္တနိပါတ် အဋ္ဌကထာ ၁-ဥရဂဝဂ်၊ ဓနိယသုတ်၊ ၃၆။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ သုညတကထာ၊ သီဟဠအက္ခရာ၊ ၄၆၂။ သုတ္တသင်္ဂဟ အဋ္ဌကထာ ဂ၃။ ဘဒ္ဒိယသုတ် အဖွင့်၊ သီ-၂၀၆။

ဥပဓိ ၁၀-ပါးကို စူဠနိဒ္ဒေသ ပါဠိတော်၊ မေတ္တဂူမာဏဝပုစ္ဆာနိဒ္ဒေသ၊ ၎င်းစူဠနိဒ္ဒေသ အဋ္ဌကထာ၊ သီဟိုဠ်စာအုပ် ယိုးဒယားစာအုပ်၌ ရှု။ -

"ဥပပုဗ္ဗော ဓာ ဓာရဏေ၊ ဣ" အဘိဓာနပ္ပဒီပိကာသူစိ၊ ဂါထာ ၉၆၉။ "ဥပဓာ-ရီယတီတိ ဥပဓိ၊ ဥပပုဗ္ဗော ဓာ ဓာရဏေ။ နတ္ထိ ဥပဓိ ဧတဿာတိ နိရူပဓိ၊ သန္ဓိအဆုံး သတ်အဖွင့် ဂဠုန်ပုံပါဠိ ၄၀။ "ဥပဓိသမ္ပဿီတိ အတ္တဘာဝသမိဒ္ဓိ ဥပဓိဝိပတ္တီတိ ဟီန-အတ္တဘာဝတာ"။ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ၁၆-ဉာဏဝိဘင်းအဖွင့်။

အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တဿ ဘဂဝတော၊ ထိုဘုရား၏။ ဗောဓိ၊ ပွင့်ရာသစ်ပင်ကို။ မဟာ၊ မြတ်သော။ နိမ္မောတိ၊ တမာပင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥရုဝေလော စ၊ ဥရုဝေလ ဥပါသကာလည်းကောင်း။ ယသဝါ စ၊ ယသဝါ ဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ယသောဓရာ စ၊ ယသောဓရာ လည်းကောင်း။ သိရိမာ စ၊ သိရိမာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

မဟာမုနိ၊ မြတ်စွာဘုရားသည်။ အဋ္ဌာသီတိရတနာနိ၊ ရှစ်ဆယ့်ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ တာရာဂဏော၊ နက္ခတ်တာရာ ကြယ်တကာ အပေါင်း၌။ စန္ဒော၊ လမင်းသည်။ သြဘာသေတိ ယထာ၊ ထွန်းလင်းသကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဒိသာ၊ အရပ်မျက်နှာ တို့ကို။ သြဘာသေတိ၊ ထွန်းပ၏။

စက္ကဝတ္တိမဏိ နာမ၊ စကြာမင်း၏ ပတ္တမြား ရတနာမည်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုစကြာမင်း၏။ ရတနံ၊ ပတ္တမြားရတနာသည်။ ယောဇနံ၊ ယူဇနာတိုင်တိုင်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ တပတိ ယထာ၊ ထွန်းပ သကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရပ္ပဘာ၊ ကိုယ်တော်ရောင်သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ယောဇနံ၊ တစ်ယူဇနာတိုင်တိုင်။ ဖရတိ၊ နှံ့၏။

တဒါ၊ ထိုကာလ၌။ နဝုတိဝဿသဟဿာနိ၊ အနှစ်ကိုးသောင်းတို့ ပတ်လုံး။ အာယု အသက်တမ်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တာဝတာ၊ ထိုရွေ့လောက်။ တိဋ္ဌမာနော၊ တည်သော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ သံသာရသောတတော၊ သံသရာ အလျဉ်မှ။ ဥဒ္ဓရိတွာ၊ ကယ်တင်၍။ နိဗ္ဗာနထလံ၊ နိဗ္ဗာန်ကြည်းထက်သို့။ တာရေသိ၊ ကယ်တင်ပြီ။

တေဝိဇ္ဇဆဠဘိညေဟိ၊ ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါး တရားနှင့် ပြည့်စုံကုန်ထသော။ ဗလပ္ပတ္တေဟိ၊ အားအစွမ်းသို့ ရောက်ကုန်ပြီးထသော။ တာဒိဟိ-တာဒိဘာဝပ္ပတ္တေဟိ၊ သည်းခံခြင်းသို့ ရောက်ကုန်ပြီးထသော။

တာဒိဟိ၊ ထိုကျေးဇူးအပေါင်းတို့၏ တည်ရာဖြစ်ကုန်ထသော။ အရဟန္တေဟိ၊ ရဟန္တာတို့ဖြင့်။ ဣဒံ သာသနံ၊ ဤသုမေဓာဘုရား၏ သာသနာတော်သည်။ သမာကုလံ-သံကိဏ္ဏံ၊ ကောင်းစွာပြွမ်းသည်။ အာသိ၊ ဖြစ်ပြီ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေပိ၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်း။ အမိတယသာ၊ မနှိုင်းရှည့်နိုင်သော အခြံအရံရှိကုန်၏။ တနည်းကား၊ အတူမရှိ ကျော်စောခြင်း ရှိတော်မူကုန်၏။ ဝိပ္ပမုတ္တာ၊ ကိလေသာမှ လွတ်မြောက်ကုန်၏။ နိရူပဓိ၊ လေးပါးသောဥပဓိမှ ကင်းကုန်၏။ မဟာယသာ၊ များမြတ်သော အခြံအရံ အကျော်အစော ရှိကုန်သော။ တေ၊ ထိုရဟန်းမြတ်တို့သည်။ ဉာဏာလောကံ၊ ဉာဏ်တည်းဟူသော အလင်းရောင်ကို။ ဒဿယိတွာ၊ ပြပြီး၍။ နိဗ္ဗုတာ၊ ငြိမ်းတော်မူကုန်ပြီ။

ဤတွင်ရွေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ တစ်ဆယ့်တစ်ခုတို့၏
ပြည့်ကြောင်းဖြစ်သော သုမေဓာဘုရား
အကြောင်းကား ပြီးပြီ။

# ၁၄-သုဇာတ ဗုဒ္ဓဝံသ

## သုဇာတမြတ်စွာဘုရားအကြောင်းကို ပြခြင်း

သုမေဓာမြတ်စွာဘုရား နောက်အဖို့ ထိုမဏ္ဍကမ္ဘာ၌ပင် အစဉ်သဖြင့် သတ္တဝါတို့ အသက်တမ်းသည် ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်ပြီးမှ တဖန် အသင်္ချေယျတမ်းသို့ တက်ကာ ဆုတ်ယုတ်၍ အလာတွင် အနှစ် ကိုးသောင်းကာလ ကျရောက်သောအခါ ကောင်းစွာ ပဋိသန္ဓေ နေရာ, ကောင်းစွာ ဖြစ်ခြင်း, ရုပ်ရည် သဏ္ဌာန် အဆင်း သန့်ရှင်း စင်ကြယ်စွာ ကောင်းစွာ ဖွားခြင်းရှိသော သုဇာတ မည်တော်မူသော မြတ်စွာဘုရား သည်လည်း လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။

ထိုသုဇာတ ဘုရားလောင်းသည်လည်း ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်ပြီးသော် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ သုမင်္ဂလမည်သော နေပြည်တော်၌ ဥဂ္ဂတမည်သော မင်း၏ ပဘာဝတီမည် သော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူပြီးမှ ဆယ်လလွန်သဖြင့် ဖွားမြင်တော်မူလျှင် အမည်မှည့်အံ့သောနေ့၌ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော ခပ်သိမ်းသော သတ္တဝါတို့ ချမ်းသာကို ဖြစ်စေလျက် ဖွားမြင် ခြင်းကြောင့် ဘုရားလောင်းအား သုဇာတ ဟူသော အမည်ကို မှည့်ကြ လေကုန်၏။

ထိုဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ ပတ်လုံး ရွှေနန်း ရွှေအိမ်၌ နေတော်မူသောအခါ သိရီမည်သောပြာသာဒ်, ဥပသိရီမည်သော ပြာသာဒ်, သိရီနန္ဒမည်သောပြာသာဒ် သုံးဆောင်တို့၌ သိရီနန္ဒာမိဖုရားကြီးလျှင် အမှူး ရှိသော နှစ်သောင်းသုံးထောင်သော မိန်းမတို့သည် ခြံရံအပ်သည် ဖြစ်၍ စံနေတော်မူစဉ် ထိုသိရီနန္ဒာဒေဝီ မိဖုရားကြီး၌ ဥပသေနမည်သော သားကို ဖွားမြင်သည် ရှိသော် နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူလျှင် မြင်းယာဉ်ကို တက်စီးလျက် တောထွက်တော်မူသော် တစ်ကုဋေသော လူတို့သည်လည်း နောက်တော်က အစဉ်လိုက်၍ ရဟန်းပြုကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် တစ်ကုဋေသော ရဟန်းတို့ ခြံရံအပ်သည် ဖြစ်၍ ကိုးလတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူလျက် သိရီနန္ဒန

သေဌေးသမီးသည် လှူအပ်သော နို့ဃနာကို ဘုဉ်းပေးတော်မူ၍ အင်ကြင်းတော၌ နေ့သန့်ခြင်းကို လွန်စေပြီးမှ ညချမ်းသောအခါ သုနန္ဒအာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ဗြဟ္မဏ ခတ်ဝါးဗောဓိသို့ ကပ်၍ သုံးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်းလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို ဖျက်ဆီး၍ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိသဖြင့် အလုံးစုံသော ဘုရားရှင်တို့ လေ့လာအပ်သော "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## သုဇာတ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုသို့ ဘုရားဖြစ်တော်မူပြီး၍ ဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေပြီးမှ ဗြဟ္မာမင်း တောင်းပန်အပ်သည် ဖြစ်၍ ကိုယ်တော့်ညီတော် ဖြစ်သော သုဒဿန မင်းသားနှင့် ပုရောဟိတ်ပုဏ္ဏားသားဖြစ်သော သုဒေဝသတို့သားတို့သည် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိစွမ်းနိုင်ကြမည် အကြောင်းကို မြင်တော်မူသဖြင့် ကောင်းကင်မှ ကြွတော်မူ၍ သုမင်္ဂလ အနီး သုမင်္ဂလဥယျာဉ်သို့ သက်၍ သုမင်္ဂလဥယျာဉ်စောင့်ကို မြတ်စွာဘုရား ညီဖြစ်သော သုဒဿနမင်းသားနှင့် ပုရောဟိတ် ပုဏ္ဏားသား သုဒေဝသတို့သားတို့ကို ခေါ်စေ၍ အခြံအရံနှင့်တကွ ထိုသူတို့အလယ်၌ နေတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူသော အစည်းအဝေး၌ ကုဋေရှစ်ဆယ်သောသူတို့ ရှေးဦးစွာ သစ္စာလေးပါးတရားကို သိကုန်၏။

အကြင်အခါ မြတ်စွာဘုရားသည် သုဒဿန ဥယျာဉ်တံခါး၌ အင်ကြင်းပင်ကြီး၏ အနီး အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ၏။ ထိုအခါ သုံးသန်း ခုနစ်သိန်းသော သူတို့သည် သစ္စာလေးပါးတရားကို သိကုန်၏။ ။ဤသည်ကား နှစ်ကြိမ်မြောက် သစ္စာလေးပါးကို သိစေခြင်းတည်း။

အကြင်အခါ သုဇာတ အမည်တော်ရှိသော မြတ်စွာဘုရားသည် ခမည်းတော်ထံသို့ ကြွတော်မူ၏။ ထိုအခါ ခြောက်သန်းကုန်သော သူတို့သည် သစ္စာလေးပါးတရားကို သိကုန်၏။ ဤသည်ကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

တတ္ထဝ မင်္ဂလကပ္ပမှိ၊ သုဇာတော နာမ နာယကော။
သီဟဟနုသဘက္ခန္ဓော၊ အပ္ပမေယျော ဒုရာသဒေါ။

စန္ဒောဝ ဝိမလော သုဒ္ဓေါ၊ သတရံသိ ပတာပဝါ။
ဧဝံ သောဘတိ သမ္ဗုဒ္ဓေါ၊ ဇလန္တော သိရိယာ သဒါ။

ပါပုဏိတွာန သမ္ဗုဒ္ဓေါ၊ ကေဝလံ ဗောဓိမုတ္တမံ။
သုမင်္ဂလမှိ နဂရေ၊ ဓမ္မစက္ကံ ပဝတ္တယိ။

ဒေသေန္တေ ပဝရံ ဓမ္မံ၊ သုဇာတေ လောကနာယကေ။
အသီတိကောဋီ အဘိသမိံသု၊ ပဌမေ ဓမ္မဒေသနေ။

ယဒါ သုဇာတော အမိတယသော၊ ဒေဝေ ဝဿံ ဥပါဂမိ။
သတ္တတ္တိံသသတသဟဿာနံ၊ ဒုတိယာဘိသမယော အဟု။

ယဒါ သုဇာတော အသမသမော၊ ဥပဂစ္ဆိ ပိတု သန္တိကံ။
သဋ္ဌိသတသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ယသ္မိံ မင်္ဂလကပ္ပေ၊ အကြင် မင်္ဂလကပ်၌။ သုမေဓော၊ သုမေဓာမည်သော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥပ္ပန္နော၊ ဖြစ်တော်မူ၏။ တတ္ထဝ မင်္ဂလကပ္ပမှိ၊ ထိုမင်္ဂလကပ်၌။ သုဇာတော နာမ၊ သုဇာတအမည်ရှိသော။ သီဟဟနု၊ ခြင်္သေ့မင်း၏ မေးနှင့်တူသော ပြည့်သော မေးတော်လည်း ရှိတော်မူထသော။ ဥသဘက္ခန္ဓော၊ အညီအညွတ် ကောင်းစွာ လုံးသော နွားမရိုးစည်နှင့်တူသော မြတ်သော ပခုံးတော်လည်း ရှိတော်မူထသော။ အပ္ပမေယျော၊ မနှိုင်းရှည့် အပ်သော ကျေးဇူးတော်လည်းရှိတော်မူထသော။ ဒုရာသဒေါ၊ မကပ်နိုင်ထသော။ နာယကော၊ မြတ်စွာဘုရားသည်။ ဥပ္ပန္နော၊ ပွင့်တော်မူပြီ။

ဝိမလော၊ တိမ်၊ မြူ၊ အခိုး၊ ရာဟု၊ မိုး တည်းဟူသော အညစ်အကြေးမတင် သန့်စင်သော။ သုဒ္ဓေါ၊ ဖြူစင်သန့်ရှင်းလှစွာသော။ စန္ဒော၊ သရဒကာလ ထွန်းဝင်းပသော လနတ်သားသည်။ သောဘတိ ဣဝ၊ တင့်တယ်သကဲ့သို့ လည်းကောင်း။ ပတာပဝါ၊ တစ်ထောင်ရောင်ခြည် ထွန်းလျက်လည်သော။

သတရံသိ၊ နေမင်းသည်။ သောဘတိ ဣဝ၊ တင့်တယ်ကဲ့သို့လည်းကောင်း။ ဝေံ တထာ၊ ထိုအတူလျှင်။ သဒါ၊ အခါခပ်သိမ်း။ သမ္ဗုဒ္ဓေါ၊ သုဇာတ ဘုရားသည်။ သိရိယာ၊ ဘုရား အသရေတော်ဖြင့်။ ဇလန္တော၊ တောက်ထွန်း တော်မူလျက်။ သောဘတေ၊ တင့်တယ်တော်မူ၏။

သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ကေဝလံ-ပရိပုဏ္ဏံ၊ ပြည့်စုံစွာ။ ဥတ္တမံ၊ မြတ်စွာသော။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာန၊ ရောက်ဦး၍။ သုမင်္ဂလမှို၊ သုမင်္ဂလ အမည်ရှိသော။ နဂရေ၊ ပြည်၌။ ဓမ္မစက္ကံ၊ ဓမ္မစကြာ တရားတော်ကို။ ပဝတ္တယိ၊ ဟောတော်မူပြီ။

ပဝရံ၊ မြတ်သော။ ဓမ္မံ၊ တရားကို။ သုဇာတေ၊ သုဇာတအမည်တော် ရှိသော။ လောကနာယကေ၊ မြတ်စွာဘုရားသည်။ ဒေသေန္တေ၊ ဟောတော် မူသည်ရှိသော်။ ပဌမေ၊ ရှေးဦးစွာ။ ဓမ္မဒေသနေ၊ တရားဟောတော်မူရာ၌။ အသီတိကောဋီ၊ ကုဋေ ရှစ်ဆယ်သော သူတို့သည်။ အဘိသမိသု၊ သစ္စာ လေးပါးတရားကို သိကုန်ပြီ။

၂။ ယဒါ၊ အကြင်အခါ၌။ သုဇာတော၊ သုဇာတ အမည်ရှိသော။ အမိတ-ယသော၊ မနှိုင်းရှည့်အပ်သော ကျော်စောခြင်းရှိသော ဘုရားသည်။ ဒေဝေ၊ တာဝတိံသာနတ်ပြည်၌။ ဝဿံ၊ ဝါသို့။ ဥပါဂမိ၊ ကပ်ပြီ။ တဒါ၊ ထိုအခါ၌။ သတ္တတိံသသတသဟဿာနံ၊ သုံးသန်း ခုနစ်သိန်းကုန်သော သူတို့အား။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါး တရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ယဒါ၊ အကြင်အခါ၌။ အသမသမော၊ အတုမရှိသော ရှေးဘုရားနှင့်သာ တူတော်မူသော။ သုဇာတော၊ သုဇာတမည်သော ဘုရားသခင်သည်။ ပိတု၊ ခမည်းတော်မင်း၏။ သန္တိကံ၊ အထံသို့။ ဥပဂစ္ဆိ၊ ကပ်တော်မူပြီ။ တဒါ၊ ထိုအခါ၌။ သဋ္ဌိသတသဟဿာနံ၊ ခြောက်သန်းကုန်သော သူတို့အား။ တတိယော၊ သုံးကြိမ်မြောက်သော။ အဘိအသမယော၊ သစ္စာလေးပါး တရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

## သုဇာတမြတ်စွာဘုရား၏ ၃-ဝကအစည်းအဝေးကို ပြခြင်း

ဓမ္မဝတီမြို့ သုဓမ္မဥယျာဉ်သို့ လာကုန်သောလူတို့အား တရားဟောတော်မူလျှင် ခြောက်သန်းသောသူတို့ ဟေဝိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုပြီး၍ ထိုရဟန်းတို့၏ အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော အစည်းအဝေးတည်း။

ထို့နောက် တာဝတိံသာမှ သက်တော်မူသောအခါ သုဇာတဘုရားအား ငါးသန်းကုန်သော ရဟန်းတို့၏ နှစ်ခုမြောက်သော အစည်းအဝေးသည် ဖြစ်၏။

သုဒဿန သတို့သားသည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်သည်ဟု ကြားလျှင် ငါတို့လည်း ရဟန်းပြုကုန်အံ့ဟု လာကုန်သော ယောကျ်ားလေးသိန်းတို့ကို ခေါ်ယူ၍ သုဒဿန ထေရ်သည် သုဇာတဘုရားသို့ ချဉ်းကပ်လေ၏။ ထိုသူတို့အား မြတ်စွာဘုရား တရားဟောတော်မူလျှင် ဟေဝိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြု၍ လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူ၏။ ဤအစည်းအဝေးကား သုံးကြိမ်မြောက်သော အစည်းအဝေး ဖြစ်၏။ ထို့ကြောင့်—

> သန္နိပါတာ တယော အာသုံ၊ သုဇာတဿ မဟေသိနော။
> ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။
>
> အဘိညာဗလပ္ပတ္တာနံ၊ အပ္ပတ္တာနံ ဘဝါဘဝေ။
> သဋ္ဌိသတသဟဿာနိ၊ ပဌမံ သန္နိပတိံသု တေ။
>
> ပုနာပရံ သန္နိပါတေ၊ တိဒိဝေါရောဟဏေ ဇိနေ။
> ပညာသသတသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။
>
> ဥပသင်္ကမန္တော နရာသဘံ၊ သုဒဿနော အဂ္ဂသာဝကော။
> စတူဟိ သတသဟဿေဟိ၊ သမ္ဗုဒ္ဓံ ဥပသင်္ကမိ—

ဟူ၍ ဟောတော်မူပြီ။

သုဇာတဿ၊ သုဇာတအမည်ရှိသော။ မဟေသိနော၊ ဘုရားမြတ်၏။ ဝိမလာနံ၊ အညစ်အကြေးကင်းကုန်ထသော။ သန္တစိတ္တာနံ၊ ငြိမ်သက်သော

စိတ်ရှိကုန်ထသော။ တာဒိနံ၊ တာဒိ ကျေးဇူးနှင့် ပြည့်စုံကုန်ထသော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တယော၊သုံးကြိမ်ကုန်သော။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

အဘိညာဗလပ္ပတ္တာနံ၊ အဘိညာဉ် အားအစွမ်းသို့ ရောက်ကုန်ထသော။ ဘဝါဘဝေ၊ ဘဝငယ် ဘဝကြီးတို့သို့။ အပ္ပတ္တာနံ၊ မရောက်ကုန်ထသော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ သဋ္ဌိသတသဟဿာနိ၊ ခြောက်သန်းတို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ တေ၊ ထိုရဟန္တာအရှင်တို့သည်။ ပဌမံ၊ ရှေးဦးစွာ။ ; သန္နိပတိံသု၊ စည်းဝေးကုန်ပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးလည်း။ ဇိနေ၊ ဘုရားမြတ်သည်။ တိဒိဝေါရောဟဏေ၊ တာဝတိံသာမှ သက်ရောက်၍။ သန္နိပါတေ၊ စည်းဝေးသည်ရှိသော်။ ပညာသသတသဟဿာနံ၊ ငါးသန်းကုန်သော ရဟန်းတို့၏။ ဒုတိယော၊ နှစ်ခုမြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

အဂ္ဂသာဝကော၊ အဂ္ဂသာဝက ဖြစ်သော။ သုဒဿနော၊ သုဒဿန ရဟန်းသည်။ နရာသဘံ၊ လူတို့ထက် မြတ်သော သုဇာတ ဘုရားသို့။ ဥပသင်္ကမန္တော၊ ကပ်သည်ရှိသော်။ စတူဟိ သတသဟဿေဟိ၊ လေးသိန်းကုန်သောရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ သမ္ဗုဒ္ဓံ၊ ဘုရားသို့။ ဥပသင်္ကမိ၊ ကပ်ပြီ။

---

## ငါးတို့ဘုရားလောင်း စကြာမင်းဖြစ်စဉ် သုဇာတ မြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုသုဇာတ ဘုရားလက်ထက်တော်၌ ငါတို့ဘုရားလောင်းသည် စကြာမင်း ဖြစ်၍ လောကသုံးပါး၌ ဘုရားဖြစ်ပြီဟု ကြားလျှင် မြတ်စွာဘုရားသို့ ကပ်၍ တရားစကားကို နာရသော် ဘုရားအမှူးရှိသော သံဃာတော်တို့အား ရတနာခုနစ်ပါးနှင့်တကွ ကျွန်းကြီး လေးကျွန်း၌ ဖြစ်သော မင်းစည်းစိမ်ကို လှူတော်မူ၍ ဘုရားမြတ်အထံတော်၌ ရဟန်းပြု၏။ အလုံးစုံ ဇမ္ဗူဒိပ်ကျွန်း၌ နေသူ လူအပေါင်းတို့သည်လည်း တိုင်း၌ ဖြစ်သော အခွန်အတုတ်ကို ယူ၍ အရံကျောင်းကိစ္စကို ပြီးစေလျက် ဘုရားအမှူးရှိသော သံဃာတော်တို့အား အမြဲမပြတ် ကြီးစွာသောအလှူကို ပေးကြကုန်၏။ ဘုရားမြတ်သည်လည်း စကြာမင်းစစ် ဖြစ်သော ရဟန်းကို "နောင်သောအခါ ဂေါတမဘုရား ထင်ရှားပွင့်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ ဧတေန သမယေန၊ စတုဒီပမှိ ဣဿရော။
အန္တလိက္ခစရော အာသိံ၊ စက္ကဝတ္တိ မဟဗ္ဗလော။

စတုဒီပေ မဟာရဇ္ဇံ၊ ရတနေ သတ္တ ဥတ္တမေ။
ဗုဒ္ဓေ နိယျာတယိတွာန၊ ပဗ္ဗဇိံ တဿ သန္တိကေ။

အာရာမိကာ ဇာနပဒါ၊ ဥဋ္ဌာနံ ပဋ္ဌပိံသ္လိယ။
ဥပနေန္တိ ဘိက္ခုသံဃဿ၊ ပစ္စယံ သယနာသနံ။

သောပိ မံ ဗုဒ္ဓေါ ဗျာကာသိ၊ ဒသသဟဿိမှိ ဣဿရော။
တိံသကပ္ပသဟဿမှိ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော ဟာသံ ဇနေသဟံ။
အဓိဋ္ဌဟိံ ဝတံ ဥဂ္ဂံ၊ ဒသပါရမိပူရိယာ။

သုတ္တန္တံ ဝိနယဉ္စာပိ၊ နဝင်္ဂံ သတ္ထုသာသနံ။
သဗ္ဗံ ပရိယာပုဏိတွာန၊ သောဘယိံ ဇိနသာသနံ။

တတ္ထပ္ပမတ္တော ဝိဟရန္တော၊ ဗြဟ္မံ ဘာဝေတွ ဘာဝနံ။
အဘိညာသု ပါရမိံ ဂန္တွာ၊ ဗြဟ္မလောကမဂစ္ဆဟံ–

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ ဧတေန သမယေန၊ ထိုသုဇာတ ဘုရား ဖြစ်တော်မူသော ကာလ၌။ စတုဒီပမှိ၊ ကျွန်းငယ် နှစ်ထောင် အရံရှိသော ကျွန်းကြီးလေးကျွန်း၌။ တနည်းကား၊ ကျွန်းငယ် နှစ်ထောင် အရံရှိကုန်သော ကျွန်းကြီးတို့ကို။ ဣဿရော၊ အစိုးရထသော။ အန္တလိက္ခစရော၊ ကောင်းကင်၌ သွားထသော။ တနည်းကား၊ စကြာရွေးရှု ပြု၍ ကောင်းကင်သို့ သွားထသော။ မဟဗ္ဗလော၊ ကြီးသော ဘုန်းတန်ခိုး လည်း ရှိထသော။ စက္ကဝတ္တိ၊ စကြာမင်းသည်။ အာသိံ၊ ဖြစ်ဖူးလေပြီ။

စတုဒီပေ၊ လေးကျွန်းလုံး၌။ မဟာရဇ္ဇံ၊ မြတ်သော မင်းစည်းစိမ်ကို လည်းကောင်း။ ရတနေ သတ္တ-သတ္တ ရတနာနိ၊ ဆင်စသောရတနာ ခုနစ်ပါး တို့ကိုလည်းကောင်း။ ဥတ္တမေ၊ မြတ်လှစွာသော။ ဗုဒ္ဓေ၊ ဘုရားသခင်၌။

တနည်းကား၊ ဗုဒ္ဓေ-ဗုဒ္ဓသာ၊ ဘုရားအား။ နိယျာတယိတွာန၊ ဆောင်နှင်း၍ (လှူ၍လည်းဟူ)။ တဿ၊ ထိုဘုရား၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။

ဇာနပဒါ၊ ဇနပုဒ် တိုင်းနိုင်ငံသားတို့သည်။ အာရာမိကာ၊ အရံစောင့်ပြုလုပ်ကြကုန်၍။ ဥဋ္ဌာနံ၊ ထိုမှဖြစ်သော အခွန်အတုတ်ကို။ ပဋိပိဏ္ဍိယ-ရာသိံကတွာ၊ ပေါင်းစု၍။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ပစ္စယံ-စီဝရာဒိ-ဝိဝိဓပစ္စယံ၊ သက်နိုး စသော အထူးထူးသော ပစ္စည်းကိုလည်းကောင်း။ သယနာသနဥ္စ၊ အိပ်ရာ နေရာ ကျောင်းကိုလည်းကောင်း။ ဥပနေန္တိ၊ ဆောင်ကုန်၏။

ဒသသဟဿိမှိ၊ တစ်သောင်းသော လောကဓာတ်၌။ ဣဿရော၊ အစိုးရတော်မူသော။ သောပိ ဗုဒ္ဓေါ၊ ထိုသုဇာတ ဘုရားမြတ်သည်လည်း။ မံ၊ ငါ့ကို။ ဣတော၊ ဤကမ္ဘာမှ။ ပဋ္ဌာယ၊ စ၍။ တိံသ ကပ္ပသဟဿမှိ၊ ကမ္ဘာသုံးသောင်းတို့၏အထက်၌။ အယံ၊ ဤစကြာမင်းသည်။ ဗုဒ္ဓေါ၊ ဂေါတမဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ကြားတော်မူပြီ။

ပဓာနံ၊ လုံ့လကို။ ပဒဟိတွာန၊ အားထုတ်၍ ။လ။ ဣမံ-ဣမဿ၊ ဤရှင်ရသေ့၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကြကုန်၏။

တဿာပိ၊ ထိုဘုရားမြတ်၏လည်း။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ အဟံ၊ ငါသည်။ ဘိယျော၊ လွန်စွာ။ ဟာသံ၊ ရွှင်ခြင်းကို။ ဇနေသိံ၊ ဖြစ်စေပြီ။ ဒသပါရမိပူရိယာ၊ ပါရမီဆယ်ပါး ပြည့်စေခြင်းငှါ။ ဥဂ္ဂံ၊ ထက်မြက်သော။ ဝတံ၊ အကျင့်ကို။ အဓိဋ္ဌဟိံ၊ ဆောက်တည်ပြီ။

သဗ္ဗံ၊ အသုံးစုံသော။ သုတ္တန္တဥ္စ၊ သုတ္တန်ပိဋကတ်ကိုလည်းကောင်း။ ဝိနယဥ္စ၊ ဝိနည်းကိုလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံသော။ နဝင်္ဂံ၊ အင်္ဂါကိုးပါးရှိသော။ သတ္ထုသာသနံ၊ ဘုရားသခင်သာသနာတော်ကို။ ပရိယာပုဏိတွာန၊ သင်၍။ ဇိနသာသနံ၊ ဘုရားမြတ် သာသနာတော်ကို။ သောဘယိံ၊ တန်ဆာဆင်ပြီ။

တတ္တ၊ တိုသာသနာတော်၌။ အပ္ပမတ္တော၊ မမေ့မလျော့။ ဝိဟရန္တော၊ နေသော်။ အဟံ၊ ငါသည်။ ဗြဟ္မံ၊ ဗြဟ္မစိုရ်ဖြစ်သော။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝေတွာ၊ ပွါး၍။ အဘိညာသု၊ အဘိညာဥ်တရားတို့၌။ ပါရမိံ၊အထွတ်သို့။ ဂန္တွာ၊ ရောက်၍။ ဗြဟ္မလောကံ၊ ဗြဟ္မာ့ပြည်သို့။ အဂစ္ဆိံ၊ ရောက်ပြီ။

---

## သုဇာတမြတ်စွာဘုရား၏နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

သုဇာတ မြတ်စွာဘုရား၏ နေပြည်တော်ကား သုမင်္ဂလ မည်၏။ ဥဂ္ဂတ မည်သော မင်းကား ခမည်းတော်တည်း။ ပဘာဝတီမည်သော မိဖုရားကား မယ်တော်တည်း။ သုဒဿနနှင့် သုဒေဝ နှစ်ယောက်တို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ အလုပ်အကျွေးကား နာရဒမည်၏။ နာဂါနှင့် နာဂသမာလာ နှစ်ယောက်တို့ကား အဂ္ဂသာဝိကာ တပည့်မိန်းမမြတ် ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား မြတ်သော ဝါးပင်တည်း။ ထိုဝါးပင်ကား အပေါက်နည်း၏။ တခဲနက်သော ပင်စည်ရှိ၏။ အလွန်နှစ်သက်ဖွယ် စင်ကြယ်သော ပတ္တမြား အဆင်း စင်ကြယ်သော အရွက်တို့ဖြင့် ဖုံးလွှမ်းလျက် ပြန့်ပြောသော အခက်ရှိ၏။ ဥဒေါင်းမြီးစည်းကဲ့သို့လည်း တင့်တယ်၏။ ထိုသုဇာတဘုရား၏ အရပ်တော်ကား အတောင်ငါးဆယ် မြင့်၏။ အသက်တော်ကား အနှစ် ကိုးသောင်းရှည်၏။ ထိုဘုရားလောင်း၏ မိဖုရားကြီးကား သိရီနန္ဒာမည်၏။ သားတော်ကား ဥပသေနမည်၏။ မြင်းယာဥ်ဖြင့် တောထွက်တော်မူ၏။ ထို ဘုရားမြတ်သည် စန္ဒဝတီမြို့သိလာရာမ၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ထို့ကြောင့်—

သုမင်္ဂလံ နာမ နဂရံ၊ ဥဂ္ဂတော နာမ ခတ္တိယော။
မာတာ ပဘာဝတီ နာမ၊ သုဇာတဿ မဟေသိနော။

သုဒဿနော သုဒေဝေါ စ၊ အဟေသုံ အဂ္ဂသာဝကာ။
နာရဒေါ နာမုပဋ္ဌာကော၊ သုဇာတဿ မဟေသိနော။

နာဂါ စ နာဂသမာလာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ မဟာဝေဠူတိ ဝုစ္စတိ။

သော စ ရုက္ခော ဃနရုစိရော၊ အဏ္ဍုဒွေါ ဟောတိ ပတ္တိကော။
ဥဇု ဝံသော ဗြဟာ ဟောတိ၊ ဒဿနေယျော မနောရမော။

ကောက္ခန္ဓော ပဝဍ်ုတ္တော၊ တတော သာခါ ပဘိဇ္ဇတိ။
ယထာ သုဗဒ္ဓေါ မောရဟတ္ထော၊ ဧဝံ သောဘတိ သော ဒုမော။

န တဿ ကဏ္ဍကာ ဟောန္တိ၊ နာပိ ဆိဒ္ဒံ မဟာ အဟု။
ဝိတ္ထိဏ္ဏသာခေါ အဝိရလော၊ သန္ဒစ္ဆာယော မနောရမော။

သုဒတ္တော စေဝ စိတ္တော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
သုဘဒ္ဒါ စ ပဒုမာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

ပညာသရတနော အာသိ၊ ဥစ္စတ္တနေန သော ဇိနော။
သဗ္ဗကာရဝရူပေတော၊ သဗ္ဗဂုဏမုပါဂတော။

တဿ ပဘာ အသမသမာ၊ နိဒ္ဓါဝတိ သမန္တတော။
အပ္ပမာဏော အတုလိယော၊ ဩပမ္မေဟိ အနူပမော။

နဝုတိဝဿသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ယထာပိ သာဂရေ ဦမိ၊ ဂဂနေ တာရကာ ယထာ။
ဧဝံ တဒါ ပါဝစနံ၊ အရဟန္တေဟိ စိတ္တိတံ။

သော စ ဗုဒ္ဓေါ အသမသမော၊ ဂုဏာနိ စ တာနိ အတုလိယာနိ၊
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သုဇာတဿ၊ သုဇာတအမည်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ နဂရံ၊ ပြည်တော်သည်။ သုမင်္ဂလံ နာမ၊ သုမင်္ဂလမည်၏။ ခတ္တိယော၊ ခမည်းတော်မင်းသည်။ ဥဂ္ဂတော နာမ၊ ဥဂ္ဂတမည်၏။ မာတာ၊ မယ်တော်သည်။ ပဘာဝတီ နာမ၊ ပဘာဝတီအမည်ရှိ၏။

သုဒဿနော စ၊ သုဒဿနလည်းကောင်း။ သုဒေဝေါ စ၊ သုဒေဝ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ သုဇာတဿ၊ သုဇာတ

အမည်ရှိသော၊ မဟေသိနော၊ ဘုရားမြတ်၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ နာဂရဒေါ နာမ၊ နာဂရဒမည်၏။

နာဂါ စ၊ နာဂါလည်းကောင်း။ နာဂသမာလာ စ၊ နာဂသမာလာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဗောဓိ၊ ပွင့်ရာ သစ်ပင်ကို။ မဟာဝေဠုတိ၊ မြတ်သော ကြခတ်ပင် ဗောဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သော စ ရုက္ခော၊ ထိုကြခတ်ဗောဓိပင်သည်လည်း။ ဃနရုစိရော၊ တခဲနက်သော အရောင်ရှိသည်။ အစ္ဆိဒ္ဒေါ၊ နည်းသော အပေါက်ရှိသည်။ ပတ္တိကော၊ စည်ပင်သော အရွက်တို့ဖြင့် ဖုံးလွှမ်းအပ်သော များစွာသော အရွက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝံသော၊ ဝါးပင်သည်။ ဥဇု၊ ဖြောင့်စွာ။ ပြဟာ၊ ထက်ဝန်းကျင်ကြီးကျယ်သည်။ ဒဿနေယျော၊ ရှုဖွယ် ရှိသည်။ မနောရမော၊ နှလုံးမွေ့လျော်ဖွယ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ကေက္ခန္ဓော၊ တစ်ခုတည်းသော ပင်စည် ရှိသည်။ ဟောတိ၊ ဖြစ်၏။ တတော ဝံသဂ္ဂတော၊ ထိုဝါးပင်အဖျားမှ။ ပဝဇိတွာ၊ ပွားပြန်၍။ သာခါ၊ ခက်မ ငါးဖြာတို့သည်။ ပဘိဇ္ဇတိ ပဘိဇ္ဇတွာ၊ ပွားပြန်ပြီ။ ဝါတာတပသန္နိ-ဝါရဏဘ္ထာ၊ လေနေပူတံလှုပ်ကို တားမြစ်အံ့သောငှာ။ သုဗဒ္ဓေါ၊ ငါးပါးသော ဖွဲ့ခြင်းဖြင့် ကောင်းစွာ ဖွဲ့အပ်သော။ မောရဟတ္ထော ယထာ၊ ဥဒေါင်းမြီးစည်းကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သော ဒုမော၊ ထိုသစ်ပင်မင်းသည်။ သောဘတိ၊ တင့်တယ်၏။

ဝံသော၊ ကြခတ် ဝါးမျိုးသည်။ ကဏ္ဍကကိဏ္ဏောပိ၊ ဆူးနှင့် ပြွမ်းလျှင်းမူလည်း။ တဿ ရုက္ခဿ၊ ထိုဗောဓိပင်အား။ ကဏ္ဍကာ၊ ဆူးတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ မဟာ၊ များစွာ။ ဆိဒ္ဒံ၊ အပေါက်သည်။ နာပိ အဟု၊ ရှိသည်မဖြစ်။ ဝိတ္ထိဏ္ဏသာခေါ၊ပြန့်သော အခက်ရှိသည်။ အဝိရလော-အဝိရလ-သာခေါ၊ မကျဲသော အခက်ရှိသည်။ သန္ဒစ္ဆာယော၊ အေးချမ်းသော အရိပ်ရှိသည်။ မနောရမော၊ နှလုံးမွေ့လျော်ဖွယ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

သုဒတ္တော စေဝ၊ သုဒတ္တဥပါသကာလည်းကောင်း။ စိတ္တော စ၊ စိတ္တဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေးဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ သုဘဒ္ဒါ စ၊ သုဘဒ္ဒါလည်းကောင်း။ ပဒုမာ စ၊ ပဒုမာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေးဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

သော ဇိနော၊ ထိုသုဇာတဘုရားသခင်သည်။ ဥစ္စတ္တနေန၊ အလွန်မြင့်သဖြင့်။ ပညာသရတနော၊ အတောင်ငါးဆယ်ရှိသည်။ အာသိ၊ ဖြစ်ပြီ။ သော ဇိနော၊ ထိုမြတ်စွာဘုရားသည်။ သဗ္ဗာကာရဝရူပေတော၊ မြတ်သော အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံတော်မူ၏။ သဗ္ဗဂုဏမုပါဂတော၊ ခပ်သိမ်းသော ဘုရားကျေးဇူးတော်နှင့်လည်း ပြည့်စုံတော်မူ၏။

တဿ၊ ထိုမြတ်စွာဘုရား၏။ အသမသမာ၊ ရှေးဘုရားတို့နှင့် တူသော။ ပဘာ၊ အရောင်တော်သည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ နိဒ္ဓါဝတိ၊ ထွက်၏။ အပ္ပမာဏော၊ အတိုင်းအရှည်ကို ယူခြင်းငှါ မတတ်နိုင်။ အတုလိယော၊ အတုမရှိ။ ဩပမ္မေဟိ၊ နှိုင်းရှည့်အပ်သောဝတ္ထုတို့ဖြင့်။ အနူပမော၊ မနှိုင်းရှည့်အပ်။ တနည်းကား။ ဥပမာ ကင်းတော်မူ၏။

တာဝဒေ၊ ထိုအခါ၌။ နဝုတိဝဿသဟဿာနိ၊ အနှစ်ကိုးသောင်းတို့ ပတ်လုံး။ အာယု၊ အသက်တမ်းသည်။ ဝိဇ္ဇတိ၊ရှိ၏။ တာဝတာ၊ ထိုရွေ့လောက်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ တာရေသိ၊ ကယ်တင်တော်မူ၏။

သာဂရေ၊ သမုဒ္ဒရာ၌။ ဦမိ၊ လှိုင်းတံပိုးသည်။ စိတ္တိတာ ယထာပိ၊ ဆန်းကြယ်သကဲ့သို့လည်းကောင်း။ ဂဂနေ၊ ကောင်းကင်အပြင်၌။ တာရကာ၊ နက္ခတ်တာရာ ကြယ်အပေါင်းသည်။ စိတ္တိတာ ယထာပိ၊ ဆန်းကြယ်သကဲ့သို့ လည်းကောင်း။ ဧဝံ တထာ၊ ထို့အတူ။ တဒါ၊ထိုအခါ၌။ပါဝစနံ၊ မြတ်စွာဘုရား သာသနာတော်သည်။ အရဟန္တေဟိ၊ ရဟန္တာတို့ဖြင့်။ စိတ္တိတံ၊ ဆန်းကြယ်၏။

အသမသမော၊ ရှေးဘုရားတို့နှင့် တူတော်မူသော။ သော စ ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်လည်းကောင်း။ အတုလိယာနိ၊ အတုမရှိကုန်သော။ ဂုဏာနိ စ တာနိ-တေ သဗ္ဗညုတညာဏာဒယော ဂုဏာ စ၊ ထိုသဗ္ဗညုတ ညာဏ် စသော ကျေးဇူးတော် ဂုဏ်တော်တို့သည်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ခြင်းသို့ ရောက်ပြီ။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသော သင်္ခါရတရားတို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဧဝ၊ အချည်းနှီးတို့ သာလျှင်တည်း။

ဤတွင်ရွှေကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ တစ်ဆယ့်နှစ်ခုတို့၏
ပြည့်ကြောင်းဖြစ်သော သုဇာတဘုရား
အကြောင်းကား ပြီး၏။

# ၁၅-ပိယဒဿီ ဗုဒ္ဓဝံသ

## ပိယဒဿီ မြတ်စွာဘုရားအကြောင်းကို ပြခြင်း

သုဇာတ မြတ်စွာဘုရား နောက်အဖို့၌ ဤဘဒ္ဒကမ္ဘာ ကပ်မှ ပြန်၍ ရေတွက်သော် *ကမ္ဘာ တစ်ထောင့်ရှစ်ရာမြောက် ဖြစ်သော ကမ္ဘာထက်၌ ပိယဒဿီ မြတ်စွာဘုရား အတ္ထဒဿီမြတ်စွာဘုရား ဓမ္မဒဿီ မြတ်စွာဘုရား အားဖြင့် သုံးဆူသော ဘုရားရှင်တို့သည် ပွင့်တော်မူကုန်၏။ ထိုသုံးဆူသော ဘုရားရှင်တို့တွင် ပိယဒဿီ အမည်တော်ရှိသော ဘုရားလောင်းသည် ပါရမီတို့ကို ဖြည့်၍ တုသိတာနတ်ပြည်၌ ဖြစ်လျှင် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ သုဒညမြို့ သုဒတ္တမည်သော မင်းကြီး၏ လနှင့် တူသော နှုတ်ခမ်းရှိသည့် အဖြစ်ကြောင့် စန္ဒာဒေဝီမည်သော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၏။

ဆယ်လလွန်သဖြင့် ဝရုဏာဥယျာဉ်၌ ဖွားမြင်တော်မူလျှင် ဘုရားလောင်းကို အမည်မှည့်အံ့သောနေ့၌ လူအပေါင်းတို့ ချစ်အပ်သော တန်ခိုးပြာဋိဟာတို့ကို ပြအပ်သည့် အဖြစ်ကြောင့် ပိယဒဿီဟူသော အမည်ကို မှည့်ကုန်၏။ ဘုရားလောင်းသည်လည်း အနှစ်ကိုးထောင်တို့ ပတ်လုံး ရွှေနန်းရွှေအိမ်၌ သုနိမ္မလ, ဝိမလ, ဂိရိဂုဟာ, အမည်ရှိသော ပြာသာဒ် သုံးဆောင်တို့၌ ဝိမလာ မဟာဒေဝီ အမှူးရှိသော သုံးသောင်း သုံးထောင်သော မိန်းမတို့ ခြံရံ ခံစားကာ နေ၏။

ထိုဘုရားလောင်းသည် ဝိမလာဒေဝီ မည်သော မိဖုရား၌ ကဉ္စနဝေဠ မည်သောသားကို ဖွားမြင်သည်ရှိသော် လေးပါးသော နိမိတ်တို့ကို မြင်တော်မူ၍ မြင်းကသော ရထားဖြင့် တောထွက်တော်မူလျှင် တစ်ကုဋေသော လူတို့လည်း ဘုရားလောင်းနှင့်အတူ တောထွက်၍ ရဟန်းပြုကြကုန်၏။ ယောကျ်ားမြတ်သည်ကား ထိုရဟန်းတို့ ခြံရံလျက် ခြောက်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့၌ ဝရုဏ မည်သော ပုဏ္ဏားရွာ၌ ဝသဘမည်သော ပုဏ္ဏားသမီးသည် လှူအပ်သော နို့ဃနာကို

* "အဋ္ဌာရသကပ္ပသတမတ္ထကေ"ဟူ၍သာ အံဋ္ဌသာလိနီအဋ္ဌကထာ,ဇာတ်အဋ္ဌကထာနိဒါန်း စသည်တို့ ပြဆိုတော်မူကြသည်။ ၎င်းပါဠိကို "ကမ္ဘာ ထောင့်ရှစ်ရာထက်၌"ဟူ၍သာ မြန်မာပြန်ဆိုသင့်သည်။ အချို့ဆရာတို့ကား "တစ်ရာ့တစ်ဆယ့်ရှစ် ကမ္ဘာထက်၌"ဟု မြန်မာပြန်ဆိုကြသည်။

ဘုဉ်းပေးစောာ်မူ၍ အင်ကြောင်းတော၌ နေ့သန့်ခြင်းကို လွန်စေပြီးမှ သုဇာတ မည်သော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ဖောက်ကြံ့ (ရေခံတက်) ဗောဓိသို့ ကပ်တော်မူလျက် ငါးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်အခင်းကိုခင်း၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေလျှင် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိပြီးမှ "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာဖြင့် ဉဒါန်းကျူးရင့်တော်မူ၏။

---

## ပိယဒဿီ မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထို့နောက် ဗောဓိပင်အနီး၌ သတ္တသတ္တာဟ စံနေတော် မူပြီးမှ ကိုယ်တော်နှင့်အတူ ရဟန်းပြုသော သူတို့၏ ဉပနိဿယကို မြင်တော်မူ၍ ထိုရဟန်းတို့ရှိရာ ကောင်းကင်ခရီးဖြင့် ကြွသွားပြီးမှ ဉသဘဝတီမြို့၏ အနီး ဉသဘဝနဉယျာဉ်၌ သက်၍ တစ်ကုဋေသော ရဟန်းတို့အား ဓမ္မစက္ကသုတ္တန် ဒေသနာတော်ကို ဟောတော်မူ၏။ ထိုအခါ တစ်ကုဋေသော ရဟန်းတို့ သစ္စာလေးပါးတရားကို သိကုန်၏။ ဤကား ရှေးဦးစွာသော တရားကို သိစေခြင်းတည်း။

တဖန် ဉသဘဝတီ မည်သော မြို့၏ မနီးမဝေးသော အရပ် သုဒဿန မည်သောတောင်ဝယ် သုဒဿနမည်သော နတ်မင်းသည် နေ၏။ ထိုနတ်မင်း သည် မိစ္ဆာဒိဋ္ဌိ အယူရှိသည့်ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်း၌ နေသော လူတို့သည် ထိုနတ်မင်းအား နှစ်စဉ်မပြတ် အဖိုးတစ်သိန်းထိုက်သော ဗလိနတ်စာကို ဆောင်ကုန်၏။ သုဒဿနမည်သော နတ်မင်းသည်လည်း လူမင်းနှင့်အတူ တကွ တနေရာတည်း ထိုင်၍ဗလိနတ်စာကို ခံ၏။

ထိုအခါ ပိယဒဿီမြတ်စွာဘုရားသည် သုဒဿနမည်သော နတ်မင်း၏ မိစ္ဆာအယူကို ဖျောက်အံ့ဟု နတ်တို့ အစည်းအဝေးသို့ သွားလေသော ထိုနတ်မင်းနေရာဗိမာန် အသရေရှိသော နေရာသို့ တက်၍ ခြောက်ပါးသော ရောင်ခြည်တော်တို့ကို တထိန်ထိန် လွှတ်လျက် ယုဂန္ဓိုရ် တောင်ထိပ်၌ တက်ထွန်းသော နေဝန်းကဲ့သို့ နေတော်မူလျှင် သုဒဿန နတ်မင်း၏ အခြံ အရံ အလုပ်အကျွေး ဖြစ်သော နတ်တို့သည် ပန်းနံ့သာ စသည်တို့ဖြင့် မြတ်စွာဘုရားကို ပူဇော်၍ နေကြကုန်၏။

သုဒဿန နတ်မင်းသည်လည်း နတ်အစည်းအဝေးမှ ပြန်လာခဲ့သော် မိမိနေရာဗိမာန်မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့ ထွက်သည်ကို မြင်လျှင် "တပါးသော နေ့၌ ငါ၏ ဗိမာန်ကား ဤသို့ သဘောရှိသော များစွာသော အရောင်တည်းဟူသော ကွန်ရက်ဖြင့် တထိန်ထိန်တောက်ပ၍ တင့်တယ်ခြင်း မမြင်စဖူး။ အဘယ်သူသည် ဤဗိမာန်သို့ ဝင်လေသည် မသိ။ နတ်လော လူလော"ဟု ကြည့်လေသည် ရှိသော် ယုဂန္ဓိုရ် ထိပ်ဖျား၌ တက်ထွန်းသော နေဝန်းကဲ့သို့ ခြောက်သွယ်သော ရောင်ခြည်တော်တည်းဟူသောကွန်ရက်ဖြင့် တထိန်ထိန်တောက်ပလျက်နေသော မြတ်စွာဘုရားကို မြင်၍ "ဤရဟန်း ဦးပြည်းသည် ငါ၏ အခြံအရံဖြစ်သော အလုပ်အကျွေးတို့ဖြင့် ခြံရံလျက် နေဘိ၏"ဟု အမျက်ဖြင့် နှိပ်စက်အပ်သော စိတ်ရှိရကား "ယခု ငါသည် ဤရဟန်းကြီးအား မိမိအငွေ့မ်းကို ပြအံ့"ဟု ကြံ၍ အလုံးစုံသော တောင်ကို တခဲနက် မီးလျှံပြု၏။ "ဤမီးလျှံဖြင့် ဦးပြည်းရဟန်းသည် ပြာဖြစ်အံ့သတည်း"ဟု ကြည့်ပြန်လတ်သော် တစ်ပါးမက များစွာသော ရောင်ခြည်တော် တည်းဟူသော ကွန်ရက်ကို ဖြန့်လွှတ်သဖြင့် ပြိုးပြိုးပြက် အရောင်ထွက်သောမြတ်သောကိုယ်တော် ကြည်လင်သော နှုတ်ခမ်းရောင်ဖြင့် တင့်တယ်သော မြတ်စွာဘုရားကို မြင်၍ ဤသို့ ကြံပြန်သည်။

"ဤရဟန်းကြီးကား မီးပူခြင်းကို သည်းခံနိုင်၏။ ယခုအခါ ငါသည် ဤရဟန်းကြီးကို ရေအလျဉ်ဖြင့်မျှော၍သတ်အံ့"ဟု ကြံ၏။အလွန်ကြီးကျယ်သော ရေအလျဉ်ကို ဗိမာန်သို့ရှေးရှုစီးဝင်လာစေ၏။ ထို့နောက်မှ ရေအလျဉ် ဗိမာန်၌ ပြည့်သည် ရှိသော် မြတ်စွာဘုရား သင်္ကန်းတော် အစွန်းမျှကို လည်းကောင်း၊ အမွေးတော် တစ်ချောင်းမျှကို လည်းကောင်း မစွတ်ကုန်။ ထို့နောက်မှ သုဒဿနအမည်ရှိသောနတ်မင်းသည်"ဤသို့ပြုသဖြင့်ရဟန်းကြီးသည် ဥဿာဟကင်း၍ သေခြင်းဖြစ်လတ္တံ့"ဟု သိ၍ ရေကို ခြောက်ထပ်စေလျက် ကြည်လတ်သည်ရှိသော် မည်းညိုသော ရေကို ဆောင်တတ်သော တိမ်ပုပ်မှကင်းသည်သို့ရောက်သောနေမင်းကဲ့သို့ အထူးထူးအပြားပြားသော ရောင်ခြည်ကို လွှတ်သဖြင့် တောက်ပသော မိမိပရိသတ် ခြံရံလျက် နေတော်မူသော မြတ်စွာဘုရားကို မြင်၍ အမျက်ကို သည်းမခံနိုင်ရကား "ယခု ထိုရဟန်းကြီးကို သတ်အံ့"ဟု အမျက်ဖြင့် ကိုးပါးအပြားရှိသော လက်နက်မိုးကို ရွာစေပြန်၏။

ထိုအခါ မြတ်စွာဘုရား၏ အာနုဘော်အားဖြင့် အလုံးစုံသော လက်နက်တို့သည် အထူးထူး အပြားပြားရှိသော အလွန်တင့်တယ် ရှုဖွယ်ဘနန်း၊ အနံ့ရှိသော ပန်းတို့သာ ဖြစ်၍ မြတ်စွာဘုရား ခြေတော်ရင်းသို့ ကျကုန်၏။ ထို့နောက်မှ ထိုအံ့ဖွယ်သရဲကို မြင်လျှင် သုဒဿန နတ်မင်းသည် လွန်စွာသော အမျက်ဖြင့် နှိပ်စက်ရကား မြတ်စွာဘုရားကို လက်နှစ်ဖက်တို့ဖြင့် ခြေတော်တို့၌ ကိုင်၍ မိမိဗိမာန်မှ နှင်ထုတ်လိုရကား မြတ်စွာဘုရားကို ချီကြွ၍ မဟာသမုဒ္ဒရာကို လွန်မြောက်လျက် စကြာဝဠာတောင်သို့ ရောက်စေပြီးမှ "ရဟန်းကြီးကား အသက် ရှင်လေအံ့လော သေအံ့လော" ဟု ကြည့်သည် ရှိသော် ထိုနတ်ဗိမာန်၌သာ နေတော်မူသော မြတ်စွာဘုရားကို မြင်၍ "ဤရဟန်းကြီးကား ကြီးသော အာနုဘော် ရှိပေစွ။ ငါကား ဤရဟန်းကြီးကို ဤဗိမာန်မှ နှင်ထုတ်ခြင်းငှာ မတတ်နိုင်ရာ။ အကယ်၍ မတတ်နိုင်သည်ဖြစ်အံ့။ ငါကို တစုံတယောက်သောသူတို့ သိသည်ဖြစ်အံ့။ အတိုင်းမသိသော အကျော်အစော ကျေးဇူးမဲ့သည် ဖြစ်လတ္တံ့။ တစုံတယောက်သောသူ မမြင်ရာအရပ်သို့ ဗိမာန်ကိုစွန့်၍ သွားအံ့"ဟု ကြံ၏။

ထိုအခါ ပိယဒဿီမြတ်စွာဘုရားသည် သုဒဿနနတ်မင်း၏ စိတ်အကြံကို သိ၍ သုဒဿန နတ်မင်းကို အလုံးစုံသော နတ်လူတို့ မြင်စေလိုသော အခြင်းအရာဖြင့် အဓိဋ္ဌာန်တော်မူ၏။ ထိုနေ့ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ တစ်ရာ့တစ်ယောက်သော မင်းတို့သည် ထိုနတ်မင်းအား အဆောက်အဦး အခွန်အတုတ် ပေးခြင်းငှာ စည်းဝေးလာကုန်သည် ရှိသော် မြတ်စွာဘုရား ခြေတော် ကိုကိုင်၍ နေသော သုဒဿန နတ်မင်းကို မြင်၍ "ငါတို့နတ်မင်းကား ရဟန်းတကာတို့ မင်းဖြစ်သော ပိယဒဿီ မြတ်စွာဘုရား ခြေရင်း အလုပ်အကျွေး ပြုရ၏။ ဘုရားတို့ မည်သည်ကား အံ့ဖွယ်ရှိစွ။ ဘုရား ကျေးဇူးတော်တို့သည်လည်း အံ့ဖွယ်ရှိစွ" ဟု မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သူတို့သည် မြတ်စွာဘုရားကို ရှိခိုးကုန်လျက် ဦးခေါင်းထက် လက်တင်လျက် နေကြကုန်သော် ထိုအစည်းအဝေး၌ ပိယဒဿီမြတ်စွာဘုရားသည် သုဒဿန အမည်ရှိသော နတ်မင်းကို အဦးပြု၍ တရားဟောတော်မူ၏။ ထိုအခါ နတ်လူကုဋေကိုးသောင်းတို့ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ဤကား နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။

အကြင်အခါ ကိုးယူဇနာ အတိုင်းအရှည် ရှိသော ကုမုဒမြို့၌ ငါတို့ ဘုရားရန်သူဖြစ်သော ဒေဝဒတ်ကဲ့သို့သော သောဏထေရ်သည် မဟာ ပဒုမမင်းသားနှင့် တိုင်ပင်၍ မင်းသား၏ အဘ ခမည်းတော်ကို သတ်စေ၍ တဖန် ပိယဒဿီ ဘုရားကို သတ်အံ့သောငှာ အထူးထူး အပြားပြား သေကြောင်းလုံ့လကို ပြုသော်လည်း သေစိမ့်သောငှာ မတတ်နိုင်ရကား ထိုသောဏ ရဟန်းသည် ဆင်ထိန်းကို ခေါ်စေ၍ ဖြားယောင်းလျက် ဒေါဏမုခမည်သော ဆင်မင်းနှင့် တိုက်စေ၏။ "အကြင်အခါ ပိယဒဿီ အမည်ရှိသော ဤရဟန်းကြီးသည် ငါတို့မြို့သို့ ဆွမ်းအလို့ငှာ ဝင်၏။ ထိုအခါ ဒေါဏမုခမည်သော ဆင်မြတ်ကို လွှတ်၍ ပိယဒဿီရဟန်းကြီးကို သတ်လေ"ဟု ပြောကြားလေ၏။

ထိုအခါ၌ အကျိုးရှိသည်, မရှိသည်ကို ဆင်ခြင်ခြင်းကင်းသော ဆင်ထိန်း သည် "သောဏမည်သော ရဟန်းကား မင်းနှင့် အကျွမ်းဝင်၏။ ငါ့ကို အရာထူးမှ ရွှေ့လျောစေနိုင်ရာ၏"ဟု မှတ်ထင်၍ ထိုအာရောဟ ဆင်ထိန်း သည် ကောင်းပြီဟု ဝန်ခံလျက် နှစ်ရက်မြောက်သောနေ့ မြတ်စွာဘုရား မြို့သို့ ဆွမ်းခံဝင်ချိန်ကို မှတ်၍ ထိပ်၌ ထန်းသီးကဲ့သို့ လုံးသော ဦးကင်းနဖူး ပြင်, လေးနှင့်တူသော စာကောက်, နူးညံ့သိမ်မွေ့သောခနား, ပျားကဲ့သို့ ခတ်ကြောင်သော မျက်စိ, ကောင်းမွန်သော ပခုံးတည်းဟူသော နေရာ, အစဉ်အတိုင်း လုံးသော တခဲနက်သော မြင်းခေါင်း,ဆန်းကြယ်တင့်တယ်စွာ လျှို့ဝှက်အပ်သော ပုဆစ်ဒူးအကြား, စဉ်းငယ်မညီ လက်ယာချီလျက် မွှီးမွှီးပြက်ပြက် အရောင်ထွက်သော အစွယ်,ကောင်းစွာသောအမြီး မြီးထူး တို့၌ အစဉ်အတိုင်း စီအပ်သော မြီးရင်း,မည်းနက်ညိုမှောင် ရေကို ဆောင် သော ကြာညိုအဆင်းနှင့် မယှဉ်းတင့်တယ် ရှုဖွယ်ရှိသည်ဖြစ်၍ ခြင်္သေ့မင်း၏ မူးထူးတင့်တယ် စံပယ်သွားလာခြင်းကဲ့သို့ သွားလာသော ဆင်သို့ကပ်၍ ရောဝဏ်ဆင်မင်းကဲ့သို့ ရန်သူကို တားမြစ်နိုင်သော ဘုရားတည်းဟူသော မြတ်သောဆင်ကို သတ်အံ့သောငှာ စေလွှတ်၏။

ထိုအခါ ရန်သူကို ဆုံးမတတ်သော ဒေါဏမုခ ဆင်မင်းသည် လွှတ်ကာ မျှ၌ ဆင်ကျွဲမြင်းယောကျ်ားမိန်းမတို့ကို သတ်၍ သတ်အပ်သော သွေးပဲ့ဖြင့် လိမ်းကျံသော နူတ်ခမ်း,နှာမောင်း အဦးတည်းဟူသော ကွန်ရက်ဖြင့် မြေးယှက် ဖုံးလွှမ်းအပ်သော မျက်နှာရှိသည် ဖြစ်၍ လည်း တံခါးရွက်

တံခါးတိုင် တိုက်တံခါး တုရိုဏ်တိုင် စသည်တို့ကို နင်းနယ် ချိုးဖျက်လျက် ကျိုး ဥဗျိုင်း စွန်ရဲ လင်းတစသော ငှက် သတ္တဝါတို့ ခြံရံ၍ အစဉ်အတိုင်း ဝဲပျံလျက် လူသားစားကြူး ဘီးလူးတို့ကဲ့သို့ အဝေးကလျှင် တပည့်အပေါင်း ခြံရံကာ ကြွတော်မူလာသော မြတ်စွာဘုရားကို မြင်၍ လျင်ခြင်းပြင်းသော ဂဠုန်မင်းကဲ့သို့ လျင်မြန်စွာ မြတ်စွာဘုရားသို့ ကပ်ရောက်လာ၏။

ထိုအခါ ပြည်သူပြည်သား လူအများတို့သည် ကြောက်လန့်ပူပန်သော စိတ်ရှိကုန်သည် ဖြစ်၍ ပြာသာဒ်တံတိုင်း သစ်ပင်တို့ကို တက်ကုန်လျက် လာခြင်းကောင်းသော ဘုရားမြတ်သို့ ရှေးရှုပြေးလာသော ဆင်မင်းကို မြင်၍ ဟာဟာ!ဟူသောအသံကို ပြုကြကုန်၏။ အချို့သော ဒါယကာတို့ကလည်း ထိုဆင်မင်းကို အထူးထူးအပြားပြားကုန်သော နည်းတို့ဖြင့် တားမြစ်ခြင်းငှါ အားထုတ်ကုန်၏။

ထိုအခါ ဘုရားတည်းဟူသော ဆင်မင်းသည် ပြေးလာသော ဆင်ကို ကြည့်တော်မူ၍ ကရုဏာဖြင့် ဖျန်းဆွတ်အပ်သော ချမ်းအေးသော နှလုံး ရှိသည်ဖြစ်၍ မေတ္တာဖြင့် ဆင်မင်းကို ပျံ့နှံ့စေ၏။ ထို့ နောက်မှ ဆင်မင်းသည် ဘုရားမေတ္တာတော်နှံ့သဖြင့် နူးညံ့ခြင်းသို့ ရောက်သော နှလုံးရှိသည်ဖြစ်၍ မိမိ အမျက်ထွက်ခြင်းကို သိ၍ ရှက်သဖြင့် မြတ်စွာဘုရား ရှေ့တော်၌ တည်တံ့ခြင်းငှါ မတတ်နိုင်ရကား မြေ၌ ဝင်သကဲ့သို့ ဦးဖြင့် ဘုရားခြေတော်တို့၌ တုပ်ဝပ်လျက် နေ၏။

ထိုအခါ ရဟန်းတို့၏ မင်းဖြစ်တော်မူသော တရားမင်းခြေရင်း၌ ဦးဖြင့် ဝပ်လျောင်းသော ဒေါဏမုခဆင်မင်းကို မြင်တော်မူ၍ ပြည်သူပြည်သား အပေါင်းတို့သည် နှစ်ထောင်းသော ပီတိဖြင့် ပြည့်သော နှလုံးရှိရကား ကောင်းချီးကြွေးကြော်သောအသံကို ပြုကြကုန်၏။ ပန်းစန္ဒကူးနံ့သာမှုန့်တို့ ဖြင့်လည်း ပူဇော်ကုန်၏။ ထက်ဝန်းကျင် ဦးရစ်တို့ဖြင့်လည်း ကြဲကြကုန်၏။ ကောင်းကင်ပြင်၌ နတ်စည်ကြီးတို့သည် တခြိမ့်ခြိမ့်မည်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ခြေရင်း၌ ဝပ်သော ဆင်မြတ်၏ ထိပ်အပြင်ကို ခရုသင်း စက်လက္ခဏာဖြင့် တန်ဆာဆင်အပ်သော လက်ဝါး တော်ဖြင့် သုံးသပ်တော်မူလျက် ဆင်မင်းစိတ် ဖြစ်ခြင်းအားလျော်သော တရားဒေသနာတော်ဖြင့် ဆုံးမတော်မူလိုသောကြောင့်—

ဂဇဝရ ဝဒတော သုဏောဟိ ဝါစံ၊
မမ ဟိတမတ္ထယုတ္တ တံ ဘဇာဟိ။
တဝ ဝဓနိရတံ ပဒုဋ္ဌဘာဝံ၊
အပနယ သန္တမုပေဟိ စာရုဒန္တိ—

ဟူ၍ ဟောတော်မူပြီ။

ဂဇဝရ၊ ဆင်မြတ်။ ဝဒတော၊ ဆိုဆုံးမသော။ မမ၊ ငါ၏။ ဟိတမတ္ထ-ယုတံ၊ အစီးအပွါးအကျိုးနှင့်စပ်သော။ဝါစံ၊စကားကို။ သုဏောဟိ၊ နာလော့။ တဒ္ဓ၊ ထိုငါတရားစကားသို့လည်း။ ဘဇာဟိ၊ ဆည်းကပ်ပါလော့။ တဝ၊ သင်၏။ ဝဓနိရတံ၊ သတ်ခြင်း၌မွေ့လျော်သော။ ပဒုဋ္ဌဘာဝံ၊ ပြစ်မှားတတ်သောအဖြစ်ကို။ အပနယ၊ ပယ်လော့။ စာရုဒန္တိ၊ တင့်တယ်သော အစွယ်ရှိသောဆင်မြတ်။ သန္တံ၊ငြိမ်သက်ချမ်းမြေ့သောစိတ်သို့။ ဝါ၊ သူတော်ကောင်းအဖြစ်သို့။ ဥပေဟိ၊ ရောက်စေလော့။

ဤသို့ အစရှိသော ဂါထာတို့ဖြင့် မြတ်စွာဘုရား ဆုံးမသည်ရှိသော် ဆင်မြတ်သည် အမှတ်ရ၍ လွန်စွာ ဆုံးမအပ်သော ဝိနည်းအကျင့်နှင့် ပြည့်စုံသော တပည့်ကဲ့သို့ ဖြစ်၏။ ဤသို့လျှင် ပိယဒဿီ အမည်တော်ရှိသော မြတ်စွာဘုရားသည် ငါတို့မြတ်စွာဘုရား ဓနပါလဆင်ကို ဆုံးမသကဲ့သို့ ဒေါဏမုခ မည်သော ဆင်ကို ဆုံးမတော်မူ၍ ထိုဆုံးမရာများစွာသော လူအပေါင်းတို့သည် အစည်းအဝေး၌ တရားဟောတော်မူ၏။ ထိုအခါ ကုဋေရှစ်သောင်းသော သူတို့ သစ္စာလေးပါးတရားကို သိကုန်၏။ ဤသည်ကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိခြင်းတည်း။ ထို့ကြောင့်—

သုဇာတဿ အပရေန၊ သယမ္ဘူ လောကနာယကော။
ဒုရာသဒေါ အသမသမော၊ ပိယဒဿီ နရာသဘော။

သောပိ ဗုဒ္ဓေါ အမိတယသော၊ အာဒိစ္စောဝ ဝိရောစတိ။
သဗ္ဗံ တမံ နိဟန္တွာန၊ ဓမ္မစက္ကံ ပဝတ္တယိ။

တဿာပိ အတုလတေဇဿ၊ အဟေသုံ အဘိသမယာ တယော။
ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု။

သုဒဿနော ဒေဝရာဇာ၊ မိစ္ဆာဒိဋ္ဌိ မရောစယိ။
တဿ ဒိဋ္ဌိံ ဝိနောဒေန္တော၊ သတ္ထာ ဓမ္မမဒေသယိ။
ဇနသန္နိပါတော အတုလော၊ မဟာသန္နိပတိ တဒါ။
နဝုတိကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု။
ယဒါ ဒေါဏမုခံ ဟတ္ထိံ၊ ဝိနေသိ နရသာရထိ။
အသီတိကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သုဇာတဿ၊ သုဇာတဘုရား၏။ အပရေန၊ နောက်ကာလ၌။ အသမသမော၊ ရှေးဘုရားတို့နှင့်သာ တူထသော။ ဒုရာသဒေါ၊ နှိပ်စက်အံ့သောငှါ မချဉ်းကပ်နိုင်ထသော။ လောကနာယကော၊ လူအပေါင်းကို ဆုံးမတော်မူတတ်ထသော။ နရာသဘော၊ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့ထက် မြတ်တော်မူထသော။ ပိယဒဿီ၊ ပိယဒဿီ အမည်ရှိသော။ သယမ္ဘူ၊ ဘုရားသခင်သည်။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူပြီ။

အမိတယသော၊ မနှိုင်းရှည့်အပ်သော မြတ်သော ကျော်စောခြင်း ရှိသော။ သောပိ ဗုဒ္ဓေါ၊ ထိုဘုရားမြတ်သည်လည်း။ အာဒိစ္စောဝ၊နေမင်းကဲ့သို့။ ဒသသဟဿိမှိ၊ တစ်သောင်းသော လောကဓာတ်၌။ ဝိရောစတိ၊ တင့်တယ် တော်မူ၏။ သောပိ ဗုဒ္ဓေါ၊ ဘုရားသည်လည်း။ သဗ္ဗံ၊ အလုံးစုံသော။ တမံ၊ အမိုက်ကို။ နိဟန္တွာန၊ ဖျောက်၍။ ဓမ္မစက္က၊ ဓမ္မစကြာ ဒေသနာတော်ကို။ ပဝတ္တယိ၊ ဟောတော်မူပြီ။

အတုလတေဇဿ၊ အတုမရှိသော တန်ခိုးရှိသော။ တဿာပိ၊ ထိုပိယဒဿီ ဘုရားအားလည်း။တယော၊ သုံးပါးကုန်သော။ အဘိသမယာ၊ သစ္စာလေးပါး ကို သိစေခြင်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ကောဋိသတ သဟဿာနံ၊ ကုဋေတစ်သိန်းသော သူတို့အား။ ပဌမော၊ ရှေးဦးစွာသော။ အဘိသမယော၊ သစ္စာလေးပါးတရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

သုဒဿနော၊ သုဒဿနအမည်ရှိသော။ ဒေဝရာဇာ၊ နတ်မင်းသည်။ မိစ္ဆာဒိဋ္ဌိံ၊ မှားသောအယူကို။ အရောစယိ၊ နှစ်သက်ပြီ။ တဿ၊ ထိုနတ်မင်း၏။ ဒိဋ္ဌိံ၊ အယူကို။ ဝိနောဒေန္တော၊ ဖျောက်တော်မူသော။ သတ္ထာ၊ ပိယဒဿီ ဘုရားမြတ်သည်။ ဓမ္မံ၊ တရားကို။ အဒေသယိ၊ ဟောတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ မဟာ၊ များသော။ အတုလော၊ အတုမရှိသော။ ဇနသန္နိပါတော၊ လူတို့အစည်းအဝေးသည်။ သန္နိပတိ၊ စည်းဝေးပြီ။ တဒါ၊ ထိုအခါ၌။ နဝုတိကောဋိသဟဿာနံ၊ ကုဋေကိုးသောင်းသော သူတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ယဒါ၊ အကြင်အခါ၌။ နရသာရထိ၊ လူတို့၏ ရထားထိန်းသဖွယ် ဖြစ်သော ပိယဒဿီမြတ်စွာဘုရားသည်။ ဒေါဏမုခံ၊ ဒေါဏမုခ မည်သော။ ဟတ္ထိံ၊ ဆင်ကို။ ဝိနေသိ၊ ဆုံးမတော်မူ၏။ တဒါ၊ ထိုအခါ၌။ အသီတိကောဋိ- သဟဿာနံ၊ ကုဋေရှစ်သောင်းကုန်သော သူတို့အား။ တတိယော၊ သုံးကြိမ် မြောက်သော။ အဘိသမယော၊ သစ္စာလေးပါးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## ပိယဒဿီမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

သုမင်္ဂလမြို့၌ ပါလိတမည်သော မင်းသားနှင့် ပုရောဟိတ်သားဖြစ်သော သဗ္ဗဒဿီ သတို့သား အဆွေခင်ပွန်း နှစ်ယောက်တို့သည် ပိယဒဿီ မြတ်စွာဘုရား ဒေသစာရီ ကြွချီသည် ရှိသော် မိမိပြည်သို့ ရောက်ကြောင်းကို ကြား၍ ကုဋေတစ်သိန်း အခြံအရံနှင့်တကွ ခရီးဦး ကြိုဆိုခြင်းကို ပြု၍ မြတ်စွာဘုရား တရားတော်ကို နာရလျှင် ခုနစ်ရက် အလှူကြီးပေးပြီးသော အခါ ဆွမ်းအနုမောဒနာပြုသည်အဆုံး ကုဋေတစ်သိန်းသော သူတို့နှင့်တကွ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ထိုရဟန်းတို့၏ အလယ်၌ မြတ်စွာဘုရားသည် ပါတိမောက်ပြတော်မူပြီ။ ထိုအစည်းအဝေးကား ရှေးဦးစွာသော အစည်းအဝေးတည်း။

ထိုပဌမအစည်းအဝေး နောက်ကာလ၌ သုဒဿန နတ်မင်းအစည်း အဝေးဝယ် ကုဋေကိုးဆယ်သော သူတို့ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ထိုကုဋေ ကိုးဆယ်သော ရဟန်းတို့ ခြံရံလျက် မြတ်စွာဘုရားသည် ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက် အစည်း အဝေးတည်း။

တဖန် ဒေါကာမုခဆင်ကို ဆုံးမရာ၌ ကုဋေရှစ်ဆယ်သော သူတို့ ရဟန်း ပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ထိုရဟန်းတို့အလယ်၌ မြတ်စွာ ဘုရားသည် ပါတိမောက်ပြတော်မူ၏။ ဤသည်ကား သုံးကြိမ်မြောက် အစည်းအဝေးတည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ တဿာပိ ပိယဒဿိနော။
ကောဋိသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။

တတော ပရံ နဝုတိကောဋီ၊ သမိံသု ကေတော မုနီ။
တတိယေ သန္နိပါတမှိ၊ အသီတိကောဋိယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ပိယဒဿိနော၊ ပိယဒဿီ အမည်ရှိသော။ တဿာပိ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏လည်း။ တယော၊ သုံးပါးကုန်သော။ သန္နိပါတာ၊ အစည်း အဝေးတို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ ကောဋိသတသဟဿာနံ၊ ကုဋေ တစ်သိန်းသော သူတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

တတော၊ ထိုအစည်းအဝေးမှ။ ပရံ၊ နောက်မှ။ နဝုတိကောဋီ၊ ကုဋေ ကိုးဆယ်ကုန်သော။ မုနီ၊ ရဟန်းတို့သည်။ ကေတော၊ တပေါင်းတည်း။ သမိံသု၊ စည်းဝေးကုန်ပြီ။ တတိယေ၊ သုံးကြိမ်မြောက်သော။ သန္နိပါတမှိ၊ အစည်းအဝေး၌။ အသီတိကောဋိယော၊ ကုဋေရှစ်ဆယ်တို့သည်။ အဟု၊ ဖြစ်ကုန်ပြီ။

---

## ငါတို့ဘုရားလောင်း ကဿပပုဏ္ဏားဖြစ်စဉ် ပိယဒဿီမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းသည် ကဿပမည်သော ပုဏ္ဏားလုလင် ဖြစ်၍ ဣတိဟာသကျမ်းလျှင် ငါးခုမြောက်သော ဗေဒင်သုံးပုံတို့၏ ကမ်းတဖက်သို့ ရောက်လျက် ပိယဒဿီမြတ်စွာဘုရား တရားတော်ကို နာရ၍ ကုဋေတစ်သိန်းသော ဥစ္စာကို စွန့်သဖြင့် မွေ့လျော်ဖွယ်ရာဖြစ်သော သံဃာ့ အရံကို ပြုလျက် သရဏဂုံ သီလတို့၌ တည်၏။ ထိုအခါ ပုဏ္ဏားလုလင်ကို




တပုဿနှင့် ဘလ္လိက ညီနောင်အား ဆံတော်ချီးမြှင့်တော်မူပုံ

မြတ်စွာဘုရားသည် "ဤကမ္ဘာမှ တစ်ထောင့်ရှစ်ရာ ကမ္ဘာလွန်သဖြင့် ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ့ တေန သမယေန၊ ကဿပေါ နာမ မာဏဝေါ။
အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ။

တဿ ဓမ္မံ သုဏိတွာန၊ ပသာဒံ ဇနယိံ အဟံ။
ကောဋိသတသဟဿေဟိ၊ သံဃာရာမံ အမာပယိံ။

တဿ ဒတွာန အာရာမံ၊ ဟဋ္ဌော သံဝိဂ္ဂမာနသော။
သရဏေ ပဉ္စသီလေ စ၊ ဒဠှံ ကတွာ သမာဒိယိံ။

သောပိ မံ တဒါ ဗျာကာသိ၊ သံဃမဇ္ဈေ နိသီဒိယ။
အဋ္ဌာရသေ ကပ္ပသတေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ တေန သမယေန၊ ထိုအခါ၌။ အဇ္ဈာယကော၊ ဗေဒင်ကို သရဇ္ဈာယ်ထသော။ မန္တဓရော၊ ဗေဒင်ကို ဆောင်ထသော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဝေဒါနံ၊ ဗေဒင်တို့၏။ ပါရဂူ၊ ကမ်းတစ်ဖက်သို့ ရောက်ပြီးထသော။ ကဿပေါ နာမ၊ ကဿပ မည်သော။ မာဏဝေါ၊ လုလင်သည်။ အဟောသိံ၊ ဖြစ်ပြီ။

အဟံ၊ ငါသည်။ တဿ၊ ထိုပိယဒဿီဘုရားသခင်၏။ ဓမ္မံ၊ တရားတော်ကို။ သုဏိတွာန၊ နာပြီး၍။ ပသာဒံ၊ ကြည်ညိုခြင်းကို။ ဇနယိံ၊ ဖြစ်စေပြီ။ အဟံ၊ ငါသည်။ ကောဋိသတသဟဿေဟိ၊ ကုဋေတစ်သိန်းသော ဥစ္စာတို့ဖြင့်။ သံဃာရာမံ၊ သံဃာ့အာရာမ်ကို။ အမာပယိံ၊ ဖန်ဆင်းပြီ။

တဿ၊ ထိုဘုရားအား။ အာရာမံ၊ အာရာမ်ကို။ ဒတွာန၊ လှူ၍။ ဟဋ္ဌော၊ နှစ်သက်သော နှလုံးရှိသည် ဖြစ်၍။ သံဝိဂ္ဂမာနသော၊ အလွန်တက်သော

နှလုံးရှိသည် ဖြစ်၍။ သရဏေ စ၊ သရဏဂုံ၌ လည်းကောင်း။ ပဉ္စသီလေ စ၊ ပဉ္စသီလ၌ လည်းကောင်း။ ဒဠှံ၊ မြဲစွာ။ ကတွာ၊ ပြု၍။ သမာဒိယိ၊ ကောင်းစွာ ဆောက်တည်ပြီ။

သောပိ ဗုဒ္ဓေါ၊ ထိုပိယဒဿီ ဘုရားသခင်သည်လည်း။ တဒါ၊ ထိုအခါ၌။ မံ၊ ငါ့ကို။ သံဃမဇ္ဈေ၊ သံဃာတော်အလယ်၌။ နိသီဒိယ၊ နေတော်မူဦး၍။ ဣတော၊ ဤကမ္ဘာမှ။ အဋ္ဌာရသေ ကပ္ပသတေ၊ ကမ္ဘာတစ်ထောင့်ရှစ်ရာ ထက်၌။ အယံ၊ ဤပုဏ္ဏားယုလင်သည်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်ကြားတော်မူ၏။

ပဓာနံ၊ ကမ္မဋ္ဌာန်းကို။ ပဒဟိတွာန၊ လုံ့လပြု၍ ။လ။ ဣမံ-ဣမဿ၊ ဤသူ၏။ သမ္မုခါ၊ မျက်မှောက်တော်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကြကုန်၏။

တဿာပိ၊ ထိုပိယဒဿီ မြတ်စွာဘုရား၏လည်း။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘိယျော၊ အလွန်။ စိတ္တံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်လင်စေပြီ။ ဒသပါရမိပူရိယာ၊ ပါရမီဆယ်ပါး ပြည့်စေခြင်းငှာ။ ဥတ္တရိံ၊ အလွန်။ ဝတံ၊ ဝီရိယကို။ အဓိဋ္ဌာသိံ၊ ဆောက်တည်ပြီ။

---

## ပိယဒဿီမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ပိယဒဿီ မြတ်စွာဘုရား၏ နေပြည်တော်ကား သုဓည မည်၏။ သုဒတ္တမည်သော မင်းကား ခမည်းတော်တည်း။ သုစန္ဒာဒေဝီမည်သော မိဖုရားကား မယ်တော်တည်း။ ပါလိတနှင့် သဗ္ဗဒဿီ နှစ်ယောက်တို့ကား အဂ္ဂသာဝက အစုံ ဖြစ်ကုန်၏။ အလုပ်အကျွေးကား သောဘိတ မည်၏။ သုဇာတာနှင့် ဓမ္မဒိန္နာတို့ကား အဂ္ဂသာဝိကာ တပည့် မိန်းမမြတ် အစုံ ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား ဖောက်ကြံပင်တည်း။ အရပ်တော်ကား အနှစ်တောင် ရှစ်ဆယ် မြင့်၏။ အသက်တော်ကား ကိုးသောင်းတည်း။ ဘုရားလောင်း မိဖုရားကြီးကား ဝိမလာမည်၏။ သားတော်ကား ကဉ္စနာဝေဠ မည်၏။ ထိုဘုရားလောင်းသည် မြင်းရထားဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

သုမင်္ဂလံ နာမ နဂရံ၊ သုဒတ္တော နာမ ခတ္တိယော။
စန္ဒာ နာမာသိ ဇနိကာ၊ ပိယဒဿိဿ သတ္ထုနော။

ပါလိတော သဗ္ဗဒဿီ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
သောဘိတော နာမုပဋ္ဌာကော၊ ပိယဒဿိဿ သတ္ထုနော။

သုဇာတာ ဓမ္မဒိန္နာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ ကကုဓောတိ ပဝုစ္စတိ။

သန္ဒကော ဓမ္မကော စေဝ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ဝိသာခါ ဓမ္မဒိန္နာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

သောပိ ဗုဒ္ဓေါ အမိတယသော၊ ဒွတ္တိံသဝရလက္ခဏော။
အသီတိဟတ္ထမုဗ္ဗေဓော၊ သာလရာဇာဝ ဒိဿတိ။

အဂ္ဂိစန္ဒသူရိယာနံ၊ နတ္ထိ တာဒိသိကာ ပဘာ။
ယထာ အဟု ပဘာ တဿ၊ အသမဿ မဟေသိနော။

တဿာပိ ဒေဝဒေဝဿ၊ အာယု တာဝတကာ အဟု။
နဝုတိဝဿသဟဿာနိ၊ လောကေ အဋ္ဌာသိ စက္ခုမာ။

သောပိ ဗုဒ္ဓေါ အသမသမော၊ ယုဂါနိ တာနိ အတုလိယာနိ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ပိယဒဿိဿ၊ ပိယဒဿီအမည်တော်ရှိသော။ သတ္ထုနော၊ ဘုရား၏။ နဂရံ၊ ပြည်တော်သည်။ သုမင်္ဂလံ နာမ၊ သုမင်္ဂလအမည်ရှိ၏။ ခတ္တိယော၊ ခမည်းတော်မင်းသည်။ သုဒတ္တော နာမ၊ သုဒတ္တအမည်ရှိ၏။ ဇနိကာ၊ မယ်တော်သည်။ စန္ဒာ နာမ၊ စန္ဒာဒေဝီအမည်ရှိသည်။ အသိ၊ ဖြစ်၏။

ပါလိတော စ၊ ပါလိတလည်းကောင်း။ သဗ္ဗဒဿီ စ၊ သဗ္ဗဒဿီလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ပိယဒဿိဿ၊ ပိယဒဿီ အမည်ရှိသော။ သတ္ထုနော၊ ဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ သောဘိတော နာမ၊ သောဘိတမည်၏။

သုဇာတာ စ၊ သုဇာတာလည်းကောင်း။ ဓမ္မဒိန္နာ စ၊ ဓမ္မဒိန္နာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့်မိန်းမမြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဗောဓိ၊ ပွင့်ရာ သစ်ပင်ကို။ ကကုဓောတိ၊ ဖောက်ကြွံ ပင်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

သန္တကော၊ သန္တကဉ·ါသကာလည်းကောင်း။ ဓမ္မကောစ ဝ၊ ဓမ္မကဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဝိသာခါ၊ ဝိသာခါလည်းကောင်း။ ဓမ္မဒိန္နာ စ၊ ဓမ္မဒိန္နာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေးဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

အမိတယသော၊ မနှိုင်းရှည့်အပ်သော အခြံအရံ ရှိတော်မူထသော။ ဒွတ္တိံသဝရလက္ခဏော၊ သုပ္ပတိဋ္ဌိတ စသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်နှင့် ပြည့်စုံတော်မူထသော။ သောပိ ဗုဒ္ဓေါ၊ ထိုပိယဒဿီ ဘုရားသည်လည်း။ အသီတိဟတ္ထံ၊ အတောင်ရှစ်ဆယ်။ ဥဗ္ဗေဓော၊ မြင့်တော်မူ၏။ သာလရာဇာဝ၊ ပင်လုံးကျွတ် ပွင့်သဖြင့် ကောင်းစွာ အညီအညွတ် ဝန်းသော အလွန် နှုလုံးမွေ့လျော်ဖွယ် ရှုဖွယ် ရှိသော အင်ကြင်းပင်မင်းကဲ့သို့။ ဒိဿတိ၊ ထင်၏။

မဟေသိနော၊ သီလ စသော ကျေးဇူးကို ရှာတော်မူပြီးထသော။ အသမဿ၊ အတုမရှိသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ပဘာ၊ အရောင်တော်သည်။ ယထာ ယေန အာကာရေန၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ အဟု၊ ဖြစ်ပြီ။ အဂ္ဂိစန္ဒသူရိယာနံ၊ မီး လ နေတို့အား။ တာဒိသိကာ၊ ထိုသို့သဘောရှိသော။ ပဘာ၊ အရောင်တို့သည်။ နတ္ထိ၊ မရှိကုန်။

ဒေဝဒေဝဿ၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော။ တဿာပိ၊ ထိုပိယဒဿီ ဘုရားမြတ်၏လည်း။ ကာလေ၊ လက်ထက်တော်၌။ နဝုတိဝဿ-သဟဿာနိ၊ အနှစ် ကိုးသောင်းတို့သည်။ အာယု၊ အသက်တမ်းသည်။ အဟု၊ ဖြစ်ပြီ။ စက္ခုမာ၊ စက္ခုငါးပါးနှင့်ပြည့်စုံတော်မူသောဘုရားမြတ်သည်။ တာဝတကာ၊ ထိုမျှလောက် အနှစ်ကိုးသောင်းတို့ပတ်လုံး။ လောကေ၊ လောက၌။ အဋ္ဌာသိ၊ တည်တော်မူပြီ။

အသမသမော၊ ရှေးဘုရားတို့နှင့်သာ တူတော်မူသော။ သောပိ ဗုဒ္ဓေါ၊ ထိုပိယဒဿီဘုရားသည်လည်းကောင်း။ အတုလိယာနိ၊ အတုမရှိကုန်သော။ တာနိ ယုဂါနိပိ၊ ထိုတပည့်တော် အစုံတို့သည်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ပျောက်ပြီ။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသော သင်္ခါရတို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဝေါ၊ အချည်းနှီးတို့သာလျှင်တည်း။

ဤတွင်ရွှေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ တစ်ဆယ့်သုံးခုတို့၏
ပြည့်ကြောင်းဖြစ်သော ပိယဒဿီ မြတ်စွာဘုရား
အကြောင်းကား ပြီး၏။

# ၁၆-အတ္ထဒဿီ ဗုဒ္ဓဝံသ

## အတ္ထဒဿီ မြတ်စွာဘုရားအကြောင်းကို ပြခြင်း

ပိယဒဿီ အမည်တော်ရှိသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန် တော်မူ၍ ထိုပိယဒဿီ မြတ်စွာဘုရား သာသနာ ကွယ်ခဲ့သည် ရှိသော် အသက်တမ်း ဆုတ်ယုတ်ပြီးမှ ပွားပြန်သော် လူတို့သည် အသက်အသချေ တည်နေကုန်သည်ဖြစ်၍ ထိုမှတဖန် အစဉ်သဖြင့်ဆုတ်ယုတ်လျှင် အသက်တမ်း အနှစ်တစ်သိန်း ရောက်ကုန်သော် မြတ်သော ဥစ္စာကို ပြတတ်သော အတ္ထဒဿီမြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။

ထိုဘုရားလောင်းကား ပါရမီတို့ကို ပြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်လျှင် ထိုတုသိတာ နတ်ပြည်မှ စုတေခဲ့၍ လှန်စွာတင့်တယ်ခြင်းကြောင့် သောဘဏ မည်သော ပြည်၌ သာဂရမင်းကြီး၏ သုဒဿနာ မည်သော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၍ ဆယ်လပတ်လုံး မယ်တော် ဝမ်း၌ နေပြီးမှ သုစိန္ဓနမည်သော ဥယျာဉ်၌ ဖွားတော်မူ၏။

ယောကျ်ားမြတ်သည် ဖွားသောနေ့ ရှည်မြင့်စွာကာလက မြှုပ်ထား အပ်သည်ဖြစ်၍ ဆွေမျိုးအဆက်ဆက်မှ လာသော ရွှေအိုးတို့ကို ဥစ္စာရှင်တို့ ရကြကုန်၏။ ထို့ကြောင့် ဘုရားလောင်းကို အမည်မှည့်အံ့သော နေ့၌ အတ္ထဒဿီ ဟူသော အမည်ကို မှည့်ကြကုန်၏။ ထိုဘုရားလောင်းသည် အနှစ် ၁၀ တစ်သောင်းတို့ပတ်လုံး အမရဂိရိ၊ သုရဂိရိ၊ ဂိရိဝါဟန ဟူသော ပြာသာဒ်သုံးဆောင်တို့၌ ဝိသာခါဒေဝီအမှူးရှိသော သုံးသောင်းသုံးထောင် သော မင်းမောင်းမတို့ ခြံရံစံစားကာ နေ၏။

ထိုဘုရားလောင်းသည် ဝိသာခါမိဖုရား၌ သေလသတို့သားကို ဖွားမြင် သောအခါ နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ သုဒဿန မည်သော မြင်းကို စီးလျက် တောထွက်၍ ရဟန်းပြုတော်မူသော် ကိုးကုဋေသော လူတို့သည်လည်း အတုလိုက်၍ ရဟန်းပြုကြကုန်၏။ ထိုရဟန်းတို့ ခြံရံအပ် သည်ဖြစ်၍ ရှစ်လပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ သုစိန္ဓရမည်သော နဂါးမအား လက်ဆောင်အလှူငှာ ဆောင်အပ်သော

နို့ဃနာကို လူအပေါင်းသည် ရွှေခွက်နှင့်တကွ လှူအပ်ရကား ဘုဥ်းပေး သုံးဆောင်တော်မူ၍ အင်ကြင်းတော၌ နေ့သန့်ခြင်းကို လွန်စေပြီးမှ ညချမ်း သောအခါ ဓမ္မရုစိမည်သော နဂါးမင်းသည် လှူအပ်သော ရှစ်ဆုပ်သော သမန်းမြက်တို့ကို ယူတော်မူ၍ စကားဗောဓိသို့ ကပ်လျက် ငါးဆယ့်သုံးတောင် အလျားကျယ်သော မြက်အခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျှင် သဗ္ဗညုတဉာဏ်သို့ ရောက်၍ အလုံးစုံသော ဘုရားတို့ ရေလာအင်သော "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## အတ္ထဒဿီမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုမဟာဗောဓိ အနီး၌ သတ္တသတ္တာဟ စံနေတော်မူပြီးသော အခါ ဗြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ ကိုယ်တော်နှင့်အတူ ရဟန်း ပြုကုန်သော အရိယဓမ္မကို သိခြင်းငှါ စွမ်းနိုင်သော ကိုးကုဋေသော ရဟန်း တို့ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ အနောမမြို့အနီး အနောမဥယျာဉ်၌ သက်တော်မူ၍ ထိုရဟန်းတို့ ခြံရံအပ်သည် ဖြစ်၍ ထိုဥယျာဉ်အစည်းအဝေး၌ ဓမ္မစကြာဒေသနာကို ကောင်းစွာ ဟောတော် မူ၏။ ထိုအခါ ကုဋေတစ်သိန်းသော သူတို့ သစ္စာလေးပါးတရားကို ရှေးဦးစွာ သိကုန်၏။

တဖန်လည်း လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူ တတ်သော မြတ်စွာဘုရားသည် နတ်ပြည်သို့ ဒေသစာရီကြွတော်မူ၍ နတ်ပြည်၌ တရား ဟောတော်မူသည် ရှိသော် ကုဋေတစ်သိန်းသော သူတို့ နှစ်ကြိမ်မြောက် သစ္စာလေးပါး တရားကို သိကုန်၏။

အကြင်အခါ အတ္ထဒဿီ ဘုရားမြတ်သည် ငါ့တို့ဘုရား ကပိလဝတ် ပြည်တော်သို့ ဝင်၍ တရားဟောတော်မူ သကဲ့သို့ ဤအတူ သောဘဏ နေပြည်တော်သို့ ဝင်တော်မူ၍ တရားဟောတော်မူ၏။ ထိုအခါ ကုဋေ တစ်သိန်းသောသူတို့ သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိကုန်၏။

ထို့ကြောင့်—

တတ္ထေဝ မဏ္ဍကပ္ပမှိ၊ အတ္ထဒဿီ မဟာယသော။
မဟာတမံ နိဟန္တွာန၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

ဗြဟ္မုနာ ယာစိတော သန္တော၊ ဓမ္မစက္ကံ ပဝတ္တယိ။
အမတေန တပ္ပယီ လောကံ၊ ဒသသဟဿီ သဒေဝကံ။

တဿာပိ လောကနာထဿ၊ အဟေသုံ အဘိသမယာ တယော။
ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု။

ယဒါ ဗုဒ္ဓေါ အတ္ထဒဿီ၊ စရတိ ဒေဝစာရိကံ။
ကောဋိသတသဟဿာနံ၊ ဒုတိယာဘိသမယော အဟု။

ပုနာပရံ ယဒါ ဗုဒ္ဓေါ၊ ဒေသေသိ ပိတု သန္တိကေ။
ကောဋိသတသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ တတ္ထေဝ မဏ္ဍကပ္ပမှိ၊ ထိုမဏ္ဍကပ်ဟု ဆိုအပ်သော ဝရကပ်၌ပင်လျှင်။ မဟာယသော၊ များမြတ်သော အခြံအရံ အကျော်အစော ရှိတော်မူသော။ အတ္ထဒဿီ၊ အတ္ထဒဿီ အမည်တော် ရှိသောဘုရားသည်။ မဟာတမံ၊ ကြီးစွာလော အမိုက်တိုက်ကို။ နိဟန္တွာန၊ ပယ်ဖျောက်ကော်မူ၍။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုတအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။

ဗြဟ္မုနာ၊ ဗြဟ္မာမင်းသည်။ ယာစိတော၊ တောင်းပန်အပ်သည်။ သန္တော သမာနော၊ ဖြစ်၍။ ဓမ္မစက္ကံ၊ ဓမ္မစကြာကို။ ပဝတ္တယိ၊ ဟောတော်မူပြီ။ ဒသသဟဿီ၊ တစ်သောင်းသော လောကဓာတ်၌။ သဒေဝကံ၊ နတ်နှင့် တကွသော။ လောကံ၊ လူအပေါင်းကို။ အမတေန၊ မင်ဖိုလ်တည်းဟူသော အမြိုက်ရည်ဖြင့်။ တပ္ပယီ-ပီဏေသိ၊ ပျို့စေတော်မူပြီ။

လောကနာထဿ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ တဿာပိ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏လည်း။ တယော၊ သုံးပါး ကုန်သော။ အဘိသမယာ၊ သစ္စာလေးပါးကို သိစေခြင်းတို့သည်။ အဟေသုံ၊

ဖြစ်ကုန်ပြီ။ ကောဋိသတသဟဿာနံ၊ ကုဋေ့ တစ်သိန်းသော သူတို့အား။ ပဌမော၊ ရှေးဦးစွာသော။ အဘိသမယော၊ သစ္စာလေးပါးကိုသိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ယဒါ၊ အကြင်အခါ၌။ အတ္ထဒဿီ ဗုဒ္ဓေါ၊ အတ္ထဒဿီ ဘုရားသည်။ ဒေဝစာရိကံ၊ နတ်ပြည်သို့။ စရတိ၊ ကြွတော်မူ၏။ တဒါ၊ ထိုအခါ၌။ ကောဋိသတသဟဿာနံ၊ ကုဋေ့တစ်သိန်းသော သူတို့အား။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးလည်း။ ယဒါ၊ အကြင်အခါ၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ပိတု၊ ခမည်းတော်မင်း၏။ သန္တိကေ၊ အထံ၌။ ဓမ္မံ၊ တရားကို။ ဒေသေသိ၊ ဟောတော်မူပြီ။ တဒါ၊ ထိုအခါ၌။ ကောဋိသတသဟဿာနံ၊ ကုဋေ့တစ်သိန်းသော သူတို့အား။ တတိယော၊ သုံးကြိမ်မြောက်သော။ အဘိသမယော၊ သစ္စာလေးပါး တရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## အတ္ထဒဿီမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

သုစန္ဒကမြို့၌ သန္တမည်သောမင်းသားနှင့် ဥပသန္တမည်သောပုရောဟိတ်ပုဏ္ဏားသားတို့သည် ဗေဒင်သုံးပုံတို့၌လည်းကောင်း အလုံးစုံသော အယူအထူးတို့၌လည်းကောင်း ရဲရင့်သော သူကို မြင်သည် ရှိသော် ဆောင်ခဲ့ကြကုန်။ ဤမြို့ တံခါးလေးမျက်နှာတို့၌ ပညာရှိသည်ဖြစ်၍ ရဲရင့်သူ လေးယောက်တို့ကို ထားပြီးလျှင် "သင်တို့သည် ပညာရှိသော အကြင်ရဟန်းကို လည်းကောင်း ပုဏ္ဏားကိုလည်းကောင်း မြင်ကုန် ကြားကုန်အံ့။ ထိုမြင်ကြားသောသတင်းကို ငါတို့ထံသို့ လာလတ်၍ ကြားကြကုန်"ဟု မှာထားကုန်၏။

ထိုအခါ၌ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်သော အတ္ထဒဿီဘုရားမြတ်သည် သုစန္ဒကမြို့သို့ ရောက်တော်မူသောအခါ ပုဏ္ဏားတို့ မှာထားသော ယောကျ်ား လေးယောက်တို့သည် လာ၍ ထိုမင်းသားနှင့် ပုဏ္ဏားသားတို့အား ငါတို့ပြည်သို့ ဘုရားမြတ် ကြွလာကြောင်းကို ကြားလျှောက်ကုန်၏။ ထို့နောက်မှ သန္တနှင့် ဥပသန္တတို့သည် ဘုရားမြတ် ကြွလာခြင်းကို

ကြွားလျှင် ရှင်သောစိတ်ရှိသည် ဖြစ်၍ အခြံအရံနှင့်တကွ အဆောတလျင် ထွက်ခဲ့၍ မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုခြင်းကို ပြု၍ ရှိခိုး ဆွမ်းဖိတ်လျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးကို ပေး၍ ခုနစ်ရက်မြောက်သောနေ့ အလုံးစုံပြည့်၍ နေကုန်သော လူတို့နှင့်တကွ တရားစကားကို နာကုန်၏။ ကိုနေ့ ကိုးသောင်း ရှစ်ထောင်ကုန်သော သူတို့ ဟေိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ထိုကိုးသောင်း ရှစ်ထောင်သော ရဟန်းတို့အလယ်၌ မြတ်စွာဘုရားသည် ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် ပဌမ အစည်း အဝေးတည်း။

အကြင်အခါ မြတ်စွာဘုရားသည် သားတော် သေလ မထေရ်အား တရားဟောတော်မူသည်၌ ရှိသော် ရှစ်သောင်း ရှစ်ထောင်သော သူတို့ကို ဟေိဘိက္ခုရဟန်းအဖြစ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်စေလျက် ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် နှစ်ကြိမ်မြောက် အစည်းအဝေးတည်း။

တဖန် မဟာမင်္ဂလအစည်းအဝေး၌ ဟာပွဲတဲလပြည့်နေ့ လူအပေါင်း တို့အား တရားဟောတော်မူသည်၌ရှိသော် ခုနစ်သောင်း ရှစ်ထောင်သော သူတို့ကို အရဟတ္တဖိုလ်သို့ ရောက်စေ၍ ပါတိမောက်ကို ပြတော် မူ၏။ ထိုအစည်းအဝေးသည် သုံးကြိမ်မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ တဿာပိ စ မဟေသိနော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

အဋ္ဌနဝုတိသဟဿာနံ၊ ပဌမော အာသိ သမာဂမော။
အဋ္ဌာသီတိသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။

အဋ္ဌသတ္တတိသဟဿာနံ၊ တတိယော အာသိ သမာဂမော။
အနုပါဒါ ဝိမုတ္တာနံ၊ ဝိမလာနံ မဟေသိနံ—

ဟူ၍ ဟောတော်မူပြီ။

တဿာပိ စ မဟေသိနော၊ ထိုအတ္ထဒဿီ မြတ်စွာဘုရား၏လည်း။ တာဒိနံ၊ သည်းခံခြင်းနှင့် ပြည့်စုံကုန်သော။ သန္တစိတ္တာနံ၊ ငြိမ်းသက်သော စိတ်ရှိကုန်သော။ ဝိမလာနံ၊ အညစ်အကြေးကင်းကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာအရှင်မြတ်တို့၏။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ တယော၊ သုံးပါးတို့သည်။ အာသုံ၊ ဖြစ်ကုန်၏။

အဋ္ဌနဝုတိသဟဿာနံ၊ ကိုးသောင်း ရှစ်ထောင်ကုန်သော။ ဝိမလာနံ၊ အညစ်အကြေး ကင်းကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာ အရှင်မြတ်တို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။ အဋ္ဌာသီတိသဟဿာနံ၊ ရှစ်သောင်းရှစ်ထောင်ကုန်သော သူတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ **အာသိ**၊ ဖြစ်ပြီ။

အနုပါဒါ၊ တဏှာဒိဋ္ဌိမစွဲလမ်းမူ၍။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်ကုန်သော။ ဝိမလာနံ၊ အညစ်အကြေးကင်းကုန်သော။ မဟေသိနံ၊ သီလစသော ကျေးဇူးကို ရှာမှီးကုန်သော။ အဋ္ဌသတ္တတိသဟဿာနံ၊ ခုနစ်သောင်း ရှစ်ထောင်ကုန်သော ရဟန္တာတို့၏။ တတိယော၊ သုံးကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ **အာသိ**၊ ဖြစ်ပြီ။

---

## ငါတို့ဘုရားလောင်း ရသေ့ဖြစ်စဉ် အတ္ထဒဿီမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် စမ္ပကမြို့၌ သုသိမ မည်သော မဟာသာလပုဏ္ဏား ဖြစ်၍ အလုံးစုံသော စည်းစိမ် ဥစ္စာတို့ကို ကိုးကွယ်ရာမရှိ အထီးကျန်သော ခရီးသွား စသည်တို့အား စွန့်လွှတ်၍ ဟိမဝန္တာအနီးသို့ သွားပြီးမှ ရသေ့ရဟန်းပြုလျက် ရှစ်အင်သော သမာပတ် ငါးရပ်သော အဘိညာဉ်တို့ကို ဖြစ်စေ၍ တန်ခိုးအာနုဘော် ကြီးလျက် လူအပေါင်းအား ကုသိုလ်တရားတို့ကိုပြ၍ ဘုရားဖြစ်ခြင်းကိုသာ ငံ့လင့်လျက် တည်နေပြီ။

ထိုအခါ အတ္ထဒဿီ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၍ သုဒဿနမင်းနေပြည်ကြီး၌ ရှစ်ပါးသော ပရိသတ်တို့၏ အလယ် တရား တည်းဟူသော အမြိုက်မိုးကို ရွာကြီးသည် ရှိသော် ဘုရားမြတ်၏ တရားကို

နာရသောကြောင့် နတ်ပြည်သို့ သွား၍ နတ်၌ ဖြစ်သော ထင်ရှားပန်း ကြာပဒုမ္မာပန်း ပင်လယ်ကသစ်ပန်းတို့ကို နတ်ပြည်မှ ယူဆောင်ခဲ့ပြီးလျှင် မိမိအာနုဘော်ကို ပြလိုသည် ဖြစ်၍ အရပ်လေးမျက်နှာ၌ လေးကျွန်းလုံးကို အန္ဓအပြားရှာသော မိုးကြီးကဲ့သို့ ပန်းမိုးကို ရွာစေ၍ ထက်ဝန်းကျင်မှ ပန်းမကျွာပ်ပုလျက် အလုံးစုံပန်းဖြင့် ပြီးသော ပန်းထီးဖြင့် မြတ်စွာဘုရားကို ပူဇော်အပ်၏။ အတ္ထဒဿီ မြတ်စွာဘုရားသည်လည်း ထိုရှင်ရသေ့ကို "နောင် သောအခါ ဂေါတမဘုရား ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ ဇဋိလော ဥဂ္ဂတာပနော၊
သုသီမော နာမ နာမေန၊ မဟိယာ သေဋ္ဌသမ္မတော။
ဒိဗ္ဗံ မန္ဒာရဝံ ပုပ္ဖံ၊ ပဒုမံ ပါရိဆတ္တကံ။
ဒေဝလောကာ ဟရိတွာန၊ သမ္ဗုဒ္ဓမဘိပူဇယိံ။
သောပိ မံ တဒါ ဗျာကာသိ၊ အတ္ထဒဿီ မဟာမုနိ။
အဋ္ဌာရသေ ကပ္ပသတေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။
တဿာပိ ဝစနံ သုတွာ၊ ဟဋ္ဌော သံဝိဂ္ဂမာနသော။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ တေန သမယေန၊ ထိုအခါ၌။ ဇဋိလော၊ ဆံကျစ်ဦးသျှောင်လည်းထုံးထသော။ ဥဂ္ဂတာပနော၊ ထက်မြက်သော အကျင့်လည်း ရှိထသော။ မဟိယာ၊ မြေအပြင်၌။ သေဋ္ဌ- သမ္မတော၊ အလွန်မြတ်၏ဟု သမုတ်အပ်ထသော။ တနည်း၊ ချီးမွမ်းအပ် ထသော။ နာမေန၊ အမည်အားဖြင့်။ သုသီမော နာမ၊ သုသီမ မည်သော ရသေ့သည်။ အာသိံ၊ ဖြစ်ဖူးပြီ။

သော၊ ထိုသုသီမရသေ့သည်။ ဒိဗ္ဗံ၊ နတ်ပြည်၌ ဖြစ်သော။ မန္ဒာရဝံ ပုပ္ဖံ၊ ထင်ရှားပန်းကိုလည်းကောင်း။ ပဒုမံ၊ ကြာပန်းကိုလည်းကောင်း။ ပါရိ- ဆတ္တကံ၊ ပင်လယ်ကသစ်ပန်းကိုလည်းကောင်း။ ဒေဝလောကာ၊ နတ်ပြည်မှ။ ဟရိတွာန၊ ဆောင်ယူခဲ့၍။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဘိပူဇယိံ၊ ပူဇော်ပြီ။

**တဒါ၊** ထိုအခါ၌။ မဟာမုနိ၊ မုနိတကာထက် မြတ်တော်မူသော။ **အတ္တဒဿီ၊** အတ္တဒဿီ အမည်တော်ရှိသော။ သေ ာပိ ဗုဒ္ဓေါ၊ ထိုမြတ်စွာ ဘုရားသည်လည်း။ မံ၊ ငါ့ကို။ အယံ၊ ဤရသေ့သည်။ ဣတော၊ ဤကမ္ဘာမှ။ အဋ္ဌာရသေ ကပ္ပသတေ၊ ကမ္ဘာထောင့်ရှစ်ရာထက်၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ **ဘဝိဿတိ၊** ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်ကြားတော်မူ၏။

**ပဓာနံ၊** လုံ့လကို။ ပဒဟိတွာန၊ အားထုတ်၍။ လ။ ဣမံ-ဣမသ။ ဤရသေ့၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ **ပတ္ထေန္တိ၊** တောင့်တကြကုန်၏။

**တဿာပိ၊** ထိုဘုရား၏လည်း။ ဝစနံ၊ စကားကို။ သုတွာ၊ ကြားရ၍။ **ဟဋ္ဌော၊** ရွှင်သည် ဖြစ်၍။ သံဝိဂ္ဂမာနသော၊ ရွှင်သော စိတ်ရှိသည် ဖြစ်၍။ **သော၊** ထိုရသေ့သည်။ ဒသပါရမိပူရိယာ၊ ပါရမီဆယ်ပါး ပြည့်စေခြင်းငှာ။ **ဉတ္တရိံ၊** အလွန်။ ဝတံ၊ ဝီရိယကို။ ဒဠှဓိဋ္ဌာသိံ၊ ဆော က်တည်ပြီ။

---

## အတ္တဒဿီမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုအတ္တဒဿီ မြတ်စွာဘုရား၏ နေပြည်တော်ကား သောဘဏ မည်၏။ **သာဂရမည်သော မင်းကား ခမည်းတော်တည်း။ မယ်တော်ကား** သုဒဿနာ မည်၏။ သန္တနှင့် ဥပသန္တတို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ **အလုပ်အကျွေး ကား** အဘယ ဖြစ်၏။ ဓမ္မာနှင့် သုဓမ္မာတို့ကား အဂ္ဂသာဝိကာမဖြစ်ကုန်၏။ ပွင့်ရာဗောဓိကား စကားပင်တည်း။ ကိုယ်တော် အရပ်ကား အတောင်ရှစ်ဆယ် မြင့်၏။ ကိုယ်တော်ရောင်ကား ထက်ဝန်း **ကျင်မှ အခါခပ်သိမ်း တစ်ယူဇနာနှံ့၍ တည်၏။ အသက်တော်ကား အနှစ်** တစ်သိန်းတည်း။ဘုရားလောင်းမိဖုရားကြီးကား ဝိသာခါမည်၏။ သားတော် **ကား** သေလမည်၏။ မြင်းယာဉ်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

**သောဘဏံ နာမ နဂရံ၊ သာဂရော နာမ ခတ္တိယော။**
သုဒဿနာ နာမ ဇနိကာ၊ အတ္တဒဿိဿ **သတ္ထုနော။**

**သန္တော စ ဥပသန္တော စ၊ အဟေသုံ အဂ္ဂသာဝကာ။**
**အဘယော နာမုပဋ္ဌာကော၊ အတ္တဒဿိဿ သတ္ထုနော။**

ဓမ္မာ စေဝ သုဓမ္မာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ စမ္ပကောတိ ပဝုစ္စတိ။

နကုလော စ နိသဘော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
မဏိလာ စ သုနန္ဒာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

သောပိ ဗုဒ္ဓေါ အသမသမော၊ အသီတိဟတ္ထမုဂ္ဂတော။
သောဘတိ သာလရာဇာဝ၊ ဥဠုရာဇာဝ ပူရိတော။

တဿ ပါကတိကာ ရံသီ၊ အနေကသတကောဋိယော။
ဥဒ္ဓံ အဓော ဒသဒိသာ၊ ဖရန္တိ ယောဇနံ သဒါ။

သောပိ ဗုဒ္ဓေါ နရာသဘော၊ သဗ္ဗသတ္တုတ္တမော မုနိ။
ဝဿသတသဟဿာနိ၊ လောကေ အဋ္ဌာသိ စက္ခုမာ။

အတုလံ ဒဿယိတွာန၊ ဩဘာသေတွာ သဒေဝကေ။
သောပိ အနိစ္စတံ ပတ္တော၊ ယထဂ္ဂုပါဒါနသင်္ခယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အတ္ထဒဿိဿ၊ အတ္ထဒဿီ အမည်ရှိသော။ သတ္ထုနော၊ ဘုရားမြတ်၏။ နဂရံ၊ ပြည်တော်သည်။ သောဘဏံ နာမ၊ သောဘဏအမည်၏။ ခတ္တိယော၊ ခမည့်တော်မင်းသည်။ သာဂရော နာမ၊ သာဂရမည်၏။ ဇနိကာ၊ မယ်တော်သည်။ သုဒဿနာ နာမ၊ သုဒဿနာ မည်၏။

သန္တော စ၊ သန္တလည်းကောင်း။ ဥပသန္တော စ၊ ဥပသန္တလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တပည့်မြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ အတ္ထဒဿိဿ၊ အတ္ထဒဿီအမည် ရှိသော။ သတ္ထုနော၊ ဘုရားမြတ်၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ **အဘယော နာမ၊ အဘယမည်၏။**

ဓမ္မာ စေဝ၊ ဓမ္မာ လည်းကောင်း။ သုဓမ္မာ စ၊ သုဓမ္မာ လည်းကောင်း ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တပည့် မိန်းမမြတ် အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဗောဓိ၊ ပွင့်ရာသစ်ပင်ကို။ စမ္ပကောတိ၊ စကားပင်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

နကုလော စ၊ နကုလဥပါသကာ လည်းကောင်း။ နိသဘော စ၊ နိသဘ ဥပါသကာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက် ကုန်သော။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ မဏိလာ စ၊ မဏိလာ ဥပါသိကာမလည်းကောင်း။ သုနန္ဒာ စ၊ သုနန္ဒာ ဥပါသိကာမ လည်းကောင်း၊ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက် ကုန်သော။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

အသမသမော၊ ရှေးဘုရားတို့နှင့်သာ တူတော်မူသော။ သောပိ ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်လည်း။ ႟အသီတိဟတ္ထံ၊ အတောင်ရှစ်ဆယ်။ ဥဂ္ဂတော၊ မြင့်တော်မူ၏။ ႟ ကိံမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သာလရာဇာဝ၊ ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့။ ပူရိတော၊ တန်ဆောင်မုန်း လပြည့်နေ့၌ အညစ်အကြေး ကင်း၍ ပြည့်ဝသော။ သကလမဏ္ဍလော၊ အလုံးစုံဝန်းသော။ ဥဠုရာဇာဝ၊ ကြယ်မင်းဝေါဟာ လသော်တာကြီးကဲ့သို့။ သောဘတိ၊ တင့်တယ်တော်မူ၏။

တဿ၊ ထိုမြတ်စွာဘုရား၏။ အနေကသတကောဋိယော၊ ကုဋေအရာ မက များလှကုန်သော။ ရံသီ-ရံသယော၊ အရောင်တို့သည်။ ပါကတိကာ-ပါကတိကဝသေန၊ ပြကတေ့၏ အစွမ်းအားဖြင့်။ ဥဒ္ဓံ အဓော၊ အထက် အောက်။ ဒသဒိသာ၊ အရပ်ဆယ်မျက်နှာတို့သို့။ သဒါ၊ အခါခပ်သိမ်း။ ယောဇနံ၊ တစ်ယူဇနာတိုင်တိုင်။ ဖရန္တိ၊ ပျံ့နှံ့ကုန်၏။

နရာသဘော၊ နတ်လူတို့ထက် မြတ်တော်မူထသော။ သဗ္ဗ သတ္တုတ္တမော၊ မုနိ၊ ခပ်သိမ်းသောသတ္တဝါထက် မြတ်သောရဟန်းလည်းဖြစ်တော်မူထသော။

စက္ခုမှာ၊ ငါးပါးသော မျက်စိလည်း ရှိတော်မူထသော။ သောပိ ဗုဒ္ဓေါ၊ ထို အတ္ထဒဿီ ဘုရားသည်လည်း။ လောကေ၊ လောက၌။ ဝါ္ဘသတ-သဟဿာနိ၊ အနှစ်တစ်သိန်းတို့ပတ်လုံး။ အဋ္ဌာသိ၊ တည်တော်မူပြီ။

သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ လောက၌။ အတုလံ၊ အတုမရှိသော။ ဩဘာသံ၊ အရောင်ကို။ ဒဿယိတွာန၊ ပြတော်မူဦး၍။ ဩဘာ-သေတွာ၊ ထွန်းလင်းစေ၍။ သောပိ ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်လည်း။ အနိစ္စတံ၊ အမြဲမတည်သောအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဥပါဒါနသင်္ခယာ၊ မီးစာ ကုန်ခြင်းသို့ ရောက်သော။ အဂ္ဂိ ယထာ၊ မီးကဲ့သို့။ အနိစ္စတံ၊ မမြဲခြင်းသို့။ ပတ္တော၊ ရောက်ပြီ။

ဤတွင်ရွေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ တစ်ဆယ့်လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော အတ္ထဒဿီ မြတ်စွာဘုရား အကြောင်းကား ပြီး၏။

# ၁၇-ဓမ္မဒဿီ ဗုဒ္ဓဝံသ

## ဓမ္မဒဿီဘုရားအကြောင်းကို ပြခြင်း

အတ္ထဒဿီအမည်တော်ရှိသော မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူ၍ သာသနာတော် ကွယ်ခဲ့သည် ရှိသော် သတ္တဝါတို့သည် ဆယ်နှစ်တမ်းတိုင်အောင် ဆုတ်ယုတ်၍ တဖန် အသက် အသင်္ချေယျတမ်းမှ အစဉ်သဖြင့် ဆုတ်ယုတ်လျက် အနှစ်တစ်သိန်းသို့ ကျရောက်သော် ဓမ္မဒဿီအမည်တော်ရှိထသော, ကမ္ဘာလောကကြီး၌ အရောင်အလင်းကို ပြုတော်မူတတ်ထသော, လောဘ အစရှိသော လောကကြီး၏ အညစ်အကြေးပျောက်ကင်းခြင်းကို ပြုတော်မူတတ်ထသော, ကမ္ဘာလောကကြီး အတွင်း၌ တစ်ဆူတည်းသော နာယကပုဂ္ဂိုလ် ဖြစ်တော်မူသော ဓမ္မဒဿီ မြတ်စွာဘုရားသည် လောကသုံးပါး၌ ဘုရားဖြစ်တော်မူ၏။

ထို ဓမ္မဒဿီ မြတ်စွာဘုရားသည်လည်း ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်လျက် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ သရဏမြို့၌ အလုံးစုံသောလူအပေါင်းတို့၏ ကိုးကွယ်ရာ သရဏမင်းကြီး၏ မိဖုရားသုနန္ဒာဒေဝီဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူပြီးမှ ဆယ်လလွန်သဖြင့် သရဏဥယျာဉ်၌ သည်းထန်စွာ ရွာသော ဝသန္တကာလ ရေကို ဆောင်တတ်သော မိုးတိမ်ပုပ်မှ ကင်းသော လပြည့်ဝန်းကဲ့သို့ ထွန်းလင်းဖွားမြင်တော်မူ၏။

ထိုယောကျ်ားမြတ်ကို ဖွားမြင်သော ခဏ၌ တရားနှင့် မလျော်သော အထူးဆိုရာဆိုကြောင်း စကားတို့သည် မိမိအလိုလို ကွယ်ပျောက်ကုန်၏။ တရားနှင့်လျော်သော အထူးစကားအစဉ်တို့သာ တည်ကုန်၏။ ထို့ကြောင့် ဘုရားလောင်းကို အမည်မှည့်အံ့သော နေ့၌ ဓမ္မဒဿီဟူသော အမည်ကို မှည့်ကြကုန်၏။ ထိုဘုရားလောင်းသည် အနှစ်ရှစ်ထောင်တို့ပတ်လုံး ရွှေနန်းရွှေအိမ်၌ စံနေတော်မူ၏။

ထိုဘုရားလောင်းသည် အရဇ, ဝိရဇ, သုဒဿန မည်သော ပြာသာဒ်သုံးဆောင်တို့၌ ဝိစိကောဠိဒေဝီ အမှူးရှိသော တစ်သိန်းနှစ်သောင်းသောမိန်းမတို့ ခြံရံလျက် စံစားတော်မူစဉ် ဝိစိကောဠိမိဖုရားကြီး၌ ပုညဝဍ္ဍန

မည်သော သတ္တိသားကို ဖွားမြင်သည် ရှိသော် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ မဇ္ဈိမယာမ်၌ ထ၍ ကြည့်သည် ရှိသော် အသရေရှိသော အိပ်ရာ၌ နေလျက် ဒိဗ်ပျော်ခြင်းသို့ ရောက်သော လက်ပါးစေ မိန်းမတို့ ဖောက်ပြန်သော အခြင်းအရာကို မြင်တော်မူ၍ ထိတ်လန့်ခြင်းကြောင့် တောထွက်တော်မူလိုသော စိတ်အကြံဖြစ်တော်မူ၏။

ထိုသို့ ဘုရားလောင်းစိတ်ဖြစ်သည်နှင့်တပြိုင်နက် သုဒဿနပြာသာဒ်သည် ကောင်းကင်ပြင်သို့ ပျံ့ဘက်၍ အင်္ဂါလေးပါးရှိသော စစ်သည်ခြံရံလျက် နေနှစ်စင်း ထွက်ဘိသကဲ့သို့လည်းကောင်း, နတ်ဗိမာန်ကဲ့သို့လည်းကောင်း သွားလေ၍ နီသော အညွန့်ရှိသော မြတ်သော ခံတက်ပင်ဗောဓိအနီး၌ သက်၍ တည်၏။ ယောကျ်ားမြတ်လည်း ပြဟ္မာမင်း ကပ်လှူသော သင်္ကန်းတို့ကို ယူ၍ ရဟန်း ပြုတော်မူပြီးမှ ပြာသာဒ်မှ ဆင်းသက်၍ မနီးမဝေးသော အရပ်၌ နေလျှင်ပင် ပြာသာဒ်သည် တဖန် ကောင်းကင်ဖြင့် သွား၍ ဗောဓိပင်ကို အတွင်းပြုလျက် မြေ၌ တည်ပြန်၏။

မိန်းမတို့သည်လည်း အခြံအရံနှင့်တကွ ပြာသာဒ်မှ သက်၍ ဂါဝုတ်ခွဲ မျှလောက် အရပ်သို့ ရောက်လျှင်ပင် ထိုပါလာသော လူအပေါင်းတို့တွင် မင်းမောင်းမနှင့် လက်ပါးစေ မိန်းမတို့ကို ထား၍ အလုံးစုံသော လူတို့သည် ဘုရားလောင်းနောက်သို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။ ထိုသို့ ပြုကြသော သူတို့ကား ကုဋေတစ်သိန်းမျှ ဖြစ်ကုန်၏။ ထိုအခါ ဓမ္မဒဿီအမည်ရှိသော ဘုရားလောင်းသည် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ဝိစိကောဋ္ဌိမ်ဖုရား လှူအပ်သော နို့ဃနာကို ဘုဉ်းပေးတော်မူ၍ အိမ်ဆီးတော၌ နေ့သန့်တော်မူပြီးမှ ညချမ်းသောအခါ သိရိဝဍ္ဍနမည်သော မုယောခင်းစောင့်သမားသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ရေခံတက်ဗောဓိသို့ ကပ်လျက် ငါးဆယ့်သုံးတောင်အပြန့်ကျယ်သော မြက်အခင်းကို ခင်း၍ ထိုမြက်အခင်း၌ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူလျှင် "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာဖြင့် ဥဒါန်းကျူးတော်မူ၏။

## ဓမ္မဒဿီမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုဓမ္မဒဿီအမည်တော်ရှိသော မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေ၍ ဗြဟ္မာမင်းတောင်းပန်ခြင်းကို ဝန်ခံတော်မူလျက် ကိုယ်တော်နှင့် အတူတကွ ရဟန်းပြုကြကုန်သော ကုဋေတစ်သိန်းသော ရဟန်းတို့သည် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိစွမ်းနိုင်ကြမည်ကို မြင်တော်မူ၍ တစ်ဆယ့်ရှစ်ယူဇနာ ရှိသော ဣသိပတနမိဂဒါဝုန်တောသို့ တစ်ရက်ချင်းဖြင့် ကြွတော်မူ၍ ထိုမိဂဒါဝုန်တော၌ ရဟန်းအပေါင်း ခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူ၏။ ထိုအခါ ကုဋေ တစ်သိန်းသော ရဟန်းတို့ သစ္စာလေးပါး တရားကို သိကုန်၏။ ထို့ကြောင့်—

> တတ္ထေဝ မဏ္ဍကပ္ပမှိ၊ ဓမ္မဒဿီ မဟာယသော။
> တမန္ဓကာရံ ဝိဓမိတွာ၊ အတိရောစတိ သဒေဝကေ။
>
> တဿာပိ အတုလတေဇဿ၊ ဓမ္မစက္ကပ္ပဝတ္တနေ။
> ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်ပြီ။

**သာရိပုတ္တ၊** သာရိပုတ္တရာ။ တတ္ထေဝ မဏ္ဍကပ္ပမှိ၊ ထိုမဏ္ဍကပ်ဟုဆိုအပ်သော ဝရကပ်၌ ပင်လျှင်။ မဟာယသော၊ များသော အခြံအရံရှိတော်မူသော။ ဓမ္မဒဿီ၊ ဓမ္မဒဿီဘုရား သခင်သည်။ တမန္ဓကာရံ၊ မောဟ တည်းဟူသော အမိုက်တိုက်ကို။ ဝိဓမိတွာ၊ ဖျက်ဆီးတော်မူ၍။ သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ လောက၌။ အတိရောစတိ၊ အလွန်တင့်တယ်တော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အတုလတေဇဿ၊ မနှိုင်းရှည့်အပ်သော ဘုန်းတန်းခိုးနှင့်လည်း ပြည့်စုံတော်မူသော။ တဿာပိ၊ ထိုဓမ္မဒဿီဘုရား၏လည်း။ ဓမ္မစက္ကပ္ပဝတ္တနေ၊ ဓမ္မစကြာတရားကို ဟောရာ၌။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းသောသူတို့အား။ ပဌမာဘိသမယော၊ ရှေးဦးစွာ သစ္စာလေးပါးတရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အကြင်အခါ တဂရ မည်သော မြို့၌ သဋ္ဌယ မည်သော မင်းသည် ကာမဂုဏ်တို့၌ အပြစ်ကို မြင်လျှင် ဘောထွက်ခြင်း၌အကျိုး ဘေးမရှိသော အဖြစ်ကို သိပြီးမှ ရသေ့ရဟန်း ပြုသည် ရှိသော် ထိုမင်းကြီး နောက်သို့ ကုဋေကိုးဆယ်သော သူတို့သည် အတုလိုက်၍ ရသေ့ရဟန်းပြုကြကုန်၏။ ထိုအလုံးစုံသော ရသေ့တို့သည် ငါးပါးသော အဘိညာဉ် ရှစ်အင်သော သမာပတ်တို့ကို ရကြကုန်၏။

ထိုအခါ လူနတ်တို့ ဆရာဖြစ်သော ဓမ္မဒဿီ မြတ်စွာဘုရားသည် ထိုရသေ့တို့၏ ဥပနိဿယကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူလတ်၍ ရသေ့သခ်မ်းသို့ ရောက်သော် ကောင်းကင်၌ တည်လျက် ရသေ့တို့ အလိုအားလျော်သော တရားကို ဟောတော်မူ၍ မဂ်ဉာဏ်ကို ဖြစ်စေပြီ။ ဤကား နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

ယဒါ ဗုဒ္ဓေါ ဓမ္မဒဿီ၊ ဝိနေသိ သဉ္စယံ ဣသိံ။
တဒါ နဝုတိကောဋီနံ၊ ဒုတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ ဓမ္မဒဿီ၊ ဓမ္မဒဿီအမည်တော်ရှိသော။ ဗုဒ္ဓေါ၊ ဘုရားမြတ်သည်။ သဉ္စယံ၊ သဉ္စယမည်သော။ ဣသိံ၊ ရသေ့ကို။ ဝိနေသိ၊ ဆုံးမတော်မူ၏။ တဒါ၊ ထိုအခါ၌။ နဝုတိကောဋီနံ၊ ကုဋေကိုးဆယ်သော ရသေ့ ရဟန်းတို့အား။ ဒုတိယော၊ နှစ်ခုမြောက်သော။ အဘိသမယော၊ သစ္စာလေးပါးကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အကြင်အခါ နတ်တို့ကို အစိုးရသော သိကြားမင်းသည် တရားတော်ကို နာလိုသည် ဖြစ်၍ ဘုရားအထံသို့ ကပ်၏။ ထိုအခါ ကုဋေရှစ်ဆယ်သော သူတို့သည် သစ္စာလေးပါးတရားကို သိကုန်၏။ ထို့ကြောင့်—

ယဒါ သက္ကော ဥပဂစ္ဆိ၊ သပရိသော ဝိနာယကံ။
တဒါ အသီတိကောဋီနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ သပရိသော၊ ပရိသတ်နှင့်တကွ။ သက္ကော၊ သိကြားမင်းသည်။ ဝိနာယကံ၊ ဓမ္မဒဿီဘုရားသို့။ ဥပဂစ္ဆိ၊ ကပ်ပြီ။ တဒါ၊

ထိုအခါ၌။ အသီတိကောဋီနံ၊ ကုဋေရှစ်ဆယ်တို့အား။ တတိယာဘိသမယော၊ သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## ဓမ္မဒဿီမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

အကြင်အခါ သရဏ မင်းနေပြည်ကြီး၌ မိကြီးသား အစ်ကိုတော် ပဒုမ မင်းသားနှင့် ဖုဿဒေဝမင်းသားတို့ အခြံအရံနှင့်တကွ ရဟန်းပြုကြသော် ထိုဝါတွင်း၌ ရဟန်းပြုကုန်သော ကုဋေတစ်ထောင်သော ရဟန်းတို့၏အလယ် ဝိသုဒ္ဓိပဝါရဏာကို ပြုတော်မူ၏။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော အစည်းအဝေးဖြစ်၏။

တဖန်လည်း ဓမ္မဒဿီမြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ သက်တော်မူရာ၌ ကုဋေတစ်ရာသော သူတို့၏ အစည်းအဝေးသည် ဖြစ်၏။ ထိုအစည်းအဝေးကား နှစ်ကြိမ်မြောက်သော အစည်းအဝေးတည်း။

အကြင်အခါ သုဒဿနာရာမ၌ တစ်ဆယ့်သုံးပါးကုန်သော ဓုတင်ကျေးဇူးတို့ကို ပြတော်မူ၍ ဟာရိတမည်သော မဟာသာဝကကို ဧတဒဂ် အရာ၌ ထားတော်မူ၏။ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန်းတို့အလယ်၌ မြတ်စွာဘုရား ပါတိမောက်ပြတော်မူ၏။ ထိုအစည်းအဝေးကား သုံးကြိမ် မြောက် အစည်းအဝေးတည်း။ ထို့ကြောင့်—

> တဿာပိ ဒေဝဒေဝဿ၊ သန္နိပါတာ တယော အဟုံ။
> ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။
>
> ယဒါ ဗုဒ္ဓေါ ဓမ္မဒဿီ၊ သရဏေ ဝဿံ ဥပါဂမိ။
> တဒါ ကောဋိသဟဿာနံ၊ ပဌမော အာသိ သမာဂမော။
>
> ပုနာပရံ ယဒါ ဗုဒ္ဓေါ၊ ဒေဝတော ဧတိ မာနုသံ။
> တဒါပိ သတကောဋီနံ၊ ဒုတိယော အာသိ သမာဂမော။
>
> ပုနာပရံ ယဒါ ဗုဒ္ဓေါ၊ ပကာသေသိ ဓုတေ ဂုဏေ။
> တဒါ အသီတိကောဋီနံ၊ တတိယော အာသိ သမာဂမော—

ဟူ၍ ဟောတော်မူပြီ။

ဒေဝဒေဝဿ၊ နတ်တကာတို့ထက် နတ်မြတ် ဖြစ်တော်မူသော။ တဿပိ၊ ထိုဓမ္မဒဿီဘုရားအားလည်း။ တာဒိနံ၊ သည်းခံခြင်းနှင့်ပြည့်စုံကုန်ထသော။ သန္တစိတ္တာနံ၊ ငြိမ်သက်သော စိတ်ရှိကုန်ထသော။ ဝိမလာနံ၊ အညစ်အကြေး ကင်းကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာအရှင်မြတ်တို့၏။ တယော၊ သုံးပါးကုန်သော။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ အဟုံ၊ ဖြစ်ကုန်ပြီ။

ယဒါ၊ အကြင်အခါ၌။ ဓမ္မဒဿီ၊ ဓမ္မဒဿီအမည်တော်ရှိသော။ ဗုဒ္ဓေါ၊ ဘုရားမြတ်သည်။ သရဏေ၊ သရဏမြို့၌။ ဝဿံ၊ ဝါသို့။ ဥပါဂမိ၊ ကပ်တော်မူ၏။ တဒါ၊ ထိုအခါ၌။ ကောဋိသဟဿာနံ၊ ကုဋေတစ်ထောင်သောရဟန်းတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးတုံ။ ယဒါ၊ အကြင်အခါ၌။ ဗုဒ္ဓေါ၊ ဓမ္မဒဿီဘုရားမြတ်သည်။ ဒေဝတော၊ တာဝတိံသာနတ်ပြည်မှ။ မာနုသံ၊ လူ့ပြည်သို့။ ဧတိ၊ ကြွတော်မူလာ၏။ တဒါ၊ ထိုအခါ၌။ သတကောဋီနံ၊ ကုဋေတစ်ရာသောရဟန်းတို့၏။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးတုံ။ ယဒါ၊ အကြင်အခါ၌။ ဗုဒ္ဓေါ၊ ဓမ္မဒဿီဘုရားမြတ်သည်။ ဓုတေ ဂုဏေ၊ ဓုတင် ကျေးဇူးတို့ကို။ ပကာသေသိ၊ ပြတော်မူပြီ။ တဒါ၊ ထိုအခါ၌၊ အသီတိကောဋီနံ၊ ကုဋေရှစ်ဆယ်သော ရဟန်းတို့၏။ တတိယော၊ သုံးကြိမ်မြောက်သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

---

## ငါတို့ဘုရားလောင်း သိကြားမင်းဖြစ်စဉ် ဓမ္မဒဿီမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါငါတို့ဘုရားလောင်းသည် နတ်ပြည်နှစ်ထပ်ကို အစိုးရသောသိကြားနတ်မင်း ဖြစ်၍ နတ်သားအပေါင်း ခြံရံလျက် လာပြီးလျှင် နတ်၌ ဖြစ်သော နံ့သာ, ပန်း စသည်တို့ဖြင့် လည်းကောင်း, နတ်လူတို့၏ စည်, စောင်းညှင်း စသော တီးမှုတ်မျိုးတို့ဖြင့် လည်းကောင်း ဓမ္မဒဿီ မြတ်စွာဘုရားအား

ပူဇော်၏။ ထိုအခါ ဘုရားသခင်သည်လည်း သိကြားမင်းကို "နောင်သော အခါ လူတွင် ထင်ရှား ဂေါတမဘုရား ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ သက္ကော အာသိံ ပုရိန္ဒဒေါ။
ဒိဗ္ဗေန ဂန္ဓမာလေန၊ တူရိယေနာဘိပူဇယိံ။

သောပိ မံ တဒါ ဗျာကာသိ၊ ဒေဝမဇ္ဈေ နိသီဒိယ။
အဋ္ဌာရသေ ကပ္ပသတေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါဘုရားသည်။ တေန သမယေန၊ ထိုအခါ၌။ ပုရိန္ဒဒေါ၊ အလှူလက်ဦး ပေးကြူးစွာသော။ သက္ကော၊ သိကြားမင်းသည်။ အာသိံ၊ ဖြစ်ပြီ။ သော အဟံ၊ ထိုငါသည်။ ဒိဗ္ဗသ ဒေဝလောကေသု၊ နတ်ပြည်နှစ်ထပ်တို့၌။ ဒေဝပရိဝုတော၊ နတ်သားအပေါင်း ခြံရံလျက်။ အာဂန္တွာ၊ လာလတ်၍။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ ဂန္ဓမာလေန စ၊ နံ့သာ ပန်းဖြင့် လည်းကောင်း။ တူရိယေန စ၊ တူရိယာဖြင့် လည်းကောင်း။ အဘိပူဇယိံ၊ ပူဇော်ပြီ။

တဒါ၊ ထိုအခါ၌။ သောပိ ဗုဒ္ဓေါ၊ ထိုဓမ္မဒဿီ ဘုရားမြတ်သည်လည်း။ မံ၊ ငါ့ကို။ ဒေဝမဇ္ဈေ၊ နတ်တို့အလယ်၌။ နိသီဒိယ၊ နေ၍။ အယံ၊ ဤသိကြားသည်။ ဣတော၊ ဤကမ္ဘာမှ။ အဋ္ဌာရသေ ကပ္ပသတေ၊ တစ်ထောင့်ရှစ်ရာသော ကပ်၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ကြားပြီ။

ပဓာနံ၊ လုံ့လကို။ ပဒဟိတွာန၊ အားထုတ်၍ ။လ။ ဣမံ-ဣမဿ၊ ဤသိကြား၏။ သမ္မုခါ၊ မျက်မှောက်၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကြကုန်၏။

တဿာပိ၊ ထိုဘုရား၏လည်း။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘိယျော၊ အလွန်။ စိတ္တံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်လင်စေပြီ။ ဒသပါရမိ-ပူရိယာ၊ ပါရမီဆယ်ပါးပြည့်စေခြင်းငှာ။ ဥတ္တရိံ၊ အလွန်။ ဝတံ၊ ဝီရိယကို။ အဓိဋ္ဌာသိံ၊ ဆောက်တည်ပြီ။

---

## ဓမ္မဒဿီမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုဓမ္မဒဿီ မြတ်စွာဘုရား၏ နေပြည်တော်ကား သရဏမည်၏။ သရဏမင်းကား ခမည်းတော်တည်း။ မယ်တော်ကား သုနန္ဒာမည်၏။ ပဒုမနှင့် ဖုဿဒေဝတို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ သုနေတ္တကား အလုပ်အကျွေးတည်း။ ခေမာနှင့် သစ္စနာမာ နှစ်ယောက်တို့ကား အဂ္ဂသာဝိကာမ ဖြစ်ကုန်၏။ ပွင့်ရာသစ်ပင်ကား ရေခံတက်ပင်တည်း။ ထိုဘုရား အရပ်တော်ကား အတောင်ရှစ်ဆယ်မြင့်၏။ အသက်တော်ကား အနှစ်တစ်သိန်းတည်း။ ထိုဘုရားလောင်း မိဖုရားကား ဝိစိကောဠိ မည်၏။ သားတော်ကား ပုညဝဍ္ဎနတည်း။ ပြာသာဒ်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

သရဏံ နာမ နဂရံ၊ သရဏော နာမ ခတ္တိယော။
သုနန္ဒာ နာမ ဇနိကာ၊ ဓမ္မဒဿိဿ သတ္ထုနော။

ပဒုမော ဖုဿဒေဝေါ စ၊ အဟေသုံ အဂ္ဂသာဝကာ။
သုနေတ္တော နာမုပဋ္ဌာကော၊ ဓမ္မဒဿိဿ သတ္ထုနော။

ခေမာ စ သစ္စနာမာ[၁] စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ ဗိမ္ဗိဇာလောတိ ဝုစ္စတိ။

သုဘဒ္ဒေါ ကဋိဿဟော စေဝ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
သာဠိယာ စ ကဠိယာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

သောပိ ဗုဒ္ဓေါ အသမသမော၊ အသီတိဟတ္ထမုဂ္ဂတော။
အတိရောစတိ တေဇေန၊ ဒသသဟဿမှိ ဓာတုယာ။

---

၁။ သဗ္ဗနာမာ-သီဟိုဠ်မူ။ အဋ္ဌသာလိနီ စသည်တို့၌လည်း နည်းတူ။

သုဖုလ္လော သာလရာဇာ၀၊ ဝိဇ္ဇု၀ ဂဂနေ ယထာ။
မဥ္ဇုန္နိကော၀ သူရိယော၊ ဧဝံ သော ဥပသောဘထ။

တဿာပိ အတုလတေဇဿ၊ သမကံ အာသိ ဇီဝိတံ။
ဝဿသတသဟဿာနိ၊ လောကေ အဋ္ဌာသိ စက္ခုမာ။

ဒြဿိဘာသံ ဒဿယိတွာန၊ ဝိမလံ ကတွာန သာသနံ။
ရဝိစန္ဒောဝ ဂဂနေ၊ နိဗ္ဗုတော သော သသာဝကော–

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တာ၊ ရာ။ ဓမ္မဒဿီသည်၊ ရှိသော။ သတ္တုနော၊ ၏။ နဂရံ၊ ပြည်တော်သည်။ သရဏံ နာမ၊ မည်၏။ ခတ္တိယော၊ သည်။ သရဏော နာမ၊ မည်၏။ ဇနိကာ၊ သည်။ သုနန္ဒာ နာမ၊ သုနန္ဒာမည်၏။

ပဒုမော စ၊ လည်းကောင်း။ ဖုဿဒေဝေါ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ ဓမ္မဒဿီသည်၊ မူသော။ သတ္တုနော၊ ၏။ ဥပဋ္ဌာကော၊ သည်။ သုနေတ္တော နာမ၊ မည်၏။

ခေမာ စ၊ လည်းကောင်း။ သစ္စနာမာ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝိကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿ ဘဂဝတော၊ ၏။ ဗောဓိ၊ ကို။ ဗိမ္ဗိဇာလောတိ၊ ရေခံတက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သုဘဒ္ဒေါ စ၊ သုဘဒ္ဒလည်းကောင်း။ ကဋိဿဟော စေဝ၊ ကဋိဿဟလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သောအလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ သာဠိယာ စ၊ သာဠိယာ လည်းကောင်း။ ကဠိယာ စ၊ ကဠိယာ လည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

အသမသမော၊ မူသော။ သောပိ ဗုဒ္ဓေါ၊ သည်လည်း။ အသီတိဟတ္ထံ၊ အတောင်ရှစ်ဆယ်။ ဥဂ္ဂတော၊ မြင့်တော်မူပြီ။ ဒသသဟဿိမှိ ဓာတုယာ၊ တစ်သောင်းသော လောကဓာတ်၌။ တေဇေန၊ တန်ခိုးတော်ဖြင့်။ အတိရောစတိ၊ အလွန်တင့်တယ် ထွန်းပတော်မူ၏။

ယထာ၊ အသို့နည်းဟူမူကား။ သုဖုလ္လော၊ ကောင်းစွာ ပင်လုံးကျွတ်ပွင့်သော။ သာလရာဇာဝ၊ အင်ကြင်းပင်ကဲ့သို့ လည်းကောင်း။ ဂဂနေ၊ ကောင်းကင်၌။ ဝိဇ္ဇုဝ၊ လျှပ်စစ်နွယ်ကဲ့သို့ လည်းကောင်း။ မဇ္ဈန္ဟိကေ၊ မွန်းတည့်ကာလ၌။ သူရိယောဝ၊ နေမင်းကဲ့သို့ လည်းကောင်း။ ဇဝံတထာ၊ တူ။ သော ဘဂဝါ၊ သည်။ ဥပသောဘထ၊ မူပြီ။

အတုလတေဇသာ၊ အတုကင်းသော ဘုန်းတန်ခိုးလည်း ရှိတော်မူသော။ တဿာပိ၊ ထိုဓမ္မဒဿီ ဘုရားအားလည်း။ ဇီဝိတံ၊ အသက်တော်သည်။ သမကံ၊ အသက်တမ်းနှင့် မျှသည်။ အာသိ၊ ပြီ။ စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည်။ ဝဿသတသဟဿာနိ၊ အနှစ်တစ်သိန်းတို့ပတ်လုံး။ လောကေ၊ ၌။ အဋ္ဌာသိ၊ တည်တော်မူပြီ။

သော ဘဂဝါ၊ သည်။ လောကေ၊ ၌။ ဩဘာသံ၊ အရောင်တော်ကို။ ဒဿယိတွာန၊ ပြတော်မူ၍။ ဂဂနေ၊ ကောင်းကင်၌။ ရဝိစန္ဒောဝ၊ နေဝန်းလဝန်းကဲ့သို့။ ဝိမလံ၊ အညစ်အကြေးကင်းသော။ သာသနံ၊ သာသနာတော်ကို။ ကတွာန၊ ပြုတော်မူ၍။ သသာဝကော၊ နှင့်တကွ။ နိဗ္ဗုတော၊ ပြီ။

ဤတွင်ရွှေကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ တစ်ဆယ့်ငါးခုတို့၏
ပြည့်ကြောင်းဖြစ်သော ဓမ္မဒဿီဘုရား
အကြောင်းကား ပြီး၏။

# ၁၈ - သိဒ္ဓတ္ထ ဗုဒ္ဓဝံသ

## သိဒ္ဓတ္ထ မြတ်စွာဘုရားအကြောင်းကို ပြခြင်း

ထိုဓမ္မဒဿီ အမည်တော်ရှိသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်ပြီး၍ သာသနာတော် ကွယ်ပျောက်သည်ရှိသော် ထိုဓမ္မဒဿီ ဘုရားပွင့်သော ကပ်သည် လွန်လေသောကာလ ကမ္ဘာပေါင်း တစ်ထောင့်ခုနစ်ရာခြောက် ကမ္ဘာ လွန်ကုန်လတ်သော် ဤဘဒ္ဒကပ်ကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက် တစ်ခုသောကပ်၌ လူသုံးပါးတို့၏ အကျိုး, ရအပ် ငြိမ်းအေးအပ် မြတ်သော အကျိုး ရှိသော တစ်ဆူသော သိဒ္ဓတ္ထဘုရားမြတ်သည် လောကသို့ ထင်ရှား ပွင့်တော်မူ၏။ ထို့ကြောင့်—

ဓမ္မဒဿိဿ အပရေန၊ သိဒ္ဓတ္ထော လောကနာယကော။
နိဟနိတွာ တမံ သဗ္ဗံ၊ သူရိယော အဗ္ဘုဂ္ဂတော ယထာ—

ဟူ၍ ဟောတော်မူပြီ။

ဓမ္မဒဿိဿ၊ ဓမ္မဒဿီ ဘုရားမြတ်၏။ အပရေန၊ နောက်ကာလ၌။ သူရိယော၊ နေမင်းသည်။ သဗ္ဗံ၊ အလုံးစုံသော။ တမံ၊ အမိုက်ကို။ နိဟ-နိတွာ၊ ဖျောက်လွှင့်၍။ အဗ္ဘုဂ္ဂတော ယထာ၊ တက်သကဲ့သို့။ တထာ၊ ထို့အတူ။ လောကနာယကော၊ လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော။ သိဒ္ဓတ္ထော၊ သိဒ္ဓတ္ထဘုရားမြတ်သည်။ လောကေ၊ လောက၌။ ဥဒပါဒိ၊ ထင်ရှားဖြစ်တော်မူ၏။

ထို သိဒ္ဓတ္ထ ဘုရားလောင်းသည်လည်း ပါရမီတို့ကို ဖြည့်တော်မူပြီး၍ တုသိတာနတ်ပြည်၌ ဖြစ်လျှင် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ ဝေဘာရ မင်းနေပြည်ကြီး၌ ဥဒေန မည်သော မင်း၏ သုဖဿာ မည်သော မိဖုရား ဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၍ ဆယ်လစေ့သဖြင့် ဝိရိယ ဥယျာဉ်၌ အမိဝမ်းမှ ဖွားမြင်တော်မူ၏။

ယောကျ်ားမြတ်ကို ဖွားမြင်တော်မူသော် ခပ်သိမ်းသော သူတို့အား အားထုတ်အပ်ကုန်သော အမှုမျိုး, လိုတိုင်းသော အကျိုးစီးပွား ပြီးစီး ကြီးပွားခြင်းသို့ ရောက်ကုန်သောကြောင့် ဘုရားလောင်းအား သိဒ္ဓတ္ထ

ဟူသောအမည်ကို မှည့်ကြကုန်၏။ ထိုဘုရားလောင်းသည် အနှစ်တစ်သောင်း ကာလပတ်လုံး အိမ်ရာထောင်သော လူ၏ ဘောင်၌ ကောကာ, သုပ္ပလ, ပဒုမ ဟူသော ပြာသာဒ် သုံးဆောင်ဝယ် သောမနဿာဒေဝီ အမှူးရှိသော လေးသောင်း ရှစ်ထောင်သော မင်း မိန်းမတို့ဖြင့် ခြံရံလျက် စံစား၍ နေစဉ် သောမနဿ မိဖုရားကြီး၏ အနုပမ မင်းသားကို ဖွားမြင်သောနေ့ နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူသော် ဝါဆိုလပြည့်နေ့တွင် ရွှေထမ်းစင်ဖြင့် တောထွက်၍ ဝီရိယဥယျာဉ်သို့ သွား၍ ရဟန်းပြုတော်မူ၏။

ထိုဘုရားလောင်း နောက်သို့ ကုဋေ တစ်သိန်းသော လူတို့သည်လည်း အတုလိုက်၍ ရဟန်းပြုကြကုန်သော် ယောကျ်ားမြတ်သည် ထိုကုဋေ တစ်သိန်းသော ရဟန်းတို့နှင့် အတူတကွ ဆယ်လပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့တွင် အသဒိသ ပုဏ္ဏားရွာ၌ သုနေတ္တာ မည်သော ပုဏ္ဏားသမီးသည် လှူအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ အိမ်ဆီးတော၌ နေ့သန့်ခြင်းကို လွန်စေပြီးမှ ညချမ်းသောအခါ ဝရုဏ မည်သော မုယောခင်းစောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ မဟာလှေကားဗောဓိသို့ ကပ်လျက် အတောင်လေးဆယ် အပြန့်ကျယ်သော မြက်အခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူသောအခါ သဗ္ဗညုတဉာဏ်သို့ ရောက်၍ "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသောဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## သိဒ္ဓတ္ထမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုသို့ ဘုရားဖြစ်တော်မူပြီးမှ သတ္တသတ္တာဟကို လွန်သဖြင့် ကိုယ်တော် နှင့်အတူ ရဟန်းပြုကြကုန်သော ကုဋေ တစ်သိန်းသော ရဟန်းတို့အား သစ္စာလေးပါးတရား သိစွမ်းနိုင်ကြောင်းကို မြင်တော်မူ၍ လေတို့၏ သွားရာ ကောင်းကင် ခရီးဖြင့် သွားပြီးမှ မိဂဒါဝုန် တောသို့ သက်တော်မူလျက် ရဟန်းတို့အား မွေစကြာ တရားကို ဟောတော်မူ၏။ ထိုအခါ ကုဋေ တစ်သိန်းသော သူတို့ ရှေးဦးစွာ သစ္စာလေးပါး တရားကို သိကုန်၏။ ထို့ကြောင့်—

သောပိ ပတွာန သမ္ဗောဓိံ၊ သန္တာရေတွာ သဒေဝကေ။
အဘိဝဿိ ဓမ္မမေဃေန၊ နိဗ္ဗာပေန္တော သဒေဝကံ။

တဿာပိ အတုလတေဇဿ၊ အဟေသုံ အဘိသမယာ တယော။
ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သောပိ ဘဂဝါ၊ သည်လည်း။ သမ္ဗောဓိံ၊ သဗ္ဗညုအဖြစ်သို့။ ပတွာန၊ ရောက်၍။ သဒေဝကေ သဒေဝကဿ၊ သော။ လောကဿ၊ ကို။ သန္တာရေတွာ၊ သံသရာတည်းဟူသော သမုဒ္ဒရာမှ ကူးခပ်စေလျက်။ ဓမ္မမေဃေန၊ တရား တည်းဟူသော မိုးကြီးဖြင့်။ သဒေဝကံ၊ သော။ လောကံ၊ ကို။ နိဗ္ဗာပေန္တော၊ ငြိမ်းစေလျက်။ အဘိဝဿိ၊ ရွာစေတော်မူပြီ။

အတုလတေဇဿ၊ မနှိုင်းရှည့်အပ် မြတ်သောတန်ခိုးရှိသော။ တဿာပိ ဘဂဝတော၊ အားလည်း။ တယော၊ ကုန်သော။ အဘိသမယာ၊ တို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းသော သူတို့အား။ ပဌမော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ပြီ။

တဖန် ဘီမရထမြို့၌ ဘီမရထမင်းသည် ပင့်ဖိတ်အပ်သည်ဖြစ်၍ မြို့လယ်တွင် ပြုအပ်သော မင်းကွန်း၌ နေတော်မူလျက် ကရဝိက်ငှက်မင်း အသံကဲ့သို့ သာသာယာယာ နားချမ်းသာဖြင့် လွန်မြတ်မွန်စွာ ပညာရှိတို့ နှလုံးကို ယူကျုံးဘိသကဲ့သို့ အမြိုက်ရေစင်ကို သွန်းလောင်းသည်နှင့်မခြား ဗြဟ္မာမင်း အသံနှင့် တူသော အသံတော်ဖြင့် အရပ်ဆယ်မျက်နှာတို့ကို ပြည့်စေလျက် တရား တည်းဟူသော အမြိုက်စည်ကြီးကို တီးတော်မူ၏။ ထိုအခါ ကုဋေ ကိုးဆယ်သော သူတို့ နှစ်ကြိမ်မြောက် သစ္စာလေးပါး တရားကို သိကုန်၏။ ထို့ကြောင့်—

ပုနာပရံ ဘီမရထေ၊ ယဒါ အာဟနိ ဒုန္ဒုဘိံ။
တဒါ နဝုတိကောဋီနံ၊ ဒုတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ပုန၊ တဖန်။ အပရံ၊ တပါးလည်း။ ဘီမရထေ၊ ဘီမရထမြို့၌။ ယဒါ၊ ၌။ ဗုဒ္ဓေါ၊ သိဒ္ဓတ်ဘုရားမြတ်သည်။ ဒုန္ဒုဘိံ၊ တရားတည်းဟူသော စည်းကြီးကို။ အာဟနိ၊ တီးပြီ။ တဒါ၊ ၌။ နဝုတိကောဋ္ဌိနံ၊ ကုဋေကိုးဆယ်သော သူတို့အား။ ဒုတိယာဘိသမယော၊ နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အကြင်အခါ ဝေဘာရမြို့၌ ဆွေတော် မျိုးတော်တို့ အစည်းအဝေးဝယ် ဗုဒ္ဓဝင် တရားတော်ကြီးကို ဟောတော်မူသည် ရှိသော် ကုဋေကိုးဆယ်သော သူတို့အား မဂ်ဉာဏ်ကို ဖြစ်စေ၏။ ထိုအခါကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

ယဒါ ဗုဒ္ဓေါ ဓမ္မံ ဒေသေသိ၊ ဝေဘာရေ သော ပုရုတ္တမေ။
တဒါ နဝုတိကောဋ္ဌိနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ ၌။ သော ဗုဒ္ဓေါ၊ ထိုသိဒ္ဓတ် ဘုရားမြတ်သည်။ ပုရုတ္တမေ၊ ပြည်မြတ်ဖြစ်သော။ ဝေဘာရေ၊ ဝေဘာရပြည်၌။ ဓမ္မံ၊ ဗုဒ္ဓဝင် တရားတော်ကြီးကို။ ဒေသေသိ၊ ဟောတော်မူပြီ။ တဒါ၊ ၌။ နဝုတိကောဋ္ဌိနံ၊ ကုဋေကိုးဆယ်သော သူတို့အား။ တတိယာဘိသမယော၊ သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## သိဒ္ဓတ္ထမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ထိုသိဒ္ဓတ် ဘုရားမြတ်လက်ထက် သေဘေးမထင် အောင်မြင်တင့်တယ် ရှုဖွယ်ရှိသော အမရမြို့၌ သမ္ဗလနှင့် သုမိတ္တ ညီနောင် နှစ်ယောက်တို့ မင်းပြုကုန်၏။ ထိုအခါ သိဒ္ဓတ် ဘုရားမြတ်သည် ထိုညီနောင် နှစ်ယောက်တို့၏ ဥပနိဿယကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် မြို့လယ်၌ သက်၍ စက်တော်ဖြင့် တန်ဆာဆင်အပ်သော အပြင်ခြေတော်ဖြင့် မြေကို နင်းသကဲ့သို့ ခြေတော်ရာ စေတီကို ပြ၍ အမရ ဥယျာဉ်သို့ ကြွတော်မူလျက် အလွန် နှစ်သက်ဖွယ်သော ကိုယ်တော်၏ ကရုဏာဖြင့် ချမ်းအေးသော ကျောက်အပြင်၌ နေတော်မူ၏။

ထို့နောက်မှ မင်းသားညီနောင် နှစ်ယောက်တို့သည် ဘုရားမြတ်စွာ ခြေတော်ရာစေတီကို မြင်၍ အစဉ်တစိုက် လိုက်လျက် ပရိသတ်အခြံအရံနှင့် တကွ မြတ်စွာဘုရားသို့ ကပ်၍ ရှိသေစွာ ရှိခိုး၍ အနီး၌ နေကြကုန်၏။ မြတ်စွာဘုရားလည်း အလိုအားလျော်သော တရားတော်ကို ဟောတော်မူ၏။ မင်းသားတို့သည်း တရားစကားကို ကြားနာရလျှင် ကြည်လင်သော စိတ်ရှိသည် ဖြစ်၍ အလုံးစုံသော သူတို့နှင့် တကွ ရဟန်းပြုကြရာ အရဟတ္တ ဖိုလ်သို့ ရောက်ကြကုန်၏။ ထိုအခါ ကုဋေတစ်ရာသော ရဟန္တာတို့အလယ်၌ မြတ်စွာဘုရားသည် ပါတိမောက် ပြတော်မူ၏။ ထိုအစည်းအဝေးကား ရှေးဦးစွာသော အစည်းအဝေးတည်း။

ဝေဘာရမြို့ ဆွေတော် မျိုးတော်တို့ အစည်းအဝေး၌လည်း ကုဋေ ကိုးဆယ်သော ရဟန်းတို့၏ အလယ်၌ မြတ်စွာဘုရား ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် နှစ်ကြိမ်မြောက်သော အစည်း အဝေးတည်း။

သုဒဿန ကျောင်း၌ စည်းဝေးကုန်သော ကုဋေ ရှစ်ဆယ်သော ရဟန်းတို့ အလယ်၌လည်း မြတ်စွာဘုရား ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် သုံးကြိမ်မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

> သန္နိပါတာ တယော အာသုံ၊ တဿာပိ ဒွိပဒုတ္တမေ။
> ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။
>
> ကောဋိသတာနံ နဝုတီနံ၊ အသီတိယာပိ ကောဋိနံ။
> ဧတေ အာသုံ တယော ဌာနာ၊ ဝိမလာနံ သမာဂမေ—

ဟူ၍ ဟောတော်မူပြီ။

ဒွိပဒုတ္တမေ-ဒွိပဒုတ္တမဿ၊ အခြေနှစ်ချောင်းရှိသူတို့ထက် မြတ်သော။ တဿာပိ၊ ထိုသိဒ္ဓတ် ဘုရားအားလည်း။ တာဒိနံ၊ ကုန်သော။ သန္တစိတ္တာနံ၊ ကုန်သော။ ဝိမလာနံ၊ ကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏။ တယော၊ ကုန်သော။ သန္နိပါတာ၊ အစည်းအဝေးတို့သည်။ အာသုံ၊ ကုန်ပြီ။

ကောဋ္ဌိသတာနံ၊ ကုဋ္ဌေတစ်ရာကုန်သော ရဟန်းတို့၏ လည်းကောင်း။ နဝုတီနံ အသီတိယာပိ ကောဋ္ဌီနံ၊ ကုဋ္ဌေကိုးဆယ်, ကုဋ္ဌေရှစ်ဆယ် ကုန်သော။ ဝိမလာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏လည်းကောင်း။ ဧတေ ဧတာနိ တယော တီဏိ ဌာနာ ဌာနာနိ၊ ထိုသုံးပါးကုန်သော အရာတို့သည်။ သမာဂမေ၊ အစည်းအဝေး၌၊ အာသုံ၊ ဖြစ်ကုန်ပြီ။

---

## ငါတို့ဘုရားလောင်း မင်္ဂလရသေ့ဖြစ်စဉ် သိဒ္ဓတ္ထမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းသည် သုရသေနမြို့၌ မင်္ဂလမည်သော ပုဏ္ဏားဖြစ်၍ ဗေဒင် သုံးပုံတို့၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်လျက် ကုဋ္ဌေမက မရေတွက်နိုင်သော ဥစ္စာစုကို ကိုးကွယ်ရာမဲ့သူတို့အား စွန့်ကြဲပေးကမ်း၍ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကာ ရသေ့ရဟန်း ပြုလေသော် ဈာန် အဘိညာဉ်ဘို့ကို ရ၍ နေစဉ် လောကသုံးပါး၌ ဘုရားဖြစ်ပြီဟု ကြား၍ ဆည်းကပ်ရှိခိုး ရိုကျိုးပြီးါ တရားစကားကို နာရလျှင် တန်ခိုးဖြင့် ဇမ္ဗူသပြေပင်မှ အသီးကို ဆောင်ခဲ့၍ ကုဋ္ဌေကိုးဆယ်သော ရဟန်းတို့ ခြံရံ အပ်သော မြတ်စွာဘုရားကို သုရသေန ကျောင်းကြီး၌ သီတင်းသုံး နေစေလျက် ဇမ္ဗူသပြေသီးတို့ဖြင့် ရောင့်ရဲစေ၏။ ထိုအခါ သိဒ္ဓတ် မြတ်စွာဘုရားသည် ဇမ္ဗူသပြေသီးကို ဘုဉ်းပေးတော်မူ၍ ရသေ့ကိုလည်း "ဤကမ္ဘာမှ ကိုးဆယ့်လေး ကမ္ဘာထက်၌ ဂေါတမဘုရား ထင်ရှားဖြစ် လတ္တံ့" ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ မင်္ဂလော နာမ တာပသော။
ဥဂ္ဂတေဇော ဒုပ္ပသဟော၊ အဘိညာဗလသမာဟိတော။

ဇမ္ဗုတော ဖလမာနေတွာ၊ သိဒ္ဓတ္ထဿ အဒါသဟံ။
ပဋိဂ္ဂဟေတွာ သမ္ဗုဒ္ဓေါ၊ ဣဒံ ဝစနမဗြဝိ။

ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ။
စတုနဝုတိတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။



မြတ်စွာဘုရား ကပိလ



တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ အဟံ၊ သည်။ တေန သမယေန၊ ၌။ ဥဂ္ဂတေဇော၊ ထက်သော တန်ခိုးလည်း ရှိထသော။ ဒုပ္ပသဟော၊ သူတပါးတို့ နှိပ်စက်ခြင်းငှါ မတတ်နိုင်ထသော။ အဘိညာဗလသမာဟိတော၊ အဘိညာဉ်၏ အားအစွမ်းဖြင့် တည်ကြည်ထသော။ မင်္ဂလော နာမ၊ မင်္ဂလအမည်ရှိသော။ တာပသော၊ ရသေ့သည်။ အာသိံ၊ ဖြစ်ခဲ့ဖူးပြီ။

အဟံ၊ သည်။ သိဒ္ဓတ္ထဿ၊ အား။ ဇမ္ဗုတော၊ ဇမ္ဗုသပြေပင်မှ။ ဖလံ၊ အသီးကို။ အာနေတွာ၊ ဆောင်ယူခဲ့၍။ အဒါသိံ၊ လှူပြီ။ သမ္ဗုဒ္ဓေါ၊ ဘုရားသခင်သည်။ ပဋိဂ္ဂဟေတွာ၊ ၍။ ဣဒံ ဝစနံ၊ ဤသို့သော စကားတော်ကို။ အဗြဝိ၊ ဆိုတော်မူပြီ။

တုမှေ၊ တို့သည်။ ဇင္ဃိလံ၊ ဆံကျစ်လည်း ထုံးထသော။ ဥဂ္ဂတာပနံ၊ ထက်မြက်သော အကျင့်လည်း ရှိထသော။ ဣမံ တာပသံ၊ ဤရသေ့ကို။ ပဿထ၊ ရှုကြကုန်လော့။ အယံ၊ ဤရသေ့သည်။ ဣတော၊ မှ။ စတုနဝုတေ ကပ္ပေ၊ ကိုးဆယ့်လေး ကမ္ဘာထက်၌။ ဗုဒ္ဓေါ၊ ဂေါတမ ဘုရားသည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ဗျာကာသိ၊ မူ၏။

ပဓာနံ၊ ကို။ ပဒဟိတွာန၊ ၍ ။လ။ ဣမံ-ဣမဿ၊ ၏။ သမ္မုခါ၊ ၌။ ဟေဿာမ၊ ကုန်၏။ ဣတိ၊ သို့။ ပတ္ထေန္တိ၊ တောင့်တကုန်၏။

တဿာပိ၊ ထိုဘုရား၏လည်း။ ဝစနံ၊ ဗျာဒိတ်စကားကို။ သုတွာ၊ ၍။ ဘိယျော၊ လွန်စွာ။ စိတ္တံ၊ သည်။ ပသာဒယိံ၊ ပြီ။ ဒသပါရမိပူရိယာ၊ ပါရမီဆယ်ပါး ပြည့်စေခြင်းငှာ။ ဥတ္တရိံ၊ အလွန်။ ဝတံ၊ ဝီရိယကို။ အဓိဋ္ဌာသိံ၊ ပြီ။

---

## သိဒ္ဓတ္ထ မြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုသိဒ္ဓတ် မြတ်စွာဘုရား၏ နေပြည်တော်ကား ဝေဘာရမည်၏။ ဥဒေန မင်းကား ခမည်းတော် ဖြစ်၏။ သုဖဿာ မည်သော မိဖုရားကြီးကား မယ်တော်ဖြစ်၏။ သမ္ဗလနှင့် သုမိတ္တာဤကား အဂ္ဂသာဝက ဖြစ်ကုန်၏။ ရေဝတကား အလုပ်အကျွေးတည်း။ သီဝလာနှင့် သုရာမာ နှစ်ယောက် တို့ကား အဂ္ဂသာဝိကာမ ဖြစ်ကုန်၏။ ပွင့်ရာ ဗောဓိကား မဟာလှေကား ပင်တည်း။ ကိုယ်တော် အရပ်ကား အတောင် ခြောက်ဆယ် မြင့်၏။ အသက်တော်ကား အနှစ် တစ်သိန်းတည်း။ ဘုရားလောင်း မိဖုရားကြီးကား သောမနဿာ မည်၏။ သားတော်ကား အနုပမ မည်၏။ ရွှေထမ်းစင်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

ဝေဘာရံ နာမ နဂရံ၊ ဥဒေနော နာမ ခတ္တိယော။
သုဖဿာ နာမ ဇနိကာ၊ သိဒ္ဓတ္ထဿ မဟေသိနော။

သမ္ဗလော စ သုမိတ္တော စ၊ အဟေသုံ အဂ္ဂသာဝကာ။
ရေဝတော နာမုပဋ္ဌာကော၊ သိဒ္ဓတ္ထဿ မဟေသိနော။

သီဝလာ စ သုရာမာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ ကဏိကာရောတိ ဝုစ္စတိ။

သုပ္ပိယော စ သမုဒ္ဒေါ စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ရမ္မာ စေဝ သုရမ္မာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

သော ဗုဒ္ဓေါ သဋ္ဌိရတနံ၊ အဟောသိ နဘမုဂ္ဂတော။
ကဉ္စနဂ္ဃိယသင်္ကာသော၊ ဒသသဟဿိ ဝိရောစတိ။

သောပိ ဗုဒ္ဓေါ အသမသမော၊ အတုလော အပ္ပဋိပုဂ္ဂလော။
ဝဿသတသဟဿာနိ၊ လောကေ အဋ္ဌာသိ စက္ခုမာ။

ဝိပုလံ ပဘံ ဒဿယိတွာ၊ ပုပ္ဖါပေတွာန သာဝကေ။
ဝိလာသေတွာ ဝရသမာပတ္တိယာ၊ နိဗ္ဗုတော သော သသာဝကော—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ မဟောသိနော၊ ပြီးသော။ သိဒ္ဓတ္ထဿ၊ သိဒ္ဓတ္ထဘုရားမြတ်၏။ နဂရံ၊ ပြည်တော်သည်။ ဝေဘာရံ နာမ၊ ဝေဘာရမည်၏။ ခတ္တိယော၊ မင်းသည်။ ဥဒေနော နာမ၊ ဥဒေနမည်၏။ ဇနိကာ၊ မယ်တော်သည်။ သုဖဿာ နာမ၊ သုဖဿာမည်၏။

သမ္ဗလော စ၊ လည်းကောင်း။ သုမိတ္တော စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ မဟောသိနော၊ မူပြီးသော။ သိဒ္ဓတ္ထဿ၊ ၏။ ဥပဋ္ဌာကော၊ သည်။ ရေဝတော နာမ၊ မည်သည်။ ဟောတိ၊ ၏။

သီဝလာ စ၊ လည်းကောင်း။ သုရာမာ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝိကာ၊ မတို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿ ဘဂဝတော၊ ၏။ ဗောဓိ၊ ကို။ ကဏိကာရောတိ၊ မဟာလှေကားဟူ၍။ ဝုစ္စတိ၊ ၏။

သုပ္ပိယော စ၊ သုပ္ပိယဥပါသကာလည်းကောင်း။ သမုဒ္ဒေါ စ၊ သမုဒ္ဒဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ရမ္မာ စေဝ၊ ရမ္မာလည်းကောင်း၊ သုရမ္မာ စ၊ သုရမ္မာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

သော ဗုဒ္ဓေါ၊ ထိုသိဒ္ဓတ္ထ ဘုရားသခင်သည်။ သဋ္ဌိရတနံ၊ အတောင်ခြောက်ဆယ်။ နဘံ၊ ကောင်းကင်သို့။ ဥဂ္ဂတော၊ တက်သည်။ အဟောသိ၊ ပြီ။ ဒသသဟဿိ၊ တစ်သောင်းသော လောကဓာတ်၌။ ကဥ္စနဂ္ဃိယ-သင်္ကာသော၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေတိုင်ကဲ့သို့။ ဝိရောစတိ၊ တင့်တယ်တော်မူ၏။

အသမသမော၊ ရှေးဘုရားတို့နှင့်သာ တူတော်မူထသော။ အတုလော၊ အတုလည်းမရှိထသော။ အပ္ပဋိပုဂ္ဂလော၊ တုဖက်ကင်းသောပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူထသော။ စက္ခုမာ၊ ငါးပါးသော စက္ခုရှိထသော။ သောပိ ဗုဒ္ဓေါ၊ သည်လည်း။ ဝဿသတသဟဿာနိ၊ အနှစ်တစ်သိန်းပတ်လုံး။ လောကေ၊ ၌။ အဋ္ဌာသိ၊ မူပြီ။

ဝိပုလ်-ဥဠာရ၊ များမြတ်စွာသော။ ပဘာ-သြဘာသ၊ အရောင်တော်ကို။ ဒဿယိတွာ၊ ပြတော်မူ၍။ သာဝကေ၊ တပည့်တို့ကို။ ပုပ္ဖါပေတွာန၊ ဈာန် အဘိညာဉ် မဂ် ဖိုလ် သမာပတ် ပန်းဘို့ဖြင့် ပွင့်စေဦး၍။ ဝရသမာပတ္တိယာ၊ မြတ်သော လောကီလောကုတ္တရာ သမာပတ်ဖြင့်။ ဝိလာသေတွာ-ကီဠိတွာ၊ မွေ့းထူးစံပယ်စေဦး၍။ သသာဝကော၊ တပည့်တော်တို့နှင့် တကွသော။ သော ဘဂဝါ၊ သည်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုတော်မူပြီ။

ဤတွင်ရွှေ့ကား ဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၌ တစ်ဆယ့်ခြောက်ခုတို့၏

ပြည့်ကြောင်းဖြစ်သော သိဒ္ဓတ္ထဘုရား

အကြောင်းကား ပြီး၏။

# ၁၉-တိဿ ဗုဒ္ဓဝံသ

## တိဿဘုရားအကြောင်းကို ပြခြင်း

သိဒ္ဓတ္ထအမည်တော်ရှိသော မြတ်စွာဘုရား နောက်အဖို့၌ တစ်ခုသော ကမ္ဘာကား ဘုရားဆိတ်သော ဘုရားမပွင့်သော သုညကမ္ဘာ ဖြစ်၏။ ဤဘဒ္ဒကပ်ကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿဘုရားနှင့် ဖုဿဘုရား နှစ်ဆူတို့သည် တစ်ခုသောကပ်၌ ပွင့်တော်မူကြကုန်၏။ ထိုနှစ်ဆူတို့တွင် ယောကျ်ားမြတ်ဖြစ်သော တိဿဘုရား အလောင်းတော်သည် ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်ပြီးလျှင် ထိုတုသိတာ နတ်ပြည်မှ စုတေခဲ့၍ ခေမကမည်သော မြို့တော်ကြီး၌ ဇနသန္ဓမည်သော မင်း၏ ကြာပဒုမ္မာ ပွင့်ညှာအပြင်နှင့် တူသော မျက်နှာရှိသောကြောင့် ပဒုမာဒေဝီမည်သော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏။

ဆယ်လစေ့သဖြင့် အနောမ ဥယျာဉ်၌ ဖွားမြင်၍ အနှစ် နှစ်ထောင် ပတ်လုံး ဂုဟာသေလ, နာရိသ, နိသဘ မည်သော ပြာသာဒ်သုံးဆောင်တို့၌ သုဘဒ္ဒါဒေဝီအမှူးရှိသော သုံးသောင်းသုံးထောင်သော မောင်းမတို့ ခြံရံအပ်သည်ဖြစ်၍ လူ့ဘောင်၌ စံစားနေစဉ် သုဘဒ္ဒါ မိဖုရား၌ အာနန္ဒ သတို့သားကို ဖွားမြင်တော်မူသောအခါ နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ သောနုတ္တရမြင်းကို စီးလျက် တောထွက်၍ ရဟန်းပြုတော်မူ၏။

ထိုအခါ ဘုရားလောင်းနောက်မှ တစ်ကုဋေသော လူတို့သည်လည်း အတုလိုက်၍ ရဟန်းပြုကုန်သော် ထိုရဟန်းတို့ဖြင့် ခြံရံလျက် ရှစ်လတို့ ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ ဝီရနိဂုံးနေ သေဋ္ဌေးသမီးလှူအပ်သော နို့ဃနာကို ဘုဥ်းပေးတော်မူ၍ ထင်ရှူးတော၌ နေ့သန့်ခြင်းကို လွန်စေလျက် ညချမ်းသောအခါ ဝိဇိတသင်္ဂါမကမည်သော မုယောခင်းစောင့်သမားသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ပိတောက်ပင်ဗောဓိသို့ ကပ်၍ အတောင်လေးဆယ် အပြန့်ကျယ်သော မြက်အခင်းကို ခင်းလျက် ထိုမြက်အခင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူသောအခါ မာရ်စစ်သည်ဗိုလ်ပါကို ဖျက်ဆီး၍ သဗ္ဗညုတဉာဏ်သို့ ရောက်လျှင် "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

## တိဿမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ဗောဓိပင် အနီး၌ သတ္တသတ္တာဟကာလကို လွန်စေပြီးမှ ဟံသဝတီမြို့၌ ဖြဟ္မဒေဝနှင့် ဥဒယမင်းသားနှစ်ယောက်တို့ အခြံအရံနှင့်တကွ ဥပနိဿယ ပြည့်စုံသည်ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွလာရာ ဟံသဝတီ မြို့၌ သက်၍ ဥယျာဉ်စောင့်အား မင်းသားတို့ကို ခေါ်စေ၍ အခြံအရံနှင့် တကွ ထိုသူတို့အား ဓမ္မစကြာ ဒေသနာကို ဟောတော်မူ၏။ ထိုအခါ ကုဋေတစ်ရာသော သူတို့ ရှေးဦးစွာ သစ္စာလေးပါး တရားကို သိကုန်၏။ ထို့ကြောင့်—

သိဒ္ဓတ္ထဿ အပရေန၊ အသမော အပ္ပဋိပုဂ္ဂလော။
အနန္တသီလော[၁] အမိတယသော၊ တိဿော လောကဂ္ဂနာယကော။

တမန္ဓကာရံ ဝိဓမိတွာ၊ ဩဘာသေတွာ သဒေဝကံ။
အနုကမ္ပကော မဟာဝီရော၊ လောကေ ဥပ္ပဇ္ဇိ စက္ခုမာ။

တဿာပိ အတုလာ ဣဒ္ဓိ၊ အတုလံ သီလံ သမာဓိ စ။
သဗ္ဗတ္ထ ပါရမိံ ဂန္တွာ၊ ဓမ္မစက္ကံ ပဝတ္တယိ။

သော ဗုဒ္ဓေါ ဒသသဟဿိမှိ၊ ဝိညာပေသိ ဂိရံ သုစိံ။
ကောဋိသတာနိ အဘိသမိံသု၊ ပဌမေ ဓမ္မဒေသနေ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ သိဒ္ဓတ္ထဿ၊ သိဒ္ဓတ္ထဘုရား၏။ အပရေန၊ နောက်ကာလ၌။ အသမော၊ အတုမရှိထသော။ အပ္ပဋိပုဂ္ဂလော၊ တုဖက်ကင်းသော ပုဂ္ဂိုလ် ဖြစ်တော်မူထသော။ အနန္တသီလော၊ အဆုံးမရှိသော သီလလည်း ရှိတော်မူထသော။ အမိတယသော၊ မနှိုင်းရှည့်အပ် မြတ်သော ကျော်စော ခြင်းလည်း ရှိတော်မူထသော။ လောကဂ္ဂနာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်ထသော။ သဒေဝကံ၊ နတ်နှင့်တကွသော။ လူအပေါင်းကို။ အနုကမ္ပကော၊ သနားတော်မူတတ်ထသော။ မဟာဝီရော၊ ကြီးသော လုံ့လရှိတော်မူထသော။ စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်

---

၁။ အနန္တတေဇော-ဟူ၍ ပါဌ်အချို့ရှိ၏။

မူထသော။ တိဿော၊ တိဿဘုရားမြတ်သည်။ တန္တမကာရံ၊ အဝိဇ္ဇာတည်း ဟူသော အမှိုက်ကို။ ဝိဓမိတွာ၊ ဖျက်ဆီး၍။ လောကေ၊ လောကသုံးပါး၌။ ဩဘာသေတွာ၊ ထွန်းတောက်ပ၍။ ဥပ္ပဇ္ဇိ၊ ဖြစ်တော်မူပြီ။

တဿာပိ၊ ထိုဘုရားသခင်၏လည်း။ ဣဒ္ဓိ၊ တန်ခိုးတော်သည်။ အတုလာ၊ အတုမရှိ။ သီလံ၊ သီလတော်သည်။ အတုလံ၊ အတုမရှိ။ သမာဓိ စ၊ သမာဓိ တော်သည်လည်း။ အတုလော၊ အတုမရှိ။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောတရားတို့၌။ ပါရမိံ၊ ကမ်းတစ်ဖက်သို့။ ဂန္တွာ၊ ရောက်၍။ ဓမ္မစက္ကံ၊ ဓမ္မစကြာကို။ ပဝတ္တယိ၊ ဟောတော်မူပြီ။

သော ဗုဒ္ဓေါ၊ ထိုဘုရားသည်။ ဒသသဟဿိမှိ၊ တစ်သောင်းသောလောက ဓာတ်၌။ သုစိံ၊ စင်ကြယ်စွာသော။ ဂိရံ၊ အသံတော်ကို။ ဝိညာပေသိ၊ သိစေတော်မူပြီ။ ပဌမေ၊ ရှေးဦးစွာသော။ ဓမ္မဒေသနေ၊ တရားဟောရာ၌။ ကောဋိသတာနိ၊ ကုဋေတစ်ရာတို့သည်။ အဘိသမိံသု၊ သိကုန်ပြီ။

ထိုရှေးဦးစွာ တရားသိပြီးသော နောက်ကာလ၌ တိဿဘုရားမြတ်နှင့် အတူတကွ ရဟန်းပြုကုန်သော တစ်ကုဋေသော ရဟန်းတို့ကား ယောကျ်ား မြတ်နှင့် ပေါင်းသင်းနေခြင်းကို စွန့်ခွါ၍ ဗောဓိ၏ အနီးသို့ ကပ်သောအခါ ဘုရားလောင်းကို ကြဉ်ဖဲ၍ သွားကုန်၏။ ထိုတစ်ကုဋေသော ရဟန်းတို့သည် တိဿ ဘုရားမြတ်ကား ဓမ္မစကြာကို ဟောသည်ဟု ကြား၍ ယသဝတီ မိဂဒါဝုန်သို့ လာပြီးမှ ဘုရားမြတ်ကို ရှိသေစွာ ရှိခိုး၍ ခြံရံကာ နေကုန်၏။ ထိုရဟန်းတို့အား တရားဟောတော်မူ၏။ ထိုအခါ၌ ကုဋေကိုးဆယ်သော သူတို့ နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိခြင်းတည်း။

တဖန်လည်း မင်္ဂလာအစည်းအဝေး၌ မင်္ဂလာတရားတော်ကို ဟောကြား တော်မူပြီးသောအဆုံး ကုဋေ ခြောက်ဆယ်သော သူတို့ သုံးကြိမ်မြောက် သစ္စာလေးပါး တရားကို သိကုန်၏။ ထို့ကြောင့်—

ဒုတိယော နဝုတိကောဋီနံ၊ တတိယော သဋ္ဌိကောဋိနံ။
ဗန္ဓနာတော ပမောစေသိ၊ သမ္ပတ္တေ[၁] နရမရူ တဒါ—

ဟူ၍ ဟောတော်မူပြီ။

---

၁။ သတ္တေ-ဟူ၍လည်း အချို့ မူရှိ၏။

ယဒါ၊ အကြင်အခါ၌။ သမ္ပတ္တေ၊ ရောက်လာကုန်သော။ နရမရူ၊ လူနတ်တို့ကို။ ဗန္ဓနာသော၊ သံယောဇဉ်တည်းဟူသော အနှောင်အဖွဲ့မှ။ ပမောစေသိ၊ လွှတ်စေပြီ။ တဒါ၊ ၌။ နဝုတိကောဋီနံ၊ ကုဋေကိုးဆယ်သော သူတို့အား။ ဒုတိယော၊ နှစ်ကြိမ်မြောက်သော၊ အဘိသမယော၊ သစ္စာလေးပါး တရားကို သိစေခြင်းသည်။ အဟောသိ၊ ဖြစ်ပြီ။ သဋ္ဌိကောဋီနံ၊ ကုဋေခြောက်ဆယ်ကုန်သော သူတို့အား။ တတိယော၊ သုံးကြိမ်မြောက်သော။ အဘိသမယော၊ သည်။ အဟောသိ၊ ပြီ။

---

### တိဿ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ထိုတိဿ မြတ်စွာဘုရားသည် ယသဝတီမြို့၌ ဝါဆိုတော်မူစဉ် ဝါတွင်းကာလ၌ ရဟန်းပြုကြကုန်သော ရဟန္တာ အရှင်မြတ်တို့ကား တစ်သိန်း အရေအတွက် ရှိကုန်၏။ ထိုတစ်သိန်းသော ရဟန္တာတို့ဖြင့် ခြံရံလျက် ပဝါရဏာ ပြုတော်မူပြီ။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော အစည်းအဝေးတည်း။

မိဘနှစ်ပါးစုံမှ ကောင်းစွာ ဖွားမြင်ခြင်းကြောင့် သုဇာတမည်သော မင်းကြီး၏ နာရိဝါဟနသတို့သားသည် တိဿမြတ်စွာဘုရား နာရိဝါဟနမြို့သို့ ရောက်လာသည်ရှိသော် အခြံအရံနှင့်တကွ ခရီးဦး ကြိုဆို၍ ရဟန်းသံဃာနှင့် တကွသော ဘုရားမြတ်ကို ပင့်ဖိတ်လျက် ခုနစ်ရက်လုံး ဒေသဒိသ အလှူကြီးကို ပေး၍ မိမိ၏ ထီးနန်းစည်းစိမ်ကို သားတော်အား အပ်နှင်းပြီးမှ အခြံအရံနှင့်တကွ တိဿမြတ်စွာဘုရားအထံ၌ ဟေဘိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြု၏။

ထိုနာရိဝါဟန သတို့သား၏ ရဟန်းအဖြစ်ကား အလုံးစုံသော အရပ်မျက်နှာတို့၌ ထင်ရှား၏။ ထို့ကြောင့် အရပ်ရပ်မှ လာလတ်၍ လူအပေါင်းတို့သည် နာရိဝါဟန မင်းသားနောက်သို့ အတုလိုက်၍ ရဟန်းပြုကုန်ပြီ။ ထိုအခါ တိဿမြတ်စွာဘုရားသည် ကိုးသန်းကုန်သော ရဟန်းတို့ အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးကား နှစ်ကြိမ်မြောက်သော အစည်းအဝေးတည်း။

တိဿ မြတ်စွာဘုရားသည် ခေမဝတီမြို့ ဆွေတော် မျိုးတော်တို့အစည်းအဝေး၌ ဗုဒ္ဓဝင်တရားတော်ကြီးကို ဟောကြားတော်မူရာ ကြားနာရသော ရှစ်သန်းကုန်သော သူတို့သည် ဘုရားအထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်လျှင် ထိုရှစ်သန်းကုန်သော ရဟန်းတို့ဖြင့် ခြံရံလျက် ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးကား သုံးကြိမ်မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

> သန္နိပါတာ တယော အာသုံ၊ တိဿော လောကနာယကော။
> ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။
>
> ခီဏာသဝသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။
> နဝုတိသတသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။
>
> အသီတိသတသဟဿာနံ၊ တတိယော အာသိ သမာဂမော။
> ခီဏာသဝါနံ ဝိမလာနံ၊ ပုပ္ဖိတာနံ ဝိမုတ္တိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ လောကနာယကော၊ မူတတ်သော။ တိဿော၊ တိဿ အမည်တော်ရှိသော ဘုရားသခင်၌။ တာဒိနံ၊ မူကုန်ထသော။ သန္တစိတ္တာနံ၊ မူကုန်ထသော။ ဝိမလာနံ၊ မူကုန်ထသော။ ခီဏာသဝါနံ၊ တို့၏။ တယော၊ ကုန်သော။ သန္နိပါတာ၊ တို့သည်။ အာသုံ၊ ကုန်ပြီ။

ခီဏာသဝသတသဟဿာနံ၊ ရဟန္တာတစ်သိန်းတို့၏။ ပဌမော၊ သော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ပြီ။ နဝုတိသတသဟဿာနံ၊ ကိုးသန်းကုန်သော ရဟန္တာတို့၏။ ဒုတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

ဝိမုတ္တိယာ၊ ကိလေသာမှ လွတ်သဖြင့်။ ပုပ္ဖိတာနံ၊ ဈာန်သမာပတ် မဂ်ဖိုလ်တို့ဖြင့် တင့်တယ်စွာ ပွင့်ကုန်ထသော။ ဝိမလာနံ၊ ကိလေသာတည်းဟူသော အညစ်အကြေးလည်း ကင်းစင်တော်မူကုန်ပြီးထသော။ အသီတိသတသဟဿာနံ၊ ရှစ်သန်းအတိုင်းအရှည် ရှိကုန်ထသော။ ခီဏာသဝါနံ၊ တို့၏။ တတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

---

## ငါတို့ဘုရားလောင်း သုဇာတရသေ့ ဖြစ်စဉ် တိဿမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းသည် ယသဝတီမြို့၌ သုဇာတမည်သောမင်း ဖြစ်၍ ပြည့်စုံဝပြောသော ဇနပုဒ်ကိုလည်းကောင်း, ကုဋေမက များပြား လှစွာ ဥစ္စာသည်းစိမ်တို့ကိုလည်းကောင်း, အခါခပ်သိမ်း နှစ်သက်ခြင်းဖြင့် ကပ်လေ့ရှိသော လူအပေါင်းကိုလည်းကောင်း, မြက်ကျူကဲ့သို့ စွန့်လွှတ် တော်မူ၍ ပဗ္ဗဇ္ဇသန္တေနေခြင်း အစရှိသဖြင့် ထိတ်လန့်သော စိတ်ရှိရကား တောထွက်၍ ရသေ့ရဟန်း အဖြစ်သို့ ရောက်လျှင် တန်ခိုးအာနုဘော်ကြီး၍ လောက၌ ဘုရားပွင့်ပြီဟု ကြားလျှင် ငါးပါးအတိုင်းအရှည်ရှိသောပီတိတို့ဖြင့် တွေ့ထိရကား တိဿမြတ်စွာဘုရားသို့ ကပ်၍ "ငါသည် ယခုထင်ရှားပန်း ပင်လယ်ကသစ်ပန်း အစရှိသော နတ်ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်အံ့"ဟု ကြံ၏။

ထိုအခါ သုဇာတရသေ့သည် ဤသို့ ကြံပြီး၍ တန်ခိုးဖြင့် နတ်ပြည်သို့ သွားပြီးမှ စိတ္တလတာ ဥယျာဉ်သို့ ဝင်၍ ကြာပဒုမ္မာ ပင်လယ်ကသစ် ထင်ရှားပန်း အစရှိသော နတ်ပန်းတို့ဖြင့် ရတနာခုနစ်ပါးဖြင့် ပြီးသော ပန်းတောင်းကို ပြုလျက် နတ်ပန်းတို့ကို ပြည့်စေလျက် တစ်ဂါဝုတ်မျှ ပမာဏ ရှိသောအရပ်၌ ကောင်းကင်မှ နေ၍ မြတ်စွာဘုရားအား ပူဇော်၏။ ပတ္တမြား အရိုး, ရွှေဖြင့် ပြီးသော အချက်, ကြာပဒုမ္မာဖြင့် တပ်အပ်သော ပတ္တမြားဖြင့် ပြီးသော ရွက်ချပ်, ကောင်းသော အနံ့ရှိသော ဝတ်ဆံရှိသော ကြာပဒုမ္မာ ထီးကိုလည်း မြတ်စွာဘုရားဦးခေါင်းထက်၌ ဆောင်းလျက် လေးပါးသော ပရိသတ်တို့အလယ်၌ ရပ်၏။ ထိုအခါ မြတ်စွာဘုရားသည် သုဇာတရသေ့ကို "ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဂေါတမ မည်သော ဘုရား ဖြစ်သတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

> အဟံ တေန သမယေန၊ သုဇာတော နာမ ခတ္တိယော။
> မဟာဘောဂံ ဆဍ္ဍယိတွာ၊ ပဗ္ဗဇိံ ဣသိပဗ္ဗဇံ။
>
> မယိ ပဗ္ဗဇိတေ သန္တေ၊ ဥပ္ပဇ္ဇိ လောကနာယကော။
> ဗုဒ္ဓေါတိ သဒ္ဒံ သုတွာန၊ ပီတိ မေ ဥပပဇ္ဇထ။

ဒိဗ္ဗံ မန္ဒာရဝံ ပုပ္ဖံ၊ ပဒုမံ ပါရိဆတ္တကံ။
ဥဘော ဟတ္ထေဟိ ပဂ္ဂယှ၊ ဓုနမာနော ဥပါဂမိံ။

စာတုဝဏ္ဏပရိဝုတံ၊ တိဿံ လောကဂ္ဂနာယကံ။
တမဟံ ပုပ္ဖံ ဂဟေတွာ၊ မတ္ထကေ ဓာရယိံ ဇိနံ။

သောပိ မံ တဒါ ဗျာကာသိ၊ ဇနမဇ္ဈေ နိသီဒိယ။
ဒွေနဝုတေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ အဟံ၊ သည်။ တေန သမယေန၊ ထိုတိဿဘုရားသခင် ပွင့်တော်မူသောအခါ၌။ ယသဝတီနဂရေ၊ ယသဝတီပြည်၌။ သုဇာတော နာမ၊ သုဇာတမည်သော။ ခတ္တိယော၊ မင်းသည်။ ဟုတွာ၊ ၍။ မဟာဘောဂံ၊ ကြီးမြတ်လှစွာသော စည်းစိမ်ကို။ ဆဍ္ဍယိတွာ၊ စွန့်တော်မူဦး၍။ ဣသိပဗ္ဗဇ္ဇံ၊ ရသေ့ရဟန်းအဖြစ်ကို။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။

မယိ၊ ငါသည်။ ပဗ္ဗဇိတေ၊ ရဟန်းပြုသည်။ သန္တေ၊ ဖြစ်သည် ရှိသော်။ လောကနာယကော၊ လူတို့၏ ခရီးညွှန်ဖြစ်သော။ ဗုဒ္ဓေါ၊ တိဿဘုရားသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပြီ။ ဣတိ၊ သို့။ သဒ္ဒံ၊ ဘုရားဖြစ်ပြီဟူသောအသံကို။ သုတွာန၊ ၍။ မေ မမ၊ ငါ့အား။ ပီတိ၊ နှစ်သက်ခြင်းသည်။ ဥပပဇ္ဇထ၊ ဖြစ်ပြီ။

အဟံ၊ သည်။ သဂ္ဂလောကံ၊ နတ်ပြည်သို့။ ဂန္တွာ၊ ၍။ ဒိဗ္ဗံ၊ နတ်ပြည်၌ ဖြစ်သော။ မန္ဒာရဝံ ပုပ္ဖံ၊ ထင်ရှားပန်းကိုလည်းကောင်း။ ပဒုမံ၊ ပဒုမ္မာ ပွင့်ကိုလည်းကောင်း။ ပါရိဆတ္တကံ၊ ပင်လယ်ကသစ်ပွင့်ကိုလည်းကောင်း။ ဂဟေတွာ၊ ယူခဲ့၍။ ဥဘော ဟတ္ထေဟိ၊ လက်နှစ်ဘက်တို့ဖြင့်။ ဂါဝုတပမာဏံ၊ ဂါဝုတ်အတိုင်းအရှည် ရှိသော။ ရတနမယစင်္ကောဋကံ၊ ရတနာဖြင့် ပြီးသော ပန်းထောင်းကို။ ပဂ္ဂယှ၊ ချီ၍။ ဝါကစီရာနိ၊ လျှော်စေသက်န်းတို့ကို။ ဓုနမာနော၊ ခါတွက်၍။ ဥပါဂမိံ၊ ကပ်ပြီ။

စာတုဝဏ္ဏပရိဝုတံ၊ ပရိသတ်လေးပါးဖြင့် ခြံရံအပ်သော။ လောကဂ္ဂနာယကံ၊ လူတို့၏မြတ်သော ခရီးညွှန်ဖြစ်သော။ တိဿံ၊ တိဿဘုရားကို။ အဟံ၊ သည်။ တံ ပုပ္ဖံ၊ ကို။ ဂဟေတွာ၊ ၍။ ဇိန်-ဇိနဿ၊ မြတ်စွာဘုရား၏။ မတ္ထကေ-သိရသ္မိံ၊ ဦးခေါင်းတော်အထက်၌။ ဓာရယိံ၊ ဆောင်ပြီ။

တဒါ၊ ၌။ သောပိ ဘဂဝါ၊ သည်လည်း။ မံ၊ ငါကို။ ဇနမဇ္ဈေ၊ လူတို့အလယ်၌။ နိသီဒိယ၊ နေတော်မူ၍။ အယံ၊ ဤသုဇာတရသေ့သည်။ ဣတော၊ မှ။ ဒွေနဝုတေ ကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာအထက်၌။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ဗျာကာသိ၊ ပြီ။

ပဓာနံ၊ ကို။ ပဒဟိတွာန၊ ၍ ။လ။ ဣမံ-ဣမဿ၊ ၏။ သမ္မုခါ၊ ၌။ ဟေဿာမ၊ ကုန်၏။ ဣတိ၊ သို့။ ပတ္ထေန္တိ၊ ကုန်၏။ ။

တဿပိ၊ ၏လည်း။ ဝစနံ၊ ကို။ သုတွာ၊ ၍။ ဘိယျော၊ စွာ။ စိတ္တံ၊ စိတ်ကို။ ပသာဒယိံ၊ ကြည်လင်စေပြီ။ ဒသပါရမိပူရိယာ၊ ပါရမီဆယ်ပါး ပြည့်စေခြင်းငှာ။ ဥတ္တရိံ၊ အလွန်။ ဝတံ၊ ဝီရိယကို။ အဓိဋ္ဌာသိံ၊ ပြီ။

---

## တိဿမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုတိဿ မြတ်စွာဘုရား၏ နေပြည်တော်ကား ခေမ မည်၏။ ဇနသန္ဓ မည်သော မင်းကား ခမည်းတော်တည်း။ မယ်တော်ကား ပဒုမာ မည်၏။ ဗြဟ္မဒေဝနှင့် ဥဒယ နှစ်ယောက်တို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ အလုပ်အကျွေးကား သမင်္ဂတည်း။ ဖုဿာနှင့် သုဒတ္တာ နှစ်ယောက်တို့ကား အဂ္ဂသာဝိကာမ ဖြစ်ကုန်၏။ ပွင့်ရာ ဗောဓိကား ပိတောက်ပင်တည်း။ အရပ်တော်ကား အတောင် ခြောက်ဆယ် မြင့်၏။ အသက်တော်ကား အနှစ်တစ်သိန်းတည်း။ ဘုရားလောင်း မိဖုရားကြီးကား သုဘဒ္ဒါတည်း။ သားတော်ကား အာနန္ဒာ မည်၏။ မြင်းယာဉ်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

ခေမကံ နာမ နဂရံ၊ ဇနသန္ဓော နာမ ခတ္တိယော။
ပဒုမာ နာမ ဇနိကာ၊ တိဿဿ စ မဟေသိနော။

ဗြဟ္မဒေဝေါ ဥဒယော စ၊ အဟေ သုံ အဂ္ဂသာဝကာ။
သမင်္ဂေါ နာမုပဋ္ဌာကော၊ တိဿဿ စ မဟေသိနော။
ဖုဿာ စေဝ သုဒတ္တာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ အသနောတိ ပဝုစ္စတိ။
သမ္ဗလော စ သိရိမာ စေဝ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ကိသာဂေါတမီ ဥပသေနာ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။
သောပိ ဗုဒ္ဓေါ သဋ္ဌိရတနော၊ အဟု ဥစ္စတရော ဇိနော။
အနူပမော အသဒိသော၊ ဟိမဝါ ဝိယ ဒိဿတိ။
တဿာပိ အတုလတေဇဿ၊ အာယု အာသိ အနုတ္တရော။
ဝဿသတသဟဿာနိ၊ လောကေ အဋ္ဌာသိ စက္ခုမာ။
ဥတ္တမံ ပဝရံ သေဋ္ဌံ၊ အနုဘောတွာ မဟာယသံ။
ဇလိတွာ အဂ္ဂိက္ခန္ဓောဝ၊ နိဗ္ဗုတော သော သသာဝကော။
ဝလာဟကောဝ အနိလေန၊ သူရိယေန ဝိယ ဥဿဝေါ။
အန္ဓကာရောဝ ပဒီပေန၊ နိဗ္ဗုတော သော သသာဝကော—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တာ၊ ရှာ။ မဟေသိနော၊ သီလစသော ကျေးဇူးအပေါင်းကို ရှာမှီးတော်မူပြီးသော။ တိဿဿ၊ တိဿဘုရားမြတ်၏။ နဂရံ၊ သည်။ ခေမကံ နာမ၊ ခေမက အမည်ရှိသည်။ အဟောသိ၊ ပြီ။ ခတ္တိယော၊ သည်။ ဇနသန္ဓော နာမ၊ မည်၏။ ဇနိကာ၊ သည်။ ပဒုမာ၊ မည်၏။

ဗြဟ္မဒေဝေါ စ၊ လည်းကောင်း။ ဥဒယော စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ မဟေသိနော၊ ပြီးသော။ တိဿဿ ဘဂဝတော၊ ၏။ ဥပဋ္ဌာကော၊ သည်။ သမင်္ဂေါ နာမ၊ မည်၏။

ဖုဿာ စေဝ၊ လည်းကောင်း။ သုဒတ္တာ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝိကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿ ဘဂဝတော၊ ၏။ ဗောဓိ၊ ပင်ကို။ အသနောတိ၊ ပိတောက်ဟူ၍။ ပဝုစ္စတိ၊ ၏။

သမ္ဗလော စ၊ သမ္ဗလဥပါသကာလည်းကောင်း။ သိရိမာ စေဝ၊ သိရိမာဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး

ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ကိသာဂေါတမီ၊ ကိသာဂေါတမီ လည်းကောင်း။ ဥပသေနာ၊ ဥပသေနာ လည်းကောင်း၊ အဂ္ဂ-ပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေးမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

သောပိ ဗုဒ္ဓေါ၊ သည်လည်း။ ဥစ္စတရော၊ အလွန်မြင့်တော်မူသည်ဖြစ်၍။ သဋ္ဌိရတနော၊ အတောင်ခြောက်ဆယ်ရှိသည်။ အဟု၊ ဖြစ်ပြီ။ အနူပမော၊ နှိုင်းစရာ ဥပမာမရှိသော။ အသဒိသော၊ အတုမရှိသော။ ဇိနော၊ သည်။ ဟိမဝါ ဝိယ၊ ဟိမဝန္တာတောင်မင်းကဲ့သို့။ ဒိဿတိ၊ ထွန်းပ၏။

အတုလတေဇသာ၊ ရှိတော်မူသော။ တဿာပိ၊ ၏လည်း။ အနုတ္တရော၊ မရှည်လွန်းမတိုလွန်းသော။ ဝါ၊ အသာအလွန်မရှိသော။ အာယု၊ အသက်တော်သည်။ အာသိ၊ ပြီ။ စက္ခုမာ၊ ငါးပါးသော မျက်စိရှိတော်မူသော ဘုရားသည်။ ဝဿသတသဟဿာနိ၊ အနှစ်ဘစ်သိန်းတို့ပတ်လုံး။ လောကေ၊ လောက၌။ အဋ္ဌာသိ၊ တည်တော်မူပြီ။

ဥတ္တမံ၊ ကျော်စောသောသူတို့ထက် အထူးသဖြင့် ကျော်စောတော်မူထသော။ ပဝရံ၊ မြတ်ထသော။ သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်းအပ်ထသော။ မဟာယသံ၊ ကြီးမြတ်သော အခြံအရံ အကျော်အစောကို။ အနုဘောတွာ၊ ခံစားတော်မူ၍။ အဂ္ဂိက္ခန္ဓောဝ၊ မီးပုံကြီးကဲ့သို့။ ဇလိတွာ၊ ထွန်းတောက်ပတော်မူ၍။ သသာဝကော၊ တပည့်သာဝကနှင့် တကွသော။ သော ဘဂဝါ၊ သည်။ နိဗ္ဗုတော၊ ပြီ။

အနိလေန၊ လေကြောင့်။ ဝလာဟကော၊ တိမ်တိုက်သည်။ နိဗ္ဗုတောဝ၊ ပျောက်ပျက်သကဲ့သို့ လည်းကောင်း။ သူရိယေန၊ နေရောင်ကြောက်သော ကြောင့်။ ဥဿဝေါ၊ ဆီးနှင်းပေါက်သည်။ နိဗ္ဗုတော ဝိယ၊ ပျောက်သကဲ့သို့လည်းကောင်း။ ပဒီပေန၊ ဆီမီးရောင်ကြောင့်။ အန္ဓကာရော၊ အမိုက်တိုက်သည်။ နိဗ္ဗုတောဝ၊ ပျောက်ပျက်သကဲ့သို့လည်းကောင်း။ သသာဝကော၊ သော။ သော ဘဂဝါ၊ သည်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူပြီ။

ဤတွင်ရွှေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ တစ်ဆယ့်ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော တိဿမြတ်စွာဘုရား

အကြောင်းကား ပြီး၏။

## ၂၀-ဖုဿ ဗုဒ္ဓဝံသ

### ဖုဿမြတ်စွာဘုရား အကြောင်းကို ပြခြင်း

ထိုတိဿမြတ်စွာဘုရား၏ နောက်အဖို့၌ အစဉ်သဖြင့် အသက်တမ်း ဆုတ်ယုတ်၍ တဖန် အသက်ပွားပြန်လတ်သော် အတိုင်းမသိ မရေတွက်နိုင် အသက်သချေ နေကုန်၍ အစဉ်သဖြင့် ဆုတ်ယုတ်ပြန်သော် အနှစ် ကိုးသောင်းတမ်းသို့ ကျရောက်သောအခါ ထိုတိဿဘုရားပွင့်သောကပ်၌ပင် ဖုဿ အမည်တော်ရှိသော မြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှား ပွင့်တော်မူ၏။

ထိုဖုဿ ဘုရားလောင်းသည်လည်း ပါရမီတို့ကို ဖြည့်၍ တုသိတာ နတ်ပြည်၌ ဖြစ်လျှင် တုသိတာ နတ်ပြည်မှ စုတေခဲ့၍ ကာသိကပြည် ဇယသေန မည်သော မင်း၏ သိရိမာ မည်သော မိဖုရားကြီး ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၍ ဆယ်လစေ့သဖြင့် သိရိမာ ဥယျာဉ်၌ ဖွားမြင်တော်မူသော ဘုရားလောင်းသည် အနှစ် ကိုးထောင်တို့ပတ်လုံး ဂရုဠပက္ခ ပြာသာဒ်, ဟံသပက္ခပြာသာဒ်, သုဝဏ္ဏဘာရပြာသာဒ် ဟူသော သုံးဆောင်သော ပြာသာဒ်တို့၌ ကိသာဂေါတမီ အမှူးရှိသော သုံးသောင်း သော မိန်းမတို့ဖြင့် ခြံရံလျက် စံနေတော်မူ၏။

ထိုဖုဿဘုရားလောင်းသည် ကိသာဂေါတမီ မိဖုရားကြီး၌ အနုပမ မည်သော သားတော်ကို ဖွားမြင်လတ်သော် နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ တန်ဆာဆင်အပ်သော ဆင်ကျော်ကုံးထက် စီးလျက် တောထွက်တော်မူသောအခါ တစ်ကုဋေသော လူတို့လည်း အတူလိုက်၍ ရဟန်းပြုကုန်သော် ထိုရဟန်းတို့ ခြံရံအပ်သည်ဖြစ်၍ ခြောက်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူလျက် ရဟန်းအပေါင်းကို စွန့်ခဲ့၍ ခုနစ်ရက် တစ်ယောက်ထီးတည်း နေသော အကျင့်ကို ပွားများ၍ နေပြီးမှ ကဆုန် လပြည့်နေ့ အမှတ်မမြင် မထင်မရှား တစ်ခုသောမြို့၌ သိရိဝစ္ဆ မည်သော သတို့သမီးသည် လှူအပ်သော နို့ဃနာကို ဘုဉ်းပေးတော်မူ၍ ယင်းတိုက် တော၌ နေ့သန့်ခြင်းကို လွန်စေပြီးမှ ညချမ်းသောအခါ သိရိဝစ္ဆမည်သော ရသေ့သည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ သျှိသျှားဗောဓိသို့

ကပ်လျက် တစ်ဆယ့်ရှစ်တောင်ကျယ်သော မြက်အခင်း၌ နေတော်မူစဉ် မာရ်နတ်နှင့်တကွသော စစ်သည်ဗိုလ်ပါကို ဖျက်ဆီး၍ သဗ္ဗညုတဉာဏ်သို့ ရောက်လျှင် "အနေကဇာတိသံသာရံ ။လ၊ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## ဖုဿမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ဖုဿ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ကို ရတော်မူလျှင် ဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေပြီးမှ ကိုယ်တော်နှင့်အတူတကွ ရဟန်းပြုကြကုန်သော တစ်ကုဋေသော ရဟန်းတို့သည် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိနိုင်ကြမည်ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ သင်္ကဿမြို့ မိဂဒါဝုန်တော၌ သက်တော်မူလျက် ထိုရဟန်းတို့ အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူ၏။ ထိုအခါ ကုဋေတစ်သိန်းသော သူတို့ ရှေးဦးစွာ သစ္စာလေးပါးကို သိကြကုန်၏။ ထို့ကြောင့်—

တတ္ထေဝ မဏ္ဍကပ္ပမှိ၊ အဟု သတ္ထာ အနုတ္တရော။
အနူပမော အသမသမော၊ ဖုဿော လောကဂ္ဂနာယကော။

သောပိ သဗ္ဗံ တမံ ဟန္တွာ၊ ဝိဇဋေတွာ မဟာဇဋံ။
သဒေဝကံ တပ္ပယန္တော၊ အဘိဝဿိ မတမ္ဗုနာ။

ဓမ္မစက္ကံ ပဝတ္တေန္တေ၊ ဖုဿေ နက္ခတ္တမင်္ဂလေ။
ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ တတ္ထေဝ မဏ္ဍကပ္ပမှိ၊ ထိုမဏ္ဍကပ်၌လျှင်။ အနုတ္တရော၊ အတုမရှိသော။ အနူပမော၊ ဥပမာမရှိသော။ အသမသမော၊ ရှေးဘုရားတို့နှင့်သာတူတော်မူသော။ လောကဂ္ဂနာယကော၊ လူတို့၏ မြတ်သော ခရီးညွှန်ဖြစ်တော်မူသော။ ဖုဿော၊ ဖုဿအမည်ရှိသော။ သတ္ထာ၊ ဘုရားမြတ်သည်။ အဟု၊ ဖြစ်ပြီ။

သောပိ ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်လည်း။ သဗ္ဗံ၊ သော။ တမံ၊ အမိုက်ကို။ ဟန္တွာ၊ ဖျောက်၍။ မဟာဇဋံ၊ ကြီးစွာသော တဏှာကို။ ဝိဇဋေတွာ၊ ခွါ၍။ သဒေဝကံ၊ နတ်နှင့် တကွသော။ လောကံ၊ ကို။ အမတမ္ဗုနာ၊ အမြိုက်တရားတည်းဟူသော ရေဖြင့်။ တပ္ပယန္တော၊ နှစ်သက် ရောင့်ရဲစေလျက်။ အဘိဝဿိ-ပဝဿိ၊ ရွာတော်မူပြီ။

သက်ဿနဂရေ၊ သက်ဿနဂိုရ်ပြည်၌။ ဖုဿော၊ ဖုဿ ဘုရားသည်။ နက္ခတ္တမင်္ဂလေ၊ နက္ခတ်မင်္ဂလာ၌။ ဓမ္မစက္ကံ၊ ဓမ္မစကြာကို။ ပဝတ္တေန္တေ၊ ဟောတော်မူသည် ရှိသော်။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းသော သူတို့၏။ ပဌမာဘိသမယော၊ ရှေးဦးစွာ တရားကု သိစေခြင်းသည်။ အဟု၊ ဖြစ်ပြီ။

အကြင်အခါ ဗာရာဏသီမြို့၌ သိရိဝဍ္ဍမည်သော မင်းသည် ကြီးစွာသော ဥစ္စာစည်းစိမ်အစုကို စွန့်၍ ရသေ့ရဟန်းပြုသည် ရှိသော် ကိုးသန်းသော သူတို့သည်လည်း ရသေ့ရဟန်း ပြုကြကုန်၏။ ထိုရသေ့တို့အား မြတ်စွာဘုရား တရားဟောတော်မူသောအခါ ကိုးသန်းသော သူတို့ နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိကုန်၏။

အကြင်အခါ မြတ်စွာဘုရားသည် သားတော် အနုပမမင်းသားအား တရားဟောတော်မူ၏။ ထိုအခါ ရှစ်သန်းသောသူတို့ သစ္စာလေးပါးတရားကို သိကုန်၏။ ထို့ကြောင့်—

နဝုတိသတသဟဿာနံ၊ ဒုတိယာဘိသမယော အဟု။
အသီတိသတသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

နဝုတိသတသဟဿာနံ၊ ကိုးသန်းကုန်သော လူတို့၏။ ဒုတိယာဘိ-သမယော၊ သည်။ အဟု၊ ဖြစ်ပြီ။ အသီတိသတသဟဿာနံ၊ ရှစ်သန်း ကုန်သော လူတို့၏။ တတိယာဘိသမယော၊ သည်။ အဟု၊ ပြီ။

---

## ဖုဿမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

အခါတပါး ကဏ္ဏကုဇ္ဇပြည်၌ သုရက္ခိတ မင်းသားနှင့် ပုရောဟိတ် ပုဏ္ဏားသား ဖြစ်သော ဓမ္မသေန သတို့သားတို့သည် ဖုဿမြတ်စွာဘုရား မိမိပြည်သို့ ကြွလာသည်ရှိသော် ခြောက်သန်းသော ယောကျ်ားတို့နှင့် တကွ ခရီးဦး ကြိုဆို၍ ရှိခိုးပင့်ဖိတ်လျက် ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေး၍ မြတ်စွာဘုရားတရားစကားကို နာရလျှင် မြတ်စွာဘုရား၌ ကြည်ညို၍ အခြံအရံနှင့်တကွ ထိုမင်းသား ပုဏ္ဏားသားတို့သည် ရဟန်းပြု၍ အရဟတ္တ ဖိုလ်သို့ ရောက်ကြကုန်၏။ မြတ်စွာဘုရားသည်လည်း ထိုရဟန္တာတို့အလယ်၌ နေတော်မူ၍ ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးကား ပဌမ အစည်းအဝေးတည်း။

တဖန်လည်း ကာသိကရာဇ်ပြည်၌ ဇယသေနမင်းနှင့် ခြောက်သန်း အတိုင်းအရှည်ရှိသော ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင် တရားတော်ကြီးကို ဟောတော်မူ၏။ ထိုတရားကို ကြားနာရ၍ ငါးသန်းသော သူတို့ ဧဟိဘိက္ခု ရဟန်းဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ မြတ်စွာ ဘုရားသည်လည်း ထိုရဟန်းတို့အလယ်၌ နေတော်မူ၍ ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးကား နှစ်ကြိမ်မြောက်သော အစည်း အဝေးတည်း။

တဖန်လည်း မဟာမင်္ဂလာ အစည်းအဝေး၌ မင်္ဂလာ စကားကို ဟောကြားတော်မူရာ လေးသန်းကုန်သော ယောကျ်ားတို့သည် ရဟန်း ပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ထိုရဟန်းတို့ အလယ်၌ နေတော် မူ၍ ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် သုံးကြိမ် မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

> သန္နိပါတာ တယော အာသုံ၊ ဖုဿဿပိ မဟေသိနော။
> ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။
>
> သဋ္ဌိသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။
> ပညာသသတသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။

စတ္တာလီသသ တသဟဿာနံ၊ တတိယော အာသိ သမာဂမော။
အနုပါဒါ ဝိမုတ္တာနံ၊ ဝေါစ္ဆိန္နပဋိသန္ဓိနံ—

ဟူ၍ ဟောတော်မူပြီ။

ဖုဿဿ၊ ဖုဿအမည်တော်ရှိတော်မူသော။ မဟေသိနော၊ ဘုရားအား။ တာဒိနံ၊ ကုန်သော။ သန္တစိတ္တာနံ၊ ကုန်သော။ ဝိမလာနံ၊ ကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တယော၊ ကုန်သော။ သန္နိပါတာ၊ တို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

ဝေါစ္ဆိန္နပဋိသန္ဓိနံ၊ ပြတ်ကင်းပြီးသော ပဋိသန္ဓေရှိကုန်သော။ အနုပါဒါ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်ကုန်ပြီးသော။ သဋ္ဌိသတသဟဿာနံ၊ ခြောက်သန်းကုန်သော ရဟန်းတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။ ပညာသ သတသဟဿာနံ၊ ငါးသန်းကုန်သော ရဟန်းတို့၏။ ဒုတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။ စတ္တာလီသသတသဟဿာနံ၊ လေးသန်းကုန်သော ရဟန်းတို့၏။ တတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

---

### အရိန္ဒမမြို့ကို စွန့်၍ ရဟန်းပြုသော ငါတို့ ဘုရားလောင်း ဝိဇိတာဝီမင်းအား ဖုဿမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ ဘုရားလောင်းသည် အရိန္ဒမမြို့၌ ဝိဇိတာဝီ မည်သော မင်းဖြစ်၍ ဖုဿ မြတ်စွာဘုရား တရားကို နာရလျှင် ကြည်ညို၍ အလှူကြီးကို ပေးလျက် ပြည်စည်းစိမ်ကို စွန့်၍ မြတ်စွာဘုရား အထံ၌ ရဟန်း ပြု၍ ပိဋကသုံးပုံတို့ကို သင်ဆောင်သည် ဖြစ်၍ လူအပေါင်းအား တရား ဟောလျက် ပါရမီတို့ကို ဖြည့်၏။ ထိုဖုဿ မြတ်စွာဘုရားသည်လည်း ငါတို့ ဘုရားလောင်းကို ဗျာဒိတ်စကား ဟောကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ ဝိဇိတာဝီ နာမ ခတ္တိယော။
ဆဍ္ဍယိတွာ မဟာရဇ္ဇံ၊ ပဗ္ဗဇိံ တဿ သန္တိကေ။

သောပိ မံ ဗုဒ္ဓေါ ဗျာကာသိ၊ ဖုဿော လောကဂ္ဂနာယကော။
ဒွေနဝုတေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
ပဓာနံ ပဒဟိတွာန ။လ။ ဟေဿာမ သမ္မုခါ ဣမံ။
။လ။ ပါရမိပူရိယာတိ။

သုတ္တန္တံ ဝိနယဥ္စာပိ၊ နဝင်္ဂံ သတ္ထုသာသနံ။
သဗ္ဗံ ပရိယာပုဏိတွာန၊ သောဘယိံ ဇိနသာသနံ။

တတ္ထပ္ပမတ္တော ဝိဟရန္တော၊ ဗြဟ္မံ ဘာဝေတွ ဘာဝနံ။
အဘိညာသု ပါရမိံ ဂန္တွာ၊ ဗြဟ္မလောကမဂစ္ဆဟံ–

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ၊ အဟံ၊ သည်။ တေန သမယေန၊ ၌။ ဝိဇိတာဝိနာမ၊ ဝိဇိတာဝီ မည်သော။ ခတ္တိယော၊ မင်းသည်။ ဟုတွာ၊ ဖြစ်၍။ မဟာရဇ္ဇံ၊ ပြည်ကြီးစည်းစိမ်ကို။ ဆဍ္ဍယိတွာ၊ စွန့်၍။ တဿ၊ ထိုဘုရားမြတ်၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။

ဖုဿော၊ ဖုဿ အမည်တော်ရှိသော။ လောကဂ္ဂနာယကော၊ လူတို့ကို မြတ်သော နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော။ သောပိ ဗုဒ္ဓေါ၊ ထိုဘုရား သခင်သည်လည်း။ မံ၊ ငါ့ကို။ အယံ၊ ဤဝိဇိတာဝီ မထေရ်သည်။ ဣတော၊ ဤကမ္ဘာမှ။ ဒွေနဝုတေ ကပ္ပေ၊ ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ဗျာကာသိ၊ ကြားတော်မူ၏။
ပဓာနံ၊ လုံ့လကို။ ပဒဟိတွာန၊ ၍။ လ။ ဟေဿာမ၊ ကုန်၏။ ဣတိ၊ သို့။ ပတ္ထေန္တိ၊ ကုန်၏ ။လ။

သုတ္တန္တဥ္စ၊ သုတ္တန်ပိဋကတ်ကိုလည်းကောင်း။ ဝိနယဥ္စ၊ ဝိနည်းပိဋကတ်ကို လည်းကောင်း။ သဗ္ဗံ၊ သော။ နဝင်္ဂံ သတ္ထုသာသနံ၊ ကိုးပါးအပြားရှိသော ပရိယတ္တိ သာသနာတော်ကို။ ပရိယာပုဏိတွာန၊ သင်၍။ ဇိနသာသနံ၊ ကို။ သောဘယိံ၊ တန်ဆာဆင်ပြီ။

တတ္ထ၊ ထိုသာသနာတော်၌။ အပ္ပမတ္တော၊ မမေ့မလျော့။ ဝိဟရန္တော၊ နေလျက်။ ဗြဟ္မံ ဘာဝနံ၊ ဗြဟ္မစိုရ် တရားကို။ ဘာဝေတွာ၊ ပွါးစေ၍။ အဘိညာသု၊ ငါးပါးသော အဘိညာဉ်တို့၌။ ပါရမိံ၊ အထွတ်သို့။ ဂန္တွာ၊ ရောက်၍။ ဗြဟ္မလောကံ၊ ဗြဟ္မာ့ပြည်သို့။ အဟံ၊ ငါသည်။ အဂစ္ဆိံ၊ ရောက်ပြီ။

## ဖုဿမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ဖုဿမြတ်စွာဘုရား၏ နေပြည်တော်ကား ကာသိကမည်၏။ ဇယသေန မည်သော မင်းကား ခမည်းတော်တည်း။ မယ်တော်ကား သိရိမာ မည်၏။ သုရက္ခိတနှင့် ဓမ္မသေနတို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ သဘိယကား အလုပ်အကျွေးတည်း။ စာလာနှင့် ဥပစာလာတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား သျှိသျှားပင်တည်း။ အရပ်တော်ကား ငါးဆယ့်ရှစ်တောင် မြင့်၏။ အသက်တော်ကား ကိုးသောင်းတည်း။ ဘုရားလောင်း မိဖုရားကြီးကား ကိသာဂေါတမီ မည်၏။ သားတော်ကား အနုပမတည်း။ ထိုဖုဿမည်သော ဘုရားလောင်းကား ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

ကာသိကံ နာမ နဂရံ၊ ဇယသေနော နာမ ခတ္တိယော။
သိရိမာ နာမ ဇနိကာ၊ ဖုဿဿာပိ မဟေသိနော။

သုရက္ခိတော ဓမ္မသေနော၊ အဟေသုံ အဂ္ဂသာဝကာ။
သဘိယော နာမုပဋ္ဌာကော၊ ဖုဿဿာပိ မဟေသိနော။

စာလာ စ ဥပစာလာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ အာမဏ္ဍောတိ ပဝုစ္စတိ။

ဓနဉ္စယော ဝိသာခေါ စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ပဒုမာ စေဝ နာဂါ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အဋ္ဌပဏ္ဏာသရတနံ၊ အစ္စုဂ္ဂတော မဟာမုနိ။
သောဘတေ သတရံသီဝ၊ ဥဠုရာဇာဝ ပူရိတော။

နဝုတိဝဿသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဩဝဒိတွာ ဗဟူ သတ္တေ၊ သန္တာရေတွာ ဗဟူ ဇနေ။
သောပိ သတ္ထာ အတုလယသော၊ နိဗ္ဗုတော သော သသာဝကော—

ဟူ၍ ဟောတော်မူပြီ။

မဟေသိနော၊ သီလ စသော ကျေးဇူးကို ရှာမှီးတတ်သော။ ဖုဿဿာပိ၊ ဖုဿ ဘုရားမြတ်၏လည်း။ နဂရံ၊ နေပြည်တော်သည်။ ကာသိကံ နာမ၊ ကာသိကမည်၏။ ဇယသေနော နာမ၊ ဇယသေနမည်သော။ ခတ္တိယော၊ မင်းသည်။ ပိတာ၊ ခမည်းတော်သည်။ အဟောသိ၊ ပြီ။ ဇနိကာ၊ မယ်တော်ကား။ သိရိမာ နာမ၊ သိရိမာ မည်၏။

မဟေသိနော၊ သီလစသော ကျေးဇူးကို ရှာမှီးတတ်သော။ ဖုဿဿာပိ၊ ဖုဿမြတ်စွာဘုရား၏လည်း။ သုရက္ခိတော၊ သုရက္ခိတ မထေရ်လည်းကောင်း။ ဓမ္မသေနော၊ ဓမ္မသေန မထေရ်လည်းကောင်း။ အဂ္ဂသာဝကာ၊ မြတ်သော တပည့်အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ သဘိယော နာမ၊ သဘိယ အမည်ရှိ၏။

စာလာ စ၊ စာလာ လည်းကောင်း။ ဥပစာလာ စ၊ ဥပစာလာ လည်းကောင်း။ အဂ္ဂသာဝိကာ၊ မြတ်သော တပည့်မ အစုံတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ တဿ ဘဂဝတော၊ ထိုဘုရားမြတ်၏။ ဗောဓိ၊ ပွင့်ရာသစ်ပင်ကို။ အာမဏ္ဍောတိ၊ သျှိသျှားပင်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဓနဉ္စယော၊ ဓနဉ္စယဥပါသကာ လည်းကောင်း။ ဝိသာခေါ စ၊ ဝိသာခ ဥပါသကာလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ပဒုမာ စေဝ၊ ပဒုမာ လည်းကောင်း။ နာဂါ စ၊ နာဂါ လည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

မဟာမုနိ၊ မြတ်စွာဘုရားသည်လည်း။ အဋ္ဌပဏ္ဏာသရတနံ၊ ငါးဆယ့်ရှစ်တောင်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ သော ဘဂဝါ၊ သည်။ သတရံသိဝ၊ ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းကဲ့သို့လည်းကောင်း။ ပူရိတော၊ ပြည့်သော။ ဥဠုရာဇာဝ၊ လမင်းကဲ့သို့လည်းကောင်း။ သောဘတေ၊ တင့်တယ်၏။

နဝုတိဝဿသဟဿာနိ၊ ဒသနှစ်ကိုးသောင်းတို့ပတ်လုံး။ တာဝဒေ၊ ဥ။ အာယု၊ သည်။ ဝိဇ္ဇတိ၊ ၏။ တာဝတာ၊ ထိုရွေ့လောက်။ တိဋ္ဌမာနော၊ သော။ သော ဘဂဝါ၊ သည်။ ဗဟုံ၊ သော။ ဇနတံ၊ ကို။ တာရေသိ၊ ကယ်တင်ပြီ။

သော ဘဂဝါ၊ သည်။ ဗဟူ၊ များစွာကုန်သော။ သတ္တေ၊ တို့ကို။ ဩဝဒိတွာ၊ မှု၍။ ဗဟူ ဇနေ၊ များစွာသောလူတို့ကို။ သံသာရတော၊ မှ။ နိဗ္ဗာနပါရံ၊ နိဗ္ဗာန်တည်းဟူသော ကမ်းသို့။ သန္တာရေတွာ၊ ကူးခပ်စေ၍။ အတုလယသော၊ အတုမရှိသော ကျော်စောခြင်းရှိတော်မူသော။ သောပိ သတ္ထာ၊ သည်လည်း။ သသာဝကော၊ သာဝကနှင့်တကွ။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံတော်မူပြီ။

ဤတွင်ရွေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ တစ်ဆယ့်ရှစ်ခုတို့၏
ပြည့်ကြောင်းဖြစ်သော ဖုဿမြတ်စွာဘုရား
အကြောင်းကား ပြီး၏။

# ၂၁-ဝိပဿီ ဗုဒ္ဓဝံသ

## ဝိပဿီ မြတ်စွာဘုရားအကြောင်းကို ပြခြင်း

ထိုဖုဿ မြတ်စွာဘုရားနောက်အဖို့၌ တစ်ခုသောကပ် လွန်သည်ရှိသော် ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ သူတပါးတို့၏ အစီးအပွား၌ အမြဲလျှင် အောင်အပ်ပြီးသော အကြံရှိသည်ဖြစ်၍ ဝိပဿီမည်သောဘုရားသည် လောက၌ ထင်ရှားပွင့်တော်မူ၏။ ထိုဘုရားလောင်းသည် ပါရမီတို့ကို ဖြည့်တော်မူ၍ တစ်ပါးမက များစွာသော ပတ္တမြားရတနာတို့မှ ထွက်သော အရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပသော ဗိမာန်ရှိသော တုသိတာ နတ်ပြည်၌ ဖြစ်၍ ထိုတုသိတာ နတ်ပြည်မှ စုတေခဲ့လျှင် ဗန္ဓုမတီ နေပြည်တော်ကြီး၌ များစွာသော ဆွေမျိုးရှိသော ဗန္ဓုမမင်းကြီး၏ ဗန္ဓုမတီ မည်သော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၏။

ထိုဘုရားလောင်း၏ ဆယ်လ လွန်သဖြင့် ခေမမိဂဒါဝုန် တော၌ ညိုရောင် မည်းနက်သော တခဲနက် မိုးတိမ်လွှာ အရေးမှ ထွက်သော လပြည့်ဝန်းကဲ့သို့ မယ်တော်ဝမ်းမှ ဖွားမြင်တော်မူလျှင် ဘုရားလောင်းကို အမည်မှည့်အံ့သော နေ့၌ လက္ခဏာဖတ်သူနှင့် ဆွေမျိုးအပေါင်းတို့သည် နေ့ညဉ့်မပြတ် အနန္တရာယ်ကြောင့် ကွယ်သော မျက်စိတို့ဖြင့် မြင်သော သတ္တိကြောင့် ဝိပဿီဟူသော အမည်ကို မှည့်ကြကုန်၏။

ထိုဘုရားလောင်းသည် အနှစ်ရှစ်ထောင်တို့ပတ်လုံး နန္ဒ၊ သုနန္ဒ၊ သိရိမာ မည်သော ပြာသာဒ်သုံးဆောင်တို့၌ သုဒဿာဒေဝီ အမှူးရှိသော တစ်သိန်းနှစ်သောင်းသော မိန်းမတို့ ခြံရံအပ်သည်ဖြစ်၍ စံစားတော်မူစဉ် [သုဒဿာကို သုတနု ခေါ်သည်။] ထိုသုတနု မိဖုရား၌ သမဝဋ္ဋက္ခန္ဓ မည်သော သားကို ဖွားမြင်သည်ရှိသော် နိမိတ်ကြီးလေးပါးကို မြင်၍ အာဇာနည်မြင်း ကသော ရထားဖြင့် တောထွက်၍ ရဟန်းပြုတော်မူလျှင် ရှစ်သောင်း လေးထောင်သော လူတို့လည်း အစဉ်လိုက်၍ ရဟန်းပြုကြကုန်၏။

ဘုရားလောင်းလည်း ထိုရဟန်းတို့ ခြံရံအပ်သည် ဖြစ်၍ ရှစ်လတို့ ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ သုဒဿန သေဋ္ဌေးသမီးသည် လှူအပ်သော နို့ဃနာကို ကောင်းစွာ ဘုဉ်းပေးတော်မူ၍ ပန်းချုံတို့ဖြင့် တန်ဆာဆင်ဒ ပ်သော အင်ကြင်းတော၌ နေ့သန့်ခြင်းကို ပြုတော်မူ၍ သုဇာတမည်သော မုယောခင်းစောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ သခွတ်ဗောဓိသို့ ကပ်လျက် ရပ်တော်မူ၏။

ထိုသခွတ်ပင်၏ အညီအညွတ်လုံးသော ပင်စည်သည် ထိုဘုရားလောင်းကပ်သောနေ့ အတောင်ငါးဆယ် မြင့်၏။ ခက်မသည်လည်း အတောင်ငါးဆယ်ရှိ၏။ အစောက်အားဖြင့် အတောင်တစ်ရာမြင့်၏။ ထိုနေ့၌ပင်လျှင်ကောင်းသောအနံ့ရှိသောပန်း မွှေးကြိုင်သောအနံ့ရှိသော ပန်းတို့ဖြင့် အမြစ်မှစ၍ အလုံးစုံဖုံးလွှမ်း၏။ နတ်တို့ပန်းရနံ့သည် လှိုင်၏။ ထိုသခွတ်ပင်ရင်းငါးဆယ့်သုံးတောင်ကျယ်သော မြက်အခင်း၌ ဘုရားမဖြစ်သမျှ မထပြီဟု ဝီရိယကို ဆောက်တည်တော်မူလျှင် မာရ်စစ်သည်ဗိုလ်ပါကို ဖျောက်ဖျက်၍ လေးပါးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရလျက် ဗောဓိပင်ရင်း၌ နေတော်မူလျက်လျှင် "အနေကဇာတိသံသာရံ" အစရှိသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## ဝိပဿီမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေတော်မူပြီးမှ ဗြဟ္မာမင်းတောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ မိထွေးတော်သား ညီငယ် ဖြစ်သော ခဏ္ဍမင်းသားနှင့် ပုရောဟိတ်ပုဏ္ဏားသား တိဿ တို့ ဥပနိဿယနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ခေမ မိဂဒါဝုန်တော၌ သက်တော်မူလျက် နှစ်ယောက်သော မင်းသား ပုဏ္ဏားသားတို့ကို ဥယျာဉ်စောင့်ကို ခေါ်စေ၍ အခြံအရံနှင့် တကွ ထိုသူတို့ အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူ၏။ ထိုအခါ အတိုင်းမသိသော သတ္တဝါတို့ သစ္စာလေးပါးတရားကို သိကုန်၏၊ ထို့ကြောင့်—

> ဖုဿာဿ စ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
> ဝိပဿီ နာမ နာမေန၊ လောကေ ဥပ္ပဇ္ဇိ စက္ခုမာ။
>
> အဝိဇ္ဇံ သဗ္ဗံ ပဒါလေတွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
> ဓမ္မစက္ကံ ပဝတ္တေတုံ၊ ပက္ကာမိ ဗန္ဓုမတီပုရံ။
>
> ဓမ္မစက္ကံ ပဝတ္တေတွာ၊ ဥဘော ဗောဓေသိ နာယကော။
> ဂဏနာယ န ဝတ္တဗ္ဗော၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ဖုံဿသာ စ၊ ဖုဿ အမည်ရှိသော မြတ်စွာဘုရား၏လည်း။ အပရေန၊ နောက်အဖို့၌။ ဒွိပဒုတ္တမော၊ မူထသော။ နာမေန၊ အမည်အားဖြင့်။ ဝိပဿီ နာမ၊ ဝိပဿီ အမည်ရှိထသော။ စက္ခုမာ၊ မူထသော။ သမ္ဗုဒ္ဓေါ၊ သည်။ လောကေ၊ ၌။ ဥပ္ပဇ္ဇိ၊ ပြီ။

သော ဘဂဝါ၊ ထိုဝိပဿီ ဘုရားသည်။ သဗ္ဗံ၊ အလုံးစုံသော။ အဝိဇ္ဇံ၊ အဝိဇ္ဇာတည်းဟူသော ဥဒ္ဒံကို။ ပဒါလေတွာ၊ ဖောက်ခွဲ၍။ ဥတ္တမံ၊ သော။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။ သမ္ဗောဓိံ၊ သို့။ ပတွာ၊ ရောက်၍။ ဓမ္မစက္ကံ၊ ဓမ္မစကြာ ဒေသနာကို။ ပဝတ္တေတုံ၊ ဟောအံ့သောငှာ။ ဗန္ဓုမတီပုရံ၊ ဗန္ဓုမတီပြည်သို့။ ပက္ကာမိ၊ ကြွတော်မူပြီ။

နာယကော၊ ဝိပ ဿီ ဘုရားသခင်သည်။ ဓမ္မစက္ကံ၊ ကို။ ပဝတ္တေတွာ၊ ၍။ အတ္တနော၊ ၏။ ကနိဋ္ဌံ၊ ညီဖြစ်သော။ ခဏ္ဍရာဇပုတ္တံ၊ ခဏ္ဍမင်းသားကိုလည်းကောင်း။ တိဿဥ္စ-ပုရောဟိတပုတ္တံ၊ တိဿမည်သော ပုရောဟိတ်ပုဏ္ဏားသားကိုလည်းကောင်း။ ဉာတိ၊ သို့။ ဥဘော၊ နှစ်ယောက်ကုန်သော သူတို့ကို။ ဗောဓေသိ၊ သစ္စာလေးပါး တရားတော်ကို သိစေတော်မူပြီ။ ဂဏနာယ၊ တရားအကားကို သိကုန်သော နတ်တို့၏ အရေအတွက်ဖြင့်။ န ဝတ္တဗ္ဗော၊ ဤမျှဟု အပိုင်းအခြားကို မဆိုအပ်။ အယံ၊ ဤသည်ကား။ ပဌမာဘိသမယော၊ သည်။ ... ၊ ဖြစ်ပြီ။

ထိုပဌမ အစည်းအဝေး ... အဖို့၌ ခဏ္ဍမည်သော မင်းသားနှင့် ပုရောဟိတ် ပုဏ္ဏားသား ... တို့ကို အတုလိုက်၍ ရဟန်းပြုကုန်သော ရှစ်သောင်း လေးထောင်သော ရဟန်းတို့ကို တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက် သစ္စာလေးပါး တရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

> ပုနာပရံ အမိတယသော၊ တတ္ထ သစ္စံ ပကာသယိ။
> စတုရာသီတိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ပုန၊ တဖန်၊ အပရံ၊ တပါးတုံ။ အမိတယသော။ မနှိုင်းရှည့်အပ်သော ကျော်စောခြင်း ရှိတော်မူသော ဝိပဿီဘုရားမြတ်သည်။ တတ္ထ၊ ထိုခေမ

မိဂဒါဝုန် တော၌။ သစ္စံ၊ သစ္စာလေးပါးကို။ ပကာသယိ၊ ပြတော်မူပြီ။ စတုရာသီတိသဟဿာနံ၊ ရှစ်သောင်းလေးထောင်ကုန်သော ရဟန္တာတို့၏။ ဒုတိယော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ဖြစ်ပြီ။

ထိုအခါ ဝိပဿီ မြတ်စွာဘုရားသည် ဘုရား အဖြစ်သို့ ရောက်၍ ဓမ္မစကြာ ဒေသနာကို ဟောသည်ဟု ကြားလျှင် အစဥ်သဖြင့် ရှစ်သောင်း လေးထောင်သော ရဟန်းတို့သည်။ ဗန္ဓုမတီပြည် မိဂဒါဝုန်တော၌ စည်းဝေး ကြကုန်၏။ ထို့နောက်မှ ရဟန်းတို့အား မြတ်စွာဘုရားသည် တရား ဟောတော်မူသော် ရှစ်သောင်းလေးထောင်သော ရဟန်းတို့ သစ္စာလေးပါး တရားကို သိကုန်၏။ ဤသည်ကား သုံးကြိမ်မြောက် သစ္စာလေးပါး တရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

> စတုရာသီတိသဟဿာနိ၊ သမ္ဗုဒ္ဓံ အနုပဗ္ဗဇုံ။
> တေသ မာရာမပတ္တာနံ၊ ဓမ္မံ ဒေသေသိ စက္ခုမာ။
>
> သဗ္ဗာကာရေန ဘာသတော၊ သုတွာ ဥပနိသာ ဇိနေ။
> တေပိ ဓမ္မဝရံ ဂန္တွာ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ယာနိ စတုရာသီတိသဟဿာနိ၊ အကြင် ရှစ်သောင်း လေးထောင် ကုန်သော ရဟန်းတို့သည်။ သမ္ဗုဒ္ဓံ၊ ဝိပဿီဘုရားမြတ်သို့။ အနုပဗ္ဗဇုံ၊ အတု လိုက်၍ ရဟန်းပြုကြကုန်၏။ အာရာမပတ္တာနံ၊ ခေမ မိဂဒါဝုန်တောသို့ ရောက်လာကုန်သော။ တေသံ၊ ထိုရှစ်သောင်းလေးထောင်သော ရဟန်း တို့အား။ စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ဝိပဿီဘုရား မြတ်သည်။ ဓမ္မံ၊ ကို။ ဒေသေသိ၊ ပြီ။

တေသံ၊ ထိုရှစ်သောင်း လေးထောင်သော ရဟန်းတို့သည်လည်း။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဘာသတော။ ဟောတော်မူသော။ ဇိနေ-ဇိနဿ၊ ဘုရားမြတ်၏။ ဓမ္မဝရံ၊ တရားမြတ်ကို။ သုတွာ၊ နာ၍။ ဥပနိသာ-ဥပနိဿာယ၊ အမှီပြု၍။ ဂန္တွာ-ဉတွာ၊ သိ၍။ တတိယော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ဖြစ်ပြီ။

## ဝိပဿီ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ဤသို့လျှင် ခေမမိဂဒါဝုန်တော၌ ဝိပဿီဘုရားမြတ်သို့လည်းကောင်း, နှစ်ယောက်သော အဂ္ဂသာဝက တို့သို့လည်းကောင်း အတုလိုက်၍ ရဟန်းပြုကြကုန်သော ခြောက်သန်းရှစ်သိန်းသော ရဟန်းတို့အလယ်၌ နေတော်မူ၍ ပါတိမောက်ကို ပြတော်မူ၏။ ဤကား ရှေးဦးစွာသော အစည်းအဝေးတည်း။

တဖန်လည်း အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို မြင်၍ ရဟန်းပြုကုန်သော တစ်သိန်းသော ရဟန်းတို့ အစည်းအဝေးသည် ဖြစ်၏။ ဤကား နှစ်ကြိမ်မြောက် အစည်းအဝေးတည်း။

အကြင်အခါ ဝိပဿီ မြတ်စွာဘုရားသည် မိထွေးတော်သား ညီနောင်သုံးယောက်တို့ ပစ္စန္တရစ်ကို ငြိမ်ဝပ်စေ၍ မြတ်စွာဘုရားအား လုပ်ကျွေးခြင်း အမှုအရာဖြင့် ရအပ်သော ဆုရှိကုန်သည် ဖြစ်၍ မိမိတို့ ပိုင်စားပေးရာ မြို့သို့ ဆောင်၍ လုပ်ကျွေးသောအခါ တရားတော်ကို နာရသောကြောင့် ရဟန်းပြုကုန်သော ရှစ်သောင်းကုန်သော ရဟန်းတို့အလယ်၌ နေ၍ မြတ်စွာဘုရားသည် ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးကား သုံးကြိမ်မြောက်သော အစည်းအဝေးတည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ ဝိပဿိဿ မဟေသိနော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

အဋ္ဌသဋ္ဌိသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။
ဘိက္ခုသတသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။

အသီတိဘိက္ခုသဟဿာနံ၊ တတိယော အာသိ သမာဂမော။
တတ္ထ ဘိက္ခုဂဏမဇ္ဈေ၊ သမ္ဗုဒ္ဓေါ အတိရောစတိ—

ဟူ၍ ဟောတော်မူပြီ။

ဝိပဿိဿ ဝိပဿီအမည်တော်ရှိသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ တာဒိနံ၊ ကုန်သော။ သန္တစိတ္တာနံ၊ ကုန်သော။ ဝိမလာနံ၊ ကုန်သော။ ခီဏာသဝါနံ၊ တို့၏။ တယော၊ ကုန်သော။ သန္နိပါတာ၊ တို့သည်။ အာသုံ၊ ကုန်၏။

အဋ္ဌသဋ္ဌိသတသဟဿာနံ၊ ခြောက်သန်း ရှစ်သိန်းသော ရဟန်းတို့၏။ ပဌမော၊ ရှေးဦးစွာသော။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။ ဘိက္ခုသတသဟဿာနံ၊ တစ်သိန်းသော ရဟန္တာတို့၏။ ဒုတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

အသီတိဘိက္ခုသဟဿာနံ၊ ရှစ်သောင်းကုန်သော ရဟန္တာတို့၏။ တတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။ တတ္ထ၊ ထိုခေမမိဂဒါဝုန်၌။ ဘိက္ခုဂဏမဇ္ဈေ၊ ရဟန်းအပေါင်းတို့ အလယ်၌။ သမ္ဗုဒ္ဓေါ၊ ဝိပဿီဘုရားသည်။ အတိရောစတိ၊ အလွန်တင့်တယ်၏။

---

## ငါတို့ဘုရားလောင်း အတုလနဂါးမင်းဖြစ်စဉ် ဝိပဿီမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ ဘုရားလောင်းသည် တန်ခိုးအာနုဘော် ကြီးသော အတုလနဂါးမင်းဖြစ်၍ ကုဋေအထောင်မကာ များလှစွာသော အခြံအရံနှင့်တကွ မြတ်စွာဘုရားကို အရိုအသေပူဇော်ခြင်းငှါ ရတနာ ခုနစ်ပါးဖြင့်ပြီးသော လပြည့်ဝန်းနှင့် တူသော မဏ္ဍပ်ကို ပြု၍ ထိုမဏ္ဍပ်၌ နေစေလျက် ခုနစ်ရက်ပတ်လုံး နတ်တို့ စည် စောင်းညည်းနှင့် တူသော တူရိယာတို့ဖြင့် အာနုဘော်အားလျော်သော အလှူကြီးကို ပေး၍ ရတနာခုနစ်ပါးဖြင့် စီအပ်သော မြတ်သော သူတို့သာ နေခြင်းငှါ ထိုက်သည် ဖြစ်၍ ရွှေဖြင့် ပြီးသော အထူးထူး အပြားပြား ပတ္တမြားရောင်တို့ဖြင့် တောက်ပသော အရောင်ရှိသောအင်းပျဉ်ကို မြတ်စွာဘုရားအား လှူ၏။ ထိုအခါ နဂါးမင်းကို အင်းပျဉ်အနုမောဒနာ ပြုသည်၏ အဆုံး၌ "ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာ ထက်၌ နဂါးမင်းသည် ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

[ဗျာဒိတ်ပေးခန်း ဂါထာပါဠိအနက်တို့ကား နောက်နောက်သော ဘုရားတို့ လက်ထက် ငါတို့ဘုရားလောင်း နဂါးမင်းဖြစ်စဉ် ပေးသော ဗျာဒိတ်ပေးခန်း ဂါထာပါဠိတို့နှင့်အတူတည်း။ ဤကား အမှာ။]

## ဝိပဿီမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်,မယ်တော် စသည်ကို ပြခြင်း

ထိုဝိပဿီမြတ်စွာဘုရား၏ နေပြည်တော်ကား ဗန္ဓုမတီ မည်၏။ ဗန္ဓုမ မည်သော မင်းသည် ခမည်းတော်တည်း။ မယ်တော်ကား ဗန္ဓုမတီ မိဖုရားကြီးတည်း။ ခဏ္ဍနှင့် တိဿတို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ အလုပ်အကျွေးကား အသောကမည်၏။ စန္ဒာနှင့် စန္ဒမိတ္တာတို့ကား အဂ္ဂသာဝိကာမ ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား သခွတ်ပင်တည်း။ အရပ်တော်ကား အတောင်ရှစ်ဆယ် မြင့်၏။ ကိုယ်တော်ရောင်ကား အခါခပ်သိမ်း ခုနစ်ယူဇနာတို့ကို နှံ့၍ တည်၏။ အသက်တော်ကား အနှစ်ရှစ်သောင်းတည်း။ ထိုဘုရားလောင်း၏ မိဖုရားကြီးကား သုတနု မည်၏။ သားတော်ကား သမဝဋ္ဋက္ခန္ဓမည်၏။ အာဇာနည်မြင်း ကဲသော ရထားဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

နဂရံ ဗန္ဓုမတီ နာမ၊ ဗန္ဓုမာ နာမ ခတ္တိယော။
မာတာ ဗန္ဓုမတီ နာမ၊ ဝိပဿိဿ မဟေသိနော။

ခဏ္ဍော စ တိဿနာမော စ၊ အဟေသုံ အဂ္ဂသာဝကာ။
အသောကော နာမုပဋ္ဌာကော၊ ဝိပဿိဿ မဟေသိနော။

စန္ဒာ စ စန္ဒမိတ္တာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ ပါဋလီတိ ပဝုစ္စတိ။

ပုနဗ္ဗသုမိတ္တော စ နာဂေါ စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
သိရိမာ ဥတ္တရာ စေဝ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

အသီတိဟတ္ထမုဗ္ဗေဓော၊ ဝိပဿီ လောကနာယကော။
ပဘာ နိဒ္ဓါဝတီ တဿ၊ သမန္တာ သတ္တယောဇနေ။

အသီတိဝဿသဟဿာနိ၊ အာယု ဗုဒ္ဓဿ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဗဟုဒေဝမနုဿာနံ၊ ဗန္ဓနံ ပရိမောစယိ။
မဂ္ဂါမဂ္ဂဉ္စ အာစိက္ခိ၊ အဝသေသပုထုဇ္ဇနေ။

အာလောကံ ဒဿယိတွာန၊ ဒေသေတွာ အမတံ ပဒံ။
ဇလိတွာ အဂ္ဂိခန္ဓောဝ၊ နိဗ္ဗုတော သော သသာဝကော။

ဣဒ္ဓိဝရံ ပုညဝရံ၊ လက္ခဏာဉ္စ ကုသုမိတံ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ ဝိပဿိဿ၊ ဝိပဿီအမည်တော်ရှိသော။ မဟေသိနော၊ ဘုရား၏။ နဂရံ၊ ပြည်တော်သည်။ ဗန္ဓုမတီ နာမ၊ မည်၏။ ခတ္တိယော၊ မင်းသည်။ ဗန္ဓုမာ နာမ၊ ဗန္ဓုမမည်၏။ မာတာ၊ မယ်တော်သည်။ ဗန္ဓုမတီ နာမ၊ ဗန္ဓုမတီမည်၏။

ခဏ္ဍော စ၊ လည်းကောင်း။ တိဿနာမော စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ ဝိပဿိဿ၊ ရှိသော။ မဟေသိနော၊ ၏။ ဥပဋ္ဌာကော၊ သည်။ အသောကော နာမ၊ မည်၏။

စန္ဒာ စ၊ လည်းကောင်း။ စန္ဒမိတ္တာ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝိကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿဘဂဝတော၊ ၏။ ဗောဓိ၊ ပွင့်ရာသစ်ပင်ကို။ ပါဋလီတိ၊ သခွတ်ပင်ဟူ၍။ ပဝုစ္စတိ၊ဆိုအပ်၏။

ပုနဗ္ဗသုမိတ္တော စ၊ ပုနဗ္ဗသုမိတ္တလည်းကောင်း။ နာဂေါ စ၊ နာဂ လည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာ တို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ သိရိမာ၊ သိရိမာလည်းကောင်း။ ဥတ္တရာ စေဝ၊ ဥတ္တရာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သောအလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

ဝိပဿီ၊ အမည်တော်ရှိသော။ လောကနာယကော၊ သည်။ အသီတိဟတ္ထံ၊ အတောင်ရှစ်ဆယ်။ ဥဗ္ဗေဓော၊ မြင့်တော်မူ၏။ တဿ၊ ထိုဘုရားမြတ်၏။ ပဘာ၊ အရောင်သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ သတ္တယောဇနေ၊ ခုနစ်ယူဇနာတိုင်တိုင်။ နိဒ္ဓါဝတိ၊ ထွက်၏။

တာဝဒေ၊ ထိုကာလ၌။ ဗုဒ္ဓဿ၊ ဘုရားမြတ်၏။ အာယု၊ အသက်သည်။ အသီတိဝဿသဟဿာနိ၊ အနှစ်ရှစ်သောင်း တို့ပတ်လုံး။ တိဋ္ဌတိ၊ တည်၏။ တာဝတာ၊ ထိုရွေ့လောက်။ တိဋ္ဌမာနော၊ တည်တော်မူသော။ သော ဘဂဝါ၊

သည်။ ဗဟုံ၊ များစွာသော။ ဇနတံ၊ လူအပေါင်းကို။ တာရေသိ၊ ကယ်ထင်ပြီ။

ဗဟုဒေဝမနုဿာနံ၊ များစွာကုန်သော နတ်လူတို့အား။ ဗန္ဓနံ၊ ကိလေသာအနှောင်အဖွဲ့ကို။ ပရိမောစယိ၊ လွတ်စေပြီ။ အဝသေသပုထုဇ္ဇနေ၊ အရိယာမှ ကြွင်းသောပုထုဇဉ်တို့ကို။ မဂ္ဂါမဂ္ဂေ၊ မဂ်ဖိုလ်၏ အကြောင်းဟုတ်, မဟုတ်ကိုလည်း။ အာစိက္ခိ၊ ကြားတော်မူပြီ။

အာလောကံ၊ မဂ်ဉာဏ် ဝိပဿနာဉာဏ် အလင်းကို။ ဒဿယိတွာန၊ ပြတော်မူဦး၍။ အမတံ၊ သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဒေသေတွာ၊ ဟောတော်မူ၍။ သသာဝကော၊ သာဝကနှင့်တကွ။ သော ဘဂဝါ၊ သည်။ အဂ္ဂိက္ခန္ဓောဝ၊ မီးပုံကြီးကဲ့သို့။ ဇလိတွာ၊ ပြောင်ပြောင်တောက်၍။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူပြီ။

ဣဒ္ဓိဝရံ၊ မြတ်သော တန်ခိုးသည်လည်းကောင်း။ ပုညဝရံ၊ မြတ်သော ဘုန်းတော်သည်လည်းကောင်း။ လက္ခဏာဂ္ဂ ကုသုမိတံ၊ စက်လက္ခဏာတော် အစရှိသည်ဖြင့် ကောင်းစွာ တန်ဆာ ဆင်အပ်သော ကိုယ်တော်သည်လည်းကောင်း။ တနည်း၊ ကုသုမိတံ၊ ပြည့်ဝစေအပ်သော။ လက္ခဏဂ္ဂ၊ လက္ခဏာတော်ကြီးငယ်သည်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ပျောက်ပြီ။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသင်္ခါရတို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဧဝ၊ အချည်းနှီးတို့သာလျှင်တည်း။

ဤဘွင်ရွေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ **တစ်ဆယ့်ကိုးခုတို့၏**
ပြည့်ကြောင်းဖြစ်သော ဝိစသိမြတ်စွာဘုရား
အကြောင်းကား ပြီး၏။



ယသော်ဓရာ ဘုရား




ကို ဦးနိုက်ရှိခိုးပုံ

# ၂၂-သိခီ ဗုဒ္ဓဝံသ

## သိခီဘုရားအကြောင်းကို ပြခြင်း

ထို ဝိပဿီမြတ်စွာဘုရား နောက်အဖို့၌ ဝိပဿီမြတ်စွာဘုရား ပွင့်သော ကပ် ကွယ်ပျောက်လတ်သော် ငါးဆယ့်ကိုးကပ်တို့၌ ဘုရားရှင်တို့ မပွင့်ကုန်။ ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာထက်၌ ပြေပြစ်ချောမော သွေ့ခြောက်သော အနှစ်ရှိသော ထင်းဖြင့် ချက်အပ်သော များစွာသော ထောပတ်ဖယောင်းကို စီရင်၍ ထွန်းအပ်သော ဆီမီးသည် ရှိ၏။ ထိုဆီမီး၏ အခိုးမရှိသော မီးလျှံကဲ့သို့ သိခီ မြတ်စွာဘုရားနှင့် ဝေဿဘူ မြတ်စွာဘုရား နှစ်ဆူတို့သည် လောက၌ ပွင့်တော်မူကုန်၏။ ထိုနှစ်ဆူသော ဘုရားတို့တွင် သိခီဘုရားလောင်းသည် ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာ နတ်ပြည်၌ ဖြစ်လျှင် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ ကုသိုလ်ပွင့်ခြင်းရှိသော အရုဏဝတီမြို့၌ လွန်မြတ်သော ဂုဏ်ရှိသည် ဖြစ်၍ အရုဏဝန္တမည်သော မင်း၏ နီလုစွာသော ရွှေရုပ်ကဲ့သို့ ပြိုးပြိုးပြက် ထွက်သည် ဖြစ်၍ တွန်းပသော အရောင်ရှိသော ပဘာဝတီမိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူ၏။

ထိုသိခီဘုရားလောင်းသည် ဆယ်လကို လွန်သဖြင့် နိသဘဥယျာဉ်၌ မယ်တော်ဝမ်းမှ ဖွားမြင်တော်မူ၍ အမည်မှည့်အံ့သော နေ့၌ လက္ခဏာ ဖတ်သူတို့ သင်းကျစ်မှ မီးလျှံကဲ့သို့ တက်ခြင်းကြောင့် သိခီဟူသော အမည်ကို မှည့်ကုန်၏။ ထိုသိခီဘုရားအလောင်းသည် အနှစ်ခုနစ်ထောင်တို့ ပတ်လုံး သုစန္ဒကသိရီ, ဂိရိယသ, နာရိဝသဘ မည်သော ပြာသာဒ် သုံးဆောင်တို့၌ သဗ္ဗကာမမိဖုရားအမှူးရှိသော နှစ်သောင်းလေးထောင်သော မောင်းမတို့ခြံရံအပ်သည် ဖြစ်၍ စံစားတော်မူစဉ် သဗ္ဗကာမမိဖုရားကြီး၌ အတုလမည်သော သားတော်ကို ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါး တို့ကို မြင်တော်မူ၍ ဆင်ယာဉ်ဖြင့် စီးလျက် တောထွက်တော်မူသော် သုံးသန်း ခုနစ်သိန်းသော သူတို့လည်း ဘုရားလောင်းနောက်သို့ လိုက်၍ ရဟန်းပြုကြကုန်၏။

ထိုဘုရားလောင်းသည်လည်း ရဟန်းအပေါင်း ခြံရံအပ်သည် ဖြစ်၍ ရှစ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ သုဒဿနနိဂုံး၌ ပိယဒဿီ သေဋ္ဌေး သမီးသည် လှူအပ်သော နို့ဃနာကို ဘုဉ်းပေးတော်မူ၍ စိမ်းညိုပျိုနုသော ရွာတော၌ နေ့သန့်ခြင်းကို လွန်စေလျက် အနောမဒဿီ မည်သော ရသေ့သည် လှူအပ်သော သမန်းမြက်

ရှစ်ဆုပ်ကို ယူတော်မူ၍ ပုဏ္ဏရိက် သရက်ဖြူဗောဓိသို့ ကပ်တော်မူ၏။ ထိုပုဏ္ဏရိက်ဗောဓိကား သခွတ်ပင်ပမာဏရှိ၏။ ထိုနေ့၌ ပုဏ္ဏရိက်ပင်သည် အတောင်ငါးဆယ် ပင်စည်ရှိသည် ဖြစ်၍ မြင့်၏။ ထိုပုဏ္ဏရိက်ပင်၏ ခက်မတို့ သည်လည်း အတောင်ငါးဆယ် အတိုင်းအရှည် ရှိကုန်၏။

ဘုရားလောင်းသည်လည်း ထိုပုဏ္ဏရိက်ပင်သို့ ကပ်ပြီးမှ နှစ်ဆယ့်လေး တောင်အပြန့်အကျယ်သော မြက်အခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့ခွေနေတော် မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူ၍ သုံးဆယ့် ခြောက်ယူဇနာရှိသော မာရ်စစ်သည်ဗိုလ်ပါကို ဖျက်ဆီးလျက် သဗ္ဗညုတ ဉာဏ်သို့ ရောက်တော်မူလျှင်"အနေကဇာတိသံသာရံ"အစရှိသော ဂါထာဖြင့် ဥဒါန်းစကား ကျူးရင့်တော်မူ၏။

---

## သိဒ္ဓိမြတ်စွာဘုရား သတ္တဂါတို့ကို ချွတ်တော်မူခြင်း

ဤသို့ သိဒ္ဓိမြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးလျှင် ဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေတော်မူပြီးမှ ဗြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံတော်မူလျက် ကိုယ်တော်နှင့်အတူ ရဟန်းပြုကြကုန်သော သုံးသန်း ခုနစ်သိန်းသော ရဟန်းတို့အား ဥပနိဿယနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ နေမင်းသွားအပ်သော ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် အထူးထူး အပြားပြားသော တန်ဆာရှိသော အရုဏဝတီ မင်းနေပြည်ကြီး၏ အနီး မိဂါဇိန်ဥယျာဉ်သို့ သက်တော်မူ၍ ရဟန်းအပေါင်း ခြံရံလျက် ထိုရဟန်းတို့ အလယ်၌ နေတော်မူ၍ ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေတစ်သိန်းသောသူတို့သည် ရှေးဦးစွာ သစ္စာလေးပါးတရားကို သိကုန်၏။ ထို့ကြောင့်—

ဝိပဿိဿ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
သိခိဝှယော နာမ ဇိနော၊ အသမော အပ္ပဋိပုဂ္ဂလော။
မာရသေနံ ပမဒ္ဒိတွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
ဓမ္မစက္ကံ ပဝတ္တေသိ၊ အနုကမ္ပာယ ပါဏိနံ။
ဓမ္မစက္ကံ ပဝတ္တေန္တေ၊ သိခိမှိ ဇိနပုင်္ဂဝေ။
ကောဋိသတသဟဿာနံ၊ ပဌမာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ ဝိပဿိဿ၊ ၏။ အပရေန၊ ၌။ ဒွိပဒုတ္တမော၊ မူထသော။ သိခိဝှယော နာမ၊ သိခီဟူသော အမည်တော်ဖြင့် ခေါ်ဝေါ်ခြင်း ရှိထသော။ ဇိနော၊ ပြီးထသော။ အသမော၊ ရှိထသော။ အပ္ပဋိပုဂ္ဂလော၊ မူထသော။ သမ္ဗုဒ္ဓေါ၊ သည်။ လောကေ၊ ၌။ ဥပ္ပဇ္ဇိ၊ ပြီ။

သော ဘဂဝါ၊ သည်။ မာရသေနံ၊ မာရ်မင်းစစ်သည်ကို။ ပမဒ္ဒိတွာ၊ ယယ်ဖျက် နှိမ်နင်းတော်မူ၍။ ဥတ္တမံ၊ သော။ သမ္ဗောဓိံ၊ သို့။ ပတ္တော၊ ၍။ ပါဏီနံ၊ တို့အား။ အနုကမ္ပာယ၊ ဖြင့်။ ဓမ္မစက္ကံ၊ ဓမ္မစကြာ ဒေသနာတော်ကို။ ပဝတ္တေသိ၊ မူပြီ။

သိခိမှို ဇိနပုင်္ဂဝေ၊ သိခီအမည်တော်ရှိသော ဘုရားမြတ်သည်။ ဓမ္မစက္ကံ၊ ကို။ ပဝတ္တေန္တေ၊ ဟောတော်မူသည် ရှိသော်။ ကောဋိသတသဟဿာနံ၊ ကုဋေတစ်သိန်းသောသူတို့အား။ ပဌမော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ပြီ။

တဖန်လည်း အရုဏဝတီမည်သော မင်းနေပြည်ကြီး၏ အနီး၌ အဘိဘူမင်းသားနှင့် သမ္ဘဝမင်းသားတို့အား အခြံအရံနှင့်တကွ တရားဟောတော်မူသည် ရှိသော် ကုဋေ ကိုးသောင်းသော လူတို့ကို တရားတည်းဟူသော အမြိုက်ကို တိုက်ကျွေးတော်မူ၏။ ဤကား နှစ်ကြိမ်မြောက် သစ္စာလေးပါးကို သိစေခြင်းတည်း။ ထို့ကြောင့်—

အပရမ္ပိ ဓမ္မံ ဒေသေန္တေ၊ ဂဏသေဋ္ဌေ နရုတ္တမေ။
နဝုတိကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

အပရမ္ပိ၊ တပါးလည်း။ နရုတ္တမေ၊ လူတို့ထက် မြတ်တော်မူသော။ ဂဏသေဋ္ဌေ၊ ဂိုဏ်းအပေါင်း ဟူသမျှတို့ထက် အထူးချီးမွမ်းအပ်သော ဘုရားသခင်သည်။ ဓမ္မံ၊ ကို။ ဒေသေန္တေ၊ ဟောတော်မူသည်ရှိသော်။ နဝုတိကောဋိသဟဿာနံ၊ ကုဋေကိုးသောင်းကုန်သောသူတို့၏။ ဒုတိယာဘိသမယော၊ နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိခြင်းသည်။ အဟု၊ ပြီ။

အကြင်အခါ သူရိယဝတီမြို့တံခါး စကားပင်ကြီးအနီး၌ တိတ္ထိတို့၏ မာန်ယစ်ခြင်းကို ချိုးဖျက်ခြင်းငှာလည်းကောင်း၊ အလုံးစုံသော လူအပေါင်းတို့အား သံသရာ တည်းဟူသော အနှောင် အဖွဲ့မှ လွတ်စေခြင်းငှာ

လည်းကောင်း, အစုံအစုံသော တန်ခိုးပြာဋိဟာဘို့ကို ပြတော်မူ၍ တရားဟောသည် ရှိသော် ကုဋေရှစ်သောင်းသော သတ္တဝါတို့သည် သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိကြကုန်၏။ ထို့ကြောင့်—

ယမကပါဋိဟာရိယဉ္စ၊ ဒဿယန္တေ သဒေဝကေ။
အသီတိကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

ဘဂဝတိ၊ မြတ်စွာဘုရားသည်။ သဒေဝကေ၊ တကွသော။ လောကေ၊ ၌။ ယမကပါဋိဟာရိယံ၊ အစုံအစုံသော တန်ခိုးပြာဋိဟာကို။ ဒဿယန္တေ၊ ပြသည် ရှိသော်။ အသီတိကောဋိသဟဿာနံ၊ ကုဋေ ရှစ်သောင်းသော လူတို့၏။ တတိယာဘိသမယော၊ သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိခြင်းသည်။ အဟု၊ ဖြစ်ပြီ။

---

## သိခိမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

အခါတပါး အဘိဘူ မင်းသား သမ္ဘဝ မင်းသားတို့နှင့် အတူတကွ ရဟန်း ပြုကုန်သော တစ်သိန်းသော ရဟန်းတို့ အလယ်၌ နေတော်မူ၍ ပါတိမောက်ကို ပြတော်မူ၏။ ဤကား ပဌမ အစည်းအဝေးတည်း။

အရုဏဝတီမြို့၌လည်း မြတ်စွာဘုရား ဆွေတော် မျိုးတော်တို့ အစည်းအဝေး၌ ရဟန်းပြုကုန်သော ရှစ်သောင်းသောရဟန်းတို့အလယ်၌ နေတော်မူ၍ ပါတိမောက်ကို ပြတော်မူ၏။ ဤကား နှစ်ကြိမ်မြောက် အစည်းအဝေးတည်း။

ဓနဥယျမြို့၌လည်း နေပါလသူကြွယ်ကို ဆုံးမတော်မူသောအခါ ရဟန်း ပြုကုန်သော ခုနစ်သောင်းသော ရဟန်းတို့၏ အလယ်၌ နေတော်မူ၍ မြတ်စွာဘုရား ပါတိမောက်ကို ပြတော်မူ၏။ ဤကား သုံးကြိမ်မြောက် အစည်းအဝေးတည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ သိခိဿာပိ မဟေသိနော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

ဘိက္ခုသတသဟဿာနံ၊ ပဌမော အာသိ သမာဂမော။
အသီတိဘိက္ခုသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။

သတ္တတိဘိက္ခုသဟဿာနံ၊ တတိယော အာသိ သမာဂမော။
အနုပလိတ္တော ပဒုမံဝ၊ တောယမှိ သမ္ပဝၗိတံ–

ဟူ၍ ဟောတော်မူပြီ။

သိခိဿာပိ၊ သိခိအမည်တော်ရှိသော။ မဟေသိနော၊ ၏။ တာဒိနံ၊ ကုန်ထ သော။ သန္တစိတ္တာနံ၊ ကုန်ထသော။ ဝိမလာနံ၊ ကုန်ထသော။ ခီဏာသဝါနံ၊ တို့၏။ တယော၊ ကုန်သော။ သန္နိပါတာ၊ တို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

ဘိက္ခုသတသဟဿာနံ၊ တစ်သိန်းကုန်သောရဟန်းတို့၏။ ပဌမော၊သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။ အသီတိဘိက္ခုသဟဿာနံ၊ ရှစ်သောင်း ကုန်သော ရဟန်းတို့၏။ ဒုတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

သတ္တတိဘိက္ခုသဟဿာနံ၊ ခုနစ်သောင်းကုန်သော ရဟန်းတို့၏။ တတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။ တောယမှိ၊ ရေ၌။ သမ္ပဝၗိတံ၊ ကောင်းစွာကြီးပွားသော။ ပဒုမံ၊ ပဒုမ္မာကြာသည်။ တောယေန၊ ရေဖြင့်။ အနုပလိတ္တံ ဣဝ၊ မလိမ်းကျံသကဲ့သို့။ သော၊ ထိုမြတ်စွာဘုရားသည်။ အနုပလိတ္တော၊ ကိလေသာတို့ဖြင့် မလိမ်းကျံအပ်။

---

## ငါတို့ဘုရားလောင်း အရိန္ဒမမင်းကြီးဖြစ်စဉ် သိခိမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားအလောင်းတော်သည် တစုံတယောက်သော သူတို့ ဖိစီးခြင်းငှာ မတတ်နိုင်သော ပရိဘုတ္တမြို့၌ အရိန္ဒမ မင်းကြီး ဖြစ်၍ သိခိ မြတ်စွာဘုရား ပရိဘုတ္တမြို့သို့ အစဉ်ရောက်တော်မူသည် ရှိသော် အခြံအရံ နှင့်တကွ အရိန္ဒမ မင်းကြီးသည် မြတ်စွာဘုရားအား ခရီးဦး ကြိုဆို၍ ကြည်ညိုသောစိတ် ရှိရကား အခြံအရံနှင့်တကွ ရှိခိုးဦးတိုက်လျက် မြတ်စွာ ဘုရားကို ဆွမ်းပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေး၍ ပုဆိုး

ထားရာတိုက်ကို ဖွင့်ပြီးမှ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား အဖိုး အတိုင်းမသိ ထိုက်သော အဝတ်ပုဆိုးတို့ကို လှူ၏။ အစွမ်း ခွန်အား အဆင်း အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသည် ဖြစ်၍ လျင်ခြင်းအား, ရွေကွန်ယက်တို့ဖြင့် ကောင်းစွာ တန်ဆာဆင်အပ်သော ရွှေသစ်ဖြင့် စီရင်အပ်သော ပြိုးပြိုးပြက် အရောင်ထွက်သော အစွယ်, စွပ်အပ်သော အအိမ်ရှိသည် ဖြစ်၍ စာမရီ သားမြီးယပ်ကဲ့သို့ နှစ်ခုအစုံ တင့်တယ်သော နူးညံ့ သိမ်မွေ့သောနား, နှာမောင်း၏ တင့်တယ်ခြင်း, မျက်နှာ၏ တင့်တယ်ခြင်း, ဧရာဝဏ် ဆင်မင်း ကဲ့သို့ ရန်သူကို တားမြစ်နိုင်သော ဆင်ကိုလည်း လှူတော်မူ၍ ထိုဆင်ပမာဏ ရှိသော ကပ္ပိယဘဏ္ဍာတို့ကိုလည်း လှူတော်မူ၏။ ထိုအခါ သိခီမြတ်စွာ ဘုရားသည် မင်းကြီးကို "ဤကမ္ဘာမှ သုံးဆယ်တစ်ကမ္ဘာထက်၌ ဘုရား ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ အရိန္ဒမော နာမ ခတ္တိယော။
သမ္ဗုဒ္ဓပ္ပမုခံ သံဃံ၊ အန္နပါနေန တပ္ပယိံ။

ဗဟုံ ဒုဿပဂံ ဒတွာ၊ ဒုဿကောဋိံ အနပ္ပကံ။
အလင်္ကတံ ဟတ္ထိယာနံ၊ သမ္ဗုဒ္ဓဿ အဒါသဟံ။

ဟတ္ထိယာနံ နိမ္မိနိတွာ၊ ကပ္ပိယံ ဥပနာမယိံ။
ပူရယိံ မာနသံ မယှံ၊ နိစ္စံ ဒဠှမုပဋ္ဌိတံ။

သောပိ မံ ဗုဒ္ဓေါ ဗျာကာသိ၊ သိခီ လောကဂ္ဂနာယကော။
ကေတ္တိံသေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

တဿ တံ ဝစနံ သုတွာ ။လ။ ဒသပါရမိပူရိယာ—

ဟူ၍ ဟောတော်မူပြီ။

**သာ**ရိပုတ္တ၊ ရာ။ အဟံ၊ သည်။ တေန သမယေန၊ ၌။ အရိန္ဒမော နာမ၊ **အ**ရိန္ဒမ မည်သော။ ခတ္တိယော၊ သည်။ ဟုတွာ၊ ၍။ သမ္ဗုဒ္ဓပ္ပမုခံ၊ ဘုရားလျှင် အမှူးရှိသော။ သံဃံ၊ သံဃာတော်ကို။ အန္နပါနေန၊ ဖြင့်။ တပ္ပယိံ၊ ရောင့်ရဲစေအပ်၏။

ဒုဿကောဋိံ အနပ္ပကံ၊ မရေတွက်နိုင်သော ပုဆိုး အကုဋေရှိသော။ ဗဟုံ၊ များစွာသော။ ဒုဿပဂံ၊ သင်္ကန်းလျာကို။ ဒတွာ၊ ၍။ အလင်္ကတံ၊

တန်ဆာဆင်အပ်သော။ ဟတ္ထိယာနံ၊ ဆင်ယာဉ်ကို။ သမ္ဗုဠှာ၊ အား။ အဟံ၊ ငါသည်။ အဒါသိံ၊ လှူပြီ။

ဟတ္ထိယာနံ၊ ဆင်ယာဉ်ကို။ နိမ္မိနိတွာ-တုလယိတွာ၊ အတိုင်းအရှည်ပြု၍။ ကပ္ပိယံ၊ အပ်သော ဘဏ္ဍာကို။ ဥပနာမယိံ အဒါသိံ၊ လှူပြီ။ မယှံ၊ ငါ၏။ မာနသံ၊ စိတ်သည်။ ဒါနပီတိယာ၊ ဒါန၌ နှစ်သက်ခြင်းဖြင့်။ ပူရယိံ၊ ပြည့်ပြီ။ နိစ္စံ၊ အခါခပ်သိမ်း။ ဒါနံ၊ ကို။ ဒဿာမိတိ၊ လှူအံ့ဟု။ ဒါနဝသေန၊ ဖြင့်။ ဒဠှံ၊ မြဲစွာ။ ဥပဋ္ဌိတံ၊ ဆောက်တည်အပ်ပြီ။

လောကဂ္ဂနာယကော၊ မူထသော။ သိခီ၊ ရှိသော။ သောပိ ဗုဒ္ဓေါ၊ သည်လည်း။ မံ၊ ငါ့ကို။ အယံ၊ ဤအရိန္ဒမ မင်းသည်။ ဣတော၊ ဤကမ္ဘာမှ။ ကေတ္တိံသေ ကပ္ပေ၊ သုံးဆယ့်တစ်ကမ္ဘာအထက်၌။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်စကား ကြားတော်မူ၏။

တဿ၊ ထိုသိခီမြတ်စွာဘုရား၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍ ။လ။

---

## သိခီမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုသိခီ မြတ်စွာဘုရား၏ နေပြည်တော်ကား အရုဏဝတီ မည်၏။ အရုဏဝါ မင်းကြီးကား ခမည်းတော်ဘည်း။ မယ်တော်ကား ပဘာဝတီ မည်၏။ အဘိဘူနှင့် သမ္ဘဝတို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ အလုပ် အကျွေးကား ခေမင်္ကရမည်၏။ သခိလာနှင့် ပဒုမာတို့ကား အဂ္ဂသာဝိကာမ ဖြစ်ကုန်၏။ ပွင့်ရာ ဗောဓိကား သရက်ဖြူပင်တည်း။ ထိုဘုရားမြတ်၏ အရပ်တော်ကား အတောင် ခုနစ်ဆယ် မြင့်၏။ အခါခပ်သိမ်း ကိုယ်တော် ရောင်သည် သုံးယူဇနာနှံ၍ တည်၏။ အသက်တော်ကား အနှစ်ခုနစ်သောင်း တည်း။ ထိုဘုရားလောင်း မိဖုရားကြီးကား သဗ္ဗကာမ မည်၏။ သားတော် ကား အတုလ မည်၏။ ထို့ကြောင့်—

နဂရံ အရုဏဝတီ နာမ၊ အရုဏော နာမ ခတ္တိယော။
ပဘာဝတီ နာမ ဇနိကာ၊ သိခိဿ စ မဟေသိနော။

အဘိဘူ သမ္ဘဝေါ စေဝ၊ အဟေသုံ အဂ္ဂသာဝကာ။
ခေမင်္ကရော နာမုပဋ္ဌာကော၊ သိခိဿ စ မဟေသိနော။

သခိလာ စ ပဒုမာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ ပုဏ္ဍရီကောတိ ဝုစ္စတိ။

သိရိဝစ္ဆော စ နန္ဒော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
စိတ္တာ စေဝ သုဂုတ္တာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

ဥစ္စတ္တနေန သော ဗုဒ္ဓေါ၊ သတ္တတိံဟတ္ထမုဂ္ဂတော။
ကဉ္စနဂ္ဃိယသင်္ကာသော၊ ဒွတ္တိံသဝရလက္ခဏော။

တဿ ဗျာမပ္ပဘာ ကာယာ၊ ဒိဝါရတ္တိံ နိရန္တရံ။
ဒိသောဒိသံ နိစ္ဆရန္တိ၊ တီဏိ ယောဇနသော ပဘာ။

သတ္တတိဝဿသဟဿာနိ၊ အာယု တဿ မဟေသိနော။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဓမ္မမေဃံ ပဝဿေတွာ၊ တေမယိတွာ သဒေဝကေ။
ခေမံ တံ ပါပုဏိတွာန၊ နိဗ္ဗုတော သော သသာဝကော။

အနုဗျဉ္ဇနသမ္ပန္နံ၊ ဒွတ္တိံသဝရလက္ခဏံ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ–

ဟူ၍ ဟောတော်မူပြီ။

မဟေသိနော၊ မူပြီးသော။ သိခိဿ စ၊ သိခီဘုရား၏လည်း။ နဂရံ၊ သည်။ အရုဏဝတီ နာမ၊ အရုဏဝတီ မည်၏။ ခတ္တိယော၊ ခမည်းတော်သည်။ အရုဏဝါ နာမ၊ မည်၏။ ဇနိကာ၊ သည်။ ပဘာဝတီ နာမ၊ မည်၏။

အဘိဘူ၊ လည်းကောင်း။ သမ္ဘဝေါ စေဝ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ မဟေသိနော၊ မူပြီးသော။ သိခိဿ စ၊ ၏လည်း။ ဥပဋ္ဌာကော၊ သည်။ ခေမင်္ကရော နာမ၊ ခေမင်္ကရမည်၏။

သခိလာ စ၊ လည်းကောင်း။ ပဒုမာ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝိကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿ ဘဂဝတော၊ ၏။ ဗောဓိ၊ ကို။ ပုဏ္ဍရီကောတိ၊ သရက်ဖြူပင်ဟူ၍။ ဝုစ္စတိ၊ ၏။

သိရိဝစ္ဆော စ၊ သိရိဝစ္ဆလည်းကောင်း။ နန္ဒော စ၊ နန္ဒလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ စိတ္တာ စေဝ၊ စိတ္တာလည်းကောင်း။ သုဂုတ္တာ စ၊ သုဂုတ္တာ

လည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သောအလုပ်အကျွေးဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

ကဥ္စနဂ္ဃိယသင်္ကာသော၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေသည်တိုင်ကဲ့သို့။ ဒွတ္တိံသဝရလက္ခဏော၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့ လက္ခဏာတော်ဖြင့် ဆန်းကြယ်စွာသော။ သော ဗုဒ္ဓေါ၊ သည်။ ဥစ္စတရေန၊ အမြင့်အားဖြင့်။ သတ္တတိဟတ္ထံ၊ အတောင်ခုနစ်ဆယ်။ ဥဂ္ဂတော၊ မြင့်တော်မူ၏။

တဿ၊ ၏။ ကာယာ၊ ကိုယ်တော်မှ။ ဒိဝါရတ္တိံ၊ နေ့ညဥ့်ပတ်လုံး။ နိရန္တရံ၊ မပြတ်။ ဗျာမပ္ပဘာ၊ တစ်လံမျှလောက်သော အရောင်တော်တို့သည်။ ဒိသောဒိသံ၊ အရပ်ထက်ဝန်းကျင်။ နိစ္ဆရန္တိ၊ ထွန်းလင်းကုန်၏။ တီဏိ၊ သုံးပါးကုန်သော။ ယောဇနသော-ယောဇနာနိ၊ ယူဇနာတို့တိုင်တိုင်။ ပဘာ၊ အရောင်တော်တို့သည်။ နိစ္ဆရန္တိ၊ ထွန်းပကုန်၏။

မဟေသိနော၊ သော။ တဿ၊ ၏။ အာယု၊ သည်။ သတ္တတိဝဿ-သဟဿာနိ၊ အနှစ်ခုနစ်သောင်းတို့ပတ်လုံး။ တိဋ္ဌတိ၊ ၏။ တာဝတော၊ လောက်။ တိဋ္ဌမာနော၊ မူသော။ သော ဘဂဝါ၊ သည်။ ဗဟုံ၊ သော။ ဇနတံ၊ ကို။ တာရေသိ၊ ပြီ။

ဓမ္မမေဃံ၊ တရားတည်းဟူသော မိုးကို။ ပဝဿေတွာ၊ ရွာစေ၍။ သဒေဝကေ၊ သော။ သတ္တေ၊ သတ္တဝါတို့ကို။ တေမယိတွာ၊ စွတ်စေ၍။ ခေမတံ၊ ဘေးကင်းသည့်အဖြစ်သို့။ ဝါ၊ နိဗ္ဗာန်သို့။ ပါပုဏိတွာန၊ ရောက်စေ၍။ သသာဝကော၊ တကွသော။ သော ဘဂဝါ၊ သည်။ နိဗ္ဗုတော၊ ပြီ။

အနုဗျဉ္ဇနသမ္ပန္နံ၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် တို့နှင့်လည်း ပြည့်စုံသော။ ဒွတ္တိံသဝရလက္ခဏံ၊ သုံးဆယ့်နှစ်ပါးသော မြတ်သောလက္ခဏာတော်ကြီးဟု ဆိုအပ်သော။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ပျောက်လေပြီ။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသော သင်္ခါရ တရားတို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဝေ၊ အချည်းနှီးတို့ သာလျှင်တည်း။

ဤတွင်ရွှေကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ဆူရေနှစ်ဆယ်တို့၏
ပြည့်ကြောင်းဖြစ်သော သိဒ္ဓိဘုရားအကြောင်းကား ပြီး၏။

# ၂၃-ဝေဿဘူ ဗုဒ္ဓဝံသ

## ဝေဿဘူ မြတ်စွာဘုရားအကြောင်းကို ပြခြင်း

ထိုသိခီ မြတ်စွာဘုရား နောက်အဖို့၌ သာသနာတော် ကွယ်ခဲ့သည် ရှိသော် အနှစ်ခုနစ်သောင်း အသက်ရှည်ကုန်သော လူတို့သည် အစဉ်သဖြင့် ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်ပြီးမှ တဖန် အသက်ပွားပြန်၍ အသင်္ချေသို့ ရောက်ပြီးနောက် ဆုတ်ယုတ်ပြန်သော် အနှစ်ခြောက်သောင်း အသက်ရှည်သောအခါ ဝေဿဘူ အမည်ရှိသော ဘုရားသည် လောက သုံးပါး၌ ထင်ရှား ပွင့်တော်မူ၏။

ထိုဘုရားလောင်းကား ပါရမီဆယ်ပါးတို့ကို ဖြည့်တော်မူ၍ တုသိတာ နတ်ပြည်၌ဖြစ်၍ ထိုတုသိတာနတ်ပြည်မှ စုတေခဲ့ပြီးသော် အနောမမည်သော မြို့၌ သုပ္ပတိတမည်သော မင်း၏ ယသဝတီမည်သော မိဖုရားကြီးဝမ်း၌ စွဲလမ်းသန္ဓေ နေတော်မူသော် ဆယ်လကို လွန်သဖြင့် အနုပမဥယျာဉ်၌ ဖွားမြင်တော်မူ၍ နှစ်နှစ်သက်သက် ဝဿဘအသံကို မြွက်သောကြောင့် ဘုရားလောင်း၏ အမည်ကို ဝေဿဘူဟု မှည့်ကြကုန်၏။

ထိုဘုရားလောင်းသည်လည်း အနှစ်ခြောက်ထောင်တို့ ပတ်လုံး ရုစိ, သုရုစိ, ရတိဝဍ္ဎန မည်သော ပြာသာဒ် သုံးဆောင်တို့၌ သုစိတ္တာဒေဝီ အမှူးရှိသော သုံးသောင်းသော မိန်းမတို့ ခြံရံသည်ဖြစ်၍ ရွှေနန်းစည်းစိမ်ကို ခံစားစဉ် သုစိတ္တာဒေဝီ၌ သုပ္ပဗုဒ္ဓမည်သော မင်းသားကို ဖွားမြင်လတ်သော် ရွှေထမ်းစဉ်ဖြင့် ဥယျာဉ်သို့ သွား၍ နတ်တို့ ကပ်လှူအပ်သော သင်္ကန်းဖြင့် ရဟန်းပြုတော်မူသော် သုံးသောင်း ခုနစ်ထောင်ကုန်သော လူတို့လည်း အတူလိုက်၍ ရဟန်းပြုကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ရဟန်းအပေါင်းခြံရံလျက် ခြောက်လ တို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့၌ သုစိတ္တ နိဂုံးဝယ် ထင်ရှားသော ကိုယ်ရှိသော သိရိဝဍ္ဎနာ မည်သော နဂါးမသည် လှူအပ်သော နို့ဃနာကို ကောင်းစွာ ဘုဉ်းပေးတော်မူ၍ အင်ကြင်းတော၌ နေ့သန့်ခြင်းကို လွန်စေ၍ ညချမ်းသောအခါ နရိန္ဒ[၁] နဂါးမင်းလှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ အင်ကြင်းဗောဓိသို့ ကပ်တော်မူ၏။

---

၁။ နာဂိန္ဒ-ဟူ၍လည်း ရှိသည်။

ထို အင်ကြင်းဗောဓိ၌ အတောင်လေးဆယ် အပြန့်ကျယ်သော ငြက် အခင်းကို ခင်း၍ ထက်ငယ်ဖွဲ့ခွေ နေတော်မူလျက် ကင်းသော နိဗ္ဗာန ရှိသည် ဖြစ်၍ အလုံးစုံသော ကာမတရားကို ပိတ်ပင် တားဆီးခြင်း မရှိ အလိုတော်အတိုင်း အနာဝရဏဉာဏ်ကို ရ၍ "အနေကဇာတိသံသာရံ" ဟူသော ဂါထာဖြင့် ဥဒါန်း ကျူးရင့်တော်မူ၏။

---

## ဝေဿဘူမြတ်စွာဘုရား သတ္တဝါတို့ကို ချတ်တော်မူခြင်း

ထိုအခါ ဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေ၍ ကိုယ်တော်၏ ညီငယ်ဖြစ်သော သောဘဏ မင်းသားနှင့် ဥတ္တရမင်းသားတို့ ဥပနိဿယ နှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ နတ်တို့ ပွားသော ကောင်းကင် ခရီးဖြင့် ကြွတော်မူလျက် အနုပမ[၂] မြို့အနီး အရုဏ ဥယျာဉ်၌ သက်တော်မူ၍ ဥယျာဉ်စောင့်အား မင်းသားတို့ကို ခေါ်စေ၍ အခြံအရံနှင့်တကွ ဓမ္မစကြာ ဒေသနာကို ဟောတော်မူ၏။ ထိုအခါ ကုဋေရှစ်သောင်းသော သူတို့ ရှေးဦးစွာ သစ္စာလေးပါးတရားကို သိကြကုန်၏။

တဖန်လည်း ဝေဿဘူ မြတ်စွာဘုရားသည် ဇနပုဒ်သို့ ဒေသစာရီ ကြွချီတော်မူလျက် ထိုထိုအရပ်၌ တရားဟောတော်မူသည်ရှိသော် ကုဋေ ခုနစ်သောင်းကုန်သော လူတို့သည် သစ္စာလေးပါး တရားကို သိကုန်၏။ ဤကား နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။

မြတ်စွာဘုရားသည် အနုပမ မြို့၌ပင်လျှင် မိစ္ဆာဒိဋ္ဌိ တည်းဟူသော ကွန်ယက်ကို ဖြတ်၍ တိတ္ထိတို့၏ မာနတည်းဟူသော တံခွန်ကို ချိုးဖြတ်လျက် မာန တည်းဟူသော မာန်ယစ်ခြင်းကို ဖျောက်လွှင့်တော်မူပြီးမှ တရား တည်းဟူသော တံခွန်ကို ဆောက်စိုက်သည် ရှိသော် ယူဇနာကိုးဆယ် အပြန့်ကျယ်သော လူပရိသတ်၌လည်းကောင်း, အရေအတွက် အတိုင်း အရှည်မှ ကင်းသော ပရိသတ်၌လည်းကောင်း အစုံအစုံသော တန်ခိုး ပြာဋိဟာတို့ကို ပြတော်မူ၍ နတ်လူတို့ကို ကြည်ညိုစေလျက် ကုဋေ

---

၂။ အနောမ-ဟူ၍လည်း ရှိသည်။

ခြောက်ဆယ်သော လူနတ်တို့အား တရား တည်းဟူသော အမြိုက်ရေကို သောက်စေတော်မူပြီ။ ဤကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

တတ္ထေဝ မဏ္ဍကပ္ပမှိ၊ အသမော အပ္ပဋိပုဂ္ဂလော။
ဝေဿဘူ နာမ နာမေန၊ လောကေ ဥပ္ပဇ္ဇိ သော ဇိနော။

အာဒိတ္တန္ဟိ စ ရာဂဂ္ဂိ၊ တဏှာနံ ဝိဇိတံ ဟဒါ။
နာဂေါဝ ဗန္ဓနံ ဆေတွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

ဓမ္မစက္ကံ ပဝတ္တေန္တော၊ ဝေဿဘူ လောကနာယကော။
အသီတိကောဋိသဟဿာနံ၊ ပဌမာဘိသမယော အဟု။

ပက္ကန္တေ စာရိကံ ရဋ္ဌေ၊ လောကသေဋ္ဌေ နရာသဘေ။
သတ္တတိကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု။

မဟာဒိဋ္ဌိံ ဝိနောဒေန္တော၊ ပါဋိဟေရံ ကရောတိ သော။
သမာဂတာ နရမရူ၊ ဒသသဟဿီ သဒေဝကေ။

မဟာအစ္ဆရိယံ ဒိသွာ၊ အဗ္ဘုတံ လောမဟံသနံ။
ဒေဝါ စေဝ မနုဿာ စ၊ ဗုဇ္ဈရေ သဋ္ဌိကောဋိယော—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ တတ္ထေဝ မဏ္ဍကပ္ပမှိ၊ ထိုမဏ္ဍကပ်၌လျှင်။ အသမော၊ သော။ အပ္ပဋိပုဂ္ဂလော၊ မူသော။ နာမေန၊ ဖြင့်။ ဝေဿဘူ နာမ၊ ဝေဿဘူ အမည်ရှိသော။ သော ဇိနော၊ ထိုဘုရားသည်။ လောကေ၊ ၌။ ဥပ္ပဇ္ဇိ၊ ပြီ။

တဒါ၊ ထိုအခါ၌။ တဏှာနံ၊ တဏှာတို့၏။ ဝိဇိတံ၊ နိုင်ငံဖြစ်သောလောက သုံးပါးသည်။ ရာဂဂ္ဂိ-ရာဂဂ္ဂိနာ၊ ရာဂတည်းဟူသော မီးဖြင့်။ အာဒိတ္တံ၊ တပြောင်ပြောင်တောက်လောင်၍နေ၏။ ဣတိ စ၊ ဤသို့လျှင်။ ဉ တွာ၊ သိ၍။ ဗန္ဓနံ၊ အနှောင်အဖွဲ့ကို။ ဆိန္ဒန္တော၊ ဖြတ်နိုင်သော။ နာဂေါ၀၊ ဆင်ပြောင် ကဲ့သို့။ ဗန္ဓနံ၊ ကိလေသာ တည်းဟူသော အနှောင်အဖွဲ့ကို။ ဆေတွာ၊ ၍။ ဥတ္တမံ၊ သော။ သမ္ဗောဓိံ၊ သို့။ ပတ္တော၊ မူပြီ။

လောကနာယကော၊ မူသော။ ဝေဿဘူ၊ ဝေဿဘူဘုရားသခင်သည်။ ဓမ္မစက္ကံ၊ ကို။ ပဝတ္တေန္တေ၊ ရှိသော်။ အသီတ်ကောဋိသဟဿာနံ၊ ကုဋေရှစ်သောင်းကုန်သော သူတို့အား။ ပဌမော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ပြီ။

ရဋ္ဌေ၊ ဇနပုဒ်ပြည်တိုင်းကား၌။ လောကသေဋ္ဌေ၊ လူသုံးပါးတို့ထက်ကြီးမြတ်တော်မူသော။ နရာသဘော၊ မြတ်စွာဘုရားသည်။ စာရိကံ၊ ဒေသစာရီကို။ ပက္ကန္တေ၊ ကြွတော်မူလတ်သော်။ သတ္တတိကောဋိသဟဿာနံ၊ ကုဋေခုနစ်သောင်းသော သူတို့အား။ ဒုတိယော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ပြီ။

သော၊ ထိုဝေဿဘူ မြတ်စွာဘုရားသည်။ ယဒါ၊ အကြင်အခါ၌။ မဟာဒိဋ္ဌိ၊ ကြီးကျယ်သော မိစ္ဆာအယူကို။ ဝိနောဒေန္တော၊ ပယ်ဖျောက်တော်မူလျက်။ ပါဋိဟီရံ၊ တန်ခိုးပြာဋိဟာကို။ ကရောတိ၊ ပြုတော်မူ၏။ တဒါ၊ ထိုအခါ၌။ သဒေဝကေ၊ နတ်နှင့် တကွသော။ ဒသသဟဿိ၊ တစ်သောင်းသော လောကဓာတ်၌။ နရမရူ၊ လူ နတ်တို့သည်။ သမာဂတာ၊ စည်းဝေးကြကုန်၏။

ဒေဝါ စေဝ၊ နတ်တို့သည်လည်းကောင်း။ မနုဿာ စ၊ လူတို့သည်လည်းကောင်း။ အဗ္ဘုတံ၊ အံ့ဖွယ်ကောင်းလှသော။ လောမဟံသနံ၊ ကြက်သီးမွေးညင်း ထစေနိုင်သော။ မဟာအစ္ဆရိယံ၊ အကြီးအကျယ် အံ့သြဖွယ်ကို။ ဒိသွာ၊ ဖူးမြင်ကြရကုန်၍။ သဋ္ဌိကောဋိယော၊ ကုဋေခြောက်ဆယ်သော သူတို့သည်။ ဗုဇ္ဈရေ၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိကြကုန်၏။

---

## ဝေဿဘူမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

သောဏထေရ် ဥတ္တရထေရ် ဖြစ်သော အဂ္ဂသာဝက တပည့်မြတ်အစုံတို့ အစည်းအဝေး၌ ရဟန်းပြုကုန်သော ရှစ်သောင်းသော ရဟန်းတို့၏ အလယ်၌ တပို့တွဲလပြည့်နေ့ ပါတိမောက်ကို ပြတော်မူ၏။ ဤကား ပဌမအစည်းအဝေးတည်း။

အကြင်အခါ အလုံးစုံသော လောကကို လွှမ်းမိုးနိုင်သောမြတ်စွာဘုရားနှင့် တကွ ရဟန်းပြုကုန်သော သုံးသောင်း ခုနစ်ထောင်သော ရဟန်းတို့သည်

ဂိုဏ်းမှ ဖဲခွါ သင့်သော အခါတွင် အရပ်တပါးသို့ ဖဲခွါ သွားကြကုန်၏။ ထိုအရပ်တပါးသို့ ဖဲသွားသော ရဟန်းတို့သည် ဝေဿဘူ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြောင်းကို သတင်းကြား၍ သောရေယျမြို့သို့ သွားလျက် ဘုရားကို ဖူးကြကုန်သော် ထိုရဟန်းတို့အား မြတ်စွာဘုရားသည် တရားဟောတော်မူ၍ ဧဟိဘိက္ခု ခေါ်တော်မူလျှင် ရဟန္တာဖြစ်၍ အင်္ဂါ လေးပါးနှင့် ပြည့်စုံသော ပါတိမောက်ကို ပြတော်မူ၏။ ဤကား နှစ်ကြိမ် မြောက် အစည်းအဝေးတည်း။

အကြင်အခါ၌ နာရိဝါဟနမြို့၌ ဥပသန္တမည်သော မင်းသားသည် မင်းပြု သည်ရှိသော် ထိုမင်းသားအား သနားသဖြင့် မြတ်စွာဘုရားသည် ထိုနာရိ ဝါဟနမြို့သို့ ကြွတော်မူ၍ ဥပသန္တ မင်းကြီးအား ကြွလာခြင်းကို ကြား၍ အခြံအရံနှင့်တကွ မြတ်စွာဘုရားအား ခရီးဦး ကြိုဆိုပြီးလျှင် ပင့်ဖိတ်၍ အလှူကြီးကို ပေးသည်ရှိသော် တရားတော်ကို နာရ၍ ကြည်ညိုသောစိတ် ရှိရကား မင်းကြီး ရဟန်းပြုသည် ရှိသော် ခြောက်သောင်းသော လူတို့လည်း အတူလိုက်၍ ရဟန်းပြုကြကုန်၏။ ထိုရဟန်းတို့သည် မင်းကြီး ရဟန်းနှင့် အတူတကွ အရဟတ္တဖိုလ်သို့ ရောက်ကြ၍ ထိုရဟန်းတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရား ပါတိမောက်ကို ပြတော်မူ၏။ ဤကား သုံးကြိမ်မြောက် အစည်းအဝေးတည်း။ ထို့ကြောင့်—

သန္နိပါတာ တယော အာသုံ၊ ဝေဿဘုဿ မဟေသိနော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

အသီတိဘိက္ခုသဟဿာနံ[၁]၊ ပဌမော အာသိ သမာဂမော။
သတ္တတိဘိက္ခုသဟဿာနံ၊ ဒုတိယော အာသိ သမာဂမော။

သဋ္ဌိဘိက္ခုသဟဿာနံ၊ တတိယော အာသိ သမာဂမော။
ဇရာဒိဘယဘီတာနံ၊ သြရသာနံ မဟေသိနော—

ဟူ၍ ဟောတော်မူပြီ။

---

၁။ အသီတိကောဋိသဟဿာနံ-ဟူ၍လည်း ရှိသည်။

သာရိပုတ္တ၊ ရာ။ မဟေသိနော၊ မူပြီးသော။ ဝေဿဘုဿ၊ အား။ တာဒိနံ၊ မူကုန်ထသော။ သန္တစိတ္တာနံ၊ မူကုန်ထသော။ ဝိမလာနံ၊ မူကုန်ထသော။ ခီဏာသဝါနံ၊ တို့၏။ တယော၊ ကုန်သော။ သန္နိပါတာ၊ တို့သည်။ အာသုံ၊ ကုန်ပြီ။

ဇရာဒိဘယာတီတာနံ၊ အိုခြင်း စသော ဘေးကို လွန်မြောက်တော်မူကုန်ပြီးထသော။ မဟေသိနော၊ ဘုရားသခင်၏။ ဩရသာနံ၊ ကိုယ်တော်ရင်နှစ် သားကော်စစ်လည်း ဖြစ်တော်မူကုန်ထသော။ အသီတိဘိက္ခုသဟဿာနံ၊ ရှစ်သောင်းကုန်သော ရဟန္တာတို့၏။ ပဌမော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။ သတ္တတိဘိက္ခုသဟဿာနံ၊ ခုနစ်သောင်းခုနစ်ထောင်သော ရဟန္တာတို့၏။ ဒုတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။ သဋ္ဌိဘိက္ခုသဟဿာနံ၊ ခြောက်သောင်းကုန်သောရဟန္တာတို့၏။ တတိယော၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

---

## ငါတို့ဘုရားလောင်း သုဒဿနမင်း ရဟန်းဖြစ်စဉ် ဝေဿဘူမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ ဘုရားအလောင်းတော်သည် သရဘဝတီမြို့၌ လွန်စွာချစ်အပ် ရှုအပ်သော သုဒဿနမင်း ဖြစ်သည် ရှိသော် နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ဝေဿဘူ မြတ်စွာဘုရားသည် သရဘမြို့သို့ ရောက်တော်မူလျှင် ဘုရားမြတ် တရားကိုနာရ၍ ကြည်ညိုသော စိတ်ရှိရကား ဘုရားအမှူးရှိသော သံဃာတော်နှင့်တကွ အလှူကြီးကို ပေး၍ ထိုသရဘမြို့၌ပင်လျှင် ဂန္ဓကုဋီကို ဆောက်လုပ်၍ ထိုကုဋီကို ခြံရံလျက် ကျောင်းရံတစ်ထောင်ကို ဖြစ်စေပြီး အလုံးစုံသော စည်းစိမ်ဟူသမျှဖြစ်သော ဉစ္စာကို သာသနာတော်၌ စွန့်ကြဲ၍ ဘုရားမြတ် အထံ၌ ရဟန်းပြုသည် ရှိသော် အာစာရကျေးဇူးနှင့် ပြည့်စုံသည်ဖြစ်၍ တစ်ဆယ့်သုံးပါးသော ဓုတင်တို့ကို အမြဲဆောင်လျက် သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီတို့၌ မွေ့လျော်သည် ဖြစ်၍ ဘုရားမြတ် သာသနာတော်၌ အားထုတ်၍ နေ၏။ ဝေဿဘူ ဘုရားသည်လည်း ထိုသုဒဿနရဟန်းကို "နောင်သောအခါ ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာထက်၌ ဂေါတမဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ သုဒဿနော နာမ ခတ္တိယော။
နိမန္တေတွာ မဟာဝီရံ၊ ဒါနံ ဒတွာ မဟာရဟံ။
အန္နပါနေန ဝတ္ထေန၊ သသံဃံ ဇိနမပူဇယိံ။

တဿ ဗုဒ္ဓဿ အသမဿ၊ စက္ကံ ဝတ္တိတမုတ္တမံ။
သုတွာန ပဏီတံ ဓမ္မံ၊ ပဗ္ဗဇ္ဇမဘိရောစယိံ။

မဟာဒါနံ ပဝတ္တေတွာ၊ ရတ္တိန္ဒိဝမတန္ဒိတော။
ပဗ္ဗဇ္ဇံ ဂုဏသမ္ပန္နံ၊ ပဗ္ဗဇိံ ဇိနသန္တိကေ။

အာစာရဂုဏသမ္ပန္နော၊ ဝတ္တသီလသမာဟိတော။
သဗ္ဗညုတံ ဂဝေသန္တော၊ ရမာမိ ဇိနသာသနေ။

သဒ္ဓါပီတိ ဥပဂန္တွာ၊ ဗုဒ္ဓံ ဝန္ဒာမိ သတ္ထရံ။
ပီတိ ဥပ္ပဇ္ဇတေ မယှံ၊ ဗောဓိယာယေဝ ကာရဏာ။

အနိဝတ္တမာနသံ ဉတွာ၊ သမ္ဗုဒ္ဓေါ တေဒဗြဝိ။
ကေတ္တိံသေ ဣတော ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

အဟု ကပိလဝှယာ ရမ္မာ၊ နိက္ခမိတွာ တထာဂတော။

ပဓာနံ ပဒဟိတွာန၊ ကတွာ ဒုက္ကရကာရိကံ ။လ။

တဿ တံ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ အဟံ၊ သည်။ တေန သမယေန၊ ၌။ သုဒဿနော နာမ၊ သုဒဿနအမည်ရှိသော။ ခတ္တိယော၊ မင်းသည်။ သုတွာ၊ ၍။ မဟာဝီရံ၊ ကြီးမြတ်သော လုံ့လ ရှိတော်မူသော မြတ်စွာဘုရားကို။ နိမန္တေတွာ၊ ပင့်ဖိတ်၍။ မဟာရဟံ၊ မြတ်သောသူတို့သာ သုံးဆောင်ထိုက်သော။ ဒါနံ၊ ကို။ ဒတွာ၊ ၍။ သသံဃံ၊ သံဃာတော်နှင့်တကွသော။ ဇိနံ၊ ကို။ အန္နပါနေန၊ ဆွမ်းအဖျော်ဖြင့်လည်းကောင်း။ ဝတ္ထေန၊ သင်္ကန်းဖြင့်လည်းကောင်း။ အပူဇယိံ၊ ပူဇော်ပြီ။

အဿမဿ၊ သော။ တဿ ဗုဒ္ဓဿ၊ ထိုဘုရား၏။ ဥတ္တမံ၊ သော။ ဝတ္တိတံ၊ ဟောတော်မူအပ်သော။ စက္ကဥ္စ၊ ဒေသနာတော်ကို လည်းကောင်း။ ပဏီတံ၊ ထူးမြတ်သော။ ဓမ္မဥ္စ၊ ချွန် မဂ် ဖိုလ်တရားကို လည်းကောင်း။ သုတွာန၊ ကြားရ၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ အဘိရောစယိံ၊ နှစ်သက်ပြီ။

မဟာဒါနံ၊ ကြီးသော အလှူကို။ ပဝတ္တေတွာ၊ ၍။ ရတ္တိန္ဒိဝံ၊ နေ့ညဉ့် ပတ်လုံး။ အတန္ဒိတော၊ မပျင်းသည်ဖြစ်၍။ ဂုဏသမ္ပန္နံ၊ ဂုဏ်နှင့်ပြည့်စုံသော။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ဥတွာ၊ သိ၍။ ဇိနသန္တိကေ၊ ၌။ ပဗ္ဗဇိံ၊ ပြုပြီ။

အာစာရဂုဏသမ္ပန္နော၊ အကျင့်ဂုဏ်နှင့် ပြည့်စုံသော။ ဝတ္တသီလ-သမာဟိတော၊ အကျင့်သီလတို့ကို ဖြည့်ခြင်း၌ ကောင်းစွာ ဆောက်တည်သော။ ဝါ၊ ကျင့်ဝတ်သီလတို့၌ တည်ကြည်သော စိတ်ရှိသော။ သဗ္ဗညုတံ၊ သဗ္ဗညုတ အဖြစ်ကို။ ဂဝေသန္တော၊ ရှာသော ငါသည်။ ဇိနသာသနေ၊ ၌။ ရမာမိ၊ အလွန်မွေ့လျော်၏။

သဒ္ဓါပီတိ၊ ကြည်ညိုခြင်း, နှစ်သက်ခြင်းရှိသော ငါသည်။ ဗုဒ္ဓံ၊ ကို။ ဥပဂန္တွာ၊ ကပ်၍။ ဝန္ဒာမိ-အဘိဝန္ဒိံ၊ အလွန်ရိုသေစွာ ရှိခိုးပြီ။ သတ္ထာရံ၊ ၌။ ဝါ၊ ကို။ မယှံ၊ ၏။ ပီတိ၊ နှစ်သက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သာ၊ ထိုနှစ်သက်ခြင်းသည်။ ဗောဓိယာယေဝ ကာရဏာ၊ ဘုရားဖြစ်ခြင်း၏ အကြောင်းလျှင်တည်း။

သမ္ဗုဒ္ဓေါ၊ ဝေဿဘူဘုရားသခင်သည်။ အနိဝတ္တမာနသံ၊ မဆုတ်မနစ် ဘုရားအဖြစ် ချစ်သော နှလုံးရှိသည်ကို။ ဥတွာ၊ ၍။ ဇော် ဝစနံ၊ ဤသို့သော စကားကို။ အဗြဝိ၊ ဆိုတော်မူပြီ။ အယံ၊ ဤသုဒဿနမင်း ဖြစ်၍ ဖြစ်သော ရဟန်းသည်။ ဣတော၊ ဤကမ္ဘာမှ။ ကေတ္တိံသော သုံးဆယ့်တစ်ခုဖြစ်သော။ ကပ္ပေ၊ ဘဒ္ဒကပ်ကမ္ဘာ၌။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

[အဟု ကပိလဝှယာ ရမ္မာ ။လ။ သမ္ဗုဒ္ဓါ ဣမံ ဟူသောဂါထာတို့ကား ရှေ့နည်းနှင့်တူပြီ။ တဿ၊ ၏။ ဝစနံ၊ ကို။ သုတွာန၊ ၍ ။လ။ အဓိဋ္ဌာသိံ၊ ပြီ။ ဤလည်း ရှေ့နည်းနှင့်တူပင်]။

---

## ဝေဿဘူမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုဝေဿဘူ မြတ်စွာဘုရား၏ နေပြည်တော်ကား အနောမ မည်၏။ ခမည်းတော်ကား သုပ္ပတိတ မည်သော မင်းတည်း။ မယ်တော်ကား ယသဝတီမည်၏။ သောဏနှင့် ဥတ္တရတို့ကား အဂ္ဂသာဝကတို့ ဖြစ်ကုန်၏။ အလုပ်အကျွေးကား ဥပသန္တဖြစ်၏။ ရာမာနှင့် သမလာတို့ကား အဂ္ဂသာဝိကာမတို့ပေတည်း။ ပွင့်ရာ သစ်ပင်ကား အင်ကြင်းပင်တည်း။ အရပ်တော်ကား အတောင်ခြောက်ဆယ် မြင့်၏။ အသက်တော်ကား အနှစ်ခြောက်သောင်းတည်း။ ဘုရားလောင်း၏ မိဖုရားကြီးကား သုစိတ္တာမည်၏။ သားတော်ကား သုပ္ပဗုဒ္ဓမည်၏။ ရွှေထမ်းစင်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

အနောမံ နာမ နဂရံ၊ သုပ္ပတီတော နာမ ခတ္တိယော။
မာတာ ယသဝတီ နာမ၊ ဝေဿဘုဿ မဟေသိနော။

သောဏော စ ဥတ္တရော စေဝ၊ အဟေသုံ အဂ္ဂသာဝကာ။
ဥပသန္တော နာမုပဋ္ဌာကော၊ ဝေဿဘုဿ မဟေသိနော။

ရာမာ စေဝ သမလာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ မဟာသာလောတိ ဝုစ္စတိ။

သောတ္ထိကော စေဝ ရမ္ဘော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ဂေါတမီ သိရိမာ စေဝ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

သဋ္ဌိရတနမုဗ္ဗေဓော၊ ဟေမယူပသမူပမော။
ကာယာ နိစ္ဆရတီ ရံသိ ၊ ရတ္တိံဝ ပဗ္ဗတေ သိခီ။

သဋ္ဌိဝဿသဟဿာနိ၊ အာယု တဿ မဟေသိနော။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဓမ္မံ ဝိတ္ထာရိကံ ကတွာ၊ ဝိဘဇိတွာ မဟာဇနံ။
ဓမ္မနာဝံ ဌပေတွာန၊ နိဗ္ဗုတော သော သသာဝကော။

ဒဿနေယျံ သဗ္ဗဇနံ၊ ဝိဟာရံ ဣရိယာပထံ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ သာရိပုတ္တရာ။ မဟေသိနော၊ သီလစသော ကျေးဇူးကို ရှာမှီးတော်မူသော။ ဝေဿဘုဿ၊ ဝေဿဘူဘုရားမြတ်၏။ နဂရံ၊ သည်။ အနောမံ နာမ၊ အနောမမည်၏။ ခတ္တိယော၊ မင်းသည်။ သုပ္ပတီတော နာမ၊ သုပ္ပတီတမည်၏။ မာတာ၊ မယ်တော်သည်။ ယသဝတီ နာမ၊ မည်၏။

သောဏော စ၊ လည်းကောင်း။ ဥတ္တရော စေဝ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ မဟေသိနော။ သော။ ဝေဿဘုဿ၊ ၏။ ဥပဋ္ဌာကော၊ သည်။ ဥပသန္တော နာမ၊ မည်၏။

ရာမာ စေဝ၊ လည်းကောင်း။ သမလာ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝိကာ၊ မတို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿဘဂဝတော၊ ၏။ ဗောဓိ၊ ပွင့်ရာသစ်ပင်ကို။ မဟာသာလောတိ၊ အင်ကြင်းပင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သောတ္ထိကော စေဝ၊ သောတ္ထိကလည်းကောင်း။ ရမ္မော စ၊ ရမ္မ လည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာ တို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ဂေါတမီ၊ ဂေါတမီလည်းကောင်း။ သိရိမာ စေဝ၊ သိရိမာ လည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ် အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

ဟေမယူပသမူပမော - သုဝဏ္ဏထမ္ဘသဒိသော၊ ရွှေသည်တိုင်ကြီးနှင့် တူသော။ သော ဘဂဝါ၊ သည်။ သဋ္ဌိရတနံ၊ အတောင် ခြောက်ဆယ်။ ဥဗ္ဗေဓော၊ မြင့်၏။ ကာယာ၊ ကိုယ်တော်မှ။ ရံသိ၊ အရောင်တော်သည်။ နိစ္ဆရတိ၊ ထိုမှဤမှ ထွက်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ရတ္တိံ၊ ညဉ့်အခါ၌။ ပဗ္ဗတေ၊ တောင်ထိပ်ထက်၌။ သိခီ ဣဝ၊ မီးလျှံကဲ့သို့တည်း။

မဟေသိနော၊ သော။ တဿ ဘဂဝတော၊ ၏။ အာယု၊ သည်။ သဋ္ဌိ-ဝဿသဟဿာနိ၊ အနှစ်ခြောက်သောင်းတို့ပတ်လုံး။ တိဋ္ဌတိ၊ ၏။ တာဝတာ၊ ထိုမျှလောက် ကာလပတ်လုံး။ တိဋ္ဌမာနော၊ သော။ သော ဘဂဝါ၊ သည်။ ဗဟုံ၊ သော။ ဇနတံ၊ ကို။ တာရေသိ၊ ပြီ။

ဓမ္မံ၊ ကို။ ဝိတ္ထာရိကံ၊ ချဲ့သည်ကို။ ကတွာ၊ ပြု၍။ မဟာဇနံ၊ ကို။ ဝိဘဇိတွာ၊ ဝေဖန်၍။ ဓမ္မနာဝံ၊ အဋ္ဌင်္ဂိကမဂ်ဘည်းဟူသော သင်္ဘောကို။ စတုရောဃနိတ္ထရဏတ္ထာယ၊ လေးပါးသော ဩဃမှ ထုတ်ဆောင်ခြင်းငှာ။

ဌပေတွာန၊ ထားတော်မူဦး၍။ သသာဝကော။ နှင့်တကွ။ သော ဘဂဝါ။ သည်။ နိဗ္ဗုတော၊ ပြီ။

ဒဿနေယျံ-ဒဿနေယျော၊ ရှုဖွယ်ရှိသော။ သဗ္ဗဇနံ-သဗ္ဗဇနော၊ ခပ်သိမ်းသော တပည့်တော်နှင့်တကွ ဘုရားမြတ် လည်းကောင်း။ ဣရိယာ-ပထံ၊ ဣရိယာပုထ်မျှချ်ဖြစ်သော။ ဝိဟာရံ-ဝိဟာရော စ၊ ကျောင်းတော် လည်းကောင်း။ ဣဘိ၊ သို့။ ကံ သဗ္ဗံ၊ အလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ပျောက်ပြီ၊ သင်္ခါရာ၊ ဘို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဝေ၊ တည်း။

ဤဘွင်ရွှေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ နှစ်ဆယ့်တစ်ခုတို့၏

ပြည့်မြောက်ကြောင်း ဖြစ်သော ဝေဿဘူ မြတ်စွာဘုရား

အကြောင်းကား ပြီး၏။

# ၂၄-ကကုသန္ဓ မုန္ဓဝိသ

## ကကုသန် မြတ်စွာဘုရားအကြောင်းကို ပြခြင်း

ထိုဝေဿဘူ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည် ရှိသော် ထိုကပ် လွန်သဖြင့် တစ်ဆယ့်တစ် သုံးဆယ်သော ကပ်တို့၌ ဘုရားတည်းဟူသော နေမင်းတို့ မပွင့်ကုန်။ ဤဘဒ္ဒကမ္ဘာ၌ကား ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဟူသော ဘုရားလေးဆူတို့ ပွင့်တော်မူကုန်ပြီ။ အရိမေတ္တေယျ မြတ်စွာဘုရားကား ပွင့်တော်မူလတ္တံ့။

ထိုလေးဆူသော ဘုရားတို့တွင် ကကုသန်ဘုရားအလောင်းသည် ပါရမီ တို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်လျှင် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ ခေမဝတီမြို့ ခေမင်္ကရမင်းအား အကျိုးအကြောင်းကို ဆုံးမ တတ်သော အဂ္ဂိဒတ္တမည်သော ပုရောဟိတ်ပုဏ္ဏား၏ အမြတ်တရားကိုသာ ရှာမှီးတတ်သော ဝိသာခါ မည်သော ပုဏ္ဏေးမဝမ်း၌ စွဲလမ်းသန္ဓေ နေတော် မူ၏။

ထိုကကုသန် ဘုရားလောင်းသည် ဆယ်လလွန်သဖြင့် ခေမဥယျာဉ်၌ ဖွားမြင်တော်မူသော် အနှစ် လေးထောင်တို့ပတ်လုံး *ကာမ,ကာမဝဏ္ဏ, ကာမသုဒ္ဓိ-ဟူသော ပြာသာဒ်သုံးဆောင်တို့၌ ရောစိနီပုဏ္ဏေးမ အမှူးရှိသော သုံးသောင်းသော ပုဏ္ဏေးမတို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ လူ့စည်းစိမ်ကို စံစားတော်မူစဉ် ရောစိနီပုဏ္ဏေးမ၌ ဥတ္တရမည်သော ပုဏ္ဏားသတို့သားကို ဖွားမြင်လတ်သော် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ ခြောက်ကောင် ကသော အာဇာနည်မြင်းရထားဖြင့် တောထွက်၍ ရဟန်းပြုတော်မူ၏။

ထိုဘုရားလောင်း ရဟန်းပြုသောအခါ လေးသောင်းသော သူတို့ သည်လည်း အတုလိုက်၍ ရဟန်းပြုကုန်သော ထိုရဟန်းတို့ ခြံရံအပ်သည် ဖြစ်၍ ရှစ်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့၌ သုစိရိန္ဓ နိဂုံး၌ ဝဇိရိန္ဓပုဏ္ဏားသည် လှူအပ်သော နို့ဃနာကို ဘုဉ်းပေးတော် မူ၍ ရှားတော၌ နေ့သန့်ခြင်းကို လွန်စေပြီးမှ ညချမ်းသောအခါ သုဘဒ္ဒ မည်သော မုယောခင်းစောင့်သမားသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို

---

*သုစိ၊ သုရုစိ၊ ရတိဝဍ္ဎနဟု သီဟိုဠ်စာမူ။

ယူတော်မူ၍ သခွတ်ဗောဓိသို့ ကပ်တော်မူလျက် သုံးဆယ့်လေးတောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျှင် သဗ္ဗညုတဉာဏ်သို့ ရောက်၍ "အနေကဇာတိသံသာရံ" အစရှိသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## ကကုသန် မြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုသို့ ဘုရားဖြစ်တော်မူလျှင် ဗောဓိပင် အနီး၌ သတ္တသတ္တာဟကို လွန်စေလျက် မိမိနှင့်အတူ ရဟန်းပြုကုန်သော လေးသောင်းသော ရဟန်းတို့ သစ္စာလေးပါးကို သိစွမ်းနိုင်မည့်အကြောင်းကို မြင်တော်မူ၍ တစ်ရက် ချင်းဖြင့် မကိလမြို့အနီး မိဂဒါဝုန်တောသို့ ဝင်၍ ရဟန်းတို့အလယ်၌ မြတ်စွာဘုရား ဓမ္မစကြာတရားကို ဟောတော်မူသောအခါ ကုဋေ လေးသောင်းသော သူတို့ ရှေးဦးစွာ သစ္စာလေးပါးတရားကို သိကုန်၏။

တဖန်လည်း ကဏ္ဏကုဇ္ဇမြို့တံခါး အင်ကြင်းပင်ကြီးအနီး အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသော် ကုဋေ သုံးသောင်းသော သူတို့ သစ္စာလေးပါးတရားကို သိကုန်၏။ ဤကား နှစ်ကြိမ်မြောက် သစ္စာလေးပါးကို သိစေခြင်းတည်း။

အကြင်အခါ ခေမဝတီမြို့နှင့် မနီးမဝေးဖြစ်သော အမှတ် မရှိသော နတ်ဟို့နေရာ၌ နရဒေဝမည်သော ဘီလူးသည် လူတို့ကဲ့သို့ ထင်ရှားသော ကိုယ်ရှိ၏။ ထိုအခါ ကကုသန် မြတ်စွာဘုရားသည် ထိုနရဒေဝ ဘီလူးကို မြင်တော်မူ၍ ချွတ်အံ့သောငှာ ကံ၏ အကျိုးနှင့်စပ်သည်ကို ပြသဖြင့် သစ္စာလေးပါး တရားစကားကို ဟောတော်မူ၏။ ထိုအခါ မရေတွက်နိုင်သော သတ္တဝါတို့ သစ္စာလေးပါးတရားကို သိကုန်၏။ ဤကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။ ထို့ကြောင့်—

ဝေဿဘုဿ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
ကကုသန္ဓော နာမ နာမေန၊ အပ္ပမေယျော ဒုရာသဒေါ။

ဥဂ္ဃါဋေတွာ သဗ္ဗဘဝံ၊ စရိယာယ ပါရမိံ ဂတော။
သီဟောဝ ပဉ္ဇရံ ဘေတွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

ဓမ္မစက္ကံ ပဝတ္တေန္တော၊ ကကုသန္ဓော လောကနာယကော။
စတ္တာလီသကောဋိသဟဿာနံ၊ ဓမ္မာဘိသမယော အဟု။

အန္တလိက္ခမှိ အာကာသေ၊ ယမကံ ကတွာ ဝိကုဗ္ဗနံ။
တိံသကောဋိသဟဿာနံ၊ ဗောဓေသိ ဒေဝမာနုသေ။

နရဒေဝယက္ခာနံ ယက္ခသ၊ စတုသစ္စပ္ပကာသနေ။
ဓမ္မာဘိသမယော တဿ၊ ဂဏနာတော အသင်္ချိယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ ဝေဿဘုံသည်၊ ဝေဿဘူ ဘုရား၏။ အပရေန၊ နောက်အဖို့၌။ ဒွိပဒုတ္တမော၊ မူထသော။ အပ္ပမေယျော၊ ဆုံးစ မထင် ဂုဏ်အင် ကျေးဇူးတော်တို့ကြောင့် မနှိုင်းရှည့်အပ်ထသော။ ဒုရာသဒေါ၊ ရန်အပေါင်းမှ ဝေးတော်မူတတ်ထသော။ နာမေန၊ ဖြင့်။ ကကုသန္ဓော နာမ၊ ကကုသန် အမည်တော်ရှိသော။ သမ္ဗုဒ္ဓေါ၊ သည်။ စရိယာယ ပါရမီ၊ စရိယာ သုံးပါး၏ အထွတ်အထိပ်သို့။ ဂတော၊ ရောက်တော်မူသည် ဖြစ်၍။ သီဟော၊ ခြင်္သေ့သည်။ ပဉ္ဇရံ၊ ချိုင့်ကို။ ဘေတွာ၊ ဖြတ်တောက် ဖျက်ဆီး၍။ ဂတော ဣဝ၊ သွားသကဲ့သို့။ သဗ္ဗဘဝံ၊ အလုံးစုံသော ဘဝကိုးပါးကို။ ဥဋ္ဌါလေတွာ၊ ချိုဖျက်တော်မူ၍။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုတ ဉာဏ်တော်သို့။ ပတ္တော၊ ရောက်တော်မူ၏။

လောကနာယကော၊ ဖြစ်တော်မူသော။ ကကုသန္ဓော၊ ကကုသန်ဘုရားသည်။ ဓမ္မစက္ကံ၊ ကို။ ပဝတ္တေန္တော၊ မူသည်ရှိသော်။ စတ္တာလီသကောဋိသဟဿာနံ၊ ကုဋေလေးသောင်းသော သူတို့အား။ ဓမ္မာဘိသမယော၊ ရှေးဦးစွာ သစ္စာလေးပါး တရားကို သိစေခြင်းသည်။ အဟု၊ ပြီ။

ပုန၊ တဖန်။ ဘဂဝါ၊ သည်။ အန္တလိက္ခမှိ၊ ဟင်းလင်းအပြင် တည်း ဟူသော။ အာကာသေ၊ ကောင်းကင်၌။ ယမကံ၊ ယမိုက်ပြာဋိဟာတည်း ဟူသော။ ဝိကုဗ္ဗနံ၊ တန်ခိုးဖန်ဆင်းခြင်းကို။ ကတွာ၊ ၍။ ကောဋိသဟဿာနံ၊ ကုဋေအထောင်တို့၏။ တိံသ၊ သုံးဆယ်ကုန်သော။ တနည်းကား၊ တိံသ-ကောဋိသဟဿာနံ၊ ကုဋေ သုံးသောင်းကုန်သော။ ဒေဝမာနုသေ၊ နတ်လူတို့ကို။ ဗောဓေသိ၊ သိတော်မူပြီ။

နရဒေဝဿ ယက္ခဿ၊ နရဒေဝဘီလူးအား။ စတုသစ္စပ္ပကာသနေ၊ သစ္စာလေးပါးတရားကို ပြတော်မူရာ၌။ ဓမ္မာဘိသမယော၊ သည်။ အဟောသိ၊ ပြီ။ တဿ တတိယာဘိသမယဿ၊ ထိုသုံးကြိမ်မြောက် သစ္စာလေးပါးကို သိခြင်း၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဒေဝမာနုသာ၊ နတ် လူတို့ကို။ ဂဏနာတော၊ အရေအတွက်အားဖြင့်။ အသင်္ချာ၊ မရေတွက်အပ်ကုန်။

---

## ကကုသန်မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ထိုကကုသန်မြတ်စွာဘုရား၏ သာဝကအစည်းအဝေးသည် တစ်ကြိမ်သာ ဖြစ်၏။ ကဏ္ဏကုဇ္ဇမြို့အနီး မိဂဒါဝုန် တောကြီး၌ ကိုယ်တော်နှင့် အတူတကွ ရဟန်းပြုကုန်သော လေးသောင်းသော ရဟန်းတို့သည် ခြံရံအပ်သည် ဖြစ်၍ တပို့တွဲလပြည့်နေ့ မြတ်စွာဘုရားသည် ပါတိမောက်ကို ပြတော်မူ၏။ ထို့ကြောင့်—

ကကုသန္ဓဿ ဘဂဝတော၊ ဧကော အာသိ သမာဂမော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

စတ္တာလီသသဟဿာနံ၊ တဒါ အာသိ သမာဂမော။
ဒန္တဘူမိမနုပ္ပတ္တာနံ၊ အာသဝါဒိဂဏက္ခယာ –

ဟူ၍ ဟောတော်မူပြီ။

ကကုသန္ဓဿ၊ ကကုသန် အမည်တော်ရှိသော။ ဘဂဝတော၊ အား။ တာဒိနံ၊ မူထသော။ သန္တစိတ္တာနံ၊ မူထသော။ ဝိမလာနံ၊ မူထသော။ ခီဏာသဝါနံ၊ တို့၏။ ဧကော၊ တစ်ကြိမ်သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

တဒါ၊ ၌။ အာသဝါဒိဂဏက္ခယာ၊ အာသဝေါစသော အကုသိုလ် တရားအပေါင်းတို့၏ ကုန်ခြင်းကြောင့်။ ဒန္တဘူမိံ၊ ယဉ်ကျေးခြင်း၏ တည်ရာ ဖြစ်သော မဂ်ဖိုလ်သို့။ အနုပ္ပတ္တာနံ၊ အစဉ် ရောက်တော်မူကုန်ပြီးသော။ စတ္တာလီသသဟဿာနံ၊ လေးသောင်းကုန်သော ရဟန္တာတို့၏။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

---

## ငါတို့ဘုရားလောင်း ခေမမည်သော မင်းသည် ပြည်ကို စွန့်၍ ရဟန်းဖြစ်စဉ် ကကုသန်မြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ ဘုရားလောင်းသည် ခေမ မည်သော မင်း ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား သပိတ်သင်္ကန်း တည်းဟူသော အလှူကြီးကို ပေး၍ မျက်စဉ်း အစရှိသော ဆေးတို့ကိုလည်း လှူ၏။ တပါးသော ရဟန်းပရိက္ခရာတို့ကိုလည်း လှူ၍ ဘုရားတရားတော်ကို နာရလျှင် ကြည်ညိုသော စိတ်ရှိရကား ကကုသန် မြတ်စွာဘုရားအထံ၌ ရဟန်းပြုသည် ရှိသော် မြတ်စွာဘုရားသည်လည်း "နောင်သောအခါ ဤကမ္ဘာ၌ပင် ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ ခေမော နာမာသိ ခတ္တိယော။
တထာဂတေ ဇိနပုတ္တေ၊ ဒါနံ ဒတွာ အနပ္ပကံ။

ပတ္တဉ္စ စီဝရံ ဒတွာ၊ အဉ္ဇနံ မဓုလဋ္ဌိကံ။
ဣမေတံ ပတ္ထိတံ သဗ္ဗံ၊ ပဋိယာဒေမိ ဝရံ ဝရံ။

သောပိ မံ မုနိ ဗျာကာသိ၊ ကကုသန္ဓော ဝိနာယကော။
ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

အဟော ကပိလဝှယာ ရမ္မာ ။ပ။ ဒသပါရမိပူရိယာ။

နဂရံ ခေမဝတီ နာမ၊ ခေမော နာမာသဟံ တဒါ။
သဗ္ဗညုတံ ဂဝေသန္တော၊ ပဗ္ဗဇိံ တဿ သန္တိကေ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ အဟံ၊ သည်။ တေန သမယေန၊ ၌။ ခေမော နာမ၊ ခေမ အမည်ရှိသော။ ခတ္တိယော၊ သည်။ အာသိံ၊ ပြီ။ တသ္မိံ ကာလေ၊ ၌။ တထာဂတေ၊ ဘုရား၌ လည်းကောင်း။ ဇိနပုတ္တေ စ၊ သားတော်၌လည်းကောင်း။ အနပ္ပကံ၊ အတိုင်းမသိသော။ ဒါနံ၊ ဒါနကို။ ဒတွာ၊ လှူ၍။

ပတ္တာဋ္ဌ၊ သပိတ်ကို လည်းကောင်း။ စီဝရဋ္ဌ၊ သင်္ကန်းကို လည်းကောင်း။ အဉ္ဇနဋ္ဌ၊ မျက်စဉ်းကို လည်းကောင်း။ မဓုလဋ္ဌိကဋ္ဌ၊ နွယ်ချိုကိုလည်းကောင်း။ ဒတွာ၊ လှူပြီး၍။ ဣမေ၊ ဤဘုရားသားတော်တို့သည်။ ယံ၊ အကြင်ပစ္စည်းကို။ ပတ္ထိတံ၊ တောင့်တအပ်၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုပစ္စည်းကို။ ဝရံ ဝရံ၊ မြတ်သည်ထက် မြတ်သည်ကို။ ကတွာ၊ ပြု၍။ ပဋိယာဒေမိ-ဒဇ္ဇေမိ၊ လှူ၏။

ဝိနာယကော၊ လူသုံးပါးကို နိဗ္ဗာန်သို့ ဆောင်တော်မူတတ်ထသော။ ကကုသန္ဓော၊ ကကုသန်အမည်တော် ရှိထသော။ သောပိ မုနိ၊ ထိုဘုရားမြတ်သည်လည်း။ မံ၊ ကို။ အယံ၊ ဤခေမမင်းသည်။ ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ ဤဘဒ္ဒကမ္ဘာ၌။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်ကြားတော်မူ၏။

ဣမဿ၊ ဤရဟန်း၏။ ဣဒံ ကမ္မံ၊ ဤအမှုသည်။ အဟော၊ အံ့ဖွယ်ရှိစွ။ တထာဂတော၊ ခေမမင်း ဖြစ်၍ ဖြစ်သော ဘုရားသည်။ ရမ္မာ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ကပိလဝှယာ၊ ကပိလဝတ်ပြည်မှ။ နိက္ခမိတွာ၊ ထွက်၍။ ပဓာနံ၊ လုံ့လကို။ ပဒဟိတွာ၊ အားထုတ်၍ ။ပ။ ဣမံ-ဣမဿ၊ ဤဘုရား၏။ သမ္မုခါ၊ ၌။ ဟေဿာမ၊ ဖြစ်ရပါလိုကုန်၏။ ဣတိ၊ သို့။ ပတ္ထေန္တိ၊ တောင့်တကုန်၏။ တဿာပိ၊ ထိုဘုရား၏လည်း ။ပ။ အဓိဋ္ဌဟိံ၊ပြီ။

တဿ ဘဂဝတော၊ ထိုကကုသန်ဘုရား၏။ နဂရံ၊ ပြည်တော်သည်။ ခေမဝတီ နာမ၊ ခေမဝတီမည်၏။ အဟံ၊ ငါဘုရားသည်။ တဒါ၊ ထိုကကုသန်ဘုရားလက်ထက်တော်၌။ ခေမော နာမ၊ ခေမအမည်ရှိသည်။ အာသိံ၊ဖြစ်ပြီ။ သဗ္ဗညုတံ၊ သဗ္ဗညုအဖြစ်ကို။ ဂဝေသန္တော၊ ရှာမှီးလျက်။ တဿ၊ ထိုဘုရား မြတ်၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။

---

## ကကုသန် မြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုကကုသန် မြတ်စွာဘုရား၏ နေပြည်တော်ကား ခေမဝတီ မည်၏။ ခမည်းတော်ကား အဂ္ဂိဒတ္တမည်သော ပုဏ္ဏားတည်း။ မယ်တော်ကား ဝိသာခါမည်သော ပုဏ္ဏေးမတည်း။ ဝိဓုရနှင့် သဉ္ဇီဝ နှစ်ယောက်တို့ကား

အဂ္ဂသာဝကတို့ဘည်း။ အလုပ်အကျွေးကား ဗုဒ္ဓိဇ မည်၏။ သာမာနှင့် စမ္ပာဘို့ကား အဂ္ဂသာဝိကာမဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား ကုက္ကိုပင်တည်း။ အရပ်တော်ကား အတောင်လေးဆယ်မြင့်၏။ တစ်ဆယ့်နှစ်ယူဇနာတိုင်တိုင် ကိုယ်တော်ရောင်လင်း၏။ အသက်တော်ကား အနှစ်လေးသောင်းတည်း။ ဘုရားလောင်း၏ ဇနီးကား ရောစိနီမည်သော ပုဏ္ဏေးမတည်း။ သားတော်ကား ဥတ္တရမည်၏။ မြင်းကသော ရထားဖြင့် တောထွက်တော်မူ၏။ ထိုကြောင့်—

ဗြာဟ္မဏော အဂ္ဂိဒတ္တော စ၊ အာသိ ဗုဒ္ဓဿ သော ပိတာ။
ဝိသာခါ နာမ ဇနိကာ၊ ကကုသန္ဓဿ သတ္ထုနော။

ဝသတေ တတ္ထ ခေမေ ပုရေ၊ သမ္ဗုဒ္ဓဿ မဟာကုလံ။
နရာနံ ပဝရံ သေဋ္ဌံ၊ ဇာတိမန္တံ မဟာယသံ။

ဝိဓုရော စ သဉ္ဇီဝေါ စ၊ အဟေသုံ အဂ္ဂသာဝကာ။
ဗုဒ္ဓိဇော နာမုပဋ္ဌာကော၊ ကကုသန္ဓဿ သတ္ထုနော။

သာမာ စ စမ္ပာနာမာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ သိရီသောတိ ပဝုစ္စတိ။

အစ္စုတော စ သုမနော စ ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
နန္ဒာ စေဝ သုနန္ဒာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

စတ္တာလီသရတနာနိ၊ အစ္စုဂ္ဂတော မဟာမုနိ။
ကနကပ္ပဘာ နိစ္ဆရတိ၊ သမန္တာ ဒသယောဇနံ။

စတ္တာလီသသဟဿာနိ၊ အာယု တဿ မဟေသိနော။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဓမ္မာပဏံ ပသာရေတွာ၊ နရနာရီနံ သဒေဝကေ။
နဒိတွာ သီဟနာဒံဝ၊ နိဗ္ဗုတော သော သသာဝကော။

အဋ္ဌင်္ဂဝစနသမ္ပန္နော၊ အစ္ဆိဒ္ဒါနိ နိရန္တရံ။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

အင်္ဂိဒတ္တော၊ အင်္ဂိဒတ္တအမည်ရှိသော။ သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ ကကုသန္ဓဿ၊ ကကုသန်အမည်တော်ရှိသော။ သတ္ထုနော၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော။ ဗုဒ္ဓဿ၊ ဘုရား၏။ ပိတာ၊ ခမည်းတော်သည်။ အာသိ၊ ဖြစ်ပြီ။ ဇနိကာ၊ မယ်တော်သည်။ ဝိသာခါ နာမ၊ ဝိသာခါ မည်၏။

နရာနံ-သဗ္ဗမနုဿာနံ၊ ခပ်သိမ်းသော လူတို့ထက်။ ပဝရံ၊ မြတ်တော်မူထသော။ သေဋ္ဌံ၊ အထူးချီးမွမ်းအပ်ထသော။ ဇာတိမန္တံ၊ ကောင်းသောအမျိုးဇာတ်ရှိထသော။ မဟာယသံ - မဟာပရိဝါရံ၊ များလှသော အခြွေအရံလည်း ရှိထသော။ သမ္ဗုဒ္ဓဿ၊ ကကုသန်ဘုရားသခင်၏။ မဟာကုလံ၊ ထွန်းပသည်ထက် ထွန်းပသော ခမည်းတော်အနွယ် အမျိုးတော်သည်။ တတ္ထ ခေမေ ပုရေ၊ ထိုခေမမည်သော ပြည်၌။ ဝသတေ၊ နေ၏။

ဝိဓုရော စ၊ လည်းကောင်း။ သဥ္ဇီဝေါ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ ကကုသန္ဓဿ၊ သော။ သတ္ထုနော၊ ၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ ဗုဒ္ဓိဇော နာမ၊ မည်သည်။ အဟောသိ၊ ပြီ။

သာမာ စ၊ လည်းကောင်း။ စမ္ပာနာမာ စ ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝိကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿ ဘဂဝတော၊ ၏။ ဗောဓိ၊ ကို။ သိရီသောတိ၊ ကုက္ကိုပင်ဟူ၍။ ပဝုစ္စတိ၊ ၏။

အစ္စုတော စ၊ အစ္စုတ လည်းကောင်း။ သုမနော စ၊ သုမနလည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ နန္ဒာ စေဝ၊ နန္ဒာ လည်းကောင်း။ သုနန္ဒာ စ၊ သုနန္ဒာ လည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

စတ္တာလီသရတနာနိ၊ အတောင် လေးဆယ်။ မဟာမုနိ၊ ကကုသန်ဘုရားမြတ်သည်။ အစ္စုဂ္ဂတော၊ မြင့်တော်မူ၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဒသယောဇနံ၊ ဆယ်ယူဇနာတိုင်တိုင်။ ကနကပ္ပဘာ၊ ရွှေရောင်နှင့်တူသော အရောင်တော်သည်။ သရီရတော၊ ကိုယ်တော်မှ။ နိစ္စကာလံ၊ အခါခပ်သိမ်း။ နိစ္ဆရတိ၊ ထွက်၏။

မဟောသိနော၊ သော။ တဿ၊ ထိုကကုသန် ဘုရား၏။ အာယု၊ အသက်တော်သည်။ စတ္တာလိသသဟဿာနိ၊ အနှစ် လေးသောင်းတို့ ပတ်လုံး။ တိဋ္ဌတိ၊ တည်တော်မူ၏။ တာဝတာ၊ ထိုရွေ့လောက်။ တိဋ္ဌမာနော၊ သော။ သော ဘဂဝါ၊ သည်။ ဗဟုံ၊ သော။ ဇနတံ၊ ကို။ တာရေသိ၊ ပြီ။

နရနာရီနံ၊ ကျွတ်ထိုက်သော ယောကျ်ား မိန်းမတို့အား။ စျာနသမာဓိသမာပတ္တိမဂ္ဂဖလဝိသေသာဓိဂမတ္ထာယ၊ စျာန် သမာဓိ သမာပတ် မဂ်ဖိုလ် တရားအထူးကို ရစိမ့်သောငှာ။ သဒေဝကေ၊ သော။ လောကေ၊ ၌။ ဓမ္မာပဏံ၊ တရားတည်းဟူသော အိမ်ဈေးကို။ ပသာရေတွာ၊ ကျင်းပတော်မူ၍။ သီဟနာဒဥ္စ၊ မကြောက်မရွံ့သော အသံတော်ကိုလည်း။ နဒိတွာ၊ ကြုံဝါးတော်မူ၍။ သသာဝကော၊ တကွ။ သော ဘဂဝါ၊ သည်။ နိဗ္ဗုတော၊ ပြီ။

အဋ္ဌင်္ဂဝစနသမ္ပန္နော၊ ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံတော်မူသော အသံတော်ရှိသော ဘုရားမြတ်သည်လည်းကောင်း။ နိရန္တရံ၊ ကာလမပြတ်။ အစ္ဆိဒ္ဒါနိ၊ အကျား အပြောက် အပေါက်ကင်းသော သီလနှင့် ပြည့်စုံတော်မူသော သာဝကတို့သည်လည်းကောင်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ပျောက်ပြီ။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသော သင်္ခါရတို့သည်။ နနု ရိတ္တာ-နနု ရိတ္တာ ဝေ၊ အချည်းနှီးတို့ သာလျှင်တည်း။

ဤတွင်ရွေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ နှစ်ဆယ့်နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကကုသန်မြတ်စွာဘုရား အကြောင်းကား ပြီး၏။

# ၂၅-ကောဏာဂမနဝံသ

## ကောဏာဂုံ မြတ်စွာဘုရား အကြောင်းကို ပြခြင်း

ထိုကကုသန်မြတ်စွာဘုရား နောက်အဖို့၌ သာသနာတော် ကွယ်ပျောက်လတ်သော် သတ္တဝါတို့ အသက်တမ်း ဆယ်နှစ်တိုင် ဆုတ်ယုတ်ပြီးမှ အသင်္ချေယျ ကျအောင် တက်ပြန်၍ တဖန် ဆုတ်ယုတ်သဖြင့် အနှစ် သုံးသောင်းရှိသောအခါ သတ္တဝါတို့ အစီးအပွားကို ပြုသဖြင့် လာတော်မူတတ်သော ကောဏာဂုံ မြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။ ထိုဘုရားလောင်းသည် ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်ပြီးလျှင် ထိုတုသိတာ နတ်ပြည်မှ စုတေခဲ့၍ သောဘဝတီမြို့၌ ယညဒတ် မည်သော ပုဏ္ဏား၏ ရူပါရုံစသော ကျေးဇူးတို့ဖြင့် အတုမရှိသော ဥတ္တရာမည်သော ပုဏ္ဏေးမ ဝမ်း၌ စွဲလမ်းသန္ဓေနေတော်မူ၏။

ထိုဘုရားလောင်းသည် ဆယ်လကို လွန်သဖြင့် သုဘဝတီ ဥယျာဉ်၌ မယ်တော်ဝမ်းမှ ဖွားမြင်တော်မူသည် ရှိသော် အလုံးစုံသော ဇမ္ဗူဒိပ် တစ်ကျွန်းလုံး၌ ရွှေမိုးရွာ၏။ ထို့ကြောင့် ကနကာဂမန-ဟူသောအမည်ကို မှည့်ကြကုန်၏။ ထိုနောက် ကာလလွန်သဖြင့် ကောဏာဂမနဟု ခေါ်ဆိုကြကုန်၏။ ထိုဘုရားလောင်းသည် အနှစ် သုံးထောင်တို့ပတ်လုံး တုသိတ, သန္တုသိတ, သန္တုဋ္ဌ-ဟူသော ပြာသာဒ်သုံးဆောင်တို့၌ ရုစိဂတ္တာ ပုဏ္ဏေးမ အမှူးရှိသော ^၅^တစ်သောင်း ခြောက်ထောင်သော ပုဏ္ဏေးမတို့ ခြံရံအပ်သည် ဖြစ်၍ လူ့ဘောင်၌ စံစားတော်မူစဉ် ရုစိဂတ္တာ မည်သော ပုဏ္ဏေးမဝမ်း၌ သတ္ထဝါဟ မည်သော သားကို ဖွားမြင်လတ်သော် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ ဆင်ကျောက်ကုံးထက် စီးလျက် တောထွက်၍ ရဟန်းပြုတော်မူ၏။

ထိုဘုရားလောင်း ရဟန်းပြုသည် ရှိသော် သုံးသောင်းသော ယောကျ်ားတို့သည်လည်း အတုလိုက်၍ ရဟန်းပြုလျှင် ထိုသုံးသောင်းသော ရဟန်းတို့ ခြံရံလျက် ခြောက်လတို့ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ အဂ္ဂိသောန ပုဏ္ဏား၏သမီး လှူအပ်သော နို့ဃနာကို ကောင်းစွာ

ဘုဥ်းပေးတော်မူ၍ ရှားတော၌ နေ့သန့်တော်မူပြီးမှ ညချမ်းသောအခါ ဇဋ္ဌာတိန္ဒုက မည်သော မုယောခင်းစောင့်သည် လှူအပ်သော မြတ်ရှစ်ဆုပ်တို့ကို ယူတော်မူ၍။ ဥဒုမ္ဗရ ရေသဖန်းဗောဓိပင်သို့ ကပ်တော်မူ၍ ထိုရေသဖန်းပင် ဗောဓိ၌ အတောင်နှစ်ဆယ် အပြန့်ကျယ်သော မြက်အခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် မာရ်စစ်သည်ဗိုလ်ပါကို ဖျက်ဆီး၍ ဒသဗလဉာဏ်တို့ကို ရတော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## ကောဏ္ဍာဂုံမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုသို့ ဘုရားဖြစ်တော်မူလျှင် ဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေတော်မူ၍ ကိုယ်တော်နှင့်အတူ ရဟန်းပြုကုန်သော သုံးသောင်းသော ရဟန်းတို့ ဥပနိဿယနှင့် ပြည့်စုံခြင်းကိုမြင်၍ ကောင်းကင်ခရီးဖြင့် သုဒဿန မြို့၏ အနီး မိဂဒါဝုန်တော၌ သက်လျက် ရဟန်းအပေါင်းတို့၏ အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူသောအခါ ကုဋေသုံးသောင်းသော သူတို့ ရှေးဦးစွာ သစ္စာလေးပါးတရားကို သိကုန်၏။

တဖန် သုန္ဒရမြို့တံခါး အင်ကြင်းပင်ကြီးအနီး၌ အစုံစုံသော တန်ခိုး ပြာဋိဟာတို့ကို ပြတော်မူသောအခါ ကုဋေနှစ်သောင်းသော လူတို့အား တရားတည်းဟူသော အမြိုက်ကို တိုက်ကျွေးတော်မူ၏။ ဤကား နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။

ကိုယ်တော်၏ မယ်တော်ကို အဦးပြု၍ စကြဝဠာတစ်သောင်းမှ အညီအညွတ် စည်းဝေးလာကုန်သော နတ်တို့အား အဘိဓမ္မာပိဋကတ်ကို မြတ်စွာဘုရားဟောတော်မူသည်ရှိသော် ကုဋေတစ်သောင်းသော သူတို့ သစ္စာလေးပါးတရားကို သိကုန်၏။ ထို့ကြောင့်—

ကကုသန္ဓဿ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
ကောဏ္ဍာဂမနော နာမ ဇိနော၊ လောကဇေဋ္ဌော နရာသဘော။

ဒသ ဓမ္မေ ပူရယိတွာန၊ ကန္တာရံ သမတိက္ကမိ။
ပဝါဟိယ မလံ သဗ္ဗံ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

ဓမ္မစက္က ံ ပဝတ္တေန္တေ၊ ကောဏ္ဍာဂမနနာယကော။
တိံသကောဋိသဟဿာနံ၊ ပဌမာဘိသမယော အဟု။

ပါဋိဟီရံ ကရောန္တေ စ၊ ပရဝါဒပ္ပမဒ္ဒနေ။
ဝီသတိကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု။

တတော ဝိကုဗ္ဗနံ ကတ္ဝာ၊ ဇိနော ဒေဝပုရံ ဂတော။
ဝသတေ တတ္ထ သမ္ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။

ပကရဏေ သတ္တ ဒေသေန္တော၊ ဝဿံ ဝသတိ သော မုနိ။
ဒသကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ ကကုသန္ဓဿ၊ ၏။ အပရေန၊ ၌။ ဒွိပဒုတ္တမော၊ မြတ်တော်မူထသော။ သမ္ဗုဒ္ဓေါ၊ သိတော်မူထသော။ လောက ဇေဋ္ဌော၊ မူထသော။ နရာသဘော၊ မူထသော။ ကောဏ္ဍာဂမနော နာမ၊ ကောဏ္ဍာဂုံ အမည်ရှိသော။ ဇိနော၊ သည်။ လောကေ၊ ၌။ ဥပ္ပဇ္ဇိ၊ ပြီ။


သော ဘဂဝါ၊ သည်။ ဒသ ဓမ္မေ၊ ပါရမီဆယ်ပါးတို့ကို။ ပူရယိတ္ဝာန၊ ဖြည့်တော်မူ၍။ ကန္တာရံ-ဇာတိကန္တာရ၊ ပဋိသန္ဓေနေခြင်းဟူသောခရီးခဲကို။ သမတိက္ကမိ၊ လွန်မြောက်ပြီ။ သဗ္ဗ၊ သော။ မလံ၊ ရာဂစသော အညစ်အကြေးကို။ ပဝါဟိယ၊ ချေပြီး၍။ ဥတ္တမံ၊ သော။ သမ္ဗောဓိံ၊ သို့။ ပတ္တော၊ မူပြီ။

ကောဏ္ဍာဂမနနာယကော၊ ကောဏ္ဍာဂုံမည်သော ဘုရားသခင်သည်။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားကို။ ပဝတ္တေန္တေ၊ ဟောတော်မူသည် ရှိသော်။ တိံသကောဋိသဟဿာနံ၊ ကုဋေသုံးသောင်းကုန်သော သူတို့အား။ ပဌမော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ပြီ။

ပရဝါဒပ္ပမဒ္ဒနေ၊ သူတစ်ပါးတို့၏ မှားသောအယူကို နှိမ်နင်းတော်မူသော ဘုရားသခင်သည်။ ပါဋိဟီရံ၊ ရေ မီး အစုံစုံသော ဟန်ခိုးပြာဋိဟာကို။ ကရောန္တေ စ၊ ပြုတော်မူလတ်သော်။ ဝီသတိကောဋိသဟဿာနံ၊ ကုဋေနှစ်သောင်းသော သူတို့အား။ ဒုတိယော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ပြီ။



သားတော် ရာဟုလာ




အမေတောင်းပံ

တတော၊ မှ။ ဇိနော၊ သည်။ ဝိကုဗ္ဗနံ၊ တန်ခိုးဖန်ဆင်းခြင်းကို။ ကတွာ၊ ၍။ ဒေဝပုရံ၊ တာဝတိံသာနတ်ပြည်သို့။ ဂတော၊ ကြွတော်မူ၏။ တတ္ထ။ ထိုတာဝတိံသာနတ်ပြည်၌။ သမ္ဗုဒ္ဓေါ၊ သည်။ သိလာယံ ပဏ္ဍုကမ္ဗလေ၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌။ ဝသတော၊ နေတော်မူ၏။

သော မုနိ၊ ထိုဘုရားသည်။ ပကရဏေ သတ္တ-သတ္တ ပကရဏသခ်ါတံ၊ ခုနစ်ကျမ်းဟုဆိုအပ်သော။ အဘိဓမ္မံ၊ ကို။ ဒေဝါနံ၊ တို့အား။ ဒေသေန္တော၊ ဟောတော်မူလျက်။ ဝဿံ၊ မိုးလပတ်လုံး။ ဝသတိ၊ နေတော်မူ၏။ တနည်း၊ ဝဿံ၊ တရားတည်းဟူသော မိုးကို။ ဝဿတိ၊ ရွာစေတော်မူ၏။ ဣတိ ဝေံ၊ သို့။ တတ္ထ၊ ထိုနတ်ပြည်၌။ ဘဂဝါ၊ သည်။ အဘိဓမ္မံ၊ ကို။ ဒေသေန္တော၊ ဟောတော်မူလျက်။ ဝိဟရန္တော၊ နေတော်မူသည် ရှိသော်။ ဒသကောဋိသဟဿာနံ၊ ကုဋေတစ်သောင်းသော သူတို့အား။ တတိယော၊ သော။ အဘိသမယော၊ သည်။ အဟု၊ ပြီ။

---

## ကောဏာဂုံမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

စင်ကြယ်သော ပါရမီတို့ကို ဖြည့်လျက် လာတော်မူသော ကောဏာဂုံ မြတ်စွာဘုရား၏ သာဝက အစည်းအဝေးကား တစ်ကြိမ်သာ ဖြစ်၏။ သုန္ဒရဝတီမြို့ သုန္ဒရဝတီဥယျာဉ်၌ နေတော်မူလျက် ဘိယျောသ မည်သော မင်းသားနှင့် ဥတ္တရမည်သော မင်းသား နှစ်ယောက်တို့ကို အခြံအရံ သုံးသောင်းနှင့်တကွ တရားဟောတော်မူသည် ရှိသော် အလုံးစုံသော သူတို့ ဧဟိဘိက္ခု ရဟန်းဖြစ်ကြ၍ ထိုရဟန်းတို့အလယ်၌ နေ၍ တပ္ပိတ်လပြည့်နေ့ ပါတိမောက်ကို ပြတော်မူ၏။ ထို့ကြောင့်—

တဿာပိ ဒေဝဒေဝဿ၊ ဧကော အာသိ သမာဂမော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

တိံသဘိက္ခုသဟဿာနံ၊ တဒါ အာသိ သမာဂမော။
ဩဃာနမတိက္ကန္တာနံ၊ ဘိဇ္ဇိတာနဉ္စ မစ္စုယာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရှာ။ ဒေဝဒေဝဿ၊ နတ်တကာတို့ထက် နတ်မြတ်ဖြစ်သော။ တဿာပိ၊ ထိုကောဏာဂုံ မြတ်စွာဘုရားအားလည်း။ ခီဏာသဝါနံ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော။ ဝိမလာနံ၊ ကုန်သော။ သန္တစိတ္တာနံ၊ ကုန်သော။ တာဒီနံ၊သည်းခံခြင်း ကျေးဇူးနှင့် ပြည့်စုံသော ရဟန္တာအရှင်မြတ်တို့၏။ ဧကော၊ တစ်ကြိမ်သော။ သမာဂမော၊ သည်။ အာသိ၊ ဖြစ်ပြီ။

ဩဃာနံ၊ လေးပါးသော ဩဃတို့ကို။ အတိက္ကန္တာနံ၊ လွန်မြောက်ကုန်ပြီးထသော။ မစ္စုယာ၊ သေမင်းကို။ ဘိဇ္ဇိတာနံ၊ ချိုးဖဲ့ကုန်ပြီးထသော။ တိံသတိက္ခသဟဿာနံ၊ သုံးသောင်းကုန်သောရဟန္တာတို့၏။ တဒါ၊ ထိုအခါ၌။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ဖြစ်ပြီ။

---

## ငါတို့ဘုရားလောင်း မိထိလာပြည်၌ ပဗ္ဗတမည်သော မင်းဖြစ်စဉ် ကောဏာဂုံ မြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းသည် မိထိလာပြည်၌ ပဗ္ဗတ မည်သော မင်းဖြစ်၍ ကောဏာဂုံ မြတ်စွာဘုရား မိထိလာပြည်သို့ အစဉ်ရောက်သည် ရှိသော် အခြံအရံနှင့်တကွ မင်းကြီးသည် ခရီးဦး ကြိုဆို၍ ရှိခိုးလျက် မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးမှ အလှူကြီးကို ပေး၍ မိမိပြည်၌ မြတ်စွာဘုရား ဝါဆိုစိမ့်သောငှါ တောင်းပန်၍ ဝါတွင်းသုံးလတို့ပတ်လုံး မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့ကို လုပ်ကျွေး၍ အဝတ်ပုဆိုး ပိုးချည်ကမ္ဗလာဖြင့် ပြီးသည် ဖြစ်၍ အဖိုးများစွာ ထိုက်သော သင်္ကန်း ရဟန်းပရိက္ခရာတို့ကို လှူ၏။

ကောဏာဂုံ မြတ်စွာဘုရားသည် မင်းကြီးအား "ဤဘဒ္ဒကပ်ကမ္ဘာ၌ ဤမင်းကား ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူသောအခါ ယောကျ်ားမြတ်သည်လည်း မြတ်စွာဘုရား ဗျာဒိတ်စကားကို ကြား၍ ပြည်ကြီးစည်းစိမ်ကို စွန့်လျက် မြတ်စွာဘုရားအထံ၌ ရဟန်းပြုတော်မူ၏။ ထို့ကြောင့်—

အဟံ တေန သမယေန၊ ပဗ္ဗတော နာမ ခတ္တိယော။
မိတ္တာမစ္စေဟိ သမ္ပန္နော၊ ဗလဝါဟနမနပ္ပကံ။

သမ္ဗုဒ္ဓဒဿနံ ဂန္တွာ၊ သုတွာ ဓမ္မမနုတ္တရံ။
နိမန္တေတွာ သဇိနသံဃံ၊ ဒါနံ ဒတွာ ယဒိစ္ဆကံ။

ပတ္တုဏ္ဏံ စီနပဋ္ဋဉ္စ၊ ကောသေယျံ ကမ္ဗလမ္ပိ စ။
သုဝဏ္ဏပါဒုကဉ္စေဝ၊ အဒါသိံ သတ္ထုသာဝကေ။

သောပိ မံ မုနိ ဗျာကာသိ၊ သံဃမဇ္ဈေ နိသီဒိယ။
ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။

အဟော ကပိလဝှယာ ရမ္မာ ။လ။
တဿာပိ ဝစနံ သုတွာ ။လ။ ဒသပါရမိပူရိယာ။

သဗ္ဗညုတံ ဂဝေသန္တော၊ ဒါနံ ဒတွာ နရုတ္တမေ။
ဩဟာယာဟံ မဟာရဇ္ဇံ၊ ပဗ္ဗဇိံ ဇိနသန္တိကေ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ အဟံ၊ သည်။ တေန သမယေန၊ ထိုကောဏာဂုံ ဘုရားလက်ထက်တော်၌၊ မိတ္တာမစ္စေဟိ၊ အဆွေခင်ပွန်း အမတ်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ ပဗ္ဗတော နာမ၊ ပဗ္ဗတမည်သော။ ခတ္တိယော၊ သည်။ အဟောသိံ၊ ဖြစ်ပြီ။ မယိ၊ ငါ၌။ အနပ္ပကံ၊ များစွာသော။ ဗလဝါဟနံ၊ စစ်သည်ဗိုလ်ပါ ဆင်မြင်းစသည်သည်။ အတ္ထိ၊ ရှိ၏။

သော အဟံ၊ ထိုငါသည်။ သမ္ဗုဒ္ဓဒဿနံ သမ္ဗုဒ္ဓဒဿနတ္ထာယ၊ ဘုရားကိုဖူးမြင်အံ့သောငှာ။ ဂန္တွာ၊ သွား၍။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မံ၊ ကို။ သုတွာ၊ နာ၍။ သဇိနသံဃံ၊ ဘုရားနှင့် တကွသော သံဃာတော်ကို။ နိမန္တေတွာ၊ ပင့်ဖိတ်၍။ ယဒိစ္ဆကံ၊ အကြင်ရွေ့လောက်တန်ပြီဟု မြစ်သည်တိုင်အောင်။ ဒါနံ၊ ဆွမ်းဘောဇဉ် အဖျော်ခဲဖွယ်ကို။ ဒတွာ၊ လှူ၍။

ပတ္တုဏ္ဏံ စီနပဋ္ဋဉ္စ၊ ပတ္တုဏ္ဏတိုင်း၌ ဖြစ်သော ပုဆိုး၊ စိန့်တိုင်း၌ ဖြစ်သော ပုဆိုးကိုလည်းကောင်း။ ကောသေယျံ ကမ္ဗလမ္ပိ စ၊ ပိုးချည်ပုဆိုး ကမ္ဗလာ ပုဆိုးကိုလည်းကောင်း။ သုဝဏ္ဏပါဒုကဉ္စေဝ၊ ရွှေခြေနင်းကို လည်းကောင်း။

သတ္ထု၊ ဘုရားမြတ်အားလည်းကောင်း။ သာဝကေ-သာဝကာနဉ္စ၊ တပည့်သံဃာတော်တို့အားလည်းကောင်း။ အဒါသိ ၊ လှူပြီ။

သောပိ မုနိ၊ ထိုမြတ်စွာဘုရားသည်လည်း။ မံ၊ ငါ့ကို။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ နိသီဒိယ၊ နေတော်မူ၍။ အယံ၊ ဤပဗ္ဗတမင်းသည်။ ကပ္ပမိ ဘဒ္ဒကေ ကပ္ပေ၊ ဤဘဒ္ဒကပ်၌။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ဗျာကာသိ၊ ၏။

ဣမဿ၊ ဤမင်း၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အဟော၊ အံ့ဩဖွယ်ရှိစွ။ တထာဂတော၊ မင်းကြီးဖြစ်သော ဘုရားသည်။ ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ ၌။ ရမ္မာ၊ သော။ ကပိလဝတ္ထုယာ၊ ကပိလဝတ်ပြည်မှ။ နိက္ခမိတွာ၊ ၍။ ပဓာနံ၊ ကို။ ပဒဟိတွာ၊ ၍ ။ပေ။ ဟေဿာမ၊ ကုန်၏။ တဿာပိ၊ ၏လည်း။ ဝစနံ၊ ကို။ ။ပေ။ အဓိဋ္ဌဟိံ ၊ ပြီ။

သဗ္ဗညု တံ၊ ကို။ဂဝေသန္တော၊ ရှာသောငါသည်။ နရုတ္တမေ-နရုတ္တမဿ။ ။ပေ။ ပဗ္ဗဇိံ ၊ ရဟန်းပြုပြီ။

---

## ကောဏာဂုံမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ကောဏာဂုံ မြတ်စွာဘုရား၏ နေပြည်တော်ကား သောဘဝတီမည်၏။ ယညဒတ် မည်သော ပုဏ္ဏားကား ခမည်းတော်တည်း။ ဥတ္တရာမည်သော ပုဏ္ဏေးမကား မယ်တော်တည်း။ ဘိယျောသနှင့် ဥတ္တရတို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ အလုပ်အကျွေးကား သောတ္ထိဇ မည်၏။ သမုဒ္ဒါနှင့် ဥတ္တရာတို့ကား အဂ္ဂသာဝိကာမ ဖြစ်ကုန်၏။ ပွင့်ရာ သစ်ပင်ကား ရေသဖန်းပင်တည်း။ အရပ်တော်ကား အတောင်သုံးဆယ် မြင့်၏။ အသက်တော်ကား အနှစ်သုံးသောင်းတည်း။ ထိုဘုရားလောင်း၏ ဇနီးကား ရုစိဂတ္တာမည်၏။ သားတော်ကား သတ္ထဝါဟတည်း။ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

နဂရံ သောဘဝတီ နာမ၊ သောဘော နာမာသိ ခတ္တိယော။
ဝသတေ တတ္ထ နဂရေ၊ သမ္ဗုဒ္ဓဿ မဟာကုလံ။

ဗြာဟ္မဏော ယညဒတ္တော စ၊ အာသိ ဗုဒ္ဓဿ သော ပိတာ။
ဥတ္တရာ နာမ ဇနိကာ၊ ကောဏာဂမနဿ သတ္ထုနော။

ဘိယျောသော ဥတ္တရော နာမ၊ အဟေသုံ အဂ္ဂသာဝကာ။
သောတ္ထိဇော နာမုပဋ္ဌာကော၊ ကောဏာဂမနဿ သတ္ထုနော။

သမုဒ္ဒါ ဥတ္တရာ စေဝ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ ဥဒုမ္ဗရောတိ ဝုစ္စတိ။

ဥဂ္ဂေါ စ သောမဒေဝေါ စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
သီဝလာ စေဝ သာမာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

ဥစ္စတရေန သော ဗုဒ္ဓေါ၊ တိံသဟတ္ထံ သမုဂ္ဂတော။
ဥက္ကာမုခေ ယထာ ကမ္ဗု၊ ဧဝံ ရံသီဟိ မဏ္ဍိတော။

တိံသဝဿသဟဿာနိ၊ အာယု ဗုဒ္ဓဿ တာဝဒေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဓမ္မစေတိံ သမုဿေတွာ၊ ဓမ္မဒုဿဝိဘူသိတံ။
ဓမ္မပုပ္ဖဂုဠံ ကတွာ၊ နိဗ္ဗုတော သော သသာဝကော။

မဟာဝိလာသော တဿ ဇနော၊ သိရိဓမ္မပ္ပကာသနော။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ ကောဏာဂမနဿ၊ ကောဏာဂုံဘုရား၏။ နဂရံ၊ သည်။ သောဘဝတီ နာမ၊ မည်၏။ ခတ္တိယော၊ ထိုပြည်ကို အစိုးရသော မင်းသည်။ သောဘော နာမ၊ သည်။ အာသိ၊ ၏။ တတ္ထ နဂရေ၊ ထိုမြို့၌။ သမ္ဗုဒ္ဓဿ၊ ၏။ မဟာကုလံ၊ မြတ်သော အမျိုးတော်သည်။ ဝသတေ၊ ၏။

ဗုဒ္ဓဿ၊ ၏။ သော ပိတာ၊ သည်။ ဗြာဟ္မဏော ယညဒတ္တော၊ ယညဒတ် မည်သော ပုဏ္ဏားသည်။ အာသိ၊ ပြီ။ ကောဏာဂမနဿ၊ သော၊ သတ္ထုနော၊ ၏။ ဇနိကာ၊ သည်။ ဥတ္တရော နာမ၊ မည်၏။

ဘိယျောသော စ၊ လည်းကောင်း။ ဥတ္တရော နာမ စ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။

ကောဏာဂမနဿ၊ သော။ သတ္ထုနော၊ ၏။ ဥပဋ္ဌာကော၊ သည်။ သောတ္ထိဇော နာမ၊ မည်၏။

သမုဒ္ဒါ စ၊ လည်းကောင်း။ ဥတ္တရာ စေဝ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝိကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿ ဘဂဝတော၊ ၏။ ဗောဓိ၊ ကို။ ဥဒုမ္ဗရောတိ၊ ရေသဖန်းပင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥဂ္ဂေါ စ၊ ဥဂ္ဂ လည်းကောင်း။ **သောမဒေဝေါ** စ၊ **သောမဒေဝ** လည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သောအလုပ်အကျွေး ဥပါသကာ တို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ သီဝလာ စေဝ၊ သီဝလာ လည်းကောင်း။ သာမာ စ၊ သာမာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

သော ဗုဒ္ဓေါ၊ သည်။ ဥစ္စတရေန၊ ဖြင့်။ တိံသဟတ္ထံ၊ အတောင်သုံးဆယ်။ သမုဂ္ဂတော၊ မြင့်တော်မူ၏။ ဥက္ကာမုခေ၊ ပန်းထိမ်တို့၏ မိုက်ခွက်၌။ ယထာကမ္ဗု၊ သိင်္ဂီနိက်ရွှေကဲ့သို့။ ဧဝံ တထာ၊ တူ။ ရံသီဟိ၊ ရောင်ခြည် တော်တို့ဖြင့်။ မဏ္ဍိတော၊ တန်ဆာဆင်အပ်၏။

တာဝဒေ၊ ထိုကာလ၌။ တိံသဝဿသဟဿာနိ၊ အနှစ်သုံးသောင်းတို့ ပတ်လုံး။ ဗုဒ္ဓဿ၊ ၏။ အာယု၊ သည်။ ဝိဇ္ဇတိ၊ ၏။ တာဝတာ၊ **လောက်**။ တိဋ္ဌမာနော ။လ။ တာရေသိ၊ ပြီ။

ဓမ္မဒုဿဝိဘူသိတံ စတုသစ္စဓမ္မပဋ္ဋကာဝိဘူသိတံ၊ သစ္စာလေးပါး တရားတည်းဟူသော တံခွန်အလံတို့ဖြင့် တန်ဆာဆင်အပ်သော။ ဓမ္မပုပ္ဖဂုဠံ၊ တရားဖြင့် ပြီးသော ပန်းစည်းကို။ ကတွာ၊ ၍။ ဝိပဿနာစေတိယင်္ဂဏေ၊ ဝိပဿနာတည်းဟူသော စေတီပြင်၌။ ဌိတဿ၊ တည်သော။ မဟာဇနဿ၊ လူအပေါင်းအား။ နမဿတ္ထာယ၊ ရှိခိုးစိမ့်သောငှာ။ ဓမ္မစေတိံ၊ ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးဖြင့် ပြီးသော စေတီကို။ သမုဿိတွာ ပတိဋ္ဌာပေတွာ၊ တည်စေတော်မူ၍။ သော ဘဂဝါ၊ သည်။ သသာဝကော၊ တကွ။ နိဗ္ဗုတော၊ ပြီ။

တဿ ဘဂဝတော၊ ထိုကောဏာဂုံ မြတ်စွာဘုရား၏။ ဇနော သာဝကဇနော၊ တပည့်သံဃာသည်။ မဟာဝိလာသော၊ မြတ်သော စံပယ် ကွန့်မြူးခြင်းရှိ၍။ သိရိခမ္ဘပ္ပကာသနော၊ ကျက်သရေရှိသော လောကုတ္တရာတရားကို ပြတော်မူတတ်၏။ တံ သဗ္ဗံ၊ သည် ။လ။ လျှင်တည်း။

ဤတွင်ရွှေ့ကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ နှစ်ဆယ့်သုံးခုတို့၏
ပြည့်ကြောင်းဖြစ်သော ကောဏာဂုံမြတ်စွာဘုရား
အကြောင်းကား ပြီး၏။

# ၂၆-ကဿပ ဗုဒ္ဓဝံသ

## ကဿပ မြတ်စွာဘုရားအကြောင်းကို ပြခြင်း

ကောဏာဂုံမြတ်စွာဘုရားနောက်အဖို့၌ သာသနာတော် ကွယ်ခဲ့သည်ရှိသော် အနှစ်သုံးသောင်း အသက်ရှည်သော သတ္တဝါတို့ အစဉ်သဖြင့် ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်သောအခါ တဖန်တက်ပြန်၍ အသင်္ချေသို့ ရောက်မှ တဖန် ဆုတ်ခဲ့ပြန်သော် အနှစ်နှစ်သောင်းတမ်း၌ များစွာသော လူအပေါင်းတို့ကို မွေးမြူခြင်း ပြုတတ်သော ကဿပမြတ်စွာဘုရားသည် လောက၌ ထင်ရှားပွင့်တော်မူ၏။

* ထိုဘုရားလောင်းသည် ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်လျှင် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ ဗာရာဏသီပြည် ဗြဟ္မဒတ္တမည်သော ပုဏ္ဏား၏ ပြန့်ပြောသော ဂုဏ်ရှိသည်၏အဖြစ်ကြောင့် ဓနဝတီမည်သော ပုဏ္ဏေးမဝမ်း၌ စွဲသမ်းသန္ဓေ နေတော်မူ၍ ဆယ်လစေ့သဖြင့် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ဖွားမြင်တော်မူ၏။ ထိုဘုရားလောင်းကိုလည်း အနွယ်အားဖြင့် ကဿပကုမာရဟူသော အမည်ကို မှည့်ကြကုန်၏။

ထိုဘုရားလောင်းသည် အနှစ်နှစ်ထောင်တို့ ပတ်လုံး ဟံသဝါ၊ ယသဝါ၊ သိရိနန္ဒ-ဟူသော ပြာသာဒ်သုံးဆောင်တို့၌ သုနန္ဒာ မည်သော ပုဏ္ဏေးမကို အမှူးပြု၍ လေးသောင်းရှစ်ထောင်သောပုဏ္ဏေးမတို့ခြံရံလျက် လူ့ဘောင်၌ စံစားတော်မူစဉ် သုနန္ဒာ ပုဏ္ဏေးမ၌ ဝိဇိတသေန မည်သော သားတော်ကို ဖွားမြင်တော်မူသော် နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ တောထွက်အံ့ဟု ကြံသော ခဏ ပြာသာဒ်သည် စက်ကဲ့သို့ လည်၍ ကောင်းကင်သို့ တက်လျက် ပဓာနပင် ဗောဓိအလယ်၌ တည်၏။

---

* ကဿပ မြတ်စွာဘုရားလောင်းတော်သည် ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော်မူရ၏။ သုတ္တနိပါတ် အဋ္ဌကထာ၊ ၂-စူဠဝဂ်၊ ၁၄၊ အာမဂန္ဓသုတ် အဖွင့် ၂၆၇။၂၇၇။၂၂၉ အဆိုတည်း။

ထို့နောက်မှ ဘုရားလောင်းသည် ရဟန်းပြုသော် အလုံးစုံသော ယောကျ်ားတို့သည်လည်း ဘုရားလောင်းနောက်သို့ အတူလိုက်၍ ရဟန်း ပြုကုန်လျှင် ယောကျ်ားမြတ်သည်လည်း ထိုရဟန်းတို့ဖြင့် ခြံရံလျက် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ သုနန္ဒာ မည်သော ပုဏ္ဏေးမသည် လှူအပ်သော နို့ဃနာကို ကောင်းစွာ ဘုဉ်းပေးတော်မူ၍ ရှားတော၌ နေ့သန့်ခြင်းကို လွန်စေတော်မူလျက် ညချမ်းသောအခါ သောမမည်သော မုယောခင်းစောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူ၍ ပညောင်ပင်ဗောဓိသို့ ကပ်တော်မူ၏။

ဘုရားလောင်းသည် ထိုပညောင်ပင်ဗောဓိ၌ တစ်ဆယ့်ငါးတောင်အလျား အနံရှိသော မြက်ခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် သဗ္ဗညုတ ညာဏ်သို့ ရောက်တော်မူ၍ "အနေကဇာတိသံသာရံ ။လ။ တဏှာနံ ခယမဇ္ဈဂါ "ဟူသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

---

## ကဿပမြတ်စွာဘုရား သတ္တဝါတို့ကို ချွတ်တော်မူခြင်း

ထိုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးမှ ဗောဓိပင်အနီး၌ သတ္တ သတ္တာဟကို လွန်စေလျက် ကိုယ်တော်နှင့် အတူ ရဟန်းပြုကုန်သော တစ်ကုဋေသော ရဟန်းတို့ ဥပနိဿယနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွလျက် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သက်၍ ရဟန်းတို့ ခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူသောအခါ ကုဋေ နှစ်သောင်းသော သူတို့ ရှေးဦးစွာ သစ္စာလေးပါး တရားကို သိကုန်၏။ ထို့ကြောင့်—

ကောဏာဂမနဿ အပရေန၊ သမ္ဗုဒ္ဓေါ ဒွိပဒုတ္တမော။
ကဿပေါ နာမ ဂေါတ္တေန၊ ဓမ္မရာဇာ ပဘင်္ကရော။

သဉ္ဆဍ္ဍိတံ ကုလမူလံ၊ ဗဟွန္နပါနဘောဇနံ။
ဒတွာန ယာစကေ ဒါနံ၊ ပူရယိတွာန မာနသံ။
ဥသဘောဝ အာဠကံ ဘေတွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

ဓမ္မစက္ကံ ပဝတ္တေန္တေ၊ ကဿပေ လောကနာယကေ။
ဝီသတိကောဋိသဟဿာနံ၊ ပဉ္စမာဘိသမယော အဟု–

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ ကောဏ္ဍာဂမနဿ၊ ၏။ အပရေန၊ ဥ္။ သမ္ဗုဒ္ဓေ၊ အလိုလို သိထသော။ ဒွိပဒုတ္တမော၊ မူထသော။ ဂေါတ္တေန၊ ဖြင့်။ ကဿပေါ နာမ၊ ကဿပအမည်တော်ရှိထသော၊ ပဘင်္ကရော၊ အရောင်ကို ပြုတတ်ထသော။ ဓမ္မရာဇာ၊ တရားမင်းဘုရားသည်။ ကုလမူလံ ကုလဃရံ၊ အမျိုး၏ အခြေ အမြစ်ဖြစ်သော အိမ်တော်ကို။ သဋ္ဌိဒ္ဋိတံ ပရိတ္တံ၊ စွန့်တော်မူအပ်ပြီ။ ဗဟုန္န-ပါနဘောဇနံ၊ မျှားလှစွာသော ထမင်း အဖျော် ဘောဇဉ်တည်းဟူသော။ ဒါနံ၊ ကို။ ယာစကေ ယာစကာနံ၊ သူတောင်းစားတို့အား။ ဒတွာန၊ ၍။ မာနသံ၊အရဟတ္တဖိုလ်စိတ်ကို။ ပူရယိတွာန၊ ဖြည့်၍။ ဥသဘော၊ ဥသဘာန္တ သားလားသည်။ အာဠကံ ဝဇံ၊ စည်းခြံကို။ ဘေတွာ ဘိန္ဒိတွာ၊ ဖောက်ထွင်း၍။ ယထာ ဣစ္ဆိတံ ဌာနံ၊ အလိုရှိအပ်သော အရပ်သို့။ ပါပုဏာတိ ဣဝ၊ ရောက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ မဟာပုရိသော။ သည်။ ဂေဟဗန္ဓံ၊ အိမ်တည်းဟူသော အနှောင်အဖွဲ့ကို။ ဘိန္ဒိတွာ၊ ဖောက်ထွင်း ချိုးဖွဲ့၍။ ဥတ္တမံ၊ သော။ သမ္ဗောဓိံ၊ သို့။ ပတ္တော၊ မူပြီ။

ကဿပေ၊ သော။ လောကနာယကေ၊ သည်။ ဓမ္မစက္ကံ၊ ကို။ ပဝတ္တေန္တေ၊ သည်ရှိသော်။ ဝီသတိကောဋိသဟဿာနံ၊ ကုဋေနှစ်သောင်းသော သူတို့အား။ ပဉ္စမာဘိသမယော၊ သည်။ အဟု၊ ပြီ။

တဖန်လည်း လေးလပတ်လုံး ဇနပုဒ်သို့ ဒေသစာရီ ကြွတော်မူသည် ရှိသော် ကုဋေတစ်သောင်းသောသူတို့ နှစ်ကြိမ်မြောက် သစ္စာလေးပါး တရားကို သိကုန်၏။

အကြင်အခါ သုနန္ဒမြို့တံခါး ပိတောက်ပင်ကြီးအနီး၌ အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ တရားဟောတော်မူပြီးသော အခါ ကုဋေ ငါးထောင်သော သူတို့ သုံးကြိမ်မြောက် သစ္စာလေးပါး တရားကို သိကုန်၏။ ထို့ကြောင့်–

စတုမာသံ ယဒါ ဗုဒ္ဓေါ၊ လောကေ စရတိ စာရိကံ။
ဒသကောဋိသဟဿာနံ၊ ဒုတိယာဘိသမယော အဟု။

ယမကံ ဝိကုဗ္ဗနံ ကတွာ၊ ဉာဏဓာတုံ ပကိတ္တယိ။
ပဥ္စကောဋိသဟဿာနံ၊ တတိယာဘိသမယော အဟု–

ဟူ၍ ဟောတော်မူပြီ။

ယဒါ၊ အကြင်အခါ၌။ ဗုဒ္ဓေါ၊ ကဿပဘုရားသခင်သည်။ လောကေ၊ ၌။ စတုမာသံ၊ လေးလပတ်လုံး။ စာရိကံ၊ ဒေသစာရီကို။ စရတိ၊ ကြွတော်မူ၏။ တဒါ၊ ၌။ ဒသကောဋိသဟဿာနံ၊ ကုဋေတစ်သောင်းသော သူတို့အား။ ဒုတိယာဘိသမယော၊ သည်။ အဟု၊ ပြီ။

ယဒါ၊ ၌။ ဘဂဝါ၊ သည်။ ယမကံ၊ ရေမီးအစုံ တည်းဟူသော။ ဝိကုဗ္ဗနံ၊ တန်ခိုး ဖန်ဆင်းခြင်းကို။ ကတွာ၊ ၍။ ဉာဏဓာတုံ၊ သဗ္ဗညုတဉာဏ် အဖြစ်ကို။ မဟာဇနဿ၊ အား။ ပကိတ္တယိ၊ ဟောကြားတော်မူပြီ။ တဒါ၊ ၌။ ပဥ္စကောဋိသဟဿာနံ၊ ကုဋေ ငါးထောင်သော သူတို့အား။ တတိယာဘိ-သမယော၊ သည်။ အဟု၊ ပြီ။

---

## ကဿပမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကို ပြခြင်း

ထိုကဿပမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကား တစ်ကြိမ်သာတည်း။ ဗာရာဏသီပြည်၌ ပုရောဟိတ် ပုဏ္ဏားသား တိဿသည် ကဿပ ဘုရားလောင်း ကိုယ်တော်၌ လက္ခဏာ အထူးနှင့် ပြည့်စုံခြင်းကို ပြောဆိုသော အဘစကားကို ကြား၍ ယုံမှား ကင်းလျက် "ဤသူကား မြတ်သော တောထွက်ခြင်းဖြင့် တောထွက်၍ ဘုရားဖြစ်လတ္တံ့။ ထိုသူ့အထံ၌ ရဟန်းပြု၍ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ လွတ်အံ့"ဟု ကြံ၍ တန်ခိုးကြီးသော ရဟန်းအပေါင်းတို့၏ နေရာ ဟိမဝန္တာတောသို့ သွားလျက် ရသေ့ ရဟန်းပြု၏။

ထိုရသေ့အား ရသေ့အခြံအရံ နှစ်သောင်းရှိ၏။ နောက်အဖို့၌ ကဿပ သတို့သားသည် တောထွက်၍ သဗ္ဗညုတဉာဏ်သို့ ရောက်သည်ဟုကြားလျှင် အခြံအရံနှင့်တကွ လာလတ်၍ ကဿပမြတ်စွာဘုရားအထံ၌ ဧဟိဘိက္ခု ရဟန်းအဖြစ်မြင့် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ထိုအစည်းအဝေး၌ ကဿပ မြတ်စွာဘုရားသည် တဝ့်ထဲလပြည့်နေ့ ပါတိမောက်ကို ပြတော်မူ၏။ ထို့ကြောင့်—

တဿာပိ ဒေဝဒေဝဿ၊ ကောဝ အာသိ သမာဂမော။
ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန တာဒိနံ။

ဝီသဘိက္ခုသဟဿာနံ၊ တဒါ အာသိ သမာဂမော။
အဘိက္ကန္တဘဝန္တာနံ၊ ဟိရိသီလေန တာဒိနံ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ ဒေဝဒေဝဿ၊ မှုသော။ တဿာပိ၊ ထိုကဿပဘုရား အားလည်း။ တာဒိနံ၊ ကုန်သော။ သန္တစိတ္တာနံ၊ ကုန်သော။ ဝိမလာနံ၊ ကုန် သော။ ခီဏာသဝါနံ၊ တို့၏။ ကောဝ၊ သော။ သမာဂမော၊ သည်။ အာသိ၊ ပြီ။

တဒါ၊ ထိုအခါ၌။ ဟိရိ-ဟိရိယာ၊ ဟိရီအားဖြင့်လည်းကောင်း။ သီလေန၊ သီလအားဖြင့်လည်းကောင်း။ တာဒိနံ၊ တူမျှကြကုန်သော။ အဘိက္ကန္တ-ဘဝန္တာနံ၊ ဘဝအထူးကို လွန်ကုန်သော။ ဝါ၊ ပုထုဇဉ် သေက္ခအဖြစ်ကို လွန်ကုန်သော။ ဝီသဘိက္ခုသဟဿာနံ၊ နှစ်သောင်းသော ရဟန်းတို့၏။ သမာဂမော၊ အစည်းအဝေးသည်။ အာသိ၊ ပြီ။

---

## ငါတို့ဘုရားလောင်း ဇောတိပါလ ပုဏ္ဏားလုလင် ရဟန်းဖြစ်စဉ် ကဿပမြတ်စွာဘုရား ဗျာဒိတ်စကား ကြားတော်မူခြင်း

ထိုအခါ ငါတို့ဘုရားလောင်းသည် ဇောတိပါလ မည်သော ပုဏ္ဏား လုလင်ဖြစ်၍ ဗေဒင်သုံးပုံတို့၌ ကမ်းတစ်ဖက်သို့ ရောက်၏။ မြေအပြင်၌ လည်းကောင်း, ကောင်းကင်၌ လည်းကောင်း ထင်ရှား၏။ ဃဋိကာရ အိုးထိန်းသည်၏ အဖော်မိတ်ဆွေလည်း ဖြစ်၏။ ထိုဘုရားလောင်းသည် အဖော်ဖြစ်သော ဃဋိကာရနှင့်တကွ မြတ်စွာဘုရားသို့ ကပ်၍ တရား စကားကို ကြားနာရလျှင် ဘုရားလောင်းသည် ရဟန်းပြု၏။ရဟန်းပြုပြီးလျှင် အားထုတ်အပ်သော လုံ့လရှိရကား ပိဋကသုံးပုံတို့ကို သင်၍ ဝတ်ကြီး ဝတ်ငယ် အကျင့်ဖြင့် ဘုရားသာသနာကို တင့်တယ်စေ၏။ ကဿပ ဘုရား သည်လည်း ထိုဇောတိပါလရဟန်းကို ဗျာဒိတ်စကား ကြားတော်မူ၏။ ထို့ကြောင့်—

အဟံ တဒါ မာဏဝကော၊ ဇောတိပါလောတိ ဝိဿုတော။
အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ။

လက္ခဏေ ဣတိဟာသေ စ၊ သဓမ္မေ ပါရမိံ ဂတော။
ဘူမန္တလိက္ခကုသလော၊ ကတဝိဇ္ဇော အနူပဝဇ္ဇော။

ကဿပဿ ဘဂဝတော၊ ဃဋိကာရော နာမုပဋ္ဌကော။
သဂါရဝေါ သပ္ပတိဿော၊ နိဗ္ဗုတော တတိယေ ဖလေ။

အာဒါယ မံ ဃဋီကာရော၊ ဥပဂဉ္ဆိ ကဿပံ ဇိနံ။
တဿ ဓမ္မံ သုဏိတွာန၊ ပဗ္ဗဇိံ တဿ သန္တိကေ။

အာရဒ္ဓဝီရိယော ဟုတွာ၊ ဝတ္တာဝတ္တေသု ကောဝိဒေါ။
န ကွစိ ပရိဟာယာမိ၊ ပူရေသိံ ဇိနသာသနံ။

ယာဝတာ ဗုဒ္ဓဘဏိတံ၊ နဝင်္ဂံ ဇိနသာသနံ။
သဗ္ဗံ ပရိယာပုဏိတွာန၊ သောဘယိံ ဇိနသာသနံ။

မမ အစ္ဆရိယံ ဒိသွာ၊ သောပိ ဗုဒ္ဓေါ ဝိယာကရိ။
ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ အယံ ဗုဒ္ဓေါ ဘဝိဿတိ။
အဟော ကပိလဝှယာ ရမ္မာ။လ။

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသာဒယိံ။
ဥတ္တရိံ ဝတမဓိဋ္ဌာသိံ၊ ဒသပါရမိပူရိယာ။

ဧဝမဟံ သံသရိတွာ၊ ပရိဝဇ္ဇေန္တော အနာစရံ။
ဒုက္ကရဉ္စ ကတံ မယှံ၊ ဗောဓိယာယေဝ ကာရဏာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ အဟံ၊ သည်။ တဒါ၊ ထိုကဿပ ဘုရားလက်ထက်တော် အခါ၌။ ဇောတိပါလောတိ၊ ဇောတိပါလဟု။ ဝိဿုတော၊ ကျော်စောသော။ အဇ္ဈာယကော၊ ဗေဒင်ကို သရဇ္ဈာယ်ထသော။ မန္တဓရော၊ ဗေဒင်ကို ဆောင်ထသော။ မာဏဝကော၊ လုလင်သည်။ ဟုတွာ၊ ၍။ တိဏ္ဏံ ဝေဒါနံ၊ ဗေဒင် သုံးပုံတို့၏။ ပါရဂူ၊ ကမ်းတစ်ဖက်သို့ ရောက်သည်။ အဟောသိ၊ ၏။

လက္ခဏေ စ၊ လက္ခဏာကျမ်း၌လည်းကောင်း။ ဇာတိဟာသေ စ၊ ဇာတိဟာသကျမ်း၌လည်းကောင်း။သဓမ္မေ စ၊ပုဏ္ဏားတို့၏အကျင့်၌လည်းကောင်း။ ပါရမိံ၊ အထွတ်သို့။ ဂတော၊ ရောက်၏။ ဘူမန္တလိက္ခကုသလော၊ ဘူမိဝိဇ္ဇာ နက္ခတ်တာရာအတတ်တို့၌ လိမ္မာ၏။ ကတဝိဇ္ဇော၊ လေ့လာအပ်ပြီးသော အတတ်ရှိ၏။ အနဝယော၊ ယုတ်လျော့ခြင်း မရှိနိုင်။

သဂါရဝေါ၊ ရတနာ သုံးပါး၌ အလွန်ရိုသေထသော။ သပ္ပတိဿော၊ အလွန်ကျိုးနွံထသော။ တတိယေ ဖလေ၊ အနာဂါမိဖိုလ်ကို ရခြင်းကြောင့်။ နိဗ္ဗုတော၊ ငြိမ်းပြီးသသော။ ကဿပဿ၊ အမည်ရှိသော။ ဘဂဝတော၊ ၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးဖြစ်သော ဒါယကာသည်။ ဃဋိကာရော နာမ၊ ဃဋိကာရမည်၏။

သော ဃဋိကာရော၊ ထိုဃဋိကာရသည်။ မံ၊ ကို။ အာဒါယ၊ ခေါ်ယူ၍။ ကဿပံ ဇိနံ၊ ကဿပဘုရားသို့။ ဥပဂစ္ဆိ၊ ကပ်ပြီ။ တဿ၊ ထိုကဿပ မြတ်စွာဘုရား၏။ ဓမ္မံ၊ ကို။ သုဏိတွာ၊ ၍။ တဿ၊ ၏။ သန္တိကေ၊ ၌။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။

အဟံ၊ သည်။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လုံ့လရှိသည်။ ဟုတွာ၊ ၍။ ဝတ္တာဝတ္တေသု၊ ဝတ်ငယ် ဝတ်ကြီးတို့၌။ ကောဝိဒေါ၊ လိမ္မာသည်။ ဟုတွာ၊ ၍။ သီလေသု ဝ၊ သီလတို့၌လည်းကောင်း။ သမာဓိ သမာပတ္တိသု ဝ၊ ဈာန် သမာပတ်တရားတို့၌လည်းကောင်း။ ကွစိ ကုတောစိ၊ တရံ တဆစ်မျှ။ တနည်းကား၊ ကွစိ၊ တစုံတခုသော တရား၌။ န ပရိဟာယာမိ၊ မယုတ်။ ဇိနသာသနံ၊ ကို။ ပူရေသိံ၊ ဖြည့်ပြီ။

ယာဝတာ ယာဝတ္တကံ၊ အကြင်မျှလောက်။ ဗုဒ္ဓဘဏိတံ၊ ဘုရားဟောတော်မူအပ်သော။ နဝင်္ဂံ၊ ကိုးပါးသော အင်္ဂါရှိသော။ သတ္ထု၊ သော။ ဇိနသာသနံ၊ ကို။ ပရိယာပုဏိတွာန၊ သင်ဦး၍။ ဇိနသာသနံ၊ ကို။ သောဘယိံ၊ တင့်တယ်စေပြီ။

မမ၊ ငါ၏။ အစ္ဆရိယံ၊ သီလသမာဓိ ဈာန်တရားတို့၌ တပါးသော သူတို့နှင့် မဆက်ဆံသော အံ့ဖွယ်သရဲကို။ ဒိသွာ၊ ၍။ သောပိ ဗုဒ္ဓေါ၊ ထိုကဿပဘုရားသည်လည်း။ မံ၊ ကို။ ဝိယာကရိ ဗျာကာသိ၊ ဗျာဒိတ်ကြားတော်မူပြီ။ ကိံ ဗျာကာသိ၊ အဘယ်သို့ ကြားသနည်းဟူမူကား။ အယံ၊ ဤဇောတိပါလ မထေရ်သည်။ ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ ဤဘဒ္ဒ ကမ္ဘာ၌။ ဗုဒ္ဓေါ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ဗျာကာသိ၊ ပြီ။

[တဿာပိ ဝစနံ။ လ။ ပါရမိပူရိယာ-ကား အနက်လွယ်ပြီ။]

ဧဝံ၊ သို့။ အပတ္တံ၊ သည်။ သံသာရေ၊ ၌။ သံသရိတွာ၊ ကျင်လည်၍။ အနာဝရံ အကတ္တဗ္ဗံ၊ မလွန်ကျူးအပ်သော အမူအရာကို။ ပရိဝဇ္ဇေန္တော၊ ဝေးစွာကြဉ်ဖဲသည် ဖြစ်၍။ ဗောဓိယာ၊ သမ္ဗုဒ္ဓတ ဉာဏ်၏။ ကာရဏာ-ယေဝ၊ အကြောင်းကြောင့်လျှင်။ မယှံ၊ အား။ ဒုက္ကရဥ္စ၊ ပြုနိုင်ခဲသော စွန့်ကြဲခြင်းစသည်ကိုလည်း။ ကတံ၊ ပြုအပ်ပြီ။

---

## ကဿပမြတ်စွာဘုရား၏ နေပြည်တော်, ခမည်းတော်, မယ်တော် စသည်တို့ကို ပြခြင်း

ထိုကဿပ မြတ်စွာဘုရား နေပြည်တော်ကား ဗာရာဏသီ မည်၏။ ဗြဟ္မဒတ္တမည်သော ပုဏ္ဏားကား ခမည်းတော်တည်း။ အလွန်မြတ်သော ဂုဏ်ရှိသော ဓနဝတီ ပုဏ္ဏေးမကား မယ်တော်တည်း။ တိဿနှင့် ဘာရဒွါဇ တို့ကား အဂ္ဂသာဝက ဖြစ်ကုန်၏။ အလုပ်အကျွေးကား သဗ္ဗမိတ္တ မည်၏။ အနုဠာနှင့် ဥရုဝေလာတို့ကား အဂ္ဂသာဝိကာမ ဖြစ်ကုန်၏။ ပွင့်ရာ ဗောဓိကား ပညောင်ပင်တည်း။ အရပ်တော်ကား အတောင်နှစ်ဆယ် မြင့်၏။ အသက်တော်ကား အနှစ် နှစ်သောင်းတည်း။ ထိုဘုရားလောင်း၏ ဇနီးကား သုနန္ဒာမည်သော ပုဏ္ဏေးမတည်း။ သားတော်ကား ဝိဇိတသေန မည်၏။ ပြာသာဒ်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ထို့ကြောင့်—

နဂရံ ဗာရာဏသီ နာမ၊ ကိကီ နာမာသိ ခတ္တိယော။
ဝသတေ တတ္ထ နဂရေ၊ သမ္ဗုဒ္ဓဿ မဟာကုလံ။

ဗြာဟ္မဏော ဗြဟ္မဒတ္တော စ၊ အာသိ ဗုဒ္ဓဿ သောပိတာ။
မာတာ ဓနဝတီ နာမ၊ ကဿပဿ မဟေသိနော။

တိဿော စ ဘာရဒွါဇော စ၊ အဟေသုံ အဂ္ဂသာဝကာ။
သဗ္ဗမိတ္တော နာမုပဋ္ဌာကော၊ ကဿပဿ မဟေသိနော။

အနုဠာ ဥရုဝေလာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
ဗောဓိ တဿ ဘဂဝတော၊ နိဂြောဓောတိ ပဝုစ္စတိ။

သုမင်္ဂလော ဃဋိကာရော စ၊ အဟေသုံ အဂ္ဂုပဋ္ဌကာ။
ဝိဇိတသေနာ ဘဒြာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။

ဥစ္စတရေန သော ဗုဒ္ဓေါ၊ ဝီသတိရတနုဂ္ဂတော။
ဝိဇ္ဇုလဋ္ဌိဝ အာကာသေ၊ စန္ဒောဝ ဂဟပူရိတော။

ဝီသတိဝဿသဟဿာနိ၊ အာယု တဿ မဟေသိနော။
တာဝတာ တိဋ္ဌမာနော သော၊ တာရေသိ ဇနတံ ဗဟုံ။

ဓမ္မတဠာကံ မာပယိတွာ၊ သီလံ ဒတွာ ဝိလေပနံ။
ဓမ္မဒုဿံ နိဝါသေတွာ၊ ဓမ္မမာလံ ဝိဘဇ္ဇိယ။

ဓမ္မဝိမလမာဒါသံ၊ ဌပယိတွာ မဟာဇနေ။
ကေစိ နိဗ္ဗာနံ ပတ္ထေန္တာ၊ ပဿန္တု မေ အလင်္ကရံ။

သီလကဉ္စုကံ ဒတွာန၊ ဈာနကဝစဝမ္မိကံ။
ဓမ္မစမ္မံ ပါရုပိတွာ၊ ဒတွာ သန္နာဟမုတ္တမံ။

သတိဖလကံ ဒတွာန၊ တိခိဏံ ဉာဏကုန္တိမံ။
ဓမ္မခဂ္ဂဝရံ ဒတွာ၊ သီလသံသဂ္ဂမဒ္ဒနံ။

တေဝိဇ္ဇာဘူသနံ ဒတွာ၊ အာဝေဠံ စတုရော ဖလေ။
ဆဠဘိညာဘရဏံ ဒတွာ၊ ဓမ္မပုပ္ဖပိဠန္ဓနံ။

သဒ္ဓမ္မပဏ္ဍရစ္ဆတ္တံ၊ ဒတွာ ပါပနိဝါရဏံ။
မာပယိတွာ ဘယံ ပုပ္ဖံ၊ နိဗ္ဗုတော သော သသာဝကော။

ဧသော ဟိ သမ္မာသမ္ဗုဒ္ဓေါ၊ အပ္ပမေယျော ဒုရာသဒေါ။
ဧသော ဟိ ဓမ္မရတနော၊ သွာက္ခာတော ဧဟိပဿိကော။

ဧသော ဟိ သံဃရတနော၊ သုပ္ပဋိပန္နော အနုတ္တရော။
သဗ္ဗံ တမန္တရဟိတံ၊ နနု ရိတ္တာ သဗ္ဗသင်္ခါရာ—

ဟူ၍ ဟောတော်မူပြီ။

သာရိပုတ္တ၊ ရာ။ ကဿပဿ၊ ၏။ ဇာတံ၊ ဖွားတော်မူရာဖြစ်သော" နဂရံ၊ ပြည်သည်။ ဗာရာဏသီ နာမ၊ မည်၏။ ခတ္တိယော၊ ပြည့်ရှင်မင်းသည်" ကိကီ နာမ၊ ကိကီအမည်ရှိသည်။ အာသိ၊ ဖြစ်ပြီ။ တတ္ထ နဂရေ၊ ထိုပြည်၌။ သမ္ဗုဒ္ဓဿ၊ ကဿပ ဘုရားသခင်၏။ မဟာကုလံ၊ မြတ်သော အမျိုးတော်သည်။ ဝသတေ၊ နေ၏။

ဗုဒ္ဓဿ၊ ၏။ သော ပိတာ၊ ထိုခမည်းတော်သည်။ ဗြဟ္မဒတ္တော၊ ဗြဟ္မဒတ် အမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အာသိ၊ ပြီ။ ကဿပဿ၊ ရှိသော။ မဟေသိနော၊ ၏။ မာတာ၊ သည်။ ဓနဝတီ နာမ၊ ဓနဝတီ **အမည်**ရှိသည်။ အာသိ၊ ပြီ။

တိဿော စ၊ လည်းကောင်း။ ဘာရဒွါဇော စ၊ လည်းကောင်း။ ဧတေ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝကာ၊ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ ကဿပဿ၊ ရှိသော။ မဟေသိနော၊ ၏။ ဥပဋ္ဌာကော၊ သည်။ သဗ္ဗမိတ္တော နာမ၊ သဗ္ဗမိတ္တ အမည်ရှိ၏။

အနုဠာ စ၊ လည်းကောင်း။ ဥရုဝေဠာ စ၊ လည်းကောင်း။ ဧတိ၊ သို့။ ဒွေ၊ ကုန်သော။ အဂ္ဂသာဝိကာ၊ အဂ္ဂသာဝိကာမတို့သည်။ အဟေသုံ၊ ကုန်ပြီ။ တဿ ဘဂဝတော၊ ၏။ ဗောဓိ၊ ကို။ နိဂြောဓောတိ၊ ပညောင်ပင်ဟူ၍။ ပဝုစ္စတိ၊ ၏။

သုမင်္ဂလော၊ သုမင်္ဂလ လည်းကောင်း။ ဃဋီကာရော စ၊ ဃဋီကာရ လည်းကောင်း။ အဂ္ဂုပဋ္ဌာကာ၊ မြတ်သော အလုပ်အကျွေး ဥပါသကာတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။ ဝိဇိတသေနာ၊ ဝိဇိတသေနာ လည်းကောင်း။ ဘဒြာ စ၊ ဘဒြာလည်းကောင်း။ အဂ္ဂုပဋ္ဌိကာ၊ မြတ်သော အလုပ်အကျွေး ဥပါသိကာမတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ။

သော ဗုဒ္ဓေါ၊ သည်။ ဥစ္စတရေန၊ အမြင့်အားဖြင့်။ ဝီသတိရတနံ၊ အတောင်နှစ်ဆယ်။ ဥဂ္ဂတော၊ မြင့်တော်မူ၏။ အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုလဋ္ဌိဝ၊ လျှပ်စစ်နွယ်ကဲ့သို့ လည်းကောင်း။ ဂဟပူရိတော၊ ဂြိုဟ်တာရာတို့ဖြင့် ဝန်းရံပြည့်ဝသော။ စန္ဒောဝ၊ လပြည့်ဝန်းကဲ့သို့ လည်းကောင်း။ သောဘတိ၊ တင့်တယ်၏။

မဟေသိနော၊ မူပြီးသော။ တဿ၊ ၏။ အာယု၊ သည်။ ဝီသတိဝဿသဟဿာနိ၊ အနှစ် နှစ်သောင်း တို့ပတ်လုံး။ အာသိ၊ ၏။ တာဝတာ၊ လောက်။ တိဋ္ဌမာနော၊ သော။ သော ဘဂဝါ၊ သည်။ ဗဟုံ၊ သော။ ဇနတံ၊ ကို။ တာရေသိ၊ ပြီ။

သော ဘဂဝါ၊ သည်။ ဓမ္မတဋ္ဌာကံ၊ ပရိယတ္တိတည်းဟူသော တစ်ဖက်ဆည်ကန်ကြီးကို။ မာပယိတွာ၊ ဖန်ဆင်းတော်မူ၍။ စိတ္တသန္တတိဂိဘူသနတ္ထံ၊ စိတ်၏ အစဉ်၌ တန်ဆာဆင်စိမ့်သောငှာ။ သီလံ၊ စတုပါရိသုဒ္ဓိသီလတည်းဟူသော။ ဝိလေပနံ၊ နံ့သာပျောင်းကို။ ဒတွာ၊ ပေးတော်မူ၍။ ဓမ္မဒုဿံ၊ ဟိရီ တရား, ဩတ္တပ္ပတရားတည်းဟူသော ပုဆိုးအစုံကို။ နိဝါသေတွာ၊ ဝတ်စေ၍။ ဓမ္မမာလံ၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး တည်းဟူသော မုလေးပန်းကို။ ဝိဘဇ္ဇိယ၊ ဝေငှတော်မူ၍။

မဟာဇနေ-မဟာဇနဿ၊ လူများအား။ ကုသလာကုသလဓမ္မသလ္လက္ခဏတ္ထံ၊ ကုသိုလ် အကုသိုလ်တရားကို မှတ်စိမ့်သောငှာ။ ဓမ္မတဋ္ဌာကတီရေ၊ တရားတည်းဟူသော တစ်ဖက်ဆည်ကန်၏ ကမ်းနား၌။ ဓမ္မဝိမလမာဒါသံ၊ သောတာပတ္တိမဂ် တည်းဟူသော အညစ်အကြေးကင်းသော တရားကြေးမုံကို။ ဌပယိတွာ၊ ထားတော်မူ၍။ ကောစိ ယေကေစိ၊ တို့သည်။ နိဗ္ဗာနံ၊ ရွေ့ခြင်းမရှိ အလွန်မြတ်သော နိဗ္ဗာန်ကို။ ပတ္ထေန္တာ၊ တောင့်တကုန်လျက်။ မေ မယာ၊ သည်။ ဒဿိတံ၊ ပြအပ်သော။ ဝုတ္တာပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ အလင်္ကာရံ၊ တန်ဆာကို။ ပဿန္တု၊ မြင်စေကုန်သတည်း။

သီလကဉ္စုကံ၊ ပဉ္စသီလ, ဒသသီလ, စတုပါရိသုဒ္ဓိသီလဖြင့် ပြီးသော ဝါချည် သင်တိုင်းကို။ ဒတွာန၊ ပေး၍။ ဈာနကဝစဝမ္မိတံ၊ စတုက္ကဈာန် ပဉ္စကဈာန်တည်းဟူသော ချုပ်မိန်ညိုကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဓမ္မစမ္မံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော ဉာဏ်တည်းဟူသော တရားသားရေကို။ ပါရုပိတွာ၊ ရုံ၍။ ဥတ္တမံ၊ မြတ်စွာသော။ သန္နာဟံ၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယဘည်းဟူသော ချုပ်ကို။ ဒတွာ၊ ပေး၍။

သတိဖလကံ၊ ရာဂစသော အပြစ်တို့၏ ကျခြင်းကို တားမြစ်စိမ့်သောငှာ သတိပဋ္ဌာန်လေးပါး တည်းဟူသော ကာကို။ ဒတွာန၊ ပေး၍။ တိခိဏံ၊ ထက်လှစွာသော။ ဉာဏကုန္တိမံ၊ ဝိပဿနာဉာဏ် တည်းဟူသော လှံ ကို

လည်းကောင်း။ ဓမ္မခဂ္ဂဝရံ၊ မြတ်လှစွာသော အရဟတ္တမဂ် ဉာဏ်သန်လျက်ကို လည်းကောင်း။ ဒတွာ၊ ၍။ သီလသံသဂ္ဂ မဒ္ဒနံ၊ ကိလေသာကို သတ်ခြင်းငှာ စွမ်းနိုင်သော လောကုတ္တရာသိလကို လည်းကောင်း။ တေဝိဇ္ဇာဘူသနံ၊ ဝိဇ္ဇာသုံးပါးဖြင့် ပြီးသော တန်ဆာကိုလည်းကောင်း။ ဒတွာ၊ ပေးတော်မူ၍။ စတုရော ဖလေ-စတ္တာရိ ဖလာနိ၊ လေးပါးသော ဖိုလ်တရားတို့ကို။ အာဝေဠ-ဝဋ္ဋံသကံ၊ နားတန်ဆာကို။ ကတွာ၊ ပြု၍။ ဆဠဘိညာဘရဏံ၊ အဘိညာဉ် ခြောက်ပါး တည်းဟူသော တန်ဆာကို။ ဒတွာ၊ ၍။ ဓမ္မပုပ္ဖပိဠန္ဓနံ၊ ကိုးပါးသော လောကုတ္တရာ တည်းဟူသော ပန်စရာ သိမ်မွေ့သော ပန်းကို လည်းကောင်း။ ပါပနိဝါရဏံ၊ ခပ်သိမ်းသော အကုသိုလ်တရားကို မြစ်တတ်သော။ သဒ္ဓမ္မပဏ္ဍရစ္ဆတ္တံ၊ စင်စစ်လျှင် သန့်ရှင်းစင်ကြယ်သော အရဟတ္တ ဖိုလ်တည်းဟူသော ထီးဖြူကို။ ဒတွာ၊ ၍။ အဘယံ၊ ဘေးကောတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော။ ပုပ္ဖံ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ပန်းကို။ ဓာပယိတွာ၊ ဖန်ဆင်းတော်မူခဲ့၍။ သသာဝကော၊ တကွသော။ သော ဘဂဝါ၊ သည်။ နိဗ္ဗုတော၊ ပြီ။

အပ္ပမေယျော၊ မနှိုင်းရှည့်အပ်သော ဂုဏ်တော်ဘို့၏ တည်ရာ ဖြစ်တော်မူထသော။ ဒုက္ခသဒေါ၊ ကျွမ်းမိုးနိုင်ယသော။ သော ပ သော ဝေ သမ္မာသမ္ဗုဒ္ဓေါ၊ ကဿပဘုရားသည်လည်းကောင်း။ ဘဂဝတာ၊ သည်။ သွာကွာခေတာ၊ ပေါ်သော။ ဟေပယိကော၊ လာလှည့် ရှုလှည့် ဟူသော အစီအရင်ကို ခံထိုက်သော။ သော ဟိ ဓမ္မရတနော၊ ဤသို့သဘောရှိသော တရားရတနာသည်လည်းကောင်း။ သုပ္ပဋိပန္နော၊ ကောင်းသောအကျင့်လည်း ရှိထသော။ အနုတ္တရော၊ အတုလည်း မရှိထသော။ သော ဟ သံဃရတနော၊ ဤသို့သော အရိယာ သံဃာရတနာသည်လည်းကောင်း။ တံ သဗ္ဗံ၊ သည်။ အန္တရဟိတံ၊ ပြီ။ သဗ္ဗသင်္ခါရာ၊ တို့သည်။ ရိတ္တာ နနု၊ လျှင်ဟည်း။

ဤတွင်ဧရှကား ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ နှစ်ဆယ့်လေးခုတို့၏
ပြည့်ကြောင်းဖြစ်သော ကဿပမြတ်စွာဘုရား
အကြောင်းကား ပြီး၏။

# မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး

## နောက်ဆက်တွဲ

### နမက္ကာရ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဤ "နမော တဿ" စသော စကားအစဉ်ကား ဇမ္ဗူ့မိတ်ဆွေ ပိဋကတ် ပုံနှိပ်တိုက်ထုတ် ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် ၈-သက္ကပဉ္ဟသုတ် စာမျက်နှာနံပါတ် ၂၀၄၊ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော် ၂၇-စူဠဟတ္ထိပဒေါပမသုတ် ၁၉၂၊ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ပါဠိတော် ၃၇-ပိယဇာတိကသုတ် ၂၅၉၊ ၎င်းပါဠိတော် ၄၁-ဗြဟ္မာယုသုတ် ၂၈၁၊ ၎င်းပါဠိတော် ၅၀-သင်္ဂါရဝသုတ် ၃၅၀၊ သံယုတ္တနိကာယ် သဂါထာ-ဝဂ္ဂသံယုတ် ပါဠိတော် ဗြာဟ္မဏသံယုတ် ပဌမဝဂ် ပဌမသုတ် ၉၆၊ အင်္ဂုတ္တရနိကာယ် ဒုကနိပါတ်ပါဠိတော် သမစိတ္တဝဂ် ဆဋ္ဌသုတ် ၅၁၊ သီဟိုဠ် ၄၁၊ အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ဗြာဟ္မဏဝဂ် စတုတ္ထသုတ် ၁၅၂၊ သီဟိုဠ် ၄၇၉၊ ခုဒ္ဒကနိကာယ် ဓမ္မပဒအဋ္ဌကထာ ယမကဝဂ် သာရိပုတ္တတ္ထေရဝတ္ထု ၇၂-စသည်တို့၌ လာသော နမက္ကာရ ဥဒါန်း စုဏ္ဏိယပင်တည်း။

### ၎င်း၏ အတ္ထယောဇနာ မြန်မာအနက်သော်ကား

တဿ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား။ မေ-မမ၊ တပည့်တော်၏။ နမော-နမက္ကာရော၊ ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္ထု-ဘဝတု၊ ဖြစ်စေသတည်း။ တဿ အရဟတော၊ သုံးဘုံသားတို့ များများဦးခိုက် ပူဇော်ထိုက်သော ထိုမြတ်စွာ ဘုရားအား။ မေ-မမ၊ တပည့်တော်၏။ နမော-နမက္ကာရော၊ ရှိသေမြတ်နိုး

လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္ထ-ဘာဝတု၊ ဖြစ်စေသတည်း။ တဿ သမ္မာ-သမ္ဗုဒ္ဓဿ၊ ဥဒယျဓမ္မ ဟူသမျှကို မြူမျှမကျန် ပင်ထွက်ဉာဏ်ဖြင့် ကေန် မိမိ ကောင်းစွာ သိတော်မူသော ထိုမြတ်စွာဘုရားအား။ မေ မမ၊ တပည့်တော်၏။ နမော-နမက္ကာရော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္ထု-ဘာဝတု၊ ဖြစ်စေသတည်း။ ဤသို့ပင်တည်း။

ယခုပေးသော အနက်သည် "တဿ ဘဂဝတော တဿ အရဟတော တဿ သမ္မာသမ္ဗုဒ္ဓဿ မေ နမောတိ ဧဝံ ပါဠိသေသယောဇနာယ သဒ္ဓိ-ပဒယောဇနံ ဂတွာ ပစ္စာ တတ္ထ တတ္ထ အတ္တဝိသေသော ဒဋ္ဌဗ္ဗော။ ကထံ နမောတိ ဣဒံ တဿ ဘဂဝတော မမ နမတ္ထု။ မယှံ နမက္ကာရော မမ အဘိမာနဗဟုမာနနာ ထောမနာ ပသံသနာ နမဿနာ ပူဇာဝိသေသော ဝန္ဒနာတိပိ အတ္တော။ တဿ ဝန္ဒနာမာနပူဇာသက္ကာရဿ ဘာဇနဘူတဿ သဗ္ဗဂုဏဝိသိဋ္ဌဿ သဗ္ဗသတ္တုတ္တမဿ ဂရုဘာဝယုတ္တဿ ဘဂဝတော မယှံ အဘိမာန ဗဟုမာန ထောမနာ ပသံသန ပုဋ္ဌဥလိ ပဏာမသဟိတာ အဘိဝါဒနာတိ ဝေတ္တ အတ္တော ဒဋ္ဌဗ္ဗော။ တဿ အရဟတော မမ နမတ္ထု ပူဇာဝိသေသော တံ ယုတ္တာ မေ အဘိဝန္ဒနာတိပိ အတ္တော။ တဿ ဝန္ဒနာ-ဒီနံ ဘာဇနဘူတဿ ခီဏာသဝဿ ဝိမလဿ အရဟတော မယှံ အဘိ-မာနဗဟုမာနနာဒီဟိ သဟိတာ အဘိဝန္ဒနာတိ ဝေတ္တ အတ္တော။ တဿ သမ္မာသမ္ဗုဒ္ဓဿ မမ နမတ္ထု။ ပူဇာဝိသေသော တဒနုယုတ္တာ မေ အဘိဝါဒနာ-တိပိ ဝေတ္တ အတ္တော။ တဿ ဝန္ဒနာပူဇာဝိသေသာဒီနံ ဘာဇနဘူတဿ ဝိဝဋ္ဋနေယျဿ ဓမ္မဿာမိနော ဓမ္မရာဇဿ သမ္မာသမ္ဗုဒ္ဓဿ မယှံ အဘိဝါဒနာဒိ သဟိတာ အဘိဝန္ဒနာတိပိ ဝေတ္တ အတ္တော။ ဧဝံ ဘဂဝတော ဂုဏနိမိတ္တံ သူစကဿ နမက္ကာရသဟိတပဒတ္တယဿ အတ္ထဝိသေသော ဣမိနာ နယေန စ ပရတော ဂုဏမာနနယေန စ ဝေဒိတဗ္ဗော"စသည်ဖြင့် "ဝံသတ္ထပကာသိနီ" အမည်ရှိသော "မဟာဝံသဋီကာပါဠိ" ၌ ကျယ်ဝန်း ဆန်းကြယ်စွာ ဖွင့်အပ်သော—

နမဿိတွာန သမ္ဗုဒ္ဓံ၊ သုသုဒ္ဓံ သုဒ္ဓဝံသဇံ။
မဟာဝံသံ ပဝက္ခာမိ၊ နာနာနူနာဓိကာရိကံ—

ဟူသော မဟာဝံသ ပဏာမ ပဌမဂါထာအဖွင့် ၉-ကြောင်းပေ ကူချုပ် ဝမ်းဘက် ၇-ကြောင်း, သီဟိုဠ်စာအုပ် မျက်နှာနံပါတ် ၈-စာကြောင်း

ရေ-၃ စသည်တို့၌ လာသော အဖွင့်သံဝဏ္ဏနာတို့ကို အမှီပြု၍ ပေးသော အနုဖြစ်၏။

နေရင်းရွာ မဏိရတနာ ဆရာတော် ဘုရားကြီး အရိယာလင်္ကာရ မဟာထေရ်သူမြတ်သည် သာသနာတော် ၂၂၈၇-ခုနှစ် သက္ကရာဇ် ၁၁၀၅-ခုနှစ် စီရင်တော်မူခဲ့သော သုတ်မဟာဝါ ပါဠိတော် နိဿယသစ် ဒုတိယအုပ် စာမျက်နှာ နံပါတ် ၁၁၈—၁၁၉၊ မန္တလေးမြို့ မိုးထိတိုက် ကျောက်စာကြပ် ဆရာတော်ကြီး အရှင်ဇာဂရ မဟာထေရ် ၁၂၈၆-ခုနှစ် စီရင်သော မူလပဏ္ဏာသ ပါဠိတော်နိဿယသစ် စာချနက် ဒုတိယအုပ် ၅၇၊ကဝိန္ဒာဘိဝံသ သဒ္ဓမ္မဇ မဟာဓမ္မရာဇဂုရု ပဌမတံဆိပ်တော်, ကဝိန္ဒာဘိ သိရိသဒ္ဓမ္မဇ-မဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယ တံဆိပ်တော်, ၎င်းတံဆိပ်တော် ၂-ထပ်ရ ပင်းဆရာတော်ကလေး ဦးလွှမ်းပြေ သာသနာတော် ၂၄၇၇-ခုနှစ်၊ သက္ကရာဇ် ၁၂၀၅-ခုနှစ်၊ ကဆုန်လပြည့် စနေနေ့ စီရင်၍ ပြီးသော သံယုတ် ၅-ကျမ်း ပါဠိတော် နိဿယသစ်တို့အနက် သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် နိဿယ ၂၃၅၊ ပညာဇောတာဘိဇေမဟာဓမ္မရာဇာဇိရာဇဂုရု - ပဌမ တံဆိပ်တော်, ပညာဇောတာဘိသိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု ဒုတိယတံဆိပ်တော်, ပညာဇောတာဘိ သိရိပဝရ ဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု တတိယတံဆိပ်တော်, ပညာဇောတာဘိ သိရိသဒ္ဓမ္မပါလ အရိယဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု စတုတ္ထ တံဆိပ်တော်, ၎င်းတံဆိပ်တော် ၄-ထပ်ရ ဒုတိယ ဗားကရာ သာသနာပိုင် ဆရာတော် ဘုရားကြီး ဦးအင်း သက္ကရာဇ် ၁၂၁၄-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် အင်္ဂါနေ့ စီရင်၍ ပြီးသော အင်္ဂုတ္တိုရ် ပါဠိတော်နိဿယသစ် ပဌမအုပ် ၇၁၊ သုဓမ္မာဘိ သိရိဓဇ မဟာဓမ္မ ရာဇာဓိ-ရာဇဂုရု တံဆိပ်တော်ရ ပြာသာဒ်ကျောင်း ဆရာတော် ဘုရားကြီး အရှင် သာရဒဿီ မဟာထေရ် သူမြတ်သည် သက္ကရာဇ် ၁၁၅၅-ခု နယုန်လပြည့် သောကြာနေ့ စီရင်၍ ပြီးသော ဓမ္မပဒအဋ္ဌကထာနိဿယ ပဌမအုပ် ၁၅၆၊ မုနိန္ဒာလင်္ကာရသဒ္ဓမ္မဇသာမိ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ပဌမ တောင်လေးလုံး ဆရာတော် ဘုရားကြီး သက္ကရာဇ် ၁၁၅၁-ခုနှစ် စီရင်တော် မူခဲ့သောနမောတဿာဂမ္ဘီရရှုဖွယ်၊ မဏိသာရဓမ္မ မဟာရာဇဂုရု တံဆိပ် တော်ရ ဝက်ခုတ် ဆရာတော်ဘုရားကြီး ၁၁၅၁-ခုနှစ်၊ တန်းခူးလပြည့်ကျော်

၈-ရက်နေ့ စီရင်၍ ပြီးသော ပရိတ်ကြီးပါဠိတော်နိဿယ ၂၂-၂၃၊ ဂုဏာဝံသဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ စလင်းမြို့ ပန်းလှော်ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး ဦးဆိုင် ၁၁၇၄-ခုနှစ် စီရင်၍ ပြီးသော ပရိတ်ကြီးနိဿယမူကျယ် ၆၊ ဘွဲ့တော် အရှင် ဇမ္ဗုဓဇ စက္ကာဘိဓဇမဟာဓမ္မရာဇဂုရု ပဌမတံဆိပ်တော်, စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယတံဆိပ်တော်, ၎င်းတံဆိပ်တော် ၂-ထပ်ရ ညောင်ကန်ဆရာတော် ဦးပုတ် ၁၁၈၀-ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၆-ရက် တနင်္လာနေ့ စီရင်၍ ပြီးသော ပရိတ်ကြီးပါဠိတော်နိဿယ ၃၅—စသော ထိုထိုနိဿယတို့၌ တစ်မျိုးစီ အနက်ယောဇနာတော်မူကြကုန်၏။ မင်းကြီး မဟာသိရိဇေယသူဘွဲ့ခံ မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် နန်းမတော် ဝန်မင်း ဦးယံ စီမံသော ၁၂၄၈-ခု၊ ၁၂၅၀-ပြည့်ပြီး နိဂုံး ၂-မျိုးတွေ့ရသော ပိဋကတ်သမိုင်း စာတမ်း အစ၌ "နမော တဿ" အနက်အရှည်ကြီးလည်း ရှိလေ၏။

နမော တဿ-စသော ဥဒါန်းကို အနက်ပေးရာ၌—အတ္ထု၊ ဖြစ်စေသတည်း-ဟူ၍ လည်းကောင်း၊ အတ္ထု-ဘဝတု၊ ဖြစ်စေသတည်း-ဟူ၍ လည်းကောင်း မြန်မာနိုင်ငံတော်တလွှား ရှေးဆရာတော်အများတို့ အနက်ပေးခြင်းကို ဝိသုဒ္ဓါစာရကဝိဓဇမဟာဓမ္မရာဇဂုရုစသော တံဆိပ်တော် ၃-ထပ်ရ ရွှေကျင်ဂိုဏ်းကြီး၏ ဒုတိယသာသနာပိုင် ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက နှစ်သက်တော်မမူ။ ထို့ကြောင့် ဝိသုဒ္ဓါရုံသုတ်နက် ၆၀၁-နမော ယောဂါဒီသွပ် စ-သုတ်၏ ပြယုဂ်အနက် စာမျက်နှာနံပါတ် ၂၉၈-၌—ဝိပဿိဿ စ၊ အားလည်း။ ဝါ၊ ကိုလည်း။ နမော၊ ရှိခိုးဦးညွှတ်ခြင်းသည်။ ဝါ၊ ကို။ အတ္ထု၊ ဝမ်းမြောက်ကြည်သာ ဖြစ်ပါ၏။ ဝါ၊ ပြုပါ၏။ (အတ္ထိ-ကဲ့သို့ အတ္ထု-လည်း အဗျယရှိ၏။ အနုညာ,ပသံသာ,ပဟာသ, အင်္ဂီကာရ-စသည်၌ ဖြစ်သည်ဟူ၏။ သက္ကတအာချာတ်ပုဒ် ယူ၍ "အတ္ထု၊ ဖြစ်စေသတည်း"ဟု ပေးသော အနက်ကား အဟုတ် ရှိခိုးရာ မကျ။ ရှိခိုးရအောင် တောင့်တရုံသာ အနက်ရ၏)ဟူ၍ မိန့်တော်မူ၏။ ကစ္စာယန သံခိပ်နိဿယ ပဌမအုပ် ပဌမနှိပ် ၁၄၄၊ ပရိတ်ကြီးပါဠိတော် နိဿယ တွံ့တေးမူ ၁၈၀၊ ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဦးနန္ဒဝံသ ပြု ရွှေစည်းခုံသမိုင်းသစ် ၂၊ ဝါးခယ်မမြို့ အနောက်မျက်နှာ သာသနဟိတကာရီ ဦးဘောကြီးကျောင်းနေ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်

ဦးဣန္ဒြိယ သာသနံ့ဘော်  ၂၄၅၅-ခုနှစ်က  စီရင်တော်မူသော ကစ္စာယနတ္ထ-ဒီပနီ မဟာဋီကာပါဠိ ၂၉၄-နမော ယောဂါဒီသွပိ စ-သုတ်အဖွင့် စာမျက်နှာ ၅၉၄-၌ မဟာဝိသုဒ္ဓါရာမ ဆရာတော်၏ အယူကို ယူသကဲ့သို့ တွေ့ရ၏။ ထိုမဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ ဥပဇ္ဈာယ်ဆရာ ရွှေကျင်ဂိုဏ်းကြီးကို လက်မွန်မဆွ အစဦးစွာ တည်ထောင်တော်မူခဲ့သော ဇာဂရာဘိဓဇ-သာသနပါလ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု (သုသောဓိတ မဟာရာဇဝင်တော် ဆဋ္ဌအုပ် ၃၆၁ အဆို) ပဌမ ရွှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ၁၂၅၄-ခုနှစ် စီရင်တော်မူခဲ့သော မဟာသိဿ-ကောဝါဒပါဠိ "နမတ္ထု အတုလောဝါဒဿ" ဟူသော ပုဒ်ကို အနက်ပေးရာ "အတ္ထု၊ ဖြစ်ပါစေသတည်း" ဟု ဝှင်းနိဿယ စာမျက်နှာ နံပါတ် ၃၆ ၌ အာသိဋ္ဌ ယောဇနာတော်မူ၏။

နမတ္ထု မေ ဂမ္ဘီရာဂမ္ဘီရဉာဏဿ၊
ပူဇတ္ထု မေ ဂမ္ဘီရာဂမ္ဘီရဓမ္မဿ။
ဇယတ္တု မေ အန္တရာယာန္တရာယဿ။
ပူရတ္ထု မေ ဣစ္ဆိတာဣစ္ဆိတဿ။

**နမော၊** ရှိသေမြတ်နိုး ဦးနှိမ်ချိး၍ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ သတည်း။ ဤကား ဤပဌမ ရွှေကျင်ဆရာတော်ဘုရားကြီး စီရင်တော် မူသော မန္တလေးမြို့ မန္တလေးတိုင်း သတင်းစာ ပုံနှိပ်တိုက် ၁၂၅၅-ခုနှစ် ပုံရိုက်၍ ပြီးသော ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတ ဒီပနီကျမ်းကြီး စာမျက်နှာ ၂၂၁ အဆိုတည်း။

ဤသို့ နမတ္ထုပုဒ်ကို နမော အတ္ထု ပုဒ်ဖြတ်၍ အတ္ထုပုဒ်ကို အာချတ် ယူ၍ အာသိဋ္ဌ,အာသီသ - အနက် မြန်မာ ယောဇနာတော်မူကြကုန်သော ရှေးဆရာတော် မဟာထေရ်ကျော် အရှင်မြတ်တို့သည်ကား များပြားလှ ကုန်၏။ စုံအောင် မပြနိုင်သော်လည်း သတိပြုတော်မူကြရန် အနည်းငယ်မျှ ထုတ်ပြပေဦးအံ့။ ပရိတ်ကြီးပါဠိတော်နိဿယ တံ့တေးမှုမှတပါး ပြခဲ့သော ပရိတ်ကြီးပါဠိတော် နိဿယ အမျိုးမျိုး၌လည်းကောင်း၊ ၁၀၃၂-ခုနှစ် ဝါဆို လဆန်း ၁၂-ရက် စနေနေ့စီရင်၍ပြီးသော တတိယရတနာကရ ဆရာတော်၏ ပရိတ်ကြီးပါဠိတော်နိဿယ၌လည်းကောင်း၊နေရင်းမှု သုတ်မဟာဝါပါဠိတော်

နိဿယ အာဋ္ဌာနာဋိယသုတ် ၂၈၁၊ သဒ္ဒါကြီးနိဿယ ဓာတ္တဒ္ဓာဝန်မှူ ကာရကာ၊ ဖြဋ္ဌ၊ ရင်းနန်းကျောင်းမှူး၁၂ ရှုပေသည်ဒ္ဒီ နိဿယ ၈၁၈၈၊ ရှုပသိဒ္ဓိ ဋီကာနိဿယ သဒ္ဒနီတိသုတ္တမာလာနိဿယလက္ခဏစိတြေတ္တယောဇနာခေါ် အုဂ်ဖိုရ်သုက်နက် ၁၄၇၊ မန်လည်ဆရာတော်၏ ကစ္စာယနသင်္ဂဟ သုသုဟာရက နိဿယ ဒုတိယနိုပ် ၂၀၄၊ မြတောင်ဆရာတော်၏ ဗာလာဝတာရနိဿယ ၃၀၉၊ ပြည်ဆရာကော်ကြီး၏ ဓာတ်ပါဌိတော်နိဿယ ဒုကနိပါတ် ၁၅၆၊ မောရဇာတ် ၁၃၇၊ ကာဝိန္ဒာဘိ သဒ္ဓမ္မဝရ သိရိဇာမဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ ညောင်ကန် ဆရာတော်ဘုရားကြီး၏ ဇာတ်ဝတ္ထု ဒုကနိပါတ် ၁၅၉၊ မောရဇာတ် စာမျက်နှာ ၄၇—၄၉ ဒုတိယဗားကရာ သာသနာပိုင် ဆရာတော်ဘုရားကြီး စီရင်တော်မူသော သုတ်မဟာဝါ အဋ္ဌကထာနိဿယ မဟာသတိပဋ္ဌာနသုတ် ၃၃၄၊ ဇမ္ဗူဒီပဓဇ တံဆိပ်တော်ရသော ပဌမ ရွှေဥမင်ဆရာတော်ဘုရားကြီး၊ ဦးနက်သည့် သက္ကရာဇ် ၁၀၀၀-ပြည့်က စီရင်တော်မူသော ပါရာဇိကဏ် အဋ္ဌကထာ နိဿယ စာမျက်နှာ နံပါတ် ၄၊ နမတ္ထုဇနသန္တာန-စသော ဝုတ္တောဒယ ဆန်းကျမ်းပါဌ်ကို အနက်မြန်မာ ပြန်ဆိုကြကုန်သော နိဿယဆရာတို့တွင် ၁၂၆၉-ခုနှစ်၊ ၁၂၇၃-ခုနှစ်၊ မြောင်းမြမြို့ သီးကွင်းရွာ ဓမ္မိကာရာမဆရာတော် အရှင်ကုမာရ မဟာထေရ်သည် ဝုတ္တောဒယ နိဿယသစ် ၈၂-၌ "အတ္ထု၊ ဖြစ်စေသတည်း" ဟု အာသိဋ္ဌသမ္ဘန်တော်မူ၏။

ပခန်းကြီးမြို့နယ် တေးမျော် ဆရာတော် ဦးအာလောက ၁၂၅၄ ခုနှစ် တန်ခူးလပြည့် ယောကြာနေ့ စီရင်ပြီး ဆန်းနိဿယ၊ ဒီပါလင်္ကာရာဘိသိရိဓဇ-မဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ ဒုတိယ ငါးခုန်ဆရာတော်ကြီး၁၂၀၀-ပြည့်နှစ် တန်ခူးလကွယ် ပက္ခ ၈-ရက်နေ့ စီရင်ပြီး ဆန်းနိဿယ၊ ဆရာတော် ဦးပုတ် ၁၁၉၂-ခုနှစ် ကဆုန်လပြည့်ကျော် ၂-ရက် စနေနေ့ စီရင်ပြီး ဆန်းနိဿယ၊ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ပဌမမောင်းထောင် သာသနာပိုင် ဆရာတော် ဦးမြတ်နေ ပြု ၁၁၆၁-ခုနှစ် ကူးပြီး ဆန်းနိဿယ၊ အရှင်ဂုဏာစာရ အမည်တော်ရသော ဒုတိယ ကျော်အောင်စံထား ဆရာတော် သာသနာတော် ၂၃၃၃-ခုနှစ် သက္ကရာဇ် ၁၁၅၁-ခုနှစ် စီရင်ပြီး ဆန်းနိဿယ၊ ပဌမ ဗားကရာဆရာတော် ချုနက် နွားပြင်းရွာ ဇာတိ ရှင်မုနိန္ဒသာရ ၁၁၄၀-ခုနှစ် စီရင်ပြီး ဆန်းနိဿယ တို့၌ အာသိဋ္ဌပင် အနက် ပြန်ဆိုတော်မူကြကုန်၏။ ဆားလင်းကြီးရွာ

တောင်ပေါ်ကျောင်းနေ အရှင်ဇေန္ဒိမာ သူမြတ် ၁၁၆၀-ပြည့် နယုန်လပြည့်ကျော် ၁၃-ရက် တနင်္လာနေ့ စီရင်ပြီး ဝုတ္တောဒယ ယောဇနာပါဌ် ၁၁-ကြောင်း ပေ ဘိချပ် ကျောဘက် ၁-ကြောင်း၊ ဘိချပ် ဝမ်းဘက် ၁-ကြောင်းတို့၌ "**မေ-မမ** နမော အတ္ထု-ဘဝတု"ဟု မိန့်၏။

တတ္ထ နမတ္ထုတိ တန္နိဿတပေ္ပါတ္ထာတပ္ပဋ္ဌာရဝသေန နမက္ကာရော ဘဝတုတျတ္ထော။ ပဲခူးမြို့ ၉၃၈-ခုနှစ် အရှင်ဓမ္မနန္ဒ စီရင်သော ကဝိသာရ ဆန်းဋီကာ။ နမန် နမော၊ တိဟိ ဒွါရေဟိ ပဏာမစေတနာ။ အတ္ထုတိ ပါဌသေသော။ နမောတိ ဝါ ကြိယန္တရာနပေက္ခာ။ ပရိတ်ကြီ ဋီကာ ပုဒ်မ ၃ အဖွင့်။ နမတ္ထု နမော ဇ-တ္ထု ဘဝတု။ ၎င်း ရိတ်ကြီး ဋီကာ အာဋာနာဋိယသုတ် ဝိပဿိဿ စ နမတ္ထု ဂါထာအဖွင့်။ နမော တိ ဝါ ကြိယန္တရာနပေက္ခာ-ဟူသော ဤပရိတ်ကြီးဋီကာ ဝိကပ်အလာဖြင့်။ နမော ရှိခိုးပါ၏။ အတ္ထုကြိယာ မထည့်သွင်းဘဲ ဤသို့လည်း ယောဇနာရာ၏။ စစ်ကိုင်း တိလောကဂုရု ဆရာတော်၏ တပည့် ဒီပဲယင် မြို့ တောင်လက်ကန်ဖျားရွာဇာတိ အရှင်တေဇောဒီပ ငါးဝါရ ပဋ္ဌာန်းပျို သည် ဖွင့်ဆိုစီရင်၍ သာသနာတော် ၂၁၅၃-ခုနှစ် သက္ကရာဇ် ၉၆၁ ခုနှစ်၊ အနောက်ဘက်လွန် မင်းတရားကြီးလက်ထက်ပြီးသော ပရိတ်ကြီးဋီကာပါဌ်တည်း။

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျာသိ မာရိသ။

(၂၄၂) သုနီတတ္ထေရ ဂါထာ ပါဠိတော် ၁၂၇၊ (၂၆၃) မဟာမောဂ္ဂလာနတ္ထေရဂါထာ ပါဠိတော် ၁၅၁... သုတ်မဟာဝါ အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ္တ ၃၄၀၊ မူလပဏ္ဏာသအဋ္ဌကထာ သတိပဋ္ဌာနသုတ္တ ၂၇၄၊ ကင်္ခါဝိတရဏီအဋ္ဌကထာ ကောမမ္ပဝဂ္ဂ ၃၆၀၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာန ဝိဘင်္ဂ ၂၄၅ တို့၌ လာသော ဂါထာပင်တည်း။

၎င်းဂါထာ ရှေ့ ၂ ပါဒကား ပါထေယျပါဠိတော် အာဋာနာဋိယ သုတ် ၁၃၇၊ သုတ္တနိပါတ် ပါဠိတော် သဘိယသုတ် ၂၆၇၊ ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် ခဇ္ဇနီယဝဂ္ဂ သတ္တမသုတ္တ ၅၅၊ သုမင်္ဂလတ္ထေရ

အပဒါန် ပါဠိတော်အစ ၅၅-ဘဒ္ဒိယဝဂ် ၅၄၅-သီဝလိတ္ထေရ အပဒါန် အဆုံး အပဒါန် ၉-ခု တို့၌လည်း လာ၏။

ပုရိသာဇည ပုရိသသေဋ္ဌ နမော နမက္ကာရော တေ တဝ အတ္ထု၊ ပုရိသုတ္တမ နမော တေ တဝ အတ္ထုတိ ယောဇနာ။ သမ္မောဟဝိနောဒနီ ယောဇနာ– နမော မဟာကာရုဏိကာယ တဿ ။လ။ နမော အဝိဇ္ဇာဒိကိလေသ။ ပါရာဇိကဏ် အဋ္ဌကထာ ပဏာမ အစ ၂-ဂါထာ၊ နမောတိ ပရမတ္ထတော ဗုဒ္ဓဂုဏဗဟုမာနပဗ္ဘာရာ စိတ္တနတိ စိတ္တနတိပ္ပဘာဝါ စ ဝစီကာယ နတိ။ အတ္ထု မေတိ ပါဌသေသေန သမ္ဗန္ဓော။ ဝဇိရဗုဒ္ဓိဋီကာ ပဌမဂါထာ အဖွင့် ဂ၊ နမော အတ္ထုတိ ပါဌသေသော ဒဋ္ဌဗ္ဗော။ သာရတ္ထဒီပနီဋီကာ ဒုတိယဂါထာအဖွင့် ၁၁၊ သီဟိုဠ် ၉၊ တဿ နမော အတ္ထုတိ ပါဌသေသော။ ဝိမတိဝိနောဒနီဋီကာ ပဌမ ဂါထာ ဝဏ္ဏနာ ၃၊ တဿ နာထဿ နမော မမ နမက္ကာရော အတ္ထုတိ သမ္ဗန္ဓော။ တဿ ဓမ္မဝရဿ မမ နမော အတ္ထုတိ သမ္ဗန္ဓော။ ပါရာဇိကဏ်အဋ္ဌကထာ အတ္ထယောဇနာ ၁-၃၊ တဿာ (တေသံ-သီဟိုဠ်မူ)။ နေသံ ဝိမုတ္တိယာပိ အယံ မယှံ နမက္ကာရော အတ္ထုတိ။ ဒုကနိပါတ် ၁၅၉ မောရဇာတ် အဋ္ဌကထာ သီဟိုဠ်စာအုပ် ၂၅၊ သာရတ္ထသမုစ္စယ အမည်ရှိသော စတုဘာဏဝါရ အဋ္ဌကထာ ၁ မောရပရိတ္တဝဏ္ဏနာ သီဟိုဠ် ၁၄၇—၁၅ဂ၊ ဤသို့ နမော ဟူသော နိပါတ်ပုဒ်ကို အတ္ထုကြိယာထည့်၍ အဋ္ဌကထာဋီကာ ယောဇနာ တို့၌သာလျှင် လာသည် မဟုတ်ချေသေး။ ပါဠိတော် တို့၌လည်း။ နမတ္ထု၊ နမောတျတ္ထု-စသည်ဖြင့် များစွာလာရှိကုန်၏။ နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ။ ဒုကနိပါတ် ၁၅၉-မောရဇာတ်ပါဠိတော် .... မိဂရာဇာ နမော တျတ္ထု။ တိကနိပါတ် ၂၅၉-အန္တဇာတ် ပါဠိတော် .... ရာဇပုတ္တ နမော တျတ္ထု။ စတုက္ကနိပါတ် ၃၂၀-သုစဇ ဇာတ်ပါဠိတော် .... ကောယံ ဓမ္မော နမတ္ထု တေ။ ပကိဏ္ဏကနိပါတ် ၄၉၆-ဘိက္ခာပရမ္ပရဇာတ် .... နမော တေ ကာသိရာဇတ္ထု၊ နမော တေ ကာသိဝဍ္ဎန။ ဝီသတိနိပါတ် ၅၀၆-စမ္ပေယျ ဇာတ် မဟာနိပါတ် ၅၃၀-သုဝဏ္ဏသာမဇာတ် .... ဒါနဝါဟံ နမတ္ထု တေ၊ သမ္ဗုလာဟံ နမတ္ထု တေ၊ တိံသနိပါတ် ၅၁၉-သမ္ဗုလာဇာတ် .... ဒေဝ ရာဇာ နမောတျတ္ထု၊ မိဂါ နမတ္ထု ရာဇာနော။ မဟာနိပါတ် ၅၄၇-ဝေဿန္တရာဇာတ်ပါဠိတော်။

အတ္ထု-ကြိယာ တိုက်ရိုက် မထည့်ဘဲလည်း လာရှိကုန်၏။ နမော ဝိမုတ္တာနံ ၊နမော ဝိမုတ္တိယာ။ ၁၅၉–မောရဇာတ်....နမော ကတွာ မဟေသိနော။ မဟာနိပါတ် ၅၄၃-ဘူရိဒတ္တဇာတ်ပါဠိတော် ....နမော ကရောဟိ နာဂဿ။ မူလပဏ္ဏာသပါဠိတော် ၃=ဩပမ္မဝဂ် ၂၃-ဝမ္မိကသုတ် ၁၆၁။ နာဂဿ၊ အာသဝေါကုန်ခန်း ရဟန္တာအား။ (တွံ၊သင်သည်။ ထည့်)။ နမော၊ ရှိခိုးခြင်းကို။ ကရောဟိ၊ ပြုလော။ (နာဂေါတိ ခေါ ဘိက္ခု ခီဏာသဝဿေတံ ဘိက္ခုနော အဓိဝစနံ။ ဝမ္မိကသုတ်ပါဠိတော်။ နာဂဿာတိ ခီဏာသဝဿ ရူပသိဒ္ဓိဋီကာ ၈၂-၁၄၁,ကစ္စာယနသုတ္တနိဒ္ဒေသ ၁၃၀, ကစ္စာယနဝဏ္ဏနာ ၂၅၁,စသည်တို့နှင့် အညီပေးသော အနက်တည်း)။ နာဂဿ၊ မြတ်စွာဘုရားအား။(နမော ကရောဟိ နာဂဿာတိ ခီဏာသဝဿ ဗုဒ္ဓနာဂဿ-စသော ဝမ္မိကသုတ် အဋ္ဌကထာ ၃၆-၃၇ နှင့်အညီတည်း)။

နာဂံ ဝေါ ကိတ္တယိဿာမိ၊ န ဟိ အာဂုံ ကရောတိ သော။
သောရစ္စံ အဝိဟိံသာ စ၊ ပါဒါ နာဂဿ တေ ဒုဝေ။

ဆက္ကင်္ဂုတ္တိုရ်ပါဠိတော် ၅ ဓမ္မိကဝဂ် ပဌမသုတ် ၂၂၁,သီဟိုဠ် ၅၁၉, သောဠသကနိပါတ် ၂၄၇ မဟာဥဒါယိတ္ထေရဂါထာ ပါဠိတော် ၁၃၀ တို့၌ မြတ်စွာဘုရားကိုပင် ဟတ္ထိနာဂ ဆင်ပြောင်ကြီး ဥပမာထား၍ ဘုရားနှင့် အရှင်မဟာဥဒါယီတို့ ၁၆-ဂါထာ ဟောကြကုန်၏။

(၆၀၈၈) နမော တေ ဝါဒိမဒ္ဒန၊ နမော တေ ဣသိသတ္တမ။
နမော တေ သဗ္ဗလောကဂ္ဂ၊ နမော တေ အဘယံကရ။

(၆၀၈၉) နမော တေ မာရမထန၊ နမော တေ ဒိဋ္ဌိသူဒန။
နမော တေ သန္တိသုခဒ၊ နမော တေ သရဏံကရ။

(၅၅) ဘဒ္ဒိယဝဂ် ၅၄၆ ဝင်္ဂီသတ္ထေရ အပဒါန်ပါဠိတော် ၂၇၅ သီဟိုဠ် ၃၉၂။

(၄၈၈) နမော တေ သဗ္ဗဒဿာဝီ၊ နမော တေ ကရုဏာကရ။
နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံဒဒ။
ခေမာထေရီအပဒါန်ပါဠိတော် ၃၀၄ သီဟိုဠ် ၄၃၂။

(၁၉) နမော ဟိ တဿ ဘဂဝတော၊ သက္ယပုတ္တဿ သိရိမတော။
တေနာယံ အဂ္ဂပတ္တေန၊ အဂ္ဂဓမ္မော သုဒေသိတော။

ကေကနိပါတ် ဒသမဝဂ် ၉၄ မေတ္တဇိတ္တေရဂါထာ ပါဠိတော် ၉၇ ဤသို့စသည်ဖြင့် များစွာသော ပါဠိတော်၌ တွေ့ရကုန်၏။ ။နမတ္ထု-ပုဒ်ကို အထူးကြံ၍ အနက်မြန်မာ ယောဇနာတော်မူသော အင်းကန်း-မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးလည်း ဉာဏ်ကြီးတော် မူလှပါပေ၏။ နမတ္ထု-ပုဒ်ကို မာသီသ အာသိဋ္ဌ အနက်သမ္ဗန်တော်မူကြကုန်သော ပဌမ ရွှေကျင်ဆရာတော်ဘုရားကြီး အစရှိကုန်သော ပဋ္ဌိလောမအားဖြင့် ဒုတိယ ငါးခုန်ဆရာတော်, ညောင်ကန်ဆရာတော် ဦးပုတ်,မောင်းထောင်, ဒုတိယ ကျော်အောင် စံထား, ပဌမဗားကရာ ဆရာတော်, ပုဂံပြည် ကောင်းစားစဉ် သာသနာတော် ရောက်စထိအောင် ဆရာတော်ဘုရားကြီး အဆက်ဆက်တို့လည်း ဉာဏ်ကြီးတော် မူပါပေကုန်၏။ ရှေးသမားရိုးကျ မြန်မာပြန် အနက်ကိုသော်လည်းကောင်း၊ နောက်တစ်မျိုးပြ မြန်မာပြန် အနက်ကိုသော်လည်းကောင်း နှစ်သက်ရာ ယူတော်မူကြပါကုန်။ ပညာရှိ အများတို့က မူကား ရှေးသမားရိုးကျကို နှစ်သက်ကြကုန်၏။ အထပ်ထပ်ကြံစည် နှလုံးသွင်းကြပါကုန်။ နမော စသောပုဒ်တို့ကို ဘယ်သို့သည်သာလျှင် စုဆောင်း၍ ပြသည်မဟုတ်။ ပုဂံပြည် တတိယ အဂ္ဂပဏ္ဍိတ အဂ္ဂဝံသ နှစ်မည်ရသော သဒ္ဒနီတိဆရာသည် လည်းကောင်း, ပုဂံပြည် သင်ပုန်းကြီးဋီကာပါဌ်ကို စီရင်သည်ဆိုသော ဒိသာပါမောက္ခာစရိယဘွဲ့ရ ဆရာတော်ဦးကျည်ပွေ့သည် လည်းကောင်း, ကစ္စာယနဘေဒ ဋီကာသစ် ဆရာသည် လည်းကောင်း, သမန္တစက္ခုဒီပနီကျမ်း ဆရာသည် လည်းကောင်း, နမော ဗုဒ္ဓါယ ဋီကာပါဌ် နိဿယ ဆရာသည် လည်းကောင်း ပြဖူးလေပြီ။ ပြဖူးကြောင်း အထောက်ကား—

နမော ဗုဒ္ဓါယ ဗုဒ္ဓဿ၊ နမော ဓမ္မာယ ဓမ္မိနော။
နမော သံဃာယ သံဃဿ၊ နမော ကာရေန သောတ္ထိ မေ။
ကေစိဝါဒ

သဒ္ဒနီတိပဒမာလာ ၅-ဩကာရန္တ ပုလ္လိင်္ဂနာမိကပဒမာလာ။ ကတ္တစိ ဟိ ပဒေသေ ကုမာရကေ အက္ခရသမယံ ဥဂ္ဂဏှာပေန္တော ဂရူ

အက္ခရာနမာဒိမှိ "နမော ဗုဒ္ဓါ"တိ သိက္ခာပေန္တိ-ဟူ၍ လည်းကောင်း, ထွေ မဟာနမက္ကာရပါဠိဒေသာ နာမ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿာ"တိ ပါဠိဒေသ-ဟူ၍ လည်းကောင်း သဒ္ဒနီတိ ပဒမာလာ ၁၃၁–၁၃၂-၌ မိန့်တော်မူပြီ။

(ဂ) သာတာဂိရိ နမော ယက္ခော၊ တဿ စ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊ သက္ကော စ အရဟတော တထာ။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ စ၊ ဧတေ ပဉ္စ ပကာသိတာ။

ဦးကျည်ပွေ့ စီရင်သော ဂမ္ဘီရဂ္ဂဏ္ဌိသောဓနာ ဟူ၍ လည်းကောင်း, ဘဒ္ဒဗျူဟာ ဟူ၍ လည်းကောင်း, သဒ္ဒါကျမ်းနက် ဟူ၍ လည်းကောင်း အမည် "၃-ပါးရ"ကျမ်း စာမျက်နှာနံပါတ် ၂၀၇ လာ ဂါထာတည်း။

သာတာဂိရိယက္ခော "နမော နမော"တိ ဝန္ဒနံ ကရောတိ။ အသုရိန္ဒော ဒေဝပုတ္တော "တဿ တဿ"တိ ဝန္ဒနံ ကရောတိ။ စတုမဟာရာဇာ ဒေဝါ "ဘဂဝတော ဘဂဝတော"တိ ဝန္ဒနံ ကရောတိ။ သက္ကော ဒေဝရာဇာ "အရဟတော အရဟတော"တိ ဝန္ဒနံ ကရောတိ။ ဗြဟ္မာ "သမ္မာသမ္ဗုဒ္ဓဿ သမ္မာသမ္ဗုဒ္ဓဿာ"တိ ဝန္ဒနံ ကရောတိ။ ၁၄-ဝါရ အရှင်ဥတ္တမသိက္ခာ သူမြတ် ၁၀၃၁-ခုနှစ်က စီရင်ခဲ့သော ကစ္စာယနဘေဒဋီကာသစ်ပါ၌။

နမောချည်း သက်သက် တဿချည်း သက်သက် စသည်ဖြင့် ပါဠိတော် အဋ္ဌကထာတို့၌ နတ်တစ်ယောက်စီ ရှိခိုးကြောင်းကို စာမတွေ့ရဖူးချေ။ ယခု အစကပြခဲ့သော နမော တဿ-ပါသော ၉-သုတ်တို့တွင် ပဌမသုတ်၌ သိကြားမင်း, ဒုတိယသုတ်၌ ဇာဏုဿောဏိပုဏ္ဏား, တတိယသုတ်၌ ပသေန-ဒိကောသလမင်း, စတုတ္ထသုတ်၌ ဗြဟ္မာယုပုဏ္ဏား, ပဉ္စမသုတ်၌ ဓနဉ္ဇာနီ ပုဏ္ဏေးမ, ဆဋ္ဌသုတ်၌ ၎င်းပုဏ္ဏေးမ, သတ္တမသုတ်၌ အာရာမဒဏ္ဍပုဏ္ဏား, အဋ္ဌမသုတ်၌ ကာရဏပါလီ ပုဏ္ဏား, နဝမသုတ်၌ မဟိန္ဒဟူ၍ လည်းကောင်း၊ ဇယသေန ဟူ၍ လည်းကောင်း နှစ် မည်ရသော မင်းကြီး ၃-ကြိမ်စီ အပြည့် အစုံ ရှိခိုးကြကုန်၏။

သမန္တစက္ခုဒီပနီကျမ်း ဒုတိယတွဲ ပဌမအုပ် ပုစ္ဆာနံပါတ် ၃၃၊ မံနူဖြူမြို့ အနောက် တစ်ယူဇာခွဲပမာဏ ကွာသော ဆိပ်ကြီးရွာ တလုပ်ပင်ကျောင်း အာရာမ်နေ ဦးအာစာရ မဟာထေရ် စီရင်၍ ၁၂၆၀-ပြည့်လောက်ကပြီးသော နမော ဗုဒ္ဓါယ ဋီကာပါဌ် နိဿယတို့၌လည်း ဆိုင်ရာ ဆိုင်ရာ ဆိုကြကုန်၏။ အလိုရှိသူတို့ ရှာဖွေ၍ ကြည့်ပါကုန်။

နမော တဿ စသော နမက္ကာရ ပြီး၏။



ဆွေတော်မျိုးတော်တို့အား ယမကပြာဋိဟာ ပြတော်မူ၍ ပေါက္ခရဝဿမိုးရွာသွန်းချပုံ

# ၂၇-ဂေါတမ ဗုဒ္ဓဝံသ

## ဂေါတမမြတ်စွာဘုရားအကြောင်းကို ပြခြင်း

ယခုအခါ ဗုဒ္ဓဝင် အစဉ်အားဖြင့် ငါတို့ ဂေါတမ မြတ်စွာဘုရား၏ အတ္တုပ္ပတ်ကို ပြဆိုခွင့် ရောက်သည့်အတိုင်း ကောင်းစွာ ပြဆိုပေအံ့။ ငါတို့ဘုရားအလောင်းတော်သည် ဒီပင်္ကရာဘုရား အစရှိကုန်သော နှစ်ကျိပ် လေးဆူကုန်ခုသောဘုရားတို့၏အထံတော်၌ ဆုတောင်းခြင်းကို ပြုတော်မူလျက် ကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော လေးအသင်္ချေတို့ ကာလပတ်လုံး လာတော်မူ၏။ ကဿပ မြတ်စွာဘုရား၏ နောက်ဖြစ်သော အဖို့၌ ငါတို့ မြတ်စွာဘုရားကို ထား၍ တစ်ပါးသော မြတ်စွာဘုရားမည်သည် မရှိ။

---

### ဗျာဒိတ်ရရာ အင်္ဂါရှစ်ပါး

ဤသို့ ဒီပင်္ကရာ အစရှိကုန်သော နှစ်ဆယ့်လေးဆူကုန်သော ဘုရားရှင်တို့၏ အထံတော်၌ ရအပ်သော ဗျာဒိတ်တော်ရှိသော ဘုရားအလောင်းတော်သည်—

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတီတိ[၁]။

မနုဿတ္တဉ္စ၊ လူ၏အဖြစ်လည်းကောင်း။ လိင်္ဂသမ္ပတ္တိ စ၊ ပုရိသလိင်နှင့် ပြည့်စုံခြင်းလည်းကောင်း။ ဟေတု စ၊ တိဟိတ်ပဋိသန္ဓေနေခြင်းလည်း ကောင်း။ သတ္ထာရဒဿနဉ္စ၊ သက်တော်ထင်ရှား ဘုရားကို ဖူးမြင်ရခြင်း လည်းကောင်း။ ပဗ္ဗဇ္ဇာ စ၊ ရသေ့ရဟန်း၏အဖြစ်, သာသနာတော်ထမ်း ရဟန်း၏အဖြစ်နှစ်ပါးတို့တွင် တပါးပါးသော ရဟန်းအဖြစ်လည်းကောင်း။ ဂုဏသမ္ပတ္တိ စ၊ အဘိညာဉ် သမာပတ်ဟူသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ

---

၁။ ဤဂါထာကား မြန်မာပေစာမူ စာအုပ်မူ ဗုဒ္ဓဝံသပါဠိတော်တို့၌ မရှိ၊ သီဟိုဠ်စာမူပုံနှိပ် ဗုဒ္ဓဝံသပါဠိတော်စာအုပ် စာမျက်နှာ နံပါတ် ၃၃၊ သုမေဓကထာ၌ ထင်ရှားရှိသည်။

ခြင်းလည်းကောင်း။ အဓိကာရော စ၊ ကိုယ်အသက်ကို စွန့်၍ ဘုရား၌ အရိုအသေပြုခြင်းလည်းကောင်း။ ဆန္ဒတာ စ၊ ဘုရားဖြစ်ခြင်း၌ပြင်းစွာသော အလိုရှိသည်၏အဖြစ်လည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါးသော နိယတဗျာဒိတ်ရခြင်း၏ အကြောင်းတို့ကို ပေါင်းသဖြင့်။ အဘိနီဟာရော၊ ဘုရားဆုကို တောင်းခြင်းသည်။ သမိဇ္ဈတိ-သံဣဇ္ဈတိ၊ ကောင်းစွာ ပြည့်စုံ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဗုဒ္ဓဝင်ပါဠိတော်၌ ဟောတော်မူအပ်၏။

ဤသို့ ရှစ်ပါးကုန်သောတရားတို့ကို ပေါင်း၍ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေရင်းတော်၌ ပြုအပ်ပြီးသော ဆုတောင်းရှိသော ဘုရားလောင်းသည် ယခုမှာခါ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို ထိုမှ ဤမှ ငါ စူးစမ်းဆင်ခြင်အံ့ဟု အားထုတ်ခြင်းကို ပြုပြီးလျှင် စူးစမ်းဆင်ခြင်သည် ရှိသော် ရှေးဦးစွာ ဒါနပါရမီကို မြင်သဖြင့် ထိုဒါနပါရမီမှ စ၍ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ပါရမီဆယ်ပါးတရားတို့ကို ဖြည့်ကျင့် ဆည်းပူးစုဆောင်းတော်မူသော ဝေဿန္တရာမင်းကြီး၏ ကိုယ်အဖြစ်သို့ တိုင်အောင် သံသရာသြဃ ဘဝကျွေ့ကောက် အစဉ်လျှောက်၍ လာတော့မူ၏။

## နိယတဗျာဒိတ်ရ ဘုရားလောင်းဟူသမျှတို့ ခံစားရသော အကျိုးထူးအာနိသင် ၁၈-ပါးတို့ကို ပြခြင်း

ထိုသို့ ပါရမီတို့ကို ဖြည့်၍ လာကြသော ပြုအပ်ပြီးသော နိယတဗျာဒိတ် ဆုတောင်းရှိကုန်သော သဗ္ဗညုဘုရားလောင်း ဟူသမျှတို့ ခံစားရရှိသော အကျိုးထူးအာနိသင်တို့ကို ဤအရာ၌ ဖွင့်ဆိုအပ်ကုန်၏။

၁။ ဧဝံ သဗ္ဗင်္ဂသမ္ပန္နာ၊ ဗောဓိယာ နိယတာ နရာ။
သံသရံ ဒီဃမဒ္ဓါနံ၊ ကပ္ပကောဋိသတေဟိပိ။

၂။ အဝီစိမှိ နုပ္ပဇ္ဇန္တိ၊ တထာ လောကန္တရေသု စ။
နိဇ္ဈာမတဏှာ ခုပ္ပိပါသာ၊ န ဟောန္တိ ကာလကဉ္ဇိကာ။

၃။ န ဟောန္တိ ခုဒ္ဒကာ ပါဏာ၊ ဥပ္ပဇ္ဇန္တာပိ ဒုဂ္ဂတိံ။
ဇာယမာနာ မနုဿေသု၊ ဇစ္စန္ဓာ န ဘဝန္တိ တေ။

၄။ သောတဝေကလ္လတာ နတ္ထိ၊ န ဘဝန္တိ မူဂပက္ခိကာ။
ဣတ္ထိဘာဝံ န ဂစ္ဆန္တိ၊ ဥဘတောဗျဉ္ဇနပဏ္ဍကာ။
န ဘဝန္တိ ပရိယာပန္နာ၊ ဗောဓိယာ နိယတာ နရာ။

၅။ မုတ္တာ အာနန္တရိကေဟိ၊ သဗ္ဗတ္ထ သုဒ္ဓဂေါစရာ။
မိစ္ဆာဒိဋ္ဌိံ န သေဝန္တိ၊ ကမ္မကိရိယဒဿနာ။

၆။ ဝသမာနာပိ သဂ္ဂေသု၊ အသညေ နူပပဇ္ဇရေ။
သုဒ္ဓါဝါသေသု ဒေဝေသု၊ ဟေတု နာမ န ဝိဇ္ဇတိ။

၇။ နေက္ခမ္မနိန္နာ သပ္ပုရိသာ၊ ဝိသံယုတ္တာ ဘဝါဘဝေ။
စရန္တိ လောကတ္ထစရိယာယော၊ ပူရေန္တိ သဗ္ဗပါရမီ[၁]။

---

၁။ နိယတဗျာဒိတ်တော် ရပြီးကုန်သော သဗ္ဗညုမြတ်စွာဘုရားအလောင်း ဟူသမျှတို့သည် မဖြစ်အပ် မလားအပ် မလွန်ကျူးအပ်ကုန်သောကြောင့် အဋ္ဌာရသ အဘဗ္ဗဋ္ဌာန။ ၎င်းတို့မှ လွန်မြောက်ခြင်း အကျိုး ရှိသောကြောင့် အဋ္ဌာရသ အာနိသံသတို့ မည်သော တရားတို့ကို သရုပ်-သရူပဝန်တည်းဟူသော အစိတ်အပေါင်းအားဖြင့် ဇာတ်အဋ္ဌကထာပါဠိ အဘိဓမ္မာဒိဗ္ဗရေနိဒါန်း ၅၅၊၅၂၊၄၄၊၇၂။ ထေရအပဒါန်အဋ္ဌကထာပါဠိ အဝိဒူရေနိဒါန်း သီ-၄၁။ ဗုဒ္ဓဝံသအဋ္ဌကထာပါဠိ ဂေါတမဗုဒ္ဓဝံသဝဏ္ဏနာ သီ-၂၂၄။ စရိယာပိဋကအဋ္ဌကထာပါဠိ ပကိဏ္ဏကဝဏ္ဏနာ သီ-၂၅၉။ အဋ္ဌသာလိနီအဋ္ဌကထာပါဠိ နိဒါန်း ၆၅။ ဇိနာလင်္ကာရဋီကာပါဠိ ဗောဓိသမ္ဘာရဝဏ္ဏနာ ၁၅၃။ သီလက္ခန္ဓဋီကာသစ်ပါဠိ ၁-ဗြဟ္မဇာလသုတ် ၂၀၉။ သုတ္တနိပါတ်အဋ္ဌကထာပါဠိ ခဂ္ဂဝိသာဏသုတ် ၄၀၊၃၃ အနာဂတဝံသအဋ္ဌကထာပါဠိ နိဒါနဝဏ္ဏနာ ကော်ဝီ ၃၁။ သက္ကရာဇ် ၁၀၄၅-ခုနှစ်။ ဝါဆိုလပြည့် ကြာသပတေးနေ့ အရှင်ဇိနာရာမဆရာတော် စီရင်ပြီး ပါရမီတော်ခန်းပျို့ အဖြေ ပညာပါရမီ ပုဒ်မ ၉၃၊ စာမျက်နှာ ၁၈၈-၁၈၉။ ၎င်းပျို့ စာကိုယ် ၇၆၊၇၇။ သက္ကရာဇ် ၁၁၃၄-ခုနှစ် ဒီပဲယင်းမြို့ သိရိသဒ္ဓမ္မာလင်္ကာရဆရာတော်ကြီး စီရင်တော်မူခဲ့သော တထာဂတဥဒါနဒီပနီကျမ်း ပထမအုပ် ၂၇။ သက္ကရာဇ် ၁၂၃၇-ခုနှစ် ရန်ကုန်မြို့ ဘုရားဖြူတိုက် ဒုတိယဆရာတော်ကြီး ဦးနန္ဒိယ စီရင်တော်မူခဲ့သော ဝံသမေဒ ပကာသနီကျမ်း ပထမတွဲ ၈၉။ ဇာတတ္ထကီနိဿယ ၂၆၃ စသည်တို့၌ ပြကြကုန်၏။ ၎င်းတို့တွင် ဇာတ်အဋ္ဌကထာ စသော ရှစ်စောင်ပါဠိတို့နှင့် သုတ္တနိပါတ်အဋ္ဌကထာသည် မတူခဲ့ပေ။ ၎င်း သုတ္တနိပါဠိအဋ္ဌကထာလာကို ခွဲခြမ်း ဆင်ခြင်သော် ၂၁-ပါးမျှသော အဘဗ္ဗဋ္ဌာနကို တွေ့ရ၏။ သို့သော်လည်း သဘောသင့်ရာတွဲ၍ တစ်ဆယ့်ရှစ်ပါးပင် ရေတွက်သင့်၏။ ဇာတတ္ထကီနိဿယ ၂၉၃-၌ ညှိ၍ အလျော်ထား၏။ ၎င်းတို့ကို ဘစ်ပါးစီ ခွဲဖွင့် ဝေဖန် ညှိစပ်ရပါမူကား များစွာ ကျယ်ဝန်းဖွယ်ရာ ရှိပေ၏။ သို့ဖြစ်၍ ဘစ်ခုစီ စေ့စုံစွာ မဆိုသာချေပြီ။

သုတ္တနိပါတ် အဋ္ဌကထာလာ န ဥမ္မတ္တကော ဟူသော တတိယ အဘဗ္ဗဋ္ဌာန၌ ဇာမုမ္မတ္တက၊ ကောဒုမ္မတ္တက၊ ဒိဋ္ဌုမ္မတ္တက၊ မောဟုမ္မတ္တက၊ ယက္ခုမ္မတ္တက၊ ပိတ္တုမ္မတ္တက၊

၁။ ဧဝံ၊ ဤဆိုခဲ့ပြီးသော နည်းဖြင့်။ သဗ္ဗင်္ဂသမ္ပန္နာ၊ အလုံးစုံကုန်သော နိယတဗျာဒိတ်ကို ရခြင်း၏ အကြောင်း အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံကုန်သော။ နိယတာ၊ နိယတဗျာဒိတ်ရကုန်သော ။ ဗောဓိယာ နရာ၊ ဘုရားလောင်းတို့သည်။ တနည်း၊ ဗောဓိယ၊ သဗ္ဗညုတဉာဏ်မြတ် ဓမ္မခောတ်ဖြင့်။ နိယတာ၊ မြတ်စွာဘုရားတို့သည် မှတ်သားအပ်ကုန်ပြီးသော။ နရာ၊ ပုဂ္ဂိုလ်တို့သည်။ ကပ္ပကောဋိသတေဟိပိ၊ ကမ္ဘာကုဋေအရာတို့ဖြင့်လည်း။ အပ္ပမေယျံ၊ မရေတွက်နိုင်သော။ ဒီဃံ၊ ရှည်စွာသော။ ဒဳဃဒ္ဓါနံ၊ ကမ္ဘာတစ်သိန်းအလွန်ရှိသော လေးအသင်္ချေကာလအခွန့်ဖြစ်သော။ သံသာရံ၊ သံသရာပတ်လုံး။ သံသာရံ-သံသရန္တာပိ၊ ကျင်လည်ရကုန်သော်လည်း။

၂။ အဝီစိမှိ၊ အဝီစိငရဲ၌။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ တထာ၊ ထို့အတူ။ လောကန္တရေသု စ၊ စကြဝဠာသုံးခု သုံးခုတို့၏ သုံးထောင့်အကြား, ယူဇနာရှစ်ထောင်ကျယ်သော လောကန္တရိက်ငရဲတို့၌လည်း။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ နိဇ္ဈာမတဏှာ စ၊ နိဇ္ဈာမတဏှိုကပြိတ္တာတို့သည်လည်းကောင်း။ ခုပ္ပိပါသာ စ၊ ခုပ္ပိပါသပြိတ္တာတို့သည်လည်းကောင်း။ ကာလကဉ္စိကာ စ၊ ကာလကဉ္စိကပြိတ္တာတို့သည်လည်းကောင်း။ န ဟောန္တိ၊ မဖြစ်ကုန်။

၃။ ဒုဂ္ဂတိံ-ဒုဂ္ဂတိယံ၊ အပါယ်လေးဘုံ၌။ ဝါ၊ မကောင်းသော သူတို့၏ ရောက်ရာဖြစ်သော ဘုံ၌။ ဥပ္ပဇ္ဇန္တာပိ၊ ဖြေးကြည်စ၍ ဖြစ်ရကုန်သော်လည်း။ နရာ၊ ဘုရားလောင်းတို့သည်။ ခုဒ္ဒကာ၊ *ငုံးအောက် ငယ်ကုန်သော။ ဝါ၊ စာဝတီးအောက် ငယ်ကုန်သော။ ပါဏာ၊ သတ္တဝါတို့သည်။

သုရုမ္မတ္တက၊ ဗျာသနုမ္မတ္တက အားဖြင့် အရူးမျိုး ရှစ်ပါးအစဉ်တည်း။ ဆက္ကနိပါတ် ၃၇၈။ ဒရီမုခဇာတ်အဋ္ဌကထာ ၂၃၁၊၂၁၀၊၁၆၉၊၂၀-၌ လည်းကောင်း, ပါရာဇိကဏ်ပါဠိတော် နိဿယသစ် ဂ၀၊ဂ၁-၌ လည်းကောင်း လာ၏။ ပိတ္တုမ္မတ္တက၊ ယက္ခုမ္မတ္တကသာလျှင် ပါရာဇိကဏ်အဋ္ဌကထာ ပထမပါရာဇိကသိက္ခာပုဒ်အဖွင့် ၂၁၆၊၂၁၇၊၂၄၄-တို့၌လာသည်။ ၎င်း ဥမ္မတ္တက ရှစ်မျိုးတို့တွင် ဒရီမုခပစ္စေကဗုဒ္ဓါဟော၍ ကာမစည်းစိမ်ကို မစွန့်နိုင်သော ဂေါတမဘုရားအလောင်းတော် ပြဟ္မဒတ်မင်းကြီးအား ကာမုမ္မတ္တကဟု ဆိုသော ၎င်းဇာတ်အဋ္ဌကထာကို ထောက်၍ နိယတဗျာဒိတ်ရပြီး သဗ္ဗညုတဘုရားအလောင်းတို့ကို ပိတ္တုမ္မတ္တက၊ ယက္ခုမ္မတ္တက၊ ဇစ္စုမ္မတ္တကတို့သာ မဖြစ်နိုင်၊ သာမညဥမ္မတ္တကအမည်ကို ရကာမျှတို့ကား ဖြစ်နိုင်ကုန်၏ဟူ၍ သန္နိဋ္ဌာန်ကျ သိကုန်ရာ၏၊ သိလေကုန်။

* န တိရစ္ဆာနယောနိယံ "ဝဋ္ဋက"တော ပစ္ဆိမတ္တဘာဝေါ ဟတ္ထိတော၊ အဓိကတ္တဘာဝေါ ဟောတိ။ သုတ္တနိပါတ် အဋ္ဌကထာ၊ ခ-ခဂ္ဂဝိသာဏသုတ် အဖွင့် အဋ္ဌာရသ အဘဗ္ဗဋ္ဌာန ၄၀ အဆို။

န ဟောန္တိ၊ မဖြစ်ကုန်။ မနုဿေသု၊ လူ့ပြည်တို့၌။ ဇာယမာနာ၊ ဖြစ်ကုန်သော။ တေ နရာ၊ ထိုဘုရားလောင်းတို့သည်။ ဇစ္စန္ဓာ၊ ပဋိသန္ဓေအားဖြင့် ကန်းကုန်သည်။ န ဘဝန္တိ၊ မဖြစ်ကုန်။

၄။ တေသံ၊ ထိုဘုရားလောင်းတို့အား။ သောတဝေကလ္လတာ၊ သောတပသာဒ ချို့တဲ့သည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ နိယတာ၊ နိယတဗျာဒိတ်ရကုန်သော။ ဗောဓိယာ နရာ၊ ဘုရားလောင်းတို့သည်။ မူဂပက္ခိကာ၊ အ-ဆွံ့ကုန်သည်။ န ဘဝန္တိ၊ မဖြစ်ကုန်။ ဣတ္ထိဘာဝံ၊ မိန်းမအဖြစ်သို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။ ဥဘတောဗျဉ္ဇနပဏ္ဍကာ၊ မိန်းမ, ယောကျ်ား နှစ်ပါးအင်္ဂါ လိုတိုင်းလာသော ဥဘတောဗျည်း ငါးမျိုးသော ပဏ္ဍုက်တို့တွင် တမျိုးမျိုးသော ပဏ္ဍုက်တို့သည်။ န ဘဝန္တိ၊ မဖြစ်ကုန်။ ပရိယာပန္နာ၊ ဗြဟ္မာ့ပြည်၌ဖြစ်သောအခါ, ကမ္ဘာဦး၌ လူဖြစ်သောအခါတို့မှာ လိင်နှစ်ပါးတို နေပါသော်လည်း ပဏ္ဍုက်၌ အကျုံးဝင်ကုန်သည်။ ဝါ၊ ရှေးဆိုခဲ့ပြီးသော အဖြစ်အလုံးစုံတို့၌ အကျုံးဝင်ကုန်သည်။ န ဘဝန္တိ၊ မဖြစ်ကုန်။

၅။ အာနန္တရိကေဟိ၊ အမိကို သတ်ခြင်း, အဘကို သတ်ခြင်း, ရဟန္တာကို သတ်ခြင်း ဘုရားရှင်ကို သွေးစိမ်း တည်အောင် ပြုခြင်း, သံဃာကို သင်းခွဲခြင်းဟု ဆိုအပ်ကုန်သော သေသည်၏ အခြားမဲ့၌ ငရဲလားခြင်း မြဲသော ကံ ငါးပါးတို့မှ။ မုတ္တာ၊ လွတ်ကုန်၏။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော ဘဝတို့၌။ သုဒ္ဓဂေါစရာ၊ စင်ကြယ်သော အာရုံရှိကုန်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ မိစ္ဆာဒိဋ္ဌိံ၊ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိအားဖြင့် သုံးပါးအပြားရှိသော မိစ္ဆာဒိဋ္ဌိကို။ န သေဝန္တိ၊ မမှီဝဲကုန်။ ကမ္မကိရိယဒဿနာ၊ ကံသည် ရှိ၏, ကံကို ပြုအပ်၏ဟု အသင့်အားဖြင့် မဖောက်မပြန် မြင်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၆။ သဂ္ဂေသု၊ ဗြဟ္မာ့ပြည်တို့၌။ ဝသမာနာပိ၊ ဖြစ်ကုန်သော်လည်း။ အသညေ၊ အသညသတ်ဘုံ၌။ န ဥပပဇ္ဇရေ၊ မဖြစ်ကုန်။ သုဒ္ဓါဝါသေသု၊ အရိယာသုံးဖြာ စင်ကြယ်စွာတို့၏ နေရာဖြစ်ကုန်သော။ ဒေဝေသု၊ အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ ငါးဝသော ဗြဟ္မာဘုံတို့၌။ ဟေတု နာမ၊ ဖြစ်ခြင်း၏ အကြောင်းမည်သည်။ န ဝိဇ္ဇတိ၊ မရှိ။

၇။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ ဝိသံယုတ္တာ၊ အာသာဆန္ဒအားဖြင့် မယှဉ်ကုန်သော။ သပ္ပုရိသာ၊ ဘုရားလောင်းတို့သည်။ နေက္ခမ္မနိန္နာ၊ ရဟန်းပြုခြင်း၌ ညွတ်သော စိတ်ရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ လောကတ္ထစရိယာယော၊ သတ္တဝါတို့၏ အကျိုးစီးပွားဖြစ်ကုန်သော အကျင့်တို့ကို။ စရန္တိ၊ ကျင့်ကုန်၏။ သဗ္ဗပါရမီ၊ အလုံးစုံသော ပါရမီတော်တို့ကို။ ပူရေန္တိ၊ ဖြည့်ကုန်၏။ ဣတိ၊ ဤသို့။ ဝဏ္ဏိတာ၊ ၁၈-ပါးတို့ကို ဖွင့်အပ်ကုန်၏။

**တစ်ဆယ့်ရှစ်ပါး ယူပုံသရုပ်ကား—**

၁။ အဝီစိငရဲ၌ မဖြစ်ခြင်း တစ်ပါး။
၂။ လောကန္တရိက်ငရဲတို့၌ မဖြစ်ခြင်း တစ်ပါး။
၃။ နိဇ္ဈာမတဏှိကပြိတ္တာ မဖြစ်ခြင်း တစ်ပါး။
၄။ ခုပ္ပိပါသာပြိတ္တာ မဖြစ်ခြင်း တစ်ပါး။
၅။ ကာလကဉ္စိကာပြိတ္တာ မဖြစ်ခြင်း တစ်ပါး။
၆။ ငုံးအောက် ငယ်သော တိရစ္ဆာန် မဖြစ်ခြင်း တစ်ပါး။
၇။ လူတို့၌ ပဋိသန္ဓေ-ကန်း မဖြစ်ခြင်း တစ်ပါး။
၈။ သောတပသာဒ ချို့သော နားပင်း မဖြစ်ခြင်း တစ်ပါး။
၉။ အ-သော သူ မဖြစ်ခြင်း တစ်ပါး။
၁၀။ ဆွံ့-သော သူ မဖြစ်ခြင်း တစ်ပါး။
၁၁။ မိန်းမဘဝ၌ မဖြစ်ခြင်း တစ်ပါး။
၁၂။ ဥဘတောဗျည်းမ ဗျည်းထီး မဖြစ်ခြင်း တစ်ပါး။
၁၃။ ပဏ္ဍုက်-၅-မျိုး တမျိုးမျိုး မဖြစ်ခြင်း တစ်ပါး။
၁၄။ အနန္တရိယကံ ငါးပါးမှ လွတ်ခြင်း တစ်ပါး။
၁၅။ ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိကို မမှီဝဲခြင်း တစ်ပါး။
၁၆။ အသညသတ်ဗြဟ္မာဘုံ၌ မဖြစ်ခြင်း တစ်ပါး။
၁၇။ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကြောင်း မရှိခြင်း တစ်ပါး။
၁၈။ ရဟန်းအဖြစ်သို့ ညွတ်သော စိတ်ရှိခြင်း တစ်ပါး—

ပေါင်း ၁၈-ပါးတို့တည်း[၁]။

---

၁။ ၎င်း ၁၈-ပါးတို့ကို အဋ္ဌာရသ အဘဗ္ဗဋ္ဌာနတို့ဟူ၍ သီလက္ခန် ဋီကာဟောင်း ဗြဟ္မဇာလသုတ်အဖွင့် ၉၅-၌ ဆိုသည်၊ သုတ္တနိပါတ်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်အဖွင့် ၄၀-၌ အဋ္ဌာရသအဘဗ္ဗဋ္ဌာနသရုပ် တစ်မျိုးလာ၏။

ထို ၁၈-ပါးသော အဘဗ္ဗဋ္ဌာနမှ လွတ်ခြင်း တည်းဟူသော အကျိုးအာနိသင် ၁၈-ပါးတို့ကိုရ၍ လာတော်မူသော ငါတို့မြတ်စွာဘုရားအလောင်းတော်သည့် ဝေဿန္တရာမင်းကြီး၏ ကိုယ်အဖြစ်၌ တည်တော်မူလျက်—

အစေတနာယံ ပထဝီ၊ အဝိညာယ သုခံ ဒုခံ။
သာပိ ဒါနဗလာ မယှံ၊ သတ္တက္ခတ္တုံ ပကမ္ပထ[၁]။

အစေတနာ၊ စိတ်မရှိသော။ အယံ ပထဝီ၊ ဤမြေကြီးသည်။ သုခံ ဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ ဓါ၊ဣဋ္ဌာရုံ အနိဋ္ဌာရုံကို။ အဝိညာယ အပိ၊ မသိဘဲလည်း။ သာ၊ ထိုမြေကြီးသည်။ မယှံ၊ ငါ၏။ ဒါနဗလာ-ဒါနဗလေန၊ ပေးလှူခြင်း၏ အင်အားစွမ်းရည်ကြောင့်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဝါ၊ ခုနစ်ပွဲ။ ပကမ္ပထ၊ ဝဲ ယာ ရှေ့ နောက် ထက် အောက် ခြောက်ထွေတုန်လှုပ်လေ၏။

---

## ဘုရားပွင့်လတ္တံ့ဟု အုတ်အုတ်ကျက်ကျက် ကောလာဟလဖြစ်ခြင်း

ဤသို့ မြေကြီး တုန်လှုပ်စေနိုင်သော ကောင်းမှု အစရှိကုန်သော များစွာသော ကောင်းမှုတို့ကို ပြုတော်မူ၍ အသက်၏အဆုံး၌ ထိုဝေဿန္တရာမင်းအဖြစ်မှ စုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏[၂]။ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ လူတို့၏ နှစ်အရေအတွက် ငါးဆယ့်ခုနစ်ကုဋေနှင့် နှစ်ပေါင်းခြောက်သန်းကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားတော်မူစဉ် "ဗုဒ္ဓကောလာဟလ" ခေါ်သော ဘုရားဖြစ်ခြင်း၌ အုတ်အုတ်ကျက်ကျက် သတင်းသည် ထင်ရှား ဖြစ်ပေါ်၍ လာ၏။

---

၁။ ဝေဿန္တရစရိယာပိဋကတ်ပါဠိတော် ၆၆၆၊ ၃၉၁-လာ အဆုံးဂါထာတည်း။

၂။ တုသိတာဘဝေနှ "သေတကေတု" နာမ ဒေဝပုတ္တော အဟောသိ။ မူလပဏ္ဏာသ အဋ္ဌကထာ ၄-ဘယဘေရဝသုတ် ၁၁၈။ ပါရာဇိကဏ်အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ မုဗ္ဗေနိဝါသကထာ ၁၂၁။ သန္တုသိတော နာမ တဒါ-ဟူသော ဗုဒ္ဓဝင်ပါဠိတော် ရတနစင်္ကမကဏ္ဍ စကားသည် သာမညနာမ ဖြစ်သင့်၏။

## ဘုရားဖြစ်ရန် တောင်းပန်ခြင်းနှင့်တကွ ကြည့်ခြင်းကြီးငါးပါးတို့ကို ပြခြင်း

ချဲ့၍ ပြဆိုဦးအံ့။ လောက၌ သုံးပါးသော ကောလာဟလတို့သည်[၁] ဖြစ်ကုန်၏။ သုံးပါး အဘယ်နည်း ဟူမူကား— ကပ္ပကောလာဟလ, ဗုဒ္ဓကောလာဟလ, စက္ကဝတ္တိကောလာဟလ-ဟူ၍ ကောလာဟလကြီး သုံးပါး ဖြစ်ကုန်၏။

ထိုသုံးပါးသော ကောလာဟလတို့တွင် အနှစ်တစ်သိန်း လွန်သဖြင့် ကမ္ဘာ၏ ပျက်စီးခြင်းသည် ဖြစ်လတ္တံ့။ ဤသို့ သတ္တလောကကို ကောင်းမှု၌ စုပေါင်းတတ်သောကြောင့် လောကဗျူဟာ[၂]အမည်ရှိသော ကာမာဝစရနတ်တို့သည် ဦးခေါင်း၌ ဖြေအပ်သော ဆံပင်ရှိကုန်သည် ဖြစ်၍, ဖရိုဖရဲကြဲသော ဆံပင်ရှိကုန်သည် ဖြစ်၍, ငိုသော မျက်နှာ ရှိကုန်သည် ဖြစ်၍ မျက်ရည်တို့ကို လက်တို့ဖြင့် သုတ်ကုန်လျက်, နီသော အဝတ်ကို ဝတ်ကုန်လျက် အလွန်လျှင် ဖောက်ပြန်သောအသွင်ကို ဆောင်ကုန်သည်ဖြစ်၍ လူတို့၏ခရီးတို့သို့ သွားလာ လှည့်ပတ်ကုန်လျက် ဤသို့ ဆိုလတ္တံ့သောအတိုင်း ပြောကြားကြကုန်၏။ "အိုအချင်းတို့....ဤနှစ်မှ အနှစ်တစ်သိန်းကို လွန်သဖြင့် ကမ္ဘာပျက်ခြင်းသည် ဖြစ်လတ္တံ့။ ဤစကြဝဠာလောကသည် ပျက်စီးလတ္တံ့။ မဟာသမုဒ္ဒရာသည်လည်း ခြောက်သွေ့လတ္တံ့။ ဤမြေကြီးသည်လည်းကောင်း, မြင်းမိုရ်တောင်မင်းသည်လည်းကောင်း မီးလောင်ကုန်လတ္တံ့။ ပျက်စီးကုန်လတ္တံ့။ ဗြဟ္မာ့ပြည်တိုင်အောင် လောကသည် ပျက်စီးခြင်း ဖြစ်လတ္တံ့၊ အချင်းတို့.... မေတ္တာကို ပွားကြကုန်၊ ကရုဏာကို ပွားကြကုန်၊ မုဒိတာကို ပွားကြကုန်၊ ဥပေက္ခာကို ပွားကြကုန်၊ အမိကို လုပ်ကျွေးကြကုန်၊ အဘကို လုပ်ကျွေး

---

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၁၃-အဘိညာနိဒ္ဒေသ ၃၆၈-၌ ကပ္ပကောလာဟလ တစ်ပါးလာ၏။ ဇာတ်အဋ္ဌကထာနိဒါန်း သီ-၄၆ တို့၌ ကပ္ပကောလာဟလ၊ ဗုဒ္ဓကောလာဟလ၊ စက္ကဝတ္တိကောလာဟလ သုံးပါးလာ၏။ ခုဒ္ဒကပါဌအဋ္ဌကထာ ၅-မင်္ဂလသုတ်အဖွင့် သိ-၇၇ ၌ ၁၂-နှစ်က မင်္ဂလကောလာဟလ၊ ၇-နှစ်က မောနေယျကောလာဟလကို သုဒ္ဓါဝါသ ဗြဟ္မာတို့ ကြွေးကြော်ကြောင်း ၂-ပါး တိုး၍ ၅-ပါး လာ၏။

၂။ လောကံ ဗျူဟေန္တိ သမ္ပိဏ္ဍေန္တီတိ လောကဗျူဟာ။ ဝိသုဒ္ဓိမဂ်မဟာဋီကာ ၁၃-အဘိညာနိဒ္ဒေသအဖွင့် ၄၃။

ကြကုန်၊ အမျိုး၌ ကြီးသော သူတို့ကို အရိုအသေ ပြုကြကုန်"ဟု လောကဗျူဟာ နတ်သားတို့ ကြွေးကြော်ခြင်း အုတ်အုတ် ကျက်ကျက် ဖြစ်ခြင်းသည် **ကပ္ပကောလာဟလ** မည်၏။

အနှစ်တစ်ထောင်ကို လွန်သဖြင့် သဗ္ဗညုတဘုရားသခင်သည် လောက၌ ပွင့်လတ္တံ့ဟု သိကြသောအခါ လောကကို စောင့်သော နတ်တို့သည် "အချင်းတို့....ဤနှစ်မှ အနှစ်တစ်ထောင်ကို လွန်သဖြင့် ဘုရားရှင်သည် လောက၌ ဖြစ်တော်မူလတ္တံ့"ဟု ကြွေးကြော်လျက် လှည့်လည်ကုန်၏။ ဤသည်ကား **ဗုဒ္ဓကောလာဟလ** မည်၏။

အနှစ်တစ်ရာလွန်သဖြင့် စကြဝတေးမင်းသည် ဖြစ်လတ္တံ့ဟု သိကြသော အခါ နတ်တို့သည်"အချင်းတို့ ...ဤနှစ်မှ အနှစ်တစ်ရာ လွန်သဖြင့် စကြဝတေး မင်းသည် ဖြစ်လတ္တံ့"ဟု ကြွေးကြော်လျက် လှည့်လည်ကုန်၏။ ဤသည်ကား **စက္ကဝတ္တိကောလာဟလ** မည်၏။

ထိုသုံးပါးသော ကောလာဟလတို့တွင် ဗုဒ္ဓကောလာဟလ ဟူသော ဘုရားဖြစ်အံ့သော အုတ်အုတ် ကျက်ကျက် အသံကို ကြား၍ အလုံးစုံ တစ်သောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်ဗြဟ္မာတို့သည် တပေါင်းတည်း စည်းဝေးကုန်၍ "ဤမည်သော ပုဂ္ဂိုလ်သည် ဘုရား ဖြစ်လတ္တံ့"ဟု သိ၍ ထိုပုဂ္ဂိုလ်ထံ ဆည်းကပ် တောင်းပန်ကြကုန်၏။ တောင်းပန်ကြကုန်၏ ဆိုသော်လည်း ထိုဘုရားအလောင်းတော် သာမည အားဖြင့် သန္တုသိတ ဝိသေသအားဖြင့် သေတကေဟု အမည်ရှိသော နတ်သားအား ပုဗ္ဗနိမိတ်ငါးပါးတို့[၁] ထင်သောအခါ၌သာလျှင် တောင်းပန် ကြကုန်၏။ ထိုအခါ အလုံးစုံသည်း ဖြစ်ကုန်သော ငါတို့ စကြဝဠာ၌

၁။ ဆင်မြသောပန်းတို့ညှိုးခြင်း၊ အဝတ်တို့နွမ်းခြင်း၊ ကိုယ်၌ မကောင်းသော အဆင်းသို့ သက်ခြင်း၊ ချိုင်းကြားနှစ်ဖက်တို့၌ ချွေးတို့ ယိုစီးခြင်း၊ နတ်သည် နတ်၏ နေရာ၌ မပျော်မွေ့ခြင်းဟူ၍ ပုဗ္ဗနိမိတ်ငါးပါး။ သတ္တတိနိပါတ် ၅၃၁ ကုသဇာတ် အဋ္ဌကထာ။ သုတ်မဟာဝါ အဋ္ဌကထာ ၁-မဟာပဓာနသုတ် ၁၉။ ဥပရိပဏ္ဏာသ အဋ္ဌကထာ ၂၃။ အစ္ဆရိယ အဗ္ဘုတဓမ္မသုတ် ၁၀၇။ အဋ္ဌသာလိနီ အဋ္ဌကထာနိဒါန်း ၆၇-၌ လာ၏၊ ဤစုတိပုဗ္ဗနိမိတ် ငါးပါးတို့သည် ဘုန်းကြီးသော ဘုရင်မင်းမြတ် အမတ်ကြီး စသည်တို့အားသာလျှင် ဥက္ကာကျခြင်း, ငလျင်လှုပ်ခြင်း, လကြတ်ခြင်း စသည့် နိမိတ်တို့ ထင်ကုန်သကဲ့သို့ ဘုန်းတန်ခိုးကြီးသော နတ်တို့၌သာလျှင် ထင်ကုန်၏ စသည်ဖြင့် သုတ်မဟာဝါ အဋ္ဌကထာ ၁၉-၌ လာ၏။

နေကုန်သော ထိုနတ်တို့သည် အခြား တစ်ခုတစ်ခုသော စကြဝဠာ၌ရှိ စတုမဟာရာဇ် နတ်မင်း, သိကြားမင်း, သုယာမနတ်မင်း, သန္တုသိတ နတ်မင်း, နိမ္မာနရတိနတ်မင်း, ဝသဝတ္တိနတ်မင်း, ဗြဟ္မာမင်းတို့နှင့်တကွ တစ်ခုသော ငါးဘုံမင်္ဂလာ စကြဝဠာ၌[၁] ကောင်းစွာ စည်းဝေး၍ တုသိတာ နတ်ပြည်၌ ဖြစ်သော စုတိနိမိတ်ထင်သော ဘုရားလောင်း၏ အထံသို့ သွား၍ အချင်းနတ်သား.... အရှင်နတ်သားတို့သည် ဆယ်ပါးသော ပါရမီတို့ကို ဖြည့်အပ်ကုန်ပြီ။ ဖြည့်ကုန်သော သင်တို့သည် သိကြားမင်း စည်းစိမ်, ဗြဟ္မာမင်းစည်းစိမ် အစရှိသော စည်းစိမ်ချမ်းသာကို တောင့်တကုန်သဖြင့် မဖြည့်ကျင့်။ အရှင်နတ်သားသည် လောကသုံးပါးမှ ထွက်မြောက်စေခြင်း အကျိုးငှာ သဗ္ဗညုအဖြစ်ကို တောင့်တသဖြင့် ဘုရားဖြစ်စေခြင်းအကျိုးငှာ ဖြည့်ကျင့်အပ်၏။ ထို့ကြောင့်—

> ကာလော ခေါ[၂] တေ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ။
> သဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ–

ဟူသော ဂါထာဖြင့် တောင်းပန်ကြကုန်၏။

မဟာဝီရ၊ ကြီးမြတ်သော လုံ့လရှိတော်မူသော သေတကေတု ခေါ်မှု ထင်ရှား အလောင်းတော်နတ်သား။ တေ၊ သင် အလောင်းတော်နတ်သား အား။ ခေါ၊ စင်စစ်။ ကာလော၊ ဘုရားဖြစ်ချိန်တန်ပါပြီ။ မာတုကုစ္ဆိယံ၊ မယ်တော်ဝမ်းတိုက်၌။ ဥပ္ပဇ္ဇ-ဥပ္ပဇ္ဇိတွာ၊ ပဋိသန္ဓေ တည်နေတော်မူပြီး၍။ သဒေဝကံ၊ နတ်နှင့်တကွသော လူအပေါင်းကို။ ဝါ၊ ဗြဟ္မာနတ်လူ သုံးဘုံ သူကို။ တာရယန္တော၊ သံသရာစလုတ် ဝဲသမုဒ်မှ ဆွဲထုတ်ကယ်တင်တော် မူလျက်။ အမတံ၊ သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဗုဇ္ဈဿု၊ သိမြင် သမြင့် ပွင့်တော်မူပါလော့။ ဣတိ၊ ဤသို့။ ယာစိံသု၊ တောင်းပန်ကြကုန်၏။

ထိုအခါ၌ နတ်ဗြဟ္မာအပေါင်းတို့ ဤသို့တောင်းပန်အပ်သော အလောင်း တော် နတ်သားသည် နတ်ဗြဟ္မာတို့အား ပဋိညာဉ်ဝန်ခံခြင်းကို မပေးသေး

---

၁။ ဣမံ မင်္ဂလစက္ကဝါဠံ ပူရေတွာ။ ဇိနာလင်္ကာရဋီကာ၊ ဝိဇာတမင်္ဂလာဝဏ္ဏနာ ၁၆၅။

၂။ ကာလော ယံ တေ၊ သီဟိုဠ်မူ ဗုဒ္ဓဝင် အဋ္ဌကထာ။ ဇိနာလင်္ကာရဋီကာ။ ကာလောဒေဝ။ အဋ္ဌသာလိနီအဋ္ဌကထာ ၆၀။ ဓမ္မပဒအဋ္ဌကထာ ၆၂။

မူ၍သာလျှင် "ကာလ, ဒီပ, ဒေသ, ကုလ, ဇနေတ္တိအာယုပရိစ္ဆေဒ" အစွမ်းအားဖြင့် ကြည့်ခြင်းကြီး ငါးပါးတို့ကို ကြည့်တော်မူ၏။

ထိုကြည့်ခြင်းကြီး ငါးပါးတို့တွင် ဘုရားဖြစ်ချိန်တန်ပြီလော၊ ဘုရားဖြစ်ချိန်မတန်သေးလောဟု ရှေးဦးစွာ ကာလဟူသော အခါကို ကြည့်တော်မူ၏။ ထိုကာလကို ကြည့်ရာ၌ အနှစ်တစ်သိန်းမှ အထက်၌ အသက်တိုးပွားသော[1] အသက်ရှည်သော အသက်တမ်းကာလသည် ဘုရားဖြစ်ချိန်ကာလ မဟုတ်။ ထိုစကားမှန်၏။ အဘယ့်ကြောင့်နည်းဆိုသော်ကား ထိုအနှစ်တစ်သိန်းတမ်းထက် အသက်ရှည်သောကာလ၌ သတ္တဝါ[2]တို့အား ပဋိသန္ဓေနေရခြင်း, အိုရခြင်း, သေရခြင်း ဆင်းရဲတို့သည် ဉာဏ်၌ မထင်နိုင်ကြကုန်။ ဆက်၍ဆိုပေအံ့။ ဘုရားရှင်တို့၏ တရားဒေသနာတော် မည်သည်ကား လက္ခဏာယာဉ်သုံးပါးမှ ကင်းလွတ်သော မည်သည် မရှိ။ အနိစ္စ ဒုက္ခ အနတ္တဟူ၍ ဟောတော်မူကုန်သော ထိုမြတ်စွာဘုရားသခင်တို့အား အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါး မထင်မြင်နိုင်သော သတ္တဝါအပေါင်းတို့က အဘယ့်ကြောင့်လျှင် ထိုတရားတို့ကို ဟောတော်မူလေ ကုန်သနည်းဟု အောက်မေ့၍ ထိုတရားတို့ကို အရိုအသေ မနာအပ် မယုံကြည်အပ်ဟု မှတ်ထင်ကြမည်ဖြစ်၏။ ထိုသို့ မှတ်ထင်ကာ ရိုသေယုံကြည်စွာ မနာခံခဲ့သော် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိခြင်း ဖြစ်နိုင်တော့မည် မဟုတ်။ ထိုသို့ သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍ သိခြင်း မဖြစ်ခဲ့ပါသော် ဘုရားသခင်၏ အဆုံးအမသာသနာတော်သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကို ဖြစ်စေနိုင်တော့မည်မဟုတ်။ ထို့ကြောင့် ထိုအသက် တစ်သိန်းတမ်းထက် အသက်ရှည်သော အခါကာလသည် ဘုရားပွင့်ရာ ကာလ မဟုတ်။ အနှစ်တစ်ရာအောက် ယုတ်လျော့သော အသက်ရှိသော ကာလသည်လည်း ဘုရားပွင့်ရာ ကာလမဟုတ်။ အဘယ့်ကြောင့်နည်း ဟူမူကား — ထိုတစ်ရာအောက် အသက်ယုတ်သော ကာလ၌ သတ္တဝါတို့သည် များသော ကိလေသာရှိကုန်၏။ များပြားထူပြောသော ကိလေသာရှိကုန်သော သတ္တဝါ

---

၁။ ဘုရားတို့သည် တက်ကပ်၌ မပွင့်ကြကုန်၊ ဆုတ်ကပ်၌သာ ပွင့်တော်မူကြကြောင်းကို ပါထေယျအဋ္ဌကထာ ၃-စက္ကဝတ္တိသုတ် အဖွင့် ၃၄-၌ ဆိုသည်။

၂။ သတ္တယောဂေန သတ္တောတိ ဝုစ္စတိ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၉-ဗြဟ္မဝိဟာရနိဒ္ဒေသ ၂၆၉-တို့ကို ထောက်၍ သတ္တဝါဟု မရေးဘဲ သတ္တာဟု ရေးလျှင်လည်း သင့်မြတ်၏။

တို့အား ဩဝါဒကို ပေးအပ်ငြားသော်လည်း ဩဝါဒအရာ၌ မတည်။ ရေပြင်၌ တုတ်လှံတံဖြင့် ရေးခတ်အပ်သော အရေးအသားကဲ့သို့ လျင်စွာ ကင်းပျောက်ရာ၏။ ထို့ကြောင့် ထိုအသက် တစ်ရာအောက် ယုတ်သော ကာလသည်လည်း ဘုရားပွင့်ရာ ကာလ မဟုတ်။ စင်စစ်သော်ကား အနှစ်တစ်သိန်းမှ အောက် အနှစ်တစ်ရာမှ အထက် ဤအတွင်းဖြစ်သော ကာလသည် ဘုရားပွင့်ရာကာလမည်၏။ ထိုသေတကေတုနတ်မင်း ကြည့်သော အခါ၌ကား အနှစ်တစ်ရာကာလတည်း။ ထိုအခါ ဘုရားလောင်းသည် ဘုရားဖြစ်ထိုက်သော ကာလဟူ၍ "ကာလ"ကို မြင်တော်မူ၏။

ထို့နောက်မှ ဘုရားဖြစ်ရာ ကျွန်းကို ကြည့်တော်မူလတ်သည် ရှိသော် ကျွန်းငယ်နှစ်ထောင်အခြံအရံနှင့် တကွသော ကျွန်းကြီး လေးကျွန်းတို့ကို ကြည့်တော်မူ၍ သုံးကျွန်းတို့၌ ဘုရားရှင်တို့သည် မဖြစ်ကုန်။ ဇမ္ဗူဒိပအမည်ရသော သပြေကျွန်း၌သာလျှင် ဖြစ်ကုန်၏ဟု "ကျွန်း"ကို မြင်တော်မူ၏။

ထို့နောက်မှ ဇမ္ဗူဒိပ် မည်သည် ကျယ်၏။ ယူဇနာ တစ်သောင်း အတိုင်းအရှည် ရှိ၏။ အဘယ်မည်သော အရပ်၌ ဘုရားရှင်တို့သည် ဖြစ်ကုန်သနည်း။ ဤသို့ အရပ်ကို ကြည့်တော်မူလတ်သည် ရှိသော် နိမိတ်ငါးရပ်[၁] ပိုင်းခြားမှတ်အပ်သော"မဇ္ဈိမဒေသ"ကို မြင်တော်မူ၏။အကြင် မဇ္ဈိမဒေသ၌ ကပိလဝတ်မည်သော နေပြည်တော်မြို့သည် ရှိ၏။ ထိုကပိလဝတ်ရွှေမြို့တော်၌ ငါသည် ဖြစ်ထိုက်၏ဟု ဆုံးဖြတ်တော်မူ၏။

ထို့နောက်မှ အမျိုးကို ကြည့်ရှုတော်မူလတ်သည် ရှိသော် ဘုရားတို့ မည်သည် ကုန်သွယ် သူဌေးသူကြွယ် အမျိုး၌လည်းကောင်း, သူဆင်းရဲ အမျိုး၌လည်းကောင်း မဖြစ်ကုန်။ လူအပေါင်းသည် မြင့်မြတ်၏ဟု သမုတ်အပ်သော မင်းမျိုး၌သော်လည်းကောင်း, ပုဏ္ဏားမျိုး၌သော်လည်းကောင်း ဖြစ်ကြကုန်၏။ ယခုအခါမူကား မင်းမျိုးသည် လောက၌ ကျော်စော ထင်ရှား၏၊ မင်းမျိုးကို အထွတ်အမြတ် သမုတ်အပ်၏။ ထိုမင်းမျိုး၌ ဖြစ်ပေအံ့။ ထိုမင်းမျိုးတို့တွင်လည်း သကျသာကီဝင်ဖြစ်သော သုဒ္ဓေါဒန အမည်ရှိသော မင်းကြီးသည် ငါ၏ ခမည်းတော် ဖြစ်လတ္တံ့ဟု "အမျိုး"ကို မြင်တော်မူ၏။

---

၁။ နိမိတ်ငါးရပ်ကား ဝိနည်းမဟာဝါပါဠိတော် ၅-စမ္မက္ခန္ဓက ၂၆၄-၌ လာ၏။

ထို့နောက်မှ မယ်တော်ကို ကြည့်လတ်သည် ရှိသော် ဘုရားမယ်တော်သည် လျှပ်ပေါ် လော်လီခြင်း မကင်းသော သေသောက်ကြူးမ မဖြစ်ရာ။ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်အပ်သော ပါရမီရှိပြီးလျှင် ဖွားသည့်မှစ၍ မကျိုးမပေါက် မပျက်မစီးသော ငါးပါးသီလရှိသူသာ ဖြစ်ရာ၏။ ဤမဟာမာယာမိဖုရားသည်လည်း ဤဆိုအပ်ခဲ့ပြီးသော ဂုဏ်နှင့်ပြည့်စုံသော သဘောရှိ၏။ ဤမိဖုရားကြီးသည် ငါ၏ မယ်တော် ဖြစ်လတ္တံ့ဟု မြင်တော်မူ၏။ ထိုမိဖုရား အဘယ်မျှလောက် အသက်ရှည်ဦးမည်နည်းဟု စူးစမ်းဆင်ခြင်တော်မူပြန်သည်ရှိသော် ဤဝါဆိုလပြည့် ကြာသပတေးနေ့ ပဋိသန္ဓေနေတော်မူသောအခါမှ ဆယ်လနှင့် ခုနစ်ရက်သာ "အသက်ရှည်လတ္တံ့"ဟု မြင်တော်မူ၏။

---

## အလောင်းတော်မြတ် ပဋိသန္ဓေနေတော်မူခြင်းနှင့် ဖွားမြင်တော်မူခြင်း

ဤသို့ ငါးပါးအပြားရှိသော ဤကြည့်ခြင်းကြီးကို[၁] ကြည့်တော်မူပြီး၍ အချင်းတို့....ငါအား ဘုရားဖြစ်ခြင်းငှါ အခါတန်ပေပြီဟု ဝန်ခံခြင်းကို ပေးတော်မူ၍ သင်တို့သည် သွားကြကုန်လော့ဟု နတ်တို့အား လွှတ်လိုက်၍ တုသိတာနတ်တို့ဖြင့် ခြံရံလျက် တုသိတာနတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်သို့ ဝင်တော်မူ၏။ ထိုစကားသည် မှန်လှပေ၏။ အလုံးစုံသော နတ်ပြည်ခြောက်ထပ်တို့၌ နန္ဒဝန်ခေါ်သော နတ်တို့ အထူးနှစ်သက်အပ်သော ဥယျာဉ်တော်ရှိသည်သာလျှင်တည်း။ ထိုနန္ဒဝန် ဥယျာဉ်တော်၌ အလောင်းတော် နတ်သားကို နတ်တို့သည် ဤဘဝမှ စုတေသည် ရှိသော် သုဂတိဘဝသို့ သွားလေတော့ဟူ၍ ရှေးက ပြုခဲ့ဖူးသော ကုသိုလ်ကံ၏ အကျိုးပေးခွင့်ကို အောက်မေ့စေကုန်သော ထိုနတ်တို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ ထိုဥယျာဉ်၌

---

၁။ သုတ်မဟာဝါအဋ္ဌကထာ ၂၀။ ဇာတ်အဋ္ဌကထာနိဒါန်း ၆၀။ အပဒါန်အဋ္ဌကထာနိဒါန်း သီ-၄၄။ ဓမ္မပဒအဋ္ဌကထာ ၁-ယမကဝဂ် ၆၂။ အဋ္ဌသာလိနီအဋ္ဌကထာနိဒါန်း ၆၈။ ဇိနာလင်္ကာရဋီကာ ၁၅၇ စသည်တို့၌ လာကြကုန်၏။ အာယုံ ဝိလောကေတိ၊ မာသံ ဝိလောကေတိ၊ နေကမ္မံ ဝိလောကေတိ-ဟု သုံးပါး တိုး၍ ကြည့်ခြင်းကြီး ရှစ်ပါး မိလိန္ဒပဉှာပါဠိတော် မေဏ္ဍကပဉှာကဏ္ဍ သဗ္ဗညုတဉာဏဝဂ် ၄-ဗောဓိသတ္တဿဓမ္မတာ ပဉှာ ၁၃၉-၌ လာသည်။

သွားလာလှည့်လည်စဉ်ပင် စုတေ၍ မဟာမာယာမည်သော မိဖုရား၏ ဝမ်းတိုက်၌ မဟာသက္ကရာဇ် ၁၆၇-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဥတ္တရာသာဠ် နက္ခတ်နှင့် ယှဉ်လျက် ပဋိသန္ဓေယူတော်မူ၏။

ယောကျ်ားမြတ်ဖြစ်ဘော်မူသော ဘုရားလောင်းသည် မယ်တော်ဝမ်း၌ ပဋိသန္ဓေကို ယူတော်မူသောအခါ တပြိုင်နက် တစ်ချက်တည်းသာလျှင် အလုံးစုံသော တစ်ဒသောင်းသော စကြဝဠာလောကဓာတ်သည် တသိမ့်သိမ့် တုန်လှုပ်လေ၏။ သုံးဆယ့်နှစ်ပါးကုန်သော ပုဗ္ဗနိမိတ်တို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသောအတိုင်း ယူအပ်ပြီးသော ပဋိသန္ဓေရှိသော ဘုရားလောင်း၏လည်းကောင်း, ဘုရားလောင်းမယ်တော် မာယာမိဖုရား၏လည်းကောင်း ဘေးရန်ကို တားမြစ်ခြင်းငှာ ကြံ့ချိသဏ္ဍာန် ပုံဟန်မပျက် သန်လျက်စွဲကာ နတ်သားလေးယောက်တို့သည် စောင့်ရှောက် ကြကုန်၏။ ဘုရားလောင်း၏ မယ်တော်အား ယောကျ်ားတို့၌ တပ်နှစ် သက်သော စိတ်မျှမဖြစ်ပြီ။ ထိုမိဖုရားကြီးသည် လာဘ်သပ်ပကာ အထွတ် အထိပ်ရောက်အောင် ပေါများပြည့်လျှမ်းလျက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နှစ်ပါးနှင့် ပြည့်စုံ၏။ မိမိ၏ ဝမ်း၌ ကိန်းအောင်းသော ဘုရားလောင်းကို လည်း ကြည်လင်သော ပတ္တမြား ရတနာ၌ သီအပ်သော ချည်ဖြူကဲ့သို့ မြင်ရ၏[၁]။

ဘုရားလောင်းတို့ ကိန်းအောင်းရာဖြစ်သော ဝမ်းတိုက်မည်သည် စေတီ တိုက်နှင့် တူသည် ဖြစ်၍ တပါးသော သတ္တဝါတို့ ကိန်းအောင်းခြင်းငှါ လည်းကောင်း, သုံးဆောင်ခြင်းငှါ လည်းကောင်း မတတ်ကောင်း။ ထိုသို့ မတတ်ကောင်းသောကြောင့် ဘုရားလောင်းမယ်တော်သည် ဘုရား လောင်းဖွားတော်မူ၍ ခုနစ်ရက် ရှိလတ်သော် စုတေ ကွယ်လွန်ကာ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ ဘုရားလောင်းမယ်တော်မှ တပါးကုန်သော မိန်းမတို့သည် ဆယ်လတို့သို့ မရောက်မူ၍ သော်လည်းကောင်း, ဆယ်လကို လွန်၍ သော်လည်းကောင်း, ထိုင်၍ သော်လည်းကောင်း, လျောင်း၍ သော်လည်းကောင်း ဖွားမြင်ကြကုန်သကဲ့သို့ ဘုရားလောင်း

၁။ ကလလ အရရှိသော ကာလကို လွန်၍ အင်္ဂါကြီးငယ် မယုတ်လျော့သောအဖြစ်သို့ ကပ်သော်သာလျှင် မြင်ကြောင်းကို သုတ်မဟာဝါအဋ္ဌကထာ မဟာပဒါနသုတ် ၂၆-၌ ဆို၏။

မယ်တော်သည် သားတော်ကို ဖွားမြင်သည်မဟုတ်၊ ဘုရားလောင်းကို ဆယ်လတို့ပတ်လုံး ဝမ်းဖြင့် ချီပိုက်လွယ်ဆောင်၍ ရပ်လျက်သာ ဖွားတော်မူ၏။ ဤသို့ ရပ်လျက် ဖွားခြင်းသည် ဘုရားလောင်းမယ်တော်ဟူသမျှတို့၏ ဓမ္မတာသဘောပင်တည်း။

မဟာမာယာမိဖုရားသည် ဆယ်လတို့ပတ်လုံး ဝမ်းဖြင့် ဘုရားလောင်းကို ချီပိုးရွက်ဆောင်၍ ကိုယ်ဝန်ရင့်ကာ သားဖွားရန်အချိန်နီးလတ်သော် မိဘဆွေမျိုးတို့ပြည်နန်းသို့ ကြွလှမ်းတော်မူလိုသည်ဖြစ်၍ သုဒ္ဓေါဒနမင်းကြီးအား "အရှင်မင်းကြီး....အကျွန်ုပ်သည် ဒေဝဒဟပြည်သို့ သွားခြင်းငှါ အလိုရှိပါ၏" ဟူ၍ လျှောက်ကြားလေ၏၊ သုဒ္ဓေါဒနမင်းကြီးသည် ကောင်းပြီဟု ဝန်ခံတော်မူ၍ ကပိလဝတ် အလောင်းတော်ရသေ့ကြီး၏ ကျောင်းသင်္ခမ်းရာမြေမျက်နှာ၌ ဥက္ကာမုခ အမှူးရှိကုန်သော သာကီဝင်မင်းတို့ ဦးစွာ တည်ထောင် ဖန်ဆင်းအပ်သောကြောင့် ကပိလဝတ္ထု ဟုမှတ်အပ်သော[၁] ရွှေမြို့တော်မှ ဒေဝဒဟ[၂]မြို့တော်တိုင် ခရီးလမ်းမကို အညီအညွတ် ပြုပြင်၍ ငှက်ပျောပင် စိုက်ခြင်း၊ ရေပြည့်အိုး တည်ခြင်း၊ တံခွန် ကုက္ကား မုလေးပွား စသည်တို့ဖြင့် တန်ဆာဆင်ခြင်းတို့ကို ပြုစေ၍ အသစ်စက်စက် ရွှေထမ်းစင်ထက်၌ စီးစေပြီးလျှင် ကြီးကျယ်လှသော ကျက်သရေ အတင့်အတယ် အဖွယ်အရာများစွာသော အခြံအရံတို့ဖြင့် စေလွှတ်တော်မူ၏။ ကပိလဝတ္ထု, ဒေဝဒဟနှစ်ပြည်ထောင်တို့၏ အကြား၌ နှစ်ပြည်ထောင်သားတို့ သုံးဆောင်ပျော်မြူးဖွယ်ရာ လုမ္ဗိနီအမည်ရှိသော မင်္ဂလာအင်ကြင်း ဥယျာဉ်တော်သည် ရှိ၏။ ထိုဥယျာဉ်တော်သည် သိရိမဟာမာယာဒေဝီ မဟေသီမိဖုရားကြီး ဒေဝဒဟပြည်သို့ သွားတော်မူသော ကဆုန်လပြည့် သောကြာနေ့ နံနက်အခါ၌ အမြစ်ရင်းမှ အခက်ဖျားတိုင်အောင် အလုံးစုံတခဲနက် ပင်လုံးကျွတ်ပွင့်ခြင်းသို့ ရောက်၏။ အခက်အကြားတို့မှ လည်းကောင်း, အပွင့်ကြားတို့မှ လည်းကောင်း မွန်မြတ်သောမွှေ့လျော်ခြင်းကို ပြုတတ်ကုန်သော နားဝင်ချိုသာ စိတ်မှာရွှင်မြူးဖွယ် အထူးမြည်တွန်ကြကုန်သော အင်ကြင်းပန်းရနံ့ ဝတ်ရည်တို့ဖြင့် ယစ်ကာ ဝမ်းသာဝမ်းမြောက်ကြကုန်သော, ထိုပန်းနှံ့

---

၁။ သုတ်သီလက္ခန်ပါဠိတော် ၃-အမ္ဗဋ္ဌသုတ် ၇၃၊ ငင်းအဋ္ဌကထာ ၂၀၅၊ ငင်း ဋီကာဟောင်း ၂၁၀၊ ငင်း ဋီကာသစ် ၂၃၀ တို့မှာ ကြည့်။


၂။ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသအဋ္ဌကထာ ၁-ဒေဝဒဟသုတ်အဖွင့် ၁-မှာ ကြည့်။

ဝတ်ရည်တို့ကို ခံစားသွားလာ ပျံဝဲလျက် ရှိကြကုန်သော သူတပါးတို့ ဆောင်တတ်ကုန်သော ပျားမတို့ဖြင့် အလွန်ချီးမွမ်းဖွယ် ရှိသည် ဖြစ်၍ နတ်တို့၏ နန္ဒဝန်ဥယျာဉ်နှင့် တူသော တင့်တယ်ခြင်းရှိသော ထိုဥယျာဉ် တော်ကို မြင်တော်မူ၍ မိဖုရားကြီးမှာ ဥယျာဉ်ပျော်ပါး ကစားရခြင်း ချမ်းသာကို ခံစံလိုသောစိတ် ဖြစ်ပေါ်လာ၏။


ဝိဘူသိတာ ဗာလဇနာတိစာလိနီ။
ဝိဘူသိတင်္ဂီ ဝနိတေဝ မာလိနီ။
သဒါ ဇနာနံ နယနာလိမာလိနီ၊
ဝိလုမ္ပိနီဝါတိဝိရောစိ လုမ္ဗိနီ။

ဝိဘူသိတာ၊ တန်းဆာဆင်အပ်သော။ ဗာလဇနာတိစာလိနီ၊ လူပျို လူရွယ်တို့ကို အလွန်တုန်လှုပ် ချောက်ချားစေနိုင်သော။ ဝိဘူသိတင်္ဂီ၊တန်ဆာ ဆင်အပ်သကဲ့သို့ တင့်တယ်သော ကိုယ်အင်္ဂါနှင့် ပြည့်စုံသော။ မာလိနီ၊ ပန်းကောင်းစုံလင် ပန်ဆင်လျက်ရှိသော။ ဝနိတာ၊ မိန်းမသည်။ အတိဝိရောစိ ဣဝ၊ အလွန်တင့်တယ်သကဲ့သို့။ သဒါ၊ အခါခပ်သိမ်း။ ဇနာနံ၊ လူအပေါင်း တို့၏။ နယနာလိမာလိနီ၊ မျက်စိ တည်းဟူသော ပိတုန်းတို့၏ နားရာ ပန်းမျိုးစုံတို့နှင့် ပြည့်စုံသော။ လုမ္ဗိနီ၊ လုမ္ဗိနီဥယျာဉ်တော်သည်။ ဝိလုမ္ပိနီဝ၊ ထိုမိန်းမနှင့် သူနိုင်ငါနိုင် ပြိုင်ဆိုင် လုယက်ဘိသကဲ့သို့။ အတိဝိရောစိ၊ အလွန်အကြူး အထူးတင့်တယ်ပေ၏။

အမတ်တစ်ထောင်တို့သည် သုဒ္ဓေါဒနမင်းအား လျှောက်ကြား၍ သိရိ မဟာမာယာဒေဝီ မိဖုရားကြီးကို ရွှေထမ်းစင်ဖြင့် ထမ်းဆောင်လျက် ထိုလုမ္ဗိနီ မင်္ဂလာအင်းကြင်းတောသို့ ဝင်ကြကုန်၏။ သိရိမဟာမာယာဒေဝီ မိဖုရားကြီးသည် မင်္ဂလာရှိသော အင်ကြင်းပင်ရင်းသို့ သွား၍ ဖြောင့်မတ် ညီညွတ်စွာလုံးသောပင်စည်ရှိသော အပွင့်၊ အသီး၊ ရွက်နုတို့ဖြင့် အညီအညွတ် တန်ဆာဆင်အပ်သော ထိုအင်ကြင်းပင်၏ အခက်ကို ဆွဲကိုင်လိုသောစိတ် ဖြစ်တော်မူ၏။ ထိုအင်ကြင်းခက်သည် မိန်းမယောကျ်ား လူအများတို့၏ စိတ်နှလုံးကို မွေ့နှောက်ကာ မိမိအလိုလိုသာလျှင် တွဲရရွဲ ကျသည် ဖြစ်၍ သိရိမဟာမာယာဒေဝီမိဖုရားကြီး၏ လက်ဝါးပြင်သို့ ကောင်းစွာ ကပ်ရောက်



ဘိကျွနိုပြုခွင့်တောင်းရန် မိထွေးတော်ဂေါတ




နှင့် သာကီဝင်အမျိုးသမီးများ စုဝေးနေကြပုံ

လာသတတ်။ ထိုအခါ၌ သိရိမဟာမာယာဒေဝီမိဖုရားကြီးသည် ထိုကိုင်း ညွတ်သော အင်ကြင်းခက်ကို ကျေးငှက်၏ နှုတ်သီးကဲ့သို့ တျာတျာနီသော မြင့်သောလက်သည်းရောင်တို့ဖြင့် တောက်ပသောကြာလက်ကဲ့သို့ တမျှတည်း လုံးသော လက်ချောင်းရှိသော ရွှေအသစ်ဖြင့် ပြုအပ်သော လက်ကောက်ဖြင့် တင့်တယ်သော လက်ယာဖြစ်သော လွန်မြတ်စွာ နှစ်သက်အပ်သောလက်ဖြင့် ဆွဲကိုင်လေ၏။ ထိုမာယာမိဖုရားသည် ထိုအင်ကြင်းခက်ကို ကိုင်၍ ရပ်တည် သည်ရှိသော် ညိုမည်း မှိုင်းမှောင် ရေကို ဆောင်တတ်သော မိုးတိမ်မှ ကင်းသော တက်သစ်သော ရွှေလမင်း၏ အရေးကဲ့သို့ လည်းကောင်း, ရှည်မြင့်စွာ မတည်သော လျှပ်စစ်ရောင်ကဲ့သို့ လည်းကောင်း, နန္ဒဝန်ဉယျာဉ် တော်၌ ဖြစ်သော နတ်သမီးကဲ့သို့လည်းကောင်း, မာယာမိဖုရားသည် အထူး တင့်တယ်တော်မူ၏။ ထိုခဏ၌ပင်လျှင် ထို မာယာမိဖုရားသည် အထူး တင့်တယ်တော်မူ၏။

ထိုခဏ၌ပင်လျှင် ထိုမာယာမိဖုရားအား ကမ္မဇလေတို့သည်[၁] တုန်လှုပ် လာကုန်၏။ ထိုအခါ၌ တင်းတိမ်အရံကို ဝန်းရံပြီးလျှင် လူအပေါင်းသည် နောက်သို့ ဆုတ်၏။ ထိုမာယာ မိဖုရားသည် အင်ကြင်းခက်ကို ကိုင်၍[၂] ရပ်လျက်လျှင် မိမ်း ရှုးသန့်စင် ဖွားမြင်တော်မူလေ၏။ ထိုခဏ၌သာလျှင် လေးယောက်ကုန်သော ကိလေသာမှ အထူးသဖြင့် စင်ကြယ်သော စိတ်ရှိ ကုန်သော သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် ရွှေကွန်ရက်ကို ယူ၍ လာပြီးလျှင် ထိုရွှေကွန်ရက်ဖြင့် ဘုရားလောင်းကို ခံ၍ မယ်တော်၏ရှေ့မှ ထား၍ "အရှင် မိဖုရား....ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါလော့၊ သင်မိဖုရားကြီး ဖွားမြင်သော သားတော်သည် တန်ခိုးကြီး၏" ဟု လျှောက်ဆိုကြကုန်၏။ ဘုရားလောင်းမှ တပါးကုန်သော သူတို့သည် အမိဝမ်းမှ ဖွားမြင်ကုန်သည် ရှိသော် စက်ဆုပ် ရွံရှာဖွယ်ရှိသော မစင်မကြယ်ဖြင့် လိမ်းကျံကုန်သည် ဖြစ်၍ ဖွားမြင်ကုန်

---

၁။ ယံ ဝိဇာယမာနာယ မာတုယာ ကမ္မဇဝါတေဟိ။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၄-သစ္စဝိဘင် ၈၃-၈၄။

၂။ ရွှေကြယ်စီသောအင်္ကျီကို ဝတ်၍ ငါးမျက်စိနှင့် တူသော ဘွဲ့ဖြူပုဆိုးကို ခြေဖျား တိုင်အောင် ရုံခြုံ၍ အလိုလိုသာလျှင် ညွတ်လာသော အင်ကြင်းခက်ကို လက်ယာလက်ဖြင့် ကိုင်၍ လက်ဝဲလက်ဖြင့် မဟာပဇာပတိဂေါတမီ၏ လည်ပင်းကို ကိုင်တွယ်မှီ၍ ရပ်လျက် သားဖွားတော်မူကြောင်း စသည်ဖြင့် သိရိမဟာမာယာ ဝတ္ထုနိဿယသစ် စာမျက်နှာ ၁၁၈-၁၁၉-၌ လာသည်။

သကဲ့သို့ ထိုအတူ ပစ္ဆိမဘာဝိက ဘုရားလောင်းသည် မဖြစ်၊ အထူးကို ဆိုဦးအံ့၊ ဘုရားလောင်းသည် လက်နှစ်ဖက်တို့ကို လည်းကောင်း, ခြေနှစ်ဖက်တို့ကို လည်းကောင်း ဖြန့်၍ ရပ်လျက်သာလျှင် အမိဝမ်းတိုက်မှ ဖြစ်သော တစုံတခု မစင်မကြယ်ဖြင့် မလိမ်းကျံဘဲ စင်စင်ကြယ်ကြယ် သန့်ရှင်းသည် ဖြစ်၍ ကာသိကတိုင်း၌ ဖြစ်သော ပုဆိုး၌ ချထားအပ်သော ပတ္တမြားရတနာကဲ့သို့ တင့်တယ်တော်မူသည် ဖြစ်၍ မယ်တော်၏ ဝမ်းတိုက်မှ ဖွားမြင်တော်မူ၏။

ဤသို့ ဖွားမြင်သည် ရှိသော် ဘုရားလောင်းအားလည်းကောင်း, ဘုရားလောင်း၏မယ်တော်အားလည်းကောင်း အရိုအသေပြုခြင်းငှါ ကောင်းကင်မှ နှစ်သွယ်သော ရေအလျဉ်တို့သည် ထွက်၍ ဘုရားလောင်း၏လည်းကောင်း, ဘုရားလောင်းမယ်တော်၏လည်းကောင်း ကိုယ်၌ အငွေ့ကို ယူစေကုန်၏။ ထိုအခါ၌ ထိုဘုရားအလောင်းကို ရွှေကွန်ရက်ဖြင့် ခံ၍ တည်ကုန်သော ဗြဟ္မာတို့၏လက်မှ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် မင်္ဂလာရှိ၏ဟု သမုတ်အပ်သော သိမ်မွေ့နူးညံ့ချမ်းသာသော အတွေ့ရှိသော သစ်နက်ရေဖြင့် ခံကြကုန်၏။ ထိုနတ်မင်းကြီးလေးယောက်တို့၏ လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့် ခံကြကုန်၏။ လူတို့၏ လက်မှ မြေကြီး၌ တည်၍ အရှေ့မျက်နှာအရပ်ကို မျှော်၍ ကြည့်နေ၏။ အထောင်မကများလှသော စကြဝဠာတို့သည် တပြင်တည်း ဖြစ်ကုန်၏။ အရှေ့မျက်နှာ အရပ်ရှိ နတ်လူတို့သည် နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ကုန်လျက် ယောကျာ်းမြတ်အား "ဤလောက၌ အရှင်တို့နှင့် တူသော သူသည် မရှိ။ သာလွန် မြင့်မြတ်သော သူမူကား အဘယ်မှာ ရှိတော့အံ့နည်း"ဟု လျှောက်ဆိုကြကုန်၏။ ဤအတူ အရပ်ဆယ်မျက်နှာတို့ကို အဖန်ဖန်ကြည့်၍ ကိုယ်တော်နှင့် တူသော သူကို မမြင်မူ၍ မြောက်အရပ်သို့ မျက်နှာရှေးရှု ခုနစ်ဖဝါးလှမ်းတော်မူသဖြင့် ကြွသွားတော်မူ၏။ ကြွတော်မူသည် ရှိသော် မြေ၌သာလျှင် ကြွတော်မူ၏၊ ကောင်းကင်ခရီးဖြင့် ကြွတော်မမူ။ အဝတ်မတည်း အချည်းနှီးသာလျှင် ကြွတော်မူ၏၊ အဝတ်ဆီး၍ ကြွတော်မူသည်မဟုတ်။ သူငယ်ဖြစ်၍သာလျှင် ကြွတော်မူ၏၊ တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိသောအားဖြင့် ကြွတော်မမူ။ လူအပေါင်းအား ကောင်းကင်ဖြင့် ကြွသွားသကဲ့သို့ လည်းကောင်း, အဝတ်တန်ဆာဆင်ခြင်းနှင့် စပ်သည် ဖြစ်၍ ကြွသွားသကဲ့သို့ လည်းကောင်း, တစ်ဆယ့်ခြောက်နှစ် ရှိသောသူ၏ ကြွသွားခြင်းကဲ့သို့ လည်းကောင်း စိတ်၌

ထင်မြင်ခြင်းသည် ဖြစ်၏။ ထို့နောက်မှ ခုနစ်ဖဝါးလှမ်း၍ ရပ်လျက် "အဂ္ဂေါ-ဟမသ္မိ လောကဿ" ဤသို့အစရှိသော မကြောက်မရွံ့ ရဲဝံ့သောစကားကို မြွက်ဆိုလျက် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော စကားကို မိန့်ဆိုတော်မူလေ၏။

---

## အလောင်းတော်မြတ် ဖွားကာစ သုံးဘဝ စကားဆိုဖူးခြင်းနှင့် ဖွားဖက်တော် ခုနစ်ယောက်ကို ပြခြင်း

ထိုစကားကို ဆိုဦးအံ့။ ဘုရားအလောင်းတော်သည် သုံးပါးသောကိုယ်အဖြစ်တို့၌ မယ်တော်ဝမ်းမှ ဖွားမြင်ကာမျှ၌သာလျှင် စကားမြွက်ကြားဖူး၏။ မဟောသဓာပညာရှိ၏ ကိုယ်အဖြစ်၌ လည်းကောင်း, ဝေဿန္တရာမင်း၏ ကိုယ်အဖြစ်၌ လည်းကောင်း, ဤအဆုံးစွန်သော ကိုယ်အဖြစ်၌ လည်းကောင်း ဤသို့ သုံးပါးကုန်သော ကိုယ်အဖြစ်တို့၌ မယ်တော်ဝမ်းမှ ဖွားခါမျှ သာလျှင် စကား မြွက်ဆိုဖူး၏။ ကြားရဖူးသည်ကား— မဟောသဓာသူခမိန်ဖြစ်သော ကိုယ်အဖြစ်၌လည်း မယ်တော်ဝမ်းမှ ဖွားမြင်ကာမျှသာလျှင် ဖြစ်သော ထိုဘုရားလောင်း၏ လက်၌ သိကြားနတ်မင်းသည် လာလတ်၍ စန္ဒကူးနှစ်ကို[၁] ထား၍ သွားလေ၏။ ထိုမဟောသဓာဘုရားလောင်းသည် ထိုစန္ဒကူးနှစ်ကို လက်ဆုပ်သည်ကို ပွေ့၍သာလျှင် ဖွားမြင်၏။ ထိုအခါ ဘုရားလောင်းကို မိခင်သူဌေးကတော်ကြီးသည် ဆို၏ "ချစ်သား.... သင်ချစ်သားသည် အဘယ်ငွေကို ယူ၍ လာသနည်း"ဟု မေးလေ၏၊ "မိခင်....ဆေးပါတည်း"ဟု ဆို၏။ ဤသို့ ဆေးကို ယူ၍ လာသည်၏ အဖြစ်ကြောင့် ထိုဘုရားလောင်းအား "ဩသဓကုမာရ= ဆေးသတို့သား" ဟူသော အမည်ကိုသာလျှင် မှည့်ကြကုန်၏။ ဝေဿန္တရာမင်း၏ ကိုယ်အဖြစ်၌မူကား မယ်တော် ဖုဿတီမိဖုရားဝမ်းမှ ဖွားကာမျှသာလျှင်ဖြစ်၍ လက်ယာလက်ကို ဆန့်တန်း၍ "မယ်တော်မိခင်ရှေနန်းရှင်....

---

၁။ "မဟောသဓံ တု တံ သုက္ခံ။ တံ၊ ထိုချင်း (ဂျင်း)သည်။ သုက္ခံ၊ ခြောက်မူကား။ မဟောသဓံ၊ မဟောသဓမည်၏။ မဟောသဓံ=ချင်းခြောက်" ဟူ၍ မာဂဓ အဘိဓာန်ကျမ်း ဂါထာနံပါတ် ၄၅၉-၌ လာသော်လည်း "ဩသဓဃဋိကံ ထပေတွာ" အစရှိသော မဟောသဓာဇာတ် အဋ္ဌကထာ ၁၃၆-လာ စကားကို "စန္ဒနသာရံ ဟတ္ထေ ထပေတွာ" အစရှိသော ဇာတ်အဋ္ဌကထာ အဝိဒူရေ နိဒါန်း ၆၆၊ အပဒါန် အဋ္ဌကထာ နိဒါန်း သီ-၄၈။ ဗုဒ္ဓဝင် အဋ္ဌကထာ သိ-၂၂၈—တို့နှင့်အညီ စန္ဒကူးနှစ် အပိုင်းဟူ၍ သန္နိဋ္ဌာန်ကျ ယူရမည်။

ရွှေနန်းတော်၌ တစုံတခုသော ဥစ္စာသည် ရှိပါ၏လော၊ အလှူကို လှူပါအံ့”ဟု ဆိုလျက် ဖွားမြင်၏။ ထိုအခါ ထိုဘုရားလောင်းအား မယ်တော် မိဖုရားကြီးသည် ဆို၏။ “ချစ်သား...သင်ချစ်သားသည် ဥစ္စာရှိသောအမျိုး၌ ဖြစ်၏”ဟု ဆို၍ သားတော်၏ လက်ကို မိမိ၏ လက်ဖဝါးအပြင်၌ တင်သည်ကို ပြု၍ ဥစ္စာတစ်ထောင်ထုပ်ကို ထားပေ၏။ ဤသိဒ္ဓမင်း၏ ကိုယ်အဖြစ်၌ ဤရဲရင့်သော စကားကို မြွက်ဆိုလေ၏။ ဤသို့ဖွားစ သုံးဘဝ စကားပြော ခြင်းကို မှတ်အပ်၏။ ဤသို့ ဘုရားလောင်းသည် သုံးပါးသော အတ္တဘောတို့၌ မယ်တော်ဝမ်းမှ ဖွားတော်မူစကလျှင် စကားမြွက်ဆိုဖူးလေပြီ။ ထိုဘုရား လောင်း၏ ဖွားတော်မူသော ခဏ၌လည်း ၃၂-ပါးကုန်သော ပုဗ္ဗနိမိတ်တို့သည် ထင်ရှားစွာ ဖြစ်ကုန်၏။ အကြင်အခါ၌ ငါတို့၏ ဘုရားလောင်းတော်သည် လုမ္ဗိနီဥယျာဉ်တော်၌ ဖွားတော်မူ၏။ ထိုအခါ ရာဟုလာ၏မယ်တော်ဖြစ်သော ယသောဓရာဒေဝီသည်လည်းကောင်း, အာနန္ဒာမထေရ်[၁]သည်လည်းကောင်း, ဆန္နအမည်ရှိသော အမတ်သည်လည်းကောင်း, ကာဠုဒါယီအမတ်သည်လည်း ကောင်း, ကဏ္ဍကအမည်ရှိ ဖောင်းဝတ်ဖြူ မြင်းမင်းသည် လည်းကောင်း, မဟာဗောဓိညောင်ပင်သည် လည်းကောင်း, ရွှေအိုးကြီး လေးလုံး[၂]တို့သည် လည်းကောင်း ဖြစ်ထွန်းပေါ်ပေါက်လာကြကုန်၏။ ထိုရွှေအိုးကြီး လေးလုံး တို့တွင် တစ်လုံးကား တစ်ဂါဝုတ် ပမာဏရှိ၏။ တစ်လုံးကား ယူဇနာခွဲ ခေါ်သော နှစ်ဂါဝုတ်ပမာဏရှိ၏။ တစ်လုံးကား သုံးဂါဝုတ်ပမာဏရှိ၏။ တစ်လုံးကား တစ်ယူဇနာပမာဏ[၃]ရှိ၏။ ဤသို့ ဤခုနစ်ပါးတို့သည် ဘုရား လောင်း၏ ဖွားဖက်တော် မည်ကုန်၏။

---

၁။ “အာရောဟနိယဟတ္ထိ”ဟူ၍ ကေကဂ်တို့၏ အဋ္ဌကထာ ၂၁၅။ တေရသကဏ္ဍဋီကာ မဟာခန္ဓက ၁၀၃ တို့၌ ဆိုကုန်၏။ “အာဇာနေယျော ဟတ္ထိရာဇာ” သီဟိုဠ်ဇာတ် အဋ္ဌကထာ ၅၂။ သီဟိုဠ် ဗုဒ္ဓဝင်အဋ္ဌကထာ ၂၂၈-တို့၌ ဆိုကုန်၏။ “အာနန္ဒတ္ထေရော” သုတ်မဟာဝါ အဋ္ဌကထာ ၁၆။ ဇာတ်အဋ္ဌကထာ နိဒါန်း ၆၆။ “အာနန္ဒော”အပဒါန်အဋ္ဌကထာ သီ-၄၉-စသည်တို့၌ ဆိုကုန်၏။

၂။ သင်္ခရွှေအိုး တစ်ဂါဝုတ်၊ ဧလရွှေအိုး နှစ်ဂါဝုတ်၊ ဥပ္ပလရွှေအိုး သုံးဂါဝုတ်၊ ပုဏ္ဍရိကရွှေအိုး တစ်ယူဇနာ။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ၄၅-စက္ကိသုတ် ၂၆၁-အဆို။

၃။ ကပိလဝတ်မြို့တော် သုံးယူဇနာရှိကြောင်းကို ဒါဌာဓာတုဝံသဋီကာ ၂၉-ဂါထာ အဖွင့်၌ဆို၏၊ တစ်ယူဇနာကို ရထားထမ်းပိုး တစ်ပြန်ရှိကြောင်း မဟာဇနကဇာတ် အဋ္ဌကထာ ၄၃-၌ လာ၏။ ရွှေအိုးလေးလုံးဖြင့် နှစ်ယူဇနာနှင့် နှစ်ဂါဝုတ် အဝကျယ်သော်လည်း မြေအတွင်း၌ တည်သောကြောင့် အပြစ်မဆိုသာ။

## ကာဠဒေဝိလ ရသေ့ကြီး အကြောင်းကို ပြခြင်း

ကပိလ, ဒေဝဒဟ နှစ်ပြည်ထောင်နေသူ လူအပေါင်းတို့သည် ယောကျ်ား မြတ် ဖြစ်တော်မူသော ဘုရားလောင်းကိုယူ၍ ကပိလဝတ္ထုနေပြည်တော်သို့ သာလျှင် သွားကြကုန်၏။ ထိုနေ့၌ပင်လျှင် "ကပိလဝတ္ထုပြည်ကြီး၌ သုဒ္ဓေါဒနမင်းကြီး၏ သားတော်သည် ဗောဓိပင်ရင်း၌ နေတော်မူ၍ ဘုရား ဖြစ်တော်မူလတ္တံ့"ဟု တာဝတိံသာနတ်ပြည်၌ နှစ်သက်ရွှင်လန်း ဝမ်းသာ ကြကုန်သော နတ်အပေါင်းတို့သည် ဦးရစ်ခေါင်းပေါင်း ပစ်မြှောက်ခြင်း စသည်တို့ကို ဖြစ်စေကုန်လျက် ကစားကြကုန်၏။ ထိုအခါ၌ သုဒ္ဓေါဒန မင်းကြီး၏ အိမ်နန်းတော်သို့ ကပ်ဘတ်သော သမာပတ်ရှစ်ပါးကို ရသော ကာဠဒေဝိလ အမည်ရှိသော အရှင်ရသေ့သည် ဆွမ်းစားခြင်းကိစ္စကို ပြုပြီး သည်ရှိသော် နေ့သန့်ခြင်းအကျိုးငှာ တာဝတိံသာနတ်ပြည်သို့ ကြွသွား၍ ထိုတာဝတိံသာနတ်ပြည်၌ နေ့သန့်ခြင်းကို ပြုသည် ရှိသော် နှစ်သက် ဝမ်းမြောက်သော စိတ်ရှိကုန်သည် ဖြစ်၍ ကစားကြကုန်သော ထိုနတ်တို့ကို မြင်၍ "သင်နတ်တို့သည် အဘယ့်ကြောင့် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိ ကုန်သည်ဖြစ်၍, ဝမ်းသာသောနှလုံးရှိကုန်သည်ဖြစ်၍ ကစားကြကုန်သနည်း။ ငါ့အား ထိုအကြောင်းကို ပြောကြ ဆိုကြပါကုန်လော့"ဟု မေးလေ၏။ ထို့နောက်မှ နတ်တို့သည် "အချင်းရသေ့ကြီး....သုဒ္ဓေါဒနမင်းကြီး၏ သား တော်သည် ဖွားတော်မူ၏။ ထိုသားတော်သည် ဗောဓိမဏ္ဍိုင် မြေဦးကိုင်၍ နေတော်မူလျက် ဘုရားဖြစ်၍ ဓမ္မစကြာဒေသနာတော်ကို ဟောတော် မူလတ္တံ့။ ထိုမြတ်စွာဘုရား၏ အဘိုင်းမသိ အဆုံးမရှိသော သဘောရှိသော ဘုရား၏ မြူးထူးစံပယ် တင့်တယ်ခြင်းကို ရှုခြင်းငှါလည်းကောင်း, တရား တော်ကို နာရခြင်းငှါ လည်းကောင်း ရပေတော့အံ့။ ဤသို့သော အကြောင်း ကြောင့် နှစ်သက်ပါကုန်၏" ဟု လျှောက်ဆိုကြကုန်၏။

ထိုအခါ ကာဠဒေဝိလ ရသေ့ကြီးသည်[၂] ထိုနတ်တို့၏ စကားကို ကြား၍ ဤဘုရားလောင်းသည် အလွန်မြတ်စွာရှုအပ်သော ရတနာပေတည်း။ ဤသို့

၁။ အလောင်းတော်မင်းသားနှင့် မယ်တော်တို့ကို ဒေဝဒဟပြည်သို့ ဆောင်ယူကြ ကြောင်းကို သိရိမဟာမာယာဝတ္ထု နိဿယသစ် စာမျက်နှာနံပါတ် ၃၄၊ ၁၀-ကြောင်း စသည်တို့၌ ဆိုသည်။

၂။ ကာဠဒေဝိလ ရသေ့ကြီး၏ အကြောင်းကို သုတ္တနိပါတ်ပါဠိတော် ၃၇-နာလကသုတ် ၂၀၉။ သုတ္တနိပါတ်အဋ္ဌကထာ ၁၂-ကြောင်းပေ ဇာချုပ် အစ

ကြံ၍ နတ်ပြည်မှ ဆင်းသက်ခဲ့၍ လူမျှားသနင်း မင်း၏ ရွှေနန်းတော်သို့ ဝင်၍ ခင်းအပ်သော အလွန်မြတ်သော နေရာ၌ နေထိုင်လေ၏။ ထို့နောက်မှ ပူဇော်အပ်သော အစေ့အစပ်ရှိသော ဒကာတော်မင်းကြီးကို "ပြည်ရှင်မင်းကြီး... ရှင်မင်းကြီးအား သားတော်သည် ဖွားလေသလော။ ထိုသားတော်ကို ဖူးမြင်ခြင်းငှာ အလိုရှိပါ၏" ဟု ဆိုလေ၏။ သုဒ္ဓေါဒနမင်းကြီးသည် တန်ဆာဆင်ခြင်းနှင့် စပ်သော ထိုမင်းသားငယ်ကို ဆောင်စေ၍ ဒေဝိလ ရသေ့ကို ရှိခိုးစေခြင်းငှာ ရှေးရှုဆောင်၏။ ယောကျ်ားမြတ် ဖြစ်သော ဘုရားလောင်း၏ ခြေနှစ်ဖက်တို့သည် လည်၍ မည်းနက် ညိုမှောင် ရေကို ဆောင်သော တိမ်ညိုအထွတ်တို့၌ လျှပ်စစ်နွယ်ကဲ့သို့ ဒေဝိလ ရသေ့၏ ဆံကျစ်တို့၌ တည်ကုန်၏။ ထိုစကားမှန်၏၊ ထို အဆုံးစွန်သော ကိုယ်အဖြစ်ရှိသော ဘုရားလောင်းသည် တပါးသော ရှိခိုးအပ်သော မည်သည် မရှိ။ ထို့နောက်မှ ရသေ့သည် နေရာမှ ထ၍ ဘုရားလောင်းအား လက်အုပ်ကို ချီမြှောက်၏။ မင်းကြီးသည် ထိုအံ့ဖွယ်သရဲကို မြင်၍ မိမိ၏ သားကို ရှိခိုးလေ၏။ ရသေ့သည် ဘုရားလောင်း၏ လက္ခဏာ၏ ပြည့်စုံ ခြင်းကို မြင်၍ "ဘုရားဖြစ်လတ္တံ့လော။ ထိုသို့ မဟုတ်မူကား မဖြစ်လတ္တံ့ လော" ဟု ဆင်ခြင် စူးစမ်းသည် ရှိသော် ယုံမှားကင်းသည် ဖြစ်၍ ဘုရား ဖြစ်လတ္တံ့ဟု အနာဂတံသဉာဏ်ဖြင့် သိ၍ ဤသူသည် အံ့ဖွယ်သရဲ ယောကျ်ားမြတ်ပေတည်းဟု ပြုံးရယ်ခြင်းကို ပြု၏။ ထို့နောက်မှ ငါသည် ဘုရားဖြစ်သော ဤသူငယ်ကို ဖူးမြင်ခြင်းငှာ ရအံ့လော၊ မရအံ့လောဟု စူးစမ်းသည် ရှိသော် မရအံ့၊ ဘုရားမဖြစ်မီ အကြား၌သာလျှင် သေခြင်းကို ပြု၍ ဘုရားအရာသည်လည်းကောင်း, ဘုရားအထောင်သည်လည်းကောင်း ကြွသွားတော်မူ၍ သစ္စာလေးပါးတရားကို သိစေခြင်းငှာ မတတ်နိုင်သော အရူပဘုံ၌ ဖြစ်လတ္တံ့ဟု မြင်၍ ဤသို့ သဘောရှိသော ဘုရားဖြစ်သော အံ့ဖွယ်သရဲဖြစ်သော ယောကျ်ာမြတ်ကို ဖူးမြင်ခြင်းငှာ မရလတ္တံ့။ ငါ့အား စင်စစ် ကြီးစွာသော ရှုံးခြင်းသည် ဖြစ်လတ္တံ့ဟု ငိုကြွေး၏။ လူတို့သည် ကား ငိုသည်မြင်၍ ငါတို့၏အရှင်ရသေ့သည် ယခုပင်လျှင် ရယ်ရွှင်၍ တဖန် ငိုခြင်းငှာ အားထုတ်၏။ အရှင်ဘုရား.... အဘယ်သို့လျှင် အကျွန်ုပ်တို့၏

တ-ချုပ်အဆုံး၌ ရှုကြည့်အပ်၏။ မည်းနက်သော ကိုယ်အဆင်း ရှိသောကြောင့် အသိတအမည်ရကြောင်းကို အဋ္ဌကထာ၌ ဆို၏။ "ကာလဒေဝလော" ဟူ၍ သီဟိုဠ်ဘာသာမူအဆူဆုတို့၌ ရှိ၏။

အရှင့်သားအား တစုံတခုသော အန္တရာယ်သည် ဖြစ်လတ္တံ့လောဟု မေးကုန်၏။ ကာဠဒေဝိလ ရသေ့ကြီးသည် ထိုမင်းသားအား အန္တရာယ်မရှိ။ ယုံမှားကင်းသဖြင့် မချွတ်ကေန် အမှန် ဘုရားဖြစ်လတ္တံ့ဟု ဆို၏။ ထိုသို့ ဖြစ်ပါလျက် အဘယ်အတွက်ကြောင့် ရှင်ရသေ့တို့သည် ငိုကြွေးကုန်သနည်းဟု မေးကြကုန်၏။ ဤသို့ သဘောရှိသော ဘုရားဖြစ်လတ္တံ့သော အံ့ဖွယ်သရဲ ထူးကဲသော ယောကျ်ားကို ဖူးမြင်ခြင်းငှာ မရလတ္တံ့။ ငါ့အား စင်စစ် ကြီးစွာသော ဆုံးရှုံးခြင်းသည် ဖြစ်လတ္တံ့။ ဤသို့ မိမိကိုယ်ကို အဖန်ဖန် စိုးရိမ်၍ ငါငို၏ဟု ဆိုလေ၏။

---

## အလောင်းတော်မြတ်၏ ခေါင်းဆေးမင်္ဂလာ အမည်မှည့်မင်္ဂလာကို ပြခြင်း

ထို့နောက်မှ ဘုရားလောင်းကို ငါးရက်မြောက်သော နေ့၌ ဦးခေါင်းဆေးလျှော်၍ အမည်ကို ယူစေကုန်အံ့။ ဤသို့ မင်း၏ ရွှေနန်းတော်ကို နံ့သာစစ်မျိုးလေးပါးဖြင့်[1] လိမ်းကျံ၍ ပေါက်ပေါက်လျှင် ငါးခုမြောက်[2]

---

၁။ စတုဇ္ဇာတိယဂန္ဓခေါ်သောနံ့သာမျိုးလေးပါးတို့ကား—တဂရ=တောင်ဇလပ်၊ကုင်္ကုမ=ကုင်္ကုမံ၊ ယဝနပုပ္ဖ=လေးညှင်းပွင့်၊ တမလပတ္တာနိ=ပန်းညိုရွက်တို့။ ဒီဃနိကာယ်သုတ်မဟာဝါဋ္ဌိကာ မဟာပရိနိဗ္ဗာနသုတ် ၁၇၄။ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသဋ္ဌိကာ သေခသုတ် ၁၁-ကြောင်းပေါ၊ ကု ချပ်၊ ဝမ်း ဂ-ကြောင်း။ "ကုင်္ကုမ၊ တဂရ၊ တုရုက္ခ၊ ယဝနပုပ္ဖါနိ"ဟူ၍ သုတ်မဟာဝါဋ္ဌိကာ မဟာသုဒဿနသုတ် ၁ဂ၂။ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသဋ္ဌိကာ ဗာလပဏ္ဍိတသုတ် ၁၁-ကြောင်းပေါ၊ ဌိ ချပ်၊ ကျော ၅ ကြောင်း။

"ကုင်္ကုမ၊ တုရုက္ခ၊ ယဝနပုပ္ဖ၊ တမလပတ္တ"ဟူ၍ သဋ္ဌာယတန သံယုတ်ဋ္ဌိကာ ၄-အာသိဝိသဝဂ် ဆဋ္ဌသုတ် ၁၀ ကြောင်းပေါ၊ ဗဲ ချပ်၊ ဝမ်းဘက်၊ ၂-ကြောင်း။

"ကာဠာနုသာရိ၊ တဂရံ၊ ကပ္ပုရံ၊ သာရစန္ဒနံ"ဟူ၍ ဇာတ်ဋ္ဌိကာဟောင်း အဝိဒူရေနိဒါန်း ၁၁ ကြောင်းပေါ၊ ဠု ချပ်၊ ကျောဘက် ၂-ကြောင်း၌ ဆိုသည်။ ဇာတဘ္ဘကိနိဿယ စာမျက်နှာနံပါတ် ၃၂၇။ ဇိနတ္ထပကာသနီကျမ်းတို့၌ ဤဇာတ်ဋ္ဌိကာဟောင်းကိုပင် အမှီပြု၍ ဆိုလေသည်။ အဘိဓာန်ပါဠိ ဂါထာနံပါတ် ၁၄၇ ၌ မဟာသုဒဿနသုတ်ဋ္ဌိကာနှင့် အတူလာသည်။ တုရုက္ခာ=ကမျည်းဟူ၍ အနက်မြန်မာပြန်သည်။

၂။ ခနေဇာမြက်၊ ဆန်သက်သက်၊ မုန်ညင်းစေ့၊ မုလေးငုံ၊ ပေါက်ပေါက်၊ ပေါင်းပေါက်ပေါက်လျှင် ငါးခုမြောက်သော ပန် တို့တည်း။ အဝိဒူရေနိဒါန်းအဖွင့် ဇာတ်ဋ္ဌိကာဟောင်းလာ စကားပင် ဖြစ်သည်။ ဆန်ပန်းပေါက်ပေါက် ဆိုသော စကားသည် ဋ္ဌိကာလာပုံကို ထောက်သော် ရှေပဝေဏီအာဂတပင် ဖြစ်တန်ရာ၏။

ရှိကုန်သော ပန်းတို့ကို ဖြန့်ကြဲ၍ ရေဖြင့် မရော သက်သက်သော နို့ဃနာ ထမင်းကို ချက်စေ၍ ဗေဒင်သုံးပုံတို့၏ ကမ်းတစ်ဖက်သို့ ရောက်ကုန်သော တစ်ရာ့ရှစ်ယောက်ကုန်သော ပုဏ္ဏားတို့ကို ပင့်ဖိတ်၍ မင်း၏ ရွှေနန်းတော်ကြီး၌ နေစေ၍ ကောင်းမွန်လှစွာသော နို့ဃနာကို ကျွေးမွေး၍ ပူဇော်သကာကို ပြု၍ အဘယ်သို့ဖြစ်လတ္တံ့နည်းဟု လက္ခဏာတို့ကို ဖတ်စေကုန်၏။ ထိုတစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ရာမအစရှိကုန်သော ရှစ်ယောက်သော ပုဏ္ဏားတို့သည် ပညာရှိကုန်၏။ လက္ခဏာကို ယူနိုင် ဖတ်နိုင်ကုန်၏။ ထိုရှစ်ယောက်တို့တွင် ခုနစ်ယောက်သော ပုဏ္ဏားတို့သည် လက်နှစ်ချောင်းတို့ကို ချီးမြှောက်၍ နှစ်မျိုး နှစ်ဖြာ ဟောကြားကုန်၏။ ဤလက္ခဏာတို့နှင့် ပြည့်စုံသောသူသည် အိမ်ရာထောင်သော လူ့ဘောင်၌နေသောသူ ဖြစ်သော် စကြာမင်းဖြစ်အံ့။ ရဟန်းပြုသည် ရှိသော် ဘုရားဖြစ်အံ့။ ဤသို့ နှစ်မျိုး ဟောကုန်၏။ ထို ရှစ်ယောက်တို့တွင်လည်း အလုံးစုံသော လူတို့အောက် ငယ်သော အနွယ်အားဖြင့် ကောဏ္ဍည အမည်ရှိသော သုဒတ္တပုဏ္ဏားသည် ဘုရားလောင်း၏ မြတ်သော လက္ခဏာနှင့် ပြည့်စုံခြင်းကို မြင်၍ "ထိုမင်းသား၏ အိမ်ရာထောင်သော လူ့ဘောင်၌ တည်တံ့ခြင်း၏ အကြောင်းမရှိ။ စင်စစ်အားဖြင့်လျှင် ဝဋ္ဋတရားကို ဖောက်ဖျက်တတ်သော ဘုရားဖြစ်လတ္တံ့"ဟု လက်တစ်ချောင်းကိုသာ မြှောက်ချီ၍ စင်စစ်ဟောကြားခြင်းကို ဟောကြား၏။ ထိုအခါ ဘုရားလောင်းအား အမည်ကို ယူကုန်သော သူတို့သည် အလုံးစုံသော လောက၏ အစီးအပွား၏ ပြီးခြင်းကို ပြုတတ်သည်၏အဖြစ်ကြောင့် သိဒ္ဓတ္ထဟူသော အမည်ကို ပြုကြကုန်၏။

ထိုအခါ၌ ပုဏ္ဏားတို့သည် မိမိ၏အိမ်တို့သို့ သွားကုန်၍ သားတို့ကို ခေါ်၍ "ငါတို့သည် ကြီးရင့်အိုမင်းကုန်ပြီ၊ သုဒ္ဓေါဒနမင်းကြီး၏ သားတော်သည် သဗ္ဗညုအဖြစ်သို့ ရောက်သည်တိုင်အောင် ငါတို့သည် ... သက်ဖြစ်ကုန်အံ့လည်း မသိ၊ မဖြစ်ကုန်အံ့သည်း မသိ၊ သင်ချစ်သားတို့မူကား ထိုမင်းသားသည် ရဟန်းပြု၍ သဗ္ဗညုအဖြစ်သို့ ရောက်သည် ရှိသော် ထိုဘုရား၏ သာသနာတော်၌ ရဟန်းပြုကြကုန်"ဟုဆိုကြကုန်၏။ ထို့နောက်မှ ခုနစ်ယောက်သော ပုဏ္ဏားတို့သည် အသက်အတိုင်း တည်နေ၍ ကံအလျောက် ဘဝတပါးသို့ ပြောင်းသွားကြလေကုန်၏။ ကောဏ္ဍညပုဏ္ဏား သူငယ်သာလျှင် အနာကင်းလျက် ရှိနေ၏။ ထိုအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် ထိုပုဏ္ဏားတို့၏

စကားကို ကြားရသောအခါ "အဘယ်ကို ကြား၍ အဘယ်ကို မြင်၍ ငါ၏ သားတော်သည် ရဟန်းပြုလတ္တံ့နည်း" ဟု ထိုပုဏ္ဏားတို့ကို မေး၏။ "အရှင်မင်းကြီး .... လေးပါးကုန်သော နိမိတ်တို့ကို မြင်၍ ရဟန်းပြုလတ္တံ့" ဟု လျှောက်ဆိုကြကုန်၏။ "အဘယ်မည် အဘယ်မည်သော နိမိတ်တို့ကို မြင်၍ ရဟန်းပြုလတ္တံ့နည်း" ဟု မေးပြန်သော် "သူအို သူနာ သူသေ ရဟန်းတို့ကို မြင်၍ ရဟန်းပြုလတ္တံ့" ဟု လျှောက်ဆိုကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည် ဤနေ့မှ စ၍ ဤသို့သဘောရှိကုန်သော နိမိတ်တို့ကို ငါ့သားတော်၏ အထံ လာခြင်းငှာ မပေးကြကုန်လင့်" ဟု ဆို၍ သိဒ္ဓတ္ထမင်းသား၏ မျက်စိမြင်ကောင်းသော အရပ်၌ သူအို စသည်တို့၏ လာခြင်းကို တားမြစ်ခြင်းအကျိုးငှာ အရပ်လေးမျက်နှာတို့၌ တစ်ဂါဝုတ် တစ်ဂါဝုတ်သော အရပ်၌ အစောင့်အရှောက်ကို ထား၏။ ထိုနေ့ပင် မင်္ဂလာရှိသောအရပ်၌ စည်းဝေးကြကုန်သော ရှစ်သောင်းကုန်သော ဆွေတော်မျိုးတော်တို့သည် "ဤသိဒ္ဓတ္ထမင်းသားသည် ဘုရားသည်မူလည်းဖြစ်စေ, စကြဝတေးမင်းသည်မူလည်းဖြစ်စေ အကယ်၍ ဘုရားဖြစ်အံ့၊ မင်းသား ရဟန်းတော်တို့ဖြင့်သာလျှင် ခြံရံလျက် သွားရလတ္တံ့။ စကြာမင်းအကယ်၍ဖြစ်အံ့၊ မင်းသား လုလင်ပျိုတော်တို့ဖြင့်သာလျှင် ခြံရံလျက် သွားရလတ္တံ့။ ထိုသို့ သွားရစေခြင်းငှာ ငါတို့တစ်ယောက်တစ်ယောက်လျှင် သားတစ်ယောက် တစ်ယောက်စီပေးကုန်အံ့" ဟု ဝန်ခံကြကုန်၏။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ယောကျာ်းမြတ်အား အလွန်အဆင်းနှင့် ပြည့်စုံကုန်သော အလုံးစုံအပြစ်မှ ကင်းကုန်သော ခြောက်ကျိပ်သေးယောက်ကုန်သော နို့ထိန်းတို့ကို ပေး၏။ ဘုရားလောင်းသည် အဆုံးမရှိသော အခြံအရံဖြင့် လည်းကောင်း, အသရေ၏ ကောင်းစွာဖြစ်ခြင်းဖြင့်လည်းကောင်း ကြီးပွားခြင်းသို့ ရောက်သည် ဖြစ်၏။

ထိုအခါ တနေ့သ၌ သုဒ္ဓေါဒနမင်းကြီးအား လယ်ထွန် မင်္ဂလာမည်သော ပွဲသည်ဖြစ်၏။ ထိုနေ့၌ သုဒ္ဓေါဒနမင်းကြီးသည် ကြီးစွာသော စည်းစိမ် ကျက်သရေ များစွာသောအခြွေအရံတို့ဖြင့် ကပိလဝတ်မြို့တော်မှ ထွက်သည်ရှိသော် သားတော်ကိုလည်း ဆောင်ယူခဲ့၍ လယ်ထွန်ရာအရပ် အနီး၌ လွန်မြတ်စွာ နှလုံးမွေ့လျော် နှစ်သက်ဖွယ်ရှိသော တခဲနက် ငြိမ်သက်အေးချမ်းသော အရိပ်ရှိသော တစ်ခုသော သပြေပင်၏ အောက်၌ ဘုရားလောင်းမင်းသား၏ နေရာကို ခင်းစေ၍ အထက်၌ မြတ်လှစွာ ရွှေကြယ်ဖြင့်

စီအပ်သော နီမြန်းသော အဘဲဗိတာန် မျက်နှာကြက်ကို ကြက်၍ တင်းတိမ် အရံဖြင့် ရံစေ၍ လယ်ထွန်မင်္ဂလာပွဲရာ အရပ်သို့ သွား၏။ ထိုလယ်ထွန် မင်္ဂလာပွဲရာအရပ်၌ သုဒ္ဓေါဒနမင်းကြီးသည် လွန်မြတ်သော မင်္ဂလာရှိသော ရွှေထွန်ကို ကိုင်ယူ၏။ အမတ်အစရှိသော သူတို့သည် ငွေထွန် အစရှိသည် တို့ကို ယူကြကုန်၏။ ထိုနေ့၌ မင်္ဂလာထွန် တစ်ထောင်ကို ကအပ် ယှဉ်အပ် မောင်းနှင်အပ်၏။ဘုရားလောင်းမင်းသားကို ခြံရံ၍ နေကုန်သောနို့ထိန်းသည် တို့သည် "သုဒ္ဓေါဒနမင်းကြီး၏ စည်းစိမ်တင့်တယ်ခြင်း အသရေတော်ကို ရှုကုန်အံ့"ဟု တင်းတိမ်ကန့်လန့်ကာတွင်းမှ ပြင်ပသို့ ထွက်ကြကုန်၏။

ထိုအခါ ဘုရားအလောင်းတော်မြတ်သည် ထိုမှဤမှ ကြည့်သည်ရှိသော် တစ်စုံတစ်ယောက်သော သူကို မမြင်၍ အဆောတလျင်ထ၍ ထက်ဝယ်ဖွဲ့ခွေ တည်၍ဝံစွာ နေတော်မူ၍ အာနာပါနဿတိဘာဝနာ၌ သိမ်းဆည်း၍ ပဌမဈာန်ကို[၁] ဖြစ်စေ၏။ ခဲဖွယ်ဘောဇဉ် အထူးတို့ကို ရှာဖွေသွားလာ ကြကုန်သော နို့ထိန်းတို့သည် အတန်ငယ် ကြာကုန်၏။ ဘုရားလောင်းကို ထားသော သပြေပင်မှ ကြွင်းသော သစ်ပင်တို့၏ အရိပ်တို့သည် နေရာ ရွေ့ရှားတိုင်း ရွေ့ရှားပြောင်းလဲကြကုန်၏။ ထိုဘုရားလောင်းနေသော သပြေပင်အရိပ်သည်ကား ဝန်းသော အတိုင်းဖြစ်၍ မွန်းတည့်အချိန်၌ကဲ့သို့ သာသျှင် တည်၏။ ထိုဘုရားလောင်း၏ နို့ထိန်းတို့သည် အရှင့်သားကား တစ်ယောက်အထီးတည်းသာ တည်၏ဟု အောက်မေ့၍ လျင်စွာ တင်းတိမ် အရံကို ချီးမြှောက် မပင့်၍ ဝင်ကုန်သောအခါ ကျက်သရေရှိသော နေရာ၌ ထက်ဝယ်ဖြင့် နေသည်ကိုလည်းကောင်း ထိုသပြေပင်ရိပ် မပြောင်းရွေ့သော တန်ခိုးပြာဋိဟာကိုလည်းကောင်း မြင်ကုန်၍ ထိုအကြောင်းကို မင်းကြီး ထံသို့ သွား၍ လျှောက်ကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည် လျင်စွာ လာလတ်၍ ထိုတန်ခိုးပြာဋိဟာကိုမြင်၍ "ချစ်သား....သင်ချစ်သားအား ဤ ရှိခိုး ခြင်းသည် နှစ်ကြိမ်မြောက် ရှိခိုးခြင်းတည်း"ဟု သားတော်ကို ရှိခိုး၏။

---

၁။ လယ်ထွန်မင်္ဂလာအခါ သပြေပင်ရိပ်၌နေစဉ် ပဌမဈာန်ကို ရကြောင်း မူလပဏ္ဏာသ ပါဠိတော် ၃၆-မဟာသစ္စကသုတ် ၂၆၁-၌ ဆို၏၊ "ငယ်ကတည်းက၊ ပဌမဈာန်၊ ရသည်မှန်လျက်၊ တဖန်ဘယ်လောက်၊ အရွယ်ရောက်မှ၊ ပျောက်လေသနည်း"။ ၁၁၅၂ ခုနှစ်က မုံရွေးအမေး၊ ပေါရာဏဒီပနီကျမ်း ပဌမ ၄၇၁။ ဘယ်အရွယ်သို့ ကျမှ ဤဈာန်ပျက်သည်ဟူ၍ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ မတွေ့။

ဆာသနာဘောင်တွင်းကား ... ... စီးဌာန

• ကြည့် ဘိုက်

၁၁၅-ပ-မ-သ-စ- ၂၅-၇-၉၁-၃၀၀၀-အုပ် (၂)

ဘုရားလောင်းတို့ ဖြည့်ကျင့်ရသည့်

# ပါရမီတော်(၁၀)ပါး၊ အပြား(၃၀)

ဒါန သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယ ပဉ္စမံ၊
ခန္တိ သစ္စာ အဓိဋ္ဌာနံ၊ မေတ္တု-ပေက္ခာတိမာ ဒသ။

၁။ ဒါနပါရမီ=ပေးကမ်းလှူဒါန်း စွန့်ကြဲမှုကို ဖြည့်ကျင့်ခြင်း။

၂။ သီလပါရမီ=သီလစောင့်ထိန်းမှုကို ဖြည့်ကျင့်ခြင်း။

၃။ နေက္ခမ္မပါရမီ=ကာမဂုဏ်မှ ထွက်မြောက်မှုကို ဖြည့်ကျင့်ခြင်း။

၄။ ပညာပါရမီ=ဉာဏ်ပညာ တိုးပွားရင့်ကျက်မှုကို ဖြည့်ကျင့်ခြင်း။

၅။ ဝီရိယပါရမီ=ဇွဲလုံ့လ စွမ်းပကားကြီးမားစေရန် ဖြည့်ကျင့်ခြင်း။

၆။ ခန္တီပါရမီ=သည်းခံ ခွင့်လွှတ်မှုကို ဖြည့်ကျင့်ခြင်း။

၇။ သစ္စာပါရမီ=အမှန်အတိုင်း ပြောဆို၍ ပြောသည့်အတိုင်း လိုက်နာပြုကျင့်မှု သစ္စာကို ဖြည့်ကျင့်ခြင်း။

၈။ အဓိဋ္ဌာနပါရမီ=စိတ်ဆုံးဖြတ် ထားသည့်အတိုင်း ခိုင်မြဲစွာ လိုက်နာကျင့်သုံးမှုကို ဖြည့်ကျင့်ခြင်း။

၉။ မေတ္တာပါရမီ=သူတစ်ပါးအကျိုးစီးပွား လိုလားမှုကို ဖြည့်ကျင့်ခြင်း။

၁၀။ ဥပေက္ခာပါရမီ=ချစ်ခြင်း မုန်းခြင်းမရှိ ကောင်းဆိုးနှစ်တန်ကို ခံနိုင်ရည်ရှိစေရန် ဖြည့်ကျင့်ခြင်း။

ထိုပါရမီ(၁၀)ပါးကိုပင် ထပ်ဆင့်၍ ကိုယ်အင်္ဂါကြီးငယ်စွန့်လွှတ်၍ ဖြည့်ကျင့်လျှင် ဥပပါရမီ (၁၀)ပါးဖြစ်၍ အသက်ကိုပင် စွန့်လွှတ်ဖြည့်ကျင့်ပါက ပရမတ္ထပါရမီ (၁၀)ပါးဖြစ်သည်၊ ဤသို့ ပါရမီတော်(၃၀)ဖြစ်သည်။